www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ကျွန်ုပ်၏ နိဒါန်း

## (သို့မဟုတ်)

## မသူတော် မောင်သီးထံမှ

## သျှောင်ပေစူး ဘိုးယော်၏ ညွှန်ကြားချက်

တစ်နေ့သ၌ ကျွန်ုပ်သည် ပတ္တမြားဆေးပြင်းလိပ်ကြီးကို မီးညှိဖွာရှိုက်လျက် ကျွန်ုပ်၏ ဝရန်တာမှနေ၍ လမ်းမပေါ်သို့ ကြည့်ရှုလျက်ရှိ၏။ ထိုခဏ၌ ကျွန်ုပ်၏အိမ်ရှေ့သို့ ကားတစ်စီး ထိုးရပ်လိုက်လေ၏။ ကားမှာ ခေတ်ပေါ် ဖင်မလီယာ အမျိုးအစား ဖြစ်ပေသည်။ ထိုကားပေါ်မှ သပ်ရပ်ခန့်ညားသော အသက် ငါးဆယ်တွင်းယောက်ရှိ ပိန်ပိန်ပါးပါးအသားညိုညို လူတစ်ယောက် ဆင်းလာ၍လာလေသည်။ ထိုနောက်မှ အသက်အရွယ် လေးဆယ် ကျော်ခန့်ရှိ အသားဖြူဖြူ ကိုယ်လုံးကိုယ်ထည် ဖြောင့်စင်း၍ ရုပ်ရည် အားဖြင့် ပြေပြစ်သောအမျိုးသမီးကြီးတစ်ဦး လိုက်ပါလာလေသည်။ ထိုအမျိုးသားကြီးနှင့် အမျိုးသမီးကြီးတို့သည် ကျွန်ုပ် အိမ်အား မျက်စိဝေ့၍ကြည့်ပြီးလျှင် ကျွန်ုပ်အိမ်လှေကားမှအပေါ်သို့တက်လာ

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ ထိုအမျိုးသမီးကြီးနှင့် အမျိုးသားကြီးတို့သည် ကျွန်ုပ်ထိုင်လျက်ရှိရာ ဧည့်ခန်းရှိစားပွဲတွင် ထိုင်လိုက်ကြပြီးလျှင် အမျိုးသားကြီးသည် ရင်း၏ချိုင်းကြား၌ ညှပ်၍ထားသောဖိုင်တွဲကြီးအား စားပွဲပေါ်သို့ချ၍ ကျွန်ုပ်အား မေးမြန်းသမှုပြုလေ၏။

အမျိုးသားကြီး ။ 'ရာဇဂဏ်ဆိုတာ ရှိလား'

ကျွန်ုပ် ။ 'ဟုတ်ကဲ့ . . . ကျွန်တော်ပါပဲ'

အမျိုးသားကြီး ။ 'ရာဇဂဏ် အစစ်နော် . .'

ကျွန်ုပ် ။ 'ဟုတ်ကဲ့ . . 'ရာဇဂဏ်' အတု မရှိပါဘူး'

ကျွန်ုပ်အား ထိုသို့မေးမြန်းပြီးနောက် ဖိုင်တွဲကြီးကို ကျွန်ုပ်ရှေ့သို့ တွန်းပို့လိုက်ပြီးလျှင် . . .

'ကျုပ်နာမည်က ဦးသိမ်းမောင်၊ သတင်းထောက် ပင်စင်စားတစ်ဦးပါ၊ ဒါက ကျုပ်ဇနီး ခင်ခင်ကြီး' ဟူ၍ ပြောဆိုလေ၏။ အမျိုးသမီးကြီးသည် ကျွန်ုပ်အားမွှန်ရည်စွာပြုံးပြလေ၏။ အမျိုးသားကြီးသည် ကျွန်ုပ်အား ဆက်လက်၍ . . .

'ဒီလိုဗျ၊ ဒီဖိုင်တွဲကြီးက သျှောင်ပေစူးဘိုးတော်နဲ့ ပတ်သက်တဲ့ ဖိုင်တွဲကြီးဗျ၊ ရာဇဂဏ်ကို ပေးရမယ်လို့ခိုင်းထားတာနဲ့ ကျုပ်လာပေးတာ'

'ဘယ်သူက ပေးခိုင်းလို့လဲ'

'မသူတော်မောင်သီးက သျှောင်ပေစူးဘိုးတော်ရဲ့ သွန်ကြားချက်အရ ပေးခိုင်းလိုက်တယ်'

ကျွန်ုပ်သည် မရှင်းလှသဖြင့် ထိုအမျိုးသားကြီးအား ဆက်လက်၍ မေးခွန်းထုတ်မိလေ၏။



ကျွန်ုပ် ။ 'သျှောင်ပေစူးဘိုးတော်ဆိုတာ ဘယ်သူလဲ ဦးသိမ်းမောင်'

ဦးသိမ်းမောင် ။ 'သျှောင်ပေစူး ဘိုးတော်ဆိုတာ . . .
ပညာရှိကြီးတစ်ဦး ဖြစ်တယ်။
ဗေဒင်ပညာရှိကြီးတစ်ဦး ဖြစ်တယ်။
ဆေးပညာရှိကြီးတစ်ဦး ဖြစ်တယ်။
လူသတ်သမားကြီးတစ်ဦး ဖြစ်တယ်။
တိဘက်ယောဂီကြီးတစ်ဦး ဖြစ်တယ်။
သိုင်းပညာရှင်ကြီးတစ်ဦး ဖြစ်တယ်'

ကျွန်ုပ် ။ 'စုံလှချည်လား ဦးသိမ်းမောင်'

ဦးသိမ်းမောင် ။ 'စုံမှလဲ စားလို့ရတယ်လို့ သျှောင်ပေစူးက ပြောခဲ့တယ်'

ကျွန်ုပ် ။ 'မသူတော် မောင်သီးကကော . . .'

ဦးသိမ်းမောင် ။ 'အဲဒီ ဖိုင်တွဲထဲမှာ'

ကျွန်ုပ် ။ 'ကျွန်တော် ဘာလုပ်ရမှာလဲ'

ဦးသိမ်းမောင် ။ 'ကျုပ် တာဝန်က ပေးလိုက်ပါ ဆိုလို့ ပေးလိုက်တာပဲ'

ကျွန်ုပ်သည် ရွှေကိုင်းမျက်မှန်ဝိုင်းနှင့် စိုက်ကြည့်နေသော ဦးသိမ်းမောင်ကို ပြန်လှန်ကြည့်ပြီးနောက် ခပ်တွေတွေ ဖြစ်လျက် အညိုရောင်သမ်း၍ ထူထဲလှသော ဖိုင်တွဲကြီးကို လှန်ကြည့်မိလေရာ . . .

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

လောကဌ် မတော်၊ မတရားခြင်းသည် ခေတ္တခဏမျှသာတည်း။သို့သော်တရားသော လမ်းကြောင်းအတွက်မူ တရားခြင်း၊ မတရားခြင်းသည် မရှိပေ။ တရားဘာဝနာ ပေါက်မြောက်ရေးအတွက် ဒုက္ခစရိယာ ကျင့်ခြင်းသည် အပြစ်ဆိုထိုက်သော အရာမဟုတ်ပေ။

သျှောင်ပေစူးဘိုးထော်

**Evil Deeds is not the Permanent being in life. But in the line of truthfulness there is no evil thing to get it. To get Nevanna no one is to permit to blame a yogi way of " Dukasa - ri - ya "**

**"Young Pe - Su - Po - Htaw"**

BURMESE CLASSIC .com

## မိုက်သူထက် ပိုမိုက်သူတစ်ဦး

တစ်နေ့သ၌ ကျွန်ုပ်သည် နေ့လယ်နေ့ခင်းဘက် ပျင်းမျှင်းရှိသည်နှင့် ကျွန်ုပ်နေထိုင်ရာ အိမ်၏လမ်းကွေ့ချိုးထိပ်ရှိ တာဒ်ပင်အောက်၌ ဖွင့်လှစ်ရောင်းချသော 'တို့မိတ်ဆွေ' အမည်ရှိ လက်ဖက်ရည်ဆိုင်သို့ထွက်ကာ လက်ဖက်ရည် ချိုချိုပျစ်ပျစ်တစ်ခွက်ကို မှာသောက်ရင်း စိတ်အေးလက်အေးဖြင့် ကျွန်ုပ်နှစ်သက်လှသော ကြောင်နက်စီးကရက်ကို ဖြည်းဖြည်းချင်း ဖွာရှိုက်၍ ငိမ်ကျလျက်ရှိပေ၏။

ကျွန်ုပ်သည် ကြောင်နက် စီးကရက်ကို အားရပါးရ ဖွာရှိုက်လျက် ဗညားဒလမ်းဘက်သို့ မျက်နှာမူနေစဉ် တုတ်ခိုင်ထွားကျိုင်းပြီး မြန်မာလူမျိုးထဲ၌ တွေ့ရခဲသော အလွန်မြင့်မားသော အရပ်ပိုင်ရှင် လူကြီးတစ်ဦးသည် ယောင်းနွမ်းပေရေ၍ ဖွာနေကြနေသော ဂေါ်ရခါးစစ်သုံးဦးထုပ်ကိုဆောင်းကာ လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်လာပြီးလျှင် ဆိုင်၏ အလွန်ထောင့်ကျသော နေရာသို့

www.burmeseclassic.com

www.burmeseclassic.com



ဝင်ထိုင်ကာ ' လက်ဖက်ရည် ကော်ပျစ်၊ ချိုကျ၊ မောက် တစ်ခွက်ပေးပါ 'ဟု ခပ်တည်တည်ပြောကာ မြန်မာ့ခေတ်သတင်းစာကို ကောက်ယူဖတ်ရှုနေလေ၏။

ကျွန်ုပ်သည် ထိုလူ၏ထွားကျိုင်းတုတ်ခိုင်ခြင်းကို သဘောကျလျက်ကြည့်ရှုရင်း ၎င်း၏'လက်ဖက်ရည်၊ ကော်ပျစ်၊ ချိုကျ၊ မောက်'ဆိုသော လက်ဖက်ရည်မှာသောအချက်ကိုလည်း အထူးသဘောကျမိသည်။ သို့သော်ထိုလက်ဖက်ရည်သည် မည်သည့်လက်ဖက်ရည်မျိုးနည်းဟု တွေးတော၍မရဖြစ်လေ၏။ လက်ဖက်ရည်ချာန်ရွေးသောကျွန်ုပ်သည်ပင် စိတ်အတော်ရှုပ်ထွေးလျှက်ရှိပေ၏။

ကျွန်ုပ်စဉ်းစားနေစဉ် လက်ဖက်ရည်ဖျော်သော မောင်မြင့်ဆွေသည် စားပွဲထိုးဖြစ်သူ ကစ္စနားဆိုသော ကုလားစားပွဲထိုးလေးအား လက်ဖက်ရည်ခွက်ကိုပေးကာ . . .

"လက်ဖက်ရည် ကော်ပျစ်၊ ချိုကျ၊ မောက် ရပြီဆရာ"

ဆို၍ ထိုလူကြီးအား လှမ်းပြောလျက်ရှိလေ၏။

ထိုလူကြီးသည် သတင်းစာကို ထောင်ဖတ်နေရာမှ ရပ်လိုက်ပြီးလျှင် ဦးခေါင်းကို ညိတ်လိုက်ကာ လက်ဖက်ရည်ခွက်ကို တစ်ကျိုက်တည်း မော့လိုက်သည်။

ကျွန်ုပ်သည် ထိုလူကြီးအား ကြည့်လျက်ရှိစဉ် အလွန့်ပူလောင်သော လက်ဖက်ရည်ကို တစ်ကျိုက်တည်း ကျိုက်ချသောအဖြစ်ကို ကြည့်ကာ အတွေးရခက်လျက်ရှိပေ၏။

ထိုလူကြီးသည် ကျွန်ုပ်အား တစ်ချက်မျှ စိုက်ကြည့်ကာ အကြွမ်းခရားကိုယူလျက် အကြွမ်းပန်းကန်ထဲသို့ လက်ဖက်ရည်



အကြွမ်းများထည့်ကာ ၎င်း၏ ဟောင်းနွမ်း ညစ်ပေဖွာဆန်ကြဲနေသော အကျီအိတ်ထဲမှ အလွန်ရှည်လျားလှသော ဆေးမြင်းလိပ်ကြီးတစ်လိပ်ကို ထုတ်ကာ မီးညှိရှိုက်ဖွာလျက် ရှိလေ၏။ မီးခိုးများကို ကြည့်ပြီးလျှင် အတွေးနက်နေဟန်ရှိ၏။

ထိုစဉ် မိုးပြေးကလေးတဖွဲဖွဲကျလာလေ၏။ ထိုမိုးပြေးလေးနှင့်အတူပင် ဆိုင်ရှေ့သို့ အမိုးဖွင့်ထားသော ဂျစ်ကားတစ်စီးသည် ထိုးဆိုက်လိုက်ပြီးနောက် ဆိုင်ထဲသို့ ကားပေါ်မှ လူသုံးယောက်သည် ပြေးဝင်လာလေသည်။ ထိုလူသုံးယောက်သည် လက်ဖက်ရည်များမှာယူပြီး စားပွဲပေါ်၌ တင်ထားသော မုန့်များကို အားရပါးရသုံးဆောင်ပြီးလျှင် လန်ဒန်ဂိုးဖလိပ် စီးကရက်တစ်ဘူးကိုလည်း မှာယူလျက် ဝေ့သောက်သုံးကြလေ၏။

ထိုသူတို့သည် လက်ဖက်ရည်၊ မုန့်စားသောက်ရင်း စကားပြောဆိုပြီးလျှင် သိပ်၍ အချိန်မဖြုန်းချင်တော့သည့် အလားထ၍ပြန်ကြလေသည်။ ၎င်းတို့သုံးဦး ဆိုင်ပေါက်ဝနားသို့ ရောက်ရှိခါနီးတွင် စားပွဲထိုးလေးကစ္စနားသည် ကပျာကယာ ပြေးလိုက်သွားပြီး

" ဆရာတို့၊ အားလုံး ဆယ့်ငါးကျပ်ကျတယ် ဆရာ "

ဟုဆိုကာ တရုတ်ကပြားနှင့်တူသောသူအား ခါးကိုလက်တို့လျက် လက်ဖက်ရည်ဖိုးကျသင့်ငွေကို တောင်းခံလေသည်။ တရုတ်ကပြားလည်း ရုတ်တရက်လှည့်ကြည့်လိုက်ပြီး အလွန်စိတ်ဆိုးလှစွာဖြင့် စားပွဲထိုးလေး ကစ္စနား၏ မျက်နှာအား ဘယ်လက်ဖြင့် လက်ပြန် တစ်ချက် ဖြတ်ရိုက်လိုက်လေ၏။

' ဖြန်း ' ခနဲ ဟူသော အသံသည် ထွက်ပေါ်လာပြီးလျှင်

www.burmeseclassic.com

www.burmeseclassic.com



ကုလားလေးသည် ခွေခနဲလဲကျသွားလေ၏။ ကျွန်ုပ်လည်း ကြက်သီး မွေးညှင်းထသွားလေတော့သည်။

လက်ဖက်ရည်ဖျော်သူ မောင်မြင့်ဆွေသည် ကပျာကယာ ပြေးထွက်လာလျက် . . .

" မသိလို့ပါ ဆရာ့ရယ်၊ ဒီကောင်လေးက ဆရာ့ကို မမြင် ဘူးလို့ပါ၊ ဆရာတို့ကလဲ ဒီဘက်မရောက်တာ ကြာလို့ပါ၊ နောက်ပြီး ဒီကောင်လေးက အသစ်ခန့်ထားတာ မကြာသေးလို့ပါ . . . "

ဟူ၍ တောင်းပန်လေ၏။ တရုတ်ကပြားသည် မောင် မြင့်ဆွေအား ခပ်စူးစူးစိုက်ကြည့်လျက် . . .

" ပိန်းလအကြောင်းမသိသေးရင် နာတတ်တယ်၊ ပြော ထားကွ၊ ကြားလား "

" ဟုတ်ကဲ့ပါ ဆရာ "

" ဒီကောင်လေးကို ဆက်မထားနဲ့၊ နောက်တစ်ခါ ငါလာ ရင် ဒီကောင်လေးမျက်နှာ ဆက်မကြည့်ချင်ဘူး "

ထိုစဉ် ဆိုင်၏အတွင်းဘက်ရှိ ဝဝဖိုင့်ဖိုင့်နှင့် ဦးထွန်းဖေ ဆိုသည့် ဆိုင်ပိုင်ရှင်ကြီးသည် ပုဆိုးစကိုဆွဲလျက် ကမန်းကတန်း ပြေးထွက်လာပြီး . . .

" ကျွန်တော် နေမကောင်းတာနဲ့အိပ်နေမိလို့ပါ ဆရာရယ်၊ ဆရာတို့ ရောက်နေတာမသိလို့ တာဝန်မကျေတာခွင့်လွှတ်ပါ . . "

" နောက် ဆရာလာရင် ဒီကောင်လေးကို မတွေ့စေရ ပါဘူး"

ဟူ၍ ဆက်လက်တောင်းပန်သမှု ပြုသော်လည်း . . .



ပိန်းလဆိုသောတရုတ်ကပြားသည်ဆိုင်ရှင်အဘိုးကြီးအား ဆိုင်ရှင်အဘိုးကြီးအားဆက်လက်၍ ယောက်မြန်လေသည်။

" ခင်ဗျားဆိုင်အေးချမ်းချင်ရင် ညနေမှာကျုပ်တပည့်တွေ ကိုကျွေးမွေးလိုက်၊ ကျုပ်တပည့် ဆယ်ယောက်ကို လွှတ်လိုက်မယ်"

ကျွန်ုပ်သည် မတွေ့ဖူး၊ မကြုံဖူးသော ဖြစ်ရပ်တစ်ခုကို တွေ့မြင်နေရပြီးလျှင် ကျွန်ုပ် ခပ်စောစောက ဇိမ့်ကျလျက်ရှိသော ဇိမ်လေးသည် ရုတ်တရက် ပျောက်ကွယ်သွားလေ၏။ ရင်တွင်းမှ လည်း ပူလောင်လျက်ရှိလေ၏။ သို့သော်ကျွန်ုပ်သည် ပိန်းလ ဆိုသော တရုတ်ကပြားကို ရင်ဆိုင်ဝံ့ခြင်းမရှိပေ။ ခပ်သဲ့သဲ့ ကြား ဖူးထားသောကြောင့်ပင် ဖြစ်ပေ၏။

" အိုးစုပိန်းလဆိုတာ ပုဇွန်တောင်ငမိုးရဲ့ တပည့်ရင်း ဆိုတာ မင်းတို့မမေ့ကြနဲ့၊ အရှေ့ပိန်းလ၊ အလယ်ငမိုး၊ အနောက် ဖိုးတုပ်ဆိုတာကို သတိထားကြ "

ထိုသို့ ပြောဆိုပြီးလျှင် ဆိုင်ထဲသို့ မျက်စိဝဲလျက် ကြည့်လိုက် လေ၏။

' ဟော့ကောင် . . ပိန်းလ၊ မှင်းချိုက ကြွလှချည်လား၊ ညက ဆေးမစားဘူးနဲ့တူတယ် '

ချောင်ကျကျ စားပွဲတွင် ထိုင်နေသည့် အလွန်တုတ်ခိုင် သော လူကြီးထံမှ သေး၍နက်သောအသံသည် အံ့သြဖွယ် ထွက်ပေါ်လာသဖြင့် စောစောက တုပ်တုပ်မျှ မလှုပ်ရဲကြသော ကျွန်ုပ်နှင့်တကွ ဆိုင်ထဲမှ လူအားလုံးသည် အသံလာရာသို့ အားလုံး လှည့်ကြည့်မိကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ပိန်းလသည် ရှုံးခနဲ ဒေါသထွက်ဟန်တူလေ၏။

ငင်း၏ ကိုယ်ကြားတွင် ဝှက်ယူခဲ့ဟန်တူသော ခလုတ်နှိပ်ဓားမြှောင်ကို ရုတ်တရက် ထုတ်ယူလိုက်ကာ အနီးသို့ကပ်သွား၏။ ၎င်း၏ နောက်သို့ အဖော်များသည် ထပ်ကြပ်မကွာ လိုက်သွားလေ၏။ ၎င်းတို့၏ လက်၌ ခည်သည့်အရာမျှ မတွေ့ရသော်လည်း ၎င်းတို့၏ ကိုယ်ခန္ဓာတွင် လူကို အထူးအန္တရာယ်ပေးမည့် လက်နက်များ ပါရှိမည်ဟု ခန့်မှန်းမိလေ၏။

" အင်း . . မင်းက မိုက်သေွးတယ်ပြချင်တာကိုး၊ မိုက်တယ်ဆိုတာ နေရာတကာ ပြရတာမဟုတ်ဘူးကွ "

ထိုလူကြီးသည် ပိန်းလကိုမကြည့်ဘဲ ဆေးပြင်းလိပ်ကိုသာ ကြည့်လျက် အနားသို့ကပ်လာသော ပိန်းလကို ပြောရင်း ဆုံးမနေပေရာ ပိန်းလသည် မဆိုင်းမတွပင် လူကြီး၏ ရင်အုပ်တွင်းသို့ ၎င်း၏ ခလုတ်နှိပ်ဓားဖြင့် တအားထိုးစိုက်လိုက်လေ၏။ ဆိုင်ရှင်၊ စားပွဲထိုးအားလုံးနှင့် ကျွန်ုပ်အပါအဝင် လူတစ်စုမှာ ထိုအဖြစ်ကို မကြည့်လိုလှသဖြင့် မျက်နှာတစ်ဖက်လွှဲကာ မျက်စိမှိတ်ထားလိုက်ကြပေ၏။ အထူးသဖြင့် ကျွန်ုပ်မှာထပြေးလိုလှသော်လည်း ကျွန်ုပ်ထလိုက်လျှင် ရန်ပြုသည်ထင်၍ ကျွန်ုပ်အားပါ ဆက်လက်၍ရန်သတ္တရုပြုမည် စိုးသောကြောင့် မျက်နှာတစ်ဖက်လွှဲ၍ နေသော်လည်း စိတ်မှ ကယောင်ချောက်ချားဖြစ်ကာ " ကြက်ပိသော။ ကြက်ပိသော " ဟု ရွတ်ဆိုမိလျက်ရှိပေ၏။

ကျွန်ုပ်သည် မည်သို့ဆက်ဖြစ်သည်ကို မကြည့်ရဲသဖြင့် မကြည့်ဘဲနေမိရာ ပိန်းလထံမှ အသံပေါ် လာမှ ကြည့်မိလေသည်။



" ဟာ . . . ဆရာကြီးပါလား၊ အံမယ်လေး . . . ဆရာကြီးကိုး၊ ကျွန်တော် မှားပါတယ် ဆရာကြီးရယ်၊ ကျွန်တော် ဆရာကြီးကို မစမ်းရဲပါဘူး၊ မသိလို့လုပ်မိတာပါ၊ ဟေ့ကောင်တွေ ထိုင်ရှိခိုးကြ၊ ဒါ တို့ဆရာကြီးပဲ၊ အံမယ်လေး. . . ဆရာကြီးရယ်၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ "

ကျွန်ုပ် ကြည့်လိုက်မိသောအခါတွင်ကား ပိန်းလသည် ငုတ်တုတ်ကလေးထိုင်ကာ ကြောက်ရွံ့ရှိသေစွာဖြင့် ထိုင်ရှိခိုးလျက်ရှိပေ၏။ အသံမှာလည်း အလွန်တုန်လှုပ်လျက်ရှိပြီးလျှင် မရှက်နိုင်ဘဲ ဦးအကြိမ်ကြိမ်ချလျက်ရှိပေ၏။ ၎င်းနှင့်အတူ ပါလာသော လူနှစ်ယောက်သည်လည်း ခပ်ကုပ်ကုပ်ကလေးထိုင်ကာ မျက်စိပျက်မျက်နှာပျက်နှင့် ထိုင်ရှိခိုးလျက်ရှိလေ၏။

ဆိုင်ထဲရှိ လူများသည် အံ့ဩလျက်ရှိပေ၏။ ကျွန်ုပ်သည် အလွန်တုတ်ခိုင်သန်မာသော လူကြီးအားကြည့်ရာ ထိုလူကြီးသည် ဆေးပြင်းလိပ်ကိုသောက်လျက် မီးခိုးတန်းကို ကြည့်၍နေပေသည်။

ပိန်းလ ထိုးလိုက်သော ဓားမြှောင်သည် ထိုလူကြီး၏ ဘေးဘက် ဆိုင်နံရံတွင် စိုက်လျက်ရှိ၏။ ဓားမှာ ထက်ဝက်ခန့်မျှ နံရံတွင် နစ်မြုပ်လျက်ရှိပေရာ ပိန်းလ၏ ဓားချက်မှာ မသေးလှကြောင်း ထင်ရှားပေ၏။

" အေး . . မိုက်သေွးကို နေရာတကာမှာ မပြရဘူးကွ၊ မိုက်သေွးကို နေရာတကာပြသူဟာ ရာဇဝတ်သားပဲ၊ လူမိုက် စစ်စစ်ဖြစ်ချင်ရင် ရာဇဝတ်ကောင်မဖြစ်အောင် ကျင့်သုံးရမယ် ကြားလား၊ မင်းတို့က မိုက်တာမှမဟုတ်ဘဲ. . ၊ ရာဇဝတ်သားတွေလုပ်နေတာ

www.burmeseclassic.com

www.burmeseclassic.com



ကိုး၊ သွားကြစမ်း . . ၊ မင်းကို ဒီဘက်နယ်မှာ မကြည့်ချင်ဘူး၊ မင်းဒီဘက်မှာ အတော် သောင်းကျန်းနေတယ်ကြားလို့ ငါလာတာ၊ သွား . . ငါဒီဘက်နယ်မှာ ယာယီလာနေတယ်၊ မင်း အထုပ်အပိုး တွေပြင်ပြီး ဒီနေ့ညရထားနဲ့ အမြန်ဆုံးထွက်သွား . . ကြားလား "

တရုတ်ကပြား လူမိုက်ပိန်းလသည် အသံတုန်တုန် ယင်ယင်နှင့် အလွန်ဖြူရော်၍ သွေးမရှိသောမျက်နှာထားဖြင့် . . .

" ဟုတ်ကဲ့ပါ ဆရာကြီး၊ ဆရာကြီး အမိန့်ရှိတဲ့အတိုင်း ကျွန်တော် မနေတော့ပါဘူး "

" အေး . . . ကောင်းတယ် . . . ကောင်းတယ်ကွ၊ ပီပြင်ပါစေ၊ ရာဇဝတ်သားမလုပ်နဲ့ "

" ဟုတ်ကဲ့ . . . ခင်ဗျာ "

" အေး . . . မင်းတို့ ကုန်ကျစရိတ် လက်ဖက်ရည်ဖိုးတွေ အားလုံးရှင်းပေးလိုက် "

" ဟုတ်ကဲ့ပါ ဆရာကြီး "

အရှေ့ပိန်းလ၊ မားပိန်းလ ဟူ၍ နာမည်တစ်လုံးယူထားသော တရုတ်ကပြားပိန်းလသည် ၎င်း၏ ခါးကြား၌ ထိုးထားသော သားရေပိုက်ဆံအိတ်အတွင်းမှ ငွေဆယ့်ငါးကျပ်ကိုယူလျက် စားပွဲထိုးကစ္စနားအား ကပျာကယာ ထုတ်ပေးလိုက်လေ၏။

" အေး . . . မင်းတို့သွားနိုင်ပြီ "

ပိန်းလနှင့် အပေါင်းပါတို့သည် ဆိုင်အတွင်းမှ ခပ်ကုပ်ကုပ်၊ ခပ်သုတ်သုတ် ထွက်သွားပြီးလျှင် အမိုးဖွင့်ဂျစ်ကားလေးပေါ် ကမန်းကတန်းတက်လျက် လျှင်မြန်စွာ မောင်းထွက်သွားကြလေသည်။



လူထွားကြီးသည် ဆိုင်ရှင်၏အနီးသို့ တိုးကပ်၍သွားပြီးလျှင် . . .

" ရော့ . . . လက်ဖက်ရည်ဖိုး၊ ခင်ဗျားတို့ လက်ဖက်ရည်က ကော်ပျစ်၊ ချိုကျ ပြည့်စုံပါတယ်၊ ဒါပေမယ့် မောက်မပြည့်စုံသေးဘူးဗျ "

လူထွားကြီးသည် လက်ဖက်ရည်တစ်ခွက်ဖိုး၏ နှစ်ဆကို ပေးလိုက်ပြီးလျှင် မည်သူ့အားမျှလှည့်မကြည့်ဘဲ ဆိုင်မှထွက်ကာ ကျောက်မြောင်းလမ်းထဲသို့ ချိုးဝင်၍ ခပ်သုတ်သုတ် ထွက်သွားလေသည်။

ကျွန်ုပ်သည် လက်ဖက်ရည်ဖျော်သူ အနီးသို့ တိုးကပ်သွားလျက် . . .

"နေပါဦးကွ . . . ဒီလူကြီးက ဘယ်ကလဲ၊ မင်းတို့ဖျော်တဲ့ လက်ဖက်ရည် ကော်ပျစ်၊ ချိုကျ၊ မောက် ဆိုတာက ဘာလက်ဖက်ရည်မျိုးလဲကွ၊ အခုချိန် ဒီမှာတော့ သူက သူရဲကောင်းပဲ "

ဟူ၍ ပြောဆိုလိုက်ရာ လက်ဖက်ရည်ဖျော် လုလင်လေး မဖြေမီ ဆိုင်ရှင် ဦးထွန်းဖေသည် ကျွန်ုပ်ထံပါးသို့ ကပ်လာပြီးနောက် . . .

" တစ်ပတ်တိတိ အချိန်မှန်မှန် လာသောက်တဲ့လူပဲဗျ၊ သူလာတာ တစ်ပတ်တိတိပဲ ရှိသေးတယ်၊ လာလာချင်း သူသောက်တတ်တဲ့ လက်ဖက်ရည်ကို ကျုပ်ကို သေသေချာချာမှာပြီး သူလာရင် စပါယ်ရှယ်ဖျော်ပေးပါတဲ့၊ ကျသင့်ငွေ နှစ်ဆပေးမယ်ဆိုပြီး

www.burmeseclassic.com

www.burmeseclassic.com



ကော်ပျစ်၊ ချိုကျ၊ မောက် ဆိုပြီးမှာ သောက်တာပဲဗျ "

" အင်း . . . ဆိုစမ်းပါဦးဗျ "

" ဒီလိုဗျ၊ လက်ဖက်ရည်ကို ကော်ကဲ့သို့ ပျစ်ခဲနေရမယ်၊ လိုအပ်ရင် မလိုင်တို့ နို့ဆီတို့ နို့စိမ်းတို့ အကုန်ထည့်ရမယ်၊ အဲ့ဒါကို ကော်ပျစ်လို့ဆိုတယ်၊ နောက်ပြီး လက်ဖက်ခြောက်ကျကျထည့်ပေးရပြီး အချိုကဲပေးရမယ်၊ အဲဒါက ချိုကျပေါ့၊ မောက် ဆိုတာက ခွက်ကို မောက်လျှံ ပြည့်လျှံပြီး အောက်ခံပန်းကန်ထဲကို စီးကျတဲ့အထိ မောက်စေရမယ်၊ အဲဒါက မောက်လို့ပြောတယ်၊ အဲဒါကြောင့် 'လက်ဖက်ရည် ကော်ပျစ်၊ ချိုကျ၊ မောက်' လို့ ခေါ်တယ်လို့ပြောပြီး လက်ဖက်ရည်ဖိုး ငါးမူးပေးတယ်ဗျ "

(ထိုစဉ်က လက်ဖက်ရည်တစ်ခွက် တစ်မတ်ဖြစ်ပေသည်)

(စာရေးသူ)

" အင်း . . . ဆက်ပါဦး "

" ကျုပ်လဲ တခြားတော့ နားမလည်လှပါဘူးဗျာ၊ သူလာရင် စိတ်ချမ်းသာအောင် ဖျော်ပေးကြကွာဆိုပြီး ခိုင်းလိုက်ရတော့တယ်၊ အဲ့ဒီနေ့ကစပြီး နေ့လယ်နှစ်နာရီထိုးတိုင်း စက္ကန့်မလွဲဘူးဗျ၊ သူဒီကို လာသောက်တယ်၊ သတင်းစာ ငါးစောင်ဖတ်ပြီး ရေနွေးကြမ်း သုံးအိုးကုန်အောင် သောက်ပြီးမှ ပြန်တယ် "

" ဒါနဲ့ သူဘယ်မှာနေတယ်ဆိုတာလဲ မသိရဘူးလားဗျ၊ "

ကျောက်မြောင်းထဲမှာပဲ ထင်တယ် "

" လိပ်စာတော့ မေးမရဘူးဗျ၊ 'ခင်ဗျား ကျုပ်နဲ့ နေ့လယ်နှစ်နာရီအတွင်းမှာ အမြဲတွေ့နိုင်သားပဲ' ဆိုပြီး မပြောဘူးဗျ၊ ကျုပ်က



သာမန်ဖောက်သည်တွေထက်ပိုပြီး ဘာမှမထူးပါဘူးလို့ဆိုတယ်၊ နောက်ပြီး ပြန်ထွက်သွားရင် နောက်ကနေပြီး အတင်းလှမ်းခေါ်တာ လုံးဝ လှည့်မကြည့်ဘူးဗျ "

" မကြားလို့များလားဗျာ "

" မဟုတ်ဘူးဗျ၊ အနားမှာ ကပ်ပြီးခေါ်တာပဲ၊ မကြားဘဲ ဘယ်နေပါ့မလဲ၊ နောက်တစ်နေ့ သူ လက်ဖက်ရည်သောက်လာတော့ ကျုပ်ကမေးကြည့်တယ်၊ ဒီတော့ သူတပြန်ဖြေတယ်ဗျ၊ ခေါ်တာကြားတယ်တဲ့၊ ဒါပေမယ့် နောက်ကလှမ်းခေါ်တာဟာ သွားသူရဲ့အလုပ်ကို နှောင့်ယှက်တဲ့သဘောပဲတဲ့၊ ရှေ့တည့်တည့် အမီလိုက်ခေါ်မှ မိတ်ဆွေပီသတဲ့လူလို့ သတ်မှတ်တယ်လို့ ပြောတယ်၊ ခင်မင်တဲ့မိတ်ဆွေတစ်ယောက်ကို အပင်ပန်းခံပြီး နှုတ်မဆက်ချင်သူဟာ ခင်မင်တဲ့ဝတ်မကျေလို့ မိတ်ဆွေမစစ်ဘူးလို့ ပြောတယ် "

" အင်း . . . သူ့အယူအဆကလဲ ခပ်ဟုတ်ဟုတ် ဆိုသလိုပဲဗျ "

" ကျုပ်ကိုလဲ နောက်တစ်ခါကျရင် လက်ဖက်ရည် 'ကော်ပျစ်၊ ချိုကျ၊ မောက်' ဖျော်ပေးစမ်းဗျာ"

ဟု၍ဆိုလိုက်ရာ . . .

ဦးထွန်းဖေသည် ပြုံးဖြီးဖြီးဖြစ်၍သွားလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## လူမိုက်များကို စိမ်ခေါ်ခြင်း

ကျွန်ုပ်သည် 'တို့မိတ်ဆွေ' လက်ဖက်ရည်ဆိုင်မှ အဖြစ်အပျက်ကလေးကို ကာလအတန်ကြာအောင် မမေ့ပျောက်နိုင်ဘဲ ရှိရလေသည်။ နောက်ရက်များတွင် ကျွန်ုပ်သည် ကျွန်ုပ်အား စိတ်ဝင်စားစေခဲ့သော လူထွားကြီးကို တွေ့ဆုံရန် 'တို့မိတ်ဆွေ' လက်ဖက်ရည်ဆိုင်သို့ သူလာတတ်သည်ဆိုသော နေ့ခင်းနှစ်နာရီတွင် သွားရောက် စောင့်ဆိုင်းနေသော်လည်း ၎င်းသည် လာရောက်ခြင်း မရှိတော့ပေ။ ကျွန်ုပ်နှင့်တကွ 'တို့မိတ်ဆွေ' ဆိုင်ပိုင်ရှင် ဦးထွန်းဖေသည်လည်း ထိုလူထွားကြီးကို တွေ့ဆုံရန် စောင့်ဆိုင်းကြသော်လည်း နောက်ထပ်ပေါ်လာခြင်း မရှိတော့ချေ။

သို့သော် တစ်ခုထူးခြားသည်ကား ထိုလက်ဖက်ရည်ဆိုင်



သည် အလကား တိုက်ကျွေးရသူများ ပါးလျားသွားကာ လက်ဖက်ရည်ဖိုးများကို ကောင်းမွန်စွာ တောင်းခံ၍ရလာခြင်းပင် ဖြစ်လေသည်။

ထိုခေတ်ထိုအခါက ဒေသအလိုက်လူမိုက်များကို လက်ဖက်ရည်ဆိုင်၊ ထမင်းဆိုင်စသည့်ဆိုင်လေးများသည် စားတော်ဆက်၍ ပေါင်းသင်းဆက်ဆံထားရလေသည်။

ထို့ကြောင့် လူမိုက်များသည် တစ်ဗိုလ်တစ်မင်း တစ်နယ်စားရသည့် နယ်စားလူမိုက်များ ဖြစ်ကြပြီးလျှင် ၎င်းတို့စိတ်မထင်လျှင် မထင်သလို မင်းမူတတ်ကြပေသည်။

( ယခုအခါ ဤလူမိုက်များသည် ပျောက်ကွယ်ကြလေပြီ။ အစိုးရ၏ ထိရောက်သောကွပ်ကဲမှုကြောင့် နာမည်ကြီး ရာဇဝင်လူဆိုးကြီးများ နေရာမရှိရှာတော့ပြီ။ )

ကိုလိုနီခေတ်၏ ဆိုးမွေများသည် ပြည်သူလူထု၏ ဦးခေါင်းကို အလေးဖိထားသကဲ့သို့ ဖြစ်စေရာ တစ်ခါတစ်ရံ တစ်ကိုယ်တော် လူစွမ်းကောင်းများလည်း အမှတ်မထင် ပေါ်ထွက်လာတတ်ပေရာ ကျွန်ုပ်တွေ့ရသော လူထွားကြီးသည်လည်း ကျွန်ုပ်တို့ အဖို့ တစ်ကိုယ်တော် လူစွမ်းကောင်းကြီးပင် ဖြစ်ပေသည်။

ကျွန်ုပ်ဆက်လက်၍ စုံစမ်းမိသည်၌ အရှေ့ပိန်းလဟူသော တရုတ်ကပြားလူမိုက်သည် နောက်ပါတပည့်လူမိုက် လက်မရွံ့များကိုမွေးပြီး တာမွေ၊ နတ်ချောင်း၊ ကျောက်မြောင်း၊ တာမွေသီးနှင့် တိုးချောင်လေးရွာအထိ အပိုင်စားသော လူမိုက်ခေါင်းဆောင်တစ်ဦးဖြစ်သည့်အပြင် လူမိုက်လောက၌လည်း အထောပင်လက်

www.burmeseclassic.com

သွက်၊ ဓားထက်သည်ဟု နာမည်ကြီးသူတစ်ဦးဖြစ်ကြောင်း သိရလေသည်။ လူပုံ ခပ်ချောချောဖြစ်သော်လည်း ရက်စက်သည်ဟု နာမည်ကြီး၍ သူ၏ ရာဇဝတ်မှုခင်းများသည်လည်း များသောအားဖြင့် လက်သည်မပေါ်သော အမှုအခင်းများသာ ဖြစ်တတ်သည်ဟု သိရလေသည်။ ၎င်းကိုယ်တိုင် ကျူးလွန်သည်ကို မျက်မြင်တွေ့ရှိသူများသည်လည်း ၎င်းအမှုနောက်သို့ သက်သေခံ မလိုက်ရဲကြချေ။ မည်သည့်နေရာမှမှန်းမသိရသော အန္တရာယ်များသည် သက်သေခံသူအား အချိန်အခါမရွေး ဆီးကြို၍ အသက်သေသည်အထိ ကြုံတွေ့ရတတ်သည်ဖြစ်သောကြောင့် မည်သူမျှ အသက်သေမခံရဲကြခြင်းသည် ပိန်းလ၏ အရည်အချင်းတစ်ရပ်ပင် ဖြစ်ပေသည်။

အရှေ့ပိန်းလ၏ နယ်မြေအတွင်း၌ အခြားလူဆိုးဂိုဏ်းဝင်တစ်ဦးတစ်ယောက်မျှ ဝင်ရောက်မင်းမူခြင်းမျိုးလည်း မပြုလုပ်ရဲကြပေ။ ထို့အတူ ပိန်းလသည်လည်း အခြားလူမိုက်များ ကြီးစိုးရာနယ်မြေသို့ သွားရောက်မင်းမူခြင်းမျိုးကို မနှစ်သက်ပေ။ သူ၏လက်ဦးဆရာဖြစ်သူ ပုဇွန်တောင်ငမိုးက အရှေ့တစ်ဝိုက်ကို အပိုင်စားစေလိုက်သည်ဟု သိရပေသည်။

ပုဇွန်တောင်ငမိုးခေါ် ဓားငမိုးသည် ပုဇွန်တောင်၊ တောင်လုံးပြန်၊ စက်ဆန်း၊ ပုသိမ်ညွန့်၊ မေတ္တာညွန့်၊ ငမိုးရိပ် စသည့်နယ်တစ်ဝိုက်တွင် နာမည်ကြီးသော ရာဇဝင်လူမိုက်ကြီးတစ်ဦးဖြစ်ပြီးလျှင် တစ်ကိုယ်တော် ဓားစွမ်းထက်လှသောကြောင့် ဓားငမိုးဟူ၍ နာမည်ရပေသည်။ တပည့်များများစားစား မွေးမြူမှုမရှိဘဲ



တစ်ကိုယ်တော်အစွမ်းပြ၍ လုယက်မှု၊ လူသတ်မှု၊ ဒမြမှုများစွာကျူးလွန်ခဲ့၍ ဆိုင်ရာပုလိပ်၊ စာသင်များကို များစွာ အလုပ်ရှုပ်အောင် ဒုက္ခပေးသူတစ်ဦးဖြစ်ပြီးလျှင် တော်ရုံတန်ရုံသတ္တိဖြင့် ၎င်းအား ချဉ်းကပ်ဝံ့သည်မဟုတ်ပေ။ တောင်လုံးပြန်ဂိတ်သည် ပုဇွန်တောင်ငမိုးအတွက် အတော်မျက်လုံးပြူးမျက်ဆန်ပြူးခဲ့ရသောဌာနဖြစ်ပြီးလျှင် ဌာနအုပ်ကြီးများ မကြာခဏ ပြောင်းလဲခံရသောနေရာဌာနဖြစ်ပေသည်။

ဓားငမိုးသည် လူပုံပုပျပ်ပျပ်ဖြစ်ကာ နဖူးတွင် ကြီးမားသောအမာရွတ်တစ်ရွတ်ရှိလေသည်။ ပုဆိုးတိုတိုဝတ်လေ့ရှိပြီးသူ၏ခါးကြားတွင် ရှမ်းဓားမြောင်တစ်ချောင်းကို အမြဲဆောင်လေ့ရှိပြီး တစ်ကိုယ်တော် ပြစ်မှုကျူးလွန်လေ့ရှိ၏။ ဓားငမိုးဟူ၍ နာမည်ရရချင်းမှာ ၎င်းကျူးလွန်ရာ ပြစ်မှုတိုင်း၌ ဓားလက်နက်ဖြင့်ကျူးလွန်လေ့ရှိခြင်းပင်ဖြစ်၍ ဓားထိုးရာတွင် အလွန်ကျင်လည်လျှက် ဓားထိုးခံရသူသည် အူပွင့်လျှက် သေလေ့ရှိခြင်းပင်ဖြစ်သည်။ ဓားထိုးနည်းကျွမ်းကျင်သဖြင့် လူအုပ်အတော်များများကို ကြောက်ရွံ့လေ့မရှိဘဲ ရင်ဆိုင်နိုင်စွမ်းရှိပြီးလေသည်။

ဓားငမိုးသည် နောက်လိုက်မွေးခြင်းမရှိသော်လည်း သူ့ထံတပည့်ခံလာသူများကိုမူ ညွှန်ကြားချက်များ ပေးလေ့ရှိပေသည်။

ဓားငမိုးသည် မိန်းမအတော်များများ ယူလေ့ရှိပြီးလျှင် မိန်းမများကို စွဲလမ်းခြင်းမရှိပေ။ ရပ်တကာရွာတကာ လှည့်၍ ထန်းရေမူးခြင်း၊ လက်ထောက်ချခြင်း၊ ခါးပိုက်နှိုက်ခြင်းနှင့် ကြားစားလူမိုက်လုပ်ခြင်းသည် ဓားငမိုး၏အဓိကလုပ်ငန်းပင် ဖြစ်လေသည်။

www.burmeseclassic.com



ဘေးငမိုး အမိကနာမည်ကြီးလာခြင်းမှာ လူမိုက်ချင်း ဗိုလ်လုရာမှ ပို၍ နာမည်ကြီးလာခြင်းဖြစ်သည်ဟု သိရပေသည်။

ထိုခေတ်က ကန်တော်ကြီးဘေးရှိ တောင်ကုန်းတစ်ခုတွင် အိုးအိမ်များ တည်ဆောက်ထားသော ကွက်သစ်ကြီးတစ်ခုရှိလေသည်။ ဦးထွန်းမြတ် လမ်းဘေးကုန်းတွင်ဖြစ်သည်။ ထိုကုန်းကို ဉာဏာဗလကွက်သစ်ဟုခေါ်သည်။ အခြေအနေမဲ့များနှင့် ပျံကျများ ရောပြွန်းနေ၍ မီးလောင်မှုမကြာခဏဖြစ်သော ရပ်ကွက်ဖြစ်ပြီးလျှင် ကန်တော်ကြီးတစ်ဝိုက်၌ ဖြစ်ပေါ်လေ့ရှိသော ရာဇဝတ်မှုခင်းကြီးငယ်များသည် ဤဉာဏာဗလကွက်သစ်ကို အခြေခံကာ ဖြစ်ပေါ်လျက်ရှိတတ်ခြင်းပင် ဖြစ်လေသည်။

( ယခုအခါ ဤကွက်သစ်ကုန်းပေါ်၌ လုပ်သားတို့အားထားရာ လုပ်သားဆေးရုံကြီးသည် ခန့်ညားစွာ တည်ရှိလျက်ရှိပေသည်။ ကန်တော်ကြီးတစ်ဝိုက် ရာဇဝတ်မှုခင်းတို့သည်လည်း ပါးလျားသွားလေပြီ။ )

ဤဉာဏာဗလကုန်းကို အခြေခံ၍ ဉာဏာဗလ လူမိုက်သေးသည်လည်း တန်ခိုးကြီးထွားခဲ့ပေသေးသည်။ ကျောက်မြောင်းမှ လူမိုက်များသည် ဉာဏာဗလကုန်းကို ကျော်လွန်၍ မမိုက်ရဲကြပေ။ အဘယ်ကြောင့်ဆိုသော် ထိုဉာဏာဗလမှ သေးနှင့် အပေါင်းပါတစ်စုသည် ရဲတင်းနှင့် ဝက်ထိုးမိန်းကို ကိုင်စွဲလျက် အတင်းဝင်ရောက်ထိုးခုတ်ကြခြင်းကြောင့် ဖြစ်ပေသည်။

သေးသည် နောက်ပါအုပ်တောင့်လာ၍ ဉာဏာဗလတစ်ဝိုက် ပုဏ္ဏားကုန်းလူမိုက်ကျောနှင့်ပေါင်းကာ အမဲဈေးကွက်



သစ်နှင့် ပုဇွန်တောင်ဈေးဘက်သို့ပင် ကူးလူးကာ လူမိုက်အင်ပိုင်ယာချဲ့ထွင်ရန် ကြံစည်သည်ကို ပုဇွန်တောင်မိုးသိရှိလာ၍ အရှေ့အိုးစုလူမိုက်ပိန်းလှအား သေးကိုဆုံးမရန် တာဝန်ပေးလိုက်ရာ အိုးစုပိန်းလှသည် ဉာဏာဗလ လူမိုက်သေးကို စိန်ခေါ်လိုက်လေသည်။

အိုးစုပိန်းလှသည် ဉာဏာဗလ လူမိုက်သေးအား ဆုံးမသည်မှစ၍ အရှေ့ပိန်းလှဟု နာမည်တစ်လုံးရခဲ့ခြင်း ဖြစ်ပေသည်။

ထိုသို့ဆုံးမခြင်းသည် အနီးအပါးရပ်ကွက်များ၌ ဟိုးဟိုးကျော်သွားသည့်ပြင် ဉာဏာဗလကွက်သစ်မှ လူမိုက်များသည် အချိန်အတော်ကြာငြိမ်သွားကြလေသည်။

အိုးစုပိန်းလှ၏ စိန်ခေါ်ခြင်းကို ဉာဏာဗလမှ သေးသည်သူနောက်ပါတပည့်အုပ်စုအပြင် ပုဏ္ဏားကုန်းမှ လူမိုက်ကျောကြီးနှင့်လည်းတိုင်ပင်ကာ ပိန်းလဖြိုခွင်းရေး ပရိယာယ်ကို သေသပ်စွာဆင်လျက် စိန်ခေါ်သည့်ရက်ဖြစ်သော တန်ဆောင်မုန်းလကွယ်ညတွင် အကွက်ကျကျ ကြံစည်ထားလေသည်။

( ပုဏ္ဏားကုန်းသည် ယခုထက်တိုင် ရှိပေသေးသည်။ လုပ်သားဆေးရုံကြီး၏ အရှေ့ဘက် ချိုင့်ခွက်နေရာကြီးကို ခေါ်တွင်ပေသည်။ )

စိန်ခေါ်ခြင်းမှာ မိမိကြိုက်ရာလက်နက်ကို ရွေးချယ်၍ ကန်တော်ကြီးကနေဒီကျွန်း ဘီအိုစီဓာတ်ဆီဆိုင်အနီး တောအုပ်တွင် ဖြစ်ပေသည်။ လူသူမကွဲသော ညရှစ်နာရီခန့်တွင် မြောက်လမ်းအတိုင်း လျှောက်လာ၍ တွေ့သည်နှင့် စိန်ခေါ်ပြီး ဗိုလ်လုရန်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေသည်။ မည်သည့်တပည့်မျှခေါ်မလာရန်နှင့် လက္ခနက်တစ်ခုထက်ပို၍ ယူဆောင်မလာရန် စည်းကမ်းအဖြစ် သတ်မှတ်ထားလေသည်။ စိန်ခေါ်မှုမတိုင်မီ တစ်ရက်အလိုတွင် ပိန်းလသည် ပုဏ္ဏန်တောင်ငမိုးထံတွင် ဓားထိုးနည်းကို သင်ကြားရလေသည်။

ပုဏ္ဏန်တောင်ငမိုးသည် သူ့ဆရာ အစဉ်အဆက်က သင်ကြားပေးခဲ့သော ဓားထိုးနည်းအမျိုးမျိုးကို ပိန်းလအား သူ့အိမ်တွင်ပင် သင်ကြားပေးခဲ့လေသည်။ ဓားငမိုး၏ ဓားထိုးနည်းပညာမှာ အလွန်ပညာပါလှသည်ဟု နာမည်ရပေသည်။ ငမိုးသည် ဓားထိုးနည်းအမျိုးမျိုးအနက် မသေမရှင်ထိုးနည်း၊ တစ်ချက်လွှတ်အသေထိုးနည်း၊ အကြောဖြတ်နည်းနှင့် အူပေါက် ချက်လှန်နည်းစသည်တို့ကို သူ၏ဆရာ လူမိုက်ကြီးမြောင်းမြဖိုးချက် သင်ကြားပေးသည့်နည်းများကို ပေးလိုက်လေသည်။

သူ့တွင် ဆရာ အစဉ်အဆက် အသုံးပြုသော မြောင်းမြဖိုးချက်၏ ဓားကောက်တိုလေးကို ပေးလိုက်သည်ဟု ဆိုလေသည်။

ဓားကောက်တိုလေးမှာ ဓားတစ်လျှောက်လုံး ဖြောင့်တန်းလာပြီး ထိပ်နှစ်လက်မအလိုကျမှ လက်ဝဲဘက်သို့ ကောက်ကွေးပြီး နှစ်ဖက်သွား ကောက်ထားလေသည်။

ဤဓားကောက်တိုလေးတစ်ချောင်းသည် ငှက်ကြီးတောင်ဓားကြီးများနှင့် လူအုပ်အတော်များများကို ကြောက်စရာမလိုသည့်ပြင် ဖောက်ထွင်းမှုနှင့် အခြား မကောင်းမှုများစွာ ပြုလုပ်ရာ၌ အထူးအသုံးဝင်သည်ဟု ဆိုလေသည်။

မြောင်းမြဖိုးချက်မှာ မြောင်းမြနယ် တစ်ဝိုက်မှ စစ်ကြို



ခေတ် ကြေးစားလူမိုက်ကြီးတစ်ဦးဖြစ်ပြီး ကိုလိုနီခေတ် မြေပိုင်ရှင်၊ လယ်ပိုင်ရှင်ကြီးများ ထိတ်လန့်ရသော လူမိုက်ကြီးတစ်ဦးဖြစ်သည်။ စိတ်မထင်လျှင် တစ်ဦးတည်းအိမ်ပေါ်တက်ကာ မိသားစုအကုန်လုံးအား အသက်ရန်ရှာတတ်၍ သုံးလောင်းပြိုင်၊ လေးလောင်းပြိုင် အမှုအခင်းကိုကျူးလွန်တတ်သူဖြစ်ပြီး မေကျာဝေကာကိုယ်တိုင်ဖမ်း၍ထောင်ချလိုက်မှ အေးသွားသည်ဟု ဇာတ်ကြောင်းရှိလေသည်။

ထိုသို့ တစ်ကျွန်းစံဘဝရောက်သွားမှပင် မြေးတော်သူ ပုဏ္ဏန်တောင်ငမိုးသည် ဖိုးချက်ကြီး၏ လက်သုံးတော် ဓားကောက်ကို အမွေရလိုက်လေသည်။ ပုဏ္ဏန်တောင်ငမိုးသည်လည်း ထိုလက်သုံးတော်ဓားကောက်ရမှ ပို၍ တန်ခိုးထွားကာ မိုက်ဂိုဏ်းအုပ်ချုပ်ရှင်တစ်ဆူဖြစ်လာပြီးလျှင် ပုဏ္ဏန်တောင်ငမိုး၊ ဓားငမိုးဟူ၍ မှောင်ရိပ်ခိုဇာတ်လမ်းများကို ကျူးလွန်ရာမှ ဓားထက်ခဲ့လေသည်။

အိုးစုပိန်းလသည် ငမိုးထံတွင် နှစ်ဆယ့်လေးနာရီနီးပါးမျှ ဓားထိုးနည်းအမျိုးမျိုးကို လေ့ကျင့်ခဲ့ပြီး စိန်ခေါ်သည့်နေ့တွင် အိုးစုသို့ ပြန်ခဲ့၍ ၎င်း၏ တတိယမိန်းမအား တိတ်တဆိတ်မှာကြားလျှက်ချိန်းထားသောနေရာသို့ တစ်ဦးတည်း လာရောက်ခဲ့လေသည်။ ခါးကြား၌မူ မြောင်းမြဖိုးချက်၏ ဓားကောက်တိုလေးတစ်လက်သာပါလာခဲ့လေသည်။

ဉာဏဗလလူမိုက်ငသီးသည် တန်ဆောင်မုန်းလကွယ်ည၌ ပုဏ္ဏားကုန်းလူမိုက်ကျားကြီးနှင့် အကွက်ကျကျ စီမံထားသည့်အတိုင်းပင် ကန်တော်ကြီးလမ်းခွဆုံ၊ ဘီအိုစီဓာတ်ဆီဆိုင်၌ တစ်ဦးတည်း အရောင်ပြကာ ထိုင်စောင့်လျှက်ရှိပေသည်။ ၎င်းထိုင်ဆောင်

www.burmeseclassic.com

www.burmeseclassic.com



ထားသောလက်နက်မှာ မောင်းဆုပ်ခန့် ရတင်းပင် ဖြစ်လေသည်။

လကွယ်ညဖြစ်သည့်ပြင် ညဘက်လည်းဖြစ်သောကြောင့် တစ်ဦး၏မျက်နှာကို တစ်ဦးအကဲခတ်ရန် ခဲယဉ်းသော အချိန်အခါမျိုးဖြစ်ပေသည်။ ဓာတ်မီးရောင်မှာလည်း လမ်းမီးတိုင် မှုန်မှုန်ပျပျမျှသာ ဖြစ်ပေသောကြောင့် လူမိုက်ဗိုလ်လုပွဲအတွက်သာ သူဗိုလ်ရစတမ်း ကာလပင်ဖြစ်ပေသည်။

ပိန်းလသည် ခါးကြားမှ ဓားကိုစမ်းကာ ဓာတ်ဆီဆိုင်အနီးသို့ကပ်လာပေသည်။ ဓာတ်ဆီဆိုင်မှာ ပိတ်ထားသော ကာလဖြစ်သောကြောင့် ဒရဝမ်ကုလားအဘိုးကြီးသည် အိပ်ရန်ကင့်ကော့ခေါ် အိပ်စင်လေးကို ဖြင်ဆင်ပြုလုပ်လျှက်ရှိလေသည်။

ပိန်းလသည် ဓာတ်ဆီဆိုင်ကွေ့အရောက်တွင် ရုတ်တရက်ဓားကောက်ကို ထုတ်လိုက်ပြီးလျှင် . . .

" ငါ ပိန်းလကွ၊ ငသီးကို တွေ့ချင်လို့လာခဲ့တာ "

ဟု ခပ်အုပ်အုပ်အော်လိုက်လေသည်။

ဘီအိုစီဓာတ်ဆီဆိုင်မှ ကုလားအဘိုးကြီးသည် လန့်လျှက်ဓာတ်ဆီဆိုင်ထောင့်ဆီသို့ ကြည့်လိုက်လေသည်။

သို့သော် ဒရဝမ်ကုလားအဘိုးကြီး မြင်လိုက်ရသည်မှာ တဝုန်းဝုန်းနှင့် ခုတ်ကြ၊ ထစ်ကြခြင်းပင် ဖြစ်လေသည်။

ရွှေတိဂုံဘုရားသို့သွားသော မီးရထားတံဆိပ် ဘတ်(စ်)ကားမှတ်တိုင်အနီးမှမိန်းမများသည်လည်း ငိုယို၍ အငီစီပွက်ကုန်လေတော့သည်။

သူတို့အနီးတွင် လူသဝ်ဖွဲ့ကြီး နွဲနေကြသည်မှာ ထိတ်လန့်



တကြီးပင် ရှိလှပေတော့သည်။ ကိုယ်ဝန်ဆောင်မိန်းမကြီးတစ်ဦးသည် မူးမေ့လဲမြောသွားရာ ဆေးရုံသို့ အရောက်ပို့လိုက်ရပေသည်။

( ထိုခေတ် ထိုအခါက လမ်းပေါ်မှ လူမိုက်ဗိုလ်လုပွဲများမကြာခဏဖြစ်တတ်ကြရာ ခရီးသွားများအတော်ပင်ဒုက္ခရောက်ကြရပေသည်။ ကိုလိုနီခေတ်ဟောင်း၏ ဆိုးမွေများပင်တည်း။ )

တာမွေဂါတ်မှ အိုင်ပီဦးအေးမောင်တို့ ရောက်လာသောအချိန်တွင်ကား ဘီအိုစီဓာတ်ဆီဆိုင်ရှေ့ကွေ့ချိုး ကတ္တရာလမ်းမပေါ်တွင် ဓားနှစ်လက်၊ ပုဆိန်ရိုးကျွတ်တစ်ချောင်း၊ ဓားမြှောင်တစ်လက်နှင့် သွေးအိုင်ထဲ၌လဲ၍ အသက်ပျောက်နေသော လူသုံးယောက်နှင့် လက်ကိုဆုပ်လျှက် တအားအားအော်ဟစ်နေသော လူမိုက်ငသီးကိုတွေ့ရှိကြရလေသည်။ ဘီအိုစီဓာတ်ဆီဆိုင်မှ ဒရဝမ်ကုလားအဘိုးကြီးသည် တစ်ကိုယ်လုံးတုန်လျှက် အိုင်ပီဦးအေးမောင်ကိုယ်တိုင် စစ်မေးသောအခါ မျက်ဖြူလန်လန်ကြီးဖြစ်နေပြီး မေးမြန်းမရသည့်ပြင် ဝင်းဝတ်ထားသော လန်ကွတ်တီမှာ စိုရွှဲလျှက် သေးများပါထားသည်ကို တွေ့ရလေသည်။

အိုင်ပီ ဦးအေးမောင်တို့သည် ထိုအမှုကို ( Snap and murder case ) ဖွင့်ကာ အမှုလိုက် အလုပ်များရလေတော့သည်။

" အင်း . . . အဲဒီတည်းကပဲ၊ အိုးစု ပိန်းလ နာမည်ကြီးခဲ့တာပဲ . . . "

တို့မိတ်ဆွေဆိုင်ရှင် ဦးထွန်းဖေသည် ဆေးပေါ့လိပ်တိုကိုကုန်အောင်ဖွာလိုက်ပြီး အပြင်သို့ လွှင့်ပစ်လိုက်ပြီးလျှင် ကျွန်ုပ်ထံမှ ကြောင်နက်စီးကရက်တစ်လိပ်ကို ဆွဲယူ၍ ဆက်ဖွာလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



" ဝိန်းလက ဘာဖြစ်သွားသေးလဲဗျ "

" ဝိန်းလ ဘာမှမဖြစ်ဘူးဗျ၊ ဒီကောင်က ဆေးစွမ်းသလိုလူစွမ်းသလိုဖြစ်ပြီး တော်ရုံမလှုပ်ဝံ့တော့ဘူးဗျို့၊ ဥာဏဇလင်္ကာသီးကဝကျားကြီးအုပ်စုကို ဓာတ်ဆီဆိုင်နောက်က အထက်တန်းကျောင်းထဲမှာပုန်းခိုင်းထားပြီး အချက်ပြလိုက်တော့ ဖြုန်းဆို လူဆယ်ယောက်လောက်က ဝိုင်းချတာပဲ၊ မြောင်းမြဖိုးချက်ရဲ့ဓားကောက်ကအစွမ်းပြသွားတာပဲဗျ။ ဒီနားတစ်ဝိုက် လူမိုက်တွေ ငြိမ်သွားပြီး၊ ဝိန်းလတာပည့်လူမိုက်တွေ တန်ခိုးထွားတော့တာပဲ "

" အင်း၊ လူမိုက်အင်ပိုင်ယာကလဲ 'တစ်မယ်၊ တစ်မင်းဖားခုံညင်း အဖေခေါ်' ဆိုတာပါပဲလားဗျ။ အင်း၊ ဒုက္ခ ဒုက္ခ"

ကျွန်ုပ်သည် ဝိန်းလနှင့် ငသီး ဗိုလ်လုပွဲကို နားထောင်ပြီး၊ မိုက်ဇာတ်အကြောင်းတွေးတောရင်း လက်ဖက်ရည် 'ကော်ပျစ်၊ ချိုကျ၊ မောက်' ကိုသောက်ကာ လက်ဖက်ရည်ဆိုင်မှ အိမ်သို့လှမ်းခဲ့ပေသတည်း။

* * *

ကျွန်ုပ်တွေ့လိုသော လူထွားကြီးသည်လည်း နောက်ထပ်တစ်ဖန် ကျွန်ုပ်နှင့် မဆုံတော့ဘဲ ပျောက်နေလေသည်။

ထိုသို့ တွေးတောနေမိစဉ် ကျွန်ုပ်အိမ်ရှေ့သို့ တောင်းကြီးတစ်လုံးရွက်ကာ ကုလားလူမျိုးတစ်ဦးသည် လျှောက်လျှက်လာနေပေ၏။



ကုလားကြီးသည် 'ပလေရာ ရှီး. . . ရှီး'ဟူ၍ အော်လေသည်။ ကျွန်ုပ်သည် ထိုကုလားကြီးကို မြင်သည်နှင့် . . .

" ဟေ့ . . . ပတ်တရား . . . အောင်း "

ဟု ခေါ်ကာ ကျွန်ုပ်အိပ်စင်နံဘေးတွင် လပေါင်းများစွာစုပုံနေသော သတင်းစာပုံကြီးကို သွား၍ မ, ယူခဲ့လေသည်။

" ဟေ့ . . . ဘယ်ဈေးလဲ . . . "

" နှစ်ကျပ်ဈေး ဆရာကြီး "

" မင်းဟာ မနည်းဘူးလား၊ နှစ်ကျပ်ခွဲဈေးမဟုတ်ဘူးလား"

" မဟုတ်ဘူး ဆရာကြီး၊ ဈေးတွေကျတယ်၊ ဝယ်မယ့်သူမရှိဘူး၊ ချွန်နေဒ်က ဖောက်သည်မပျက်အောင် လာနေတာ "

" အင်း . . . ဒါဖြင့်လဲ . . . ချိန်ကွာ . . . "

ကျွန်ုပ်သည် ပေလေရာကုလားနှင့် အချီအချမေးပြီး၊ လျှော့ဈေးအတိုင်း ရောင်းချ၍ ရတတ်သမျှ ယူရလေ့ရှိသော မြန်မာလူမျိုးတို့၏ ထုံးစံအတိုင်းပင် ကုလားကြီးအား အလျှော့ပေးလိုက်ရပေသည်။ ကုလားကြီးသည် ကျွန်ုပ်ပုံထားသော တောင်ဆုပ်ခန့်ရှိသတင်းစာပုံကြီးကို သူ၏ အထူးပြုပြင်ထားသော ချိန်ခွင်လျှာကိုထုတ်ပြကာ သတင်းစာထပ်ကြီးများကို ချိန်ခွင်ထဲထည့်ကာ အခြားတစ်ဖက်မှ တစ်ပိဿာအလေးကိုထည့်လျက် ချိန်ခွင်ကို ကျွန်ုပ်အားထောင်ပြလေသည်။

ကျွန်ုပ်သည် ချိန်ခွင်ထဲသို့ကြည့်လိုက်ရာ ခြစားထားသောသတင်းစာမှ စာသားအချို့ကို အထူးသတိထား၍ ကြည့်နေမိလေသည်။ စိတ်မှလည်း ဖတ်ချင်ချင်ရှိလာသည်နှင့် ကုလား၏

www.burmeseclassic.com

www.burmeseclassic.com



ချိန်ခွင်ထဲမှ ထိုသတင်းစာဟောင်းကို ဆွဲထုတ်လိုက်လေသည်။

ထိုစာသားမှာ သတင်းစာ၏ အတွင်းဘက် ကြော်ငြာနေရာတွင် ဖော်ပြထားသောစာဖြစ်ပြီးလျှင် ကျွန်ုပ်အား အထူးစိတ်ဝင်စားစေခြင်းဖြစ်လေသည်။

ထိုစာသား၏ခေါင်းစဉ်မှာ ခြောက်လိုင်းခေါင်းကြီးမည်းစာလုံးဖြင့် ရေးထားခြင်းဖြစ်သည်။

### " လူမိုက်များကို စိန်ခေါ်ခြင်း "

အောက်ဘက်မှ စာလုံးများမှာ ဆယ့်လေးပွိုင့် စာလုံးသေးသေးများဖြင့် ရေးထားလေသည်။ ကျွန်ုပ်သည် ထိုသတင်းစာကို ဆွဲထုတ်၍ ဖတ်ရှုလိုက်လေရာ များစွာစိတ်ဝင်စားလာသဖြင့် အခြား သတင်းစာများကိုပါ လှန်လှောကြည့်မိရာ ကျွန်ုပ်၏ စိတ်ထဲတွင် ထိုသတင်းစာပုံကြီးအား ရောင်းချလိုစိတ်မရှိတော့သဖြင့် ချိန်ခွင်ထဲမှ သတင်းစာထပ်ကြီးအား ထုတ်ယူလိုက်ပြီးလျှင် . . .

" ဒီမှာ . . . ဆရာကြီး၊ နောက်မှပဲ လာတော့၊ ကျုပ် ဒီသတင်းစာပုံထဲမှာ ဖတ်စရာတွေရှိနေသေးလို့ "

" ဆရာကြီး၊ ဘုရာ . . . ခရာပေး . . . ၊ ဘကရိုး . . . ဂျောင်း မကောင်းဘူး၊ နောက်ခေါ်တယ်နော်၊ မလာဘူးမှတ် "

ကျွန်ုပ်သည် ထွက်ခွာသွားသော ကုလားကြီးကို ကြည့်ကာ သက်ပြင်းကြီးတစ်ခုကို မှုတ်ထုတ်လိုက်ပြီး လျှင် . . .

ကျွန်ုပ်၏ ရွှေကိုင်းမျက်မှန်ဝိုင်းလေးအား အိတ်ကပ်တွင်းမှ



ထုတ်၍ သတင်းစာပုံပေါ်မှ ကျွန်ုပ်ရွေးထားသော သတင်းစာကို ထုတ်ယူလိုက်လေသည်။

သတင်းစာမှာ သူရိယသတင်းစာဖြစ်ပြီးလျှင် ထိပ်ပိုင်းနှင့် အောက်ပိုင်းအပြင်၊ အလယ်အချို့နေရာများတွင် ခြများစားထားသဖြင့် နေ့စွဲ၊ ရက်စွဲများကိုမူ ဖတ်ရှု၍မရတော့ပေ။

ကျွန်ုပ်ဖတ်မိသည်မှာ အောက်ပါအတိုင်းဖြစ်ပေသည်။

### လူမိုက်များကို စိန်ခေါ်ခြင်း

မြို့တော် ရန်ကုန်အတွင်း နေထိုင်ကြသော ပုပုရွရွ လူသားများ၏ အသက်အိုးအိမ်၊ စည်းစိမ်တို့ကို အန္တရာယ်ပေးနေကြကုန်သော လူဗာလအန္ဓလူမိုက်များကို ကျွန်ုပ်စိန်ခေါ်လိုက်သည်။

ကျွန်ုပ်နှင့် ညဉ့် ၁၂ နာရီအတွင်း မည်သည့် နေ့ရက်မဆို လာရောက်တွေ့နိုင်သည်။

သျှောင်ပေစူးဘိုးတော်
အမှတ် ( . . . . )၊ မဂ်လာလမ်း၊
အိုးဘိုရပ်၊ ကြည့်မြင်တိုင်။

ကျွန်ုပ်သည် ဤစာများကိုဖတ်ပြီး များစွာအံ့ဩသွားရသည်။ ဤကြော်ငြာစာသည် တစ်လက်မလျှင် ခြောက်ကျပ်နှုန်းဖြင့်ပေး၍ ကြော်ငြာရသော ကြော်ငြာနေရာတွင်ဖြစ်သဖြင့်ရုပ်ရှင်ကုမ္ပဏီတစ်ခုမှ ထရိတ်ခေါ် ပရိသတ်အား လှည့်ဖြားခြင်းတစ်မျိုး

www.burmeseclassic.com

www.burmeseclassic.com



မြန်မာ ကြော်ငြာခြင်းလောဆိုသည်ကိုလည်း သံသယ ဖြစ်မိလေသည်။ အဘယ်ကြောင့်ဆိုသော် ဤကြော်ငြာမျိုးကို မည်သို့သော ကောင်းမွန်သော လူသားတစ်ဦးကမှ အသက်အန္တရာယ် အဖြစ်ခံလျက် ထည့်သွင်းကြော်ငြာမည် မဟုတ်သောကြောင့် ဖြစ်ပေသည်။

(ထိုခေတ်က ဤကြော်ငြာမျိုးများသည် စီးပွားရေးစားကွက်တစ်ခုအဖြစ် ကြော်ငြာတတ်ကြလေသည်။ ဝတ္ထုတိုက်များနှင့် ရုပ်ရှင်ကုမ္ပဏီများက ကြော်ငြာတတ်ပေသည်။)

ကျွန်ုပ်ဖတ်ရှုသော သတင်းကတွင် ဤကြော်ငြာတိုလေးမှအပ အခြားစိတ်ဝင်စားဖွယ် အကြောင်းအရာများကို မတွေ့ရှိရသဖြင့် ကျွန်ုပ်သည် အသာဖယ်ထုတ်ထားပြီးလျှင် သတင်းစာပုံမှ နောက်တစ်စောင်ကို လှမ်းယူဖတ်ရှုမိလေသည်။

## လူမိုက်တစ်ဦး ကိုယ့်ဇာတ် ကိုယ်သိမ်းခြင်း

(သူရိယ သတင်းစဉ်)

ကျွန်ုပ်တို့ သတင်းစာ၏ သတင်းထောက်သည် တိုးကြောင်လေးရွာ၏ အရှေ့ဘက်ချောင်းစပ်တွင် လူသေအလောင်းတစ်လောင်းပေါ်၍ သွားရောက်သတင်းရယူရာ သေသူမှာ ကတိုးလှကြီးနာမည်ရ လူမိုက်ကြီးတစ်ဦးဖြစ်ကြောင်း သိရပေသည်။

တိုးကြောင်လေးရွာ ကင်းဂါတ်မှ ရဲတပ်ကြပ်ကြီး ဦးစံ၏ မှတ်ချက်အရ ကတိုးလှကြီးဆိုသော လူမိုက်သည် ချောင်းရိုးစပ်တွင် မျက်နှာတစ်ခြမ်းရွဲ့ သေဆုံးလျက်ရှိပြီးလျှင်၊ ၎င်းလူမိုက်ကတိုးလှကြီးသည် လေဖြတ်လျက်သေဆုံးသည်ဟု ယူဆကြောင်းပင် ဖြစ်ပေသည်။



ထိုလူမိုက်သည် သိမ်ချောင်းရွာ၊ တိုးကြောင်လေးရွာနှင့် ပျဉ်ပုံ ရွာငယ်များ၌ လှည့်လည်ကျက်စားနေခဲ့သော လူမိုက်တစ်ဦးဖြစ်သည့်အတွက် ၎င်းလူမိုက်သည် လေဖြတ်လျက် ကိုယ့်ဇာတ်ကိုယ်သိမ်းသွားသည်ကို အနီးအနားမှ ကျေးရွာသူ၊ ကျေးရွာသားများ အထူးဝမ်းသာလျက်ရှိကြောင်းပင် ဖြစ်လေသည်။

ကျွန်ုပ်သည် ထိုသို့ ဖတ်ရှုမိသည်နှင့် ထိုသတင်းစာနှင့် တစ်ဆက်တည်းရှိသော သတင်းစာများကို လှန်လှောကြည့်ရှုမိရာတွင် နာမည်ရလူမိုက်သုံးဦးခန့်သည် ၎င်းတို့ဘာသာ သေဆုံးကြကြောင်းကို သတင်းစာက ဖော်ပြထားခြင်းကို တွေ့ရလေသည်။

ထိုသတင်းကို ကျွန်ုပ်သည် ကျွန်ုပ်၏ မှတ်တမ်းစာအုပ်တွင် ရေးမှတ်ထားသည်မှာ အောက်ပါအတိုင်းပင် ဖြစ်ပေတော့သည်။

### သူရိယသတင်းစာ

လူမိုက်တစ်ဦးဖြစ်သည့် သယ်န်းကျွန်းမြို့နယ် မိကျောင်းကန်ရပ်မှ ပွေးလှဲဆိုသော လူမိုက်တစ်ဦးသည် ၎င်း၏ အိမ်ခန်းတွင် တစ်ဦးတည်းလဲကျသေဆုံးနေကြောင်း သတင်းရရှိသဖြင့် ကျွန်ုပ်တို့၏ သတင်းထောက်နှင့်အတူ သယ်န်းကျွန်းဂါတ်မှ ဆားပုလင်းဘမောင်နှင့် အဖွဲ့သည် သွားရောက်ကြည့်ရှုရာ ၎င်းလူမိုက်ပွေးလှကြီးသည် မျက်နှာနှင့် ကိုယ်ထစ်ခုလုံးတွင် အနီကွက်များဖြစ်ပေါ်ကာ မျက်ဖြူလန်လျက် သေဆုံးနေသည်ကို တွေ့ရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ၡင်းပွေးလှ၏ ဇနီးက ပြောပြသည်မှာ ပွေးလှသည် ထမင်းစားပြီးသည်နှင့် တစ်ကိုယ်လုံးကျဉ်သည်ဟုပြောပြီး အိပ်ရာသို့ဝင်ရာ အိပ်ရာထဲလဲကျသွားပြီး သေဆုံးကြောင်းပင် ဖြစ်လေသည်။

ပွေးလှ သေဆုံးပုံမှာ သွေးအဆိပ်ဖြစ်လျက် သေဆုံးပုံရကြောင်းကို ရာဇဝတ်မှုခင်းဆိုင်ရာ ဆရာဝန်က ကောက်ချက်ချလျက် ရှိပေသည်။

ကျွန်ုပ်မှတ်တမ်းစာအုပ်၌ ရေးမှတ်ထားရသည်မှာ ကျွန်ုပ်ဖတ်ရှုခဲ့ရသော ထူးဆန်းသည့်ကြော်ငြာနှင့် လူမိုက်များသေဆုံးရခြင်းသည် ဆက်စပ်မှုရှိမည်လောဟူသော အချက်ကိုစဉ်းစားမိ၍ ရေးမှတ်ထားခြင်းပင်ဖြစ်သည်။

ကျွန်ုပ်သည် လူမိုက်များ မိုက်ပုံကို လက်ဖက်ရည်ဆိုင်၌ ကိုယ်တွေ့ကြုံဆုံခဲ့ရသဖြင့် လူမိုက်များ၊ လူဆိုးများကို စိတ်ဝင်စားမိသည်နှင့် ၎င်းတို့ အကြောင်းလေ့လာမည်ဟု စိတ်ကူးရသဖြင့် ရေးမှတ်ခြင်းဖြစ်လေသည်။

ကျွန်ုပ်သည် နောက်ထပ်တွေ့သည့် သတင်းတိုလေးတစ်ပုဒ်ကို အောက်ပါအတိုင်း ကူးရေးလိုက်လေသည်။

ခေါင်းစဉ်တိုလေးမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

**စိတ်ရှူးပေါက်၍ သတ်သေသူလူမိုက်တစ်ဦး**

ကျွန်ုပ်တို့သတင်းထောက်သည် ရန်ကုန်မြို့လယ် လောင်းဝစ္စလမ်းတွင် လူတစ်ယောက်သည် စိတ်ရူးပေါက်လျက် မိမိကိုယ်



ကို မိမိသတ်သေသည်ဟု သတင်းရရှိသောကြောင့် သွားရောက်စုံစမ်းရာ အောက်ပါအတိုင်း သိရှိရလေသည်။

သေဆုံးသူမှာ ကီလီဖာ့စ်ဝိုက်တွင် ကျက်စားနေသော ကုလားလူမျိုးလူမိုက်တစ်ဦးဖြစ်သူ ဗုံဂျန်းဆိုသူဖြစ်ကြောင်း သိရပေသည်။

၎င်းသည် ၎င်း၏မယားငယ်နှင့် စကားများရာမှ စိတ်ရူးပေါက်ကာ အနီး၌ရှိသော ဂုန်နီအိတ်ထိုးသည့်စူးအပ်ဖြင့် ထိုးသွင်းရာ သွေးကြောပေါက်ပြီး သေဆုံးသွားကြောင်း။

၎င်းသည် ကလယ်ကုလားလူမျိုး လူမိုက်ကြီး ရန်ကနား၏ တပည့်တစ်ဦးဖြစ်ပြီး ခါးပိုက်နှိုက်ခေါင်းဆောင်တစ်ဦး ဖြစ်ကြောင်း သိရပြီးလျှင် မကြာသေးမီကမှ အချုပ်မှလွတ်မြောက်လာသူတစ်ဦးဖြစ်ကြောင်း သိရှိရလေသည်။

အမှုတွဲကို အင်းစိန်စုံထောက်တက်မှ စုံစမ်းအရေးယူမှုများ ဆက်လက်ပြုလုပ်လျက်ရှိကြောင်း။

" ဟေ့ . . . လူကြီး . . . ဘာတွေများ ဒါလောက် အလုပ်များနေတာတုန်းဗျ၊ ခင်ဗျားကြည့်ရတာ အတော်စိတ်ဝင်စားနေတယ်နဲ့တူတယ်၊ ဂျူပ် အပေါက်ဝမှာရပ်ပြီး ကြည့်နေတာ နှစ်မိနစ်ရှိသွားပြီဗျ "

ကျွန်ုပ်သည် အသံလာရာသို့ကြည့်လိုက်ရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ အိုင်ပီဦးအေးမောင်ကို တွေ့ရလေသည်။

" ဟင် . . . ထိုင်လေဗျာ၊ မလာတာတောင် အတော်ကြာပါပကောလားဗျ "

www.burmeseclassic.com

www.burmeseclassic.com



" ဒါတွေက ဘာတွေတုန်းဗျ၊ သတင်းစာ အဟောင်းပုံကြီး ပါလား "

" အင်းဗျ . . ၊ စိတ်ဝင်စားစရာတွေ တွေ့နေလို့၊ ခင်ဗျား တို့ ရဲဘက်က လူတွေတော့ ဘယ်လိုယူဆမယ်မသိဘူး၊ ဒီသူရိယ သတင်းစာထဲမှာပါတဲ့ သတင်းတွေကိုဖတ်ပြီး မှူခင်းဆက်စပ်နေ တာလေ "

" အင်း . . ဆိုစမ်းပါဦးဗျာ "

" ဒီလိုလေဗျာ . . . 'လူမိုက်များကို စိန်ခေါ်ခြင်း' ဆိုတဲ့ ကြော်ငြာလေးတစ်ပုဒ်ကို ကျုပ် အပွနားပေလရာ ကုလားကို ရောင်းမလို့လုပ်နေတုန်း သတင်းစာပုံထဲမှာ ရုတ်တရက်တွေ့လိုက် ရလို့ စိတ်ဝင်စားတာနဲ့ ကောက်ဖတ်လိုက်တာ၊ နောက်ပိုင်း သတင်းစာတွေထဲမှာလဲ လူမိုက်တွေ ကိုယ့်ဓာတ်ကိုယ်သိမ်းသွား တာတွေပါ ဆက်တွေ့နေလို့ ကျုပ်က စိတ်ဝင်စားပြီး မှတ်တမ်း တောင် ကူးရေးနေတာဗျ "

" အင်း . . . ခင်ဗျားက အားတဲ့လူဆိုတော့ အလုပ်မရှိ အလုပ်ရှာနိုင်တာပေါ့ဗျာ၊ ကျုပ်ဖြင့် အခုတလော ဖတ်ဖတ်မောနေ ပြီဗျ၊ မင်းကြီးက ခေါ်ခေါ်ဆူနေလို့ မျက်လုံးပြူး မျက်ဆန်ပြူးနဲ့ အလုပ်လုပ်နေရတာ "

၎င်း၏ မျက်နှာတစ်ပြင်လုံး ချွေးများသွဲ့စိုနေပြီးလျှင် ဝတ်ဆင်ထားသော အင်္ကျီယူနီဖောင်းနှင့် သေနတ်ခါးပတ်ကြိုးမှာ ပင် ချွေးများရွှဲနစ်လျက်ရှိပေသည်။ လေးဆယ့်ငါးမို့ သေနတ်အိတ် ကြီးမှာလည်းလျော့ရဲလျက် အိတ်မှုံးကြယ်သီးပင် ပြုတ်လျက် ရှိပေ



သည်။ အမြဲတစေ သပ်သပ်ရပ်ရပ်ရှိလျက်ရှိသော အိုင်ပီဦးအေး မောင်သည် စုတ်ဖွာလျက်ရှိသည်ကို တွေ့ခြင်းကြောင့် ကျွန်ုပ်သည် အထူးအံ့ဩသွားကာ ၎င်း၏ ပုံပျက်ပန်းပျက် အမူအရာကိုကြည့် ပြီးလျှင် ခပ်ပြုံးပြုံးလုပ်လျက် . . .

" ဆိုစမ်းပါဦးဗျ . . . ဘယ်လိုတွေ ဖြစ်လာလို့တုန်း "

ဟူ၍ မေးလိုက်လေသည်။

" အင်း . . . ရာမကွင်းမှာ လူသတ်မှုတစ်မှု ဖြစ်တယ် လေဗျာ၊ အဲဒါ သေတဲ့လူက ရာမကွင်းကရွံ့ဗွက်ထဲမှာ မှောက်ခုံကြီး သေနေတာ၊ မြက်တောကရှည်တော့ ရုတ်တရက်မတွေ့ရဘူး၊ မနက် ကျမှ ဘောလုံးကန်တဲ့ ကလေးအုပ်စုကတွေ့လို့ ကျုပ် ဂါတ်ကို သတင်းလာပေးတာနဲ့ ကျုပ် လိုက်ကြည့်ရတာ၊ ရပ်ကွက်သူကြီးကလဲ အသုံးမကျပါဘူးဗျာ၊ ကျုပ်မေးတာတွေ ဘာမှမဖြေနိုင်ဘူး"

" အင်း . . ဆိုပါဦး . . ဗျ "

အိုင်ပီဦးအေးမောင်သည် ကျွန်ုပ်အား ဆက်လက်၍ ပြောဆိုခြင်းမပြုသေးဘဲ ကျွန်ုပ်အနီးတွင်ချထားသော ကြောင်နက် စီးကရက်ဘူးကိုယူ၍ တစ်လိပ် ထုတ်ယူလိုက်ပြီးလျှင် မီးညှိလျက် အားရပါးရ ဖွာရှိုက်လိုက်ကာ ဝူးခနဲ မီးခိုးများကို မှုတ်ထုတ်လိုက် လေ၏။

" သေတဲ့လူကလဲ မျက်နှာတစ်ခုလုံး မမှတ်မိအောင် မီး သွေးခဲကျနေအောင် မည်းနေလေတော့ ရုပ်ဖမ်းရခက်နေတယ်ဗျ၊ လက်နှစ်ဖက်နဲ့ ခြေထောက်နှစ်ဖက်စလုံးလဲ မည်းနေတယ်၊ နောက်ပြီး ဝမ်းဗိုက်ကလဲစူပြီး ဖောင်းနေတယ်၊ သေတဲ့အချိန်က

www.burmeseclassic.com

www.burmeseclassic.com



(၁၀) နာရီလောက်တော့ကြာပြီလို့ ခန့်မှန်းရတယ် ”

“ အင်း. . . စပ်စုတယ်လို့တော့မထင်နဲ့ ကိုအေးမောင်၊ သေတဲ့လူဟာ ဆယ်နာရီလောက်ကြာပြီလို့ ခင်ဗျားဘယ်လိုလုပ်ပြီး သိသလဲဗျ ”

ကျွန်ုပ်သည် ကိုအေးမောင်၏ ကောက်ချက်ချမှုမှာ တိကျနေသဖြင့် စပ်စုလိုက်ခြင်းဖြစ်၏။ ကျွန်ုပ်သည် အိုင်ပီ ဦးအေးမောင်နှင့် ငယ်ပေါင်းများဖြစ်သဖြင့် ၎င်း၏အကြောင်းများကို ကိုယ်တိုင်သိသူတစ်ယောက် ဖြစ်ခဲ့လေရာ ယခုမှ အချိန်နာရီပိုင်းအထိ တွက်တတ်လာသော သူ၏ ဉာဏ်ရည်ကို အံ့သြမိသဖြင့် မေးမြန်းခြင်းဖြစ်လေ၏။

“ အင်း . . . ခင်ဗျားကလဲဗျာ၊ ဒီလောက်မှ မရိပ်မိဘူးလား၊ ကျုပ်လဲ လူသူတော်သျှောင်တစောင်းရဲ့ တပည့်တစ်ဦးပဲဟာ၊ ဟဲ . . . ဟဲ. . .၊ သူက ကျုပ်ကို လျှို့ဝှက်နည်းတစ်ခု ပေးခဲ့တယ်ဗျ၊ လူသေကောင်တွေရဲ့ ရုပ်ပိုင်းအနေအထားဟာ နာရီပိုင်းလိုက်ပြီး ပုပ်ပွတတ်တဲ့ သဘောအတိုင်းပဲ၊ အသုဘ ကမ္မဋ္ဌာန်းရှုတဲ့ ဆရာတော်ကြီးတွေက ပိုသိတယ်တဲ့၊ အဲ . . သူပြောတဲ့အတိုင်းဆို လူသေကောင်ရဲ့ရုပ်ဟာ ပထမငါးနာရီမှာ သွေးကြောတွေခြောက်ပြီးအေးစက်တယ်တဲ့၊ ဒုတိယငါးနာရီမှာ သွေးကြောထဲကို ပြင်ပပိုးတွေဝင်တာကြောင့် အကြောဟာမာပြီး တောင့်တင်းတယ်တဲ့၊ ဒုတိယငါးနာရီဆုံးလျှင် လူသေကောင်ရဲ့ ဝမ်းဗိုက်ဟာ ရောင်လာပြီး (ပလောမ) ဆိုတဲ့ ပိုးတစ်မျိုးဟာ ဝင်ရောက်လာပြီး နောက်ထပ်ငါးနာရီမှာတော့ လူသေကောင်ရဲ့ အရောင်းဟာ ပုပ်စော် စ,နံ



တော့တာပဲတဲ့၊ နောက် အများကြီးပါဗျာ ”

“ တယ်ကောင်းတဲ့ ပညာရပ်ပဲဗျ၊ ကျုပ်တို့ ဆရာကြီး လူသူတော် သျှောင်တစောင်းကတော့ တစ်ယောက်တစ်နည်းကောင်းတော့ ပေးခဲ့သားပဲဗျ၊ ဒါနဲ့ စကားဖြတ်ပြီး ပြောရဦးမယ်၊ ဆရာကြီး လူသူတော်သျှောင်တစောင်း ကျုပ်ဆီစာမရေးတာ ကြာပြီဗျ၊ ကာသဖဘုရားကနေ နောက်ဆုံးဟိမဝန္တာမှာရှိတဲ့ မနောဒီသ တောင်ဘက် ဆက်သွားမယ်ပြောပြီးကတည်းက ကျုပ် သတင်းမရတော့ဘူးဗျ ကိုအေးမောင် . . . ”

ကျွန်ုပ်သည် ကျွန်ုပ်လေးစားခဲ့ရသော လူသူတော်သျှောင်တစောင်းပုဂ္ဂိုလ်ကြီးအား မျှော်လင့်ချက် ကြီးမားစွာဖြင့် စောင့်မျှော်ခဲ့ရာ ကာလအားဖြင့် သုံးနှစ်ကျော်ကာလသို့ ရောက်သည့်တိုင် သတင်းမရသဖြင့် စိတ်ပျက်ပျက်နေခဲ့ရာမှ စကားဆက်မိသည့်အတိုင်း ကိုအေးမောင်နှင့် မေးမြန်းမိလေ၏။

“ အဲဒါ ကျုပ် လာဝင်ပြောတာဗျ၊ ကျုပ်ဆီကို မနေ့ညက ကုလားလူမျိုး နို့ထမ်းသမားတစ်ယောက်က လာပြောတယ်၊ နင်တို့ ဆရာကြီး မကြာမီရောက်တော့မယ်လို့ ပြောတယ် ”

“ အင်း . . . ဆိုပါဦးဗျ ”

“ ကျုပ်က ဘယ်ကဆရာကြီးလဲလို့ မေးတော့ ကျုပ်ကို နို့ထမ်းကုလားကြီးက စိတ်ဆိုးဆိုးနဲ့ကြည့်ပြီး . . . ”

“ နင်တို့ဆရာကြီး လူသူတော်သျှောင်တစောင်းလေ မသိဘူးလားလို့ ပြောသွားတယ်၊ အဲဒီတော့မှ ကျုပ်လဲ သတိရပြီး အင်း . . . ဟုတ်ကဲ့ . . . ဟုတ်ကဲ့လို့ ပြောလိုက်တယ်

www.burmeseclassic.com

www.burmeseclassic.com



" အေးဗျာ . . . ကျုပ်လဲ မျှော်လင့်နေတာနဲ့ အတော်ပဲ၊ ကျုပ်အခု လူဆိုးတွေရဲ့စရိုက်သဘာဝနဲ့လုပ်ဆောင်ချက်ကို သုတေသနလုပ်မယ်လို့ ဆုံးဖြတ်ထားတာနဲ့ အတော်ပဲ၊ ဆရာကြီး လာမှပဲ ဆွေးနွေးရတော့မှာပဲ၊ ဒါနဲ့ ခင်ဗျားလိုက်တဲ့ အမှုအကြောင်းက စကားမပြတ်သေးဘူးဗျ၊ လုပ်စမ်းပါဦး "

" ဒီလိုဗျ ကိုသိန်းမောင်ရဲ့၊ သေသူကုလားက ချစ်ကရီးဗျ၊ ကျုပ်က ရာမကွင်းအနီးဆိုတော့ ကျောက်ရေတွင်းရပ်ကွက်သူကြီးကို ခေါ်မေးတော့ ဒီကုလားက ဒီဘက်မှာမနေဘူးလို့ ဆိုတယ်၊ သူလဲ မသိဘူးတဲ့၊ ဒါနဲ့ ကျုပ်လဲ အိုးစုထဲက ကုလားလူမိုက် မုတ်ီးနားကို ခေါ်မေးတော့မှ ပေါ်တော့တာပဲ "

" ဘယ်လိုပေါ်တာလဲဗျ "

" ကုလားလူမိုက် မုတ်ီးနားဟာ အိုးစုပိန်းလရဲ့တပည့်ဗျ၊ ကျုပ်ကဖောက်ထွင်းမှုမှာမသင်္ကာတာနဲ့ တစ်ခါဆွဲခဲ့ဖူးတယ်၊ အဲဒီအမှုမှာ သူတကယ်မပါတာသိလို့ ကျုပ်ကယ်ခဲ့ဖူးတယ် "

" အင်း . . . ဒါနဲ့ ကုလားလူမိုက် မုတ်ီးနားပြောပြချက်အရ ချစ်ကရီးဆိုတာသိရပြီး ချစ်ကရီးဟာ အောင်မင်္ဂလာလမ်းထိပ်မှာနေတယ်ဆိုတာသိရတယ်၊ ကျုပ်တို့ သူ့အိမ်ကိုရောက်ပြီး အိမ်ထဲဝင်သွားတော့ အိမ်ထဲက အိပ်ခန်းထဲမှာ တုံးလုံးပက်လက်တွေ တွေ့ရတယ်၊ စုစုပေါင်း လေးယောက်ဗျ၊ ရုတ်တရက် အိပ်နေသလိုပါပဲ၊ ဒါနဲ့ ကျုပ်တို့ လှုပ်ကြည့်တော့မှ အားလုံး အသက်မရှိတော့ဘူးဗျ၊ မိသားတစ်စုလုံး သေနေတော့တာပဲဗျ၊ ဒါနဲ့လူသေကောင်တွေကို အိမ်ရှေ့ဆွဲထုတ်တော့ မိန်းမနှစ်ယောက်နဲ့ ကလေးနှစ်ယောက်ဗျ၊



နှစ်ယောက်စလုံးက အသက်သုံးဆယ်သာသာပဲ ရှိမယ်၊ ကလေးနှစ်ယောက်ကတော့ မိန်းကလေးတစ်ယောက်၊ ယောကျ်ားလေးတစ်ယောက်ပဲ၊ ကလေးတွေကတော့ ငါးနှစ်သာသာပဲ ရှိဦးမယ်ထင်တယ်"

" ဒါဖြေမယ်ဗျို့ . . . ထူးဆန်းတာက ရာမကွင်း ဗွက်ထဲမှာ သေဆုံးနေတဲ့ ချစ်ကရီးဆိုတဲ့ကုလား သေပုံသေနည်းအတိုင်း အားလုံးသေနေတာပဲ "

" ဘယ်လို သေလို့တုံးဗျ "

" အင်း . . . မျက်နှာတစ်ခုလုံးမှာ မည်းနက်ပြီး လက်နဲ့ခြေထောက်နှစ်ဖက်စလုံးလဲ မည်းနက်နေတယ်၊ ကျုပ်တော့ အတော်အံ့ဩသွားတယ်၊ ကျုပ်ဟာ ပုလိပ်ဘက်မှာ လုပ်သက်ရင့်တဲ့ အိုင်ပီကြီးပဲ၊ ရဲမင်းကြီး သုံးဆက်တောင်ပြောင်းပြီးတဲ့ တိုင်အောင်ပဲ လူသေမှု၊ လူသတ်မှုအမျိုးမျိုးကိုတွေ့ခဲ့ပါတယ်၊ ဒီလိုတစ်မိသားစုလုံးဖြစ်တဲ့ အဖြစ်မျိုး မတွေ့ဖူးသေးဘူး "

" စိတ်ဝင်စားစရာပါပဲလားဗျ၊ ကျုပ်အထင်တော့ ထူးဆန်းတဲ့ အဆိပ်တစ်မျိုး သင့်တယ်လို့ ထင်တာပဲ "

" အင်း . . . ဒီထက် ထူးဆန်းတာက ကျုပ်ခေါ်သွားတဲ့ မုတ်ီးနားကုလားလူမိုက်ဟာသေသူချစ်ကရီးအိမ်ထဲက အမျိုးသမီးအလောင်းနဲ့ ကလေးအလောင်းတွေလဲတွေ့ရော 'အပါး၊ 'ဟိုက်' ဆိုပြီး မျက်စိပျက်၊မျက်နှာပျက်နဲ့ အတင်းအော်ပြေးတော့တာပဲ၊ ကျုပ်တို့လဲ ဖြန်းခနဲ ဘာဖြစ်တယ်မသိဘူး၊ ဒီကောင့်ကို မိအောင် လိုက်ဖမ်းခိုင်းရတယ် "

www.burmeseclassic.com

www.burmeseclassic.com



" မုတ်းနားက ဘာဖြစ်လို့လဲဗျ "

" ဘာဖြစ်သလဲဆိုတော့ အကြောက်လွန်သွားတာပေါ့၊ ကယောင်ကတမ်းတွေ လျှောက်ပြောနေတာနဲ့ ကျုပ် အရှူးထောင် ခေတ္တပို့ထားလိုက်ရတယ် "

" အင်း . . . ခင်ဗျားဟာကလဲ အတော်ဆန်းတဲ့ ပြဿနာ ပါလားဗျ၊ ဒါနဲ့ သေသူတွေက ဘယ်သူတွေလဲ "

" ကျုပ် စုံစမ်းတော့ ချစ်ကရီးရဲ့ မယားနှစ်ယောက်နဲ့ ကလေးတွေတဲ့ဗျ၊ အဲဒီ အနီးအနားကလဲ ကြောက်နေကြလို့ သိမ်မေးစမ်းလို့မရကြဘူး၊ သူတို့ အလုပ်အကိုင်တွေကတော့ အကြော်ရောင်းတယ်လို့ပဲ သိရတယ် "

" ကျုပ်လဲ အဲဒါတွေကြည့်ပြီး စိတ်မသက်မသာဖြစ်တာနဲ့ အလောင်းတွေကို ဆေးရုံပို့ပြီး စစ်ချက်မှတ်တမ်းတွေနဲ့အတူ ဆားပုလင်းစိန်မောင်ကြီးကို ဆေးရုံလိုက်သွားပြီး ဆရာဝန်မှတ် ချက်တောင်းခိုင်းထားတယ်၊ ခင်ဗျား ရပ်ကွက်ထဲမှာပဲ ဖြစ်နေတာနဲ့ ဒီဘက်ကိုဆက်လျှောက်လာခဲ့တာပဲဗျ "

" ကျုပ်လဲ ခုတလောမှ ရာဇဝတ်မှုခင်းနဲ့ ရာဇဝတ်သား လူမိုက်တွေကို သုတေသနလုပ်လိုစိတ် ဖြစ်ပေါ်လို့ဗျ ".

" ခင်ဗျားက ဘာစိတ်ရှုးပေါက်တာလဲဗျ၊ စုံထောက် ဇာတ်လမ်းတွေ ရေးမလို့လား "

" ရည်ရွယ်ချက်တော့ သိပ်မရှိသေးဘူးဗျ၊ ဒါပေမယ့် ကျုပ် ကိုယ်တိုင်လက်ဖက်ရည်ဆိုင်ထဲမှာ လူမိုက်အုပ်တစ်အုပ်နဲ့ တွေ့ခဲ့ရ လို့ "



" အိုးစုပိန်းလ မဟုတ်လား၊ ဒီဘက်ဆို ဒီကောင်ပဲရှိတာပဲ"

ထိုအခိုက်အတန့်တွင် ကျွန်ုပ်အိမ်ရှေ့သို့ မီးခိုးရောင်ကား တစ်စီး ထိုးရပ်လိုက်လေ၏။ ကားပေါ်မှ ပခုံးကျယ်ကျယ် တုတ်ခိုင် သောလက်မောင်းလက်ရုံးရှိ၍ လေးထောင့်စပ်စပ်ကျသောမျက်နှာ ပေးနှင့် မုဆိမ်ဝတ်စုံကို သေသပ်စွာဝတ်ဆင်ထားသည့် ခန့်ညား သောလူတစ်ယောက် ဆင်းလာလေ၏။ ၎င်းသည် ကျွန်ုပ်၏အိမ် လှေကားမှ တစ်ထစ်ချင်းတက်လာပြီးလျှင် ကျွန်ုပ်အနီးတွင် ထိုင် လျက်ရှိသော အိုင်ပီဦးအေးမောင်အား အရိုအသေ ပေးလျက် . . .

" ဆရာ . . . မင်းကြီးက အခု လိုက်ခဲ့ပါတဲ့၊ အခု ကားနဲ့ ဒီအက်စပီလဲ ပါတယ်၊ အမှုက အရေးကြီးတယ်တဲ့၊ အနော်ရာဗိုင်း လမ်းမတော်မှာလဲ အလားတူ မှုခင်းတစ်ခုဖြစ်တယ်တဲ့၊ လမ်းမတော် ဖိုးတုတ်ရဲ့ တပည့်တစ်ဦးပဲတဲ့၊ စဥ့်အိုးထဲ ဇောက်ထိုးကျပြီး သေနေတယ်လို့ လမ်းမတော်ဂါတ်က သိမ်းမောင်ကြီးက ကျွန်တော့်ကို ပြောတယ်၊ ဆေးရုံကြီးမှာဆိုလို့ သူလဲ အလောင်း လာပို့တာ၊ ကျောမှာ အကွက်ကြီးတစ်ကွက်ထပြီး ခေါင်းတစ်ခုလုံး ယောင်ပြီး သေနေတာတဲ့၊ အဲဒီကိစ္စအတွက် အခု အရေးပေါ် အစည်းအဝေးထိုင်ဖို့ ဂါတ်အားလုံးက အိုင်ပီတွေကို ခေါ်ခိုင်းထား တယ် "

အိုင်ပီဦးအေးမောင်သည် 'ဝူး' ခနဲ ပါးစပ်မှ လေကို မှုတ်ထုတ်ကာ သူ၏ ခါးမှ ခါးပတ်ကို ပြင်ပတ်လိုက်လေ၏။ လေးဆယ့်ငါးဗိုး ခြောက်လုံးပြူးအိတ်ကြယ်သီးကိုလည်း ရော်စီတကျ ပြန်လည်တပ်ဆင်ပြီးလျှင် ကျွန်ုပ်ဘက်ကိုလှည့်၍ ခပ်မှေးမှေးမျက်·

www.burmeseclassic.com

www.burmeseclassic.com



လုံးအစုံဖြင့် ကြည့်ကာ . . .

" သွားဦးမယ်ဗျို့ ကိုသိမ်းမောင်၊ ခင်ဗျား သုတေသန မှတ်တမ်းကို နောက်မှပဲဖတ်တော့မယ်ဗျို့၊ ပြဿနာတွေက ထပ်တက်လာပြီဗျ "

* * *

## ဓားပစ်တော်သောစုံထောက်ကြီး

ကျွန်ုပ်သည် အိုင်ပီဦးအေးမောင် ပြန်သွားပြီးနောက် ဆာဆာရှိသည်နှင့် ကျွန်ုပ် အိမ်တွင် အသင့်စီမံထားသော ပေါင်မုန့် ကြက်ဥကြော်နှင့် ကျောက်မြောင်းဈေးမှ နာမည်ကြီး ဒိန်ကုလား ပန်းနားထံမှ ဝယ်ယူခဲ့သော မလိုင်ပျစ်ပျစ်နို့တစ်ခွက်ကို သောက်လိုက်လေ၏။

ကျွန်ုပ်သည် တပည့်ကျော်မောင်ကံစီကို ခေါ်ယူပြီးလျှင် ရှုပ်ပွထားသော သတင်းစာပုံဟောင်းကြီးကို စနစ်တကျ ပြန်လည်သိမ်းဆည်းစေလိုက်၏။ လိုရမည်ရ ကျွန်ုပ်ချန်ထားသော ဖိုင်တွဲတွင် ကျွန်ုပ်လိုချင်သော သတင်းစာဖြတ်ပိုင်းများကို စစ်အရီညှပ်ထားလိုက်ပေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် 'လက်ဖက်ရည် ကော်ပျစ်၊ ချိုကျ၊ မောက် ' ကို သောက်သုံးသွားသော လူထွားကြီးကိုလည်း သတိတရရှိမိလေ၏။

ကျွန်ုပ်သည် စီးကရက်တစ်လိပ်ကုန်ဆုံးပြီးသည့်တိုင် ဖိမ်ယူဖွာရှိုက်ရင်း အတွေး၌နစ်မြောနေပြီးသည့်နောက်တွင် ဦးထုပ်ကိုမဆောင်းလျက် လမ်းမသို့ထွက်ခဲ့လေ၏။ ထို့နောက် ကျောက်မြောင်းဈေးမှ လခြမ်းတံဆိပ်ဘတ်စ်ကားကို တစ်မတ်ပေးစီးကာ ဘောက်ထော် ကျောက်ကုန်းဘက်သို့ ထွက်ခဲ့လေသည်။

ကျောက်ကုန်းကွေ့သို့ ရောက်လျှင် ကျွန်ုပ်သည် လျင်မြန်စွာဆင်းသက်ပြီး မိုးကောင်းဘုရားဘက်သို့သွားရာ မမှာရုံ လမ်းထိပ်ရှိ ခြံကျယ်ဝန်းကြီးတစ်ခုထဲသို့ ဝင်ခဲ့လေသည်။ ခြံဝင်းမှာ မာလကာပင်နှင့် ဥသျှစ်ပင်များ စိုက်ထားပြီးအထဲတွင် ရေတွင်းပျက်ကြီးတစ်ခုပါရှိလေသည်။ အလယ်ရှိ အိမ်ကြီးမှာ အတော်အသင့် ကြီးမားလျက် ဘုန်းကြီးကျောင်း ပုံသဏ္ဌာန်ရှေးမြန်မာ့လက်ရာ ကနုတ်ပန်းများဖြင့် အိမ်၏မျက်နှာကြက်များကို ပြုလုပ်ထားလေသည်။ လှေကားမှာ အုတ်ခုံလှေကားအဝိုင်း ဖြစ်ပြီးလျှင် မြေသားကနုဘော် လက်ရာ ပြုလုပ်ထားသဖြင့် ရုတ်တရက်ကြည့်လျှင် အိမ်နှင့်မတူဘဲ ရှေးဘုန်းတော်ကြီးကျောင်းနှင့် အသွင်သဏ္ဌာန် တူလေသည်။

ကျွန်ုပ်ဝင်သွားသောအချိန်တွင် အိမ်ရှေ့တံခါးအားလုံးမှာ ပိတ်ထားလျက်ရှိပြီး ခြံဝင်းထဲတွင် အနည်းငယ်မှောင်လျက်ရှိပေ၏။ သို့သော် အိမ်ထဲတွင် အလင်းရောင်များကို တွေ့ရလျက်ရှိခြင်းကြောင့် အထဲတွင် လူရှိမည်ဟု ခန့်မှန်းမိသည်နှင့် အုတ်လှေကားမှ တက်ကာ အိမ်၏တံခါးကို အသာခေါက်လိုက်လေ၏။



"ခင်ဗျား ဦးထုပ်ကို ချွတ်ထားပြီး ဝင်လာခဲ့ဗျာ၊ တံခါးက အသာစေ့ထားတာပဲ "

ကျွန်ုပ်သည် ဖြူးဖြီးဖြီးလုပ်ကာ တံခါးကို တွန်းဖွင့်လိုက်လေသည်။ လက်ထဲမှ ဦးထုပ်ကိုလည်း တံခါးပေါက်အနီး ချိတ်တွင် ချိတ်ဆွဲထားလိုက်လေသည်။

" ဟဲ . . . ဟဲ၊ ဒါကြောင့်လဲ ထင်ပေါ်ပေတာပဲ၊ ခင်ဗျားကတော့ အမြဲမှန် (Smart) ဖြစ်နေတာပဲတိုးဗျ "

ကျွန်ုပ်သည် ကျွန်းသားစားပွဲဝိုင်းကြီးပေါ်တွင် အလုပ်ရှုပ်လျက်ရှိသော စုံထောက်ကြီး ဦးဇင်ယော်အား နှုတ်ဆက်လိုက်လေသည်။ ၎င်း၏ ရှေ့တွင် မှန်ပြောင်းအတိုအရှည်များ မြန်နှံ့ကျဲလျက်ရှိပြီးလျှင် မိုက်ကရိုစကုပ်ခေါ် ဓာတ်ခွဲခန်းသုံး မှန်ဘီလူးများလည်း တွေ့ရပြီးလျှင် လက်ဝါးသာသာ ဓားအတိုအရှည် အမျိုးမျိုးကိုလည်း တွေ့ရလေသည်။ ထို့ပြင် ကျွန်းစားပွဲပေါ်တွင် ပန်းပွင့်အမျိုးမျိုးကိုလည်း တွေ့ရပြန်လေသည်။

ဦးဇင်ယော်သည် ကျွန်ုပ်အား လှည့်မကြည့်ဘဲ အနီးတွင် ထိုင်လျက်ရှိသော လူတစ်ဦးအား ခပ်ညိုညိုအရောင်များကို ပြသနေလေသည်။

ကျွန်ုပ်အနီးသို့ ရောက်လာသောအခါတွင် ကုလားထိုင်ဝိုင်းတစ်ခုအား လက်ညိုးညွှန်ပြီးလျှင် . . .

" ထိုင်ဦးဗျာ . . . ကိုသိမ်းမောင်၊ ခင်ဗျားလာတာနဲ့ အတော်ပဲ၊ ကျုပ်လဲ ခင်ဗျားမလာတာနဲ့ မျှော်နေတာ "

ဤနေရာ၌ ဦးဇင်ယော်အကြောင်း အလျဉ်းသင့်ခိုက် ဖော်

www.burmeseclassic.com

www.burmeseclassic.com



ပြုရပေဦးမည်။ ဦးဇင်ယော်မှာ နာမည်ကျော်စုံထောက်ကြီး ဦးစံရှားနှင့် လုပ်ဖော်ကိုင်ဖက်တစ်ဦးဖြစ်ပြီးလျှင် အင်းစိန်စီအိုင်ဒီ ထိပ်တန်းအင်စပက်တော်ကြီးရာထူးမှ အနားယူပြီးခါစ ဖြစ်ပေ၏။ သာယာဝတီမှ ငမဲ၊ အင်းစိန်လူပျောက်မှုနှင့် ပွဲစားကြီးသားအဖသတ်မှုတို့ကို လျို့ဝှက်နက်နဲစွာဖော်ထုတ်ပေးခဲ့သော နာမည်ကြီးစုံထောက်ကျော်ကြီးတစ်ဦး ဖြစ်ပေ၏။ အသက်ဘေးမှ သီသီကလေးလွတ်ခဲ့ရပေါင်းများလှသော ဝါရင့်စုံထောက်ကျော်ကြီးတစ်ဦးအဖြစ် အင်္ဂလိပ်တော်မင်းအစိုးရက ဘွဲ့ထူးဂုဏ်ထူး ချီးမြှင့်ခြင်းခံရသူဖြစ်ပေ၏။ ၎င်း၏အမိကဝါသနာမှာ သုတေသနပြုခြင်းပင်ဖြစ်၏။ ၎င်း၏အမိကလက်သုံးဝါဒမှာ ' The problems have to be solved and there has the solution ' ' ပြဿနာရှိပ်တိုင်းသည် ဖြေရှင်း၍ရနိုင်ပြီး အဖြေလည်းရှိမြဲ ' ဟူသော အမိကဆောင်ပုဒ်ကို လက်ကိုင်ထားသည်ဟု ကျော်ကြားသူဖြစ်လေသည်။ ထို့ကြောင့်ပင် အင်းစိန်စုံထောက်လောကကြီးတစ်ခုလုံးက 'ဦးခေါင်းကြီး' 'Thehead ' ဟူ၍ နာမည်ပေးထားခြင်းခံရသူတစ်ဦးဖြစ်လေသည်။

" ကျုပ်က အငြိမ်းစားယူပြီးတာတောင် အငြိမ်းမစားနိုင်ဘူးလေဗျာ၊ သွေးနီဥတွေ ဖျက်ဆီးတတ်တဲ့ တရားခံရှာပုံတော်ဖွင့်နေရတယ်၊ ကျုပ်တော့ 'သျှောင်ပေစူး ဘိုးထော်'လက်ချက်လို့ ယူဆတာပဲ "

ဦးဇင်ယော်သည် လက်ထဲမှ အညိုရောင်ပုလင်းများကို စားပွဲပေါ်သို့တင်လိုက်ပြီးလျှင် ကျွန်ုပ်ဘက်သို့လှည့်၍ သူ၏ ဆုံလည်ကုလားထိုင်ကိုလည်း ကျွန်ုပ်ထိုင်ရာဘက်သို့ လှည့်လိုက်လေသည်။



ထို့နောက် သူ၏ စားပွဲပေါ်မှ ဆေးတံရှိုးကို ခေါက်ချပြီးလျှင် ဆေးတံဆုံကို လက်မဖြင့်နှိုက်ပြီး သူ၏ အလွန်မွှေးကြိုင် အနံ့သင်းသော အင်္ဂလန်ပြည်လုပ် အက်စတာဆေးတံသောက်ဆေးကို ထည့်သွင်းလျက် ပန်းကွက်ထနေသော ရှေးဟောင်းကြေးမီးခြစ်ကြီးကို ထုတ်ခြစ်ကာ တစ်ရှိုက်နှစ်ရှိုက် ဖွာရှိုက်လိုက်လေ၏။

" အင်း . . . ကျုပ် မိတ်ဆက်ပေးရဦးမယ်၊ ဟောဒါက အင်းစိန်စုံထောက်ဘက်က အင်စပက်တော် ကိုကိုကြီးလေ၊ သူလဲ နာမည်ကျော်ပဲဗျ၊ ကိုကိုကြီး၊ သူကကျုပ်မိတ်ဆွေကြီး ကိုသိမ်းမောင်လေ၊ ကျုပ် ပြောပြခဲ့ဖူးပါတယ်၊ သတင်းထောက်ဟောင်းကြီးပေါ့ဗျာ၊ ဦးစံရှား သက်ရှိထင်ရှားရှိတုန်းက ရဲအမှုတော်တော်များများကို အကျယ်တဝင့်ဖော်ထုတ်ရေးပြီး ဦးစံရှားကို ခေါင်းကြီးစာလုံးတင်ခဲ့သူပေါ့ "

ဦးဇင်ယော်သည် ကျွန်ုပ်အား မေးငေါ့ထိုးပြလျက် စုံထောက် အင်စပက်တော်ကိုကိုကြီးနှင့် ကျွန်ုပ်အား မိတ်ဆက်ပေးလိုက်လေသည်။

ကိုကိုကြီးသည် ကျွန်ုပ်အား ပြုံးလျက် မွန်ရည်စွာ နှုတ်ဆက်သမှု ပြုလေသည်။ ကျွန်ုပ်လည်း တုံ့ပြန်၍ ချေငံစွာ နှုတ်ဆက်လေသည်။

စုံထောက်ကြီး ဦးဇင်ယော်သည် ဆေးတံကို အားရပါးရ ဖွာရှိုက်ပြီးလျှင် ၎င်း၏ ဆုံလည်ကုလားထိုင်မှထလာပြီး ကျွန်ုပ်အားသို့ ကပ်လာလျက် . . .

" အခုတလော မှုခင်းတွေထဲမှာ လူသတ်မှုတွေဟာ ခပ်

www.burmeseclassic.com

www.burmeseclassic.com



ဆန်းဆန်းဖြစ်နေတာ တွေ့နေရလို့၊ ကျုပ်ကို မင်းကြီးက အကူအညီ ရအောင် မောင်းထောင်းကိုကိုကြီးကိုလွှတ်ပြီး အကြံဉာဏ်တောင်း ခိုင်းလိုက်တယ်ဗျ၊ လူသတ်မှုတွေမှာ သေတဲ့လူတွေဟာ ခန္ဓာကိုယ်မှာ တစ်စုံတစ်ရာလက်နက်ဖြင့် ရိုက်ပုတ်ထားတာ မတွေ့ရဘဲ ခန္ဓာကိုယ် အတွင်းသရွှာန်တွေ ပြောင်းပြောင်းပြီး သေနေတာတွေ့ရလို့ ကျုပ်ကို အကူအညီတောင်းတာ၊ ဆေးဘက်ဆရာဝန်တွေက သေသူ တွေဟာ သူတို့ရဲ့ Blood Cells တွေ ပျက်စီးပြီး သေဆုံးသွားတယ်လို့ မှတ်ချက်ချလို့ ကျုပ်လဲ စာတ်ခွဲကြည့်တယ်၊ အဲဒါ ကျုပ်နဲ့ မောင်းထောင်းကိုကိုကြီးနဲ့ ဆွေးနွေးနေတုန်း ခင်ဗျားတံခါးခေါက် တာကြားတာနဲ့ ဝင်ခဲ့လို့ပြောလိုက်တာပဲ . . . "

" အင်း . . . ကျုပ်လာတယ်လို့ ခင်ဗျားက ဘယ်လို သိလိုက်လို့လဲဗျ . . . ဦးဇင်ယော် "

" ခင်ဗျားက ကျုပ်ဆီလာတိုင်း တံခါးခေါက်ရင် ခပ်မာမာ ခေါက်တတ်တာရယ်၊ တံခါးခေါက်ရင် သုံးချက်ပြည့်အောင် ခေါက်တတ်တာရယ်၊ နေ့လယ်ဘက် ခရီးထွက်ရင် ဦးထုပ်ဆောင်းတဲ့ ခင်ဗျားရဲ့ ဝသီတစ်ခုရယ် ကျုပ်သတိထားမိလို့ ခင်ဗျားရယ်လို့ ကျုပ်အတတ်ပြောလိုက်တာပဲ . . . "

ကျွန်ုပ်သည် ကျွန်ုပ်နှင့် တွေ့ဆုံတိုင်း စုံထောက်ဉာဏ်ပြသ လေ့ရှိသော ဦးဇင်ယော်၏ မှတ်သားမှုကို အခါခါ ချီးကျူးမိရပြီးသား ဖြစ်သည့်အတွက် ထပ်မံချီးမွမ်းခန်း ထုတ်မနေတော့ဘဲ လာရင်း ကိစ္စကို ပြောပြလိုက်ရလေ၏။

" အင်း . . . သတင်းစာဖြတ်ပိုင်းလောက်နဲ့ သုတေသန



ပြုပြီးနေရင်တော့ ကိစ္စမရှိပါဘူး ကိုသိမ်းမောင်ရေ . . ၊ ဒီထက်ပိုပြီး ဟိုဝင်ဒီထွက်နဲ့ စူးစမ်းမှုတွေလုပ်နေရင်တော့ ခင်ဗျားရဲ့အသက် အန္တရာယ်ဟာ လုံခြုံမှုမရှိဘဲ ဖြစ်နိုင်တယ်၊ ကျုပ်တောင် ဒီပြ ဿနာအတွက် အဖြေထုတ်ရ ခပ်ကျပ်ကျပ်ဖြစ်နေတယ် "

တစ်ချိန်လုံး ငြိမ်သက်နေသော မောင်းထောင်းကိုကိုကြီး သည် အေးဆေးညင်သာသောလေသံဖြင့် . . .

" ဟုတ်ပါတယ် ဦးသိမ်းမောင်၊ ဆရာဦးဇင်ယော် ပြော သလိုပါပဲ၊ ဘာဖြစ်လို့လဲဆိုတော့ လမ်းမတော်ဂါတ်က ဆားပု လင်းသိမ်းမောင်ကြီးရဲ့တပည့်စာသင်နှစ်ဦးဟာ ညတက်မှာ ဒီအမှု တွေစုံစမ်းရင်းနဲ့ပဲ အနိစ္စရောက်တယ်၊ နောက်ပြီး ကျွန်တော့် ကိုတောင် ခြိမ်းခြောက်စာပေးထားသေးတယ်၊ ဆရာဦးဇင်ယော် ဆို ခြိမ်းခြောက်စာ သုံးစောင်ရထားတယ်၊ ဒါကြောင့် ဆရာ့အတွက် စိတ်ချရအောင် ကော့လ်ဝင်ချက်စတာကုမ္ပဏီက အသစ်ထုတ်လုပ် တဲ့ မောင်းချိုးနှစ်ဆင့်ပစ် စပယ်ရှယ် ဝင်ချက်စတာသေနတ်ကို လာပို့ပေးတာ "

ကျွန်ုပ်သည် ကြောင်နက်စီးကရက်တစ်လိပ်ကို ထုတ်ယူ၍ မီးညှိဖွာရှိုက်ကာ တစ်လိပ်ကို မောင်းထောင်းကိုကိုကြီးအား တည်လိုက်ပေ၏။

ဦးဇင်ယော်သည် ကျွန်ုပ်လက်မှ စီးကရက်ကို ရုတ်တရက် ပုတ်ချလိုက်ပြီးလျှင် စားပွဲပေါ်တွင် တင်ထားသော ဆရာဝန်သုံး ခွဲစိတ်ဓားကလေးကို ကောက်ကိုင်ပြီး အသံကုန် အော်ဟစ်ကာ . . .

www.burmeseclassic.com

www.burmeseclassic.com



" ဝပ်ချလိုက် ကိုသိမ်းမောင်၊ ကိုကိုကြီးသေနတ်ထုတ်ပြီး အိမ်နောက်ဖေး မီးဖိုဘက် ပစ်ထည့် "

ကျွန်ုပ်သည် ယောင်ယောင်မှားမှားဖြင့် စားပွဲအောက်သို့ ထိုးဝပ်ချလိုက်၏။ ဦးဇင်ယော်သည် စားပွဲပေါ်မှ မီးတိုင်ကို လှမ်း၍ ကျွန်ုပ်လက်မှ ကျသွားသောမီးခြစ်ဖြင့် ပစ်ခွဲလိုက်ပြီးလျှင် သူ့လက်မှ ဓားဖြင့် နောက်ဘက်သို့လက်ပြန်ပစ်ထည့်လိုက်၏။ တဒင်္ဂအတွင်းမှာ ကျွန်ုပ်တို့အခန်းသည်မှောင်မိုက်သွားပြီး သေနတ်သံများသည် ဆက်တိုက် ပေါ်ထွက်လာ၏။ ကျွန်ုပ်နားထဲသို့ တဝီဝီနှင့်အသံများ ပြေးဝင်လာပြီးလျှင် ကျွန်ုပ်စားပွဲနှင့် ကုလားထိုင်များကို ထိမှန်လေ၏။

အိမ်၏နောက်ဖေးပေါက်မှ ခြေသံများကြားရပြီးလျှင် . . .

" အား . . . "

ဟူသော ညည်းညူသံကိုကြားရပြီး ပြေးဆင်းသွားကြသော အသံကို ကြားရလေသည်။ ကျွန်ုပ်သည် ဦးခေါင်း မထောင်ရဲတော့ဘဲ မြှားမြှားဝပ်လျက် ရှိရပေ၏။

မောင်းထောင်းကိုကိုကြီးသည် သေနတ်သုံးချက်မျှ နောက်ထပ်တရစပ်ပစ်ထည့်ပြီးလျှင် နောက်ဘက်သို့ ပြေးဝင်သွားပေ၏။

ကျွန်ုပ်၏ ရင်သည် တဒိတ်ဒိတ် ခုန်လျက်သာရှိပေ၏။

အချိန်အတန်ကြာသွားသော် နောက်ထပ် အသံတစ်စုံတစ်ရာမျှပေါ်မလာတော့ဘဲ ငြိမ်သက်လျက်ရှိပေ၏။ သို့သော်အခန်းမှာ ဘာမျှမမြင်ရဘဲ ပိန်းမှောင်လျက်ရှိပေ၏။ ကျွန်ုပ်သည် မထရဲ



သေးဘဲ ဝပ်လျက်ပင်ရှိပေသေး၏။

" ထတော့ဗျို့ ကိုသိမ်းမောင် . . . ၊ အခြေအနေ အေးနေပြီဗျ . . . "

ကျွန်ုပ်သည် ဝပ်နေရာမှ ထရပ်လိုက်၏။

" အလယ်မီး ဖွင့်လိုက်ဗျို့ . . . ကိုကိုကြီး "

မကြာမီ အလယ်မီးချောင်း ပွင့်လာလေ၏။ စီ၊ အိုင်၊ ဒီမှ မောင်းထောင်းကိုကိုကြီးသည် သူ၏ ဒန်ရောင်ခြောက်လုံးပြူး သေနတ်မှ ယမ်းငွေ့များကိုမှုတ်လျက် နောက်ဖေးမီးဖိုချောင်ဘက်မှ ထွက်လာလေ၏။ မီးဖိုချောင်တံခါးမှာ အပေါက်များဖြင့် ပွလျက်ရှိပေ၏။ တံခါးပေါက်နံရံတွင်လည်း မြှားလေးချောင်းသည်စိုက်လျက်ရှိပြီးလျှင် ကြမ်းပြင်တွင် သွေးစ၊ သွေးကွက်များကို တွေ့ရလေသည်။

" ဆရာ . . . မီးဖိုချောင်ထဲမှာ ငနဲတစ်ကောင်တော့ ခွေလဲနေတယ်၊ ဆရာ့ဓားချက် လက်ဝဲလက်မောင်းရင်းနဲ့ ထက်ဝါး တည့်တည့်စိုက်ပြီး မှောက်ခုံလဲနေတယ် "

ကျွန်ုပ်နှင့် ဦးဇင်ယော်သည် မီးဖိုချောင်တံခါးကို တွန်းဖွင့်လိုက်ရာ အဝတ်နက် တစ်ကိုယ်လုံးဝတ်ဆင်ထားသော လူဆိုးအား မှောက်ခုံဖြစ်လျက်တွေ့ရလေသည်။

ဦးဇင်ယော်သည် လက်အိတ်စွပ်ထားသော လက်ဖြင့် မှောက်ခုံလဲနေသူကို လှန်လိုက်လေ၏။ တအင်းအင်း ညည်းညူလျက် ရင်း၏ ဒဏ်ရာကိုလက်ဖြင့်ဖိထားသောလူဆိုးသည် ပြင်းထန်သော ဝေဒနာကို ခံစားနေပုံရလေသည်။ ဦးဇင်ယော်

www.burmeseclassic.com

www.burmeseclassic.com



နောက်ပြန်ပစ်လိုက်သော မားချက်သည် ပခုံးနှင့် လက်ဝါးသို့ ဝါးလုံးထိုးဖောက်ထွင်းလျက်ရှိသည်ကို ကျွန်ုပ်တွေ့ရသောအခါ ရုတ်တရက် တုန်လှုပ်မိလေ၏။

(ဦးဇင်ယော်၏ လျှပ်တစ်ပြက်တွင်း ထိမှန်အောင် ပစ်နိုင်သော ဓားချက်သည်လည်း မှတ်သားလောက်ပေ၏။)

မီးဖိုချောင်တံခါးသည် ပျက်စီးလျက်ရှိပြီးလျှင် မီးဖိုချောင်ရှိ ပစ္စည်းများသည် ဖရိုဖရဲဖြစ်လျက်ရှိပေ၏။

ဦးဇင်ယော်သည် လူဆိုး၏ အနက်ရောင် မျက်နှာဖုံးကို ဆွဲချွတ်လိုက်ပြီးလျှင် ၎င်းစီးထားသော ဘွတ်ဖိနပ်ခေါ် ရှူးဖိနပ်ကို ခြေဖြင့်ကန်လျက် ချွတ်လိုက်ရာ ညည်းညူနေသော လူဆိုးသည် . . .

" အား . . ဆရာ . . ၊ ဒုက္ခပါပဲ "

ဟူ၍ တစ်ချက်မျှအော်ပြီးလျှင် ၎င်း၏ဒဏ်ရာကို ဖိထားသော လက်မှအရာတစ်ခုကို ပါးစပ်ထဲသို့ သွင်းလိုက်လေသည်။ လူဆိုးသည် မျက်ဖြူကြီးလန်လျက် ငြိမ်သက်သွားလေတော့သည်။

" ကိုကိုကြီး . . . ၊ ဒီကောင် ခြေဖဝါးအောက်မှာ သေသေချာချာ ကြည့်စမ်းဗျို့ . . . ၊ ဟုတ်မဟုတ် သိရအောင် "

ကိုကိုကြီးသည် လူဆိုး၏ ခြေကို သေချာလှန်လှောကြည့်ရာ . . .

" သံခွာပုံ ဆေးထိုးထားတယ်ဆရာ၊ နှစ်ဖက်စလုံးမှာပဲ . . "



" အင်း . . . အတော်ဆိုးတဲ့ ရာဇဝတ်သားတွေပဲ၊ ဒါ သံခွာနက်ဂိုဏ်းသားတွေဗျ . . . ၊ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်သွားပြီ . . . ၊ ကိုကိုကြီး . . . သူ့ အိတ်ကို ရှာစမ်းဗျာ"

ကိုကိုကြီးသည် သေဆုံးလျက်ရှိသော သံခွာနက်ဂိုဏ်းသား၏အိတ်ဆောင်ထဲသို့ လက်လျှိုသွင်းလျက်နှိုက်ရာ အထဲတွင် အဖြူလုံးတစ်လုံးကို တွေ့ရပြီးလျှင် စက္ကူဖြင့် သေသပ်စွာ ရေးဆွဲထားသည့် စာတမ်းကိုတွေ့ရလေ၏။ ထိုစာတမ်းမှာ အောက်ပါအတိုင်းပင်ဖြစ်သည်။

' မိုက်ခဲ . . . ကိုသာဂိ

မပြီးလျှင် . . . ငရဲဘူတာရုံ . . . သို့ '

ကျွန်ုပ်သည် ဦးဇင်ယော်နှင့် ဦးကိုကိုကြီးတို့၏ လှုပ်ရှားမှုကိုကြည့်လျက် ကြက်သီးထမိလေ၏။ အထူးသဖြင့် အလွန်အေးဆေးလှသော ၎င်းတို့၏အမူအရာကိုကြည့်လျက် တအံ့တဩဖြစ်လျက်ရှိပေ၏။ ကျွန်ုပ်အဖို့ရာမူကား အမှုအမော်နှင့် ရင်တုန်မှုကို ကြိုးစားဖြေဖျောက်လျက်ပင် ရှိပေသေး၏။ ဦးဇင်ယော်သည် မျက်လုံးပြူးထွက်လျက် သေဆုံးသွားသော သံခွာနက်ဂိုဏ်းသား၏ အိတ်ထဲမှ ဆေးလုံးကို ကိုကိုကြီးထံမှ ယူလိုက်ပြီးလျှင်။

" ဒါ . . . အလွန်ပြင်းထန်တဲ့အဆိပ်ပဲ . . . ကိုသိမ်းမောင်၊ အာဖရိကတောထဲမှာပေါက်တဲ့ 'ဇား' ခေါ်တဲ့အဆိပ်ပင်က အဆိပ်ကို အပေါ်ကကျူစေးနဲ့မံပြီး လုပ်ထားတာပဲ၊ နောက်ဆုံး အဆုံးစီရင်ခြင်းပဲ၊ ဒီကောင် သူတို့ဇာတ်ကို မဖော်နိုင်အောင် အထက်အမိန့်အတိုင်းဆောင်ရွက်သွားတာပဲ၊ 'အဗွေယဒိဋ္ဌိ၊ ဇာကတ်ပုညပိဝဿ'

www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့အတိုင်း ထိုထိုသောဇာတ် ဇာတ်တို့သည် သူတို့ရဲ့လုပ်ဆောင်ချက်အတိုင်းပဲ ဆိုတဲ့အတိုင်းပေါ့ဗျာ . . . "

" ကဲ ကိုကိုကြီး၊ ကျုပ်အိပ်ခန်းဘက်မှာ လျှို့ဝှက်တယ်လီဖုန်းရှိတယ်၊ ခင်ဗျား နီးရာဂါတ်ကိုဆက်ပြီး လာရှင်းဖို့ပြောလိုက်ဗျာ၊ ကျုပ်နဲ့ ကိုသိန်းမောင် ဧည့်ခန်းမှာ နို့သောက်ပြီး စောင့်နေမယ်၊ လာဗျို့ ကိုသိန်းမောင်၊ ထားဝယ်ကကြက်ဥနဲ့ ကျုပ်တပည့်တစ်ဦး ဘင်္ဂလားကပို့လိုက်တဲ့နို့ သောက်ကြရအောင် "

ဦးဇင်ယော်သည် ညာဘက်လက်မှ နို့ခွက်ကိုကိုင်ရင်း ဘယ်လက်မှ ငွေရောင်ဖြင့် လှပ၍နေသော ဘဲဖြူအမြီးတပ်မြားလေးကိုကိုင်၍ ကျွန်ုပ်ရှေ့သို့ ခါးကုန်းလိုက်ပြီးလျှင် . . .

" တွေ့လား ကိုသိန်းမောင်၊ ဒီကောင်တွေ ကျုပ်တို့ကို ပစ်လိုက်တဲ့မြားဟာ အဆိပ်ရည်ပါတယ် "

ကျွန်ုပ်သည် ဦးဇင်ယော်ပြသည့် မြားတံ၏ ထိပ်ဖူးကို ကြည့်လိုက်ရာ ဝိုင်ယာမြောင့်ကြိုးမျှင်အသေးဖြင့် ဆက်သွယ်ထားသည့် အလျှုမီနီယံတပ် မြားထိပ်ဖူးကိုတွေ့ရသည့်ပြင် ထိုထိပ်ဖူး၌ မည်းမည်းပျစ်ပျစ် အရည်များ စိမ့်ယိုလျှက်ရှိသည်ကို တွေ့ရလေသည်။

" ဒါက ပီကေဆောခေါ်တဲ့ အဆိပ်ရည်မျိုးဗျ၊ အမေဇုန်မြစ်ဝှမ်းမှာရှိတဲ့ ကျူရိုးအဆိပ်ပင်တစ်မျိုးကရတဲ့ အရည်ပဲ၊ လူကို စက္ကန့်ပိုင်း၊ မိနစ်ပိုင်းအတွင်းမှာ မချိမဆံ့ဝေဒနာခံစားရပြီး သေစေတယ်၊ မသေရင်လဲ လူညွှန်တုံးရောဗျ . . . "

ကျွန်ုပ်သည် ဤမျှပြင်းထန်သော အဆိပ်မျိုးကို မတွေ့ဖူး



သည့် လူစိမ်းဖြစ်သည့်အလျှောက် မြင်ဖူးသည်ထက်ပို၍ နားမလည်ပေ။ 'မသိလျှင်တုံး၊ သိလျှင်ဘုန်း' ဆိုသော ရှေးစကားသည် အညဝတ သာမန်လူစားများအတွက် လိုအပ်နေသောစကားတစ်ခုပင်ဖြစ်ပေတကားဟု မှတ်ယူမိလေတော့သည်။

ဦးဇင်ယော်က . . .

" ကမ္ဘာပေါ်မှာ အစွမ်းအထက်ဆုံး အဆိပ်ပင် ဆယ်မျိုးရှိတယ်ဗျ၊ ပွိုင့်ဇင်းနီးယစ်ပလပ်(န်) ပေါ့ဗျာ၊ ကျုပ်တို့ မြန်မာပြည်မှာတော့ လေးမျိုးရှိတယ်လို့ ကြားရဖူးတယ်၊ သိသူအတော်ရှားတယ်၊ ဒါတောင် ကျုပ်တို့အညာဘက်က ဖြူကြီးကျောင်းဆရာတော် ဦးဝံသက ကျုပ်ကိုပြခဲ့လို့ပဲ၊ နာမည်တွေကတော့ အတော်ဆိုကောင်းတယ်ဗျ။

(၁) ဇလယွန်ဒ၊ အဆိပ်မျိုးတစ်ပါး
(၂) သူလယွန်ဒ၊ အဆိပ်မျိုးတစ်ပါး
(၃) ပီကလောဟိယွန်ဒ၊ အဆိပ်မျိုးတစ်ပါး
(၄) ဟေမထောကုန္ဒရယွန်ဒ၊ အဆိပ်မျိုးတစ်ပါး

လို့ ဆိုတယ်ဗျ၊ ဒီလေးမျိုးမှာ ပီကလောဟိနဲ့ ဟေမထောကုန္ဒရယွန်ဒ အဆိပ်ပင်မျိုးဟာ သူတို့အကိုင်းအခက်ထိရုံ၊ ကိုင်ရုံနဲ့ သေစေတယ်၊ ပေါက်လဲပွင့်၊ သလဲငုံပွင့်တို့ကဲ့သို့ ဖြူရောင် နီရောင်ပွင့်တဲ့အခါ အလွန်လှတယ်လို့ ဆိုတယ်၊ ဆရာတော်ဦးဝံသပြလို့ ကျုပ်တော့ ကြည့်ခဲ့ရတယ် "

ကျွန်ုပ်သည် စွယ်စုံဗဟုသုတ ပြည့်ဝလှသော ဦးဇင်ယော်ကိုကြည့်ယင်း . . .

www.burmeseclassic.com

www.burmeseclassic.com



“ ခုန ကျုပ်တို့ကိုပစ်လိုက်တဲ့မြှားထဲကအဆိပ်နဲ့ ဟိုကောင်သောက်တဲ့ အဆိပ်က မြန်မာပြည်က အဆိပ်မဟုတ်ဘူးလားဗျ ”

“ မဟုတ်ဘူးဗျ၊ ဒီကောင်တွေရဲ့ဂိုဏ်းချုပ်က နိုင်ငံခြားနဲ့ အဆက်အသွယ်ရှိတယ်၊ သံခွာနက်ဂိုဏ်းလေဗျာ၊ ဒါကြောင့် ကျုပ်က ဟိုကောင့်ဖိနပ်ကိုချွတ်ပြီး ကြည့်ခိုင်းတာပေါ့။ ကျုပ်ပင်စင်မယူမီက ထောက်လှမ်းခဲ့ရတဲ့ ဂိုဏ်းပေါ့၊ ကမ္ဘာအနှံ့ ဂိုဏ်းခွဲတွေထောင်ထားတယ်၊ ဒါလဲ မျက်နှာဖြူအစိုးရရဲ့ ကိုလိုနီ လက်သုံးဝါဒကြောင့်ပေါ့ဗျ၊ အိန္ဒိယမှာ သပ်ဂီးလည်ညှစ်ဂိုဏ်းနဲ့ မော့စ်(ခ)စတားသံသေဂိုဏ်း နှစ်ခုရှိတယ်၊ အခု မဟတ္တမဂန္ဒီနဲ့ နေရူးတို့ရဲ့ နိုင်ငံရေးလှုပ်ရှားမှုကြောင့် ငြိမ်သက်နေတယ်လို့ ကြားရတယ်၊ ကျုပ်တို့မြန်မာပြည်ကြီးမှာတော့ အဲဒီ သံခွာနက်ဂိုဏ်းဟာ အထင်ရှားဆုံးပဲ . . .

“ကျုပ် အားလပ်တဲ့အချိန်မှာ ခင်ဗျားကို ဒီဂိုဏ်းကြီးတွေရဲ့ လှုပ်ရှပ်တွေ၊ ရက်စက်ပုံတွေနဲ့ ဒီလူဆိုးဂိုဏ်းကြီးတွေရဲ့ ပညာတွေအကြောင်းပြောပြဦးမယ်ဗျာ ”

ကျွန်ုပ်သည် ဦးဇင်ယော်၏စကားကို နားစိုက်နေစဉ်တွင် ကျွန်ုပ်တို့အိမ်ရှေ့သို့ အချက်ပေးဥဩသံများ ရောက်ရှိလာပြီးလျှင် ဖိနပ်သံတဂေါက်ဂေါက်ဖြင့် ဂါတ်ပိုင်ကြီးစောစံနှင့် ဂေါ်ရာပုလိပ်အဖွဲ့တို့သည် ရောက်ရှိလာလေသည်။ ဂေါ်ရာစစ်ပုလိပ်အဖွဲ့မှူး မေဂျာဒါနန်းပါ ပါဝင်လေသည်။

မေဂျာဒါနန်းသည် ကျွန်ုပ်တို့အိမ်လှေကားမှ အထဲရောက်လျှင်ပင် အင်္ဂလိပ်ဘာသာဖြင့် ပြောဆိုလေ၏။



“ ဘယ့်နှယ့်လဲ မစ္စတာဇင်ယော်၊ ဒီကောင်တွေ သေကုန်ပြီလား၊ အားကြီးကောင်းတယ်၊ ဒီကောင်တွေအားလုံး သေကုန်မှ ကောင်းမယ်၊ ကျုပ် အခု ဂေါ်ရာကုန်းကနေ လာရတယ်၊ ဗြိတိသျှဘုရင်ကြီးက မင်းတို့စစ်တပ်ပါကူရမယ်လို့ အမိန့်ရှိလိုက်တယ် ”

ဂါတ်ပိုင်ကြီး စောစံသည် သံခွာနက်ဂိုဏ်းသား၏ အလောင်းကိုစင်ပေါ်တင်ခိုင်းပြီး အင်စပက်တော်ကိုကိုကြီးနှင့် စကားပေး စကားယူ ပြုနေသည်။

မေဂျာဒါနန်းသည် ဦးထုပ်ကို ချွတ်လိုက်ပြီး နဖူးတွင်စီးကျနေသောချွေးစေးများကို လက်ကိုင်ပဝါဖြင့်သုတ်လိုက်ပြီး . . .

“ ဒီနေ့ စကော့တလန်ယာဒ်က စုံထောက်ကြီး ဂျပ်ဆင်ဝေးလ် ဒီ မြန်မာလူဆိုးကောင်တွေကို နှိမ်နှင်းဖို့ ရောက်တယ်၊ ဌာနချုပ်အဝင်ဝမှာ သျှောင်သေးသေး၊ အမွေးဖွားဖွားနဲ့ လူတစ်ဦးက ဂျပ်ဆင်ရဲ့မျက်နှာကို ဓားနဲ့ခြစ်ပြီး ထွက်ပြေးသွားတယ်၊ ဘာကောင်းသလဲ မစ္စတာ၊ အခုမင်းကြီးဆေးရုံကို သွားကြည့်ရတယ်၊ မစ္စတာဂျပ်ဆင်ဝေးလ် ဆေးရုံရောက်နေတယ် ”

စုံထောက်ကြီး ဦးဇင်ယော်သည် ပြုံးလိုက်ပြီးလျှင် မေဂျာဒါနန်းကို မေးလိုက်လေ၏။

“ အဲဒီတရားခံ သျှောင်သေးသေးနဲ့လူကို မမိလိုက်ဘူးလား”

မေဂျာဒါနန်းသည် ‘ဟူး’ ခနဲ လေပူကို တစ်ချက်မှုတ်ထုတ်လိုက်ပြီးလျှင် . . .

www.burmeseclassic.com

www.burmeseclassic.com



"မမိဘူးမစွတာ၊ ဌာနချုပ်က လူသုံးဆယ်၊ အင်စပက်တာကြီး ဂိုးဝါးပါ လိုက်တယ်၊ သေနတ်နဲ့ အချက်ပေါင်းများစွာပစ်တယ်၊ အဲ့ဒီရုံးနားက အိမ်သာထဲ ဝင်ပြေးသွားတယ်၊ ရှာလို့မတွေ့ဘူး၊ အားကြီးစိတ်ပျက်စရာကောင်းတယ်၊ မြန်မာလူဆိုးတွေဟာ မျောက်လိုကောင်တွေပဲ၊ အဲ့ဒါကြောင့် ကျုပ်တို့ပါ ဒီကိစ္စအတွက် အဆူခံရတယ်၊ စုံထောက်ကြီးမစ္စတာဇင်ယော် အကူအညီပေးပါ၊ အခု ဒီကောင်တွေမစ္စတာဇင်ယော်ကို လုပ်ကြံတယ်၊ မရဘူး၊ အားကြီးကောင်းတယ်၊ ကျုပ်ချီးမွမ်းတယ်၊ စုံထောက်ကိုကိုကြီးက ခင်ဗျားမားပစ် သိပ်ကောင်းတယ်ပြောတယ်၊ အားကြီးကောင်းတယ်"

* * *

## ဘုရားပေါ်မှ ထူးဆန်းသော ဆရာ

အထက်ပါ အဖြစ်အပျက်တို့ ဖြစ်ပျက်ပြီးနောက် ကျွန်ုပ်သည် လူဆိုးတို့၏ အကြောင်းအရာကို စေ့ငုခြင်း၊ လေ့လာခြင်း၊ သုတေသနပြုခြင်း လုပ်ငန်းတို့ကို လုပ်ရသည်မှာ ကျောချမ်းသကဲ့သို့ ရှိနေသော်လည်း စိတ်ဝင်စားစရာကောင်းလှသော အကြောင်းအရာတစ်ခုအနေဖြင့်ကား စိတ်တွင်းမှ ပယ်ဖျက်၍ မရနိုင်ဘဲ ရှိနေလေ၏။

သို့သော် ကျွန်ုပ်သည် စုံထောက်ကျော်တစ်ဦးမဟုတ်သည့်ပြင် ဥပဒေဝန်ထမ်းတစ်ဦးလည်း မဟုတ်ခြင်းကြောင့် 'ကြားရင်ယုံ၊ ဆုံရင်သိ' ဟူသော ရှေးစကားတစ်ခုအတိုင်းပင် ကြုံမှဆုံမှ အသိအမြင် ဆင်ခြင်မည်ဟူ၍ ကျွန်ုပ်၏ သတင်းစာ ဖြတ်ပိုင်းတို့ကို ဖွေချင်ထိုးထားလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် အိုင်ပီဦးအေးမောင်သည်လည်း ကျွန်ုပ်ထံသို့လာရောက်လည်ပတ်မှုမရှိသည်မှာ ကြာမြင့်ပြီဖြစ်သည့်ပြင် စုံထောက်ကြီးဦးဇင်ယော်သည်လည်း နယ်ဘက်သို့ ခရီးထွက်နေသည်ဟု သိရသဖြင့် ကျွန်ုပ်သည် ဘက်တူစကားပြောဖက် မရှိသဖြင့် ရှေးစာဟောင်းများဖတ်ခြင်း၊ လမ်းလျှောက်ထွက်ခြင်းဖြင့်သာ ရက်သတ္တပတ်များကို ကျော်လွှန်ခဲ့ပေ၏။

သို့နှင့် တစ်ခုသောတနင်္ဂနွေတွင် ကျွန်ုပ်သည် ပျင်းလှသည်နှင့် တပည့်ကျော်မောင်ကံစီအား အိမ်တွင် စောင့်ရှောက်ရန်မှာထားခဲ့ပြီးလျှင် တစ်ဦးတည်း လမ်းလျှောက်ထွက်ခဲ့ပေ၏။

ကျွန်ုပ်နေထိုင်ရာအိမ်သည် ကန်တော်ကြီးနှင့် နီးသောကြောင့် လေကောင်းလေသန့်ရရှိရာ ကန်တော်ကြီးဘက် သို့ထွက်ခဲ့လေသည်။ ထိုသို့ ကန်တော်ကြီးတစ်ဝိုက် ဆက်လျှောက်လျှက်ရှိနေရင်း ကျွန်ုပ်၏ဘေးသို့ ကားတစ်စီး ထိုးရပ်လိုက်လေ၏။

" ဟဲလို . . . မစ္စတာ သိမ်းမောင်၊ ဘယ်သွားမလို့လဲ "

ကားပေါ်မှ ကျွန်ုပ်အား လှမ်းနှုတ်ဆက်သဖြင့် ကျွန်ုပ်လှည့်ကြည့်မိလေရာ ကျွန်ုပ်နှင့် စိန့်ပေါလ် ဟိုက်စကူး ကျောင်းတွင် ကျောင်းနေဘက်ဖြစ်ခဲ့ဖူးသူ မစ္စတာပေါလ်ဖြစ်နေလေသည်။ ကျွန်ုပ်သည် လမ်းလျှောက်သက်သက်ဖြစ်၍ သွားရန်နေရာ ရည်ရွယ်ချက်မရှိကြောင်း ပြောဆိုလိုက်ရာ သူငယ်ချင်း မစ္စတာပေါလ်သည် ၎င်း၏ အော်စတင်ကားနက်လေး၏ ညာဘက်တံခါးကို ဖွင့်လျှက် . . .



" မစ္စတာသိမ်းမောင် ကားပေါ်တက်ဗျာ၊ ကျုပ်နဲ့ လိုက်ခဲ့ . . . "

ကျွန်ုပ်က ဘယ်နေရာသို့သွားမလို့လဲဟု ပြန်လည်မေးခွန်းထုတ်လိုက်သဖြင့် . . .

" အိုင်ဆေးမေးမနေပါနဲ့ဗျာ၊ ကျုပ်သွားမှာကောင်းတဲ့နေရာကိုသွားမလို့ပါ၊ တက်သာတက်ပါ၊ အိုင်ဆေး သဘောကျမှာပါ "

မစ္စတာပေါလ်သည် ကားကိုမောင်းနှင်နေရင်း ၎င်းသည် အစိုးရအလုပ်မှ ထွက်လိုက်ပြီဖြစ်ကြောင်းပြောဆိုပြီးလျှင် ၎င်းသည် ယခု ရွှေဖြစ်အောင် လုပ်နေသူဖြစ်ကြောင်း ပြောဆိုလေသည်။ ကျွန်ုပ်သည် မစ္စတာပေါလ်အားကြည့်၍ လွန်စွာ အံ့သြမိသည်နှင့် . . .

" မစ္စတာ ပေါလ်၊ ရွှေဆိုတာ သဘာဝတွင်းထွက်ပစ္စည်းပဲ၊ ဘယ့်နှယ့် ခင်ဗျားလုပ်လို့ ဖြစ်မလဲ၊ ရွှေလုပ်နိုင်တယ်လို့ ကျုပ်မကြားဖူးပါဘူးဗျာ "

" အင်း . . . ဖြစ်တော့ မဖြစ်သေးဘူးဗျ၊ ဒါပေမယ့် အတော်နီးစပ်နေပြီ မစ္စတာ သိမ်းမောင် "

" ဘယ်လို နီးစပ်တာလဲဗျ၊ လုပ်ပါဦး "

မစ္စတာပေါလ်သည် ကျွန်ုပ်အား လွန်စွာမှ နုံအသောသူတစ်ယောက်ကိုကြည့်သည့်နည်းဖြင့် ကားစတီယာရင်ကိုကိုင်ရင်း လှည့်ကြည့်ပြီးလျှင် . . .

" ကျုပ်ဆရာရှိတယ်ဗျ၊ ကျုပ်ကို နည်းပေးဖူးတယ်၊ အဲဒီနည်းအတိုင်း ကျုပ်လုပ်တာ အခုအသင့်အတင့်ဖြစ်တယ်ဗျ၊ ဒါပေ

www.burmeseclassic.com

www.burmeseclassic.com



မယ့် များများလုပ်လို့ မရသေးဘူး။ ဖော်မြူလာတစ်ခု သိုနေသေ
တယ်ဗျာ၊ အခု အဲဒီဆရာဆီသွားမလို့ဗျ၊ မစ္စတာသိမ်းမောင်
သိပ်ကံကောင်းတယ်ဗျာ၊ ဒီဆရာကတွေ့ဖို့မလွယ်ဘူး၊ ဒီနေ
ကျုပ်ကိုချိန်းထားလို့ အဲဒီကိုသွားမလို့ "

" ဘယ်ကိုလဲဗျ "

" လေးဆူဓာတ်ပုံ ရွှေတိဂုံကိုလေ မစ္စတာသိမ်းမောင်

ကျွန်ုပ်သည် ထပ်မံ၍ အံ့ဩရပြန်လေသည်။ ရေနံ
အာသာဝင်တစ်ဦးဖြစ်သူ မစ္စတာပေါလ်သည် လေးဆူဓာတ်
ရွှေတိဂုံသို့သွားနေသည်ကို ကျွန်ုပ်သည် အံ့ဩရမလို ဝမ်းသာရမလ
စိတ်တွင်ထပ်မံ၍ ဖြစ်ပွားမိလေသည်။

မစ္စတာပေါလ်နှင့် ကျွန်ုပ်သည် နှစ်ဦးသား မြောက်ဘက်မု
လှေကားမှ တက်လာခဲ့ကြလေ၏။ မစ္စတာပေါလ်သည် သူ၏
လက်ဆွဲအိတ်ကြီးကိုပါယူလာ၏။ ကျွန်ုပ်သည် မစ္စတာပေါလ်၏ဖြစ်
ကိုကြည့်ရင်း မည်သို့မျှ မှတ်ချက်မပေးနိုင်သူ တစ်ယောက်အနေဖြ
အသာလိုက်ပါရလျက်ရှိပေ၏။

မစ္စတာပေါလ်သည် ရင်မထိး တန်ဆောင်းအနီး
ညောင်ပင်ကြီးအနီးသို့ ရောက်သောအခါ ရပ်တန့်လိုက်လေ၏
ကျွန်ုပ်လည်း ကြည့်လိုက်ရာ ထိုညောင်ပင်မှာ အုတ်အင်္ဂတေခံပြ
သေချာစွာ စိုက်ပျိုးထားသည့်အပင် ဖြစ်ပေ၏။ ထိုညောင်ပ
ပတ်လည်၌ လူအုပ် တော်တော်များများသည် အကြမ်းကရားအို
လက်ဖက်သုပ်၊ ချင်းသုပ်များနှင့် စကားစိုင်းကောင်းလျက်ရှိပေ၏
ကျွန်ုပ် တွေ့ရှိသူများထဲတွင် ရသေ့ဝတ်နှင့် တစ်ဦး၊ သင်္ကန်းဝ



ရဟန်းတစ်ပါး ပါဝင်လေသည်။

" လာဗျို့ . . . မစ္စတာ ပေါလ်၊ မန္တလေးချင်းသုပ်လေဗျာ၊
ဒီနေ့ ကိုပါကြီးကဒကာဗျ၊ ဒီနေ့ ညှိသည်နှစ်ဦးတိုးတယ်၊ ရသေ့
ဦးကောဝိန်နဲ့ ဆရာတော်ဦးပဋ္ဌင်းကျရတို့ နှစ်ဦးဗျာ၊ ကျုပ်တို့
ဆရာကြီးနဲ့ ပညာစမ်းဆွေးနွေးချင်လို့တဲ့ဗျ၊ လာစောင့်နေကြတယ်၊
ဆရာကြီးကတော့ မရောက်သေးဘူးဗျ "

မစ္စတာပေါလ်နှင့် ကျွန်တော်သည် ဂင်းဆီးကြို နှုတ်ဆက်သူ
အနီးရှိ ကွက်လပ်တွင် ဝင်ရောက်ထိုင်လိုက်ကြလေ၏။ မစ္စတာ
ပေါလ်သည် ဂင်း၏ စိန်ဘုရားသားတိုက်မှ ဝယ်ယူထားဟန်ရှိသော
သားရေအိတ်ကြီးကို တရိုတသေ ဂင်းအနီးတွင်ပင် ချထားလေ၏။

" ဘယ့်နှယ်လဲ . . . တော်တော် အောင်မြင်နေပြီလား
ဗျ . . . "

မစ္စတာပေါလ်သည် နဖူးမှ ချွေးအနည်းငယ်ကို လက်ကိုင်
ပဝါဖြင့်သုတ်လိုက်ပြီးလျှင် ကျွန်ုပ်တို့အား နှုတ်ဆက်သမှု ပြုနေသော
မျက်မှန်သေးသေးနှင့် လူခပ်ပိန်ပိန်၊ မုတ်ဆိတ်မွေး ကျိုးတိုးကျဲတဲနှင့်
လူအား စိတ်ထက်သန်သောအမူအရာနှင့် . . .

" အိုင်ဆေး . . . နီးစပ်ပြီဗျ၊ ဒါပေမယ့် ကျုပ် လုပ်ချင်တဲ့
ပုံစံမရောက်သေးဘူး၊ ငါးပဲသားလောက်တော့ ဖြစ်တယ်ဗျ . . . "

" နေရာကျလိုက်တာဗျာ၊ ကျုပ်တော့ မဖြစ်သေးဘူးဗျို့
ကျုပ် ဇက်ကောက်လွဲလို့လား ဖိုလ်ကြောကပဲဆွဲလို့လား မပြောတတ်
ပါဘူးဗျာ၊ ရေကြိုတ်ပါ ပျော်တယ်ဗျ၊ ဘော်ကွဲကလဲ မအောင်ဘူး
ဗျ . . . "

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ပတ်ဝန်းကျင်ကို အကဲခတ်လိုက်ရာ စုစုပေါင်း အားဖြင့် လူဆယ်ယောက်ခန့်မျှရှိမည်ဟု ခန့်မှန်းရပေ၏။

မစ္စတာပေါလ်နှင့် ဆွေးနွေးသော မျက်မှန်သေးနှင့် လူသေး သေးသည် ကျွန်ုပ်ကိုပါ အကဲခတ်လေ၏။ ကျွန်ုပ်လည်း မည်သို့သော လူတွေလဲဟု ပြန်အကဲခတ်လေ၏။

" အဲဒါ အချက်ပဲ ဆရာဦးပေစိရဲ့၊ ဖက်ကောက်လွဲတာ ကိုးဗျ၊ ကန့်ချမ်နီ တစ်မူးသားပါ ကဲပေးရတယ်၊ ဆေးရောင်စွဲအောင် နဲ့ ဖိုလ်ကြောမဆွဲအောင်ပေါ့ဗျ၊ အိုင်ဆေး . . ကျုပ် သုံးရက်တောင် လုပ်ယူရတယ်ဗျ၊ ဘော်ကွဲမအော်တာလဲ ဖိုလ်ကြောတင်နေလို့ဗျ ဒါနဲ့ ဒီနေ့ ကျုပ်တို့ ဆရာကြီးဆီမှာ အဖြေယူရမယ် "

ကျွန်ုပ်လည်း ယခုမှပင် ရိပ်မိပေတော့သည်။ အဂ္ဂိရတ်ဝိုင်း များ ဖြစ်ကြပေသည်ဟူ၍ အနုညတ အကဲခတ်မိလေ၏။

မကြာမီ မစ္စတာပေါလ်သည် ထိုလူသိုက်များနှင့် ကျွန်ုပ် အား မိတ်ဆက်ပေးလေ၏။ ကျွန်ုပ်လည်း ထိုလူသိုက်များသည် အားလုံး ပညာရှိဟန်လုပ်၊ ပညာရှိဂိုက် ဖမ်းထားကြသူများဟု မှတ်ချက်ချမိလေ၏။

ကျွန်ုပ်အနီးတွင် ရသေ့သည် လာရောက်၍ထိုင်က မစ္စတာပေါလ်နှင့် စကားပြောနေလေ၏။ ၎င်း ရသေ့သည် တင်ပျ ခွေထိုင်လျက်သားမှ ဒူးများကိုလှုပ်လျက် မကြာခဏ ဒူးနှံ့ပြီးလျှ ရေနွေးကြမ်းတစ်ခွက်ပြီး တစ်ခွက်သောက်လေ၏။ ၎င်း ဟောင်းနွမ်းပေရေနေသော လွယ်အိတ်ဟောင်းကြီးမှ စာအုပ်ကြ များကို ထုတ်လျက်တစ်မျိုး အမျိုးမျိုး ပြောဆိုရာ ကျွန်ုပ်သည်



နားလည်ခြင်း မရှိသဖြင့် များစွာစိတ်ဝင်စားမှု မရှိလှပေ။

" မင်းတို့ဆရာကြီး နာမည်ကြီးတယ်ဆိုလို့ ငါ ဖင်းကျိုက် တောင်နဲ့ ကုလားမတောင်ကလာခဲ့ရတာ၊ မရောက်သေးဘူးလား၊ ဒီကဆရာတော်လဲ ငါနဲ့ မမှုမိတ်ဆွေပဲ၊ ဟားမောက်အင်းကျမ်းကို ဟိုဘက်ဒီဘက် အပြန်အလှန် လျှောက်နေတဲ့ ဆရာတော်ပဲ "

ဆရာတော်သည် ပုတီးလုံးကိုသာ ဖိဖိဆွဲလျက် နှုတ်မှ ခပ်တိုးတိုးတစ်စုံတစ်ရာကို ရွတ်လျက်ရှိပေ၏။ သို့သော်လည်း မျက်နှာမှာမူကား ကျွန်ုပ်တို့အနီး မလှမ်းမကမ်းတွင် ပုဆစ်တုပ် လျက် ကျောက်ဆင်းတုရှေ့ရှိ ဘုရားရုပ်ပွားရှေ့၌ ဘုရားရှိခိုးနေ သော ခပ်ရွယ်ရွယ်မိန်းမချောတစ်ဦး၏ ခန္ဓာကိုယ်ပေါ်သို့ ငေးစိုက် နေသည်ကို ကျွန်ုပ် သတိပြုမိပေ၏။

" တို့လာတာနဲ့ မင်းတို့ဆရာကြီး ရှောင်နေပြီထင်တယ်၊ အခုပဲ ငါးနာရီထိုးတော့မယ်၊ ပြည့်ဝတဲ့ ဆရာတွေရဲ့ ရှေ့မှာ မပြည့် တပြည့်နဲ့ ဆရာတွေဟာ ရှောင်ပြေးနေရတာပဲ၊ တို့လဲ ဒီတာဝန်တွေ ထမ်းဆောင်ပြီး ဆရာယောင်တွေကို ဆုံးမနေရတာပဲ၊ ဟဲ . . . ဟဲ . . . ဟဲ "

ရသေ့သည် ထိုသို့ပြောပြီး ရေနွေးကြမ်းခွက်ကို သောက်ပြီးလျှင် ဒူးနှံ့လိုက်ပြန်လေသည်။ ကျွန်ုပ်လည်း မစ္စတာပေါလ် အနီးတွင်ထိုင်ရင်း ငြီးငွေ့လာသည်နှင့် နာရီကြည့်လိုက်ရာ ငါးနာရီ ထိုးနေသည်ကို တွေ့ရလေသည်။

" ဟော . . . ဟိုမှာ ကျုပ်တို့ဆရာကြီး သျှောင်ပေစုး ဘိုးတော်လာပြီဗျ၊ ငါးနာရီချိန်းထားတာ တစ်စက္ကန့်မလွဲဘူး "

www.burmeseclassic.com

www.burmeseclassic.com



ဦးပေစိသည် နာရီကိုကြည့်လျက် အော်ပြောလိုက်ရာ လူအားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြပေ၏။ ကျွန်ုပ်သည် ပတ်ဝန်းကျင်ကို ကြည့်လိုက်ရာ ညောင်ပင်ဝိုင်းကြီး၏ နောက်ဘက် နောင်တော်ကြီးစေတီ၏ လမ်းချိုးလေးထဲမှ အရပ်ထောင်ထောင် မောင်းမောင်း ကျစ်လျစ်တြံ့ခိုင်သော လူတစ်ဦးသည် ရှေးဟောင်း ရှမ်းလွယ်အိတ်တစ်လုံးကိုလွယ်ကာ ခေါင်းတွင်လည်း တဘက်ဖြူကြီး တစ်ခုကိုပေါင်းလျက် ကျွန်ုပ်တို့လူစုထိုင်လျက်ရှိသော နေရာသို့ လာလျက်ရှိပေ၏။ ထူးထူးခြားခြား တောင့်တင်းတြံ့ခိုင်လျက်ရှိခြင်းကြောင့် ရှေးမြန်မာကြီးများ ပုံစံမျိုးဟု ကျွန်ုပ်တွေးထင်မိလေသည်။

ကျွန်ုပ်တို့အနီးသို့ရောက်သော် လူသုံးယောက်ခန့်သည် ၎င်းလူကြီးအား ခရီးဦးကြိုပြုလျက် နေရာထိုင်ခင်းပေးလေ၏။ ကျွန်ုပ်ဘေးမှ ရသေ့သည် ဒူးနှံ့လျက်ရှိလေ၏။ ရသေ့ဘေး မလှမ်းမကမ်း၌ထိုင်နေသော ရဟန်းသည် မျက်လွှာချလျက် ပုတီးကုံးကို လေးလေးမှန်မှန် စိပ်လျက်ရှိပေ၏။ မစ္စတာပေါလ်သည် ၎င်း၏ လွယ်အိတ်ထဲမှ မှတ်စုစာအုပ်အချို့နှင့် လုံကွဲအချို့ကို ထုတ်လေ၏။

၎င်းလူကြီးသည် ဦးပေစိဆိုသူအနီးသို့ ဝင်ထိုင်လိုက်ကာ ကျားညီနောင် ဆေးပြင်းလိပ်တစ်လိပ်ကိုထုတ်လျက် မီးညှိပြီးလျှင် ၎င်းပေါင်းထားသော မွေးပွတဘက်ကြီးကို ဖြုတ်လိုက်ရာ အနီးမှ လူတစ်ဦးက မေးပွတဘက်ကြီးကို တရိုတသေ လှမ်းယူလိုက်လေ၏။ ကျွန်ုပ်သည် ထိုလူကြီး၏မျက်နှာကို အကဲခတ်လိုက်ရာ ကျွန်ုပ်၏ မွေးညှင်းပေါက်တစ်ခုလုံးရှိ အာရုံကြောများသည် ပူနွေးလျက် လာလေ၏။ လွန်စွာမှ စိတ်လှုပ်ရှားသွားသောကြောင့် ဖြစ်ပေ၏။



အကြောင်းမူကား၊ ကျွန်ုပ်ရှေ့ရှိ ဆရာကြီးဆိုသူမှာ 'တို့မိတ်ဆွေ' ဆက်ဖက်ရည်ဆိုင်တွင်း၌ အရှေ့ပိန်းလဟူသော နာမည်ရ လူမိုက်ကြီးတစ်ဦးက ထိုင်လျက်သား ရှိခိုးသွားခဲ့သော လူထွားကြီးဖြစ်နေသောကြောင့်ပင်ဖြစ်၏။ လူထွားကြီးသည် ခေါင်းပေါင်းတဘက် ဖြုတ်လိုက်သောကြောင့် ကျွန်ုပ်အဖို့ပို၍ အံ့အားသင့်စရာအချက်ကို တွေ့ရလေသည်။ လူထွားကြီး၏ ဆံပင်မှာ ကျွန်ုပ်တို့ သူလို ငါလို ဘိုကေဆံပင်ကိုလည်းကောင်း၊ ရှေးမြန်မာကြီးများကဲ့သို့ သျှောင်ထုံးခြင်းကိုလည်းကောင်း၊ ပြုပြင်ထားခြင်းမဟုတ်ဘဲ နားသယ်ဆံဖြတ်ဖြင့် ထုံးထားသော ဦးခေါင်းထက်မှ သျှောင်ပေစူးကို တွေ့မြင်ရပေသောကြောင့်ဖြစ်၏။ ကျွန်ုပ်သည် သျှောင်ပေစူးကို ကြည့်လျက် များစွာအံ့ဩမိလေသည်။

(သျှောင်ပေစူး ထုံးနည်းမှာ ယခုအခါ ရှားပါးလျက်ရှိပေပြီ။ မြန်မာကျေးတောများ၌ ကလေးငယ်များထုံးသော အထုံးဖြစ်၏။ ရှေးမြန်မာ ယဉ်ကျေးမှုတစ်မျိုး ဖြစ်၏။

စာရေးသူ )

သျှောင်ပေစူးမှာ ဆီဖြင့်အကျအန ထုံးထားသော အထုံးဖြစ်သဖြင့် လူထွားကြီးကို ကြည့်ရသည်မှာ ရုပ်သွင်တစ်မျိုးဖြစ်လျက်ရှိပေ၏။ အမှန်းရခက်သော ရုပ်မျိုးဖြစ်ပေ၏။

လူထွားကြီးသည် ကျွန်ုပ်အားသေချာစိုက်ကြည့်လျက် အသိအမှတ်ပြုသော မျက်နှာပေးသို့ ပြောင်းသွားလေသည်။

" ကျုပ် နာမည်ကတော့ သျှောင်ပေစူးဘိုးတော်ပဲ ၊

www.burmeseclassic.com

www.burmeseclassic.com



ဖဦးထုတ် နဲ့ မဖိုးပဲ ဘကုန်းနဲ့ပဲ 'ဘိုး' ထားတယ်၊ ကျုပ် ရှင်လိန်ပြန် အရွယ်ကပဲ ဆရာဘုန်းကြီးက သျှောင်ပေစူးထားကွ ဆိုလို့ထားတာ အခုအသက်အထိပဲဗျ၊ ကျုပ်က ပညာရှိမဟုတ်ပါဘူးဗျာ၊ ပညာသည် လဲမဟုတ်ပါဘူး၊ ပညာဘူးလဲမဟုတ်ပါဘူး၊ ပညာရှူးလဲမဟုတ်ပါဘူး၊ 'ပညာအရာ စာတစ်လုံး၊ မသိထုံး' မရှိအောင်ကြိုးစားရမယ်လို့ ကျုပ်ဆရာအမိန့်ရှိလိုက်တဲ့အတိုင်း ကြိုးစားနေတဲ့ ပညာသုသေသီ တစ်ဦးပါပဲ "

ရသေ့ ဦးကောလိန်သည် ဒူးများကို ယခင်ကထက်ပို၍ နှံ့လိုက်ပြီးလျှင် . . .

" ကျုပ်က သျှောင်ပေစူး ဘိုးတော်ဆိုတာ အန္တတ္တသညာ အမည်မှတ်တယ်၊ တကယ့် ကလေးထုံး ထုံးထားတဲ့ သျှောင်ပေစူး လေးနဲ့ကိုး၊ အင်္ဂရိတ်အတတ်၊ အင်းအတတ်မှာ နာမည်ကြီးတယ် ဆိုလို့ လိုက်လာခဲ့တာပဲ၊ ကျုပ်က ဇင်းကျိုက်ကုလားမတောင်က ရသေ့ ဦးကောပိန်ပဲ၊ ကုန္တာစရိယ၊ ရှင်မထီး၊ ဆရာဆောင်၊ ဆရာ ချက်၊ ကြိုက်ရာခတ်ချက်၊ ပြဒါးလမ်း၊ သံလမ်း၊ ကျမ်းကုန်ကျေတဲ့ ရသေ့ ကောပိန်ဆိုတာပဲ၊ဒီကဆရာတော်က ဇားမောက်ကျမ်းရင်း ပြန္တာအင်းကျမ်းကို ထုံးလိုချေ ရေလိုနှောက်ထားတဲ့ ဆရာတော် ဦးဇင်းက္ကရ ဆိုတာပါပဲ "

ဝိုင်းထိုင်လျက်ရှိသော လူစုသည် ဆရာတော်နှင့် ရသေ့ အား ရုတ်တရက် အထင်တကြီး ကြည့်ရှုပြီးလျှင် စိတ်ပါဝင်စား လျက်ရှိပေ၏။



" ဒီက ကိုရင် သျှောင်ပေစူး ဘိုးတော်က အင်္ဂရိတ်ကျမ်းနဲ့ အင်းကျမ်းတို့ကို ဘယ်နှစ်ကျမ်းကျေအောင် လိုက်ဖူးသလဲ "

" ကျုပ်ကတော့ ကျမ်းမကျေပါဘူး၊ အင်္ဂါတေပဲ ကျေတယ် "

လေသံမှာ ခပ်အေးအေးဖြစ်သော်လည်း တင်းထက်သော အသံနက်ကြီးဖြစ် ပါရှိလေသည်။

ရသေ့ ဦးကောပိန်သည် ဒူးကိုလွှန်စွာနှံ့လျက် . . .

" ပညာမပိုင် ကျမ်းမနိုင် ဆိုတာပေါ့ဗျ၊ ကိုရင်ဘိုးတော်က ရ-ရစ်ကြမ်းတောင် မကျေရင် ယ-ပင်းကျမ်း ဘယ်ကျေမလဲ၊ ဟဲ . . . ဟဲ . . . ဟဲ "

" ရသေ့ကြီး၊ ကျမ်းဆိုတာ ဘာကိုဆိုလိုတာလဲ "

သျှောင်ပေစူးဘိုးတော်သည် ဆေးမြင်းလိပ်တိုကို အေးသို့ လွှင့်ပစ်လိုက်ပြီးလျှင် ရသေ့ကြီး ဦးကောပိန်ကို စေ့စေ့ ကြည့်လိုက် လေ၏။ ရသေ့ ဦးကောပိန်သည် ပြုံးဖြီးဖြီး မျက်နှာပြောင်းသွားကာ ဒူးကိုနှံ့လျက် . . .

" ကျမ်းဆိုတာ ပညာရှိတွေရေးထားတဲ့ စာအုပ်ကြီးတွေပေါ့ ဆေးကျမ်း၊ ဗေဒင်ကျမ်း၊ နက္ခတ်ကျမ်း၊ အင်္ဂရိတ်ကျမ်းတွေပေါ့၊ ဒီ မေးခွန်းတွေက လူတိုင်းသိတာပဲ၊ မဟုတ်ဘူးလား ဦးဇင်းက္ကရ . . . "

ဦးဇင်းက္ကရသည် ဦးခေါင်းညိတ်လိုက်လေ၏။

" ဘာကျမ်းမှမတတ်တဲ့ ကလေးကလား သျှောင်ပေစူးလေး ရာ၊ ငါဇင်းကျိုက်တောင်က ရသေ့ ကောပိန်ကို လာစမ်းနေရတယ် ကဲ . . . . မင်းတတ်တာပြောပါဦးကွ "

" ရသေ့ကြီး၊ ကျုပ်က ပညာဗဟုသုတအနေနဲ့ပြောတာ ရသေ့ကြီးမှ

www.burmeseclassic.com

www.burmeseclassic.com



နားမလည်တာကိုး၊ ရသေ့ကြီးပြောတဲ့ ကျမ်းစာအုပ်က ကျုပ်တို့ရွာက မောင်ဘိုးခွေးတောင် နားလည်တာပဲ၊ ပညာရှိအမေး မညာရှိဖြေတာမှ မဟုတ်ဘဲ၊ မှတ်ထား ရသေ့ကြီး 'ကျမ်းအစ - လုပ်ရတ်က' တဲ့၊ အင်္ဂါရတ်ကျမ်းဆိုလို့ ကျုပ်က ကျမ်းမကျေဘဲ အင်္ဂါတေကျေတယ်ဆိုတာ အင်္ဂ - ညီညွတ်ခြင်း၊ တေန - ပြုပြင်ခြင်း မဟုတ်လား၊ ဒီတော့ ဖိုလ်ထိုးခြင်းမှာ အင်္ဂါတေဟာ ဖိုပဲမဟုတ်လား၊ ဖိုထိုးတဲ့ 'လုံ' ဟာ အင်္ဂါတေနဲ့မလုပ်လို့ ဘာနဲ့လုပ်ထားလို့လဲ၊ ကျုပ်က ဖိုထိုးတဲ့ 'လုံ' ကျေတယ်ဆိုကတည်းက ရသေ့ကြီးပြောတဲ့ 'ကျမ်း' ဆိုတာဟာ အလကားပဲ၊ 'ကျမ်း' ဆိုတာ ကဏ္ဍရဆိုတဲ့ စကားက လာတာ၊ အဓိပ္ပာယ်က မှတ်သားခြင်းလို့ရတယ်၊ ကဏ္ဍရယမိုက်၊ ကျမ်းမြိုက်ရသာ၊ မှတ်သားရာသည်' လို့ဆိုတယ်။ (မှတ်သားတတ်သော၊ မှတ်သားတတ်ခြင်း)နဲ့ ပြည့်စုံတဲ့ လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်၊ ရသေ့ပုဂ္ဂိုလ်တွေဟာ ကျမ်းစကားမပြောဘူး ရသေ့ကြီး၊ 'ပညာအစ အက္ခရာက' တဲ့၊ 'ဓာတ်အစ မနောက' တဲ့၊ အက္ခရာအစ ပိဋကတ်က' တဲ့၊ 'ပိဋကတ်အစ အဘိဓာန်က' တဲ့ ကွဲပြားအောင် လေ့လာပါဦး ရသေ့ကြီး၊ ကျုပ် အင်္ဂါတေကျေတယ်ဆိုတာ တကယ်ကျေလို့ ကျေတယ်ပြောတာပဲ "

ရသေ့ကြီး ဦးကောပိန်သည် ဒူးအနှံ့ရှပ်လျက် ရေနွေးကြမ်းကို တွင်တွင်သောက်လျက်ရှိပေ၏။

လူစုအားလုံးသည် ခပ်ပြုံးပြုံးဖြစ်လျက်ရှိသွား၏။ ယခုမှ နားထောင်၍ ကောင်းလာလေ၏။ ကွမ်းပိုနှင့် လက်တစ်ဆန့် အကွာတွင် ထိုင်နေသော ရဟန်းပုဂ္ဂိုလ်သည် ရသေ့ ဦးကောပိန် နှိမ့်ချခံ



သွားရသဖြင့် ရုတ်တရက် ဒေါသထွက်သည့် ပုံသဏ္ဍာန်ဖြင့် မျက်နှာကြီးနီရဲလာကာ . . .

" ကျမ်းအကြောင်းမပြောရင် 'လုံ' အကြောင်း မင်းက ဘယ်လောက်နားလည်လို့လဲ၊ ပြောပြစမ်းပါဦး "

ရဟန်းပုဂ္ဂိုလ်သည် ခပ်တိုးတိုးပြတ်ပြတ်ပင် မေးလိုက်လေ၏။

" တပည့်တော်က အမေးအဖြေလုပ်နေရတာ သိပ်ဝါသနာမပါဘူး၊ 'လုံ' အကြောင်း ကျေမကျေကတော့ ဟောဒီမှာ"

သျှောင်ပေစူးဘိုးတော်သည် ၎င်း၏ တိုက်ပုံအင်္ကျီညာဘက်မှ ရှော့ကြိုးငယ်ဖြင့် ပြုလုပ်သော ကတ္တီပါအိတ်ကို ထုတ်ယူလိုက်ပြီးလျှင် လက်ဖက်ရည်ကြမ်းမရှိသော အကြမ်းပန်းကန်လုံးတစ်လုံးကိုယူပြီး ကတ္တီပါအိတ်ထဲမှ အရာများကိုသွန်ချလိုက်လေ၏။ ရွှေငွေရောင် တဝင်းဝင်းနှင့် အလုံးလေးငါးလုံးသည် အောက်သို့ကျလာလေ၏။ အလွန်လှပပြီး ချစ်စရာကောင်းသော ဓာတ်လုံးများပင် ဖြစ်ပေသည်။ လူစုအားလုံးသည် ငေးစိုက်လျက်ရှိပေ၏။

သျှောင်ပေစူး ဘိုးတော်သည် ၎င်းဓာတ်လုံးလေးများကို ကိုင်၍ ငွေရောင်ထနေသော အလုံးလေးတစ်လုံးကို ယူလျက် . . .

" ဟောဒါက ဤသာရပြဒါးလုံး၊ အာနိသင်က ရောဂါအားလုံးပျောက်တယ်၊ ရေထဲထည့်ရင် အငွေ့ထောင်းထောင်းထွက်တယ် "

ဟူ၍ ပြောဆိုပြီး ရေခွက်တစ်ခွက် ယူလာစေပြီးလျှင်

www.burmeseclassic.com

www.burmeseclassic.com

ရေထဲသို့ ထည့်လိုက်ရာ ရေနွေးငွေ့များထွက်သကဲ့သို့ အငွေ့များသည် ရေခွက်ရေ၏ အပေါ်နှုတ်ခမ်းမှ ထွက်လာလေသည်။ သို့သော် ရေမြင်မှာမူ ဆူပွက်သည့် သင်္ကေတ မတွေ့ရပေ။

ရသေ့ဦးကောပိန်သည် မျက်စိများ အရောင် ထွက်မတတ် ထိုပြဒါးလုံးအား ကြည့်လျက်ရှိ၏။

ရသေ့ ဦးကောပိန်နှင့် ရဟန်း ဦးဇင်းဣကရသည် နှုတ်ဆိတ်လျက်ကြည့်ရှုနေ၏။ အခြားလူများသည် ဝမ်းမြောက်ခြင်းဖြစ်လေ၏။ ကျွန်ုပ်လည်း ပီတိဖြစ်သလို ခံစားမိလေ၏။

" ကျွန်တော့် ဓာတ်လုံးတွေကတော့ ဟိန္ဒူဆရာတော်ကြီးနည်းအရ ထိုးထားတဲ့ ဝဂ်ဂရနီသျှ . . . ပြဒါးသေနဲ့ ဆရာအောင်ကျမ်းအရ ထိုးထားတဲ့ ဝိသေမစ္စကောသီလ သံသေလုံးပဲ၊ အာနိသင်တွေကတော့ လက်တွေ့ရှိသပေါ့ကွာ၊ ဒါပေမယ့် ဓာတ်လုံးတစ်လုံးရဲ့ အာနိသင် လက်တွေ့ပြပြီးရင်ပဲ လုံလောက်ပြီ ထင်ပါတယ်၊ ဓာတ်လုံးအမည်တွေကတော့ ပါဠိတတ်တဲ့ ရသေ့ကြီး ဦးကောပိန်နဲ့ ဆရာတော် ဦးဇင်းဣကရတို့ ဖော်ယူကြပေါ့ဗျ၊ နောက်ထပ်ပြီး ပြစရာရှိသေးလို့ "

သျှောင်ပေစူးဘိုးထော်သည် ဘယ်ဘက်ချိုင်းကြားမှ အိတ်ကပ်တစ်ခုထဲသို့ လက်နှိုက်လျှိုလိုက်ရာ ငွေကြုတ်တစ်ခု ထွက်လာလေ၏။ သျှောင်ပေစူး ဘိုးထော်သည် ငွေကြုတ်ကလေးကို ဖွင့်လိုက်ပြီးလျှင် အထဲမှအရာကို နောက်ထပ်ပန်းကန်လွတ်တစ်ခုထဲသို့ သွန်မှောက်လိုက်လေ၏။ ကြုတ်ထဲမှ ရွှေတုံးကလေးများသည် ပန်းကန်ထဲသို့ လျှောဆင်းလာလေ၏။ အရောင်ဝင်းဝင်းနှင့် အလွန်



လှပသောရွှေစင်သားများကို တွေ့ရလေသည်။ ရွှေစင်သားသုံးခုပင် ဖြစ်ပေ၏။

ကျွန်ုပ်နှင့် ဒူးချင်းဆက်ထိုင်လျက်ရှိသော ကျွန်ုပ်၏ မိတ်ဆွေကြီး မစ္စတာပေါလ်သည် ဂျင်းအိတ်အတွင်းမှ အလွန်သေးငယ်သော မျက်မှန်လေးတစ်ခုကို ထုတ်တပ်လိုက်ပြီးလျှင် ပန်းကန်ထဲသို့ သျှောင်ပေစူးဘိုးထော် သွန်ချလိုက်သော ရွှေရည်တုံးကလေးကိုကြည့်လျက် အလွန်ပီတိဖြစ်သော မျက်နှာဖြင့် သျှောင်ပေစူးဘိုးထော်အားကြည့်လျက်ရှိပေ၏။ ကျွန်ုပ်လည်း ရွှေအကြောင်းနားမလည်လှသော်လည်း ပန်းကန်ထဲမှ ရွှေတုံးများသည် ရွှေရည်အတော်ကောင်းမည်ဟု ခန့်မှန်းမိလေ၏။

" အားလုံးဟာ အင်္ဂလိပ်ရွှေတွေချည်းပဲဗျ၊ ဦးအောင်ရဲ့ အဆိုအရ 'ဘော်စင် ငွေသား၊ ငွေမဲမြားနှင့် ပြဒါး ၁ မူး လိပ်ကျောက်ဆူး၊ ထူးထွေဆန်းပြား၊ ဇော်ဂဘွားနှင့် ကြိတ်ကြိတ်ညက်လေ ရွှေဆင်း ခွေ' ၏ လို့အဆိုအရ အင်္ဂလိပ်ရွှေသုံးမျိုး ထိုးခဲ့တယ်၊ အင်္ဂလိပ်ရွှေမှာ ဘော်စင်သား ယနိကရရွှေဟာ အကောင်းဆုံးပဲဗျ၊ အခေါက်သားအတိုင်းပဲ၊ ကျန်နှစ်မျိုးကတော့ ပေါ်တန်ရွှေနဲ့ နီစွယ်ပစ္စည်းရွှေလို့ခေါ်တယ်၊ အသေးစိတ်ပြောရင် အလွန်ရှည်လျားတယ် "

ကျွန်ုပ်သည် တို့မိတ်ဆွေလက်ဖက်ရည်ဆိုင်တွင် အိုးစုလူမိုက် ပိန်းလက ထိုင်ရှိခိုးသွားသော ဂေါ်ရခါး စစ်သုံးဦးထဲမှ လူထွားကြီးအား မြင်ယောင်လျက် ကျွန်ုပ်ရှေ့ရှိ သျှောင်ပေစူးနှင့် ဦးဘိုးထော် အမည်ခံထားသောလူထွားကြီးကိုကြည့်ကာ အံ့ဩလျက်

www.burmeseclassic.com

www.burmeseclassic.com



ရှိပေ၏။ လောကဌ် လူဆန်းပြားများသည်လည်း ရှိတတ်ကြောင်းမှာ ကျွန်ုပ်အဖို့ လက်တွေ့သာဓကပင်ဖြစ်ပေတော့၏။

" ကဲ . . . ကျုပ် 'လုံ' နိုင်တယ်ဆိုတာ၊ အင်္ဂတေနိုင်တယ်ဆိုတာ သဘောပေါက်ပြီလို့ထင်ပါတယ်၊ ရသေ့ကြီးတို့ဆီက ဘာများတဲ့လို့ ဘာတွေလုပ်ထားတယ် ဆိုတာလေးလဲ ကြည့်ချင်ပါသေးတယ်ဗျာ . . . "

" အင်း . . . ကျုပ်တို့က ဆွေးနွေးဖို့လာတာဆိုတော့ ကျမ်းရင်းတွေ လေ့လာပြီးလာတာဗျ၊ ဘာမှ မဟုတ်ပါဘူး၊ အင်းနဲ့ အင်္ဂရိတ်ကျမ်းတွေပဲပါလာတာ "

ဟု ရသေ့ ဦးကောပိန်သည် လေးတွဲ့တွဲ့ပြောပြီးလျှင် . . .

" ပညာဆိုတာ ဖလှယ်ရတာပေါ့ဗျာ၊ ဆရာဆိုတာ တစ်ယောက်နဲ့ တစ်ယောက်ကူညီရတာ၊ ဒီတော့ သျှောင်ပေစူးဘိုးတော်ရဲ့ နည်းတွေကိုလဲ အလွန်ကောင်းမွန်တဲ့အတွက် မေတ္တာပြုပေါ့၊ ကျုပ်တို့နည်းတွေလဲ မချန်မချွင်းပေးပါ့မယ်၊ ဒီလိုပဲ လောက သစ္စာ၊ ဓမ္မ သစ္စာ ပေါ့ဗျာ၊ မဟုတ်လား "

ရသေ့ ဦးကောပိန်သည် ဒူးနှံ့မြန်လေ၏။ ကျွန်ုပ်သည် ရသေ့ ဦးကောပိန်၏ 'ခြောက်မရ၊ ကောက်၍သုံး၊ နန်းသုံးပရိယာယ်' ဟူသော ပညာရှိလိုလို ကြောင်သူတော်လိုလို အမှန်းရခက်လှသော ဦးကောပိန်၏ လူ့ကထာ ဆရာမှုကို သဘောမတွေ့လှသော်လည်း အလိမ္မာတော်ရသေ့ကြီးဟု မှတ်ချက်ချမိလေ၏။

မစ္စတာဓပေါလ် အငြိမ်မနေနိုင်တော့ဘဲ ၎င်း၏ မှတ်စုစာအုပ်ကို လက်ဆွဲသားရေအိတ်ကြီးထဲမှ ထုတ်ယူပြီးလျှင် . . .



" ဆရာကြီး နည်းပေးပါ "

ဟူ၍တောင်းလေ၏။

" အင်း . . . အဲဒီကိစ္စလဲ ကျုပ်ပြောမလို့ပဲ မစ္စတာ ပေါလ်၊ ဒီဟာ ပညာရပ်တွေပဲ၊ စီးပွားဖြစ်လုပ်လို့မရဘူး၊ ရှေးဆရာကြီးတွေကတော့ ဒီပညာကို ရသေ့ စရိတ်ထောက်ပညာလို့ပဲ သတ်မှတ်တယ်၊ ရွှေဖြစ်လုပ်ပြီး ချမ်းသာဖို့ကြံရင် ခင်ဗျားမှားသွားမယ်။ စီးပွားဖြစ်လုပ်လို့ မရပေဘူး၊ အခုခင်ဗျားတို့ ချိန်းဆိုထားတဲ့အတိုင်း ကျုပ်လာခဲ့တာလဲ အကြောင်းရှိတယ်၊ တကယ်တော့ ဒီပညာတွေဟာ ကမ္ဘာတည်ဦး ပကတူးကာပင် ဈာန်ပျံရှင်ရသေ့တွေရဲ့ ပညာရပ်တွေပဲ၊ ဘုရားရှင်ကိုယ်တော်နှစ်မြို့တော်မူတဲ့ ပညာရပ်တွေ မဟုတ်ပေဘူး၊ မဆင်ခြင်တတ်ရင်တော့ ကျုပ်တို့ ဘုရားရှင်ကိုယ်တော်မြတ် ပယ်သတ်တော်မူခဲ့တဲ့ ကာမတဏှာ၊ ဘဝတဏှာတွေကို ထောက်ပင့်ပေးနေတဲ့ ပညာရပ်တွေပဲဗျ။ ပညာကို ပညာလို့သာ လိုက်စားတတ်ဖို့ အရေးကြီးတယ်၊ ဒါကြောင့် ဒါတွေဟာ အရေးမကြီးပါဘူး . . . ဗျာ "

သျှောင်ပေစူး ဘိုးတော်သည် ပန်းကန်လုံးထဲမှ ဓာတ်လုံးများနှင့် ရွှေတုံးသုံးတုံးကို ဆုပ်ယူပြီးလျှင် လောကပါလ ယက္ခအမည်ရှိ ဘီလူးမရုပ်တုထိုင်လျှက်ရှိရာ အုတ်တံတိုင်းအပြင်ဘက်သို့ ထိုဓာတ်လုံးတို့ကို လွှင့်ပစ်လိုက်လေ၏။ အရောင်ဝင်းဝင်း၊ အပြိုးလက်လက်ဖြင့် ဓာတ်လုံးနှင့် ရွှေသားစင်တို့သည် အုတ်တံတိုင်းအပြင်ဘက်သို့ လွင့်ထွက်ကုန်လေ၏။

လူစုအားလုံးသည် ရုတ်တရက် အံ့အားသင့်သွားကြလေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကျွန်ုပ်လည်း အထူးမှင်တက်မိလေ၏။ ရသေ့ကြီးအပါအဝင်လူစုထဲမှ လေးငါးယောက်သည် ထပြေးသွားလျှက် ထိုခါတ်လုံးများကိုကောက်ယူရန် ပြေးလွှားကြလေသည်။

" ဟား . . . ဟား . . . ဟား . . . ခင်ဗျားတို့ကလဲ အတော်လောဘတက်ကြတာကိုး၊ ဟော့လူတွေ၊ ခင်ဗျားတို့ ကျုပ်ပစ်လိုက်တာတွေ လိုက်ကောက်မနေနဲ့၊ ဒီမှာဗျ၊ ဒီမှာ . ခင်ဗျားတို့လဲ အတော်အရူးထတဲ့ လူတွေပဲ၊ ရသေ့ကြီးကလဲ . . . ကျမ်းမှ မကျေဘဲကိုးဗျ၊ ဒီကျမ်းတွေကျေနေမှ ဒီအလုံးတွေ ဘာလုပ်ဖို့လဲဗျ . . . ဟဲ . . . ဟဲ . . . ဟဲ . . . ။ "

သျှောင်ပေစူးဘိုးတော်သည် ဘယ်လက်အတွင်း၌ အသာဆုပ်ထားသော ခါတ်လုံးနှင့် ရွှေသားတုံးလေးများကို လက်ဝါးဖြန့်လျှက်ပြပြီးလျှင် ၎င်း၏ကြုတ်ထဲသို့ ပြန်လည်ထည့်သွင်းလေသည်။ ပြေးလွှားသွားရောက်ကြသော လူစုလည်း ရှက်ကိုးရှက်ကန်းဖြင့် ခြေမဆန့်နိုင်ဘဲ ပြန်လာကြလေ၏။ ရသေ့ ဦးကောဝိန်လည်း ခြေထော့နင်း ထော့နင်းဖြစ်လျှက်ရှိ၏။ ဘုရားရင်ပြင်တော်မှ ခဲလုံးလေးများကို ပြေးလွှားရင်း တက်နင်းမိသောကြောင့် ဖြစ်ပေ၏။ ကျွန်ုပ်ဘေးမှ မစ္စတာပေါလ်လည်း အပါအဝင်ဖြစ်ပေရာ မစ္စတာပေါလ်သည် ရုတ်တရက် ပြန်မလာနိုင်ဘဲ ငုတ်တုတ်ထိုင်လျှက် ဟိုစမ်း၊ ဒီစမ်းဖြစ်နေလေရာ ၎င်း၏မျက်မှန်သေးသေးလေးသည် ပျောက်ဆုံးသွားသောကြောင့် ဖြစ်ပေ၏။

" ခင်ဗျားတို့ကို ကျုပ်က ဆင်္ဂါရ၊ ဂေါသ၊ လက်လှည့် မြန်မာအတတ်ပညာနဲ့ ပြလိုက်တာပါဗျာ ၊ ရှေးက မြန်မာလက်လှည့်



အတတ်ပေါ့ဗျာ၊ အခုတော့ မြန်မာပြည်မှာ မျက်လှည့်လို့ခေါ်တွင်နေတယ်ဗျ၊ တကယ့်အစစ်တွေကို ကျုပ် ဘယ်လွှင့်ပစ်ပါ့မလဲ . . ဟဲ . . . ဟဲ . . . ရသေ့ကြီး ကြွဗျာ . . . ၊ ကျုပ် ခင်ဗျားနဲ့ ဆက်ဆွေးနွေးစရာတွေရှိသေးတယ်"

ထော့နင်းထော့နင်းဖြင့် ဝင်ရောက် ထိုင်နေသော ရသေ့ကြီး ဦးကောဝိန်သည် မျက်နှာအိုလျှက်ရှိပေ၏။

" အင်း . . . ဦးပေစိနဲ့ ကိုရဲမောင်တို့ကို ကျုပ် ကျေးဇူးတင်တယ်ဗျာ၊ ဆွေးနွေးပွဲလေးကို ပြုလုပ်ပေးလို့ ကဲ . . . ကျုပ်ကစစွဆက်ရဦးမယ်၊ ကျုပ်လာတာ အကြောင်းနှစ်ချက်ကြောင့်ဗျ၊ ပထမအကြောင်းကတော့ ခင်ဗျားတို့လူစုကို ချွတ်ဖို့ပဲဗျ၊ မြန်မာမြေကြီးဟာ ခင်ဗျားတို့လိုလူမျိုးတွေပေါ်နေရင် ကျွန်သက်ရှည်နေဦးမယ်။ အင်း၊ အိုင်၊ မန္တရား၊ ဂါထာ၊ ဟူးရား အတတ်တွေနဲ့ချည်းသာနစ်မြောပြီး အချိန်ဖြုန်းနေရင် အင်္ဂလိပ်တွေကတော့ ကျွန်ဆက်လုပ်နေဦးမှာပဲ၊ ဒီပညာတွေဟာ သီလ၊ သမာဓိ ဖြူစင်သူတွေရဲ့ အတတ်ပညာတွေဗျ၊ လောဘသားတွေအတွက် အတတ်ပညာမဟုတ်ဘူး၊ လောဘသားတွေက ဒီပညာကို လိုက်စားနေတော့ အချိန်ကုန်ပြီး တိုင်းပြည်အတွက်နာတာပဲ၊ ကျုပ်တို့ရှေးမြန်မာကြီးတွေဟာ ဒီအတတ်ပညာတွေ တတ်ခဲ့ကြတယ်။ ဒါပေမယ့် မလိမ္မာတဲ့ မြန်မာဗာလတွေက ဒီပညာကို အလွဲသုံးကြတယ်။ ဆုံးခန်းတိုင်တော့မရောက်ဘူး။ ဒါကြောင့် ဒီပညာတွေပျောက်ကွယ်ကြတယ်။ ဒီတော့ . . . ကုလားဖြူတွေအုပ်စိုးနေတဲ့ မြန်မာမြေကြီးကို ခင်ဗျားတို့က ရွှေ ဖြစ်လိုက်နေတာနဲ့ အချိန်ကုန်နေလို့ ဘာဖြစ်မလဲ။

www.burmeseclassic.com

www.burmeseclassic.com



မစ္စတာပေါလ် Save for life in time and for country "အချိန်ရှိခိုက် ကိုယ့်အတွက်နဲ့ တိုင်းပြည်အတွက်"ဆိုတဲ့ စကားအတိုင်းပဲ အဲဒီစကားဟာ ခင်ဗျားအတွက်ပဲ မစ္စတာပေါလ်၊ အင်း. . . ဒုတိယအချက်ကတော့ . . . "

သျှောင်ပေစူးဘိုးတော်သည် ရဟန်း ဦးဇင်းက္ကရနှင့် ရသေ့ ဦးကောပိန်အား လက်ညှိုးနှင့်ထိုးလျက် . . .

" ဟဲ . . . ဟဲ . . . ဟဲ . . သတိထားကြပေါ့၊ လူမင်းနဲ့ လူဆိုးပေါက်စရာ။ ဓားပြဂိုဏ်းတွေ၊ လူဆိုးဂိုဏ်းတွေကြောက်ရတဲ့ သျှောင်ပေစူးဘိုးတော်ဆိုတာ ဒါပဲကွ၊ ဇင်းကျိုက်ရသေ့ ယောင်ဆောင်ပြီး ဝရမ်းပြေးလုပ်နေတဲ့လုပ်ရပ်က မင်းနှုတ်ထွက်ပြီး ဇသာန်းဂါတ်မှာအဖမ်းခံပါ လူဆိုးပေါက်စ၊ ဦးဇင်းက္ကရလို့ ဘွဲ့ခံထားတဲ့ တစ်ကိုယ်တော် ဓားလူမင်းလဲ ခင်းလက်ထဲကဓား ငါ့ကိုအပ်ပါ မင်းတို့ရဲ့ ရာဇဝတ်မှုစာရင်း အပြည့်အစုံနဲ့ သက်သေအထောက်အထား ငါ့မှာရှိတယ်။ ဇင်းကျိုက်က တလဲကွင်းမုဒိမ်းမှုပါ ငါသိထားတယ်။ မင်းတို့ဂိုဏ်းချုပ်ဖြစ်တဲ့ သံခွာနက်ဂိုဏ်းချုပ်လဲ ပြောလိုက်ကွာ၊ သျှောင်ပေစူးဘိုးတော်ဟာ ကျမ်းကိုင်ပြီးလာပြီလို့"

ကျွန်ုပ်နှင့်တကွ လူအားလုံးသည် အံ့အားသင့်လျက်ရှိပေ၏။ လူဆိုးပေါက်စနှင့် လူမင်းအမည်ခံတို့သည် အလွန်တုန်လှုပ်လျက်ရှိပေ၏။ ချွေးသီးချွေးပေါက်များကျလျက် ၎င်းတို့၏ သင်္ကန်းဝတ်နှင့် ရသေ့ဝတ်ကိုခွာလိုက်ရာ အထဲမှာလူကဲ့သို့ ဝတ်စားဆင်ယင်ထားသည်ကို တွေ့ရလေသည်။ ရသေ့ဝတ်နှင့် ရဟန်းဝတ်တို့ အဝတ်များ လဲနေသည်ကို တွေ့ရှိရသောကြောင့် ဘုရားပေါ်မှ



ဘုရားဖူးတို့သည် ဝိုင်းအုံကြည့်ရှုကြလေ၏။

လူဆိုးပေါက်စနှင့် လူမင်းတို့သည် သျှောင်ပေစူးဘိုးတော်အား ထိုင်၍ရှိခိုးကြလေ၏။ ဓားလူမင်းခေါ် ရဟန်းဝတ်သည်လည်း ၎င်း၏သင်္ကန်းကြားမှ ဖွက်ထားသော တစ်ဆယ့်နှစ်လက်မခန့် ရှည်သော ဓားရှည်ငယ်တစ်ခုကို ထုတ်ပေးလေ၏။

" အေး . . . အေး . . . သွားအဖမ်းခံကြ၊ ကြားလား၊ ထွက်ပြေးရင်တော့ မင်းတို့ဟာ သွားရာလမ်းမှာ မှောက်ခုံလဲလိမ့်မယ် "

" ဟုတ်ကဲ့ . . . အဖမ်းခံပါ့မယ် ဆရာကြီး၊ ကျွန်တော်တို့ တကယ့် သျှောင်ပေစူးဘိုးတော်မှန်းမသိလို့ ပညာစမ်းမိတာပါ၊ သိရင် မစမ်းဝံ့ပါဘူးဗျာ၊ ကျွန်တော်တို့ ဂိုဏ်းချုပ်ကြီးဆီလဲ အကြောင်းကြားပါ့မယ်၊ သွားရင်မှောက်ခုံတော့ မလဲပါရစေနဲ့ ဆရာကြီး "

လူဆိုးနှစ်ဦးသည် တုန်တုန်ယင်ယင်နှင့် ပြောဆိုပေ၏။

" အေး . . . အေး . . . ကောင်းကောင်းမွန်မွန် တန်းတန်းမတ်မတ် ဂါတ်ထဲကိုသွားကြ "

" ကိုင်း . . . ကျုပ်လဲ သွားမယ် "

သျှောင်ပေစူးဘိုးတော်အမည်ခံ လူထွားကြီးသည် ၎င်း၏ အိတ်အတွင်းမှ ဂေါ်ရခါးစစ်သုံးဦးထုပ်ကိုဆောင်းလျက် မည်သူ့အားမျှလှည့်မကြည့်ဘဲ သွေးဆေးကန်မုခ်ဘက် ဆင်းသွားလေတော့၏။

လူစုကြီးသည် ထွက်သွားသော သျှောင်ပေစူးဘိုးတော်၏ ကျောပြင်ကြီးကိုကြည့်ကာ ငိုင်လျက်သား ကျန်ရစ်ခဲ့ကြပေ၏။

www.burmeseclassic.com

www.burmeseclassic.com



မစ္စတာပေါလ်သည် သစ်ကိုင်းလွတ်သွားသော ငှက်ကြီးဝန်ပိုပမာ စိတ်ပျက်ညည်းညူလျှက် . . .

" ကျုပ်မျက်မှန် ပျောက်သွားပြီဗျာ၊ ဒုက္ခပါပဲ၊ ကျုပ် 'ခွေး' အော့ပတစ်ကိုး ကုမ္ပဏီက စပါယ်ရှယ် အော်ဒါ မှာထားရတာ "

" အိုင်ဆေး . . . မစ္စတာ ပေါလ်၊ ပျောက်တာနောက်မှရှာ၊ အခု မှောင်လာပြီ၊ တော်ကြာ ဘုရားပုလိပ်တွေ ကျုပ်တို့ကို ဆွဲလိမ့်မယ်၊ သွားကြရအောင် . . . "

ကျွန်ုပ်သည် စိတ်ပျက်လက်ပျက်ရှိသော မစ္စတာပေါလ်နှင့်အတူ အရှေ့ဘက်မုခ်မှ ဆင်းခဲ့လေတော့သည်။

* * *

## ၅၀၀ ကျပ်တန် ခါးပုံစဝတ်နည်း

ကျွန်ုပ်သည် သတင်းထောက်ဟောင်းတစ်ဦးဖြစ်သဖြင့် ကျွန်ုပ်၏အိမ်၌ သတင်းစာမျိုးစုံ အခမဲ့ရထားသော အခွင့်အရေးပိုင်ရှင်တစ်ဦးဖြစ်ပေရာ ယနေ့ထုတ် သတင်းစာတစ်စောင်ကို ဖတ်ရှုလျက်ရှိ၏။

ကျွန်ုပ်သည် စီးပွားရေးသတင်းစာကို အစအဆုံး အပြန်အလှန် ဖတ်ရှုလျက်ရှိရာ နောက်ကျောဘက်တစ်နေရာတွင် သတင်းတစ်ပုဒ်မှာ စီးပွားရေးကြော်ငြာ လူမှုရေးကြော်ငြာများကဲ့သို့ မဟုတ်ဘဲ ထူးဆန်းလျက်ရှိသဖြင့် သေချာလေးနက်စွာ ဖတ်ရှုမိလေရာ အောက်ပါအတိုင်း တွေ့ရလေသည်။

ယခုအခါ မြန်မာပြည်တွင် မြန်မာလူမျိုးများ ဝတ်စားဆင်

www.burmeseclassic.com

www.burmeseclassic.com



သော ခါးပုံစဝတ်နည်းမှာ ပပျောက်လျက်ရှိပြီးလျှင် ဘင်္ဂလားမှ ကုလားများ လာရောက်အလုပ်လုပ်စဉ် ဒိုတီဝတ်သော ဇေတဝါရီ ကုလားများ ဝတ်ဆင်သည့်အတိုင်း ခါးတွင် ခါးပုံစံမရှိဘဲ အုန်းမှုတ်ခွက် တပ်ထားသကဲ့သို့ ဝတ်ဆင်ကြလေရာ ကူလီလုပ်သား များ ဝတ်နည်းအတိုင်း ဝတ်သော ကျွန်ုပ်တို့ မြန်မာများသည် ကုလားကျွန်များ အဖြစ်သာ ရပ်တည်ရတော့မည်ကဲ့သို့ ရှိနေပေရာ ရှေးမြန်မာကြီးများ ဝတ်ဆင်သော နည်းရိုးအတိုင်း လုံချည်ကို ခါးပုံစဖြင့် ဝတ်နည်းအား အချိုးကျကျ သင်ကြားပေးနိုင်သူအား ဆုငွေအဖြစ် ကျပ် ၅၀ဝိ/ တိတိ ချီးမြှင့်မည် ဖြစ်ပါကြောင်း။

သခင်မျိုးမြန်မာကြီး

(   )ဘီ၊ လောင်းဝစ္စလမ်း

( အထက်ပါ လိပ်စာအတိုင်း ဆက်သွယ်ပါ )

ကျွန်ုပ်သည် ထိုကြော်ငြာဆန်းလေးကို အထူးပင် သဘောကျမိပေ၏။ ကြော်ငြာမှာ ထူးဆန်းသလိုရှိသော်လည်း ယနေ့ ကိုလိုနီလက်အောက်၌ ပုံစံအမျိုးမျိုးဖြစ်လျက်ရှိသော မြန်မာကြီးများကို တပ်လှန့်နိုးဆော်သည်နှင့် တူပေတော့ရာ အထူးပင်သဘောတွေ့လျက် တိုင်းတစ်ပါးကို အရမ်းမဲ့ အထင်ကြီးတတ်သော မြန်မာညံ့၊ မြန်မာဖျင်း များကြောင့် မိမိကိုယ်ပိုင်မှုပျောက်လျက် ကျွန်သပေါက်စာရင်းဝင်အနွယ်ပင် အမြစ်ပါပျောက်၍ လူမျိုး မပေါက်နိုင်ရတော့



သည့် အဖြစ်မျိုးသည်ကား မြန်မာတိုင်းအဖို့ ဆင်ခြင်အပ်သော အချင်းအရာပင် ဖြစ်သည်ဟု စဉ်းစားမိပေသည်။

ကျွန်ုပ်သည် သတင်းကြော်ငြာ၌ ပီတိဖြစ်နေစဉ် ကျွန်ုပ်၏ တပည့်မောင်ကံစီသည် ကျွန်ုပ်အားခေါ်ငင်လေ၏။

" ဆရာ . . . ဇည့်သည်တစ်ယောက်ကတွေ့ချင်လို့တဲ့ "

ကျွန်ုပ်သည် သတင်းစာကို ဖတ်လျက်မှ ရှုတ်တရက် ထလိုက်ပြီးလျှင် အိမ်ဝသို့ ကြည့်လိုက်ရာ ကျွန်ုပ်၏ အိမ်ဝ၌ ပုသိမ်ထီးအဖြူလေးကို ဆောင်းလျက်ရှိသော မိန်းမသားတစ်ဦးကို တွေ့ရလေသည်။ ကျွန်ုပ်လည်း ဇည့်ခန်းကုလားထိုင်တွင် ထိုင်၍ ထိုမိန်းမပျိုအားလည်း ထိုင်ပါရန်ပြောလိုက်လေရာ ထိုမိန်းမပျိုသည် ပုသိမ်ထီးဖြူလေးကို ပိတ်ကာ ဇည့်ခန်းတွင်းသို့ ကျုံ့ကျုံ့ယို့ယို့လေး ထိုင်လျက် မရဲတရဲမျက်နှာဖြင့် ကျွန်ုပ်အား ကြည့်လျက်ရှိပေ၏။ တပည့်ကျော် မောင်ကံစီက . . .

" အိမ်ရှေ့မှာ အကြာကြီးရပ်ပြီး ကြည့်နေတာ တွေ့လို့ မေးကြည့်တော့ ဆရာ့လိပ်စာကာဒ်ပြားပြတာနဲ့ ဒီအိမ်ပါပဲလို့ ကျွန်တော် ပြောလိုက်တယ်ဆရာ "

ကျွန်ုပ်သည် မိန်းမပျိုအား ကြည့်လျက်ရှိရာ အတော် ချောမောလှပကြောင်း တွေ့ရလေသည်။ မျက်ဖန်မျက်ဝန်းများ ပြည့်စုံလျက် ပါးအလယ်တည့်တည့်တွင် မိန်းမတစ်ရာလျှင် တစ်ယောက်တွေ့ရခဲသည့် ရှားပါးသော မှဲ့တစ်လုံးကို တွေ့ရလေသည်။ ကိုယ်လုံးကိုယ်ထည်မှာ ပြေပြစ် အချိုးအဆက်ကျပြီး မြင်သူတိုင်း ငေးရမည့် ရုပ်ရည်မျိုးဟု သတ်မှတ်နိုင်လေသည်။ ကျွန်ုပ်သည်

www.burmeseclassic.com

www.burmeseclassic.com



လည်းငေးမောမိပေရာ အမျိုးသမီးသည် မျက်လွှာချလိုက်လေသည်။ တပည့်ကျော် မောင်ကံစီသည် ကျွန်ုပ်၏ ပခုံးကို လက်ဖြင့် အသာတို့၍ သတိပေးဟန်ပြုမှ ကျွန်ုပ်သည် စာရွက်ပေါ်တွင် မင်အစိမ်းရောင်ဖြင့် ရေးသားထားသော စာတစ်စောင်ကို တွေ့ရပေသည်။ ကျွန်ုပ်လည်း လျင်မြန်စွာ ဖတ်ကြည့်ရာ အောက်ပါအတိုင်း ဖတ်ရှုရလေသည်။

မိတ်ဆွေကြီး ခင်ဗျား . . .

စိတ်ချယုံကြည်စွာဖြင့် ဤစာကိုရေး၍ ဤသူကို လွှတ်လိုက်ပါသည်။ လောကဤ အကြောင်းနှင့်အကျိုးသည် ညီညွတ်မျှတစေရန်မှာ လွန်စွာမှ ခဲယဉ်းသည့်အလျောက် ဤအကြောင်းနှင့်အကျိုး ညီညွတ်မျှတစေရန်မှာ မိတ်ဆွေကြီး၏ အကူအညီများစွာ လိုအပ်လှပေသောကြောင့် ဤစာလွှာဖြင့် မိတ်ဆွေကြီးကူညီရန် အထူးပန်ကြားလိုက်ပါသည်။

မိတ်ဆွေကြီး၏ ရှေ့၌ထိုင်နေသူ မိန်းမချောလေးအမည်မှာ မခင်နွယ်စိန် ဖြစ်လျက် အလွန်ကြွယ်ဝချမ်းသာသော ရေနံတွင်းစားကြီးဖြစ်သော ဦးဘမောင်နှင့် ဒေါ်ရွှေအေးတို့၏ သမီးဦးဖြစ်ပါသည်။ ၎င်း ခုနှစ်နှစ်သမီးအရွယ်တွင် တွင်းစားကြီးအိမ်ကို ဓားပြခေါင်းဆောင်မိုးမဲနှင့် တပည့်ခုနှစ်ဦးတို့သည် (၁၂၇၉ - ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ည၊ သန်းခေါင်ယံတွင် ) ဓားပြတိုက်ကြပြီး လျှင် ရွှေ ငွေ လက်ဝတ်လက်စား အတွင်းပစ္စည်းများစွာကို ယူငင်သွားကြပြီး တွင်းစားကြီး ဦးဘမောင်အား လည်ပင်းကို ကြိုးကွင်းစွပ်



လျက် သတ်ဖြတ်ကာ ဒေါ်ရွှေအေးကိုလည်း ဓားမြှောင်ဖြင့် လည်ပင်းကို ထိုးသတ်လျက် အိမ်ရှိ သမီးနှစ်ယောက်အားလည်း မေ့မြောအောင် ရိုက်နှက်ရာ အငယ်ဖြစ်သော ခင်ရွှေအေးသည် ထိုဒဏ်ရာဖြင့် သေဆုံးသွားပါသည်။ သမီးဦးဖြစ်သော မခင်နွယ်စိန်သည်လည်း ၎င်းဒဏ်ရာဖြင့် စကားမပြောနိုင် ဆွံ့အလျက်သွားခဲ့ရာ မိတ်ဆွေကြီး၏ ရှေ့ရောက်နေသောသူမှာ ၎င်း မခင်နွယ်စိန် ဆိုသူ ဖြစ်ပါသည်။

မခင်နွယ်စိန်မှာ ထိုစဉ်မှစ၍ ကျောင်းမနေနိုင်ဘဲ၊ ၎င်း၏ကြီးတော်တော်စပ်သူဖြစ်သော ဒေါ်ထွေးစိန်က ဝါးခယ်မတွင် ၎င်းအား မွေးစားခဲ့ရာ ယခုတိုင်အောင်ပင် အရွယ်ရုပ်ရည်ရူပကာယ အလွန်ချောမောလှပသော်လည်း စကားပြောဆိုနိုင်ခြင်း မရှိသဖြင့် လောကဝဋ်ဒုက္ခကြောင့် ခင်ပွန်းကြီးမရနိုင်ဘဲရှိနေလေရာ ကျွန်ုပ်သည် ဝါးခယ်မတွင် ခေတ္တရောက်ခိုက် အကျိုးအကြောင်း ဆက်နွယ်မိသဖြင့် 'လောကသမ္ဘတ္တိ ဒုက္ခ ဘာသနော၊ ပိပ္ပယုတ္တာပစ္စယော ဟောတိ' ဟူသော လောက၏ ဒုက္ခတို့သည် ဒုက္ခဖြစ်စေတတ်သော အကျိုးအကြောင်းသတ္တိ အကျိုးဆက်ဖြစ်ပေသောကြောင့် ဤဒုက္ခအတွက် စိတ်ဆင်းရဲ မဖြစ်စေရန်နှင့် ၎င်း၏ရောဂါကို အာမခံ၍ ကျွန်ုပ် ကုသပေးမည့် အကြောင်းကို ကတိကဝတ် ပြုခဲ့ပေသည်။

၎င်းမိသားစုအား သတ်ဖြတ်ခဲ့သော ဓားပြခေါင်းဆောင် မိုးမဲဆိုသူအား ကျွန်ုပ် စုံစမ်းကြည့်ရာ ၎င်းသည်ပစ္စည်းကြွယ်ဝသော သူဌေးကြီးဘဝခံယူကာ ဇိမ်ယစ်လျက် ရှိကြောင်းသိရှိရပေသည်။ ၎င်း

www.burmeseclassic.com

www.burmeseclassic.com



အပြစ် မရရှိနိုင်ခြင်းသည်လည်း မြို့ပိုင်မင်းနှင့် ရာဇဝတ်အုပ်မင်းတို့သည် ၎င်း၏ဆရာရင်း ဖြစ်သောကြောင့်ဟု ထပ်မံသိရှိရပေသည်။ ထို့ကြောင့် ကျွန်ုပ်သည် ၎င်းတို့၏ အမှုအခင်းတို့ကို ဖော်ထုတ်ရန်ကြိုးစားလျက်ရှိစဉ် ၎င်းတို့သည် ကျွန်ုပ်စုံစမ်းလျက်ရှိကြောင်း သိရှိသွားကြ၍ ကျွန်ုပ်၏အသက်ကို တပည့်များစွာဖြင့် လုပ်ကြံကြလေသည်။ သို့သော် ကျွန်ုပ် အား ထိခိုက်မှုမရှိခဲ့ပေ။ ကောင်းကျိုးလုပ်သော်လည်း ဆိုးကျိုး ဖြစ်တတ်သည်ဟု ဆိုရိုးရှိသည့် စကားအတိုင်းပင် ဝါးခယ်မ၌ တွင်းစားကြီး ဦးဘမောင်နှင့် ဒေါ်ရွှေအေးတို့၏ သမီးအိမ်သို့ ကျွန်ုပ် အဝင်အထွက်ရှိသည်ကို ၎င်းတို့သည် သိရှိကြသည့် အားလျော်စွာ မခင်နွယ်စိန်ကိုပါ လုပ်ကြံရန် ကြိုးစားမည်ကဲ့သို့ရှိပေရာ ဝါးခယ်မမြို့၌ ၎င်း၏ ရောဂါကို ကုသပေးရန် ကျွန်ုပ်၏ အစီအစဉ်မှာ ဖြစ်မြောက်အောင်မြင်ခြင်းမရှိခဲ့ပေ။ သို့အတွက် ရန်ကုန်မြို့သို့ ကျွန်ုပ်သည် စီစဉ်ခေါ်ငင်ခဲ့ပေရာ ကျွန်ုပ်အား မျက်ခြည်မပြတ် လိုက်လံချောင်းမြောင်းနေကြသော ၎င်းဓားမြ ဂိုဏ်းသားလူဆိုးများသည် ရန်ကုန်မြို့ရှိ ကျွန်ုပ်တည်းခိုရာ ဆိပ်ကမ်းသာလမ်းသို့ပင် ကျွန်ုပ်အား တက်ရောက်လုပ်ကြံကြပြန်သည်။ ကျွန်ုပ် အနေဖြင့်မူ ရှောင်တိမ်းသာသော်လည်း မခင်နွယ်စိန်တည်းခိုရာ ဘုန်းကြီးလမ်း၊ အိမ်အမှတ် (. . .) မှာလည်း ရုတ်တရက် ဝင်ရောက်နှောင့်ယှက်ခြင်းခံရသဖြင့် ကျွန်ုပ်သည် တာဝန်ရှိနေသူဖြစ်သည့် အားလျော်စွာ မခင်နွယ်စိန်အတွက် စိတ်မချနိုင်ဘဲ မိတ်ဆွေကြီးထံ အားကိုးကြီးစွာဖြင့် လွှတ်လိုက်ပါ



သည်။

၎င်းသည် ဆွံ့အနေသူဖြစ်သည့်အတွက် စကားပြောဆိုနိုင်ရန် စာရွက်ပေါ်တွင် စာရေး၍ ပြောပြလိမ့်မည်။ မိတ်ဆွေကြီး၏ အိမ်တွင် ခေတ္တတည်းခိုခွင့်ပြုပါရန်နှင့် ကျွန်ုပ်သည် ၎င်းအား လာရောက် ဆေးကုပြီးသောအခါတွင်မူ ၎င်းသည် ၎င်း၏ကြီးတော်က အမျိုးများရှိရာ ဝါးခယ်မသို့ ပြန်ပါလိမ့်မည်။ ၎င်းကြီးတော်က မခင်နွယ်စိန်အား လိုက်မပို့နိုင်ခြင်းမှာလည်း ၎င်းဓားပြဂိုဏ်း လက်ချက်ကြောင့် မျက်စိနှစ်စုံမှာ အလင်းမရရှိဘဲ ဖြစ်လျက်ရှိသောကြောင့် ဖြစ်ပါသည်။

သို့အတွက် 'လောကနာထော၊ ဘူတေသိ၊ သိစ္စနာမကာမွှ မိစ္စံလိတ္တံ ခုဒ္ဒဘော' ဟူသော စကားအရ လောက၌ မသင့်လျော်သောကိစ္စသည် အကျိုးအကြောင်းမဆီလျော်ဟူသော ကိစ္စကဲ့သို့ ဖြစ်ပါသောကြောင့် 'ကုသိုလ်ကမ္မံ အညစ္လုသိဒ္ဒဘော' ဟူသော သဘောအတိုင်း ကုသိုလ်အကျိုးအကြောင်းသည် ဆက်ခြင်းအား လျော်စွာ ဟူသောအတိုင်း အကြောင်းဆက်၍ ကူညီသမှုပြုပါရန် အနူးအညွတ် တောင်းပန်ပါသည်။

ကျွန်ုပ် လာရောက်မည့်အချိန်မှာ ညဉ့်သန်းခေါင်ယံ ကျော်ကျော်ဖြစ်၍ မိတ်ဆွေကြီး၏ အိမ်ကို တံခါးသုံးချက်ခေါက်၍ လက်ဖြင့် သုံးချက်ခြစ်ပါမည်။ မိတ်ဆွေကြီး လေချွန်သံပေးက ကျွန်ုပ်သည် 'ကျွန်ုပ်' ပါဟူ၍ ပြောဆိုပါမည်။ ဤအချက်များ ပြည့်စုံပါက တံခါးဖွင့်ပေးပါ။ ကျွန်ုပ်သည် ကျွန်ုပ်၏ လူနာဖြစ်သော 'မခင်နွယ်စိန်'အား ဆေးကုသမှုကို ပြုပေး၍ မိတ်ဆွေကြီးရှေ့မှောက်

www.burmeseclassic.com

www.burmeseclassic.com



၌ပင် မခင်နွယ်စိန် သည် ပကတိလူကောင်းဖြစ်၍ စကားပြောဆိုနိုင်ကြောင်း တွေ့ရကာ ကျွန်ုပ်တို့ မြန်မာလူမျိုး၌ ရှိဘိသော 'နေလသဒ္ဒါရ ဘုဥ္စည်း' ဆေးပညာကို မိတ်ဆွေကြီး မြင်တွေ့ရပါလိမ့်မည်။

'သတ္တဝါကိုကယ်ခြင်းကို ကောင်းကင်က ကောင်းချီးပေးသည်' ဟူသော သိုးဆောင်း စကားပုံအရ မိတ်ဆွေကြီးအနေဖြင့် သတ္တဝါတစ်ခုကို အကြောင်းဆုံခိုက် ကယ်ပါရန် အနူးအညွတ်တောင်းပန်ပါသည်။

ကျွန်ုပ်သည် မိတ်ဆွေကြီးနှင့် မရင်းနှီးဖူးသော ရင်းနှီးခြင်းရှိသည့် 'သျှောင်ပေစူး ဘိုးတော်' ပင်ဖြစ်ပါသည်။

သျှောင်ပေစူး

ဤသို့ဖြင့် စကားမပြောနိုင်သော မခင်နွယ်စိန်သည် ကျွန်ုပ်၏ အိမ်၌ အိမ်သားပမာနေထိုင်ခဲ့ရာ ငါးရက်မြောက်လာလေသည်။ ၎င်းအား ကုသပေးမည့် သျှောင်ပေစူးဘိုးတော်ကို ကျွန်ုပ်စောင့်ဆိုင်းလာသည်မှာလည်း ငါးရက်ပင် မြောက်လာသော်လည်း မည်သို့မျှ ထူးခြားသည့်အရိပ်အရောင်ကို မတွေ့ရှိရပေရာ ကြွက်သားပေါင်းချက်နှင့် ဆယ့်နှစ်မျိုးဟင်းချို အချက်ကောင်းလှသော မခင်နွယ်စိန်သည် ကျွန်ုပ်၏ အိမ်သားတစ်ဦးအဖြစ် ထာဝရရှိလျှင် ကောင်းပေစွဟု ကျွန်ုပ်သည် စိတ်ကူးယဉ်၍ ဆိုးရွားသော အတွေးများပင် ဝင်ရောက်၍လာလေသည်။ သို့သော် 'မတော်လျှင် ဆင်ခြင်၊ တော်လျှင် ဝင်' ဟူသော စကားအရ မိမိအိမ်သို့ ရောက်နေသော



ဒုက္ခသည်၏ အလှအပနှင့် စိတ်ကူးယဉ်တွေးတောကာ မနေသင့်ကြောင်း သဘောပေါက်မိသည့်အလျောက် ကျွန်ုပ်သည် ကျွန်ုပ်၏ စိတ်ကူးယဉ်မှုကို မျိုသိပ်လိုက်ရပေသည်။ ထို့ပြင် မည်သို့ ကွယ်ဝှက်သော အကြောင်းအကျိုးများ ဆင့်ကဲရှိမည်ကို ခန့်မှန်း၍ မရနိုင်သော သျှောင်ပေစူး ဘိုးတော်၏ ပဟေဠိ တစ်ကွက်လည်း ဖြစ်နိုင်သည့်အတွက် ကျွန်ုပ်၏ စိတ်ဆင်ရိုင်းတို့ကို ချွန်းပိုင်းဖြင့်သာ အသာနှိပ်ကွပ်လိုက်လေတော့သည်။ မခင်နွယ်စိန်သည် ဒဂုန်မဂ္ဂဇင်းကို ဖတ်လျက်ရှိပြီးလျှင် သမ်းဝေလျက်ရှိပေ၏။ ကျွန်ုပ်၏ တပည့်ကျော် မောင်ကံစီလည်း ကျွန်ုပ်ထိုင်နေရာ ပက်လက်ကုလားထိုင်ဘေးတွင်ထိုင်လျက် မကြာခဏ ခေါင်းတဆတ်ဆတ်ဖြစ်ကာ ငိုက်မျဉ်းလျက်ရှိပေ၏၊ "မခင်နွယ်စိန်အိပ်ရာမဝင်မချင်း ဝင်မအိပ်ရ" ဟု ကျွန်ုပ်ကအမိန့်ထုတ်ထားသောကြောင့် ဖြစ်ပေ၏။

ကျွန်ုပ်တို့ ထိုင်လျက်ရှိသော အချိန်မှာ ညဉ့် ဆယ့်တစ်နာရီကျော်ကျော်ခန့်ရှိနေပြီဖြစ်သဖြင့် ခပ်စောစော အိပ်ရာဝင်တတ်ကြသော ကျွန်ုပ်တို့ ရပ်ကွက်တွင်း၌ မှောင်မိုက်လျက် ရှိပေသည်။ နတ်တော်၊ ပြာသိုလဆန်းရက်ဖြစ်သဖြင့်လည်း ဆီးနှင်းများ ယိုကျလျက်ရှိပြီးလျှင် ပတ်ဝန်းကျင်မှာ ချမ်းစိမ့်လျက်ရှိပေသည်။ ကျွန်ုပ်သည် ဝတ္တရားရှိသည့်အတိုင်း ညဉ့်ဆယ့်နှစ်နာရီအထိ စောင့်ဆိုင်းလျက်ရှိပြီးလျှင် ဆယ့်နှစ်နာရီကျော်မှ အိပ်ရာသို့ဝင်လေသည်။ ကျွန်ုပ်သည် ကျွန်ုပ်၏ ဓလေ့ထုံးစံအတိုင်း ညဉ့်အိပ်ရာဝင်ခါနီးတွင် နို့ပျစ်ပျစ်တစ်ခွက်နှင့် ကြက်ဥထောပတ်ကြော်ကို စားသုံးလျက်ရှိပေ၏။ ကျွန်ုပ်သည် လက်မှ ဆွစ်လုပ်ရိုးမားနာရီလေးကို ကြည့်လိုက်ရာ

www.burmeseclassic.com

www.burmeseclassic.com



ဆယ့်နှစ်နာရီကျော်ပင်ရှိပြီ ဖြစ်လေသည်။ ကျွန်ုပ်သည် အိပ်ရန်အတွက် ပြင်ဆင်မည်ဟု မတ်တတ်ရပ်လိုက်စဉ်တွင်ပင် ကျွန်ုပ်၏ အိမ်ကျွန်းသားတံခါးမကြီးမှ တံခါးခေါက်သံ သုံးချက်ခေါက်လိုက်ပြီးလျှင် တံခါးအား သုံးချက်ခြစ်သံကို ကြားလိုက်ရပေသည်။

ထို့ကြောင့်ကျွန်ုပ်သည် လေချွန်သံပေးလိုက်ရာ

" ကျွန်ုပ် ပါ "

ဟူ၍ အသံသြသြဖြင့် ထူးသံထွက်ပေါ်လာလေ၏။ ကျွန်ုပ်သည် တပည့်ကျော် မောင်တံစီအားခေါ်၍ တံခါးဖွင့်ခိုင်းလေ၏။ မောင်တံစီ တံခါးဖွင့်ပြီးသည်နှင့် ကျွန်ုပ်အိမ်ထဲသို့ အလွန်အရပ်မြင့် ထွားကျိုင်းသော လူကြီးသည် သက္ကလတ်ဦးထုပ်အနက်၊ ကုတ်အကျႌအနက်၊ ဘောင်းဘီအနက် ဝတ်ကာ လက်ဆွဲအိတ်ကြီးတစ်လုံးကို ကိုင်လျက် ရှူးဖိနပ်စီးကာ ဝင်လာလေသည်။ ထိုသော် သက္ကလတ်ဦးထုပ်အား ခေါင်းငိုက်စိုက် ဆောင်းထားသဖြင့် ၎င်း၏မျက်နှာအား သဲကွဲစွာ ရုတ်တရက် မမြင်ရပေ။ ၎င်း၏နောက်မှလည်း အနက်ရောင်ဝတ်စုံကို ဥရောပသားများဝတ်ဆင်ထားသည့်အတိုင်း ဝတ်ထားသည့် အရပ်ရှည်ရှည်လူနှစ်ဦး ပါလာလေသည်။ ၎င်း တို့သည်လည်း သက္ကလတ်ဦးထုပ်အနက်ကို ခေါင်းငိုက်စိုက်ဆောင်းထားပြီးလျှင် မျက်နှာများသည် အဝတ်နက်များ စည်းထားကြလေသည်။ အနောက်တိုင်း ဝတ်စုံအနက်ကို သေသပ်စွာ ဝတ်ဆင်ထားသော လူထွားကြီးသည် ရုတ်တရက် အံ့သြသင့်စွာဖြင့် ရပ်ကြည့်လျက်ရှိသော ကျွန်ုပ်၏ လက်ကို အားပါးတရ ဆွဲကိုင်ညှစ်ကာ . . .



" ကျုပ် သျှောင်ပေစူး ဘိုးတော်ပါဗျ၊ ဖဦးထုပ်နဲ့ မဖိုးဘဲ ဘကုန်းနဲ့ဘိုးတဲ့ ဘိုးတော်ပါ၊ ခင်ဗျား အံ့သြသင့်နေတယ် ထင်တယ်၊ အရင်ရက်တွေတည်းကလာမလို့ဟာ ရှောင်တိမ်းနေရတာနဲ့ပဲဗျ "

ကျွန်ုပ်ကဲ့သို့ပင် မခင်နွယ်စိန်သည်လည်း အံ့သြသင့်လျက်ရှိပြီးလျှင် ကြောက်ရွံ့ ထိတ်လန့်စိတ်များ ဝင်လျက်ရှိသည်ကို မခင်နွယ်စိန်၏ မျက်နှာအမူအရာက သက်သေခံလျက်ရှိပေသည်။

" ညီမ မခင်နွယ်စိန် ကျုပ် သျှောင်ပေစူးဘိုးတော်ပါ၊ အသံမကျက်မိဘူးလား၊ ရုပ်ဖျက်ပြီးလာရလို့ မမှတ်မိတာပါ၊ မင်းရောဂါ ကုကြရအောင် "

သျှောင်ပေစူးဘိုးတော်သည် လက်အိတ်များကို စွပ်ပြီးလျှင် ကျွန်ုပ်အား အကူအညီတစ်ခုတောင်းလေသည်။ ကျွန်ုပ်သည် တပည့်မောင်တံစီအား ကျွန်ုပ်အိမ်၏ နောက်ဘေးဆောင်တွင် စာအုပ်များ စီတင်ထားသည့် စားပွဲရှည်ကြီးတစ်ခုကို ယူဆောင်လာစေ၏။ စားပွဲရှည်ကြီးရောက်လာလျှင် သျှောင်ပေစူးဘိုးတော်၏ တပည့်နှစ်ဦးသည် ပိတ်ဖြူရှည်ကြီးတစ်ခုကို ခင်းလိုက်ပြီးလျှင် အိတ်ထဲမှ ထုတ်ယူထားသော ပစ္စည်းများကို နေရာတကျ အစီအစဉ်လိုက်ခွဲထားလေ၏။ ပစ္စည်းများကို ကျွန်ုပ် လှေလာကြည့်ရာ ပုံသဏ္ဌာန်မတူသော ဓားချောင်းလေးချောင်း၊ ဓားချွန်ပုံသဏ္ဌာန်ရှိ ဝါးချွန်အချောင်းလေးချောင်း၊ မည်းမည်းအတုံးလေးတုံး၊ အိတ်ရှည်ကြီးတစ်ခုနှင့် ဝက်ရုပ်နှစ်ရုပ်နှင့် သတ္တဝါတစ်ခုခု၏ အမြီးနှင့်အခြားအခြားသော တိုလီမုတ်စ ပစ္စည်း အတိုအထွာလေးများပင် ဖြစ်ပေသည်။ အိတ်ရှည်ကြီးမှာ တစ်တောင်သာသာခန့် ရှည်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် ဟောင်းနွမ်း ကြေပျက်နေပုံရသော ရှေးစာဟောင်းများ ရေးထားသည့် ပေလိုလို ပုရပိုက်မူလိုလို တစ်ခုကိုလည်း တွေ့ရသေးသည်။ ဆေးထည့်ထားသည်ဟု ယူဆရသော ဖန်ပုလင်းအသေးငါးလုံးနှင့် ဘုန်းတော်ကြီးကျောင်းများတွင် ဆွမ်းအုပ်ပို့ရာ၌ အသုံးပြုသော ရှေးဆွမ်းအုပ်ပုံသဏ္ဌာန်ရှိ ယွန်းထည်အစ်လေးလုံးခန့်လည်း တွေ့ရလေသည်။

ကျွန်ုပ်သည် မြန်မာဝိဇ္ဇာဆရာအမျိုးမျိုးကို တွေ့ဖူးသော်လည်း ဤကဲ့သို့ ထူးဆန်းသောပစ္စည်းများကို ကိုင်ဆောင်ထားခြင်းမျိုး မတွေ့ဖူးပေ။

သျှောင်ပေစူးဘိုးတော်သည် ကျွန်ုပ်အိမ်၏ ခေါင်မိုးသို့ စိုက်ကြည့်ပြီးနောက် နာရီကို ဖြုတ်ယူကြည့်လိုက်ရာ ၎င်းကြည့်သော နာရီလေးမှာ အင်္ဂလန်ပြည်လုပ် ကြက်တံဆိပ်သောနာရီဖြစ်ပြီးလျှင် ရှားပါးပြီး အဖိုးတန်လှသော အိပ်ဆောင်နာရီလေးဖြစ်သည်ကို တွေ့ရလေသည်။

၎င်းနောက် တပည့်တစ်ဦးအား ပြောလိုက်လေသည်။

" စန်းပေါ်လာဂ်ရောက် ဂြိုဟ်သက်ပေါက်ပြီလား မောင်ဘခက် "

မောင်ဘခက်ဟု ယူဆရသော တပည့်သည် ရုတ်ခြည်းထ၍ ကျွန်ုပ်၏ အိမ်တံခါးမကြီးကိုတွန်းဖွင့်လျှက် လမ်းပေါ်သို့ပြေးထွက်သွားလေ၏။ ထို့နောက် ခပ်သွက်သွက် ပြေးလာလေ၏။

" ယနေ့ ၁၃၂၀-ခု၊ နယုန်လဆန်း ၈-ရက်၊ အင်္ဂါနေ့ညသန်းခေါင်ကျော် နှစ်မောင်းတီတီပဲဆရာ၊ မိတ်ပြေးစန်းယုံ၊ ခပုံဂျော်



ဂ်ပေါ်စန်းရောက် ဆေးသက်ရောက်ချိန်ပါ ဆရာကြီး"

" အေး . . . ကောင်းတယ် "

သျှောင်ပေစူးဘိုးတော်သည် ဆွံ့အနေသူလေး ခေင်နွယ်စိန်အား သနားကရုဏာပြည့်သက်သော မျက်လုံးအစုံနှင့် ကြည့်လိုက်လေ၏။ သျှောင်ပေစူး ဘိုးတော်၏ ကြည့်နည်းမှာ ထူးခြားသော ကြည့်နည်းဖြစ်ပေရာ စိတ်ပညာ အသင့်အတင့် လိုက်စားဖူးသော ကျွန်ုပ်သည် နားလည်ရခက်ခဲသော ကြည့်နည်းမျိုးပင်ဖြစ်သည်ဟုဆိုရန်မှတပါး ထို့ထက် ကျွန်ုပ်သည် ဖော်ထုတ်ရေးပြနိုင်စွမ်းမရှိပါပေ။

ကျွန်ုပ်သည် လွန်စွာ အံ့အားသင့်လျှက်ရှိပေ၏။ မြန်မာ့ဆေးပညာသည် ခွဲစိတ်ကုသသော ပညာရပ်မဟုတ်ဘဲ စတုဓေါသ၊ ဘြိ၊ မလ စသည့် သဘာဝမဟာဘုတ်တိုင်များဖြင့်သာ ကုသသော ပညာဖြစ်ပြီးလျှင် ခွဲစိတ်ကုသခြင်း အတတ်သည် အနောက်တိုင်းဆေးပညာဟုသာ နားလည်ထားသဖြင့် နေလသဒ္ဒါရ ဘုဋ္ဌဦးဆေးပညာအရခွဲစိတ်မည်ဟု ဆိုလိုက်သဖြင့် ကျွန်ုပ်သည် လွန်စွာအံ့အားသင့်လျှက်ရှိပေ၏။ သျှောင်ပေစူး ဘိုးတော်သည် ကျွန်ုပ် အံ့အားသင့်နေသည်ကို ရိပ်မိဟန်လက္ခဏာဖြင့် . . .

" အံ့ဩနေသလား ကိုသိမ်းမောင်၊ မြန်မာ့ဆေးအတတ်မှာ ဒီကဈွာ ကုထုံးခေါ်တဲ့ ခွဲစိတ်နည်းပညာရှိတယ်ဗျာ၊ ခင်ဗျား ဇီဝက ဆရာကြီးကို ကြားဖူးသလား "

ကျွန်ုပ်သည် ပြန်လှန်ပြောဆိုခြင်းမပြုဘဲ ခေါင်းညိတ်၍သာ ပြလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



" ဇီဝကဆရာကြီးဟာ ဆံပင်တစ်ချည်ကိုတောင် ခုနစ်စိ
ခွဲနိုင်တယ်ဗျ၊ အဲဒါ တကယ့်စာဆိုအရထင်ရှားခဲ့တာ၊ လွန်ခဲ့တ
နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်က ပညာတွေပေါ့၊ ဘယ်လောက်
တန်ဖိုးရှိလဲ၊ အခုလူတွေက ရှေးလူတွေမမီတော့ ယုံတမ်းစကား
ပုံပြင်၊ ဒဏ္ဍာရီတွေ ဖြစ်နေပြီဗျ၊ အဲ့ဒီ ဇီဝကဆရာကြီး တတ်မြောက်
ထားတဲ့ပညာတွေကို ကျုပ်လိုက်စားခဲ့တာ အနှစ်နှစ်ဆယ်ကျော်ပြီ
ဆရာကြီးဇီဝကရဲ့ပညာအပုံတစ်ထောင်ပုံထဲက တစ်ပုံပေါ့ဗျာ၊ ကျု
ရထားတဲ့ တစ်ပုံသောပညာပေါ့ . . ၊ ကဲ . . လူပ်ငန်းစကြရအောင်

သျှောင်ပေစူးဘိုးတော်သည် စားပွဲရှည်ပေါ်မှ လူနာ
မခင်နွယ်စိန်အား တစ်ချက်ကြည့်ပြီးလျှင် ဝမ်းလျားထိုးမှောက်ခို
လိုက်၏။

ကျွန်ုပ်သည် အလွန်လှပသော မခင်နွယ်စိန်၏ အလှအ
လွန်လျှက်ရှိသော ကိုယ်ကာယအလှအပကို သျှောင်ပေစူးဘိုးတေ
၏ နေလသဒ္ဒါရဘုဥ်းဆေးပညာ၏ သမိုင်းစဉ်တွင် နှစ်မြ
ဖစ်လိုက်ရပေ၏။ ထိုအလှအပကို ကျွန်ုပ်သည်ရေးဖွဲ့ရန် မလိုအ
တော့ပါပေ။ အကယ်၍ ရေးဖွဲ့ရမည်ဆိုပါကလည်း ကလောင်လ
တွန့်၊ နောက်မရွံ့ပဲ၊ ပျို့ခင်းဆံမောက်၊ အလှအထောက်အကူကျ
တစ်ဆူ ဖြစ်လောက်ပေသည်ဟု မှတ်ယူမိပေသည်။

သျှောင်ပေစူးဘိုးတော်သည် ဝမ်းလျားထိုးမှောက်လျှ
သားရှိနေသော မခင်နွယ်စိန်၏ ကျောပြင်ကို လက်ဖြင့် နှိပ်ကြ
လိုက်၏။ ထို့နောက် ဘယ်လက်ဝါးနှင့် ညာလက်ဝါးကိုလှန်၍ လ
ထိပ်ဖျားကို လက်ဖြင့်နှိပ်ကြည့်ပြီးလျှင် ခြေဖနောင့်နှစ်ဖက်နှင့်



ချောင်းများကိုလည်း လက်ဖြင့် စမ်းသပ်ကြည့်ပြီး . . .

" ကောင်းတဲ့ . . . အနေအထားပဲ၊ နက္ခတ်တိုက်၊ သွေး
ကြိုက်၊ ချိန်ကိုက် ခွဲစိတ်၊ မတ်သားပိတ်၍၊ သွေးချိတ်ကြောညှင်း၊
မျောက်သားတွင်းသည်၊ ဖော်ညွှန်းအဆောင်မလို . . တဲ့ . . . ၊
ပဥ္စလောနီဟာ ဆရာရသေ့ ပေအညွှန်းအတိုင်းပဲ . . . "

ပြောပြောဆိုဆိုပင် သျှောင်ပေစူး ဘိုးတော်သည် အလွန်
နုနယ်လှပသော မခင်နွယ်စိန်၏ ကျောပြင်ကြီးကို အလွန် သေးနုပ်
ထက်မြက်သော ဓားဦးချွန်ဖြင့် ထိုးခွဲလျက် ခါးရိုးအထိ နှမ်းစိတ်
တစ်စိတ်သာသာခန့်မျှစိုက်ပြီးလျှင် တောက်လျှောက်ခွဲချလိုက်ပေ၏။
ဘယ်လက်ပြင်နှင့် ညာလက်ပြင်မှ ကျောရိုးမျှော့ချောင်းသို့ အင်္ဂလိပ်
စာလုံး ဗွီ (V) ပုံသဏ္ဍာန် ခွဲလိုက်လေ၏။ သွေးများသည်စိမ့်လျက်
ကျောပြင်တစ်လျှောက် ထွက်လာလေသည်။

" မောင်အခက်၊ ဆရာ့ကို 'ချိတ်ဆေးတစ်ဖုံ' ပေးစမ်း "

" ဟုတ်ကဲ့ ဆရာကြီး "

အညိုရောင်ရှိသော ဆေးခဲတုံးအချို့ကို ခွဲထားသော
သမ်းကြောင်းထဲသို့ သိပ်ထည့်ပေးနေသည့် သျှောင်ပေစူးဘိုးတော်
အားကြည့်ကာ ကျွန်ုပ်သည် အသည်းယားနေမိ၏။ သျှောင်ပေစူး
ဘိုးတော်သည် စိတ်အေးလက်အေးရှိလှပေသည်မှာ ကျွန်ုပ် အဖို့
အံ့သြဖွယ်ရာ ဖြစ်သည်။

" မောင်ဘိုးတို့ . . ၊ ပုဏ္ဏရိတ် ဆေးဒါန်းညို ပေးစမ်း . .
ကွာ . . . "

" ဟုတ်ကဲ့ ဆရာကြီး "

www.burmeseclassic.com

www.burmeseclassic.com



အနီဆေးမှုန့်အချို့ကို ကျွန်ုပ် တွေ့ရလေသည်။ သျှောင်ပေစူးဘိုးတော်သည် အနီရောင် ဆေးမှုန့်တို့ကို ခွဲစိတ်ထား သော ခွဲကြောင်းတစ်လျှောက် ဖြူးပေးလေသည်။ ကျွန်ုပ်အဖို့ လွန် စွာ အံ့ဩဖွယ်ရာ အကြောင်းတစ်ရပ်ကို တွေ့ရပြန်လေသည်။ ၎င်း အကြောင်းမှာ သွေးထွက်နေသောခွဲကြောင်း၌ သွေးများ လုံး တိတ်သွားသည့် အချက်ပင် ဖြစ်ပေသည်။ ထို့ထက် ထူးခြားသည်ကား အောက်မှခွဲစိတ်ခံနေရသည့် မခင်နွယ်စိန်၏ အော်သံ ညည်းသံမျာ လုံးဝမကြားရဘဲ၊ လုံးဝပကတိ ငြိမ်သက်နေသည့် အချက်ပင်ဖြစ်ပေ သည်။ သျှောင်ပေစူးဘိုးတော် ခွဲစိတ်ခြင်း၊ ဆေးသွင်းခြင်း၊ ဆေးတ ခြင်းသည် စုစုပေါင်းအားဖြင့် တစ်ဆယ့်ငါးမိနစ်သာ ကြာသည်ကို အချိန်မှတ်သားထားသော ကျွန်ုပ်အဖို့ သိရှိရပေသည်။

" ကဲ . . . သမီး . . . မခင်နွယ်စိန် . . . ထ . . တော့ . . မင်းရောဂါတစ်ဝက် ကောင်းသွားပြီ . . . "

အလွန်သာယာဖွယ်ကောင်းသော အသံဖြင့် သျှောင်ပေ ဘိုးတော်သည် သမီးဟူသော အသုံးအနှုန်းဖြင့် ဖခင်တစ်ဦးက သမီးရင်းသွေးအား ကြင်နာစွာဆိုသည့် အမူအရာဖြင့် ဆိုလိုက်ရ အောက်မှ မခင်နွယ်စိန်သည် လူးလွန့်လာပေသည်။ သျှောင်ပေ ဘိုးတော်၏ တပည့်နှစ်ဦးလည်း ပစ္စည်းများကို သိမ်းဆည် လေသည်။ မခင်နွယ်စိန်၏ကျော၌ မည်းမည်းအစင်းကြောင် ကြီးနှစ်ကြောင်းသာ ဖြူနုသောအသားရောင်တွင် ထင်းထင်းထ လျှက် ရှိပေသည်။

" ဒီဒဏ်ရာဒဏ်ချက် အမာရွတ်တွေ မကျန်ပါဘူး၊ ခင်ဗျ



ဒီဒဏ်ရာအတွက် တွေးနေတယ်ထင်တယ်၊ ဒီထက်အံ့ဩဖို့ကောင်း တာက အခု မခင်နွယ်စိန်ဟာ စကားစတင် ပြောဆိုနိုင်တာကို တွေ့ရပေဦးမယ် "

ကျွန်ုပ်သည် မည်သို့မျှ မှတ်ချက်မပေးဘဲ အသာဦးခေါင်း ညိတ်လျှက်သာ ကြည့်ရှုလျှက်ရှိပေသည်။ သျှောင်ပေစူးဘိုးတော်၏ အစွမ်းကို နှစ်ကြိမ်တိုင်တိုင် ကြုံတွေ့ခဲ့ရပြီဖြစ်သောကြောင့် ဖြစ်ပေ သည်။

အဝတ်အစားအပြည့် ဝတ်ဆင်ပြီးသွားသော မခင်နွယ်စိန် သည် ကျို့ကျို့ယို့ယို့လေးထိုင်လျှက် ရှိပေ၏။ ကျွန်ုပ်နှင့် တပည့် မောင်ကံစီသည် မခင်နွယ်စိန်အား အကဲခတ်လျှက်ရှိတော့၏။

" ခင်ဗျားတို့ . . . မယုံသေးဘူးထင်တယ်၊ ကဲ . . . သမီး ဆိုပြစမ်း . . ၊ ကျုပ်ဆိုတာ လိုက်ဆို . . . "

မခင်နွယ်စိန်သည် ရွှမ်းစိမ့်ညိုပြာသော မျက်လုံးမျက်ဝန်း စုံလင်စွာဖြင့် ကျွန်ုပ်တို့အား ကြည့်လျှက်ရှိသော်လည်း အား ငယ်နေပုံရနေသေးသည်ကို တွေ့ရပေသည်။ သျှောင်ပေစူးဘိုးတော် သည် လက်အိတ်ကိုချွတ်လိုက်ပြီးလျှင် ဘောင်းဘီထဲသို့ ပြန်ထိုး သည့်လိုက်သည်။

" ကဲ . . . ဆို . . . ၊ အ . . . အာ . . . ဤ . . . ဥ . . . . . . ဤ "

သျှောင်ပေစူးဘိုးတော်သည် မခင်နွယ်စိန်အား စိုက်ကြည့် လျှက်ဆိုခိုင်းလေသည်။ မခင်နွယ်စိန်သည် ပါးစပ်ကို လှုပ်လိုက်ကာ တံတွေးကို မျိုချလိုက်ပြီးလျှင် ပါးစပ်လှုပ်လေသည်။ ထို့နောက် ပါးစပ်

www.burmeseclassic.com

www.burmeseclassic.com



ဖွင့်လျှက် အားယူပြီးလျှင် . . .

" အာ၊ အာ၊ အာ "

ဟူ၍ ပထမအသံ ထွက်ပေါ်လာပြီးလျှင် . . .

" အာ၊ အာ "

ဟူ၍ဒုတိယအသံ ထွက်ပေါ်လာလေသည်။

ထို့နောက် တတိယအသံအဖြစ် အလွန်လေးတွဲ့စွာ 'အာ၊ ဤ၊ ဥ၊ ဤ' ဟူသော စာလုံးကို ဦးခေါင်းကိုညိတ်လျှက် လေးတွဲ့စွာဖြင့် ရွတ်ဆိုပြနိုင်ပြီးလျှင် စတုတ္ထအသံတွင်မူ သွက်လက်စွာဖြင့် ရွတ်ဆိုပြနိုင်သည်ကို ကျွန်ုပ်အံ့သြစွာ တွေ့ရလေသည်။

သျှောင်ပေစူးဘိုးတော်သည် ဆွမ်းအုပ်သဏ္ဌာန် ရွှေရောင်အစ်ထဲမှ ဆေးပုလင်းတစ်လုံးကို ထုတ်ယူပြီးလျှင် ထိုပုလင်းထဲမှ အရည်ကို မခင်နွယ်စိန်အား တိုက်လိုက်လေသည်။

ထိုဆေးရည်ဝင်သွားသည်နှင့် မခင်နွယ်စိန်သည် အားရဝမ်းသာမျက်နှာအမူအရာသို့ရုတ်ခြည်းပြောင်းသွားကာသျှောင်ပေစူးဘိုးတော်၏ ခြေထောက်ကို ဦးတိုက်ကာ . . .

" ကောင်းပါပြီ ဆရာကြီး "

ဟူ၍ ပီသစွာဆိုလေတော့ရာ ကျွန်ုပ်လည်း မအံ့သြဘဲ မနေနိုင်အောင်ရှိနေပေရာ ထိုနေ့ညက အဖြစ်အပျက်ကို ယခုတိုင်ပင် သတိရလျှက် ရှိပေသေးတော့သည်။

" ကဲ . . . တပည့်တို့ ပစ္စည်းတွေအစုံအလင် သိမ်းကြ၊ ကဲ . . . ငါ့တပည့်မ မခင်နွယ်စိန်လဲ . . . နံနက်လင်းရင် သင်္ဘောဆိပ်ဆင်းပြီး . . . ဝါးခယ်မပြန်တော့၊ နောက်ကြောင်းက



သိပ်မအေးဘူး "

မခင်နွယ်စိန်သည် ဝမ်းသာအားရ ဦးခေါင်းကို လျင်စွာ ညိတ်လိုက်လေသည်။

" ဒီလိုဗျ ကိုသိမ်းမောင်ရဲ့၊ ဒီကလေးမဟာ လူဆိုးခေါင်းဆောင်တပည့်တွေ ရိုက်နှက်ခံရတုန်းက လျှာခင်ကြောဟာ သိမ်ဝင်သွားလို့ စကားမပြောနိုင်ဘူးဗျ၊ လျှာခင်မှာ အကြော သုံးကြောရှိတယ်၊ အမိကအကြောကြီးမေ့၊ အလယ်ကြောက အရေးကြီးဆုံးဗျ၊ အဲဒီအကြောက နားနဲ့လဲ ဆက်နေတယ်၊ ခင်ဗျားလက်တွေ့စမ်းကြည့်လို့ရတယ်၊ ဥပမာ နားဖားချေးထူနေတဲ့အခါ နားဖာကလော်နဲ့ ခပ်ကြမ်းကြမ်းကလော်ရင် ချောင်းဆိုးလာတယ်ဗျ၊ ကျုပ်တို့ ခန္ဓာကိုယ်ရဲ့ သွေးကြောတွေဟာ သစ်ပင်က အကိုင်းအခက်အလက်တွေလိုပဲဗျ၊ တစ်ခုနဲ့တစ်ခု ဆက်နေတယ်၊ မခက်နွယ်စိန်ရဲ့ လျှာခင်ရဲ့ အလယ်ကြောဟာ တရုတ်ဆေးကျမ်းအဆိုအရ ပြောရရင်တော့ 'လောင်ဂျီဗု' လို့ခေါ်တဲ့ ပင်မသွေးအိမ်ကြောဟာ အရိုက်ခံရတဲ့ ဒဏ်ချက်ကြောင့် ချပ်ကပ်သွားကြတယ်။ မြန်မာ နေလသဒ္ဒါရာသုဥ္စည်း အခေါ်အရတော့ သင်းကွတ်နီးလို့ခေါ်တဲ့ အကြောပဲ၊ ဒီအကြောဆိုးဟာ လက်ယာလက်ပြင်နဲ့ လက်ဝဲလက်ပြင်ကြောနဲ့ ဆက်ပြီး ခါးဆစ်မှာဆုံးတယ်၊ဒါကြောင့် လျှာခင်ကို လျှောက်တဲ့ သွေးကြောအားကောင်းအောင် သွေးကြောလမ်းကြောင်းတွေမှာ ဆေးစွမ်းကောင်းတွေ ထည့်ပေးလိုက်တယ်။ ခွဲစိတ်ရမယ့် အကြောင်းမတော့ သွေးကြောလမ်းဖွင့်ရတဲ့သဘောပဲ၊ သွေးထွက် မလွန်အောင်တော့ ပုဏ္ဏရိတ် ဆေးဒါန်းညိုကို သုံးရတယ်၊ သူဌေး

www.burmeseclassic.com

www.burmeseclassic.com



တွေ အိမ်ရှေ့မှာ မာလီကုလားတွေစိုက်စိုက်နေတဲ့ ပုဏ္ဏရိတ်ပန်းလေးတွေဟာ ဆေးပင်အကောင်းစားတွေပေါ့ဗျ၊ သွေးတိတ်ဆေး အလွန်ကောင်းတဲ့ အပင်ပဲ၊ခွေးရူးကိုက်ရင်တောင် ပုဏ္ဏရိတ်ရွက် ပါးပါးလှီးပြီး သုံးခွက်တစ်ခွက်တင်ကြိုပြီးသောက် ပျောက်မေရဲ့၊ ကျုပ်ပထမဆုံးထည့်ပေးတဲ့ ဆေးကတော့ နန်းတွင်းသမားတော်ကြီး ဦးကျင်ခဲရဲ့ ဇီဝနသောခနေ-ထုံးရည်ပေါက်များ ဆေးကြီးလို့ခေါ်တယ်၊ ဒီဆေးကတော့ တော်ရုံဆေးကုဆရာများ အနားမကပ်နိုင်တဲ့ဆေးပဲ၊ သံသေလုံးနဲ့ ဖော်ရတယ်၊ ကျုပ်တို့မြန်မာပြည်မှာ မြန်မာပညာတွေက ဟိုပုဂံပြည်မေါက်ကံရာမပြည် ပေါ်ကတည်းက အိန္ဒိယ၊ တရုတ်၊ တိဘက်တွေနဲ့ ယှဉ်တွဲပြီး ထွန်းကားခဲ့တာပါပဲ၊ ဒါပေမယ့် မြန်မာပညာရပ်တွေကို မြန်မာတွေက ဖျက်ဆီးပစ်နေကြတယ်။ မြန်မာ့ဆေးဆရာတွေ တော်တော်များများဟာ ပရဆေးဆိုင်နဲ့ ဆေးကျမ်းစာအုပ်မှာပဲ အချိန်ကုန်ကုန်နေကြတာပဲ၊ ဒါကြောင့် တကယ့်သစ်မြစ်၊ သစ်ဥ၊ ဆေးပင်၊ ဆေးရွက် အဆန်းအပြား အာနိသင်တွေဟာ ပပျောက်ကုန်တယ်ဗျ၊ ဒါကြောင့် အပျောက်နှေးတယ်၊ ကြန့်ကြာတယ်ဆိုပြီး ဖြစ်ကုန်တာဗျ၊ မြန်မာ့ဆေးကောင်းရင်လဲ 'ဆေးကောင်းသန်းခေါင်း' တဲ့၊ အလွန်ထက်ပါတယ်၊ နောက်ပြီး မြန်မာဆရာတွေဟာ ခွဲစိတ်ရမှာကို ကြောက်ကြတယ်၊ ကိရိယာမစုံလို့၊ ဓာတုဗေဒမတတ်တာလဲ ဆိုးတယ်ဗျ၊ ဆင်ခြေဆင်လက်တွေနဲ့ဗျ၊ ဒါပေမယ့် မြန်မာပြည်မှာ ထူးဆန်းတဲ့ ဆေးဆရာကြီးတစ်ဦး ပေါ်လာလိမ့်မယ်။ အိုင်ကလောင် ဆရာလှိုင်ကြီးဆိုတာ ဖိနပ်မစီးဘူး။ ဆန်နှစ်ပြည် အမြဲထမ်းပြီး သွားလာနေတယ်၊ နေလ ဝိဇ္ဇာဓာတ်ဆေးပညာနဲ့



သတ္တဝါတွေကို ကယ်တင်လိမ့်မယ်၊ အပျောက်လဲ မြန်၊ ဆေးချက်လဲ ထန်လှပေတယ်ဗျ။

(ဂှင်း အိုင်ကလောင်ဆရာလှိုင်ကြီးသည် အသက်၉၀ကျော် အရွယ်တွင်မှ အနိစ္စရောက်၍ နေ၊ လဝိဇ္ဇာ ဓာတ်ဆေးပညာ ဂိုဏ်းကြီး တည်ထောင်ခဲ့ကြောင်း စုံစမ်းသိရှိရပေသည်။)

(စာရေးသူ)

သျှောင်ပေစူးဘိုးတော်သည် အိတ်ရှည်ကြီးတစ်ခုကိုယူပြီး ကျွန်ုပ်အားပြလိုက်ပြီးလျှင် အိတ်ထဲမှ အရာများကိုထုတ်လိုက်လေသည်။ ဝါးကိုအမျိုးမျိုး ပြုလုပ်ထားသည့် ဓားပုံသဏ္ဍာန် ဝါးခြမ်းငယ်များပင်တည်း။

ကျွန်ုပ်သည် သျှောင်ပေစူးဘိုးတော်အား လွန်စွာ အံ့အားသင့်လျှက်ရှိပေ၏။

" ရှေး . . . မြန်မာ့ သမားတော်ကြီးများဟာ ခွဲစိတ်ရာမှာ ဓားကိုမသုံး ဝါးကိုပဲ သုံးတယ်ဗျ၊ ဝါးအကြောင်းပြောနိုင်ရင် ခွဲစိတ်ပညာရတာပဲဗျ၊ မြန်မာပြည်မှာသာဖြစ်တဲ့ ဝါးပတ္တလားဟာ ကမ္ဘာကျော်ပဲဗျ၊ ဝါးက ဂီတသံစဉ်အမျိုးမျိုး ထုတ်နိုင်တာပဲ၊ ကျုပ် 'ဝါး' အကြောင်းတွေ ဆက်ပြောလိုက်ရရင် ကျမ်းတစ်ဆူ ဖြစ်သွားမယ်ဗျာ . . . ၊ ဒါကြောင့် ကျုပ်အနေနဲ့ကတော့ ရှေးမြန်မာ့ပညာရပ်ကြီးကို ပေပုရပိုက်ပေစာ၊ ဝါးစာ၊ ဗူးစာ အမျိုးမျိုးနဲ့ ဆရာတွေဆေး ရွှယ်၊ လတ်၊ သမားအို၊ ဆရာအိုတို့ထံမှာ အနှစ်နှစ်ဆယ်ကျော်သုံးဆယ်ကျော် အကုန်ခံပြီး လေ့လာခဲ့တယ်၊ လက်တွေ့ ကျင့်သုံး

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ကျုပ်တို့ မြန်မာလူမျိုးတွေဟာ အမျိုးစောင့်ကြဖို့ လိုပြီဗျ၊ အင်္ဂလိပ် အလိုတော်ရိတွေလုပ်ပြီး နိုင်ငံခြားကို သက်သက်မဲ့ အထင်ကြီးပြီး ယဉ်ကျေးမှုတွေ အရမ်းအတုယူနေကြတော့ ကျုပ်တို့ပြည်ကြီး ကျွန်ထီး၊ ကျွန်သက်မကုန်ဘဲရှိရော့မယ်၊ အဝတ်အစားဝတ်တာကအစ မြန်မာဆို မြန်မာပေါ့၊ ဘိုလိုဝတ်ရင်လဲ ဘိုလိုဝတ်ပေါ့၊ ကျုပ်အခု ဘိုလိုဝတ်လာတယ်၊ ကျုပ် လုံချည်ဝတ်ရင်လဲ ခါးပုံစနဲ့ ဝတ်တယ်ဗျ၊ ဘိုတစ်ပိုင်း မြန်မာတစ်ပိုင်းမဝတ်ဘူး၊ ကျုပ် သျှောင်ပေစူးဟာ ရှေးမြန်မာ့သူရဲကောင်း'ငထင်ငယ်' ရဲ့ သျှောင်ပေစူးကို သဘောကျပြီး ထားခဲ့တာ၊ ကျုပ်ဆရာ ဘုန်းတော်ကြီးက ငထင်ငယ်ဟာ သျှောင်ပေစူးနဲ့ပဲ သူရဲကောင်း ဖြစ်ပြီးတာမောင် သျှောင်ပေစူး မဖြုတ်ဘူးတဲ့၊ ဒါကြောင့် သျှောင်ပေစူးဟာ မြန်မာ့ဆံနွယ်ထုံးပေါက်ပဲ "

ကျွန်ုပ်တပည့် မောင်ကံစီသည် သျှောင်ပေစူးဘိုးထော်အား ဝိုင်းစက်သော မျက်လုံးဖြင့် ကြည့်ကာ ၎င်း၏ ဦးခေါင်းကို လက်ဖြင့် သပ်ကြည့်လျက်ရှိပေ၏။ ၎င်းသည် အလွန် ရှည်လျား ကော့ထောင်နေသော အမောက်ပိုင်ရှင်ဖြစ်သဖြင့် ရှက်သွားဟန်တူပေ၏။

( ထိုခေတ်အခါက 'အမောက်ကြီးကို လိပ်ကြီးမှတ်လို့ ခွေးတွေကဟောင်'ဟူ၍ သရော်စကားထွက်သော အမောက် ခေတ်ကာလ ဖြစ်ပေသည်။)

(စာရေးသူ )

သျှောင်ပေစူးဘိုးထော်သည် ကျွန်ုပ်၏တပည့် မောင်ကံစီ



အား ကြည့်လျက် ပြုံးရယ်လိုက်ပြီးလျှင် . . .

" အမောက်ကို မဖြုတ်ချင်ရင် မြန်မာဆိုတဲ့ အမျိုးလေးဟာ မပျောက်သွားအောင်တော့ လုံချည်ဝတ်တဲ့အခါမှာ'ခါးပုံစ' ဝတ်နည်းဟာ အချိုးကျကျဝတ်ရင် ယောက်ျားပီသပြီး တင့်တယ်လှပစေတဲ့ တို့မြန်မာရဲ့ အနုပညာမြောက်လှတဲ့ ချစ်စရာကောင်းတဲ့ မြန်မာ့ ယဉ်ကျေးမှုပဲကွ၊ အခုလူငယ်တွေဟာ ကုလားပြည်က ကုလားတွေ ဒိုတီကို ဖိုသီဖတ်သီဝတ်တာ အတုခိုးပြီး ဝတ်နေကြလေတော့ ခေါင်းက အင်္ဂလိပ်ကုလားဖြူခေါင်း၊ ကိုယ်က ဖောဝါရီ ကုလားကိုယ် ဖြစ်နေပြီ. . . "

ကျွန်ုပ်သည် သျှောင်ပေစူးဘိုးထော်၏ စကားရပ်ကို သဘောကျနှစ်ခြိုက်လှသဖြင့် ခေါင်းကိုအတွင်သား ညိတ်မိလေတော့သည်။

သျှောင်ပေစူးဘိုးထော်သည် ၎င်း၏ အပေါ် ကုတ်အင်္ကျီအိတ်အတွင်းမှ ရှည်လျားသော ဆေးပြင်းလိပ်ကြီးကို ထုတ်ယူ မီးညှိလိုက်ပြီးလျှင် ကျွန်ုပ်၏လက်ကို အားပါးတရ ဆွဲကိုင်လိုက်ကာ . . .

"ကျေးဇူးတင်ပါတယ် ကိုသိမ်းမောင်၊ ခင်ဗျားလဲ ကျုပ်ကို အားစွာအံ့ အားသင့်နေပါလိမ့်မယ်၊ အရေလည် အပတ်ဈေးရင် ကျုပ်ဟာဘယ်သူ၊ ဘယ်လို၊ ဘယ်ဇာတ်လမ်းမှာ ဘယ်ပုဂ္ဂိုလ်ဆိုတာ သဘောပေါက်လာလိမ့်မယ်။ အခုလို ကူညီတာဟာ 'အသက်နဲ့ အခြားအရာများ ပေးအပ်ပါ၊ မည်သည့်ယုံကြည်မှုမှ မထားပါနဲ့ ' ဆိုတဲ့ ပြင်သစ်ရှေးဟောင်း သူရဲကောင်းစကားပုံလိုပဲ၊ ဘုမသိဘမသိ ကူညီတဲ့ခင်ဗျားရဲ့ ကျေးဇူးကို ကျုပ်မမေ့ဘူးဗျာ၊ အဲ ခင်ဗျားရဲ့

www.burmeseclassic.com

www.burmeseclassic.com



လိပ်စာကိုတော့ ကျုပ် 'တို့မိတ်ဆွေ' ဆိုင်က တောင်းယူခဲ့တယ်ဗျ၊ နောက်ပြီး ခင်ဗျားဟာ စုံထောက်ကြီးဦးဇင်ယော်နဲ့ ခင်မင်ရင်းနှီးပြီး၊ အိုင်ပီ ဦးအေးမောင်နဲ့လဲ လွန်စွာခင်မင်တဲ့ သူငယ်ချင်းတွေဖြစ်ကြပြီး ခင်ဗျားဟာ သတင်းထောက်ပေါင်း အစိုးရပင်စင်စားတစ်ဦး ဖြစ်တာရယ်၊ မိန်းမယူဖို့ကြံလိုက်တိုင်း သူများနောက်ပါသွားတဲ့လူပျိုကြီးဖြစ်ပြီး တစ်ကိုယ်တည်း ကြံရာမရ ဖြစ်နေတာပါ သိထားပါတယ်ဗျာ၊ ဟဲ . . . ဟဲ . . . ဟဲ . . ."

ကျွန်ုပ်တပည့် မောင်ကံစီသည် ကျွန်ုပ်အား ကြည့်ပြီး ရယ်မောလေတော့သည်။ မခင်နွယ်စိန်သည်လည်း ပါးချိုင့်ခွက်လေးများပေါ်အောင်ပင် ရယ်မောလေသည်။ သျှောင်ပေစူးဘိုးတော်သည် ဆေးပြင်းလိပ်ကြီးကိုခဲလျက် ခပ်ဟဲဟဲရယ်မောပြီးလျှင် သူ့တပည့်တစ်ဦး လှမ်းပေးသော သက္ကလတ်ဦးထုပ်အနက်ကို ဆောင်းလိုက်လေ၏။

" ကိုသိမ်းမောင်၊ ခင်ဗျားကို ကျုပ်ကျေးဇူးတင်သော အနေဖြင့် ဟောဒီကဒ်ပြားလေးကို သက်ဆိုင်ရာဆီ ပို့ပေးလိုက်ပါ။ သက်ဆိုင်ရာပုဂ္ဂိုလ်ဆီကအကျိုးကျေးဇူးကို ခင်ဗျားရပါလိမ့်မယ် "

သျှောင်ပေစူးဘိုးတော်သည် ကျွန်ုပ်အား သူ၏ ကုတ်အကျႌအတွင်းအိတ်၌ ထည့်ထားသော စက္ကူကတ်ပြားရှည်ရှည်တစ်ခုကို ကျွန်ုပ်အားထုတ်ပေးပြီးလျှင် အထက်ပါအတိုင်း ပြောသွားလေသည်။

နံနက်သို့ ရောက်သောအခါ ကျွန်ုပ်နှင့် တပည့်မောင်ကံစီတို့သည် မခင်နွယ်စိန်အား ပုသိမ်သင်္ဘောဆိပ်သို့ လိုက်ပို့ရန်ပြင်



ဆင်ရလေသည်။ မခင်နွယ်စိန်သည်လည်း အထုပ်အပိုးပြင်၍ ကျွန်ုပ်တို့သည် ကီလီသင်္ဘောဆိပ်ရှိ ပုသိမ်၊ မြောင်းမြ၊ ဝါးခယ်မ သွားသင်္ဘောဆိပ်သို့ အငှားကားတစ်စီးဖြင့် လိုက်ပါခဲ့ရပေသည်။ မခင်နွယ်စိန်သည် စကားပြောဆိုနိုင်သော်လည်း သွက်လက်မှုမရှိသေးဘဲ အထူးနေ့ကွေးတုံ့ဆိုင်းလျက် အားစိုက်နားထောင်ရလျက်ပင်ရှိသေးပေ၏။ 'အ၊ ဆွံ့' နေသူအား ရုတ်တရက် စကားထပြောနိုင်အောင် ကုသပေးသွားသော သျှောင်ပေစူးဘိုးတော်ကိုလည်းကောင်း၊ သျှောင်ပေစူးဘိုးတော် အသုံးပြုသွားသည်ဆိုသော နေလသဒ္ဒါရ ဘုဠဥ်းဆေးပညာကိုလည်းကောင်း ကျွန်ုပ်သည် မအံ့ဩဘဲ မနေနိုင်ပေ။ အလွန်အဖိုးတန်ပေစွဟု စိတ်တွင်း၌ ချီးကျူးထောမနာ၍ မြန်မာ့ ဆေးပညာရပ်တစ်ခုအတွက် အထူးဂုဏ်တက်လျက်ရှိပေ၏။ ဤသို့ စဉ်းစားလျက်ပင် ကီလီသင်္ဘောဆိပ်သို့ ရောက်ရှိလာလေ၏။ သင်္ဘောသည် အချိန်များစွာ စောင့်ဆိုင်းရသည်မရှိဘဲ မခင်နွယ်စိန်အား သင်္ဘောပေါ်သို့ အရောက်ပို့ပြီးလျှင် လက်ပြနှုတ်ဆက်ကာ အလွန်လှပသော ဒုက္ခသည်မလေးအား နှုတ်ဆက်ပြီးလျှင် ကျွန်ုပ်နှင့် မောင်ကံစီသည် သျှောင်ပေစူးဘိုးတော်ပေးထားသော ကတ်ပြားပါ လိပ်စာအတိုင်း ကျွန်ုပ်တို့သည် လောင်းဝစ္စလမ်းဘက်သို့ လခြမ်းတံဆိပ်ဘတ်စ်ကားကိုစီးကာ ဆရာတပည့်နှစ်ဦး ထွက်ခဲ့လေသတည်း။

လောင်းဝစ္စလမ်းထိပ်သို့ ရောက်သောအခါ မှတ်တိုင်ရောက်ပြီဖြစ်သည့်အတွက် လခြမ်းကားပေါ်မှဆင်းကာ လမ်းထိပ်ရှိ ဘာကာဆိုင်တွင် လက်ဖက်ရည်တစ်ခွက်နှင့် ခါချဉ်မုန့်တစ်ခုစီ စား

www.burmeseclassic.com

www.burmeseclassic.com



သော်က်ကြလေသည်။

ကော်ဖီနှင့်ခါဂျာမုန့်တို့ကို ဆရာတပည့်နှစ်ဦးစားသောက်ပြီးနောက် ကျွန်ုပ်တို့ ဆရာတပည့်နှစ်ဦးသည် လော့င်းဝစ္စ လမ်းထဲရှိ လိပ်စာအားရှာဖွေရာ လိပ်စာမှာ လေးထပ်တိုက်အပေါ်ဆုံးထပ်ဖြစ်လျက်ရှိသည်ကို တွေ့ရလေသည်။

ကျွန်ုပ်တို့သည် လေးထပ်တိုက်၏ အလယ်လှေကားကို တက်လျက်ရှိရာ လှေကားမှာ နေ့လယ်ခင်းကြီးမင် ဖြစ်သော်လည်း အလွန်မှောင်မိုက်လျက်ရှိသောနေရာ ဖြစ်လေသည်။ လှေကားအဆုံးသို့ရောက်သောအခါ အထပ်လည်းဆုံးသဖြင့် ကြည့်လိုက်ရာ တံခါးပိတ်ထားသော အခန်းတစ်ခုကို တွေ့ရလေသည်။ ထိုအခန်းတံခါး၏ဘေး၌ လူခေါ်ခေါင်းလောင်းဘုလေး တပ်ထားသဖြင့် တပည့် မောင်ကံစီအား နှိပ်ခိုင်းလိုက်ရာ မကြာမီ ချောင်းကြည့်ရန်ဖောက်ထားသော အပေါက်ကလေးတစ်ခုမှ မျက်နှာတစ်ခု ပေါ်လာပြီးလျှင် ဘာကိစ္စရှိပါသလဲဆို၍ မေးမြန်းရာ . . .

ကျွန်ုပ်သည် . . .

" မြန်မာကြီးနှင့် တွေ့ချင်လို့ "

ဟူ၍ဆိုလိုက်ရာ သာယာလှပသော အသံလေးဖြင့် . . .

" ခေတ္တစောင့်ပါဦး "

ဟူ၍ပြောဆိုပြီးလျှင် အတွင်းသို့ ဝင်သွားလေ၏။

ကျွန်ုပ်သည် ခေတ္တမျှစောင့်ဆိုင်းနေရသည်ကို စိတ်မရှည်လှသဖြင့် ကြောင်နက်စီးကရက်ဘူးကို ဖွင့်ကာ တစ်လိပ်မျှ မီးညှိဖွာရှိုက်လိုက်လေ၏။ တပည့်မောင်ကံစီသည် ညကအိပ်ရေးပျက်



ထားသဖြင့် 'ဝါး' ခနဲ တစ်ချက်မျှ သမ်းလေ၏။

ထို့နောက် တစ်အောင့်မျှ ကြာသောအခါ ' ချလောက် ' ဟူသော မင်းတုပ်တံခါးဖွင့်သံကြားရပြီးလျှင် လှပနုနယ်သော အမျိုးသမီးတစ်ဦးသည် . . .

" လူကြီးမင်းတို့ အထဲကို ကြွပါရှင် "

ဟု ခရီးဦးကြိုပြုလိုက်လေ၏။ ကျွန်ုပ်နှင့် တပည့်မောင်ကံစီတို့သည်အထဲသို့ဝင်လိုက်ရာ ခြေချစရာမဝံ့လောက်အောင်ပင် ချောမွတ်နေသော မဟောဂနီရောင်ကြမ်းပြင်ကြီးကို တွေ့ရလေရာ ကျွန်ုပ်တို့ဖိနပ်များကို လှေကားရင်းမှာပင်ချွတ်ခဲ့ရလေတော့သည်။

ကျွန်ုပ်တို့ လျှောက်ဝင်သွားသော ခန်းမကြီးမှာ အလွန်ကျယ်ဝန်းပြီးလျှင် နံရံ၌ အလွန်အဖိုးတန်မည်ဟုမှန်းဆရသော ဆီဆေးပန်းချီကားများကို တွေ့ရလေသည်။ ပန်းချီရေးသော ပညာရှင်များတွင် နိုင်ငံကျော်ပန်းချီဆရာကြီးဦးဘဉာဏ်၏ ပန်းချီကားချပ်အချို့လည်း တွေ့ရလေသည်။ ရှေးမြန်မာသူရဲကောင်းများ၏ ပုံတူပန်းချီကားများကိုလည်းတွေ့ရပြီးလျှင် ကျွန်ုပ်သည်ပန်းချီကားချပ်များကို သဘောကျသည့်အလျောက် ငေးမောနေမိရာ . . .

" ဒီအခန်းထဲမှာ မြန်မာကြီး စောင့်နေပါတယ်ရှင် "

ဟူ၍ ကျွန်ုပ်တို့အား တံခါးဖွင့်ပေးသော အမျိုးသမီးလေးက သတိပေးမှပင် ကျွန်ုပ်သည် လာရင်းကိစ္စကို သတိဝင်မိကာ အထူးတံခါးချပ်ကြီးများ ပိတ်ထားလျက်ရှိသော အခန်းသို့ ရောက်နေမှန်း သိရပေသည်။

" တွန်းဖွင့်သွားပါရှင် "

www.burmeseclassic.com

www.burmeseclassic.com



ဟူသော နောက်ထပ် သတိပေးသံနှင့်အတူ အမျိုးသမီးသည် အခန်းတံခါးကိုလက်ညှိုးထိုးပြလိုက်ပေရာ ကျွန်ုပ်သည် တပည့်မောင်ကံစီအား တံခါးဝ၌ ရပ်နေစေပြီးလျှင် ကျွန်ုပ် တစ်ဦးတည်း အခန်းတွင်းသို့ တွန်းဖွင့်ဝင်ရောက်လိုက်လေသည်။ အခန်းတွင်းရှိ ဧရာမ မဟော်ဂနီစားပွဲကြီးပေါ်တွင် ခုံညားထည်ဝါသော လူကြီးတစ်ဦးသည် ထိုင်လျက်ရှိပေ၏။ ၎င်း လူကြီး၏ မဟာနဖူးသည် အလွန်ကြည့်ရှု၍ ကောင်းလေ၏။ အသက်အရွယ်အားဖြင့် ခြောက်ဆယ်ကျော် အရွယ်ဟု ထင်ရလေသည်။ ရွှေကိုင်းမျက်မှန် အဝိုင်းနှင့် အယ်လ်ပတ်ကား တိုက်ပုံအင်္ကျီကို သပ်ရပ်စွာ ဝတ်ထားလေသည်။ ၎င်းစားပွဲပေါ်ရှိ မင်တံ၊ ကလောင်တံ၊ စက္ကူ၊ စာအုပ်စသည်တို့သည် ထိုခေတ်က အကောင်းစားပစ္စည်းများချည်း ဖြစ်သည့်ပြင် ထိုအခန်း၌လည်း ဆိုဖာအမျိုးမျိုးကို ခင်းကျင်းထားလေရာ အထူးဂုဏ်သရေရှိ လူကြီးတစ်ဦးဟု ခန့်မှန်းရလေသည်။ ကျွန်ုပ်အား ထိုပုဂ္ဂိုလ်ကြီးသည် ၎င်းရှေ့ရှိ ဆိုဖာကုလားထိုင်ကို လက်ညှိုးညွှန်လျက် . . .

" ထိုင်ပါ မောင်ရင်၊ ဦးလဲ မျှော်လင့်နေတာပဲ၊ ပထမရောက်လာတဲ့ဟာတွေက စိတ်ထဲသဘောမကျကြိုက်သေးလို့ ဦး မရွေးချယ်သေးတာဘဲ၊ ကဲ. . . မောင်ရင်ရဲ့ကိစ္စကကောဘယ်လိုလဲ "

ဟူ၍ အလွန်ရှားပါးလှသော မွှေးကြိုင်လှသော ကပ္ပိတန် ဆေးတံသောက်ဆေးကိုဖြည့်ကာ ပုဂ္ဂိုလ်ကြီးသည် ဆေးတစ်အိုးနှစ်အိုးဖွာရှိုက်လျက် ကျွန်ုပ်အား စူးစမ်းသလို ကြည့်ရှုလျက် ရှိပေသည်။



ကျွန်ုပ်သည် မည်သို့မျှ ပြောဆိုခြင်းမပြုပဲ ကျွန်ုပ်အား သျှောင်ပေစူးဘိုးတော် ပေးလိုက်သော ကတ်ပြားရှည်ရှည်လေးအား ပေးလိုက်လေသည်။ စိန်လက်စွပ် တဝင်းဝင်းလက်လျက်ရှိသော ညာလက်ဖြင့် ထိုပုဂ္ဂိုလ်ကြီးသည် ကျွန်ုပ်ပေးသော ကတ်ပြားကို သေချာစေ့ငုစွာ ဖတ်ရှုလျက်ရှိပြီးလျှင် ဦးခေါင်းကို အသာညိတ်လျက် ရှိပေသည်။ ထို့နောက် တစ်လုံးချင်း အစီအရီဖတ်ရှုဟန်ဖြင့် ညာလက်ညှိုးဖြင့် စာကြောင်းများကို ထောက်၍ဖတ်ပြီးလျှင် အပြီးသတ်၌ သဘောကျသော အမူအရာဖြင့် ခေါင်းညိတ်လိုက်ပြီး ကျွန်ုပ်ပေးလိုက်သော ကတ်ပြားကို ဖန်သားဖြင့် ပြုလုပ်ထားသည့် စက္ကူဖိ ဘီရိယာလေးဖြင့်ဖိလျက် ထားလိုက်ပြီးလျှင် စာအိတ်ရှည်ကြီး တစ်အိတ်ကို ကျွန်ုပ်အား လှမ်းပေးလိုက်ပေ၏။

ကျွန်ုပ်သည် လှမ်းယူလိုက်ရာ အိတ်မှာလေးလျက်ရှိကြောင်းကိုတွေ့ရှိရလေရာ ငွေများဖြစ်သည်ကို တွေ့ရလေသည်။

" အားလုံး ငွေငါးရာကျပ်တိတိပဲ၊ ကျုပ် သတင်းစာထဲမှာ ထည့်ထားတဲ့ ကြော်ငြာအတိုင်းပါပဲ ကိုသိမ်းမောင်၊ ခင်ဗျားက ကျုပ်တို့ ဆရာကြီးသျှောင်ပေစူးဘိုးတော်ကလွှတ်လိုက်တဲ့ လူဆိုတော့ ရွေးချယ်လို့ မဖြစ်တော့ဘူးဗျို့၊ ကျုပ်ကို မနက်စောစောကတည်းက ခင်ဗျားလာမယ့်အကြောင်း ဆရာသျှောင်ပေစူးက ပြောပြထားပြီးပါပြီ၊ အေးဗျာ အခုလို ကိုလိုနီ ကျွန်သဘောက် ဖြစ်နေရတဲ့ တောင် မြန်မာတွေဟာ ကိုယ့်မြန်မာစရိုက်ကို ကိုယ်မထိန်းကြသေးဘူး ဒါကြောင့် ဒီခေတ် သရုပ်ပျက်ဝတ်စားဆင်ယင်မှုတွေအတွက် တိုက်ဖျက်ပစ်ဖို့ ကျုပ်တို့ရဲ့ မြန်မာ့တိုးတက်ရေး မဂ္ဂဇင်းမှာထည့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ဖော်ပြဖို့ မြန်မာတွေရဲ့ 'ခါးပေါင်စ' 'ခါးပုံးစ' ဝတ်နည်းပုံစံ အချိုးကို ကျုပ်တို့ မြန်မာလူငယ်လူရွယ်တွေ ဝတ်ဆင်နိုင်ကြအောင် အသုံးပြု နည်းလမ်းပေးဖို့ ကြော်ငြာလိုက်ရတာပဲ "

သျှောင်ပေစူးဘိုးယော်၏ ကတ်ပြားရှည် အတွင်းမှ . . .

## မြန်မာစစ်စစ် 'ခါးပုံစ' 'ခါးပေါင်စ' ဝတ်ဆင်နည်း

ရည်ရွယ်ချက် ။ ။ ဇာတ်ပျက် မြန်မာဘဝမှ မြန်မာ စစ်စစ်ပီသသော မြန်မာ့မျိုးရိုးကြီးများ၏ ဝတ်ဆင်မှု အစဉ်အလာ၊ ဘိုရူး၊ ကုလားရူးများ၏ ယဉ်ကျေးမှု မလွှမ်းမိုးရန်။ မြန်မာလူငယ်များ မြန်မာပီသရန်။

ဝတ်ဆင်နည်း ။ ။ မြန်မာ တောင်ရှည်ပုဆိုးဝတ်ဆင်မှုမှ ဆင်းသက်လာ၏။

* အလယ်ပုဆိုး ကွဲကြောင်းသည် မိမိနှာခေါင်းနှင့် တန်းနေရမည်။ ခါးပုံစသည် အောက်သို့တွဲလောင်း ကျမနေစေရ။ တွဲလောင်းကျခါးပုံစသည် အသက်ခြောက်ဆယ်ရှစ်ဆယ်အဘိုးကြီးများ ခါးပုံစသိမ်းခြင်းဖြစ်၏။
* ပုဆိုးသည် မိမိကိုယ်ခန္ဓာ၏ အလယ်ခါးချက်၏ အထက်၌ တည်နေစေရမည်။ ခါးချက်အောက် ချက်ပြုတ်ဝတ်ခြင်းသည် မြန်မာပျက်၊ ဇာတ်ပျက်များ၏



အတွင်းသဘောဖြစ်၏။ ဇာတိသွေး ဇာတိမာန် ထက်မြက်၍ ဦးနှောက်ဉာဏ် ရင့်သန်သော မြန်မာမျိုးချစ် စစ်စစ်တို့၏ ဓလေ့မဟုတ်။

* 'ခါးပုံစ' 'ခါးပေါင်းစ' မပါသောချပ်ပြား၊ လုံးထွေး၍ ပုဆိုးချည်ခြင်းသည် ဒိုတီဝတ် ကူလီကုလားများ ဝတ်ခြင်းဖြစ်၏။ မိန်းမရှာများ ဝတ်ဆင်ခြင်းမှ စတင်ဆင်းသက်လာ၏။

## ပုံစံ

* လုံချည်ကို ဖြန့်လျက် ခါးအလယ်တည့်တည့် နေရာယူပါ။ ဘယ်ဘက် (သို့) ညာဘက်သည် ကိုင်ထားသော လက်ဖြင့် သိမ်း၍ ကျန်လက်ဖြင့် ထိုသိမ်းထားသော လက်ပေါ်မှတစ်ဖန် ပြန်သိမ်းပါ။ ဘယ် (သို့) ညာလက်ကိုဖြုတ်၍ သိမ်းထားသောအစ၊ အဖျားပိုင်းကို ပြန်၍ ညီညီညာညာ နှစ်ဆစ်ချိုးခေါက်ပါ။ အောက်ဘက်သို့ တစ်ဖန် တစ်ဆင့်ပြန်ခေါက်၍ အပေါ်ပိုင်း အစနှစ်စကို ဆွဲစည်းပြီးလျှင် အောက်သို့ခေါက်ထားသော အစကို ခါးကြားသို့ ညှပ်သွင်းပါ။ တစ်ဖန် ဒုတိယအစကို ခါးကြားသို့ ပြန်ညှပ်သွင်းပါ။ ထောင်လျက်ရှိသော ခါးပုံစကို သေသပ်စွာ တွေ့ရပေမည်။

www.burmeseclassic.com

www.burmeseclassic.com

## ကျွန်ုပ် အနှောင်ပါခြင်း

ကျွန်ုပ်သည် နံနက်စောစော လမ်းလျှောက်ပြီးတို
ကျောက်မြောင်းဈေးမှ နာမည်ကြီး မထွေးမ မုန့်ဟင်းခါး
ဝင်ရောက်၍စားလေ့ရှိပြီးလျှင် ကျောက်မြောင်းဈေးမှ လူ
လက်ဖက်ရည်ဆိုင်၌ လက်ဖက်ရည်ကို သောက်လေ့ရှိပေ၏။
သင့်သော လက်ဖက်ရည်ဖိုးကို ပေးရှင်းကာ ကျွန်ုပ်နေထိုင်
မလ္လကုန်းဘက်သို့ ခပ်သွက်သွက်လျှောက်လာမိရာ ကျွန်ုပ်၏
ပေါက်ဝမှ တပည့်ကျော် မောင်ကံစီသည် ကျွန်ုပ်အား ထွက်ကြို
ရှိသည်ကို တွေ့ရလေသည်။ ကျွန်ုပ်၏အိမ်ရှေ့၌လည်း ဂျစ်
တစ်စီး ထိုးဆိုက်လျှက်ရှိပြီး ကားပေါ်၌လည်း လူသုံးယောက်
ထိုင်လျှက်ရှိပေ၏။

ကျွန်ုပ် အိမ်အနီးသို့ရောက်သောအခါ တပည့်မောင်



မျက်နှာပျက်လျှက်ရှိပေ၏။ တပည့် မောင်ကံစီသည် ကျွန်ုပ်
ကားထိပ်သို့ရောက်လျှင်ပင် မှုမမှန်သောအသံဖြင့် ကျွန်ုပ်အား
ကြို၍ 'ဧည့်သည်ရောက်နေတယ်' ဟူ၍ ပြောဆိုလေသည်။
နုပ်၏ ဧည့်ခန်းတွင်း၌ ထူးခြားသော ဧည့်သည်နှစ်ဦးသည်
သက်စွာ ထိုင်လျှက်ရှိပြီး တစ်ဦးမှာ မြန်မာအမျိုးသားဖြစ်ပြီး
ကျတစ်ဦးမှာ မျက်နှာဖြူတစ်ဦး ဖြစ်လေသည်။ နှစ်ဦးစလုံးမှာ
တ်အင်္ကျီဝတ်ထားကြပြီး အင်္ကျီအိတ်ထဲသို့ လက်နှိုက်ထားကြ၏။
ကို မေးမြန်းသောအခါ . . .

" ကိစ္စကတော့ ဟိုရောက်မှရှင်းပေါ့ ဦးသိမ်းမောင်၊ အခု
ပ်နဲ့အတူ ဒီဘက်က ကပ္ပတိန်ဒူးဂျားပါတယ်၊ ခင်ဗျားကို
ကောက်မင်းကြီးကိုယ်တိုင်ကခေါ်ယူဖို့ ဝရမ်းထုတ်တယ် "

ကျွန်ုပ်သည် အင်္ကျီအဝတ်အစားလဲပြီးလျှင် တပည့်ကျော်
ာင်ကံစီအား အိမ်ကို လုံခြုံစွာထိန်းသိမ်းစောင့်ရှောက်ရန်
ထားခဲ့ပြီးလျှင် ၎င်းတို့နှင့်အတူ လိုက်ပါခဲ့ရပေသည်။ ကျွန်ုပ်အား
ာရောက်ခေါ်ငင်သူမှာ အင်စပက်တော်ဘတုတ်ဆိုသူဖြစ်
ကြောင်း သိရပေသည်။

အင်းစိန် စီ၊ အိုင်၊ ဒီ ရုံးသို့ ရောက်သောအခါ ကျွန်ုပ်အား
ိုင်ဆင်းစေပြီးလျှင် မေးသမျှသာဖြေဆို အပိုစကားများမပြော
် အင်စပက်တော်ဘတုတ်သည် မျက်နှာတင်းတင်းနှင့် ပြောဆို
သရာ ကျွန်ုပ်သည် မခံချင်စိတ်ကို မနည်းမျိုသိပ်ထားပြီးလျှင်
်းအား မျက်နှာဖြူအလိုတော်ရိ မြန်မာအရာရှိဟူ၍ သတ်မှတ်
ိုက်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်အား ကျယ်ဝန်းသော အခန်းကြီးတစ်ခုထဲ ခေါ်ဆောင်သွားပြီးလျှင် ဆင်နားရွက်တံခါးကို တွန်းဖွင့်ဝင် ရလေ၏။

အခန်းကျယ်ကြီး၏ အလယ်ရှိ ကြီးမားသော မဟော် ရောင်စားပွဲကြီး နောက်တွင်ကား မျက်နှာဖြူအရာရှိကြီးတစ်ဦးသ ထိုင်လျှက်ရှိပြီး ရာထူးတံဆိပ်အမျိုးမျိုးနှင့် မျက်နှာဖြူအရာရှိ သုံးယောက်သည် ဝိုင်းထိုင်လျှက်ရှိလေသည်။ ကျွန်ုပ်သည် စားပွဲ ရှိ လူများကိုအကဲခတ်လိုက်ရာ ကျွန်ုပ်အား အထူးအံ့အားသင့် သည့် ဖြစ်ရပ်ကိုတွေ့ရလေရာ ထိုဖြစ်ရပ်မှာအခြားမဟုတ်ပေ

ကျွန်ုပ်၏သူငယ်ချင်း အိုင်ပီဦးအေးမောင်နှင့် စုံထော ကြီးဦးဇင်ယော်သည် စားပွဲဝိုင်းထိပ်တွင် ထိုင်လျှက်ရှိခြင်းပင် လေသည်။ အိုင်ပီဦးအေးမောင်သည် ကျွန်ုပ်အား ဂနာမငြိမ် မျက်နှာဖြင့် ကြည့်ကာ စုံထောက်ကြီးဦးဇင်ယော်ကမူ ပြုံး မျက်နှာထားဖြင့် ကြည့်လျှက်ရှိပေ၏။ ထို့ပြင် အင်စပက် မောင်းထောင်းကိုကိုကြီးဟူ၍ မိတ်ဆက်ပေးသော အင်စပက် ကိုကိုကြီးကိုလည်း ဦးဇင်ယော်အနီးတွင် မတ်တတ်ရပ်လျှက်ရှိသ ကို တွေ့ရပေ၏။ အိုင်ပီဦးအေးမောင်သည်လည်းကောင်း၊ စုံထော ကြီးဦးဇင်ယော်သည်လည်းကောင်း ကျွန်ုပ်အား နှုတ်ဆက်ခြင်း ကြပဲ ငြိမ်သက်စွာထိုင်လျှက်ရှိပေ၏။ ဦးဇင်ယော်သည် ဆေး ဆေးအိုးကို ဖြည့်လျှက်ရှိ၏။

" သခင် သူ့ကို လက်ထိတ်ခတ်ထားမလား "

ကျွန်ုပ်ဘေးမှ အင်စပက်တော်ဘတုတ်သည် စားပွဲဝိုင်း



၏ အလယ်တည့်တည့်တွင် ထိုင်လျှက်ရှိသော နှုတ်ခမ်းမွေးဖြူဖြူနှင့် အတော်အသင့် ခန့်ညားပုံရသည့် မျက်နှာဖြူကြီးအား မေးလိုက်ရာ မျက်နှာဖြူကြီးသည် အင်္ဂလိပ်ဘာသာဖြင့် (လက်ထိတ်) ခတ်ရန် အမိန့်ပေးလိုက်ရာ ကျွန်ုပ်အား လက်ထိတ်ခတ်ရန် အင်စပက်တော် ဘတုတ်သည် ၎င်းခါးကြားမှ လက်ထိတ်ကို ဖြုတ်လိုက်လေ၏။

စုံထောက်ကြီး ဦးဇင်ယော်သည် လက်ယမ်း၍ ပြလိုက်ကာ စားပွဲဝိုင်းအလယ်မှ မျက်နှာဖြူကြီးအား အင်္ဂလိပ်ဘာသာဖြင့် ပြော ဆိုလေရာ မျက်နှာဖြူကြီးသည် ခေါင်းညိတ်လိုက်လေ၏။ အင်စပက် တော်ဘတုတ်အား လက်ထိတ်မခတ်စေရန် ဦးဇင်ယော်၏ ပြောဆို ချက်ကို သဘောတူလိုက်ပုံရပေ၏။

ထို့နောက် ကျွန်ုပ်အား ၎င်းတို့အလယ်တွင်ထိုင်ရန် ခုံဝိုင်း လေးတစ်ခုအားပေးပြီးလျှင် မျက်နှာဖြူကြီးသည် အောက်ပါအတိုင်း ကျွန်ုပ်အား စစ်မေးလေ၏။

မျက်နှာဖြူကြီးမှာ စုံထောက်မင်းကြီးစတီးဝပ် ဆိုသူ ဖြစ်ကြောင်း နောင်အခါတွင် ကျွန်ုပ်သိရှိရလေသည်။

စတီးဝပ် ။ ။ မောင်မင်းအိမ်မှာ ညက ဘာလုပ်ကြသလဲ။

ကျွန်ုပ် ။ ။ မိန်းမတစ်ယောက်ကို ဆေးကုပေးတယ်။

စတီးဝပ် ။ ။ ဆေးကုပေးတာ ဘယ်သူလဲ။

ကျွန်ုပ် ။ ။ သျှောင်ပေစူး ဘိုးတော်။

စတီးဝပ် ။ ။ မောင်မင်း သျှောင်ပေစူးဘိုးတော်ကိုဘာကြောင့် လက်ခံသလဲ။

ကျွန်ုပ် ။ ။ ဒုက္ခရောက်နေတဲ့ မိန်းကလေးကို ဆေးကုပေးတဲ့

www.burmeseclassic.com

www.burmeseclassic.com



မြန်မာဆရာကြီးတစ်ဦးအဖြစ် သိလို့ လက်ခံ
တယ်။

စတီးဝပ် ။ ။ သျှောင်ပေစူးဘိုးတော်ဆိုတာ ကျုပ်တို့ ဘုရင်မ
အစိုးရကအလိုရှိတဲ့လူဆိုးကြီးဆိုတာ သိသလား။

ကျွန်ုပ်သည် ထိုမေးခွန်းအတွက် များစွာ အံ့အားသင့်သွား ပြီးလျှင် မည်သို့မည်ပုံ ဆက်လက်ဖြေဆိုရမည်ဆိုသည်ကိုပါ ရုတ်တရက် အဖြေရှာမရနိုင်အောင် ဖြစ်သွားပေသည်။ သို့သော် ကျွန်ုပ်သည် ကျွန်ုပ်သိသည့်အတိုင်းပင် ဆက်လက် ဖြေဆိုလိုက်ပေ သည်။

ကျွန်ုပ် ။ ။ ကျွန်ုပ် မသိဘူး၊ ကျုပ်သိတာက လူမိုက်တွေက
သူ့ကိုတွေ့ရင် ကြောက်တာပဲသိတယ်။

စုံထောက်မင်းကြီးသည် သူ့ဘေးရှိ ပန်းပေါ် တံဆိပ်များစွာ တပ်ထားသော မျက်နှာဖုံးကြီးအား အင်္ဂလိပ်ဘာသာဖြင့် ပြောဆို လေ၏။ ထိုမျက်နှာဖုံးကြီးမှာ ဦးဇင်ယော်၏အိမ်၌ ကျွန်ုပ် တွေ့ခဲ့ဖူး သော ဂေါ် ရာစစ်ပုလိပ်မှူး မေဂျာဒါနန်းပင်ဖြစ်ပေ၏။ မေဂျာဒါနန်း သည် ကျွန်ုပ်အားမှတ်မိပုံမရပေ။ ကျွန်ုပ်အား မစ္စတာစတီးဝပ်သည် ဆက်လက်မေးမြန်းပြန်လေ၏။

စတီးဝပ် ။ ။ မောင်မင်း သျှောင်ပေစူး ဘိုးတော်ကို ဘယ်တုန်း
က သိသလဲ။

ကျွန်ုပ် ။ ။ ဘယ်တုန်းကမှ မသိဘူး ၊ မြင်ဖူးတာပဲရှိတယ်၊
ဆေးကုတဲ့အခါမှာလဲ ကျုပ်ကို အကူအညီ
တောင်းလို့ ပေးခဲ့တယ်။

စတီးဝပ် ။ ။ ကျုပ်တို့ စကော့တလန်ယဒ်က စုံထောက်ကြီး
မျက်နှာကို ဓားနဲ့ ခြစ်ပြေးတယ်၊ လူသတ်မှုများစွာ
အတွက် သူ့ကို ကျုပ်တို့ မသင်္ကာဘူး၊ အားကြီး
ကြောက်စရာကောင်းတဲ့ လူဆိုးပဲ ၊ မောင်မင်း
ဒီလူဆိုးကြီးကို လက်ခံတဲ့အတွက် မောင်မင်းမှာ
အပြစ် အများကြီး ရှိတယ် ၊ ဒီလူဆိုးကြီးဟာ
လူမိုက်တွေအားလုံးရဲ့ ဆရာကြီးလို့ ပြောတယ်၊
ကျုပ် လမ်းမတော်ဘိုးတုတ်ကို စစ်ဆေးပြီးပြီ ၊
လမ်းမတော်ဘိုးတုတ်က သူ့ဆရာကြီးလို့ ပြော
တယ်၊ ဟုတ်လား မောင်ဘိုးတုတ်။

ကျွန်ုပ်တို့ မေးမြန်းလျှက်ရှိသော စတီးဝပ်ကြီး လက်ညိုး ထိုးရာသို့ ကျွန်ုပ် ကြည့်လိုက်သောအခါတွင် ဗန်ကောက်လုံချည် ညိုရောင်ပုဆိုးကို ခပ်တိုတိုဝတ်ထားပြီး မျက်နှာလေးထောင့်နှင့် မျက်လုံးမျက်ဖန်ကောင်းပြီး ကတုံးဆံတောက်နှင့် ပုဂ္ဂိုလ် တစ်ယောက်ကို တွေ့ရပေသည်။

" ဟုတ်တယ် မင်းကြီး၊ ကျုပ် အမှန်ကိုပြောတာပဲ၊ သျှောင်ပေစူး ဘိုးတော်ဟာ ကျုပ်ကို ပညာသင်ပေးတဲ့ ဆရာကြီးပဲ၊ သူ့ကျေးဇူး ကျုပ်မှာ အများကြီးရှိတယ်၊ ဒါပေမယ့် ကျုပ်ဆရာဟာ ရာဇဝတ်မှုကျူးလွန်တယ်လို့ မယူဆဘူး၊ မင်းကြီးတို့မှာ သက်သေ မရှိဘဲ၊ အထောက်အထားမရှိဘဲ၊ ကျုပ်ဆရာကို ပုံချနေတာပဲ "

ကျွန်ုပ်သည် လမ်းမတော်ဘိုးတုတ်ဆိုသူကို ကြည့်လိုက်ရာ နှာမည်ကြီးသလောက် ပြတ်သားမည့်ပုံပေါ်သည်ကို တွေ့ရသည့်



www.burmeseclassic.com

www.burmeseclassic.com



ပြင် စုံထောက်မင်းကြီးအား ထိမထင်သော မျက်နှာဖြင့် ကြည့်လျှ
ရှိသည်ကို တွေ့ရသည့်အတွက် ကျွန်ုပ်၏စိတ်၌ အမည်မသိသေ
ခံစားမှုတစ်မျိုးကို ခံစားမိလေသည်။

" မောင်ဘိုးတုတ်၊ ကျုပ်တို့စုံထောက်တွေက ပြောတယ်
ရိုက်ပွဲမှာ မောင်မင်းတပည့်တွေနဲ့ ရိုက်နေကြတုန်း သျှောင်ပေ
ဘိုးထော်ရောက်လာတယ်ပြောတယ်၊ ဗလအားကြီးကောင်းတယ်
ခေါင်းပေါင်းအဖြူပေါင်းထားတယ်ပြောတယ်၊ မောင်မင်းကို အထု
တစ်ထုပ်ပေးတယ်ပြောတယ်၊ အဲဒီဆေးသောက်ပြီး မောင်မင်
တပည့်တွေဟာ အတော်သောင်းကျန်းတယ်လို့ ကျုပ်တို့စုံထော
ဘက်က မောင်ဘတုတ်နဲ့တကွ ကပ္ပတိန်ဒူးဂျားပါ အစီရင်ခံတယ်"

" ဟုတ်တယ် မင်းကြီး၊ ဒီကိစ္စက မြန်မာအမျိုးသားကိစ္စပဲ
ကျုပ်ဆရာ သျှောင်ပေစူးဘိုးထော်ပေးသွားတာဟာ ထုံးမန်းပဲ "

စုံထောက်မင်းကြီး မစ္စတာ စတီးဝပ်သည် လမ်းမတော်
ဘိုးတုတ်ပြောသော 'ထုံးမန်း' ဆိုသည်ကို နားမလည်သဖြင့် အင်္ဂလိ
လို 'ဝှပ် . . ထုံးမန်း' ဟူ၍ မေးလိုက်လေရာ စုံထောက်ကြီး
ဦးဇင်ယော်သည် မစ္စတာစတီးဝပ်အား အင်္ဂလိပ်ဘာသာဖြင့်ဖြေရှင်း
ပေးလိုက်ရပေ၏။ စုံထောက်ဦးဇင်ယော်သည် အင်္ဂလိပ်ဘာသာဖြင့်
ဖြေရှင်းမပေးလျှင် 'ထုံးမန်း' သည် အတော်ရှုပ်ထွေးမည့် ကိစ္စဟူ၍
ကျွန်ုပ် တွေးထင်မိလေသည်။

ထို့နောက် မစ္စတာစတီးဝပ်သည် သူ့လက်ထောက်မင်းကြီး
နှင့်လည်းကောင်း၊ ဂေါ်ရာစစ်ပုလိပ် မေဂျာဒါနန်းနှင့်လည်းကောင်း
ဆွေးနွေးပြန်လေသည်။ ကျွန်ုပ်သည် အင်္ဂလိပ်ဘာသာကို နားလည်



သော်လည်း ၎င်းတို့ တီးတိုး ဆွေးနွေးနေသည် ကိုလည်းကောင်း
ကျွန်ုပ်အား ခေါ်ယူစစ်ဆေးခြင်းကို မကျေမနပ် ဖြစ်လျက် ကျွန်ုပ်
အချောင်ပါနေသော ကိစ္စကို ဘဝင်မကျသဖြင့် လည်းကောင်း
ဂရုစိုက်နားထောင်ခြင်း မပြုပါ။

မစ္စတာ စတီးဝပ်သည် ကျွန်ုပ်ဘက်သို့လှည့်၍ လက်ညှိုး
ထိုးလျက် ပြောဆိုလိုက်လေရာ အောက်ပါအတိုင်း ဖြစ်လေသည်။

" မောင်မင်းကို ကျုပ် လွှတ်လိုက်တယ်၊ အခု ကျုပ်တို့
အတိုင်ပင်ခံ စုံထောက်ကြီးဦးဇင်ယော်က မောင်မင်းကို ထောက်ခံ
တယ်၊ မောင်မင်း ဘာမှမသိဘူးလို့ဆိုတယ်၊ ဒါဖေမယ့် အစိုးရ
ရာဇသတ်ကြီး ပုဒ်မ ၂၂၃ အရ မောင်မင်းမှာ ငြိစွန်းနေတယ်၊
နောက်တစ်ခါ သျှောင်ပေစူးဘိုးထော်နဲ့ ဆက်သွယ်ရင် အိန္ဒိယ
ရာဇသတ်ကြီး ပုဒ်မ ၂၂၃ အရ မောင်မင်းကို ရာဇဝတ်သား
အားပေးသူအဖြစ် ထောင်ချနိုင်တယ်၊ မောင်မင်း သတိထားပါ "

စုံထောက်ကြီး ဦးဇင်ယော်သည် ထ၍လာကာ ကျွန်ုပ်အား
လက်ဆွဲနှုတ်ဆက်ပြီး . . .

" ကိုသိမ်းမောင် သတိထားဗျ၊ ကိစ္စတွေက အတော်ရှုပ်ထွေး
နေတယ်၊ ခင်ဗျား ကျုပ်ဆီလာတုန်းကတည်းက အသက်ဘေး
တော်တော်နီးသွားတယ်၊ သပွတ်အူပေါက် လူသတ်မှုတွေ ပေါ်ပေါက်
နေလို့ မင်းကြီးအတော်စိတ်ရှုပ်နေတယ်ဗျ၊ လမ်းမတော်
ဘိုးတုတ်ကိုတောင်ဖမ်းဆီးဖို့ စိုင်းပြင်းနေတယ်၊ အဲဒါမလုပ်ဖို့
ကျုပ်ပဲတားထားရတယ် "

အိုင်ပီ ဦးသိမ်းမောင်သည် ကျွန်ုပ်အနားသို့ လာရပ်လေ

www.burmeseclassic.com

www.burmeseclassic.com



၏။ ၎င်း၏မျက်နှာမှာ များစွာသာယာခြင်းမရှိပေ။

ထိုခဏ၌ပင် မင်းကြီး၏ဘေးမှ တယ်လီဖုန်းအသံသည် လွန်စွာ ကျယ်လောင်လျက်လာလေ၏။ စုံထောက်မင်းကြီးသည် တယ်လီဖုန်းအား ကောက်ယူ နားထောင်ပြီးလျှင် လွန်စွာ မျက်နှာ ပျက်သွားလေ၏။

" ကောင်းကင်က ဘုရားသခင် . . . ကယ်တော်မူပါ "

ဟူ၍ မြည်တမ်းလိုက်လေရာ အားလုံး အံ့အားသင့် သွားကြရလေသည်။

စုံထောက်မင်းကြီး၏ အော်စတင်ကားနက်လေးသည် အင်းစိန် စီ၊ အိုင်၊ ဒီ ဝင်းကြီးအတွင်းမှ လျှင်မြန်စွာ မောင်းထွက် သွားပြီးလျှင် ကျွန်ုပ်အပါအဝင် ဂျစ်ကားနှစ်စီးသည်လည်း စုံထောက် မင်းကြီးမစ္စတာစတီးဝပ်၏ ကားနောက်သို့ အမီလိုက်လေ၏။ ကျွန်ုပ် သည် အိမ်သို့ပြန်ရန်ဖြစ်သော်လည်း စုံထောက်ကြီးဦးဇင်ယော် သည် သူနှင့်အတူ လိုက်ပါရန် ပြောဆိုပြီးရုံမက ကျွန်ုပ်သည်လည်း ၎င်းနှင့်အတူ လိုက်ပါနိုင်ရန် မေဂျာဒါနန်းအပြင် စုံထောက်အရာရှိ ကြီးနှစ်ဦးကိုပါ ပြောဆိုလိုက်လေရာ စုံထောက်ကြီးဦးဇင်ယော်၏ အာမခံချက် အပြည့်အဝရရှိသော ကျွန်ုပ်အား လာရောက်ခေါ်ယူ ခဲ့သော အင်စပက်တော်မောင်ဘတုတ်၏ တရားခံကြည့် ကြည့်ခြင်း ခံရသောအဖြစ်မှ သက်သာခွင့်ရသွားလေတော့၏။

ကျွန်ုပ်တို့ ဂျစ်ကားသည် အင်းလျားလမ်းထဲရှိ လမ်း နှစ်လမ်းမှ ချိုးကွေ့ပြီးလျှင် အလွန်ကျယ်ဝန်းသော ခြံကျယ်ကြီး အတွင်းသို့ ချိုးကွေ့ဝင်ရောက်လိုက်လေ၏။



ကျွန်ုပ်တို့သည် အင်းလျားလမ်းထိပ်ရှိ ခြံကျယ်ဝင်းကျယ် ကြီး နှစ်ထပ်တိုက်အောက်ထပ်တွင် ကားကိုထိုးဆိုက်လိုက်လေသည်။ ဝင်းထဲတွင်စုံထောက်များနှင့် ဂေါ်ရာစစ်သား အများအပြားကို လည်း တွေ့ရလေသည်။

ကျွန်ုပ်တို့ရှေ့မှ စုံထောက်မင်းကြီးစတီးဝပ်၏ အော်စတင် ကားနက်လေးသည် ရပ်လျှက်ရှိပြီး စုံထောက်မင်းကြီးသည် သူ့ လက်ထောက်နှစ်ဦးနှင့်အတူ စကားပြောဆိုလျက်ရှိပြီးလျှင် ကျွန်ုပ် တို့ကားပေါ်မှ စုံထောက်ကြီးဦးဇင်ယော်ကို စုံထောက်မင်းကြီးသည် စောင့်လျှက်ရှိပေ၏။

အိမ်ထဲမှ ခပ်ဝဝတုတ်တုတ်၊ နှုတ်ခမ်းမွှေးရေးရေးနှင့် အင်းစိန် စီ၊ အိုင်၊ ဒီ ဦးထုပ်ကို ဆောင်းထားသော လူတစ်ယောက်၊ အင်စပက်တော် စုံထောက်တစ်ဦးသည် စုံထောက်မင်းကြီးအား အရိုအသေပြုလျှက် . . .

" အခင်းဖြစ်ပွားတာက အပေါ်ထပ်မှာပါ မင်းကြီး၊ ကျွန်တော်တို့အားလုံး မင်းကြီးကို စောင့်နေပါတယ် "

" အေး . . . ကောင်းတယ် . . . ကောင်းတယ်၊ လာ . . . ဦးဇင်ယော် အပေါ်သွားကြစို့ "

စုံထောက်ကြီး ဦးဇင်ယော်သည် ၎င်း၏ကိုယ်တွင်း မည်သည့်နေရာမှ ဖက်ထားမှန်းမသိရသော မိန်းမကိုင် နှုတ်ခမ်းပြူး ပစ္စတိုသေနတ်ကို ထုတ်ယူ၍ ကျည်ဆန်ကပ်ကို သေချာစွာ စစ်ဆေး ပြီးလျှင် မောင်းထိန်းခလုတ်ကို ဖွင့်လိုက်လေ၏။

" မင်းကြီး . . . အပေါ်မတက်နဲ့ ၊အပေါ်မှာ ရန်သူရှိနေ

www.burmeseclassic.com

www.burmeseclassic.com



သေးတယ် "

စုံထောက်မင်းကြီးသည် မျက်လုံးပြူးကျယ်သွားလျက် ၎င်း၏ ရှည်လျားကော့ထောင်သော မျက်ခုံးနှစ်ဖက်ကို တွန့်တက်သွားအောင် ပင့်တင်လိုက်ပြီးလျှင် ၎င်းရှေ့၌ အစီရင်ခံလျက်ရှိသော အင်စပက်တော်ကို လှမ်းကြည့်လိုက်၏။

" ကျွန်ုပ်တော်တို့အားလုံး စစ်ဆေးကြည့်ပြီးပါပြီ မင်းကြီး၊ ဂေါ်ရာတပ်က ကပ္ပတိန်ပါ ပါတယ်၊ ရန်သူမရှိပါဘူး၊ အမှုက ညဥ့်သန်းခေါင်က ကျူးလွန်ထားတဲ့ အမှုဖြစ်ပါတယ်၊ အားလုံးအနှံ့ ပိုက်စိတ်တိုက်လှေ့လာပြီးပါပြီ၊ လက်ဗွေနဲ့ သက်သေခံပစ္စည်း အစုံ အလင်ယူပြီးပါပြီ၊ အသတ်ခံရတဲ့သူက အရေးပါအရာရောက်တဲ့ သူမို့ မင်းကြီးအလာကို စောင့်နေတာပါ "

အင်စပက်တော်သည် ဦးဇင်ယော်အား ကြည့်လျက် စုံထောက်မင်းကြီးအား ၎င်းတို့၏ ဆောင်ရွက်ချက်ကို ပြောပြနေပေ၏။

စုံထောက်မင်းကြီး စတီးဝပ်သည် ရုတ်တရက် တွေဝေလျက်ရှိပေ၏။

ဦးဇင်ယော်သည် တာဝန်ကျ အင်စပက်တာအား ကြည့်လျက် . . .

" မင်းတို့အပေါ်မှာ အခု ဘယ်နှစ်ယောက် တာဝန်ယူထားသလဲ "

ဟူ၍ မေးမြန်းလေရာ . . .

" စီး၊ အိုင်၊ ဒီ ဘက်က ဘကျော်ကြီးနဲ့ ကျွန်တော်နဲ့ နှစ်



တ်အပြင်၊ ဆားပုလင်းလေးယောက် ပါပါတယ်၊ ဂေါ်ရာ ဘက်က ကပ္ပတိန်ဆင်းနဲ့ သူ့တပ်ကြပ်သုံးယောက်ပါပါတယ် "

" အေး . . . မင်းလူတွေ အပေါ်မှာရှိသလား . . . "

" ရှိပါတယ်၊ ခြံဝကိုလဲ ဂေါ်ရာစစ်တပ်က တပ်စိပ်တစ်စိပ် ားပါတယ် "

မေဂျာဒါနန်းသည်စိတ်မရှည်လှသော အမူအရာဖြင့် . . .

" ရန်သူရှိတာ သေချာလား . . . စုံထောက်ကြီး၊ ကျုပ် တိုင် သေနတ်ချင်းယှဉ်ပြီး ပစ်လိုတယ်၊ ကျုပ်က ရှော့ရှိုင်းယား နယ် သေနတ်ပစ်ပြိုင်ပွဲမှာ ရွှေတံဆိပ်ရထားတာ "

ထိုအခိုက်အတန့်တွင် အပေါ်ထပ်မှ 'ဝုန်း' ဟူသော အသံ ခု ထွက်ပေါ်လာပြီးလျှင် အော်ဟစ်သံများ ဆူညံစွာ ထွက်ပေါ် လျှက် သေနတ်သံများ အဆက်မပြတ် ထွက်ပေါ်လာပြီး မေဂျာ န်းသည် ခါးကြားမှ ပစ္စတိုကိုထုတ်လျက်ပစ်ကာအပေါ်ထပ်သို့ တက်လေ၏။ ကျွန်ုပ်သည် ဦးဇင်ယော်နောက်မှ ကပ်၍ တာ အင်စပက်တော်ဘတုတ်သည်လည်း အတူလိုက်ပါလျှက် ပါ်ထပ်လှေကားသို့ လေးဘက်ထောက်လျှက် တက်ရလေ၏။ ာက်မင်းကြီး မစ္စတာစတီးဝပ်သည် အောက်မှ အစောင့်များကို ပါ်ထပ်သို့တက်၍ တိုက်ရန် အမိန့်ပေးပြီးလျှင် ၎င်းပါလှေကားမှ လေ၏။

အချိန်ကာလအားဖြင့် နှစ်မိနစ်မျှသာကြာသည်ဟု ကျွန်ုပ် ထဲတွင် ထင်မှတ်လိုက်လေ၏။ ကျွန်ုပ်တို့ အပေါ်သို့ရောက်သော တွင်ကား အပေါ်ထပ်တွင် တုံးလုံးပက်လက်များကိုသာ တွေ့ရ

www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် ယမ်းခိုးများ မီးခိုးများဖုံးလွှမ်းလျက်ရှိသော အခန်းကိုသ တွေ့ရလေသည်။ အခန်းတစ်ခုလုံး မည်းမှောင်လျက် အိမ်ပြတင် ပေါက်များသည် ပွင့်လျက်ရှိပြီးလျှင် ဖန်ကွဲစများသည်လည်း ကြေ ပြန့်ကြဲလျက်ရှိပေ၏။

ကျွန်ုပ်သည် ဦးဇင်ယော်နှင့်အတူကပ်လျက် အားလုံး လှော်ကြည့်မိလေရာ စုစုပေါင်း လူခုနစ်ဦးခန့် တုံးလုံးလဲလျ ရှိပေ၏။ ကျန်သုံးဦးမှာ ပက်လက်အနေအထားဖြင့် ကောင်းကင် မှောက်ကြည့်ဟန်အနေအထားဖြင့် ငြိမ်သက်လျက်ရှိ၏။ သို့သေ ရင်းတို့မှာ သွေးများထွက်ခြင်း မရှိဘဲ အလွန်အခံရခက်သေ ဝေဒနာတစ်ရပ်ကိုခံစားရင်း လောကကြီးကို ကျောခိုင်းသွားခြ မျိုး ဖြစ်နိုင်သည်ဟု ကျွန်ုပ်သည် တွေးထင်ယူဆမိလေ၏။

စုံထောက်မင်းကြီး စတီးဝပ်သည် စိတ်တိုစွာဖြ သူ့သက်တော်စောင့် သုံးဦးအား အော်ငေါက်၍ အင်္ဂလိပ်ဘာသ စကားဖြင့် ဆဲရေးခြင်းအမှုပြုလေ၏။

" စုံထောက်မင်းကြီး စိတ်အေးအေးထားပြီး အမှုအတွေ စဉ်းစားပါဗျာ၊ အခု ရန်သူတွေမရှိတော့ပါဘူး၊ စိတ်ချရပါပြီ "

စုံထောက်မင်းကြီးသည် ဦးဇင်ယော်အား စေ့စေ့ကြည့် လျှင် . . .

" ဗုပ် "

ဟူ၍ အော်လေ၏။

ဦးဇင်ယော်သည် စုံထောက်မင်းကြီး၏မျက်နှာကိုပြန်လှ သေသေချာချာကြည့်လျှက် ပြုံးရယ်လိုက်ပြီးလျှင် အောက်ပါအတိ

ပြောဆိုလိုက်လေ၏။ " မင်းကြီး စိတ်တိုနေတယ်၊ အခုကိစ္စက ခင်းကြီးရဲ့လက်အောက် စုံထောက်အရာရှိတွေရဲ့ ညံ့ဖျင်းမှုပဲ၊ အမှု အခင်းဖြစ်ပြီးပြီးခြင်း တရားခံဖော်ဖို့နဲ့ သက်သေရှာဖို့ပဲ လှော်လာ နေတာကိုး၊ ဒါကြောင့် စုံထောက်တွေ အသတ်ခံနေရတာ၊ စုံထောက် တိုင်း ပုလိပ်အရာရှိတိုင်းကို လူဆိုးတိုင်းက ကြောက်တာမှမဟုတ်ဘဲ၊ မြန်မာ့ စုံထောက်ပညာပါတဲ့ . . . 'ဝှက်ဖဲသုံးချပ်၊ 'နံ'ပမ်းသတ်သို့' ဆိုတဲ့စကား အင်္ဂလိပ်လိုတော့ ' Prey For Seize ' ဆိုတဲ့ သဘောတရားကို မသုံးလို့ ခုလိုဖြစ်တာပဲ "

စုံထောက်မင်းကြီးအား စုံထောက်ပညာ သင်ပေးနေသလို ဖြစ်နေသော စုံထောက်ကျော်ကြီး ဦးဇင်ယော်အား အင်္ဂလန်ပြည် ဘုရင်မက ဘွဲ့တံဆိပ် ပေးဖူးသည်မှာများစွာမဆန်းလှဟု ကျွန်ုပ် သဘောပေါက်မိလေတော့သည်။

" ကျွန်တော့်တို့ ကားမဝင်မီက ခြံကို ကျွန်တော်ကြည့်ပြီး တိုက်ရဲ့တိုက်ဖျား (ဦးကင်း)နဲ့ ခြံစည်းရိုးအဝင် ပေါ်တီကို အောက် ခြေကို ကြည့် ခဲ့ တယ်၊ ဟောဒီကတ်ပြားလေးကို ကောက်လိုက်တယ်။ အိမ်ရဲ့ မီးဖိုခေါင်းတိုင်မှာ အပေါက်သုံးပေါက် တွေ့လိုက်ပြီး လူရိပ်တွေ့လိုက်ရလို့ ရန်သူမထွက်သေးဘူးဆိုတာ သိလိုက်တယ်၊'မုန်ဆင်တောတိုက်၊ သစ်ခေါင်းပိုက်စိပ်တိုက်လို့' ခေါ်တဲ့အတိုင်းပဲ၊ အမှိုက်သရိုက်မကျန် ရှင်းပြီး အောင်ပွဲဆင်ရမယ့် တိုက်ဆင်လို ကျင့်သုံးရမယ်ဆိုတဲ့ ကျုပ်တို့ မြန်မာစုံထောက်ပညာ ကျမ်းကိုရေးခဲ့တဲ့ ဆရာကြီးရဲ့အလို အတိုင်း ကျုပ်သုံးခဲ့လို့ အျှပ်သိလိုက်ရတာပဲ မင်းကြီး "

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်နှင့်အတူ စကားပြောရင်း လိုက်ပါလာခဲ့သော စုံထောက်ကြီးဦးဇင်ယော်၏ လှုပ်ရှားမှုအားလုံးကို လုံးဝမသိရှိလိုက်ရသော ကျွန်ုပ်သည် ဦးဇင်ယော်အား ပိုမိုအထင်ကြီးမိပြန်လေ၏။

စုံထောက်ကြီး ဦးဇင်ယော်သည် စုံထောက်မင်းကြီး စတီးဝင်၊ ဂေါ်ရခါး စစ်ပုလိပ်အဖွဲ့မှူး မေဂျာဒါနန်းတို့နှင့်အတူ အမှုအခင်းဖြစ်ပွားသည့် အလောင်းများကို စစ်ဆေးလေသည်။

ပြန့်ကြဲလျှက်ရှိသော အလောင်းများတွင် ထူးခြားလျှက်ရှိသော အလောင်းသုံးလောင်းအား ရှည်လျားလှသော စားပွဲကြီးပေါ်တွင် တင်ထားလေသည်။ အလောင်းများမှာ တောင့်တင်းမာကျောလျှက် အတန်ငယ်ပင်ဖောရောင်လျှက် ရှိပြီဖြစ်ပေသည်။ အသက်အရွယ်ပိုင်းမှာမူ ထိပ်ဆုံးမှသေဆုံးသူမှာ အသက်လေးဆယ်ကျော်အရွယ်ဖြစ်ပြီးလျှင်၊ ကျန်နှစ်ဦးမှာမူ အသက်သုံးဆယ်ကျော်သာသာခန့် လူငယ်နှစ်ဦးဖြစ်ပြီးလျှင် ဥရောပဝတ်စုံများနှင့် ဖြစ်လေသည်။

စုံထောက်ကြီးဦးဇင်ယော်သည် အလောင်းများကို မရွံမရှာ နမ်းကြည့်လေရာ မစ္စတာစတီးဝင်သည် ၎င်း၏ နှာခေါင်းကို လက်ကိုင်ပဝါဖြင့် စည်းထားလေသည်။

အလွန်ကောင်းမွန်ခန့်ညားလှသော ဤအိမ်ကြီးအတွင်း၌ အနိဋ္ဌာရုံဖြစ်သော လူသတ်မှုဖြစ်ရခြင်းသည် များစွာစိတ်မချမ်းမြေ့ဖွယ်ဖြစ်ပေသည်ဟု ကျွန်ုပ်တွေးမိလေသည်။ ကျွန်းဆက်တီကြီးများ၊ နံရံကပ် ဗီရိုကြီးများနှင့် မဟော်ဂနီရောင် စန္ဒရားအပြင် ရှေးမြို့ပိုင်၊ နယ်ပိုင်နှင့် ရှမ်းစော်ဘွားတို့ ထိုင်လျှက်ရှိသော ကုလားထိုင်ကြီး



ဆစ်လုံးကိုပါ တွေ့ရလေရာ ကျွန်ုပ်သည် ဤအိမ်ကြီးအား များစွာနှမြောသက်မိလေသည်။ သို့သော် တစ်ခုထူးဆန်းသည်မှာ ကျွန်ုပ်ရောက်ရှိလာသည့် အချိန်ထိ သေဆုံးသည့်အလောင်းများမှအပ အခြားအိမ်သားများ မတွေ့ရပေရာ ကျွန်ုပ်သည် ဦးဇင်ယော်အား မေးမိလေ၏။

" ဒီအိမ်ကြီးက အလွန်ကြွယ်ဝတဲ့ သူဌေးကြီးဦးမျိုးတင့်အိမ်ပဲလေဗျာ၊ ဆပ်ပြာသူဌေးတစ်ယောက်လို့ ဆိုတာပဲ၊ ရွှေတွေ အများကြီးရှိတယ်လို့ နာမည်ကြီးနေတာ၊ စားပွဲထိပ်က သေဆုံးသူဟာ သူ့ပေါ့ဗျာ၊ ကျုပ်ကတော့ သူ့လောဘက သူ့ဇာတ် မြုပ်သွားစေတယ်လို့ ထင်တာပဲ၊ ဒီအိမ်မှာ သူတစ်ယောက်တည်းနေတာဗျ၊ အိမ်ထောင်မရှိ၊ အခိုင်းအစေမထားဘူး၊ အင်း . . . ဒါပေမယ့် တစ်ညတစ်ယောက် သူ့ကိုပြုစုဖို့ အငှားမယား မြာလေးတွေတော့ ရှိတယ်လို့ ပြောသံ ကြားဖူးတယ်၊ ကျုပ်တောင် သူ့ကို အရင်က စုံထောက်လုမ်းခဲ့ဖူးသေးတယ်၊ ဒါပေမယ့် သူက အရင်ပြောင်းသွားတဲ့ စုံထောက်မင်းကြီးဂွန်နဲ့ အတော်ရင်းနှီးတာဗျ၊ ကျုပ် ပင်စင်မယူမီ တစ်လလောက်တောင် နယ်ဘက်ကို အပြောင်းခံရဖူးသေးတယ်၊ အထက်ကိုပိုင်တဲ့ သူဌေးကြီးလေဗျာ၊ အခုတောင် မင်းကြီး စတီးဝင်နဲ့ အရင်းနှီးဆုံး မိတ်ဆွေစာရင်းဝင်လေဗျာ၊ ဒါကြောင့် အင်းစိန် စီအိုင်၊ဒီ တုန်းက မင်းကြီးက ဘုရားသခင် ကယ်တော်မူပါဖို့ ပြောခဲ့တာပဲ၊ ဒီအိမ်မှာ အရာရှိကြီးတွေ တော်တော်များများကို ညစာစားပွဲနဲ့ ဧည့်ခံလေ့ရှိတယ်ဗျ၊ ဂျစ်ပစီမတွေရဲ့ မြန်မာဖျက်မတွေကို ခေါ်ပြီး 'Night Tale' ခေါ်တဲ့ညပြင် ကပွဲတွေ၊

www.burmeseclassic.com

www.burmeseclassic.com



ရှုခင်းသာတွေ လုပ်ပေးလေ့ရှိတယ်ဗျ၊ ဒါကြောင့် အရာရှိကြီး တွေအတွက် အတော်နှမြောစရာပဲပေါ့ဗျာ "

" ဒီကတ်ပြားရဲ့ လက်ရေးပိုင်ရှင်ဟာ ဒီအမှုအားလုံးရဲ့ တရားခံပါပဲ မင်းကြီး၊ အခုသူဟာ ဝေးရာကို ပြေးပြီးနောက် မကြာ ပြန်ရောက်လာပါလိမ့်မယ် "

စုံထောက်ကြီးဦးဇင်ယော်သည် စုံထောက်မင်းကြီးအား ပြသသော ကတ်ပြားလေးကို ကျွန်ုပ်အား ပြသပေရာ ကျွန်ုပ်သည် လွန်စွာအံ့သြခြင်း၊ ထိတ်လန့်ခြင်းပြင်းစွာ ဖြစ်ရလေတော့သည်။

* * *

## တာရာဏသီ လက်သီးထိုးခြင်း

ထိုနေ့ညသို့ ကျွန်ုပ်သည် အိပ်မပျော်သည်နှင့် လမ်းထိပ်ရှိ ကုလားကာကာဆိုင်သို့ လက်ဖက်ရည်သောက်ရန် ထွက်ခဲ့လေသည်။ ...အလင်းဖွင့်သော ဆိုင်ဖြစ်သောကြောင့် ကျောက်မြောင်းတစ်ဝိုက် ...လူများသည် မလွှကုန်းလမ်းထိပ် ကုလားကာကာဆိုင်တွင်ပင် ...ပုံသောက်လေ့ရှိကြသဖြင့် လူစုံကိုတွေ့ရလေသည်။

ကာကာဆိုင်ထဲတွင် လူလေးငါးယောက်ခန့် ထိုင်လျက်ရှိ...။ ကျွန်ုပ်သည်လည်း စီးကရက်တစ်လိပ်ပြီးတစ်လိပ် ကုန်အောင် ...သောက်ပြီး လက်ဖက်ရည်ဖိုးပေးရန် စားပွဲထိုးလေးအား ...ခေါ်လိုက် ...၊ ထိုအခိုက်အတန့်တွင်ပင် . . .

www.burmeseclassic.com

www.burmeseclassic.com



" ဟဲ. . ဟဲ ကိုသိမ်းမောင်သွားတော့မလားဗျ၊ နေပါဦး

ကျွန်ုပ်သည် အသံလာရာသို့ လှည့်ကြည့်လိုက်ရာ အလွ
မည်းနက်သော အသားရောင်ရှိ၍ ကောက်ကွေးရှုပ်ထွေးလှသေ
ဆံပင်များရှိပြီးလျှင် မျက်စိပြူးကြောင်ကြောင်ရှိသော ကုလားကြ
တစ်ဦးသည် ကျွန်ုပ်ကို ရယ်မောပြလေ၏။

" ကျုပ် သျှောင်ပေစူး ဘိုးထော်လေဗျာ၊ ကိုသိမ်းမော
မမှတ်မိတော့ဘူးလားဗျ "

ကျွန်ုပ်သည် ဂေါ်ရင်ဂျီကုလားကြီးအားကြည့်ကာ လုံး
မင်သက်မိလျှက်ရှိပေ၏။ ဂေါ်ရင်ဂျီကုလားကြီးသည် ကျွန်ုပ်အား
ရယ်မောလျှက်ရှိ၏။

ကျွန်ုပ်လည်း ပြုံးရယ်လိုက်ပြီးလျှင် . . .

" အင်း . . . ခင်ဗျားရုပ်က ဂေါ်ရင်ဂျီ ရုပ်မျိုးဗျ၊ ဘယ်လို
ခွဲလို့မရတော့ ကျုပ်လဲ အံ့အားသင့်ပြီး ကြောင်နေတာပဲ၊ ဒါနဲ့ ကျု
ဒီလာပြီး ကော်ဖီသောက်မယ်ဆိုတာ ခင်ဗျားဘယ်လိုလုပ်ပြီးသိလဲ"

" ဟဲ . . ဟဲ . . ကိုသိမ်းမောင်ရယ် . . ၊ သိစရာ နည်း
လမ်း ရှိပါတယ်ဗျ၊ ပထမနည်းက ဆိုင်ကိုနည်းခေါ်တယ်၊ ဒုတိယ
နည်းကတော့ တယ်လီပယ်သီနည်းခေါ်တယ်၊ တတိယနည်းကတော့
တတိယမျက်လုံးခေါ်တဲ့' Third Eye'နဲ့ စတုတ္ထနည်းကတော့
သုက္ကရလုဒ္ဓလို့ခေါ်တဲ့ စရိုက်သဘာဝကို လေ့လာခြင်းနည်းပဲဗျ
အဲဒီနည်းတွေအနက် ကျုပ်သုံးလိုက်တဲ့နည်းကတော့ သုက္ကရလုဒ္ဓ
ခေါ်တဲ့နည်းပေပဲ၊ အနုလောမနည်းနဲ့ဆက်ပြီး ယူလိုက်တဲ့နည်း
တစ်ရပ်ပဲ၊ အလွယ်ဆုံးနည်းလေးပါဗျာ "



" အင်း . . . ခင်ဗျားနည်းကတော့ ဘာနည်းပဲဖြစ်ဖြစ်
ခင်ရုပ်တွေက ထူးဆန်းနေလို့ ကျုပ်ဖြင့် ရင်တမမ နေရပြီဗျ"

ကျွန်ုပ်သည် ကြောင်နက်စီးကရက်တစ်လိပ်ကို ခဲရင်း
ဆိုကဲ့သို့ ပြောဆိုလိုက်ရာ ဂေါ်ရင်ဂျီကုလားကြီးသည် ဇေတဝါရီ
ကုလားများသောက်သော ဗီ၊ ဒီ ဆေးလိပ်သေးသေးလေးကို
မီးစောင်တွင်ခဲလျှက် . . .

" အခု . . . ကျုပ် ဗာရာဏသီ လက်သီးဆရာကြီး ဒန်းရပ်
ဆက်ဆီက ပြန်လာတာ၊ ခင်ဗျား ဗာရာဏသီ လက်သီးအကြောင်း
ကြားဖူးသလား "

ကျွန်ုပ်သည် သျှောင်ပေစူးဘိုးထော်အား သေချာစွာ စိုက်
ကြည့်လျှက် . . .

" မကြားဖူးပါဘူးဗျာ၊ ကြဲကြဲဖန်ဖန် ဗာရာဏသီလက်သီး
ရယ်လို့ "

" အင်း . . ကျုပ်ပြောတာ တခြားမဟုတ်ဘူး. .
ကိုသိမ်းမောင်၊ ခင်ဗျားဟာ စုံထောက်ဘက်ကရော၊ လူမိုက်လူဆိုး
တွေဘက်ကပါ ရန်ရှာနိုင်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ဖြစ်နေလို့ ကျုပ်က
အင်မတန်တန်ဖိုးကြီးလှတဲ့ ဗာရာဏသီလက်သီးထိုးခြင်း အတတ်ကို
သင်ပေးမလို့ ဒီမှာလာပြီး စောင့်နေတာ၊ အဲဒီ ဗာရာဏသီလက်သီး
ဆိုတာ လူတစ်ယောက်ကို တစ်ချက်တည်းနဲ့ အလဲထိုးနိုင်သလို
တစ်ချက်တည်းနဲ့ ကိစ္စတုံးစေနိုင်တဲ့နည်းပဲ၊ အရေးကြုံတဲ့အခါသုံးဖို့
ဗျာ "

" ခင်ဗျား ရက်သတ္တနှစ်ပတ်ပဲ လေ့ကျင့်ရမယ်ဗျာ၊ ဒါပထမ

www.burmeseclassic.com

www.burmeseclassic.com



ဆိုးလေ့ကျင့်ခန်းပဲ၊ နောက်ကျတော့ ခင်ဗျားအားတိုင်းကျင့်ကြည့်ပါ တစ်နေ့ အသုံးဝင်လာလိမ့်မယ် "

" အင်း . . . ဆိုစမ်းပါဦး၊ ခင်ဗျားရဲ့ ဗာရာဏသီ လက်သီး ထိုးနည်းကို "

ကျွန်ုပ်သည် 'ကြုံတုန်းရေခံ၊ နံရင်သွန်ပစ်' ဟူသော မြန်မာ ရှေးရိုးစကားပုံအတိုင်းပင် လိုရမည်ရ နားထောင်နည်းယူမည်ဟု စိတ်ကူးပေါက်မိလေ၏။

" ပထမဆုံးက ခင်ဗျား လက်သီးကို ကျစ်ကျစ်ပါအောင် လုံးနေအောင်ဆုပ်တတ်ရမယ်၊ လက်သီးဆုပ်တတ်မှ လက်သီး ကောင်းထိုးလို့ရတယ်လို့ ဗာရာဏသီဆရာကြီးက ဆိုတယ်ဗျ "

ထိုသို့ပြောရင်း သျှောင်ပေစူးဘိုးတော်သည် သူ၏ ကြီးမား သော လက်သီးကြီးကို ဆုပ်ပြလေ၏။ ၎င်း၏ လက်သီးပမာဏမှာ ထန်းသီးအငယ်စားမျှရှိပေရာ ကျွန်ုပ်သည် အတော်ပင် လန့်သွားမိ လေ၏။

" ဒုတိယအချက်ကတော့ နံနက်စောစော ထရမယ်ဗျ နံနက်စောစောထပြီး လေကို ရှူရှိုက်မှုပြင်းပြင်းနဲ့ ဖြည်းဖြည်း အကြိမ်ကိုးဆယ် ပြုလုပ်ရမယ်၊ မတ်တတ်ရပ်ပြီး ပြုလုပ်ရမယ် "

"နောက်မှ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ရမယ် ဗျ. . . တတိယအချက်ကတော့ ပိတ်စိမ်းပါးပါးတစ်ခုကို ကြိုးတန်း ပေါ်မှာ လှန်းထားရမယ်၊ အဲဒီပိတ်စိမ်းပါးပါးနဲ့ ရှေ့နှစ်တောင်ကွာမှာ ရပ်ပြီး ထိုးရမယ်၊ ဗာရာဏသီအခေါ် အရ 'စောင်းဘရွှး' လို့ ခေါ်တယ်၊ မြန်မာလိုတော့ လက်လှည့်ထိုးခြင်းလို့ခေါ်တယ်၊ အဲဒီလို



တစ်ဖက်ကို အကြိမ်ပေါင်းတစ်ရာ၊ တစ်ရာနဲ့ငါးကြိမ်ကျင့်ပြီးရင် ပထမနေ့လုပ်ငန်းစဉ်ပြီးပြီ၊ အဲဒီနောက် ရေအေးအေးတစ်ခွက်ကို အဝသောက်ချရမယ်၊ ညအိပ်ရာဝင်မှာ လက်သီးနဲ့ လက်တွေကို နှောင်းနယ်ပြီး အိပ်ရမယ်၊ နောက်နေ့တစ်ခါ စောစောထပြီး ပထမ နည်းအတိုင်း ဆက်ကျင့်၊ တစ်ပတ်တိတိ ကျင့်ရမယ် "

" အင်း . . . ခင်ဗျားနည်းက အတော် ပင်ပန်းမယ့်နည်း ပဲ "

" မပင်ပန်းဘဲနဲ့ ဘယ်ရပါ့မလဲ ကိုသိမ်းမောင်၊ ဒါ ခင်ဗျား ကို အချိန်အတိုဆုံးနဲ့ အကောင်းဆုံးနည်းပေးတာ၊ ဒါပေမယ့် ဒီ ဗာရာဏသီ လက်သီးထိုးနည်းအတတ်ကို ဒန်ရပ်(န်)ဆက်ဟာ နှစ် ပေါင်းလေးဆယ်ကျော်တိုင်တိုင် လေ့ကျင့်ခဲ့ရတယ်၊ ကျုပ်ကျင့်တာ ဆိုတော့ အနှစ်နှစ်ဆယ်ရှိပြီ၊ ဒါကြောင့် အသက်အန္တရာယ်နဲ့ကြုံလာ ချင် ကြုံလာမယ့်ဘေးကို ရုတ်တရက်ကာကွယ်ဖို့ ခင်ဗျားကို အတိုဆုံး နည်းလေးတစ်ခုပေးတာ၊ လေ့ကျင့်ခန်းက မပြီးသေးဘူးဗျ၊ ဒုတိယ တစ်ပတ်မှာတော့ တစ်ဆင့်တက်ကျင့်ရမယ်၊ နို့ဆီဘူးခွံတွေရှာပြီး ခြတ်ဗျာ၊ နို့ဆီဘူးခွံလွတ်က သွတ်ပြားလေးတွေခွာပြီး ညီညီညာညာ ညှပ်၊ နောက်ပြီး ခြောက်ပတ်လည်၊ လေးပတ်လည်ရှိတဲ့ တိုင်မှာ ထပ်ထား . . . "

"ဒုတိယအပတ်မှာ နံနက်စောစောထပြီး အဲဒီသွတ်ပြား ထပ်ထားတဲ့တိုင်ကို ခင်ဗျား ရင်ခေါင်းတည့်တည့်မှာထားပြီး ညာ တစ်ချက်ထိုး၊ ဘယ်တစ်ချက်ထိုး ပထမငါးချက်မှာခပ်ဖြည်းဖြည်းထိုး၊ ဒုတိယ ငါးချက်မှာ ခပ်ပြင်းပြင်းထိုးဗျာ၊ တစ်ခါထိုးရင် ဆယ်ကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ထက်မပိုစေနဲ့၊ တစ်နေ့အကြိမ်ပေါင်း ငါးဆယ်ထိုးရမယ်၊ အဲဒီ ငါးဆယ်မှာ နောက်ဆုံးနှစ်ချက်ကိုတော့ အားကုန်နှစ်ပြီး ထိုးရမယ် ညအိပ်ရာဝင်မှာ ထုံးစံအတိုင်း လက်ကို နန္ဒင်းလိမ်းပြီးအိပ်ရမယ် အိပ်ခါနီးမှာ ဆိတ်နို့ပျစ်ပျစ် တစ်ခွက်သောက်ရမယ်၊ အဲဒီအတိုင်း တစ်ပတ်တိတိ ဆက်ကျင့်ပြီးရင် လူတစ်ယောက်ကို တစ်ချက်တည်း အလဲထိုး မေ့မြောစေနိုင်တဲ့နည်းကို ရလိမ့်မယ် . . . "

ကျွန်ုပ်သည် 'ဟင်း' ခနဲ သက်ပြင်းရှည်ကြီးကို ချလိုက်မိ ပေ၏။ ကျွန်ုပ်သိသော ဆေးဆရာ၊ အင်္ဂလိပ်ဆရာကြီး သျှောင်ပေရူ ဘိုးထော်သည် ကျွန်ုပ်အား ဟာရာကာသီလက်သီးထိုးနည်းအတတ်ကို သင်ကြားပေးနေသည်တကားဟု စိတ်တွင်း၌ သဘောပိုက်လိုက်မိ ပေ၏။

" တခြားကြောင့် မဟုတ်ဘူး ကိုသိမ်းမောင်၊ ခင်ဗျားကို ကျုပ် သံယောဇဉ်ရှိလို့ တကူးတကလာစောင့်ပြီး နည်းပေးရတာလေ လေ့ကျင့်စေချင်လို့၊ နောင်မှာ ခင်ဗျားရဲ့အသက်ကို ရန်ရှာသူ မပေါ်ပေါက်ဖူးလို့ မဆိုနိုင်ဘူး၊ အဲ့ဒီအခါမှာ ကျုပ်ပေးလိုက်တဲ့ နည်းဟာ ခင်ဗျားရဲ့ အသက်ကယ်ဆေးဖြစ်မှာပဲ၊ အင်း. . . ခင်ဗျားလေ့ကျင့်ပြီး ဝါသနာပါလာရင် ကျုပ်နည်းဆက်ပေးဦးမယ် ဒီ ဟာရာကာသီလက်သီးဟာသံမဏိပြားတို့၊ သံတုံးတို့တောင် ချိုင့်ဝင် တဲ့နည်းဗျ၊ လူဆိုတာတော့ မပြောနဲ့တော့၊ ကျုပ်ဆရာကြီးရဲ့ လက်ရင်းတပည့်တွေဟာ အုတ်နံရံမှာကပ်ထားတဲ့ သံမဏိတုံးကြီးကို တအားစွပ်ထိုးနိုင်တယ် "

" ကျုပ်တို့ ဆရာကြီး ဒန်ရုပ်(န်)ဆက်က . . . ဂျပန်၊ ကိုရီး



သားအိုကီနဝါတေးတို့ ကုံဖူးတို့ဆိုတဲ့ လက်သီးသမားတွေကိုကြည့်ပြီး နည်းလေ့ရှိတယ်ဗျ၊ ကျုပ် ဘင်္ဂလားသွားတုန်းက ရောက်ခဲ့တာပါ၊ သူနဲ့ အဆက်အသွယ်ရှိပါတယ် . . . "

"အင်း . . . နောက်ဆုံးတစ်ချက် ကျုပ် ကျန်ခဲ့တယ်ဗျ၊ အရေးကြီးတာက လူကိုထိုးတဲ့အခါမှာ မေးဖျားကိုကြည့်ပြီး ဦးခွံကို အာရုံစိုက်ပြီးထိုးရမယ်၊ အဲဒီအချက် သိပ်အရေးကြီးတယ်နော်၊ မျက်နှာကို စွပ်ထိုးဖို့မဟုတ်ဘူး၊ ရန်သူရဲ့မေးဖျားကိုကြည့်ပြီး ရန်သူရဲ့ ဦးခွံကို အာရုံစိုက်ပြီး တအားထိုးရတယ်၊ ဒါဟာ သော့ချက်ပဲ "

ကျွန်ုပ်သည် ဘဝင်မကျနိုင်ဘဲ ဂေါ်ရင်ဂျီကုလားဖြစ်သော သျှောင်ပေရူဘိုးထော်အားကြည့်ကာ ပြောချင်သော စကားများ ဘယ်လျှက်ရှိသဖြင့် ပြောရန်ဟန်ပြင်လိုက်လေ၏။

" အင်း . . . ကိုသိမ်းမောင် ဘာမှမမေးနဲ့ဗျ၊ ခင်ဗျားကို ငုံထောက်ဘက်က စစ်လားဆေးလားလုပ်ခံရတာကိုတော့ ကျုပ်တောင်းပန်ရမှာပဲဗျို့၊ ခင်ဗျားတို့နဲ့ ဇင်ယော်နဲ့ စတီဝပ်ကြီး တို့နဲ့ တစ်နေကုန် ခရီးဆန့်ခဲ့တာလဲ ကျုပ်သိပြီးပါပြီ၊ အစိုးရဘက်က ကျုပ်ကို အလိုရှိလို့ ခင်ဗျားက ကျုပ်ကို ဝရမ်းပြေးလို့ ထင်သလား ကိုသိမ်းမောင် . . . ဟား . . . ဟား . . . ဟား . . . ၊ ကျုပ် ဝရမ်းပြေးမဟုတ်ဘူး ကိုသိမ်းမောင်၊ ကျုပ်ဟာ 'မှန်ကန်ခြင်းရဲ့ မှန်ကန်တတ်ခြင်းနဲ့ မှန် ကန်မှုတိုင်းက အမှန်တရားကို ရှာဖွေနေ တဲ့ အမှန်ဆုံးပုဂ္ဂိုလ်' တစ်ဦးလို့ ခင်ဗျားယူဆထားပါဗျာ . . . ။

' The truth never lies and the lie never truthes forever' တဲ့။ ကဲ . . . ကျုပ်တို့ နားစို့ဗျာ၊ အခု နောက်ပြန်တစ်ချက်

www.burmeseclassic.com

www.burmeseclassic.com



တောင်ခဲ့ပြီပဲ "

ပြောပြောဆိုဆို သျှောင်ပေစူးဘိုးထော်သည် ကျွန်ုပ်အား လက်ဆွဲနှုတ်ဆက်၍ ကျသင့်သော လက်ဖက်ရည်ဖိုးကို ရှင်းပြီးလျှင် ရုတ်တရက် ထွက်ခွာသွားလေတော့သည်။ မည်းနက်ပြောင်လက်နေသော ဂေါ်ရင်ဂျီကုလားကြီး၏ နောက်ကျောပြင်ကို ကြည့်ကာ ကျွန်ုပ်သည် ငေးမောမိလေသတည်း။

(ဗာရာဏသီ လက်သီးထိုးခြင်း အတတ်မှာ တကယ် ထင်ရှားရှိ၍ ဒန်ရပ်(န်)ဆက်ဆိုသော ပုဂ္ဂိုလ်မှာလည်း ဗာရာဏသီခေါ် 'Benares' တွင် ရှိသည်ဟု သိရပေသည်။ ဗာရာဏသီ လက်သီးထိုးအတတ်ကို တတ်လိုသူတို့သည် သိုင်းဆရာကြီး ဦးပြည်သိမ်းထံ၌ ဆက်လက်ဆည်းပူးနိုင်ကြသည်ဟု ကြားသိရပေသည်။)

(စာရေးသူ)

* * *

## သည် ဘလက် ကလောက် စမ္မတ် (ခ)

လောက၌ ထူးဆန်းသော အကြောင်းအရာများစွာရှိသည့်အနက် သျှောင်ပေစူးဘိုးထော်၏ အကြောင်းအရာသည်လည်း များစွာ ထူးဆန်းအံ့ဩဖွယ်ကောင်းသော အကြောင်းရပ်ဖြစ်သည့်ပြင် ကျွန်ုပ်နှင့် ထူးထူးခြားခြား ရေစက်ဆုံမိခြင်းအတွက်လည်း များစွာ တအံ့တဩကြီးဖြစ်မိလေသည်။

ထိုသို့ တွေးမိစဉ်အတွင်း ကျွန်ုပ်တပည့် မောင်ကံစီသည် ကျွန်ုပ်အတွက် ဆိတ်နို့ပူပူတစ်ခွက်ကို ယူဆောင်လာသည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်သည် ဗာရာဏသီ လက်သီးသမား ဒုတိယပတ်သင်တန်းသားအဖြစ် ဆက်လက်တက်ရောက်နေပြီ ဖြစ်သောကြောင့်တည်း။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ဒုတိယပတ် လက်သီးထိုးခြင်း၌ ကော်ရင်ဂို ကုလားကြီးသည် အဘယ်ကြောင့် ဆိတ်နို့ သောက်ရသနည်းဟု စူးစမ်းဆင်ခြင်လို၍ သကုဏ္ဍလ ဆေးကျမ်းကို ဖွင့်ကြည့်ရာ ထိုကျမ်း၌ . . .

ဆိတ်နို့သည် . . .

အပူကို ဖြစ်စေ၏။

သလိပ်၊ သည်းခြေကို နိုင်၏။

ကာမအားနှင့် အကြောအခြင်အားကို

ပေးစေ၍ ခံတွင်းမြိန်စေတတ်၏။

ဟု ပါရှိလေရာ ဆိတ်နို့၏အားမှာ အကြောအခြင်ကောင်းခြင်းကြောင့်ပင်ဖြစ်မည်ဟု သဘောပေါက်မိလေ၏။

ထို့ကြောင့် ဆိတ်နို့ကို ထိုနေ့မှစ၍ ကျွန်ုပ်သည် နေ့စဉ် ရက်ဆက်သောက်သုံးရန်ဆုံးဖြတ်လျက် နေ့စဉ်ဖတ်နေကျ သူရိယ သတင်းစာကိုကောက်လျှက် ခေါင်းကြီးများကို ဖတ်ရှုနေမိလေသည်။

ထိုသို့ သတင်းစာဖတ်နေစဉ် ကျွန်ုပ်၏ တပည့်မောင်ကံစိသည် 'ဆရာ ဧည့်သည်ရောက်နေတယ်' ဟု ဆိုလိုက်ရာ အခန်းပေါက်ဝသို့ ကျွန်ုပ်လှမ်းကြည့်လိုက်သောအခါတွင် ကျွန်ုပ်၏ မိတ်ဆွေကြီး တာမွေဂါတ်မှ အိုင်ပီဦးအေးမောင် ဖြစ်လျက်ရှိလေ၏။

ကိုအေးမောင်သည် ကျွန်ုပ်အားပြုံးရယ်ကာ . . .

" အိုင်ဆေး ကိုသိမ်းမောင်၊ ခင်ဗျား သုတေသနကြီးက လုပ်တုန်းပဲလား ဗျ "



ဟူ၍ မေးလိုက်ရာ . . .

ကျွန်ုပ်သည်

" သုတေသန မလုပ်တော့ဘူးဗျို့ . . .၊ လက်တွေ့ပဲ ထောက်လုပ်တော့မလား စိတ်ကူးနေတာ "

ဟူ၍ ပြောလိုက်သည်ကို အိုင်ပီကိုအေးမောင်သည် ရယ်လျှက် . . .

" သတိလဲထားလုပ် ကိုယ့်လူ၊ စုံထောက်မင်းကြီးရဲ့ ပုဒ်မ ၃၃ မိနေဦးမယ်နော် "

ဟု ရယ်သွမ်းသွေးလျက် ပြောလေတော့၏။

" ဆိုစမ်းပါဦး . . . ဘာကိစ္စများ အကြောင်းထူးရှိလို့ ပါလိမ့် ကိုအေးမောင် "

ဟူ၍ မေးမြန်းလိုက်လေရာ ကိုအေးမောင်က. . .

" အကြောင်းထူးရှိလို့ပေါ့ ကိုသိမ်းမောင်၊ ထူးသမှ သိပ်ထူး ကျုပ် . . . ပုလိပ်သက်တမ်း တစ်လျှောက်လုံး အနှစ်နှစ်ဆယ် ကျော်ပြီ၊ ဒီအဖြစ်အပျက်မျိုးကိုတော့ မတွေ့ဖူးသေးဘူးဗျို့၊ နောက်ပြီး ကယ့်ပွဲပဲဗျ "

" အင်း . . . လင်းစမ်းပါဦး . . . ကိုအေးမောင်ရဲ့၊ ပ်နားမရှင်းသေးပါဘူး၊ ဘာပွဲကြီးပွဲကောင်းလဲဗျ "

" စာထဲမှာ ပါတာတွေကတော့ ဒီနေ့ည သန်းခေါင်ယံ ချိန်မှာ စုံထောက်မင်းကြီး မစ္စတာစတီးဝပ်နဲ့ စုံထောက်ကြီး င်ယော်ထဲက နှစ်ယောက်စလုံးဖြစ်စေ၊ တစ်ယောက်တည်းဖြစ် သံခွာနက်ဂိုဏ်းခေါင်းဆောင်က တွေ့ဆုံလိုတယ်တဲ့၊ သံခွာနက်

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းခေါင်းဆောင်နဲ့ တွေ့ဆုံပြီးလျှင် ဆွေးနွေးစရာများကို ပွင့်ပွ လင်းလင်းဆွေးနွေးပြီး အဆုံးအဖြတ် ယူရန်တဲ့ဗျ၊ အစိုးရဘက် တပ်သားတွေ၊ ပုလိပ်တွေ ခေါ်မလာရဘူးတဲ့၊ သူတို့ဘက်ကလဲ သူ ဂိုဏ်းသားတွေမပါဘူးတဲ့၊ သူတို့ ဂိုဏ်းချုပ်ကြီးနဲ့ နှစ်ဦးချင်းသ ဆွေးနွေးလိုတယ်တဲ့၊ အဲဒါအတိုချုပ်ပဲဗျ ကိုသိမ်းမောင် "

ကျွန်ုပ်သည် အိုင်ပီ ကိုအေးမောင်၏ စကား ကြားလိုက်ရသောအခါ ကြက်သီးမွေးညှင်းထသွားလေတော့သည်

စုံထောက်လောကကြီးတစ်ခုလုံးအား မွှေနှောက်သွာ သော 'စာ' ပေတည်း ဟူ၍လည်း သဘောပိုက်မိလေ၏။

" အင်း . . . ဒါနဲ့ အဲဒီ ချိန်းထားတဲ့နေရာကို ဘယ်သူသွာ မယ်လို့ ဆုံးဖြတ်ထားသလဲ "

" အစည်းအဝေး ချက်ချင်းထိုင်ပြီး ဆုံးဖြတ်တယ် စုံထောက်ကြီး ဦးဇင်ယော်က သူတစ်ယောက်တည်း သွားမယ် ဆိုတယ်၊ စုံထောက်မင်းကြီးနဲ့ ပုလိပ်မင်းကြီးတို့ရဲ့ သိက္ခာကိုဆ ပြီး သူလိုအပ်တဲ့ပစ္စည်းများကိုသာပေးဖို့ တောင်းခံတယ် "

" တပ်သားတွေဘာတွေနဲ့ မဝိုင်းဘူးလား ကိုအေးမောင် နေရာအတိအကျယူပြီး အချိန်းအဆက်ပေးထားပြီပဲ၊ အင်အာ အုပ်ပြီး ဝင်စီးလိုက်ရင် ဒီဂိုဏ်းခေါင်းဆောင်ကော ဂိုဏ်းကြ တစ်ခုလုံးပါ ပြိုသွားမှာပေါ့၊ မဟုတ်ဘူးလား ကိုအေးမောင် "

အိုင်ပီ ကိုအေးမောင်သည် ကျွန်ုပ်ပြောသည်ကို နားစိုက် ထောင်ရင်း ကြောင်နက်စီးကရက်တစ်လိပ်ကို မီးညှိလျ ပါးစောင်းတွင် ခဲလိုက်ကာ . . .

" ဟုတ်တာပေါ့ ကိုသိမ်းမောင်၊ ခင်ဗျားပြောတာ မှန်တာ ပေါ့၊ ဒါပေမယ့် ခင်ဗျားထင်သလိုမလွယ်ဘူး၊ ဒီဘက်က အုပ်စုတွေ ကြက်တာနဲ့ သူတို့ဟာ ကိုယ်ရောင်ဖျောက်ပြီးသားပဲ၊ သူတို့လဲ လိုင်ရင် ဒီလိုဘယ်ချိန်းပါ့မလဲဗျာ၊ သံခွာနက်ဂိုဏ်းဟာ အိန္ဒိယပြည် ( Thugy ) သတ်ဂီးလည်ညှစ်ဂိုဏ်းရဲ့ အနွယ်တော်တွေပဲ၊ ယူသည်းသမားတွေ ဖွဲ့စည်းထားတဲ့ဂိုဏ်းပဲ၊ နောက်ပြီး လျှို့ဝှက် ှင့်စဉ်သမားတွေ ဖြစ်တယ်ဗျ "

" ဒါနဲ့ ဖြတ်မေးရဦးမယ်၊ နေရာက ဘယ်နေရာမှာလဲ ဗျ . . . "

" အင်းစိန်က ရာဇဘာခြံတောစပ်ဘေးမှာရှိတဲ့ အိမ်ပျက်ကြီး တစ်ခုပဲ၊ အဲဒီ အိမ်အိုကြီးက အခုလူသူမရှိတဲ့ အိမ်ပဲ၊ အဲဒီနေရာကို ကျုပ်တို့ စုံထောက်အဖွဲ့က ရုတ်တရက်သွားပြီး စုံစမ်းထောက်လှမ်း ကြည့်တော့ လူသူမရှိတဲ့ အိမ်ပျက်ကြီးတဲ့၊ သူတို့ရဲ့ အရိပ်အယောင် းဝမတွေ့ရဘူး၊ ချိန်းထားတဲ့ အချိန်ကျရင်တော့မပြောတတ်ဘူး"

" စုံထောက်ကြီး ဦးဇင်ယော် တစ်ယောက်တည်းလားဗျ၊ ခင်ဗျားတို့ပုလိပ်တပ်က ပုလိပ်တွေကော အစောင့်အရှောက် မလိုက် ဘူးလား "

" အင်း . . . အဲဒါ ကျုပ်လာပြောတာဗျ၊ ကျုပ်တို့ တာမွေ ဂါတ်ရယ်၊ ဗဟန်းဂါတ်၊ တောင်လုံးပြန်ဂါတ်နဲ့ လမ်းမတော်ဂါတ်က အိုင်ပီတွေ အကြပ်စာသင်၊ ဆားပုလင်းတွေက ရာဘာတော မှာ စောင့်ရမယ်လေ၊ အရေးကြုံရင် ဦးဇင်ယော်ရဲ့ အသက်ကို တယ် ဂေါ်ရခါးစစ်ပုလိပ်တပ်ထားမယ်၊ နောက်အင်းစိန် -အိုင်-ဒီက

www.burmeseclassic.com

www.burmeseclassic.com



လက်ဖြောင့် တပ်စိပ်က အိမ်ပျက်ကြီးရဲ့ နောက်တစ်ခေါ် သာသာမှာ နောက်ဆုံးပေါ် ၃၈ ဘို့ အော်တိုမက်တစ် ခြောက်လုံးပြူးနဲ့ ၃၈လျှူဂါ အော်တိုမက်တစ် ပစ္စတိုပစ် ဝိဇ္ဇာနှစ်ယောက်ဖြစ်တဲ့ ဆာဂျင်အရှုးဝါးနဲ့ ဆားပုလင်းစိန်မောင်ကြီးတို့နှစ်ဦး ပါမယ်ဗျာ"

" အဲ့ဒါခင်ဗျားလိုက်ရဲရင် ကျုပ်နဲ့အတူလိုက်ပြီး အခြေ အနေ ကြည့်ချင်ကြည့်ဖို့မှာတယ် "

" ဘယ်သူက မှာလို့လဲဗျ "

" စုံထောက်ကြီး ဦးဇင်ယော်ကလေ၊ ခင်ဗျားပါ လိုက်ချင် ရင်ခေါ်ခဲ့ပါတဲ့၊ ခင်ဗျားရဲ့ လုံခြုံရေးကိုပါ သူက စိတ်မချဘူးဖြစ်နေ တယ်၊ သျှောင်ပေစူးဘိုးထော်ကို သံခွာနက်ဂိုဏ်းကလဲ အလိုရှိ နေတယ်၊ နောက်ပြီး အစိုးရဘက်ကလဲ အလိုရှိနေတယ်ဆိုတော့ ခင်ဗျားဟာ ထန်းနှစ်ပင်ကြားက မြောက်မင်းလို ဖြစ်တယ် ကိုသိမ်းမောင် ဟား. . . ဟား. . . ဟား "

အိုင်ပီဦးအေးမောင်သည် ယေသူယေချင်းပီပီ ကျွန်ုပ်အား နောက်လိုက်လေရာ အိုင်ပီဦးအေးမောင်၏ စကားကို ကြားလိုက်ရ သော ကျွန်ုပ်သည် ရုတ်တရက်ခံပြင်းသွားသဖြင့် . . .

" သွားဗျာ . . . မလိုက်ဘူး၊ ကျုပ်ဟာကျုပ် ဘာဖြစ်ဖြစ် သျှောင်ပေစူးဘိုးထော် ကျုပ်ဆီလာတာနဲ့ပတ်သက်ပြီး ကျုပ် မှာ ဘာအပြစ်မှမရှိဘူးဗျ၊ ခင်ဗျားတို့ မျက်နှာဖြူအစိုးရကပဲ ဖမ်း ဖမ်း၊ လူဆိုးဂိုဏ်းကပဲ သတ်သတ် ကျုပ် ဂရုမစိုက်တော့ဘူး၊ အခု သျှောင်ပေစူးဘိုးထော် နည်းပေးခဲ့တဲ့ ဗာရာဏသီလက်သီး သမားတစ်ယောက် ဖြစ်နေပြီဗျ "



" ဟိုး . . . ဟိုး . . . ကိုသိမ်းမောင်ရယ်၊ ကြမ်းလှချည် သာ ဗာရာဏသီ လက်သီးဟုတ်လား၊ ကြားဖူးပေါင်ဗျာ၊ ခင်ဗျားက ဗာရာဏသီ လက်သီးသွေးနေပြီဟုတ်လား၊ ဟား. . ဟား"

ကျွန်ုပ်၏ လျှောတိလျှောပတ်နိုင်လှသော အကျင့်ကို သိရှိ ထားသော အိုင်ပီဦးအေးမောင်သည် ရယ်မဆုံး တဟားဟား ဖြစ် နေက်ရှိပြီးလျှင် . . .

" ဒီလိုဗျ . . . ခင်ဗျား စိတ်တိုသွားတယ်၊ ကျုပ်က နောက် တာပါဗျာ၊ စုံထောက်ကြီးက မှာလိုက်တယ်၊ ခင်ဗျားပါ ကျုပ်နဲ့အတူ ခေါ် ထားပါတဲ့၊ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားကိုလဲ သံခွာနက် ဂိုဏ်းက စောင့်ကြည့်နေပြီတဲ့၊ အဲဒါကြောင့် သူ စိတ်မချတော့ ခင်ဗျား ဒီနေ့ည ကျုပ်တို့နဲ့အတူ လိုက်ခဲ့ဗျာ၊ ဒီမှာ ကိုသိမ်းမောင် ကြာတယ်ဗျာ၊ ကျုပ်တို့ သွားရမှာက ညဦး (၉)နာရီဆိုတော့ အချိန်ရ သေးတယ်၊ ကျုပ်တို့ကမ်းနားက စထရင်းဟိုတယ်မှာ ညစာသွားစား အောင်ဗျာ၊ အဲဒီမှာညစာစားပြီးရင် ကျုပ်တို့ဌာနချုပ်ကို လိုက်ခဲ့ . . . "

"ဒီနေ့ည လုပ်ရမယ့် အစီအစဉ်ကို စုံထောက်မင်းကြီးက နာမည်တပ်ထားတယ်ဗျ "

" ဘာနာမည် တပ်ထားတာလဲ "

" ( The Black Clouds Smoke ) တိမ်မည်းညို စစ်ဆင် ရေးတဲ့ဗျ "

* * *

www.burmeseclassic.com

www.burmeseclassic.com

## ထုံ၊ သင်း၊ သတ်

ညသည် မည်းမှောင်လျက် ရှိပေ၏။ ပတ်ဝန်းကျင်အမှော
ထုအား လကွယ်ညအမှောင်သည် ပိုမို စိုးမိုးရောက်လျက်ရှိပေ
အိမ်ကြီး၏ အနေအထားမှာ နှစ်ထပ်တိုက်အိမ်ဟော
ဖြစ်၍ ဂျပန်ခေတ် ဗုံးဒဏ်ကို အသင့်အတင့် ခံလိုက်ရသော အ
အထားမျိုး ဖြစ်လျက်ရှိပေ၏။

ပြတင်းပေါက်များ၏ တံခါးမှာ ကျိုးတိုးကျဲတဲဖြစ်ပြီး
အချို့ တံခါးရွက်များပင် မရှိတော့ပေ။

သို့ရာတွင် ထိုအိမ်ကြီး၌ လျှပ်စစ်မီးလက်လျက်ရှိသည်
ထူးဆန်းလျက်ရှိပေ၏။



ခပ်ဝေးဝေးတောနက်မှ လှမ်းမျှော်ကြည့်ပါမူ မီးရောင် ထွန်းလင်းလျက်ရှိသော အဆိုပါအိမ်ကြီးကို ထင်လင်းစွာ တွေ့မြင်နိုင်ပေ၏။

ထိုအိမ်ကြီး၌ ည၌ (၉) နာရီအချိန်တွင် လွန်စွာကြီးကျယ်သောသော ဆွေးနွေးပွဲကြီးကို စတင်တော့မည်ဖြစ်ပေရာ အိမ်ကြီးမှာ လှုပ်ရှားနေသယောင် ထင်မှတ်ရလေသည်။ တောကြီး ဒီးဒုတ်၊ သင်းဝက်ဖိုအုပ်စုတို့သည် အိမ်ကြီး၏ ခေါင်တိုင်ထိပ်နှင့် ခေါင်တွင်ထိုသည်လျှောက်လျှက် ရှိပေ၏။

ညတာရှည်ကာလမို့ ည၏အမှောင်ထုသည် ပို၍ နက်ရှိုင်းထင်ရှားလျှက်ရှိပေ၏။

ထိုအချိန်တွင် အိမ်ကြီး၏ အရှေ့ဘက် တံခါးကြီးဘက်မှ မွှေးဖိနပ်သံသည် တိတ်ဆိတ်ငြိမ်သက်သော ညကာလကို ထိုးဖောက်လျှက် တဒေါက်ဒေါက်ပေါ်ထွက်လာလေ၏။

ဖိနပ်သံမှာ သမံတလင်းနှင့် လေးလေးပင်ပင် ထိသံဖြစ်သဖြင့် ကျယ်လောင်လေ၏။

ခြေလှမ်းမှာကျဲ၍ မှန်မှန်လှမ်းလျှက် ရှိဘိ၏။ ဖိနပ်သံသည် အိမ်ကြီး၏ အောက်ထပ် ကျယ်ဝန်းလှသော စားပွဲရှည်ဝိုင်းကြီး၏ ထိပ်တွင် ရပ်သွား၏။

ကုလားထိုင် ရွှေ့သံနှင့်အတူ စားပွဲပေါ်သို့ သေတ္တာ (သို့) အိတ်တစ်ခု၏ ထိရောက်သံသည် ပေါ်ထွက်လာပေ၏။

ထိုအသံနှင့်အတူ အိတ်ဖွင့်သံနှင့် အိတ်တွင်းမှ ပစ္စည်းများ စားပွဲပေါ်သို့ တင်လိုက်သံကို တစ်ဆက်တည်း ကြားနေရပေ၏။

www.burmeseclassic.com



ထို့နောက် ဖိနပ်နှင့်မြေကြီး ရှပ်တိုက်သံကိုကြားရပြီး ရှဲ
မီးခြစ်ခြစ်သံတစ်ခုသည် ပေါ်ထွက်လာလေ၏။

အချိန်က ကိုးနာရီထိုးလေပြီ။ အိမ်အိုကြီး၏ တိုင်က
နာရီမှာ သစ်လွင်လှပသော ကြက်တံဆိပ်၊ အင်္ဂလန်ပြည်လု
ချိန်သီးနာရီဖြစ်သဖြင့် အိမ်အိုကြီးနှင့် မလိုက်ဖက်၊ ထူးဆန်းလျ
ရှိပေ၏။

ထိုတိုင်ကပ်နာရီကြီးမှ ကိုးနာရီတီတီထိုးသော အချက်ပေ
သံ ချိန်သီးရိုက်သံသည် တစ်ချက်ပြီးတစ်ချက် ထိုးလျက် ကိုးကြိ
တီတီ ထိုးလျက်ရပ်သွားလေ၏။

ထိုအချိန်တွင် အနောက်ဘက်တံခါးသည် ကျွီခနဲ ပွင့်သွာ
လျက် ခြေလှမ်းစိပ်စိပ်နှင့် ပီသထင်ရှားသော ရှူးဖိနပ်သံသည်
တစ်ဖန် ထွက်ပေါ်လာပြန်၏။ ထိုဖိနပ်သံသည် စိပ်လျက်ရှိသော်
လည်း ခပ်အေးအေး လျှောက်လာသည်ကိုမူ ညဉ့်ယံကို ထွင်းဖောက်
လာသော အသံက ထင်ရှားသိသာစေလေ၏။

ထိုဖိနပ်သံသည် အနောက်ဘက် စားပွဲဝိုင်းထိပ်တွင် ရပ်
သွား၏။ ထို့နောက် ကုလားထိုင်ရွှေ့သံသည် ပေါ်ထွက်လာပြန်၏။
ထိုအသံနှင့်အတူ စားပွဲပေါ်သို့ တစ်စုံတစ်ခုကို တင်လိုက်သော
အသံသည် ပေါ်ထွက်လာပြန်၏။

ထို့နောက် ဖိနပ်နှစ်ခုပူးလျက် ဖုန်ခါထုတ်လိုက်သံသည်
ပေါ်ထွက်လာပေသည်။ မာတ်မီးခြစ်ကို ခြစ်လိုက်သည်။ မီးရောင်
တစ်ချက်ပေါ်လာပြီး ဟူးခနဲ မီးငြိမ်းသတ်သံသည် ပေါ်ထွက်လာ
လေ၏။



ထိုအချိန်တွင် အိမ်ကြီး၏ ခေါင်ထိပ်တွင် ဆွဲထားသော
သင်းနို့မိသားစုမှာ တကွက်ကွက်အော်လေ၏။ လင်းတ နှစ်ကောင်
သည် တောင်ပံနှစ်ဖက်ကို ခတ်လိုက်လေ၏။

အရှေ့ဘက် စားပွဲဝိုင်းထိပ်တွင်ရှိသော ကုလားထိုင်၏
အထက်နားဆီမှ အေး၍ စူးရှတိမ်နက်သော အသံသည် ပေါ်ထွက်
လာလေ၏။

" ဩော် . . . စုံထောက်ကြီး ရောက်ပြီကိုး၊ အချိန်တိကျ
သားပဲ "

အနောက်စားပွဲထိပ် ကုလားထိုင်ဘက်မှ လေးနက်တွဲညင်
သော အသံသည်ပေါ်ထွက်လာ၏။

" စစ်မှန်သော ပုဂ္ဂိုလ်ဟာ အချိန်ကိုက် မှန်ကန်စမြဲပဲ "

" တော်ပါပေတယ်ဗျာ "

အသံများ ပြန်လည်တိတ်ဆိတ်သွားကြပေ၏။ အရှေ့ဘက်
စားပွဲထိပ်ဘက်မှ ရှဲခနဲ မီးခြစ်သံတစ်ခု ပေါ်ထွက်လာပြန်၏။
အနောက်ဘက်စားပွဲထိပ်မှလည်း မာတ်မီးခြစ်ခြစ်သံသည် ပေါ်
ထွက်လာပေ၏။

" စုံထောက်ကြီးက မားပစ်တော်ပါပေတယ်ဗျာ "

" အင်း . . . ခင်ဗျားကလဲ လက်စွဲဖျောက် တော်ပါပေ
တယ်ဗျာ "

" စုံထောက်ကြီးကော . . . ကိစ္စတခုမနိုယ် မြန်ကဲ့လား
ဗျာ "

" အာရောဂျံ . . . ပရုံမ် . . . ဒေတုံ . . . ပါပဲ "

www.burmeseclassic.com

www.burmeseclassic.com



အရှေ့ဘက်စားပွဲထိပ် ကုလားထိုင်ထက်မှ ပုဂ္ဂိုလ်သည် တစ်ကိုယ်လုံးမည်းမှောင်နေသော အနက်ရောင် အနောက်တိုင်း ၀တ်စုံကို ၀တ်ဆင်ထားပေ၏။ မျက်နှာ၌လည်း အ၀တ်နက်စည်းထားကာ ဦးခေါင်းကိုလည်း အနက်ရောင် သက္ကလတ်ဦးထုပ် ဆောင်းထားပေ၏။ အထူးသဖြင့် မျက်လုံးနှစ်လုံး ပေါ်ရုံသာဖော်လျှက် မျက်လုံးအိမ်များကို အ၀တ်နက်စည်းထား၏။ ပါးစောင်တွင် ခဲထားသောစီးကရက်မှ မီးခိုးလေးများသည် နဂါးပတ်ကြောင့်ကွင်းပမာ အခဲလိုက်၊ အခွေလိုက် ပွင့်တက်လျက်ရှိပေ၏။ ထိုပုဂ္ဂိုလ်၏ရှေ့တွင်ကား ဒန်ရောင်မိန်းမကိုင်ခြောက်လုံးပြူးတစ်လက်နှင့် တစ်တောင်သာရှာခန့်ရှိသည် ဓားလေးတစ်လက်၊ ဂေါ်ရခါးသုံး ဓားကောက်ဓားမြှောင်သုံးချောင်းနှင့် သားရေခါးပတ်တစ်ခု တင်ထားပေ၏၊ သားရေခါးပတ်၏ ထိပ်တွင် သုံးချွန်သွားရှိသော ခါးပတ်ခေါင်းပါ၏၊ ဘေး၌ ထူထဲသော သားရေသေတ္တာ အငယ်စားတစ်လုံးသည် ဖွင့်လျှက်သား ရှိနေ၏။ ထို့နောက် ဗြိတိသျှတံဆိပ် ဂျော့ဘုရင် ဦးခေါင်းပုံနှင့် ဒင်္ဂါးကိုးပြားခန့်တွေ့ရပေ၏။

အနောက်ဘက်စားပွဲဝိုင်းထိပ်ခုံရှေ့ရှိ ပစ္စည်းများကား ကော့လ်ချက်(စ)တာ အမျိုးအစားပြောင်းရှည်မဆွတို တစ်လက်၊ ပစ်ဓားလေးချောင်းနှင့် ကြာပွတ်ခွေလေးတစ်ခုသည် စီတန်း ညီညာစွာ ရှိပေ၏။

အနောက်ဘက်စားပွဲမှ အသံသြ၍ လေးတွဲ့သော အသံသည် ညှဉ့်ယံကို ထိုးဖောက်လိုက်ပြန်လေ၏။

" ချိန်းရင်းကိစ္စကို ဆိုစမ်းပါဦး "



အရှေ့ဘက်စားပွဲထိပ်မှ အသံသည် ခပ်စူးစူးပင်။

" ချိန်းရင်းကိစ္စကတော့ အင်္ဂလိပ်အလိုတော်ရိ မင်းခစားတွေကို ရှင်းလင်းနေတဲ့ ကျုပ်တို့ဂိုဏ်းကိုဖော်ထုတ်ဖို့ ကြိုးစားနေတဲ့ စုံထောက်ကြီးတို့ကို ကျုပ်တို့ဂိုဏ်းအနေနဲ့ ဆွေးနွေးလိုတဲ့ ကိစ္စပဲ "

" ကျုပ်ကဆွေးနွေးဖို့လာတာမဟုတ်ဘူး၊ စစ်မှန်တဲ့ တရားခံဆိုရင် အမိဖမ်းရအောင် လာတာပဲ "

" ဟဲ . . . ဟဲ . . . ဟဲ . . . စုံထောက်ကြီးက ရဲရင့်ပေတယ်ဗျာ၊ ဖမ်းနိုင်တယ်ဆိုရင်တော့ ဘုရင်မကဆုတော်ငွေနဲ့ နာမည်ကောင်းလက်မှတ်တွေ ထပ်ရဦးမလားပဲပေါ့၊ ဒါပေမယ့် ကုသိုလ်ထူးရင်တော့ ဖြစ်နိုင်ပါလိမ့်မယ် "

အရှေ့ဘက်စားပွဲထိုင်ခုံမှ ပုဂ္ဂိုလ်သည် သက္ကလတ်ဦးထုပ်နက်ပျော့ကို ခေါင်းငိုက်စိုက် ပိုမိုဆောင်းလိုက်၏။

" ဘုရင်မအတွက် အလုပ်လုပ်နေတာ မဟုတ်ဘူး၊ စုံထောက်ဆိုတာ ဥပဒေမဲ့ရမ်းကားရက်စက်တဲ့လူဆိုးတွေကို ဖော်ထုတ်ပေးရတဲ့ ဥပဒေဘက်တော်သားဆိုတာ မှတ်ထားဖို့ပါပဲ၊ ဥပဒေဆိုတာ အေးချမ်းတဲ့ ပြည်သူတွေအတွက် လုံခြုံမှုပေးနေရတဲ့ စာတမ်းတစ်ပုဒ်ပါပဲ မိတ်ဆွေကြီး "

အနောက်ဘက်စားပွဲထိပ်မှ အသံသည်အေးဆေးညင်သာ၍ တည်ငြိမ်ညက်ညောလှပေ၏။

" ဟဲ . . ဟဲ . . ဟဲ . . စုံထောက်ကြီး၊ ကျုပ်တို့က လူဆိုးတွေမဟုတ်ပါဘူး၊ လူမိုက်တွေပါ၊ မိုက်တယ်ဆိုတာ မက္ကရိုက်ပျူစကားက ဆင်းသက်လာတာ 'စူးစူးရဲရဲ မိုက်မိုက်မူးမူး၊ သူရဲထူးတို့

www.burmeseclassic.com

www.burmeseclassic.com



မိုက်မိုက်ခေါင်ခေါင် ရဲမိုက်ဆောင်' ဆိုတဲ့ စကားအရ စွမ်းစွမ်းတမ်း ဆောင်ရွက်သူလို့ အမိပ္ပါယ်ရပါတယ် စုံထောက်ကြီး "

အနောက်ဘက်စားပွဲထိပ်မှ ပုဂ္ဂိုလ်သည် ဓာတ်မီးခြစ်ကို ခြစ်လိုက်သည်။ ဆေးတံမှ မီးခိုးငွေ့များသည် တလူလူလွင့်တက် လျက်ရှိပေ၏။ မီးခိုးရောင် သက္ကလတ်အနောက်တိုင်းဝတ်စုံတွင် ကြီးမားသောနက်တိုင်ကြီးသည် ဥရောပသားတစ်ယောက် အလား ထင်ရပေ၏။ သက္ကလတ် ဦးထုပ်အပျော့စားသည် နဖူးထက်၌ ကော့ထောင်လျက်ရှိပေ၏။

" ဥပဒေမှဲ့ သတ်တာမဟုတ်ပါဘူး စုံထောက်ကြီး၊ မြန်မာ ပြည်မှာ လာရောက်အုပ်စိုးနေတဲ့ ကုလားဖြူအရာရှိဆိုးတွေ၊ သူတို့ရဲ့အလိုတော်ရိတွေကို မြန်မာလူထုအတွက် ရှင်းလင်းပေး နေတာပါ စုံထောက်ကြီး "

" မိုက်မဲအယူသည်းတဲ့ကိစ္စပဲ မိတ်ဆွေကြီး၊ အင်္ဂလိပ်အစိုးရ ကို မကျေနပ်ရင် တော်လှန်ရေးလုပ်မှရတယ်၊ လူသတ်နေတာဟာ ပြောင်းလဲမှုပြုခြင်းဖြစ်ပေတယ်။လူသတ်ခြင်းဆိုတာဟာ Cruelty ခေါ်တဲ့ ရက်စက်ခြင်းကလာတာ၊ ဂိုဏ်းဖွဲ့လူသတ်ခြင်းဟာ အကြီး မားဆုံးသော ရာဇဝတ်မှုကြီးဖြစ်တဲ့ Criminal Case ဖြစ်ပေတယ်"

" ဟဲ ဟဲ . . . စုံထောက်ကြီးက ကျုပ်ကို တရားဟောနေပြီ ကျုပ်တို့ရဲ့ လုပ်ငန်းစဉ်ကတော့ ထုံ၊ သင်း၊ သတ် ပဲ စုံထောက်ကြီး စုံထောက်ကြီးနဲ့ စုံထောက်မင်းကြီးကို ကျုပ် စိန်ခေါ်လိုက်တာဟာ ထုံ၊ သင်း၊ သတ် ချင်လို့ပဲ၊ စုံထောက်မင်းကြီး စတီးဝပ်ကိုယ်တိုင် လာမလားလို့ အခုတော့ မြန်မာစုံထောက်ကြီး ဦးဇင်ယော်လာတယ်



ဆိုတော့ မြန်မာလူမျိုးချင်း ထုံ၊ သင်း၊ သတ်ရမှာ ကျုပ် စိတ်မကောင်း ပါဘူး "

" ထုံ ချင်တိုင်းထုံ၊ သင်း ချင်တိုင်းသင်း၊ သတ် ချင်တိုင်း သတ်လို့ ရမှာမဟုတ်ဘူး မိတ်ဆွေကြီး၊ ကျုပ်မှာလဲ ခုံ၊ ရှင်း၊ ဖြတ် ဖို့ ကိရိယာ အပြည့်အဝ၊ ပညာအပြည့်အဝ ပါတယ်လေ "

" ဟဲ . . . ဟဲ . . . ဟဲ . . . ဒီလိုဆိုရင် စိန်လိုက်လေဗျာ"

သက္ကလတ်ဦးထုပ်နက်နှင့် အရှေ့ဘက်စားပွဲထိပ်မှ ပုဂ္ဂိုလ် သည် ကုလားထိုင်ကို ရွှေ့လိုက်၏။ ညာလက်နှင့် ဘယ်လက်သည် စားပွဲပေါ်ရှိ ကိရိယာများရှေ့၌ အသာရွရွတင်လျက်ရှိ၏။ လက် အိတ်မည်းကြီး နှစ်ခုသည် စားပွဲပေါ်၌ ပင့်ကူမည်းကြီးသဖွယ် တွား လျက်ရှိ၏။

အနောက်ဘက်စားပွဲထိပ်မှ လက်အိတ်ဖြူဖြူနှစ်ခုသည် ဘေးသို့ အသာတွဲလောင်းကျလျက် ရှိပေ၏။ ငြိမ်သက်နေသော ညဥ့်ယံ၏ နက်ရှိုင်းမှုသည် ပို၍ နက်ရှိုင်းသည်ထက် နက်ရှိုင်းလာ လေ၏။

" စိန်ခေါ်ခြင်းကို စိန်ခေါ်ပါတယ်ဗျာ "

လက်အိတ်မည်းကြီးနှစ်ခုနှင့် လက်အိတ်ဖြူဖြူနှစ်ခုသည် လျှင်မြန်စွာ လှုပ်ရှားကြလေသည်။

'ဒိုး . . . ဒိုး' ဟူသော အံသံကြီးသည် ပေါ်လာပြီးနောင် အရှေ့စားပွဲထိပ်ပေါ်မှ ကိရိယာများသည် စားပွဲပေါ်မှ အနောက်သို့ လွင့်စင်ကုန်၏။ ရှေ့ဘက်စားပွဲထိပ်ရှေ့ရှိ ကိရိယာများ၏ ရှေ့ဘက် ၌ ဖျိုင်းတောင်သုံးခုသည် ညီညီညာညာစိုက်လျက်ရှိပေ၏။

www.burmeseclassic.com

www.burmeseclassic.com



" ဝမ်းနည်းပါတယ် စုံထောက်ကြီး ခင်ဗျာ၊ ခင်ဗျားတို့ရဲ့ ထုံ၊ သင်း၊ သတ် နှင့် ခုံ၊ ရှင်း၊ ဖြတ်ကို ကျုပ်၊ ကျုပ်က မုန်ဆင်းပြီး တပ်လိုက်ရလို့ အထူးပဲဝမ်းနည်းပါတယ်၊ ဒီအရာကိစ္စက ကျုပ်ရဲ့ အဓိကကိစ္စမို့ ဝင်လိုက်ရတာပါ . . . "

" ဟဲ . . . ဟဲ . . . ဟဲ . . . မြန်မာပြည်ဖြစ် စက္ကဝေါရာမ ကြိုးသိုင်းပညာလေဗျာ၊ ဘုရင့်နောင် ကျော်ထင်နော်ရထာကျားဖမ်း စဉ်က အသုံးပြုခဲ့တဲ့ စက္ကဝေါရာမကြိုး၊ ကြိမ်သိုင်းပေါ့၊ တိမ်မြုပ်နေတဲ့ မြန်မာ့ရှေးဟောင်းပညာရဲ့ အမွေအနှစ်ပေါ့ "

( စက္ကဝေါရာမ ၊ ကြိုးသိုင်းပညာမှာ ဒဏ္ဍာရီပုံပြင်ထဲမှ ပညာရပ်မဟုတ်ပါပေ။ လက်နှစ်ပြန်ခန့် ခင်းသောလျှော်ပွတ်ကြိုး ရှည်တွင် လုံ့သွား သို့မဟုတ် ခဲသီး၊ သံချွန် စသည်ဖြင့် တပ်ဆင်ကာ တံတောင်ဆစ်တွင် ရစ်ပတ်လျက် လျှပ်တစ်ပြက်အတွင်း အရပ်လေး မျက်နှာသို့ အချိန်အတိုဆုံးနှင့် အလျှင်မြန်ဆုံး ပစ်ခတ်တိုက်ခိုက်နိုင် သော မြန်မာ့ပညာစစ်စစ် ဖြစ်ပေ၏။ ၎င်းပညာသည် ရှေးထုံးလုပ် နည်းပရိယာယ်အတွက် ဝေဝှစ်အပြည့်အဝရှိပေ၏။ များပြား ဆန်းကျယ်လှ၍ နောင်အလျဉ်းသင့်လျှင် ၎င်းကြိုးသိုင်းကျင့်ပုံ နည်းဗျူဟာ စက္ကပင်တန်၊ သရ၊ နိကွက်များကို ဖော်ထုတ်ရေးသား တင်ပြပါမည်။ လက်တွေ့နည်းမူ ယူလိုသူများသည် မဟိန္ဒီ၊ သိပ္ပံသိုင်း နည်းပြချုပ်ဆရာ ဦးထွန်းစာ၊ သူရလမ်းသွယ် (၁)၊ တောင်ဥက္ကလာ၌ သင်ယူနိုင်ကြပေသည်။ )

" ကျုပ်အခုလို မုန်၊ ဆင်း၊ တပ်ရတာကတော့ ဟောဒီ သံ ခွာနက်ဂိုဏ်းချုပ်ကြီးဟာ ကျုပ်ရဲ့ ရန်သူတော်ကြီး နံပါတ်တစ်ဖြစ်တဲ့



ဘကြီးလူကောင်း အမည်ခံလူဆိုးခေါင်းဆောင်မိုးမဲ ဆိုတာပေါ့ "

စားပွဲဝိုင်းထိပ်အရှေ့ဘက်မှ ပုဂ္ဂိုလ်သည် ၎င်းလျှပ် တစ်ပြက် လှုပ်ရှားလိုက်စဉ် အချိန် လျှပ်တစ်ပြက် တစ်ပက္ခကာက အမှုယဂတွင်ပင် ၎င်းရှေ့ရှိ လူသတ်လက်နက်များ လွင့်စဉ် ကွယ် ပျောက်သွားသဖြင့် ရုတ်တရက် အံ့အားသင့်လျက်ရှိသော်လည်း ဆင်ဆိုး၏ အကြံအစည်ကဲ့သို့ ကြံလျှက်ရှိပုံရလေသည်။ အကြောင်း မူ ရုတ်တရက် လျှပ်တစ်ပြက်အတွင်း ကြိုးသိုင်းပညာဖြင့် ရိုက်ခတ် သွားသော အသံရှင်ပုဂ္ဂိုလ်အားမော့မကြည့်ဘဲ တည်ငြိမ်စွာ ထိုင် နေလျက်ရှိပေ၏။ သို့သော် အဝတ်နက်စည်းထားသော မျက်လုံးအိမ် များသည်မူကား လုပ်ကြံရန်လမ်းအခွင့်ကို ရှာဖွေနေကြောင်း သိသာ ထင်ရှားပေ၏။

သို့ဖြစ်သည့်အတိုင်းပင် ၎င်းသည် ရုတ်တရက်ထ၍ ၎င်း၏ အတွင်းဖိတ်နှစ်ဖက်ကို လျှင်မြန်လှသောအဟုန်ဖြင့်နှိုက်လျှက်. . .

" သံခွာနက်ခေါင်းဆောင် မိုးမဲဆိုတာ ငါပဲကွ၊ ထုံ၊ သင်း၊ သတ် ခေါင်းဆောင် မိုးမဲဟေ့ . . . "

ဟု ဆိုကာ တစီးစီးနှင့် လျှင်မြန်စွာ မြည်ဟည်းလာသော အသံသည် ကြိုးသိုင်းရှင်ထံသို့ လျှင်မြန်စွာ ထွက်သွားလေ၏။ သို့သော် နောက်ကျသွားလေပြီတည်း။ အဝတ်နက် ဂိုဏ်းချုပ်ကြီး၏ နောက်သို့ မည်သို့မည်ပုံ တက်လှမ်းလိုက်သည်ကိုပင် အနောက်ဘက် စားပွဲထိပ်မှ ပုဂ္ဂိုလ်ကအကဲခတ်၍မမီနိုင်ခင်ပင် အဝတ်နက်ဂိုဏ်း ချုပ်ကြီး၏ ဦးခေါင်းသည် ခေါင်းငိုက်စိုက်ကျလျှက် ဦးထုပ်သည် စားပွဲခုံအောက်သို့ ရောက်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



" ဟော့လူ . . . မလုပ်နဲ့လေ "

နောက်ဘက်စားပွဲထောင့်မှ ပုဂ္ဂိုလ်သည် ရုတ်တရက် အော်ကာ ဟန့်တားမှုပြုလိုက်သော်လည်း ၎င်း၏ လက်ခလယ်လက်ညှိုးကို အဝတ်နက်ဂိုဏ်းချုပ်ကြီး၏ လည်မျိုကိုထောက်လျက်သား ပြုလျက်ရှိသောကြိုးသိုင်းရှင်အား ဟန့်တားမှုမပြုနိုင်သည်ကိုသာ တွေ့ရပေ၏။

" ဟော့လူ ကျုပ် ပစ်ထည့်လိုက်မယ်၊ ခင်ဗျား လူသတ်မှု ကျူးလွန်နေပြီ၊ ရပ်ပါ "

" ဟဲ . . . ဟဲ . . . ဟဲ . . . ၊ စုံထောက်ကြီး လောမကြီးပါနဲ့ဗျာ၊ စုံထောက်ကြီးအတွက် ကျုပ်ဟာ ရန်သူတော်ကြီး မဟုတ်ပါဘူး လူမိုက်ရာဇဝတ်ရဲ့ ရှင်သေမင်းပါ၊ လူကောင်းတို့ရဲ့ ကယ်တင်ရှင်ပါ စုံထောက်ကြီး၊ ဟဲ . . . ဟဲ . . . ဟဲ၊ လူမိုက်တွေကို စိန်ခေါ်ထားပြီး လူမိုက်ဂိုဏ်းတွေကို ဖြိုခွင်းပေးနေတဲ့ သျှောင်ပေစူးဘိုးတော်ဆိုတာ ကျုပ်ပဲ စုံထောက်ကြီး၊ ဝမ်းနည်းပါတယ် "

ထိုအသံဆုံးသည်နှင့် ခေါင်းပေါင်းတစ်ဘက်ကြီးကို ချွတ်လိုက်၍ သျှောင်ပေစူးထုံး ထုံးထားသော လူထွားကြီးသည် လျှပ်တစ်ပြက် ခုန်လျှက် . . .

" သံချွန်နက်ဂိုဏ်းသားတွေ ဝင်လာပြီ ၊ မြန်မြန်ထွက် . . စုံထောက်ကြီး "

ဟု အော်ဟစ်ကာ အတွင်းခန်းတံခါးကို ကြောင်တစ်ရာ ကျားတစ်ရာအလား ခုန်တိုက် ထိုးဖောက်လျှက် ရုတ်တရက် ပျောက်ကွယ်သွားလေ၏။



အနောက်ဘက်တံခါးမှာလည်း 'ဂျိမ်း' ခနဲ 'ဝုန်း' ခနဲ ပွင့်လာကာ သေနတ်ကိုယ်စီဖြင့် အဝတ်နက်ဝတ်များသည် တရစပ် ဝင်ရောက်လျှက် အနောက်ဘက်စားပွဲထိပ်တွင် ထိုင်လျှက်ရှိသော ပုဂ္ဂိုလ်အား ပစ်ခတ်ကြလေ၏။

စားပွဲထိပ်မှကုလားထိုင်သည်လည်း ရုတ်တရက် လန်ကျသွားကာ ကုလားထိုင်၏ နောက်ကွယ်၌ ဒူးထောက်လျှက် လျှပ်တစ်ပြက် ပြန်လည်ပစ်ခတ်လိုက်သည်။ သုံးဆယ့်ရှစ် အော်တိုမက်တစ် ပစ္စတိုသေနတ်သံတို့သည်လည်း ဆူညံမြည်ဟိန်းလျှက် အခန်းတစ်ခန်းလုံး မီးခိုးလုံး ထသွားလေတော့သည်။ ထို့နောက် ထိုအိမ်ကြီးထဲသို့ သေနတ်သံများနှင့်အတူ စုံထောက်ဘက်မှ ဘက်ဖြောင့်ပစ္စတိုပစ်အဖွဲ့တို့သည် ပြတင်းတံခါးမှ ဝင်ရောက်လာကြလျှက် တစ်အိမ်လုံး ဖြောင်းဆန်အောင် ပစ်ခတ်ကြလေ၏။ ခေါ်ရခါးတပ်သားများ၏ ဘက်နက်စွပ် ရိုင်ဖယ်များသည်လည်း ဒေါသအော်ဟစ်ကာ အတွင်းအပြင်ပေါ် ထွက်လာလေ၏။

ဂေါ်ရာစစ်ပုလိပ်မှူး မေဂျာဒါနန်း၏ ကျယ်လောင်သော ကြိမ်းဝါးသံကြီးသည်လည်း တိုက်အိုကြီး၏ အပြင်ဘက်၌ ကြားရလျှက်ရှိပေ၏။

လင်းနို့မိသားစုတစ်အုပ်နှင့် လင်းတနှစ်ကောင်သည်လည်း အဝေးသို့လန့်ဖျတ်လျှက် ပျံသန်းကြလေ၏။

အချိန်ကာလအားဖြင့် တစ်ဆယ်မိနစ်သာသာခန့်တွင် အိမ်အိုကြီးကား မှိုင်းဆို့သော မီးခိုးလုံးတို့ဖြင့် ထီးထီးကြီး ရပ်တည်လျှက် ရှိပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အချိန်အတန်ကြာသောအခါ၌ တောကြီး ဒီးဒုတ်ငှက်၏ 'ကတောက် . . . ကတောက် ' ကူသံကိုကြားရလျှက်ရှိပေ၏။

( ထုံ၊ သင်း၊ သတ် ဆိုသည်မှာ လူဆိုးဂိုဏ်း၏ လူသတ် နည်းပရိယာယ်ကို ဆိုလိုပေသည်။ အသေးစိတ်ရေးဖွဲ့လျှင် ပြည်သူ တို့ ဖတ်ရှုဖွယ်မသင့်ဖြစ်ပေမည်။ ခုံ၊ ရှင်း၊ ဖြုတ် ဆိုသည်မှာ စုံထောက်နည်းဗျူဟာ ဖြစ်ပေသည်။ လူဆိုးဂိုဏ်း ဖြိုခွင်းရေးနည်း ဗျူဟာ တစ်ခုပင်တည်း။ မုန်၊ ဆင်း၊ တပ် ဆိုသည်မှာ စက္ကဂေါရာမကြိုးသိုင်း၏ တိုက်ဆင်မှု အကွက်ဆန်းပင်ဖြစ်၏။ စက္ကဂေါရာမ ကြိုးသိုင်းတွင် မုန်၊ ဆင်း၊ တပ် (အဆင့်)။ ခုံ၊ ဖြုတ်နှင့် လုံ၊ ပတ်၊ သတ် (အဆင့်) နှင့် ဝိုင်း၊ ထုဖျဉ်၊ ကျင်၊ တုတ် ခွေ ဟူ၍ အဆင့်များ ရှိပေသည်။

( စာရေးသူ

* * *

# ၏၊ ၅၊ သွား

စုံထောက်မင်းကြီး မစ္စတာဂျိမ်းစတီးဝပ်သည် အခန်းထဲ တွင် လူးလာခေါက်တုံ့လျှောက်လျှက်ရှိပေသည်။ ပါးစပ်မှလည်း ဂ်လန်ပြည်လုပ် ဒန်းဟင်းဆေးတံကြီးကို ခဲလျက်ပါးစပ်မှ မီးခိုး များကို တဖူးဖူးမှုတ်လျှက်ရှိပေ၏။ ၎င်းရှေ့ရှိ စားပွဲဝိုင်း၏ ရှေ့၌ကား ခုံဆိပ်မျိုးစုံတပ်ထားသော မေဂျာဒါနန်းနှင့် စုံထောက်တက်မှ တ်နှာဖြူ အရာကြီးနှစ်ဦးသည် တိတ်ငြိမ်စွာ ထိုင်လျက်ရှိကြပေ၏။ စားပွဲဝိုင်းထိပ်တည့်တည့်တွင်ကား စုံထောက်ကြီး ဦးဇင်ယော်သည် တော်ဖော်စကာ ဆေးတံကိုခဲလျှက် အခွေလိုက် တက်သွားသော မီးခိုး ငွေးလေးများကို ကြည့်လျှက်ရှိပေ၏။

" အားကြီး ကောင်းတယ် မစ္စတာ ဇင်ယော်၊ သိပ်ကောင်း တယ်၊ ဒီ Black Snips တွေသေကုန်တာ ကျုပ်တို့အုပ်ချုပ်ရင်မအစိုးရ

www.burmeseclassic.com

www.burmeseclassic.com



အတွက် အေးချမ်းတယ်၊ ဒါပေမယ့် ဒီဘုလက်စနစ် ခေါင်းဆော
မိုးမဲဆိုတာ ကျုပ်သိတဲ့ မိုးကုတ်က Ruby Merchant
ဘမောင်သန်းဖြစ်နေတယ် မစ္စတာဇင်ယော်၊ အံ့ဩဖို့အားကြ
ကောင်းတာပဲ၊ မစ္စတာဇင်ယော် ပစ်ထဲ့လိုက်တဲ့ ကျည်ဆန်ထိတ
မတွေ့ရဘဲ မောင်မိုးမဲဟာ ရုတ်တရက် သေသွားရတာဟာ ဘယ်
ဖြစ်တာလဲ မစ္စတာဇင်ယော်၊ မောင်မိုးမဲကို မစ္စတာဇင်ယော် ဘာ
လုပ်လိုက်တာလဲ"

စုံထောက်ကြီးဦးဇင်ယော်သည် မက်ဖော်စတာ ဆေးတံ
ချွတ်လိုက်ရင်း ပါးလျှပ်တင်းရင်းသော ညင်ညင်သာသာလေ
ဖြင့်. . .

" မင်းကြီး၊ ကျုပ်က သံခွာနက် ဂိုဏ်းချုပ်နဲ့ (Drigh
Draw-exchange) နှစ်ဖက်သွားပစ်မတ်ခြင်းလုပ်ဖို့ (handcon
switch)၃၈ ကို တစ်ဖက်လှည့်လိုက်တဲ့အခါမှာ ကျုပ်စားပွဲရှေ
ဗျိုင်းတောင်သုံးခု ရောက်လာတယ်၊ အဲဒီဗျိုင်းတောင်သုံးခုဟ
ဟောဒီမှာ မင်းကြီး "

စုံထောက်ကြီး ဦးဇင်ယော်သည် ဗျိုင်းတောင်သုံးခု
စုံထောက်မင်းကြီး၏ရှေ့ စားပွဲတင် မှန်ပြားလေးရှေ့တွင် တင်ထ
လိုက်လေသည်။

စုံထောက်မင်းကြီးသည် ခေါက်တုံ့ခေါက်ပြန် လူးလာ
နေသည်ကို ရပ်တန့်လိုက်ရင်း သူ၏ ဆုံလည်ကုလားထိုင်ကြီးပေါ်
ထိုင်လိုက်ရင်း ၎င်းရှေ့ရှိ မှန်ဘီလူးဝိုင်းပြားလေးဖြင့် ထောင်ကြ
လေသည်။ ဗျိုင်းတောင်၏ထိပ်တွင် အလွန်ချွန်မြသော စူးချွန်မှ



ပ်ဆင်ထားသည်ကို တွေ့ရလေသည်။ ဗျိုင်းတောင်၏ ထိပ်နား
င်လည်း ထူးဆန်းသော အက္ခရာသုံးလုံးကို တရုတ်ဆေးမင်နက်
ရေးထားသည်ကို တွေ့ရလေသည်။

မေဂျာဒါနန်းအပါအဝင် မျက်နှာဖြူစုံထောက်ကြီးတစ်စု
ည် ဗျိုင်းတောင်သုံးခုကို တစ်ခုချင်းစစ်ဆေးသမှု ပြုလေ၏။

" ခင်ဗျားတို့ အရှေ့တိုင်းသားတွေဟာ ကျုပ်တို့မသိတာတွေ
အများကြီးလုပ်တတ်တယ်၊ ကျုပ်တို့ ခေါင်းရှုပ်တယ် မစ္စတာဇင်ယော်
ပ်အိန္ဒိယမှာ ခြောက်လကြာအုပ်ချုပ်တုန်းကလဲ ဒီလိုပဲ၊ ကုလား
ဆိုတစ်ဦး အမှုန့်တစ်ထုပ်နဲ့ပေါက်တာနဲ့ လူဆယ်ယောက်လောက်
သေတယ်ဆိုလို့ ကျုပ်တို့ ဒီအမှုကို ဓာတ်ခွဲကြည့်တယ်၊ အဆိပ်ဆိုတာ
တွေ့ရဘူး၊ နောက်တော့ ဒီအမှုန့်တွေဟာ ဂျုံမှုန့်နုတွေဖြစ်နေ
တာတွေ့ရတယ်၊ ကျုပ်တို့ အင်္ဂလန်ပြည်အထိ ဓာတ်ခွဲကြည့်တယ်။
Flour)ပဲ ဖြစ်တာတွေ့ရတယ်၊ အားကြီးစိတ်ရှုပ်စရာကောင်းတယ်၊
ကြောင့် တရားခံကို လွှတ်ခဲ့ရတယ်၊ အခု ကျုပ် မြန်မာပြည်မှာ
ရောက်လာတာက ပိုပြီးဆိုးတယ်၊ မြန်မာလူမျိုးတွေဟာ ပိုပြီး သတ္တိ
ကောင်းတယ်၊ ကျုပ်တို့ နားမလည်တာတွေလဲ အများကြီးလုပ်တယ်၊
ကျုပ်တို့နားလည်တာက (Gun) သေနတ်၊ (Cannon) အမြောက်နဲ့
Bayonet) ဘက်နက်တွေပဲ၊ ကျုပ်တို့ တိုင်းပြည် က လူဆိုးတွေက
အဝေးပစ်တဲ့ လက်နက်ကို အားကိုးကြတယ်၊ ခင်ဗျားတို့ အရှေ့တိုင်း
က လူတွေ မြန်မာတွေက ပိုဆိုးတယ်၊ လူချင်းကပ်ပြီးမှ ကျုပ်တို့မသိ
တဲ့အရာမျိုးနဲ့ လုပ်တတ်တယ်၊ အားကြီး စိတ်ရှုပ်တယ်

" ကျုပ်တို့ အရှေ့တိုင်းသားတွေဟာ ထူးဆန်းတဲ့အတတ်

www.burmeseclassic.com

www.burmeseclassic.com



ပညာတွေကို ၁၆-ရာစု အေဒီလောက်ကပဲ စတင်ပြီး ရရှိတ မင်းကြီး၊ အထူးသဖြင့် အိန္ဒိယ၊ တိဘက်၊ မြန်မာ၊ တရုတ်၊ ကိုရီးယ စတဲ့ နိုင်ငံတွေဟာ ရှေးဟောင်းလောဂျစ်ပညာနဲ့ ယထာဘူ သယမ္ဘူတရားနဲ့ လျှို့ဝှက်နက်နဲမှုတွေကို တွေးခေါ်ဆင်ခြင် လူ့လောကရဲ့ လှုပ်ရှားမှု သဘာဝ (Life exploration) တွေ များစွာ အာရုံထားပြီး ဖော်ထုတ်တတ်တဲ့ ပညာတွေကို အသုံ ကြတယ်၊ ဒါကြောင့် မြန်မာလူဆိုးအချို့ဟာ လူရဲ့ ပကတိစွမ်းအ (Personal efficiency) ထူးခြားတာကို တွေ့ရတတ်တယ် "

ဗြိတိန်ဘုရင်မ၏ ဂုဏ်ထူးဆောင် ငွေဓားလွယ်ရထ သော မြန်မာလူမျိုးစုံထောက်ကြီးဦးဇင်ယော်၏ စကားကို စုံထော မင်းကြီးနှင့်တကွ မကြာသေးမီက ဆေးရုံကဆင်းလာသေ စုံထောက်မင်းကြီးအား တွဲဖက်အကူအညီပေးရန် ရောက်ရှိ သော စကော့တလန်ယာဒ်မှ စုံထောက်ကြီးဂျပ်ဆင်ဝေးဒါသ လည်း ဦးခေါင်းညိတ်လျှက် နားထောင်သူတို့ထဲတွင် အပါအ ဖြစ်ပေသည်။ ၎င်းသည် ဦးခေါင်းညိတ်ရင်း နဖူးပြင်မှ မကြာသေ မီကမှ ရလာသည့် အမာရွတ်သေးသေးတစ်ခုကို စမ်းကြည့်လျှ ရှိလေသည်။

"မစ္စတာ ဇင်ယော်ရှေ့ကရတဲ့ ဗျိုင်းတောင်ကို ဘယ်သူ ပစ်လိုက်တာလဲ မစ္စတာဇင်ယော်၊ ဒီပုဂ္ဂိုလ်ကော ဘယ်ရောက်သွ သလဲ မစ္စတာဇင်ယော် "

" အဲဒီပုဂ္ဂိုလ်က စုံထောက်မင်းကြီးတို့ရဲ့ 'ဘယ ကာလောက်၊ စမုတ်' မစခင်အချိန်လေးမှာပဲ အလယ်ပြတင်းပေါ



ခုန်ထွက်သွားပါတယ် "

စုံထောက်ကြီးဦးဇင်ယော်သည် ၎င်း၏ မက်ဖော်စတာ တံအိုးကို ဆေးတစ်ဆုံ ထပ်ဖြည့်လိုက်ပြီးလျှင် ခတ်မီးခြစ်ဖြင့် တာ ခေါင်းကိုစောင်းငဲ့လိုက်ကာ . . .

" ကျုပ်လဲလှမ်းပြီးတားပါသေးတယ်၊ နောက်ဆုံးလက်ထဲက ကြမ်းနဲ့တောင် သူ့ အခုန်ထွက်မှာ လှမ်းပစ်ခဲ့ပါသေးတယ်၊ ဒီအချိန်မှာ တိုက်ပွဲစခဲ့တာပဲ "

" မစ္စတာ ဇင်ယော်၊ အဲဒီလူက ဘယ်သူလဲ၊ ကျုပ်တို့ ထားတာ ဘယ်လိုလုပ်ပြီးသိသလဲ၊ နောက်ပြီး မောင်မိုးမဲကို ဘယ်သူသတ်လိုက်သလဲ၊ မစ္စတာဇင်ယော်ရဲ့ လက်ချက်လဲ မတွေ့ ဘူး၊ လည်ပင်းတစ်ခုလုံးညိုပြီး ရောင်နေတယ်၊ မျက်လုံး နေတယ်၊ အသားတွေမည်းပြီး အဆိပ်သင့်တဲ့လူလို သေဆုံး နေတယ်၊ အဲ့ဒါ ကျုပ် ဦးခေါင်းခြောက်တယ်၊ မစ္စတာဇင်ယော်. . . အခု ကျုပ်တို့ လိုက်နေရတဲ့ လူသတ်မှုတွေဟာ ဒီလိုပဲ သေတာပဲ၊ ကယ့် တရားခံဟာ ဘယ်သူလဲ၊ မစ္စတာဇင်ယော် ကျုပ်တို့ ဒီ လက်စနစ်တွေမိပေမယ့် လူသတ်မှုရဲ့ တရားခံအစစ်ကို ဖော်ထုတ် ရမယ့် သက်သေနဲ့ တရားခံကို ဖမ်းလို့ မမိသေးဘူး "

စုံထောက်ကြီးဦးဇင်ယော်သည် ၎င်း၏ တိုက်ပုံအင်္ကျီအိတ် သို့ နှိုက်လိုက်၏။ ၎င်းလက်တွင်း၌ ကြေးပြားလေး ပါလာပေ၏။

" ပြတင်းပေါက်က ခုန်ထွက်သွားတဲ့လူက ဝင်ဒါမီယာမှာ င်းကြီးတို့ မတွေ့လိုက်ရတဲ့လူပဲ မစ္စတာစတီးဝပ်၊ ဟောဒီကြေးပြား င်ရှင်ပဲ၊ ဝင်ဒါမီယာမှာ မင်းကြီးကိုပြလိုက်တာ မဟုတ်သေးလား"

www.burmeseclassic.com

www.burmeseclassic.com



" ကျုပ် နားမလည်ပါဘူး မစ္စတာဇင်ယော်၊ ကြေးပြား
အဓိပ္ပာယ်လဲ ကျုပ် သဘောမပေါက်ဘူး၊ ဒီ ဗျိုင်းတောင်က ခင်ဗျ
တို့ မြန်မာစာလုံးတွေကိုလဲ ကျုပ်မသိဘူး၊ မစ္စတာဇင်ယော်သိရ
ရှင်းပြပေးစမ်းပါ "

" တရားခံမိမှပဲ ရှင်းလိမ့်မယ် စုံထောက်မင်းကြီး၊ အားလုံး
ရဲ့အချုပ်တရားခံကတော့ သျှောင်ပေစူးဘိုးထော်ပဲ "

စုံထောက်ကြီးဦးဇင်ယော်သည် အင်းစိန် စီ-အိုင်-ဒီ ဝင်း
ထဲမှ မိမိကိုယ်ပိုင်အော်စတင်ကားလေးဖြင့် ဘောက်ထော်မမှာ
လမ်းထိပ်ရှိ ၎င်းနေထိုင်ရာဂေဟာသို့ ပြန်လာခဲ့လေသည်။

အိမ်သို့ ပြန်ရောက်သောအခါ ဗျိုင်းတောင်သုံးခုနှင့်
ကြေးပြားများကို စားပွဲပေါ်သို့ တင်လိုက်ပေ၏။

စုံထောက်ကြီးဦးဇင်ယော်သည် ၎င်းစားပွဲ၌ အခြားဗျိုင်း
တောင်သုံးခုနှင့် ကြေးပြားလေးတစ်ခုကို ရုတ်တရက် တွေ့လိုက်ရ
လျှင် အစိမ်းရောင်စာရွက်ပေါ်၌ အနီရောင်ဖြင့် ရေးထားသော
စာရွက်တစ်ရွက်ကိုလည်း တွေ့လိုက်ရသဖြင့် များစွာ အံ့ဩသွား
လေသည်။

စာရွက်ကို ကောက်၍ ဖတ်လိုက်သောအခါတွင် အောက်ပါ
အတိုင်းရေးထား၏။

စုံထောက်ကြီး ဦးဇင်ယော် . . .

၏ . . . ဆိုခြင်းမှာ၊ 'ခြင်း' ဟူသောအကြောင်းတရားကို
အခြေခံ၍ '၏' ဖြစ်ရပေသည်။

၍ . . . ဆိုခြင်းမှာလည်း၊ 'ခြင်း' ဟူသော အကြောင်းတရား



ကို အခြေခံ၍ ဖြစ်ပေါ်လာရသော အကျိုးဆက် ကြောင့် ၍
. . . ဖြစ်ခဲ့ရ၍ . . .

သြး . . . ဟူသည် ဆိုရသည်မှာလည်း 'ခြင်း' ကြောင့်
၍' ဖြစ်ခဲ့ရသဖြင့် သြး . . . သြေယ် . . . သြယ်ဟူသော
သ . . . လုဝ . . . ပြုပြင်ခြင်းသည် ဖြစ်ပေါ်လာရခြင်း ဟူသော
အနက်အဓိပ္ပာယ်ရပါပေသည်။

ထို့ကြောင့် မိတ်ဆွေကြီးသည် . . .

၏ . . . ၍ . . . သြး . . . ကို အခြေခံ၍ ယခု ကျုပ်ပေး
သော ဗျိုင်းတောင်မှ သု . . . ခံ . . . သာ ဟူသော အက္ခရာကို
ရှာဖွေနိုင်ပါစေ . . .

စုံထောက်ကြီးဦးဇင်ယော်သည် ၎င်း ယူဆောင်ခဲ့သော
ဗျိုင်းတောင်မှ ၏၊ ၍၊ သြး အက္ခရာကို တစ်လှည့်၊ ၎င်းစားပွဲပေါ်
တွင် တင်ထားသော ဗျိုင်းတောင်ပေါ်ရှိ သု၊ ခံ၊ သာ အက္ခရာကို
တစ်လှည့်ကြည့်ကာ ဦးခေါင်းဆတ်လိုက်ပေ၏။

ထို့နောက် ကြေးပြားလေးနှစ်ခုအား တိုက်ဆိုင်ကြည့်
လိုက်ရာ တစ်ဖန် ဦးခေါင်းကို ဆက်၍ ညိတ်လိုက်ပြန်လေသတည်း။

* * *

www.burmeseclassic.com

www.burmeseclassic.com

## သချိုင်းတွင်းမှ အဘိုးအို

ညဥ့်သည် သိပ်သည်းစွာ မှောင်လျှက်ရှိသော်လည်း လခြမ်းကွေးကွေးသည် မှုန်ပျပျ အလင်းရောင်ကိုပေးလျှက် ရှိပေခြင်းကြောင့် သတ္တသဝါရလောကတွင် ဩကာသရာဇတ . . . လော အလုံးသည် မှုန်မွှားမွှား ဖြစ်လျှက်ရှိပေ၏။

နှစ်ပရိစ္ဆေဒ ကြာလှပြီဖြစ်သော ဤတစပြင်၏ သက်တမ်း၌ သေသောသူတို့ မြှုပ်နှံမှုနည်းပါးလာခြင်းကြောင့် ထိုတစပြင်သင်္ချိုင်းသည်လည်း အိုယွင်းလျှက်ရှိပေ၏။

ဇရပ်ကြီး တစ်ဆောင်၏ရှေ့ပြသာဒ် အုတ်ဂူကြီး၏ရှေ့တည့်တည့်၌ အဘိုးအိုတစ်ဦးသည် ငြိမ်သက်စွာ ထိုင်လျှက်ပင်ရှိပေ၏။

မှုန်မွှားမွှားလ၏အလင်းရောင်သည် အုတ်ဂူပေါ်၌ပျော



သစ်ဝက်၊ ထင်တစ်ဝက် ကွက်ကြားဖြစ်သော စာတန်းအချို့ကား ပေါ်၍ ရနိုင်စကောင်းလောက်သော အလင်းရောင်ကိုပေးလျှက်ရှိပေ၏။ အုတ်ဂူပေါ်မှာ အဘိုးအိုသည် ရှည်လျားသော ဝတ်ရုံကြီးကို ရုံထားလျှက်ရှိ၏။ ရှည်လျားသော မုတ်ဆိတ်သည် ရင်ညွန့်အထက်သို့ တွဲလောင်းဟီးခိုလျှက်ရှိဘိသည်ကို တွေ့မြင်နိုင်ပေ၏။ ကုက္ကိုပင်၏ အမှောင်ရိပ်ထိုးခြင်းကြောင့် အဘိုးအို၏ မျက်နှာကိုမမြင်ရသော်လည်း အဘိုးအို၏ မျက်လုံးနှစ်စုံမှ အလင်းရောင်တန်းများကိုမူ ခပ်ဝေးဝေး ခပ်လှမ်းလှမ်းမှပင် မြင်နိုင်စွမ်းပေ၏။ အဘိုးအို၏ လည်ထိပ်နှင့် မုတ်ဆိတ်မွေးကြား၌ လက်သည်းခွံခန့် ပုတီးလုံးကြီးများ တွဲစီထားလျှက်ရှိသော ပုတီးကုံးကြီးတစ်ကုံးသည် ဝတ်ရုံရှည်ကြီးပေါ်မှ တွဲရရွဲကျလျှက်ရှိပေ၏။ ထိုအဘိုးအို ထိုင်လျှက်ရှိရာ အုတ်ဂူပတ်ဝန်းကျင်၌ မြွေတွန်သံတို့သည် တရှီးရှီးမြည်လျှက်ရှိပေ၏။

" တယ် . . . ဒီသတ္တဝါတွေက နားညည်းလိုက်တာ "

အဘိုးအိုသည် အသံထွက်လျှက် မြည်တွန်လိုက်၏။ တရှီးရှီးမြည်လျှက်ရှိသော တွန်သံများသည် ရုတ်ခြည်းရပ်ဆိုင်းသွားပေ၏။ အဘိုးအိုသည် ၎င်းရှေ့ရှိ တစ်စုံတစ်ဦးအား ပြောဆိုလိုက်ပြန်၏။

" လူကလေး . . . မင်းရောက်တာ ကြာပြီလား "

အဘိုးအိုသည် သူထိုင်ရာအုတ်ကမူ ရှေ့၌ ကျုံ့ကျုံ့ယုံ့လေး ထိုင်လျှက်ရှိသောသူတစ်ဦးအား တိုးညင်းသောအသံဖြင့် မေးမြန်းသမှု ပြုလေ၏။

www.burmeseclassic.com

www.burmeseclassic.com



" အဘ ထိုင်စောင့်နိုင်းတဲ့ အချိန်အတိုင်းထိုင်စောင့်နေ
ပါပဲ "

" အိမ်း . . . ကောင်းရာပ . . . ကိစ္စရှိ၍သာပဲ အနို
အဆက် ပြုရတာပ . . . "

" အမိန့်ရှိပါ အဘ . . . နာခံလျှက်ရှိပါတယ် "

အဘိုးအိုသည် တိဘက်ဘာသာဖြင့် တစ်စုံတစ်ရာ
ရွတ်ဆိုလျှက်ရှိပေ၏။ မေတ္တာပို့ ဆုတောင်းသံဖြစ်နိုင်သည်
မှတ်ယူနိုင်ပေသည်။ အဘိုးအိုသည် ရှေ့မှ လူ၏ဦးခေါင်းကို လက်
ညင်သာစွာ ပွတ်သပ်လိုက်၏။

" လူကလေး . . . ငါထိုင်ရာ အုတ်ဂူကို မင်းမြင်ရဲ့လား

အဘိုးအိုမေးမြန်းသည်ကို အဘိုးအို၏ ရှေ့မှ လူသည်
လှုပ်လှုပ်ရှားရှားဖြစ်ကာ အုတ်ဂူကို သေချာစွာ စူးစမ်းသ
ပြုလေ၏။ လခြမ်းကွေး မှုန်မွှားမွှား အလင်းရောင်သည် ရှေ့ပြသာ
အုတ်ဂူရှေ့မှ ဂူငယ်တစ်ခုအား မှုန်မှုန်ပျပျအလင်းရောင်ကို ပေးစွ
လျှက်ရှိပေသောကြောင့် အဘိုးအို၏ ရှေ့မှ လူသည် သေချာစွ
စူးစမ်းသမှုပြုလေ၏။

" လူလေး . . . မင်းဘာတွေ့သလဲ "

" ဦးသူတော် အသက် ၄၀ နှစ်၊ ကုန်းရွာကုန်း၊ မန္တလေး
တွေ့ပါတယ် အဘ "

ရှည်လျားသော မုတ်ဆိတ်ပုံင်ရှင် အဘိုးအိုသည် ဒူးနှစ်ဖ
ပေါ် လက်တင်လျှက် တည်ငြိမ်စွာထိုင်လျှက်ရှိပေ၏။

" လူကလေး . . . မင်းကို အဘပေးထားတဲ့ ပညာရပ်နဲ့



က်တမ်း ဘယ်လောက်ကြာခြင့်ပြီလဲ"

" အနှစ်သုံးဆယ်နှစ်၊ တစ်လနှင့် တစ်ဆယ့် ခုနစ်ရက်တိတိ
ပြီ အဘ "

အဘိုးအို၏ အသံသည် ညင်သာညင်းပျောင်းလှသကဲ့သို့
င် အဘိုးအိုရှေ့မှ ကျုံ့ကျုံ့လေးထိုင်လျှက်ရှိပေသော ပုဂ္ဂိုလ်၏
အသံသည်ကား လေးတွဲလှပေ၏။ အုတ်ဂူနှင့် မလှမ်းမကမ်းတွင်
ောကြက်ဖ တစ်ကောင်သည် ရုတ်တရက် တွန်ကြူးလိုက်၏။ ညဉ့်
သန်းခေါင်ယံ ကြက်တွန်သံဟု သိလိုက်ရပေ၏။

" အဘပေးတဲ့ ပညာရပ်တွေနဲ့ တရားဘာဝနာတွေမှာ
လူကလေး ဘာကို တွေ့ရသလဲ . . . "

အဘိုးအို၏ မေးသံအဆုံးတွင် ခေတ္တမျှ ငြိမ်သက်သွား
လေ၏။

" ရှိခြင်းနှင့် မရှိခြင်းကို တွေ့မိတယ် အဘ "

" ဒါတွင်ပဲလား လူကလေး "

" ရွေ့လျားခြင်းနဲ့ ပြန်လှန်ရွေ့လျားခြင်းကိုလည်း တွေ့ပါ
တယ် အဘ "

" အိမ်း . . . ကောင်းပါပေတယ် . . . ၊ ဒီတင်ပဲ ပြီးရော
လားကွယ် "

" အာကာသနဲ့ ဘူမိရက္ခိတ ဓါတ်နှစ်ပါးကိုလည်း တွေ့ပါတယ်
အဘ "

"လူကလေး . . . ဒီအဆင့်တွေကျော်ဖို့ ကောင်းပါပြီကွယ်၊
ငါ့တပည့်ရဲ့ နှစ်သုံးဆယ် သက်တမ်းဟာ သဘာ မနုတော့ပါဘူး

www.burmeseclassic.com

www.burmeseclassic.com



ကွယ်. . . "

" မှန်ပါ. . . အဘ. . . ၊ အလင်းထုနဲ့ အမှောင်ထုရဲ့ ထွ
ဖော်ခြင်း သဘောတရား ဓမ္မဘူတ သင်္ဂဟနိခုံတကို
တွေ့ပါတယ် "

ရှေ့မှ ပြောဆိုနေသော ပုဂ္ဂိုလ်သည် အုတ်ဂူပေါ်
အဘိုးအို၏ အမေးကို တိကျစွာ ဖြေဆိုနိုင်ရန် ကြိုးစားနေပုံရ
သည်။ ၄င်းသည် ပေါင်းထားသော ခေါင်းပေါင်းစကိုပင် ဖြုတ်ယူ
လျှက် လက်မှာ ပိုက်ထားလိုက်လေ၏။

" အိမ်း. . . ငါ့တပည့် တွေ့နေတာတွေဟာ သခ်
ခါတ်နယ်ပယ်က သယ္ဘ တရားတွေချည်းပါလား လူကလေး. . .
လူကလေး ရှာဖွေတွေ့ရှိထားတာတွေဟာ ဖောက်ထွင်းခြင်းနှ
ရောင်ပြန်ရောစပ်ခြင်းရဲ့ နိယာမတွေပါပဲလားကွယ်၊ ပြောင်းလဲခြ
မှ သိမ်းပြောင်းလဲခြင်းနဲ့ ပျောက်ကွယ်ခြင်းမှ ပျောက်ကွယ်ခြင်းကို
ဆောင်တဲ့ နိယာမတွေ မဟုတ်ပါလား၊ ဒါကြောင့် မင်းဆရာတော်
ဘုန်းတော်ကြီး သတိပေးလို့ ငါလာခဲ့တာပဲ. . . ၊ မင်းကို စစ်လိုက်
တော့ မင်း ဆရာဘုန်းတော်ကြီးပြောတာ မှန်နေပါပကော
လူကလေး. . . "

အဘိုးအို၏ စကားစုကို ဂူအောက်မှ ပုဂ္ဂိုလ်သည် ပြန်လှ
ဖြေဆိုခြင်းမပြုပေ။ ငြိမ်လျက်သား ရှိပေ၏။

" လူကလေး. . . မင်းရဲ့ ပညာအသက်နှစ်သုံးဆယ်ကျော်
အတွင်းမှာ ဘာတွေပြုခဲ့သလဲကွယ်. . . "

အဘိုးအိုရှေ့မှ ပုဂ္ဂိုလ်သည် ကျုံ့ကျုံ့လေး ထိုင်နေရာ



အဘိုးအိုအား လက်အုပ်ချီလိုက်၏။

" အဘ ကွမ်၊ မှန်ကန်ခြင်းဆိုတာ အယူအဆ တစ်ရပ်
ပဲအဘ၊ ဖြစ်ပေါ်ခြင်းမှာတည်တဲ့ အခြေခံယူဆချက်တစ်ရပ်ပါ
. . "

" အိမ်း . . . ဖြစ်ပေါ်ခြင်းကရော . . . ဘယ်ပေါ်မှာ
တည်ပါသလဲကွယ့် "

" မှန်ပါ . . . ဖြစ်ပေါ်ခြင်းဟာ အကျိုးတရားပေါ်မှာ တည်
ပါတယ် အဘ . . . "

" အကျိုးတရားဆိုတာကကောကွယ် "

" မှန်ပါ . . . အကြောင်းတရားရဲ့ အခြေခံတရားပေါ်မှာ
တည်ပါတယ် အဘ . . . "

" အိမ်း . . . အကြောင်းတရားနဲ့ အကျိုးတရားရဲ့
ဆက်နွယ်မှု၊ လောဟပစ္စယသတ္တိကိုကော ထင်းထင်းလင်းလင်း
တားသလားကွယ့် . . . "

" မှန်ပါ . . . အကြောင်းတရားနဲ့ အကျိုးတရားရဲ့
ဖြစ်ပေါ်တည်ရှိမှု အမြင်မှန်တရား၊ ဘူတင်္ဂဖိတရောကိုသာ တွေ့ပါ
တယ် အဘ . . . "

" အိမ်း . . . ဒါကြောင့် ငါ့တပည့်ဟာ ဘူတင်္ဂဟိတရာပေါ်
မှာ ဒုက္ခစရိယကျင့်နေတော့ သုခသ မဖြစ်ပေဘူးပေါ့ကွယ် . .
ငါ့တပည့်တွေ့နေတဲ့ သုခသဟာအမြင်လွဲနေပေရဲ့၊ ငါ့တပည့်က. .
ငါပေးခဲ့တဲ့ ၏၊ ဤ ဩး ကိုသာ အမြဲသုံးသပ်ပြီး ဖြစ်ပေါ် ထင်ဟပ်
လာတဲ့ ဤဘူရိယကတရားကို မမြင်ဘဲ သု၊ ခသကို ရွေးချယ်

www.burmeseclassic.com

www.burmeseclassic.com



နေတဲ့အတွက် မင်းဟာ ဒုက္ခစရိယကိုသာ ကျင့်နေရတော့တာပေါ့
လားကွယ်၊ ဒုက္ခစရိယရဲ့ လွန်မြောက်တဲ့ အဆင့်ကို တို့ ရှင်တော်
ဘုရားဟောကြားခဲ့တဲ့ နိယာမကို ငါကျင့်ခိုင်းတဲ့တရားက ရှာဖွေ
ပေးဖို့ပဲ လူကလေး "

" မှန်ပါ . . . ကျင့်ဆဲပါ။ အဘ ကွမ် "

" အိမ်း . . . လူကလေး . . . ဒုက္ခစရိယကို လွန်မြောက်
တဲ့ တို့ရှင်တော်ဘုရားက ဒုက္ခစရိယကို လွန်မြောက်စေခဲ့တဲ့
သစ္စာတရားတွေကို ဖော်ထုတ်ဟောကြားတော်မူခဲ့ပေတယ်
လူကလေး . . .၊ အခု . . . လူကလေးက ဒုက္ခစရိယရဲ့ ဟိသ
တရားပေါ်မှာ ရပ်တည်ပြီး၊ မှန်ကန်ခြင်းနဲ့ မှန်ကန်ခြင်းရဲ့ ရွေ့လျား
လှုပ်ရှားမှုကိုသာ ရှုမြင်နေတဲ့အတွက် ငါ့ရဲ့ တိဘက်ပညာရပ်ဖြစ်တဲ့
'ဥခေါ်သ' ပညာရပ်ဟာ များစွာသော အန္တရာယ်ဖြစ်နေပြီ
လူကလေး၊ ဒီတော့ ဒုက္ခစရိယကို နိဂုံးကမွတ်အဆုံးသတ်ပြီး ပြောင်း
လဲခြင်းနဲ့ ပြောင်းလဲခြင်းရဲ့ သဘောသဘာဝကို ရှုမြင်တတ်သော
နိဂုံးကထာသဖြစ်တဲ့ အတ္တနဲ့ အနတ္တတို့ရဲ့ ယှက်နွယ်မှု ဘသာ
ဖြစ်စဉ်တရားကို အခြေခံရှာဖွေဖို့ အချိန်ဆိုက်ရောက်ပြီဆိုတာကို
ငါ အချိန်ပေးချိန်တန်ပြီလို့သတ်မှတ်တယ် လူကလေး "

အဘိုးအို ကွမ်( Kwan ) သည် ၎င်း၏ ရှေ့မှ ပုဂ္ဂိုလ်အား
ဦးခေါင်းကို လက်ဖြင့်သပ်လိုက်၏။

" တိဘက် ဆရာကြီးပေးတဲ့ လက်ချောင်းကလေးတွေဟာ
ရေ (ကလောသ အာပေါ်) နဲ့ ကုန်းမြေ ပထဝီ သကကင်ရတို့မှာ
ညီညာသော အဖုအထစ်ကလေးများ ဖြစ်ပါစေဆိုတဲ့ အချက်တိုင်း



အချက်တိုင်းပေါ်မှာ အခြေခံပြီး ငါရဲ့ 'ဥခေါ်သ' ပညာကို ခေစား
ရမယ် လူကလေး . . . ငါ့တပည့်ပညာအသုံးလွန်နေပြီကွယ် "

" မှန်ပါ . . . လျှော့ပါ့မယ် . . . အဘကွမ် "

တိဘက်အဘိုးအိုသည် မုတ်ဆိတ်မွှေးရှည်ကြီးကို လက်ဖြင့်
သပ်လိုက်၏။

" ငါ့အောက်က အုတ်ဂူဟာ၊ သူတော်ရဲ့အုတ်ဂူပဲ၊ အခု
သူရဲ့ လွန်မြောက်ပြီးတဲ့ကာလဟာ နှစ်ပေါင်းလေးဆယ် တစ်လနဲ့
တစ်ဆယ့်ခုနှစ်ရက်ရှိပြီပဲ၊ မင်းဖခင် . . . သူတော်ဟာ ကွယ်လွန်ခဲ့
တာ နှစ်ပေါင်းလေးဆယ်ကျော်ပြီမို့ သင်္ခါရတရားရဲ့ နိခုံတကို ငါ့
တပည့် သဘောပေါက်အောင် ကြိုးစားပြီး၊ လောကသံသရာ
ရှစ်ကြောင်းရဲ့ ပင်စည်ကြီးဖြစ်တဲ့ မောဟအမြင်စရိုက်တရား၊
ဒေါသဝိမဟာအမြင်တရားနဲ့ ယှဉ်နေတဲ့ ရွေ့လျားခြင်းနဲ့ ပြန်လှန်
ရွေ့လျားခြင်း၊ အလင်းထုသို့ ဖြတ်သန်းဖောက်ဝင်ခြင်းနဲ့ ရုပ်ဘူတ
နိယာမတွေကို ပျက်ယွင်းစေခြင်းစတဲ့ သဘာဝထ၊ ဝတ္ထုပညာကို
ကွယ်ဝှက်ဖို့ အချိန်ရောက်ပါပြီကွယ် . . ."

"သဘာဝထ၊ ဝတ္ထုပညာကို ပေးစေတဲ့ 'ဥခေါ်သ'
ပညာကို ငါ့တပည့် အလွဲသုံးခဲ့တယ်ကွယ်"

" မှန်ပါ . . . အလင်းမှန်တရားရဲ့ နိစ္စခုံဘူတကို တေဇေမိ
ပူဇနာ၍ ပြုခဲ့ရခြင်းကြောင့် ဤအမှုများကို ဩသထ (ပြုပြင်)
ခဲ့ပါတယ် အဘ"

" အိမ်း . . . အဘယ်မျှ ရှိခဲ့သလဲကွယ် "

" လူပေါင်းသုံးရာကျော်ပါပဲ အဘ"

www.burmeseclassic.com

www.burmeseclassic.com



" အဘယ်မျှ ရွေ့လျားခဲ့သလဲ "

" လှုပ်ရှားမှု မပြုတော့တဲ့ မရဏကာလဲဒုက္ခိတ်အထိတိုင်

ပဲ "

" အ်မ်း . . . ငါတပည့် ဒုက္ခကြီးလှပါတယ်ကွယ်၊ သည်

တွက် မင်းရဲ့ ရွာကုန်းရွာ ဘုန်းတော်ကြီး ဦးသီလက စိုးရိမ်နေ

အတွက် ငါလဲလာခဲ့တာပါပဲ၊ ငါတပည့် ဥပဒေရဲ့ အဝန်းအဝိုင်း

ဝင်ဖို့ အချိန်ရောက်ပြီ "

တိဘက်အဘိုးအိုကွမ်သည် လည်ပင်းမှ စိပ်ပုတီးကြီး

ဖြုတ်လျှက် ရင်းရှေ့ရှိ ပုဂ္ဂိုလ်အား လည်၌ စွပ်ပေးလိုက်ပေ

ရှေ့မှ ပုဂ္ဂိုလ်သည် ဦးခေါင်းကိုငုံ့လျှက် စိပ်ပုတီးကို ခံယူလိုက်ပေ

" မှန်ပါ . . . သားတပည့် အချိန်ပိတ်ပါတော့မယ် အဘ

" အိမ်း . . . သာဓုကွယ်၊ မင်းဖခင်သူတော်နှင့် မိ

မယ်သူဇာတို့အတွက် အမျှဝေပါကွယ်၊ အမျှဝေခြင်းဟာ ဗုဒ္ဓမြ

ဘာသာရဲ့ ယဉ်ကျေးသော အမွေအနှစ်တစ်ခုပါပဲကွယ် . . .

" မှန်ပါ . . . နေ့စဉ် ဝတ္တပြုပါတယ် အဘ "

" အိမ်းကွယ်၊ သာဓု . . . သာဓု . . . သာဓု "

အုတ်ဂူပေါ်မှ တိဘက်အဘိုးအိုသည် ထိုင်ရာမှထလိုက်

ရှေ့မှပုဂ္ဂိုလ်သည် တိဘက်အဘိုးအိုအား ဝတ်သုံးကြိမ်ပြုလိုက်ပေ

အုတ်ဂူကြားမှ မြွေတွန်သံများသည် ပြန်လည် ပေါ်ထွ

လာ၏။ ခပ်ဝေးဝေး ဂူပြောက်ကျားမှ တောရှိုင်းတောက်တဲ့သ

အကြိမ်ရေ ခုနှစ်ချက်တိတိ အော်မြည်လိုက်ပေ၏။

အဘိုးအိုသည် ဂူဘေးတွင် ထောင်ထားသော တောင်



ကိုယူလျှက် တစ်လှမ်းချင်း အုတ်ဂူကြားများမှ ဖောက်ထွက်ကာ

အတ္တရာလမ်းမဘက်သို့ ရွေ့လျားလျှက်ရှိပေ၏။ အဘိုးအို၏

တော်ရုံရှည်ကြီးကား အဝါရောင်ဝတ်ရုံရှည်ကြီးပင်ဖြစ်ပေ၏။

ထိုအချိန်၌ ပြသာဒ်အုတ်ဂူနှင့် မနီးမဝေးနေရာရှိ

သရဏဂုံတင်ရာ ဇရပ်ပျက်ကြီးအနီး အုတ်ဂူကြီး၏ နောက်ဘက်

အားမှာ လူသုံးဦးသည် ညဥ့်မှောင်အတွင်း၌ ဇရပ်ပျက်ကြားမှ

ထိုးထွက်လျှက်ရှိပေ၏။

" အတော် နားလည်ရခက်တဲ့ အရာတွေပဲဗျ၊ ဒါကြောင့်လဲ

သိပ်သည်းလွန်းတာပဲ၊ လက်ရာပျောက်မှုခင်းတွေကို စနစ်တကျ

အနူးလွန်နေတော့ ခက်တာပေါ့ "

" အချိန်တန်တော့လဲ နွားပိန်ကန်ရမှာပေါ့ဗျ . . .

ဆောင်းထောင်း ကိုကိုကြီးရ၊ ဘယ်အရာမျိုးကိုမဆို အချိန်မတန်ရင်

မရဘူးဗျ၊ နည်းနည်း သည်းခံရမှာပေါ့ . . . မဟုတ်ဘူးလား

ကိုအေးမောင် "

" ဟုတ်တာပေါ့ဗျာ၊ ဒုက္ခခံရကျိုးနပ်ပါတယ်ဗျာ၊ တိဘက်

အဘိုးအိုရဲ့ မျက်လုံးထဲက အလင်းတန်းကိုတော့ မေ့ပျောက်လို့

မလွယ်ဘူးဗျ "

" အင်း . . . ထူးဆန်းမှုတိုင်းရဲ့ လျှို့ဝှက်မှုတွေမှာတော့

နိယာမတွေ ရှိမြဲပေါ့ဗျာ "

လူသုံးယောက်အနက် သတ္တလတ်ဦးထုပ်ဆောင်းထားပြီး

လည်ပင်း၌ မာဖလာစည်းထားသော ပုဂ္ဂိုလ်သည် ပါးစပ်မှ

ဆေးတံကို ချွတ်လိုက်ရင်း မှတ်ချက်ပေးလိုက်ပေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူသုံးဦးသည် သချိုင်းဂိတ်တံခါးမှ တစ်ဖက်သို့ ပျောက်ကွယ်သွားသော ခေါင်းပေါင်းပွနှင့် လူထွားကြီးကိုကြည့်ရင်း မြို့ပြင်ဘက်သို့ ထွက်ခဲ့ကြလေသတည်း။

* * *

## လှိုင်းပုတ်သောလှေ ဝမ်းပေါက်ခြင်း

တစ်နေ့နံနက်စောစော ကျွန်ုပ်သည် အိမ်ရှေ့ဝရန်တာ၌ တာဖီကြမ်းနှင့် ကြက်ဥပြုတ်ကို တပည့်ကျော်မောင်ကံစီ စီမံပေးသဖြင့် စားသောက်နေစဉ် ကျွန်ုပ်၏အိမ်ရှေ့လှေကား၌ တုန်တုန်ချိချိနိုင်လှသော တရုတ်အဘိုးကြီးတစ်ဦးသည် ရပ်လျက်ရှိသဖြင့် တပည့်မောင်ကံစီအား အကျိုးအကြောင်းကို မေးမြန်းစေရာ ကိုစိမ်းမောင်နှင့် တွေ့လိုကြောင်းပြောသဖြင့် တပည့်မောင်ကံစီက . . . ကိုစိမ်းမောင်မရှိ၊ ကိုသိမ်းမောင်သာရှိကြောင်း ပြောဆိုရာ တရုတ်ကြီးသည် 'စိမ်းမောင်လေ . . . စိမ်းမောင် မရှိဘူးလား၊ ဒီအိမ် စိမ်းမောင်အိမ်လို့ ပြောတယ်' ဟု ပြောဆိုရာ တရုတ်ဖြစ်သဖြင့် မြန်မာစကားမပီသ ဖြစ်နေသော တရုတ်ကြီး၏အဖြစ်ကို ရိပ်မိသဖြင့် တရုတ်ကြီးကို အိမ်ပေါ်သို့တက်စေလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



တရုတ်ကြီး အိမ်ပေါ်သို့ရောက်လျှင် အကျိုးအကြောင်း မေးမြန်းရာ တရုတ်ကြီးသည် ကျွန်ုပ်အားကြည့်လျက် . . .

'စိမ်းမောင်နှင့် တွေ့ချင်တယ်' ဟု ပြောဆိုပြန်၏။ ကျွန်ုပ် သည် 'စိမ်းမောင်ဟာ ကျုပ်ပါပဲ' ဟူ၍ ပြောဆိုလိုက်ရာ တရုတ် ကြီးသည် ကျွန်ုပ်အားသေချာစွာ စေ့စေ့စပ်စပ်ကြည့်ရှုလေ၏။ ကျွန်ုပ်လည်း ပြန်လှန်ကြည့်ရှုလေရာ အတန်ကြာမှ တရုတ်ကြီးသည် ကျေနပ်သွားသည့်အလား ခေါင်းညိတ်လျက် . . .

" စာ. . . စာ. . . ပေးလိုက်လယ် . . . ၊ ကိုစိမ်းမောင်တွေ့ ရင် ပေးရမယ် ပြော . . . လိုယ် . . . "

ဟူ၍ တရုတ်သံများသော မြန်မာစကားဖြင့် ပြောဆိုလေ ရာ ကျွန်ုပ်သည် လက်ကမ်းပေးလိုက်ရာ တရုတ်ကြီးသည် အလွန် ဟောင်းနွမ်းညစ်ပေ၍ ဖွာသလန်ထနေသော တရုတ်ဘိန်းစားများ ဝတ်သည့် လောင်းကုတ်အင်္ကျီထဲသို့ လက်ကိုနှိုက်သွင်းလျက် ကျွန်ုပ် အား စာတစ်စောင်ထုတ်ပေးလေသည်။ စာမှာ အိတ်တွင်းသို့အတင်း ထိုးကြိတ်ထည့်ထားဟန်ရှိသည့်အတွက် စာအိတ်မှာ တွန့်လိမ် ကြေမွလျက် အတော်ပင် ဖြန့်ယူရလေ၏။ ကျွန်ုပ်သည် စာအိတ်ကို ဖောက်လျှက်ရှိစဉ် တရုတ်ကြီးသည် တခစ်ခစ်နှင့် တက်လျက် ကျွန်ုပ်တို့ရှေ့တွင်ပင် မျက်ဖြူလန်လျက် ကြမ်းပြင်ပေါ်သို့ ဝုန်းခနဲ လဲလေ၏။ ကျွန်ုပ်သည် အံ့အားသင့်လျက်ရှိပြီးလျှင် ဖောက်လက်စ စာအိတ်ကို ဖတ်ရှုခြင်းမပြုနိုင်ဘဲ တက်နေသော တရုတ်အဘိုးကြီး အား အုတ်ဆေးများ၊ ထုံးနန္ဒင်းများနှင့် ရောက်တတ်ရာရာ ပြုစုရလေ ၏။ ကျွန်ုပ်၏တပည့် မောင်ကံစီသည်လည်း ဗျာများလျက် ရှိပေ၏။



တရုတ်အဘိုးကြီးသည် မျက်ဖြူများလန်လျက် ခြေလက်များ ကော့ကွေးပြီးလျှင် အမြှုပ်တစီစီ ထွက်လျက် တရှိုက်ရှိုက်နှင့် တက်လျက် ရှိရာ ကျွန်ုပ်၏ ကြိုးစားပြီး ကုသပေးချက်မှာ မည်သို့မှ ထိရောက်မှု မရှိဘဲလျက် ရှိပေ၏။ သို့နှင့် ကျွန်ုပ်တို့လမ်းထိပ်ရှိ ကုလားဆရာဝန် ဒေါက်တာဘရူးဝါးကို တပည့်မောင်ကံစီအား သွားရောက်ခေါ်ငင် စေ၏။ တပည့် မောင်ကံစီ ထွက်သွားပြီး တစ်အောင့်မျှကြာလျှင် တရုတ်အဘိုးကြီးသည် အတက်ရပ်ကာ ငြိမ်ကျသွားလေ၏။ ကျွန်ုပ် သည် မည်သို့မျှလုပ်တတ်ခြင်း မရှိသည့်အလျောက် သည်အတိုင်းပင် ထိုင်ကြည့်ရလျှက် ရှိပေ၏။ မကြာမီ ဒေါက်တာဘရူးဝါးနှင့် တပည့် မောင်ကံစီတို့ ရောက်ရှိလာကြပြီးလျှင် ဒေါက်တာဘရူးဝါးသည် တက်သောလူနာကို စမ်းသပ်ကြည့်ရှုလေ၏။ ဒေါက်တာဘရူးဝါး သည် သေချာစွာကြည့်ရှုပြီးသော် ကျွန်ုပ်ဘက်သို့လှည့်ကာ . . .

" ဝမ်းနည်းပါတယ် ကိုသိမ်းမောင်၊ ဒီအဘိုးကြီး အသက် မရှိတော့ဘူး "

ကျွန်ုပ်သည် ရုတ်တရက် ချက်ချင်း ဦးခေါင်းကို ဆင်နင်း သကဲ့သို့ ခံစားလိုက်ရပေ၏။ 'အမှိုက်တစ်ရာ အိမ်ကချောင်း၊ မသာ တစ်ပုပ်ကောင် ဝင်လို့ဟောင်း' ဆိုသကဲ့သို့ပင် ကျွန်ုပ်သည် ကျွန်ုပ်အိမ် ထဲ မမျှော်လင့်သော အသုဘခရီးသည် ဝင်ရောက်ခိုအောင်းလိုက် သည်နှင့်တူသဖြင့် များစွာ စိတ်လက်မချမ်းမသာ ဖြစ်ရလေတော့ သည်။ ဒေါက်တာဘရူးဝါးသည် ဆေးအိတ်ကိုကိုင်လျက် ဆင်း သွားရပေ၏။ ကျွန်ုပ်ထံမှ ခြေခကြွခပင် ယူငင်ခြင်း မပြုနိုင် တော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



" ဘယ်လိုလုပ်ကြမလဲ မောင်ကံစီ၊ ငါတော့ ဒုက္ခဘုံခြေထိုး ဖောက်ထိုး ငါးပိဝယ်ဆိုသလို ဖြစ်ကုန်ပြီ . . . "

ကျွန်ုပ်၏တပည့် မောင်ကံစီသည် ခေါင်းကိုတွင်တွင် ကုတ် လျက် တရုတ်အဘိုးကြီးကို သေချာစွာငုံ့ကြည့်လေ၏။ 'ဟာ. . . ဆရာ ပုပ်စော်နံလာပြီ' ဟု ချက်ချင်း အော်ပြောသဖြင့် ကျွန်ုပ်သည် ငုံ့လျှက်နမ်းကြည့်ရာ တပည့်မောင်ကံစီပြောသည့် အတိုင်းပင် အပုပ်နံ့များ ထွက်လျှက်ရှိသည်ကို ခံစားမိပေ၏။ အဘိုးကြီး၏ ရုပ်သည်လည်း ညှိမည်းပွယောင်းလျှက်ရှိ၏။ အထူးသဖြင့် ဝမ်းဗိုက် မှာ ဖောင်းကြွတက်လာပေ၏။ မိနစ်ပိုင်းအတွင်းမှာပင် ပြောင်းလဲ သွားသော လူ့ရုပ်ဘူတကလာပ်ရုပ်၏ သဘောကို ကျွန်ုပ်သည် စက်ဆုပ်စွာကြည့်ရင်း ကြာကြာဆက်တွေးရန် အချိန်မရတော့သည် ကို သိရှိလိုက်ရ၏။

" အေး . . . ခွေးဖြစ်မှတော့ တုတ်မကြောက်နဲ့ ဆိုသလို ကံစီရေ ဖြစ်သမျှအကြောင်းကတော့ မင်းကံစောင်းကချည်းပေါ့ ကွ "

ဟူ၍ ပြောဆိုကာ စားပွဲပေါ်တွင် မဖတ်ဖြစ်သေးဘဲ တင် ထားသော စာအိတ်ကို ကောက်ယူပြီးလျှင် ကျွန်ုပ်သည် ဖတ်ရှုလိုက် ပေ၏။

ဒုက္ခသားတစ်ဦးကို ကောင်းမွန်စွာ သဂြိုဟ်လိုက်ပါ ကိုသိမ်းမောင်၊ လှိုင်းပုတ်သောလှေ၏ ဝမ်းဗိုက်ပေါက်ခြင်းခံရသူ တစ်ဦးဖြစ်ပါတယ်။ အချိန်စေ့သောသူ၏ ရှာပနကို စီစဉ်ပေးရခြင်း ဟာ ဒုက္ခသစ္စာတရားရဲ့ ဟိသကကို ရှုမှတ်ရခြင်းဖြစ်ပါတယ်။ ရှာပ ရိုတ် ငွေငါးရာ သေ သူရဲ့ ဘယ်ဘက်အတွင်း အပေါ်အိတ်မှာ ပါပါတယ်။

သင့်ရဲ့ ပရိယ ယတ္တာမိတ်ဆွေကြီး
သျှောင်ပေစူး ဘိုးထော်



ကျွန်ုပ်သည် သက်ပြင်းကြီးတစ်လုံးကို ဟုန်းခနဲချမိလေ၏။ စာကိုလိပ်၍ ကျွန်ုပ်၏ အိတ်ကပ်တွင်းသို့ ထည့်လိုက်လေ၏။ ကျွန်ုပ် ၏ရှေ့မှ တရုတ်ကြီးသည် ပါးစပ်ကိုဟလျှက်ရှိ၏။ ခေါနေသော သွား၏ ခေါနေခြင်းသည် ကျွန်ုပ်၏ လိပ်တက်လာသော တံတွေးများ ကိုပင် မျိုသိပ်၍မရအောင်ပင်၏။

" ကဲ . . . မောင်ကံစီ နိဗ္ဗာန်ယာဉ်သာ သွားခေါ်တော့ကွာ၊ တို့လမ်းထဲက ကုသိုလ်ဖြစ် နိဗ္ဗာန်ယာဉ်မှူးဖြစ်တဲ့ ကိုသိမ်းမောင်ကို သာ သွားခေါ်ပေတော့၊ ငါ ဒီတရုတ်ကြီးကို နိဗ္ဗာန်ရောက်အောင်ပဲ ပို့ပေးလိုက်တော့မယ် "

ကျွန်ုပ်၏တပည့် မောင်ကံစီသည် ငိုအားထက် ရယ်အား သန်ဆိုသကဲ့သို့ပင်ဖြစ်ကာ ရယ်မောလျှက် . . .

" ဆရာတော့ ပွတာပဲ ဆရာ . . . "

ဟုပြောဆိုလိုက်လေရာ ကျွန်ုပ်သည်နားမလည်သဖြင့် . .

" ဘာလဲကွ၊ ငါနားမလည်ဘူး "

ဟု ပြောဆိုလိုက်၏။

" အသုဘဝင်ရင် ငွေအများကြီးရတတ်တယ်လို့ နိုင်ထုံးကျမ်း စာအုပ်မှာ ကျွန်တော်ဖတ်ဖူးတယ် ဆရာ "

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြန်လှန်ပြောဆိုလိုက်ရာ စိတ်ညစ်စိတ်ပန်း ဖြစ်သွားသော ကျွန်ုပ်သည် . . .

" နင့် အမေကလိန်း . . . "

ဟူ၍ ရေရွတ်လိုက်မိတော့၏။ တပည့် မောင်ကံစီသည် စိတ်မညစ်သည့်အလား ပြုံးစိစိလုပ်ကာ နိဗ္ဗာန်ယာဉ် ဥပသကာ ကိုသိမ်းမောင်ကို သွားခေါ်ရန် ကျွန်ုပ်အား တရုတ်အပုပ်ကောင်ကြီးနှင့် ထားရစ်ခဲ့ပေ၏။

အသုဘစင်မပြင်ဘဲ ခဏချင်း သဂြိုဟ်ရန်အတွက် တပည့် မောင်ကံစီသည် အပြေးအလွှား စိုင်းပြင်းနေစဉ်အတွင်းတွင်ပင် ကျွန်ုပ်အိမ်ရှေ့သို့ ရဲကားတစ်စီး ထိုးရပ်လိုက်ပြီးလျှင် အိုင်ပီ ဦးအေးမောင်သည် အိမ်ပေါ်တက်လာလေ၏။

" အိုင်ဆေး ကိုသိမ်းမောင်၊ ခင်ဗျားအိမ် အသုဘဖြစ်နေတယ်ဆိုလို့ ကျုပ် စိုးရိမ်တကြီးလာခဲ့တယ်ဗျာ၊ မနေ့ကအကောင်းကြီးပဲရှိသေးတာ၊ ဘယ့်နှယ့် အသုဘဖြစ်သွားတာလဲလို့ ကျုပ်ဖြင့် စိတ်မကောင်းကြီးစွာနဲ့ အသုဘကြည့်လာတာဗျ "

" အသုဘကတော့ တကယ်ပဲ ကိုအေးမောင်၊ ဒါပေမယ့် မြန်မာအသုဘမဟုတ်ဘူး၊ တရုတ် အသုဘဗျ၊ ဒါပေမယ့် အခု ကုလားလိုပဲ ချတော့မလို့ "

အိုင်ပီဦးအေးမောင် ရုတ်တရက် အူကြောင်ကြောင် ဖြစ်သွားဟန်တူ၏။ ကျွန်ုပ်ရှေ့ရှိ တရုတ်အဘိုးကြီး၏ အလောင်းကို ငုံ့ကြည့်လျက် အကျိုးအကြောင်းကို မေးမြန်းလေရာ ကျွန်ုပ်သည် အကျိုးအကြောင်းစုံလင်စွာ ရှင်းပြလိုက်ရပေ၏။



" အင်း. . . ခင်ဗျား ဇာတ်လမ်းကလဲ ဆင်တော်နဲ့ လောက်ဇာတ်လမ်းလိုပဲဗျာ၊ ဒါပေမယ့် ဒီလို အသုဘချလို့ မရဘူး သိမ်းမောင်၊ ရန်ကုန်ဆေးရုံကြီး မှုခင်းဘက်ဆိုင်ရာ ဆရာဝန်နဲ့ ိုင်တယ်၊ အဲဒီကမှတစ်ဆင့် ဖြစ်မှုမကင်းဘူးလို့ ဆရာဝန်မှတ်ချက် ခဲ့ရင် အင်းစိန် စီ-အိုင်-ဒီက အရေးပိုင်တယ်၊ အဲဒီလိုမဟုတ်ဘူး ိုရင် ခင်ဗျားဟာ အလောင်း ဖျောက်ဖျက်မှုနဲ့ မဟာဗန္ဓုလပန်းခြံ မ်း အချုပ်ထောင်တန်းနေတယ်"

"မြတ်စွာဘုရား သျှောင်ပေစူးဘိုးထော်။ ကျုပ်ကို ဒုက္ခရဲ့ သကတရားတွေ ပြနေပြီထင်တယ် ကိုအေးမောင်၊ အဲဒါ ကျုပ် တော့ ကုသိုလ်ဖြစ် နိဗ္ဗာန်ယာဉ်တော့ ခေါ်ထားပြီဗျ။ ကျန်တာ င်ဗျားပဲ ကြည့်လုပ်လိုက်ပါတော့ ကိုအေးမောင်၊ ကျုပ် ခေါင်း ြာက်လာပြီ"

အိုင်ပီဦးအေးမောင်သည် ရဲကားပေါ်မှ သူ့တပည့်သို့ ကြောင်းကြား၍ အလောင်းယူလာရန် သတင်းပို့၍ လူနာတင် ားအား မှာလိုက်ပေ၏။

ကျွန်ုပ်အိမ်ရှေ့သို့ ဥပသကာ ဦးသိမ်းမောင်၏ နိဗ္ဗာန်ယာဉ် ားသည် ထိုးဆိုက်လိုက်ပေ၏။ ဦးသိမ်းမောင်သည် မျက်မှန်ကို ျက်ရင်း အိမ်ပေါ်ရှေ့ဦးစွာတက်လာ၏။ အသုဘယာဉ်ပေါ်တွင် ါင်းတစ်လုံးပါလာလေ၏။

တပည့်မောင်ကံစီသည် ကျွန်ုပ်ဘေးတွင် ရပ်လျက်ရှိ၏။ ျွန်ုပ်နှင့် အိုင်ပီဦးအေးမောင်တို့ အချီအချပြောနေရသည်ကို သိရှာသေးသော တပည့်မောင်ကံစီသည် ကျွန်ုပ်ဘက်လှည့်ကာ. .

www.burmeseclassic.com

www.burmeseclassic.com



" ဆရာ နိဗ္ဗာန်ယာဉ် အဆင်သင့်ရောက်ပြီ ဆရာ ဦးသိမ်းမောင်ကိုယ်တိုင်လိုက်လာတယ်။ ဆရာ့အိမ်ကဆိုလို့ ကိုယ်တိုင် လိုက်လာတယ် "

" ငါ အိုင်ပီဦးအေးမောင်ကို အပ်လိုက်ပြီ မောင်တို ဒီကိစ္စက ငါမပိုင်တော့ဘူး "

အိုင်ပီဦးအေးမောင်သည် ခေါင်းညိတ်ပြလိုက်သည် ဥပသကာဦးသိမ်းမောင်သည် ကျွန်ုပ်အားကြည့်ကာ. . .

" ကိစ္စမရှိပါဘူး ဆရာသိမ်းမောင်၊ ခင်ဗျားအိမ်ကဆို ကျုပ် ဂရုစိုက်ပြီးလာခဲ့တာပါ။ ဒါပေမယ့် ခေါင်းထမ်းဖို့ လူ ယောက်ပါ ခေါ်လာရလို့ ငွေခုနစ်ကျပ် တစ်မတ်တော့ကျတယ် "

ကျွန်ုပ်သည် တရုတ်အသုဘကြီးထံမှ အသုဘစရိတ် ငါးရာကျပ်ယူထားပြီးဖြစ်ရာ ထိုငွေထဲမှ ခုနစ်ကျပ်ကို ထုတ်ယူလျှ တစ်မတ်ကို အိတ်ထဲမှ နှိုက်ပေးလိုက်ရပေသည်။ ဥပသကာ ဦးသိမ်းမောင်သည် ငွေခုနစ်ကျပ်ကို အိတ်ထဲထည့်လျှက် ကျွန်ုပ် ၌ ခါးကိုင်းအရိုအသေပြုလိုက်ပြီးလျှင်. . .

" ဆရာသိမ်းမောင် ပြန်လိုက်ဦးမယ်။ နောက်အလိုရှိ ပြောပါ။ အားမနာပါနဲ့ဗျာ၊ ဟဲ. . . ဟဲ. . . "

ဟူ၍ နှုတ်ဆက်ပြီးလျှင် နိဗ္ဗာန်ယာဉ်ရှေ့ ကားခေါင်းပေါ် သို့ တက်သွားလေတော့၏။

ထို့နောက် အိုင်ပီဦးအေးမောင်သည် တရုတ်အဘိုးကြီး အလောင်းကိုကြည့်လျှက် စစ်ဆေးမှုပြုပေ၏။

" ဟာ. . . တရုတ်တန်းက ခါးပိုက်နှိုက် ဦးပိန်ကြီးပဲဗျ အမည်ကြီး ခါးပိုက်နှိုက်ကြီးပေါ့ဗျာ "



ဟူ၍ ပြောဆိုလိုက်လေ၏။

မကြာမီ ကျွန်ုပ်၏ အိမ်ရှေ့သို့ ရန်ကုန်ဆေးရုံကြီးမှ အလောင်းတင်ကားရောက်ရှိလာပေသည်။ အလောင်းတင်ကားပေါ်တွင် ရာဇဝတ်အုပ်အား အကျိုးအကြောင်း ပြောပြပြီးလျှင် အရုတ်ကြီး၏အလောင်းကို သယ်ယူသွားစေ၏။ ဆေးရုံကား ထွက်သွားပြီးနောက် အိုင်ပီဦးအေးမောင်သည် သူ၏ ပုလိပ်ယူနီဖောင်းကို သပ်သပ်ရပ်ရပ် ဆွဲဆန့်လိုက်ပြီးလျှင်. . .

" ကဲ. . . အိုင်ဆေးကိုသိမ်းမောင်၊ ကျုပ် ကိုယ်တိုင်ပဲ စစ်ချက်ယူတော့မယ်ဗျာ၊ ခင်ဗျား ကံကောင်းတယ်၊ အခြားနေရာမှာဆိုရင် ခင်ဗျားစခန်းထဲမှာ တစ်နေ့လောက်တော့ အစစ်ခံရမှာ သေချာတယ်၊ ကျုပ်ကတော့ လျှော့လျှော့ပေါ့ပေါ့ပဲ လုပ်ပါ့မယ် ဗျာ. . . ဟဲ. . . ဟဲ. . . ဟဲ. . . "

ဟု ရယ်မောပြောဆိုလေ၏။

အိုင်ပီဦးအေးမောင်က ၎င်း၏ ပုလိပ်မှတ်စုစာအုပ်ကို ထုတ်ယူ၍ ကျွန်ုပ်ပြောပြသည်ကို ရေးမှတ်ထားလိုက်ပေ၏။ ထို အခိုက်တွင် ကျွန်ုပ်၏ အိမ်နီးချင်းမောင်ဘဥာဏ်၏ ကလေးဖြစ်သူ ရှစ်နှစ်သားအရွယ်ခန့်ရှိ မောင်သံခဲသည် ကျွန်ုပ်တို့ ထိုင်နေရာသို့ တက်လာပြီးလျှင် ကျွန်ုပ်ရှေ့၌ လာရပ်ကာ. . .

" ဦး. . . ဦး. . . ရော့ "

ဟူ၍ ပြောဆိုပြီး ကျွန်ုပ်ပေါင်ပေါ်သို့ စာရွက်ခေါက်လေး ကို ပစ်တင်သွားပြန်လေ၏။ ကျွန်ုပ်သည် မည်သူကပေးခိုင်းကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ကို မေးမြန်းရာ ကုလားကြီးတစ်ယောက်က လာပေးသွားတယ်ဟူ၍ ပြောဆိုလေသည်။

ကျွန်ုပ်သည် သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီး ဒုတိယမ္ပိရောက်လာသော စာခေါက်လေးကို ဖြန့်ဖတ်လိုက်ပေ၏။ စာမှာ အောက်ပါအတိုင်းဖြစ်ပေ၏။

‘ မိတ်ဆွေကြီး ကိုသိမ်းမောင် ’

သင်္ဂြိုဟ်ထိုက်သူကို သင်္ဂြိုဟ်လိုက်ပါ ကိုသိမ်းမောင်၊ ခါးပိုက်နှိုက်ဦးပိန်ကြီးဟာ လှိုင်းပုတ်သောလှေ ဝမ်းပေါက်ခြင်းခံရသူ ဖြစ်ပါသည်။ အသွားမတော်တစ်လှမ်း ဆိုသကဲ့သို့ ဖြစ်ခြင်းခံရသူ ဖြစ်ပါတယ်။ အိုင်ပီဦးအေးမောင် တွေးထင်သလို မှုခင်းဆရာဝန်က ရှာဖွေလို့ရမယ့် အချက်တွေမရှိပါဘူး၊ မင်္ဂလသည်းခြေပျက်၍ သွေးကြောတက်ပြီး ဦးနှောက်ကြောပြတ်၍ ကံကုန်ရခြင်းဖြစ်ပါ တယ်၊ ‘လူ့အသက်တွေဟာ အချိန်ကာလပေါ်မှာ တည်၍နေတယ်’ ဆိုတဲ့ ပညာအကြောင်းကို မိတ်ဆွေကြီးကို သင်ကြားပေးဖို့ အချိန်ကျရောက်လာလို့ နမူနာပြလိုက်တာပါ၊ တာရာဇာသီလက်သီး ရဲ့ နောက်ဆက်တွဲပညာပေးခြင်းပါပဲ ကိုသိမ်းမောင်။

သင်္ဂြိုဟ်ခြင်းဆိုတာ ပြီးစီးအောင်ဆောင်ရွက်ခြင်းဖြစ်တာ မို့ သေခြင်းတရားနဲ့ ပြီးဆုံးခြင်းအနက်သဘောကို နက်နဲစွာ သိရှိနိုင် ရန်အတွက် မိတ်ဆွေအားဦးပိန်ကြီးကို သင်္ဂြိုဟ်စေခြင်းဖြစ်ပါတယ်။

သင့်ရဲ့ ကာမ္ဘီလယတ မိတ်ဆွေကြီး
သျှောင်ပေစူး ဘိုးဆော်



ကျွန်ုပ်သည် ထိုနေ့ညအဖို့ ညဥ့်အတော်နက်မှ အိပ်ရာဝင် သ၏။ အိပ်ရာသို့ မဝင်မီစပ်ကြားတွင် ဘုရားရှိခိုးခြင်း၊ ပရိတ် ရွတ်ခြင်း၊ ပုတီးစိပ်ခြင်းအမှုတို့ကို နိစ္စဒူဝ ပြုလုပ်လေ့ရှိသည်ဖြစ်ရာ ကျွန်ုပ်သည် ထိုနေ့ညဥ့် ၁၂ နာရီတွင်မှ ထိုကိစ္စကိုပြုနိုင်လေသည်။ ကျွန်ုပ်သည် ဘုရားရှိခိုး အမျှဝေနေစဉ် ကျွန်ုပ်၏ အိမ်အောက်မှ ခွေးများသည် လွန်စွာဟောင်လျှက် အဆုံးတွင် ရှည်လျားစွာ အူလျှက်ရှိပေ၏။ ကျွန်ုပ်၏ တပည့်မောင်ကံစီသည် . . .

“ ဆရာ ခွေးတွေသိပ်အူတယ်၊ ခါးပိုက်နှိုက် ဦးပိန်ကြီးလာ တယ် ထင်တယ် ”

ဟူ၍ ပြောဆိုလိုက်ရာ ကျွန်ုပ်သည် ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပြီးလျှင် . . .

“ ကံစီရာ. . . ကြဲ့ကြီးစီရာကွာ၊ ခါးပိုက်နှိုက်ဦးပိန်ကြီးက အာမွေသချိုင်းမှာ အခုလောက်ဆို တစ်ရေးတစ်မောလောက် ရနေ လောက်ပေါ့ ”

ဟူ၍ ရေရွတ်နောက်လိုက်ပေ၏။

“ ဆရာ. . . ဦးပိန် တကယ်လာတယ်ထင်တယ် ဆရာ၊ ခွေးအူသံတွေက မရပ်ဘူး ”

ဟူ၍ တပည့်မောင်ကံစီက ထပ်တွန့်ပြန်ပေ၏။ မောင်ကံစီ ပြောကြည့်ရသည်မှာ အတန်ငယ် ကြောက်ရွံ့ဟန်ပေါ်လေ၏။ မောင်ကံစီသည် ညဘက်၌ အမှောင်ကို မတိုးရဲသော သူရဲဘော ကြောင်ခြင်း တစ်မျိုးရှိလေရာ ခွေးအူသံကိုလည်း ကြောက်ရွံ့ဟန် ရှာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခွေးအူသံမှာ မကြာခင်ပင် ရပ်သွားလေသည်။ ထို့နောက် ကျွန်ုပ်၏ လှေကားပေါ်သို့ ' ဒေါက်. . . ဒေါက် 'ဟူ၍ တက်လာသော ခြေသံကို ကြားရလေ၏။

ခြေသံမှာ တံခါးဝအဆုံးတွင် ရပ်သွားလေ၏။ ထို့နောက် တံခါးခေါက်သံ သုံးချက်ဆင့်ပေါ်ထွက်လာလေ၏။ တံခါးခေါက်သံမှာ ဆက်တိုက်ပေါ်ထွက်လာပြီးလျှင် ထပ်ဆင့်၍ အဆက်မပြတ် ခေါက်လေ၏။

" မောင်ကံစီ ထဖွင့်ပေးလိုက်ကွာ "

ကျွန်ုပ်သည် တပည့်မောင်ကံစီအား အမိန့်ပေးလိုက်လေ၏။

" ကျွန်တော် မဖွင့်ရဲဘူး ဆရာ၊ အချိန်မတော် ဦးပိန်ကြီး ဆိုရင် ဘယ်လိုလုပ်မလဲ "

ကျွန်ုပ်သည် သူရဲဘောကြောင်သူ တပည့်မောင်ကံစီအား တစ်ချက်မြည်တွန်တောက်တီးပြီးလျှင် တံခါးမင်းတုတ်ကို ဖြုတ်လိုက်လေ၏။ ထို့နောက် ဘီလပ်တံခါးရွက်ကို ဆွဲဖွင့်လိုက်လေ၏။

တံခါးပေါက်ဝတွင်ရပ်နေသော ဦးထုပ်နှင့် လူတစ်ယောက်သည် တံခါးရွက်အတွင်းသို့ ဝင်လိုက်ပြီးလျှင် ရုတ်တရက် ကျွန်ုပ်ရှေ့သို့ ဒူးထောက်လဲကျလေ၏။ ထိုသူ၏ ကျောပြင်တွင်လည်း တစ်စုံတစ်ရာတို့ဖြင့် ရွှဲနစ်လျှက်ရှိပေ၏။

" ကျုပ်ကို အထဲဝင်ခွင့်ပြုပါ ကိုသိမ်းမောင် "

ကျွန်ုပ်သည် သူ၏ ချိုင်းကိုမလျှက် ဧည့်ခန်းတွင်း... လှမ်း၍ဝင်နိုင်ရန် ဖေးလိုက်၏။ ဒယီးဒယိုင်ဖြင့် ထိုသူသည် တ...င်းချောင်းလှမ်း၍ ဝင်လိုက်လေ၏။ ထို့နောက် ကျွန်ုပ်ဧည့်ခန်းတွင်း ...ခုံယောက်ကုလားထိုင်တွင် ထိုင်စေလိုက်၏။ ထိုသူ၏ ခန္ဓာကိုယ် ...သည် အတော်ပင်လေးလံသည်။

ထိုသူသည် ဦးထုပ်ကိုချွတ်လျှက် . . .

" ကျုပ်ကို မမှတ်မိတော့ဘူးလား ကိုသိမ်းမောင် "

ဟူ၍ ပြောဆိုလေ၏။

ကျွန်ုပ်သည် လွန်စွာ အံ့အားသင့်လျှက်ရှိပေ၏။

" သျှောင်ပေစူး ဘိုး. . . တော် "

" အင်း. . . ဟုတ်တယ်၊ သျှောင်ပေစူး ဘိုးတော်ပါပဲ ၊ ...သိမ်းမောင် "

သျှောင်ပေစူးဘိုးတော်သည် သူ၏ သျှောင်ပေစူးလေးကို ...ဖြင့်သပ်လျှက်ရှိပေ၏။ သျှောင်ပေစူးဘိုးတော်၏ တစ်ကိုယ်လုံး ...သည် ရွှဲနစ်လျှက်ရှိ၏။ နီရဲရဲအရောင်တို့သည် အောက်သို့ပင် ...စက်စက်ကျလျှက်ရှိပေ၏။ ကျွန်ုပ်အိမ်၏ မှန်အိမ်ပျမီးရောင် ...အောက်တွင်ပင် နီရဲလျှက်ရှိသော သွေးများဖြင့် ရွှဲနစ်နေသော ...ရှောင်ပေစူးဘိုးတော်ကို တွေ့ရပေ၏။

" ဘယ်လိုဖြစ်လာတာလဲဗျာ ကိုဘိုးတော်၊ ကျုပ် ဘယ်လို ...ညီရမလဲ၊ ဆရာဝန်သွားခေါ်လိုက်ရမလား၊ ခင်ဗျားသွေးတွေက ...နေပြီ "

" ကိစ္စမရှိပါဘူး ကိုသိမ်းမောင် ၊ ကျုပ် ခင်ဗျားဆီလာတာ ...အညီတောင်းဖို့လာတာ မဟုတ်ပါဘူး၊ အကျိုးအကြောင်း ...ကို ဆောင်ရွက်ပေးဖို့ လာပြောတာပါပဲ . . . လောကမှာ

www.burmeseclassic.com

www.burmeseclassic.com



မကောင်းမှုဆိုတာဟာ ခဏတာပဲ ကိုသိမ်းမောင်၊ ဒါပေမယ့် တ
တဲ့ လမ်းကြောင်းအတွက်ဆိုရင် တရားခြင်း၊ မတရားခြင်းရယ်
မရှိဘူးလို့ ကျုပ် ယူဆတယ် ”

ကျွန်ုပ်သည် သျှောင်ပေစူးဘိုးထော်ပြောသည့် စ
များကို စိတ်ဝင်စားမှု အပြည့်ရှိသော်လည်း သဘောမပေါက်
သဖြင့် ခေါင်းညိတ်လျှက်သာစကားကြောကိုသာလိုက်လျှက်ရှိပေ

“ အင်း. . . ဒါက ကျုပ်အယူအဆတစ်ရပ်ပဲ၊ ကျ
ခံယူချက် ဥပဒေသပေါ့ဗျာ ”

BURMESE CLASSIC .com

သျှောင်ပေစူးသည် စီးကျလာသော မျက်နှာမှချွေး
ချွေးစေးများကို လက်ဖြင့် သပ်လိုက်၏။

“ ဒါပေမယ့် ကျုပ်ရဲ့ဆရာက ကျုပ်ရဲ့ အယူအဆ
လက်မခံဘူးဗျ၊ သူက ဒုက္ခစရိယကျင့်မယ့်အစား သစ္စာလေး
တရားတော်ကိုသာ ရှာဖွေရမယ်တဲ့၊ သစ္စာတရားကို ပေါက်မြော
ရေးအတွက် မဂ္ဂင်ရှစ်ပါးကို ဖြည့်ကျင့်ရမယ်တဲ့၊ အင်း. . . ဒီမှာ
သဘောထားကွဲလွဲခဲ့တယ်ဗျာ. . .၊ ကျုပ် လူမိုက်တွေကို စိန်
တယ်ဗျာ၊ သတင်းစာကနေပြီး ကြော်ငြာထည့်လိုက်တယ်၊ လူ
တွေ တော်တော်များများ ကျုပ်နဲ့ပညာလာပြိုင်ကြတယ်၊ သူရဲကော
ထေင်ငယ်ကို အားကျပြီး သျှောင်ပေစူးထားခဲ့တဲ့ကျုပ်ဟာ
အမည်ရင်း မောင်ဘိုးထော်ကနေပြီး သျှောင်ပေစူး ဘိုးထော် ဆ
လူမိုက်လောကတစ်ခုလုံး ဖိန့်ဖိန့်တုန်ခဲ့တယ် ”

သျှောင်ပေစူး ဘိုးထော်သည် အာခြောက်လာသည့်အ
ရေကို တမ်းတလိုက်ပြန်၏။ ရေတစ်ကျိုက်မျှ သောက်ပြီးနော



ဘားဆက်ပြန်၏။

“ ဒါပေမယ့် ကျုပ် နိုင်ခဲ့ရတဲ့ အကြောင်းရင်းက ကျုပ်ဆရာ
ကြီးပေးတဲ့ ပညာနဲ့နိုင်ခဲ့ရလေတော့ ကျုပ်ရဲ့အဖြစ်အပျက် အလုံးစုံ
ဟာ ကျုပ်ဆရာကြီးမှာ တာဝန်မကင်းဘူးပေါ့ဗျာ၊ သူပေးတဲ့
ဥခေါ်သပညာနဲ့ သု၊ ခံ၊ သကို ရှာဖွေရမယ်၊ နောက်ဆုံး သု၊ ခံ၊
သနဲ့ နိဂုံးချုပ်ရမယ် ’လို့ဆိုတယ်ဗျ ”

သျှောင်ပေစူး ဘိုးထော်သည် ခေတ္တရပ်လိုက်၏။ ပြေလျော့
နေသော သျှောင်ပေစူးကို ပြန်လည်ချည်ထုံးလိုက်ပေ၏။ ထို့နောက်
ယီးဒယိုင်ဖြင့် အင်္ကျီအပေါ်ပိုင်းကို ချွတ်လိုက်လေ၏။ အင်္ကျီ
ချွတ်လိုက်သောအခါတွင် ကျွန်ုပ်သည် သျှောင်ပေစူး ဘိုးထော်အား
ကြည့်ရက်အောင်ပင် ဖြစ်ပေတော့၏။ အကြောင်းမူကား
သျှောင်ပေစူး ဘိုးထော်၏ ကျောပြင်နှင့် ရင်ဘတ်တို့တွင် အရှိုးကြီး
များထင်လျှက်ရှိသောကြောင့်ဖြစ်ပေ၏။ ဤအရှိုးကြီးများမှ သွေး
များသည် စိမ့်ထွက်လျှက်ရှိပေ၏။

သျှောင်ပေစူး ဘိုးထော်သည် လေကို အားရပါးရ ရှူသွင်း
လိုက်ပေ၏။ ထို့နောက် ကျွန်ုပ်အိမ်၏ မျက်နှာကြက်ကို စိုက်ကြည့်
လျှင် ဘယ်လက်ညှိုးနှင့် ညာလက်ညှိုးကိုထောင်လျှက် ‘ရှူး’ခနဲ
လေကို ဝအောင်ရှူသွင်းလိုက်၏။ တစ်အောင့်လောက်ကြာမှ
လက်ညှိုးကိုခေါက်၍ ညာလက်မနှင့် ဘယ်လက်မကိုထောင်လျှက်
လေကို ရှိုက်ထုတ်လိုက်လေ၏။ ထိုသို့ သုံးချက်မျှဆက်၍ ပြုလုပ်ပေ
၏။ ထို့နောက် ကျွန်ုပ်ဘက်သို့ မျက်နှာမူလိုက်ပြန်၏။

“ အင်း. . . ဒီဟာလဲ ဥခေါ်သပညာရပ်ရဲ့အစိတ်အပိုင်း

www.burmeseclassic.com

www.burmeseclassic.com



ပေါ့ဗျာ၊ အခုအချိန်ဟာဆိုရင် ညသန်းခေါင်ကျော်နဲ့ ဆယ့်ရှစ်မိ[illegible] အချိန်ပေါ့ဗျာ၊ ဒီဥခေါ်သပညာရဲ့ အတိုင်းအတာအရ က[illegible] အဆုတ်ရဲ့ ဘယ်ဘက်သွေးကြောဟာ လှုပ်ရှားနေတဲ့ကာလ[illegible] ဒီတော့ ကျုပ် လက်ညှိုးထောင်ပြီး လေရှူသွင်းလိုက်တာ[illegible] ကောင်းကင်အာကာသမှာရှိတဲ့ ဖြပ္ပရိနက္ခတ်ထွန်းတဲ့အချိန်[illegible] ပျံ့လွင့်နေတဲ့ ပရာနာရာမကို ရှူသွင်းခြင်းမို့ ကျုပ်ဒဏ်[illegible] သွေးကြောတွေကို အနားပေးလမ်းလွှဲနိုင်တဲ့ အချိန်ပေါ့ "

သျှောင်ပေစူး ပြောသည့်အတိုင်းပင် ၄င်း၏ဒဏ်ရာ[illegible] သွေးများသည် အထွက်နည်းသွားသည်ကို ကျွန်ုပ်သည် အံ့ဩ[illegible] တွေ့ရပေ၏။

" ကျုပ်ဆရာက ကျုပ် ပညာအသုံးလွန်ပြီလို့ ကျုပ်[illegible] တာမွေသချိုင်းထဲမှာခေါ်ပြီး ဆုံးမခဲ့တယ်ဗျ၊ ဒါပေမယ့် ကျုပ်[illegible] ကိစ္စကို အဆုံးသတ်အောင် ကြိုးစားနေတုန်းမှာပဲ ကျုပ်ဆရာ[illegible] က ကျုပ်ထံကိုလာပြီး ဒဏ်ခတ်လိုက်တယ် ကိုသိမ်းမောင်၊ [illegible] ခင်ဗျားမြင်တဲ့ အရိုးတွေဟာ ကျုပ်ဆရာရိုက်ထားတဲ့ ဒဏ်ရာတွေ[illegible] ဗျ "

သျှောင်ပေစူး ဘိုးထော်သည် အနည်းငယ် ရှုံ့မဲ့သွား[illegible] ဒဏ်းတင်းလိုက်ပြန်၏။

" အခု ကျုပ်လာတာကတော့ ကျုပ် ဆရာအမိန့်အတို[illegible] နာခံပြီး လုပ်ဆောင်ရတော့မှာမို့ ကျုပ် ခင်ဗျားဆီလာခဲ့တာပဲ၊ [illegible] ဆရာအမိန့်က ကျုပ်ဟာ 'ဥခေါ်သ' ပညာကို သုံးစွဲလွန်[illegible] အတွက် ကျုပ်ဟာ တရားဥပဒေရဲ့ အဆုံးအမအတိုင်း တိုင်းစ[illegible]



တရားသူကြီးရဲ့ အမိန့်ချမှတ်မှုကို ခံဖို့ပါပဲ ကိုသိမ်းမောင် "

ကျွန်ုပ်သည် သျှောင်ပေစူး ဘိုးထော်အား ကြည့်လျက် ဆခွဲမရနိုင်ဖြစ်၏။ သျှောင်ပေစူး၏ ပညာနှင့် လုပ်ရပ်ကို ခွဲခြမ်းစိတ်ဖြာမှုပြုရန် ဉာဏ်မမီတော့။ ကျွန်ုပ်အဖို့ သျှောင်ပေစူး ဘိုးထော်အား အတတ်နိုင်ဆုံးကူညီရုံမှတပါး အခြားနည်းလမ်း မရှိပါပေ။

" ဒီတော့ ကိုသိမ်းမောင်၊ ခင်ဗျား ကျုပ် ပြန်သွားတဲ့အချိန်မှာ ညတွင်းချင်းပဲ ခင်ဗျားရဲ့ မိတ်ဆွေစုံထောက်ကြီး ဦးဇင်ယော်ဆီသွားပေးပါ၊ ကျုပ်ကို နတ်မောက်လမ်း ခြံအမှတ် ( ) မှာ နံနက်လင်းအားကြီးအချိန်မှာ လာရောက်ဖမ်းဆီးဖို့ပါပဲ "

" အင်း. . . တစ်ခုတော့ သတိပေးလိုက်ဗျာ၊ ကျုပ်ကိုဖမ်းဆီးရာမှာ ကျုပ်ကို လက်ပြန်ကြိုးမတုပ်ရဘူးလို့၊ ကျုပ်ကို ရှေ့ပြန်ကြိုးတုပ်ဖို့ပြောပေးဗျာ၊ လက်ထိတ်မခတ်ဘဲကြိုးနဲ့တုပ်ဖို့ပြောဗျာ၊ ကျုပ်က ကျုပ်တို့ရဲ့ လယ်သမားခေါင်းဆောင်ကြီးဂျူန်ဆရာစံနည်းအတိုင်းပဲ၊ ရှေ့ပြန်ကြိုးပဲ အတုပ်ခံမယ်၊ နောက်ပြန်ကြိုး အတုပ်ခံဘူး၊ အကြောင်းကတော့ မြန်မာပီပီပေါ့ဗျာ၊ ရှေးထုံးစံတစ်ရပ်အရ ဆိုရမယ်ပေါ့၊ ရှေ့ပြန်ကြိုးတုပ်တယ်ဆိုတဲ့ ပုဂ္ဂိုလ်ဟာ သေခြင်းတရားကို အေးဆေးစွာရင်ဆိုင်နိုင်တဲ့ ရာဇမတ္တာဟိစ္စ သွေးပိုင်ရှင်အမျိုးအစားလို့ ဆိုတယ်ဗျာ၊ အမျိုးကောင်းသားလို့လဲ အဓိပ္ပါယ်ရတယ်၊ ဒါကြောင့် ရှေးမင်းညီမင်းသားတွေကို နောက်ပြန်ကြိုး တုပ်ပြီး မကွပ်မျက်ရဘူးဗျ၊ ရှေ့ပြန်ကြိုးပဲ တုပ်ရတယ်၊ ဒီအချက်ကို မေတ္တာရပ်ခံပေးဗျာ. . . ! "

www.burmeseclassic.com

www.burmeseclassic.com



" ကျုပ်ကို မြန်မာတရားသူကြီးက စစ်ဆေးနိုင်ပြီး၊ မြန်မာ စုံထောက်ကြီးဦးဇင်ယော်တစ်ဦးတည်း လာရောက်ဖမ်းဆီးရမယ်လို့ လဲ ပြောလိုက်ပါ၊ သို့မဟုတ်ဘဲ ကုလားဖြူအရာရှိတွေပါလာရင် ကျုပ်ရဲ့ ပညာကို အသုံးပြုပြီး ပြန်လည်တိုက်ခိုက်ရမှာမို့ သေခြင်း တရားတွေ များစွာ တွေ့ကြုံရလိမ့်မယ်လို့လဲ ပြောလိုက်ပါ ကိုသိမ်းမောင် "

ကျွန်ုပ်သည် သျှောင်ပေစူး ဘိုးတော်၏ ဖျော့တော့သော မျက်နှာကိုကြည့်ရင်း ခေါင်းညိတ်လိုက်၏။

" ကျုပ် စိတ်မကောင်းပါဘူး ကိုကိုးထော်၊ ကျုပ်ဟာ ခင်ဗျားကို မိတ်ဆွေကြီးတစ်ယောက်လို ခင်မင်မိပါတယ်၊ ဒါပေမယ့် ခင်ဗျားရဲ့ လုပ်ငန်းစဉ်တွေကို ကျုပ်နားမလည်နိုင်တာ အမှန်ပါ ဗျ "

BURMESE CLASSIC .com

" နောက်တော့ နားလည်မှာပါဗျာ "

ကျွန်ုပ်၏ စကားကို သျှောင်ပေစူးသည် ပြန်လည်ရှု နှစ်သိမ့်လိုက်ပေ၏။

" ကျုပ်ဟာ ဆရာ့အမိန့်ကိုအာခံရင် ဒီဒဏ်ရာနဲ့ နောက် လေးနာရီပဲခံတော့မယ် ကိုသိမ်းမောင်၊ ကျုပ် ဆရာရဲ့ပညာဟာ အားကိုးရာကောင်းသလောက် ကြောက်စရာလဲကောင်းတယ် အခု ကျုပ်ဆရာ အမိန့်အတိုင်း မလိုက်နာလို့ မရတော့ဘူး ကျုပ်ကလဲ 'ဥခါေသ'ပညာကို အသုံးလွန်နေပြီမို့ ဆရာလဲ ကျုပ် အတွက် အပြစ်ဖြစ်တော့မယ်. . . "

" စုံထောက်ကြီးဦးဇင်ယော်ထံမှာ ကျုပ်ဟာ ယနေ့ဒဏ်ရာ



ပေါ်၊ လက်သည်မရှိဘဲ သေဆုံးသွားကြတဲ့ ဒုစရိုက်လောကသား တို့ရဲ့ မရဏသေမင်းတမန်ဆိုတာကို ရှင်းလင်းတင်ပြပြီး ကျုပ် ကျူးလွန်ခဲ့တဲ့ မှုခင်းတွေအတွက် ဖြောင့်ချက်ပေးပါ့မယ်. . . "

" အခု ကျုပ်နဲ့အတူ အမျိုးသမီးအလောင်းတစ်လောင်း ပါ တွေ့လိမ့်မယ်လို့ စုံထောက်ကြီးဦးဇင်ယော်ကို ပြောလိုက်ပါ ဗျာ. . . "

" ကျုပ်ဟာ လောကရဲ့ သတ္တ-ဝေစက-ဒီပ ပေါ်မှာ ဒုက္ခသ ဘုတ္တဘူရိယ ဒုစရိတ ကျင့်ခြင်းကို ကျင့်ဆောင်နေတဲ့ ယောဂီ တစ်ယောက်ပါ၊ ဒီအကြောင်းတွေကို နောက်တော့ ခင်ဗျား သိလာ မှာပါ ကိုသိမ်းမောင်၊ ကဲ. . . အချိန်သိပ်မရှိတော့ဘူး၊ ကျုပ် ပြန်တော့မယ် ကိုသိမ်းမောင် "

သျှောင်ပေစူးဘိုးတော်သည် အားနည်းနေသော ညာလက် ဖြင့် ဦးထုပ်ဆောင်းလိုက်၏။ ထို့နောက် ဒယီးဒယိုင်ဖြင့် မတ်တတ် ရပ်လိုက်ပေ၏။ ထို့နောက် ကျွန်ုပ်အား ညာလက်ဖြင့် ကျွန်ုပ်၏ ဘယ်ပခုံးကို ထောက်ပြီးလျှင် အပေါက်ဝသို့ လှမ်းလိုက်၏။

" ကျုပ်လဲပဲ လှိုင်းပုတ်သောလှေ ဝမ်းပေါက်ခြင်းဖြစ်ဖို့ ပါပဲ ကိုသိမ်းမောင်၊ လှိုင်းပုတ်သောလှေ ဝမ်းပေါက်ခြင်းဆိုတာ ဟာ ကျုပ်တို့ 'ဥခါေသ'ပညာရဲ့ အနက်ဆုံးအပိုင်းပါပဲ၊ ဒါပေမယ့် ကျုပ် ဆရာကြီးက 'ပင်လယ်ပြင်သို့ လျှောက်ခြင်း'ကိုပါ သင်ပေး လိုက်လို့ ကျုပ် ခင်ဗျားဆီကို အရောက်လာနိုင်ခဲ့ခြင်းဖြစ်ပါ တယ်. . . "

" အင်း. . . ပညာဆိုတာ 'မလိုရာသုံးရှင်ရွှေတုံးတစ်ဆူ

www.burmeseclassic.com

www.burmeseclassic.com



ပဲဗျ။ အသုံးလွန်ရင်လဲ ကျွန်ဖြစ်တယ်'ဆိုတာဟာ ဘယ်ပညာမဆို လိုက်စားသူတွေ သတိမူသင့်ပြီဆိုတာ ကျုပ်သဘောပေါက်လာပြီ ကိုသိမ်းမောင်၊ ကဲ. . . ကျုပ်သွားတော့မယ် ”

သျှောင်ပေစူး ဘိုးထော်သည် ကျွန်ုပ်၏ အိမ်လှေကားမှ ဒယီးဒယိုင် ဆင်းသွားလေ၏။

တစ်အောင့်မျှကြာသောအခါ ခွေးအူသံများသည် တရစပ် ပေါ်လာပြန်လေ၏။ ထို့နောက် လမ်းပေါ်တွင် တရှိန်ရှိန်နှင့် လေမှုတ် သံများကို ကြားရလေ၏။

* * *

## မဟာဗန္ဓုလပန်းခြံလမ်း အချုပ်ထောင်

စုံထောက်ကြီးဦးဇင်ယော်သည် သူ၏ မက်ဖေါ်စတာ ဆေးတံကြီးကိုခဲလျှက် တစ်စုံတစ်ရာကို လေးနက်စွာ စဉ်းစားလျှက် ရှိ၏။ သူ၏ သပ်ရပ်ခန့်ညားသော ဥရောပဝတ်စုံသည် အခန်း တစ်ခုလုံးတွင် အထူးထင်ရှားလျှက်ရှိ၏။ ဆေးတံကို ပြင်းစွာဖွာရှိုက် ခြင်းကြောင့် မီးခိုးလုံးများ လိပ်ခွေလျှက်ရှိပေ၏။ ၎င်း၏ဘေးမှ စုံထောက်မင်းကြီး စတီးဝပ်သည် တည်ငြိမ်စွာထိုင်လျှက်ရှိ၏။ စုံထောက်မင်းကြီး၏ဘေးတွင်ကား နှုတ်ခမ်းမွေးကို သေချာသပ်ရပ် စွာတိထားသော မေဂျာဒါနန်းသည် ၎င်း၏ ကုလားထိုင်တွင်ထိုင် ကာ ငူးနံ့လျှက်ရှိပေ၏။

နာမည်ကြီး မဟာဗန္ဓုလပန်းခြံလမ်း အချုပ်ထောင်ကား အထူးစည်ကားလျှက်ရှိပေ၏။ အကြပ်၊ စာသင်၊ ဆားပုလင်း စုံထောက်များနှင့်အင်စပက်တော် တော်တော်များများလည်း ရောက်

www.burmeseclassic.com

www.burmeseclassic.com



ရှိနေပေ၏။

မဟာဗန္ဓုလပန်းခြံလမ်း အချုပ်ထောင်၏ အပြင်ဘက် တွင်ကား လူအုပ်ကြီးသည် ဝိုင်းအုံလျှက်ရှိပေ၏။ တောက် ခတ်ခတ်ဖြစ်လျှက်ရှိသော လူစုတစ်စုကို တွေ့ရှိရသကဲ့သို့ မျက်ရည်များကျလျှက်ရှိသော လူစုအတော်များများကိုလည်း တွေ့ ပေ၏။

အချုပ်ခန်းဝတွင်ရှိသော လူအုပ်ကြီးထဲမှ အချို့လူစုသည် လှုပ်လှုပ်ရွရွဖြစ်လျှက်ရှိ၏။ အော်ဟစ်ဆူညံ ဆူပူလျှက်ရှိ၏။

" ကျုပ်တို့ ဆရာကြီးသျှောင်ပေစူးဘိုးတော်ကို လွှတ် ပေး "

" ကျုပ်တို့ ဆရာကြီးသျှောင်ပေစူးဘိုးတော်ကို လွှတ် ပေး "

ဟူ၍ အော်ဟစ်ဆူညံလျှက်ရှိ၏။ အမျိုးသမီးတစ်အုပ် သည် ငိုယိုလျှက်ရှိပေ၏။ ထိုလူသိုက်ထဲမှ အသက်အရွယ်ကြီးရင့်၍ သန့်စွမ်းသော အဘိုးအိုကြီးတစ်ဦးသည် ၎င်းအားတွင် ဆေးပေ လိပ်တိုတစ်တိုကို ဖွာရှိုက်ရင်း ခေါင်းငုံ့ထိုင်လျှက်ရှိသော အဘိုးကြီး တစ်ဦးအား မကျေမနပ် ပြောဆိုလျှက်ရှိပေ၏။

" ကျုပ်တို့ ဆရာကြီးသျှောင်ပေစူးဘိုးတော်ဟာ လူသတ် သမားကြီးဆိုတာ ဘယ်လိုမှမဖြစ်နိုင်ဘူးဗျ၊ ဒီနေ့ သူရိယထဲမှာ ပါလာတဲ့ သတင်းကို ကျုပ် မကျေနပ်ဘူးဗျာ၊ ဒါကြောင့် ကျုပ် လိုက်လာတာ "

" ကျုပ်လဲ ဒါကို မယုံလို့လိုက်ကြည့်တာ၊ တကယ်ဟုတ်နေ



တော့ စိတ်မထိန်းနိုင်ဘူး၊ ဘယ့်နှယ်ဗျာ၊ ကျုပ်တို့ သက္ကလပ်ရွာ တစ်ခုလုံးမှာရှိတဲ့ မျက်စိမမြင် တိမ်စွဲနေတဲ့ရောဂါသည် ဆယ့်ခြောက်ဦးတောင်မှ မျက်စိမြင်အောင် ခွဲစိတ်ပေးခဲ့တဲ့ မေတ္တာ ရှင်ကြီးပဲ၊ ဒီကုလားဖြူအစိုးရမဟုတ်တာ လုပ်ပြီနဲ့တူတယ် "

" ဟ. . . အနူတွေ ကုပေးတယ်ဆိုတော့ ဘယ်သူ့များလဲ သို့ ကျုပ် သျှောင်ဦးတစ်ဖက်ကမ်း အိုးဘိုရွာကုန်းရွာရောက်တယ်၊ သျှောင်ပေစူး ဘိုးတော်တဲ့ဗျ၊ အနူကုတဲ့ နေရာမှာလဲ နာမည်ကြီး ပဲ "

ထိုအဘိုးကြီးနှစ်ယောက် အချီအချပြောနေသည်ကို ဘေး မှ နားထောင်နေသော အသက်အရွယ်အလတ်ပိုင်းရှိ အမျိုးသမီး တစ်ဦးသည် ထိုအဘိုးကြီးနှစ်ဦးဘေးသို့ ကပ်လာပြီးလျှင်. . .

" ဟုတ်တယ် အဘရေ၊ ဆေးကုတာနဲ့ ဝေဒင်တွက်တာ ထဲကယ်တော်တဲ့ ဆရာကြီးပါ၊ ကျွန်မအဖေ လေငန်းစွဲနေတာ ငါးရက်နဲ့ အပျောက်ကုခဲ့တယ်၊ ဒါပေမယ့် တန်ခူးလဆန်း(၁)ရက် နေ့မှာ သေလိမ့်မယ်လို့ဟောခဲ့တာ၊ တကယ်ပဲ အဲဒီရက်မှာ သေတာ ပဲ အဘရဲ့၊ ကျွန်မတော့ အံ့ရော။ ကျွန်မဦးလေးတစ်ယောက်ကို လဲ မြွေကိုက်တာကို ကုသပေးခဲ့သေးတယ်၊ ဆရာကြီးကျေးဇူး ကြောင့် အသက်ချမ်းသာရတယ်၊ အခုလို အဖမ်းခံရတယ်ဆိုတော့ ကျွန်မမယုံလို့ လိုက်လာတာ "

" ညည်းက ဘယ်ရွာကလဲ "

အဘိုးကြီးက မေးလိုက်လျှင် . . .

" ကျွန်မတို့ တစ်ရွာလုံးလိုက်လာတယ်၊ ကျွန်မတို့ ရွာက

www.burmeseclassic.com

www.burmeseclassic.com



သထုံ ဘီလင်း ကျိုက္ကရွာလေ၊ ပင်းသာချောင်းရဲ့ ရွာမသားတွေပဲ ပါတယ်၊ ဆရာကြီးကို လာနှုတ်ဆက်တာ. . . ”

တစ်ယောက်တစ်ပေါက် အချီအချပြောဆိုလျှက်ရှိကြသေ ရာ အတော်ပင် ရှုတ်ရှက်သဲသဲ ဆူဆူညံညံ ဖြစ်လျှက်ရှိပေ၏။ ထောင်ဝါဒါအချို့တို့သည်လည်း နံပါတ်တုတ်များကိုင်ကာ စောင့် ကြပ်လျှက်ရှိပေ၏။ အထူးပုလိပ်တပ်ဖွဲ့တို့လည်း ရောက်ရှိလာပေ ၏။

ထိုစဉ် ကမ်းနားလမ်း ပုလိပ်မင်းကြီးရုံးဘက်မှ လူနှစ်ဆယ် ခန့်သည် တုတ်၊ ဓါးများကိုင်ဆောင်လျှက်လာကြပေ၏။ မဟာဗန္ဓုလ ပန်းခြံလမ်း အချုပ်ထောင်ရှေ့တွင်ရပ်ကာ လက်သီးလက်မောင်း တန်းလျှက် အော်ဟစ်ကြလေ၏။

“ သျှောင်ပေစူး ဘိုးတော်ကို ထုတ်ပေးပါ၊ ကျုပ်တို့ ဆုံးမ ချင်တယ် ”

ဟူ၍ ဟစ်အော်ပြောဆိုလေ၏။ အရပ်ပုပုလူသည် အသား များ ဆတ်ဆတ်တုန်လျှက် လက်မှဓါးမြှောင်ကို ဝင့်လိုက်ပြီး လျှင် . . .

“ ကျုပ်. . . ကောင်းကောင်းလက်စားချေမယ်၊ သျှောင် ပေစူးကို ထုတ်ပေးပါ ”

ဟူ၍ အော်ဟစ်လေ၏။

ထိုသို့ ဆူညံစွာ အော်ဟစ်သည်ကို ခပ်စောစောက ရောက် နှင့်နေသောအုပ်စုသည် အံ့အားသင့်လျှက်ရှိပြီးလျှင် အရပ်မြင့်မြင့် ထောင်ထောင်မောင်းမောင်းနှင့် အတော်သန်မာဟန်ရှိသော လူ



ဆယ်ယောက်သည် လူအုပ်ကြားမှထွက်လျှက်. . .

“ မင်းတို့ ဘယ်သူတွေလဲကွ၊ တို့ဆရာကြီးကို ဘာစော်ကား သလဲ၊ ရွှေဘိုသား ဓါးမကြောက်ဘူးထင်တယ်၊ ကြောရင်ခွဲလို့ အသည်းကင်ခံချင်ကြသလားဟေ့ ”

ဟူ၍ ပြောဆိုလေရာ ထိုအုပ်စုတို့သည် ဓါးများကို ထုတ် ကြလေသည်။ အခြေအနေမှာ အတော်ပင် ရှုတ်ရှုတ်သဲသဲဖြစ်လျှက် ရှိကြ၏။

“ မစွတာ၊ အပြင်မှာ လူတွေသတ်တော့မယ် သခင်၊ မြန်မြန်လုပ်ပါ ”

ဟူ၍ ရာဇဝတ်အုပ်ကလေး မောင်ဘတူသည် အချုပ်ခန်း အတွင်းသို့ ပြေးဝင်ကာ စုံထောက်မင်းကြီးအား ဆလုစ်ရိုက်လျှက် ပြောဆိုလေ၏။ စုံထောက်မင်းကြီး စတီးဝပ်သည် စိတ်အတော် ပူပုံသော အမူအရာနှင့်. . .

“ လူကလေး. . . တို့လူတွေကို လူအုပ်ထဲသို့ သွားခိုင်းပါ၊ သူတို့ကို ပြန်ရန်ပြောဆိုပါ ”

ရာဇဝတ်အုပ်ကလေး မောင်ဘတူသည် တက်သုတ်ရိုက် လျှက် မဟာဗန္ဓုလပန်းခြံလမ်း အချုပ်ခန်းဘေးတွင်ရှိသော အစောင့် စန္တရီမှ ပုလိပ်များကိုခေါ်ပြီးလျှင် လူအုပ်နှစ်စုအား ခွဲလျှက်ဝိုင်းထားလိုက်၏။

လူအုပ်ကြီးသည် အချိန်အတော်ကြာ၍ လှုပ်လှုပ်ရှားရှား ဖြစ်လျှက်ပင်ရှိသေး၏။ လက်သီးလက်မောင်းတန်းသူတန်း၊ ငိုသူငို ဖြင့် လှုပ်ရှားလျှက်ရှိပေ၏။ သို့သော်လည်း လူအုပ်ကြားထဲသို့ စတူရီ

www.burmeseclassic.com

www.burmeseclassic.com



ဘေကာ ကားနက်ကြီးတစ်စီးသည် ငြိမ့်ညောင်းစွာ ဝင်ရောက်လာ သဖြင့် လှုပ်လှုပ်ရွရွဖြစ်လျက်ရှိသော လူအုပ်ကြီးသည် ငြိမ်ချက်သား ကောင်းသွားပေ၏။

စတုရိဘေကာ ကားနက်ကြီးပေါ်တွင် အလွန်ခန့်ညား သပ်ရပ်စွာ ဝတ်ဆင်ထားသော ရှမ်းစော်ဘွားကြီးနှင့် အလွန်ရှု သည့် ပုဂ္ဂိုလ်ကြီးတစ်ဦးနှင့် အလွန်ရာထူးမြင့်မားဟန်ရှိသော မျက်နှာဖြူအရာရှိတစ်ဦးတို့သည် ဆင်းလာကြပေ၏။ ထိုကားနက် ကြီးပေါ်မှ ခန့်ညားသော ပုဂ္ဂိုလ်ကြီးနှစ်ယောက်အား မဟာဗန္ဓုလ ပန်းခြံလမ်းအချုပ်ထောင်မှ ပုဂ္ဂိုလ်များသည် အူယားဖားယား ထွက်ကြိုဆိုလျှက်ရှိပေ၏။

စာသင်တစ်ယောက်သည် 'ကော်မရှင်နာ အော့ဖ်ရင်ဂျ လာပြီ' ဟူ၍ ပြောဆိုသံနှင့်အတူ ဆလု(စ်)ရိုက်သံများ ပေါ်လာပေ ၏။ စုံထောက်ကြီးဦးဇင်ယော်လည်း ကြိုဆိုသည့်အထဲတွင် ပါဝင် ပေသည်။

အလွန်ခန့်ညားသည့် ရှမ်းဝတ်စုံအပြည့်နှင့် ပုဂ္ဂိုလ်သည် စုံထောက်မင်းကြီးစတီးဝပ်အား နှုတ်ဆက်လိုက်ပေ၏။ ၎င်းဘေး မျက်နှာဖြူကြီးသည် မဟာဗန္ဓုလပန်းခြံလမ်း အချုပ်ခန်းထဲသို့ ဝင်သွား၏။ ဘေးမှ ပုဂ္ဂိုလ်ကြီးသည် အလွန်ပင်ခန့်ညားလျှက် ရှမ်းပဝါစကို တွဲလွဲချပေါင်းထားပေ၏။

၎င်းတို့သည် စုံထောက်မင်းကြီးဦးဇင်ယော်တို့ကို နှုတ်ဆက် ပြီးလျှင် . . .

" ဘုရင်မရဲ့ နိုက်. . . သူ့ရဲကောင်းတံဆိပ်တော်ရ မြန်မာ



မျိုးသားပုဂ္ဂိုလ်ကြီးဖြစ်တဲ့ "လူသူတော်၊ သျှောင်တစောင်းက သျှောင်ပေစူး ဘိုးတော်'ကို နှုတ်ဆက်စကားပြောချင်တယ်ဆိုလို့ ကျုပ် လာပို့တာ "

ဟူ၍ ပြောဆိုလိုက်လေ၏။

စုံထောက်မင်းကြီး စတီးဝပ်သည် အချုပ်ခန်းအတွင်းရှိ အကောင်းဆုံးနေရာထိုင်ခင်း၌ ရန်ကုန်ကော်မရှင်နာကြီးနှင့် လူသူတော်သျှောင်တစောင်းတို့အား နေရာပေးပြီးနောက် တိုက်ပိုင် ကြီးအား သျှောင်ပေစူး ဘိုးတော်အား ခေါ်ထုတ်လာရန် ပြောဆို လိုက်ပေ၏။ စုံထောက်မင်းကြီး စတီးဝပ်သည် ရန်ကုန်ကော်မရှင်နာ မင်းကြီးအား. . .

" ဒိန်းဂျားရပ်(စ်) "

ဟူ၍ ပြောဆိုလိုက်လေရာ အလွန်ခန့်ညားလှသော လူသူတော်သျှောင်တစောင်းဆိုသည် ပုဂ္ဂိုလ်ကြီးသည် ပြုံးလိုက်လေ ၏။

နံပါတ်တုတ်ကိုင် အစောင့်ဂါဒ်နှစ်ယောက်နှင့် ဘက်နက် ခေါ် လုံစွပ်ကိုင်ထားသော ဂေါ်ရခါးစစ်ပုလိပ်နှစ်ယောက် ခြံရံလျှက် တိုက်ပိုင်ကြီး၏နောက်တွင် တစ်လှမ်းချင်း လှမ်းလျှက်ရှိသော သျှောင်ပေစူး ဘိုးတော်သည် မည်သူ့အားမျှ မကြည့်ရှုဘဲ ခပ်မှန်မှန် လှမ်းလျှက်ရှိပေ၏။

သျှောင်ပေစူး ဘိုးတော်ကား ထူးခြားသော အပေါ်ဖြူ အောက်အဖြူ အဖြူရောင်ဝတ်စုံကို ဝတ်ဆင်၍ ခေါင်းတွင် ပေါင်းထုပ်အဖြူကို ပေါင်းထားပေ၏။ စိတ်ပုတီးကြီးတစ်ကုံးကို

www.burmeseclassic.com

www.burmeseclassic.com



ညာဘက်စလွယ်သိုင်းပတ်ထား၏။ သျှောင်ပေစူး ဘိုးထော်၏
လက်နှစ်ဖက်ကိုမူ အလွန်ခိုင်ခံ့သော လျှော်ကြိုးများဖြင့် ခိုင်မြဲအော
တုပ်နှောင်ထား၏။ ခြေထောက်နှစ်ဖက်ကိုလည်း သံခြေကျဉ်း
ခတ်ထားပေ၏။

ရန်ကုန်ကော်မရှင်နာ မင်းကြီးသည် သျှောင်ပေ
ဘိုးထော်အား သေချာစွာ စူးစိုက်ကြည့်လျှက်ရှိ၏။ သျှောင်ပေ
ဘိုးထော်သည် ခေါင်းငုံ့ထားရာမှ ရှေ့တူရူတည့်တည့်သို့ ကြည့်လို
၏။ ထို့နောက် လွန်မင်းစွာ အံ့အားသင့်သွားသော အမူအရာ
ထွက်လာ၏။

စုံထောက်မင်းကြီး စတီးဝပ်သည် ရန်ကုန်မဟာမင်း
ဘက်လှည့်၍. . .

" လူပေါင်း သုံးရာကျော်ကို ဒဏ်ရာမကျန်စေဘဲ သတ်
တဲ့ သျှောင်ပေစူးဘိုးထော်ဆိုတာပဲ မင်းကြီး "

ဟူ၍ အရိုအသေပြုလျှက် ပြောဆိုလိုက်ပေ၏။

" သူ့အမှုမှတ်တမ်းတွေ ပြည့်စုံပါပြီ၊ သူဟာ အလွန်န
တဲ့ ရှေးဟောင်း'တိဘက်သိုင်း'ပညာရပ်နဲ့ လူပေါင်းများစွာ
သတ်ခဲ့ပါတယ်၊ သူ့အနားကို ပုလိပ်အဖွဲ့ဝင်တွေ ဘယ်သူမှ
ပါဘူး၊ စုံထောက်ကြီး မစ္စတာဇင်ယော်ကလွဲလို့ ဘယ်သူမှ အ
မခံဘူး၊ သူ့ကို မြန်မြန်သေဒဏ်ပေးမှဖြစ်မယ်၊ သူ့လက်နဲ့ ထိသူ
ဟာ သွေးကြောပိတ်ရောဂါများဖြစ်ပြီး ခန္ဓာကိုယ်မှာ သွေးမလျှော
တော့ဘဲ သေဆုံးတတ်ပါတယ်၊ သူသတ်ခဲ့တဲ့အထဲမှာ လူ
လူကောင်းဖြစ်တဲ့ ဦးမျိုးဘတင့်နဲ့ ရာဇဝတ် ဝန်ထောက်က



မောင်သာနိုးတို့ပါတယ်၊ သံခွာနက်ဂိုဏ်းချုပ် မောင်မဲကိုလဲ
လည်ပင်းကို လက်ညှိုးနဲ့ထောက်ပြီး သတ်ခဲ့ပါတယ် "

ရန်ကုန်ကော်မရှင်နာမင်းကြီးသည် သူ၏ ပြောင်လက်နေ
သော ဆံပင်ကို လက်ဖြင့်သပ်ကာ ခေါင်းညိတ်လိုက်လေ၏။

" ဟုတ်သလား မောင်မင်း၊ မောင်မင်း လူသုံးရာကျော်ကို
သတ်ခဲ့တယ်ဆိုတာ ဟုတ်သလား "

" ကျုပ် မောင်မင်းမဟုတ်ဘူး၊ ကျုပ် သျှောင်ပေစူးဘိုးထော်၊
သျှောင်ပေစူးဆိုတာ မြန်မာသူရဲကောင်း၊ ဘိုးထော်ဆိုတာ နာမည်
ပဲ၊ အပြစ်မဲ့တဲ့ ပြည်သူတွေကို သတ်ဖြတ်ဖျက်ဆီးနေတဲ့ လူယုတ်မာ၊
လူဆိုးတွေကို ကျုပ် ဆုံးမခဲ့တယ်၊ ကျုပ် လူကောင်းတွေကို မသတ်
ဘူး၊ လူယုတ်မာတွေကိုသာ သတ်တယ်၊ လူကောင်းတွေကို ဆေးကု
ပေးတယ်၊ အဲဒီအတွက် ကျုပ် ထိုက်သင့်တဲ့ အပြစ်ဒဏ်ခံဖို့ အသင့်
ပဲ "

ရန်ကုန်မဟာမင်းကြီးသည် သျှောင်ပေစူးဘိုးထော်အား
ကြည့်လျှက် အံ့ဩသွားပေ၏။

" မောင်ဘိုးထော် ဘာလို့ သတ်ရတာလဲ၊ လူဆိုးလူမိုက်
တွေအတွက် ကျုပ်တို့ စုံထောက်အဖွဲ့ကြီးနဲ့ ပုလိပ်အဖွဲ့ကြီးရှိသား
ပဲ "

သျှောင်ပေစူးဘိုးထော်သည် ပြုံးလိုက်သည်။

" ကျုပ် ဘာကြောင့် သတ်ရသလဲဆိုတာ ကျုပ်မှာ
ဇာတ်လမ်းရှိတယ်၊ ခင်ဗျားတို့ ပုလိပ်အဖွဲ့ကြီးတွေက ကျုပ်တို့ မြန်မာ
လူထုကို စောင့်ရှောက်တာမှမဟုတ်ဘဲ၊ လာဘ်စားတယ်၊ ဘက်လိုက်

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ငွေများများရှိတဲ့လူကို အမှုတရားအနိုင်ပေးတယ် ”

သျှောင်ပေစူး ဘိုးထော်၏ ပီသသော မြန်မာစကား များကို ရန်ကုန်မဟာမင်းကြီးနှင့်တကွ စုံထောက်မင်းကြီးတို့သည် ပီပြင်စွာ နားလည်ခြင်းမရှိသောကြောင့် စုံထောက်ကြီးဦးဇင်ယော် သည် အင်္ဂလိပ်ဘာသာစကားဖြင့် ပြန်လည်ရှင်းပြရလေသည်။ ဦးဇင်ယော်၏ စကားအဆုံးတွင် ရန်ကုန်မဟာမင်းကြီးနှင့် စုံထောက်မင်းကြီးတို့သည် ပြိုင်တူ ခေါင်းညိတ်ကြလေသည်။

ရန်ကုန်မဟာမင်းကြီးသည် ၎င်းဘေးရှိ အလွန်ခန့်ညား သော လူသူတော် သျှောင်တစောင်းကို ကြည့်လိုက်၏။ သျှောင်တစောင်းသည် အင်္ဂလိပ်ဘာသာဖြင့် ရန်ကုန်မဟာဝန်မင်းကြီးအား တစ်စုံတစ်ရာ ပြောဆိုလိုက်ရာ ရန်ကုန်မဟာမင်းကြီးသည် ခေါင်း တဆတ်ဆတ်ညိတ်လျက်ရှိပေ၏။

လူသူတော်သျှောင်တစောင်းသည် သျှောင်ပေစူးဘိုးထော် ကို ကြည့်လိုက်လျှက် သျှောင်ပေစူးဘိုးထော်သည် သျှောင်တစောင်း အား အရိုအသေပြု ဂရုဂါရဝတရား ပြုလိုက်ပေ၏။

“ ဆရာကြီး ကွမ်ရဲ့ ဩဝါဒစကားပေးဖို့ လာခဲ့တာ သျှောင်ပေစူး ”

သျှောင်ပေစူးဘိုးထော်သည် ဆရာကြီးကွမ်အား လက် ချီ၍ စိတ်မှန်းဖြင့် ဦးညွှတ်လိုက်၏။

“ အခု ဆရာကြီးကွမ် ဘယ်မှာလဲ ဆရာကြီး ”

သျှောင်ပေစူးဘိုးထော်သည် လူသူတော်သျှောင်တစောင်း အား အလွန်လေးစားသော အမူအရာဖြင့် မေးလိုက်သည်။



“ အေး. . . ကဿဖ တောထဲမှာပဲ၊ အလောင်းတော် ကဿဖ စံမြန်းရာ တောင်းကုန်းရဲ့မြောက်ဘက် ဂူကျောက်တောင် တရားဝင်နေတယ် ကိုဘိုးထော် ”

“ ဆရာကြီးကွမ်က ဘာမှာလိုက်သလဲဆိုတာ သိပါရ ”

“ အမှန်တရားဆိုတာ မရှိတော့ဘူးတဲ့၊ ဒီတော့ တကယ်ရှိတဲ့ ဒီပကတရားကိုသာ ရှာဖွေပြီး သု၊ ခံ၊ သ လမ်းပေါ်ကိုသာ ောက်လှမ်းဖို့မှာလိုက်တယ် ”

“ ထောင်ဒဏ် တစ်သက်တစ်ကျွန်းခံရတဲ့ ကာလနောက် မှာ လောကရဲ့ သမုတိသစ္စာကို မြင်လာပေလိမ့်မယ်၊ ဥခေါသ ရဲ့ အပြင်လွှာကို ထွင်းဖောက်ပြီး အတွင်းကြောကို ပိုပြီး ကိုင်လာနိုင်မယ်၊ အဲဒီနောက်မှ သု၊ ခံ၊ သ ဟာ ရောက်လာ မယ်လို့မှာခဲ့တယ် ကိုဘိုးထော်၊ ဒါဟာ နောက်ဆုံးမှာခြင်းပါပဲ ပြောလိုက်တယ် ”

သျှောင်ပေစူးဘိုးထော်သည် ဦးခေါင်းညိတ်၍ ခံယူလိုက်သည်။

လူသူတော်သျှောင်တစောင်းသည် ၎င်း၏ ညာလက်၌ ဆင်ထားသော မြလက်စွပ်ကြီးကို လက်ဖြင့်ပွတ်သပ်၍. . .

“ကျုပ် လာရတဲ့ အကြောင်းရင်းကတော့ ဒါပဲ ဘိုးထော်၊ ဒုတိယ အကြောင်းရင်းကတော့ ရန်ကုန်မဟာမင်းကြီး ဘုရင်မပုလိပ်အဖွဲ့ကြီးက ခင်ဗျားအသုံးပြုတဲ့ လျှို့ဝှက်ပညာရပ် ဖော်ထုတ်ပြသပေးဖို့ ကိစ္စရပ်ပါပဲ ၊ ဒါကတော့ သျှောင်ပေစူး

www.burmeseclassic.com

www.burmeseclassic.com



ဘိုးတော်ရဲ့ ကိုယ်ပိုင်သမ္မုတာပေါ်မှာ မူတည်နေတယ်၊ ကျုပ်
အကူအညီတောင်းလို့ လာရောက်ပြီး မေတ္တာပြုရခြင်းဖြ
ကိုဘိုးတော် "

သျှောင်ပေစူးဘိုးတော်သည် လည်ပင်း၌ရှိသော စိပ်ပုတီး
ကြီးကို ကြိုးချည်ထားသောလက်ဖြင့် ဆွဲလိုက်ပြီးလျှင် ပြောဆိုေ
ရာ စုံထောက်စတီးဝပ်၊ မေဂျာဒါနန်းနှင့် ဆားပုလင်းအားလုံး
သည် ငြိမ်သက်စွာ နားထောင်လျှက်ရှိကြပေ၏။ စုံထောက်ကြ
ဦးဇင်ယော်မူကား ခေါင်းတညိတ်ညိတ်ဖြစ်လျှက်ရှိပေ၏။ ထိုပည
ရပ်ကို ရှင်းပြနေသည်မှာ နာရီပေါင်းတော်တော်ကြာမျှရှိပေ
လွန်စွာမှုလည်း စိတ်ဝင်စားဖွယ်ကောင်းလှသည့်ပြင် လွန်စွာ
လည်း လျှို့ဝှက်သိပ်သည်းလွန်းပေသည်။

အချိန်မှာ ညနေစောင်းသို့ပင် ရောက်ရှိလာလေသည်
သျှောင်ပေစူးဘိုးတော် ရှင်းလင်းပြောပြသည့် တိဘက်ဥခေါ
ပညာကြီးကို ရန်ကုန်မဟာမင်းကြီးနှင့် စုံထောက်မင်းကြီးစတီး
တို့သည် လွန်စွာနှစ်သက်ကြလေသည်။ ထိုပညာရပ်ကို ၄င်း
ကိုယ်တိုင်သင်ကြားလိုကြောင်းကို ပြောဆိုလေသည်။ သို့သော်လ
သျှောင်ပေစူးဘိုးတော်သည် ၄င်းပညာရပ်ကို အင်္ဂလိပ်ကုလား
တို့အား သင်ကြားပေးအပ်၍ မဖြစ်နိုင်သော အရှေ့တိုင်းပညာ
ဖြစ်ကြောင်းပြောဆိုလိုက်သောအခါတွင်ကား အားလုံးသဘော
ကြ၍ သျှောင်ပေစူးဘိုးတော်အား မဟာဗန္ဓုလပန်းခြံလမ်း အချ
ထောင်မှ အင်းစိန်ထောင်ကြီးချုပ်သို့ ပို့လိုက်ကြလေသည်။

* * *



## အုတ်ခွက်စာ ရှာပုံတော်

ကျွန်ုပ်သည် မဟာဗန္ဓုလပန်းခြံလမ်း အချုပ်ထောင်၌
သျှောင်ပေစူးဘိုးတော်အား စကားပြောဆိုနိုင်ရန် အခွင့်အလမ်းကို
စောင့်လျှက်ရှိသော်လည်း စုံထောက်ကြီးဦးဇင်ယော်နှင့် အိုင်ပီ
ဦးအေးမောင်တို့က စကားပြောဆိုခြင်းမပြုရန် တားမြစ်ထားသည့်
ပြင် ကျွန်ုပ်၏ဆရာဖြစ်ခဲ့ဖူးသော လူသူတော်သျှောင်တစောင်း
ဆိုသည့် ထူးဆန်းသောပညာရှင်ပုဂ္ဂိုလ်ကြီးသည် ရုတ်တရက် မဟာ
ဗန္ဓုလလမ်း အချုပ်ထောင်သို့ ရောက်လာသဖြင့် ကျွန်ုပ်သည် အလွန်
ထူးခြား၍ စိတ်ဝင်စားဖွယ်ကောင်းလှသော ရှေးဟောင်း နန်းတွင်း
ဇာတ်သဘင်ကို ကြည့်ရှုနေရဘိသကဲ့သို့ ရှိလေ၏။

သျှောင်ပေစူးဘိုးတော်အား အထူးစက်ရှင်တရားရုံး ဖွင့်
သော စက်ရှင်တရားသူကြီး ဦးဘမောင်ဟူသော ပညာသား
တရားသူကြီးက အမှုစစ်လေသည်။ မှုခင်း ကျိုးကြောင်းပြအဖြစ်

www.burmeseclassic.com

www.burmeseclassic.com



မြန်မာစုံထောက်ကြီး ဦးခင်ယော်က ဆောင်ရွက်ပြီးလျှင် ကျွန်ုပ်သည် သက်သေခုနစ်ဦးတွင် တစ်ဦးအပါအဝင်ဖြစ်လေသည်။

ကျွန်ုပ်သည် နှစ်ပတ်လျှင် တစ်ကြိမ်ကျ ဟိုက်ကုတ်ရုံးသို့ သွားရောက်လျက် အစစ်ဆေးခံခြင်းနှင့် သျှောင်ပေစူးဘိုးတော်အား စစ်ဆေးရာသို့ ဝင်ရောက်နားထောင်နိုင်ခြင်း စသည်ဖြင့် အခွင့်အရေးရရှိရာ ကျွန်ုပ်သည် ထို ထူးဆန်းသောပုဂ္ဂိုလ်၏ အမှုအခင်းကို လေ့လာခွင့်ရရှိခဲ့လေသည်။

သျှောင်ပေစူးဘိုးတော်၏ ကိုယ်တိုင် ဝန်ခံချက်မှ အစ အခြားအခြားသော လူသတ်ခြင်းနှင့်ပတ်သက်သော သက်သေ အထောက်အထားများကို ရှာဖွေတွေ့ရှိခြင်း၊ သက်သေခံနိုင်ခြင်း မရှိခြင်းသည် ထူးခြားသော ဝိသေသအချက်ဖြစ်လျက်ရှိလေ၏။

တစ်နေ့သ၌ သျှောင်ပေစူးဘိုးတော်အား စစ်ဆေးရာ၌ သျှောင်ပေစူးဘိုးတော်၏ ပဏာမ 'စိန်ခေါ်ခြင်း'ခံရသော လူမိုက်များက ထွက်ဆိုသွားသော ထွက်ချက်ကို ကြားနာခဲ့ရသည်မှာ လွန်စွာမှ စိတ်ဝင်စားဖွယ်ရှိသည့်ပြင် ရန်ကုန်မြို့တော်တွင်း၌ လူမိုက်တော်တော်များများ (နာမည်ကြီး)များဖြစ်ကြသော ပုစွန်တောင်ငမိုး၊ အနောက် ရန်ကနား၊ ကြို့ဖျင်းကြီး၊ တိုးကြောင်လေး စိန်ပေါ်ဝေ၊ ဝေဝင်လိုးထော်နှင့် အလွန် လက်သံပြောင်သော မြောင်းမြဖိုးချက်ကြီး၏မြေး သံငချိတ်၊ ငယွန်း၊ လူပုတို ဂိုဏ်းခေါင်းဆောင် လူပုတို၊ သံခွာနက်ဂိုဏ်းမှ လက်ရုံးတော် မောင်ပိန်းနဲ့စသည့် ရာဇဝင်ရ လူမိုက်ပညာသည်များ ကန်းကုန်အောင် မိုက်ကြသော လူမိုက်များသည် စိန်ခေါ်သူ သျှောင်ပေစူးဘိုးတော်နှင့် တွေ့ဆုံ



ကြပုံ အကြောင်းကို ပြန်လည်တင်ပြရာ လွန်စွာ ထိတ်လန့်တုန်လှုပ်ဖွယ်ရာဖြစ်သည်ကို သိခဲ့ရပေသည်။

ထိုသို့သာမက မြန်မာပြည်တစ်ဝန်းလုံးမှ လူမိုက်ကြီးများသည် အတော်များများ လာရောက်ယှဉ်ပြိုင်ကြကြောင်းပင် ဖြစ်လေသည်။

ထို့ပြင် သျှောင်ပေစူးဘိုးတော်သည် ရှေးပုဂံပြည်မင်းဆက်များ သုံးစွဲ၍ ထားခဲ့လေ့ရှိသော 'သူငယ်တော်'၏ မျိုးရိုးဆက်ရှိသူဖြစ်ကြောင်း သိခဲ့ရပေသည်။ ပုဂံခေတ် 'သူငယ်တော်'ပုဂ္ဂိုလ်သည် ထူးခြားသော စွမ်းဆောင်နိုင်သော လက်သုံးတော်ရ လျှို့ဝှက်ပုဂ္ဂိုလ်ဖြစ်ပေသည်။

(ပုဂံခေတ်၊ သူငယ်တော်ရုပ်တုကို ယခုထက်တိုင် တွေ့မြင်နိုင်ပေသည်။ သူငယ်တော်သည် Monarch Pet အမျိုးပင် ဖြစ်ပေသည်။)

သျှောင်ပေစူးဘိုးတော်၏ ထူးခြားသော လုပ်ရပ်များတွင် ရှေးမြန်မာကြီးများနှင့် ယောဂီကြီးများ၏ အနှစ်သာရပညာများ အခြေခံကြောင်းကို သျှောင်ပေစူးဘိုးတော်၏ ပြိုင်ဘက်များက တရားရုံးတော်တွင် ဝန်ခံသွားခဲ့ကြပေသည်။

ကျွန်ုပ်သည် သျှောင်ပေစူးဘိုးတော်၏ လူဆိုးလူမိုက်များနှင့်အတူ ယှဉ်ပြိုင်ဆင်နွှဲခဲ့ရသော ဗိုလ်လုပွဲအကြောင်းကို တွေးမိနေစဉ် တပည့်ကျော်မောင်ကံစီသည် ကျွန်ုပ်နှစ်သက်သော ကြက်ဥဆိုင်းကို လက်ဖက်ရည်ချိုချိုတစ်ခွက်ဖြင့် လာရောက်ချပေးရင်း . .

" ဆရာ့ကို တွေ့ချင်လို့တဲ့ ဆရာ "

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ပြောဆိုလေသည်။

ကျွန်ုပ်သည် အိမ်အတွင်းခန်းမှနေ၍ အိမ်ရှေ့ခန်းသို့ ထွက်လိုက်ရာတွင် ဧည့်ခန်းစားပွဲတွင် ကျုံ့ကျုံ့လေးထိုင်လျှက် သော မခင်နွယ်စိန်ကို တွေ့ရလေသည်။ မခင်နွယ်စိန်သည် မျာ မျက်နှာမကောင်းဖြစ်လျှက်ရှိပေ၏။ ထို့ကြောင့် ကျွန်ုပ်သည် ရင်း သော အမူအရာဖြင့်. . .

" ဟင်. . . မခင်နွယ်စိန်၊ ဘယ်တုန်းက ရောက်သလဲ "

ဟူ၍ မေးမြန်းရာ မခင်နွယ်စိန်သည် သွက်လက်သော အမူအရာဖြင့် . . .

" ရောက်တာတော့ တစ်ပတ်လောက်ရှိပါပြီ ဦးသိမ်း မောင် "

ကျွန်ုပ်သည် အလွန်လှပသော မိန်းမချောကလေး ကျွန်ုပ်အား 'ဦး' တပ်၍ ခေါ်လိုက်ခြင်းအတွက် စိတ်ထဲတွင်မျာ စိတ်မကောင်းဖြစ်မိ၏။ ကျွန်ုပ်သည် အသက်အရွယ်ငယ်ငယ် ရွယ်ရွယ်ဖြင့် အလုပ်မှ ပင်စင်ယူခဲ့ခြင်းကြောင့်သာလျှင် ကျွန်ုပ်သည် 'ဦး'တပ်၍ ခေါ်ခြင်းကို မခင်နွယ်စိန်ထံမှကြားရခြင်းဖြစ်မည် ယူဆမိလေသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်နှင့် မခင်နွယ် မှာ အသက်အရွယ်အားဖြင့် များစွာခြားနားလှသည် မဟုတ်သော ကြောင့်ဖြစ်၏။

" လာရင်းကိစ္စကို ပြောပါဦး မခင်နွယ်စိန် "

" လာရင်းကိစ္စကတော့ . . . ဦး. . . အစ်ကိုသိမ်းမော ဆီကို ဆရာကြီးသျှောင်ပေစူးဘိုးထော်က လွှတ်လိုက်လို့. . . "



ကျွန်ုပ်အား ဦး. . . အစ်ကိုသိမ်းမောင်ဟူ၍ ပြန်လည် ပြောင်း၍ခေါ်ဆိုရာ တစ်ကိုယ်တည်းဖြစ်သော ကျွန်ုပ်သည် သာယာ ခြင်းတစ်မျိုးခံစားမိပြန်လေ၏။

" သျှောင်ပေစူးဘိုးထော်က ထောင်ကြီးချုပ်မှာပဲ မခင်နွယ်စိန် "

" ဟုတ်ပါတယ် အစ်ကိုသိမ်းမောင်၊ ကျွန်မ စကားပြန်ပြော နိုင်ပြီးကတည်းက ဆရာကြီးနဲ့မတွေ့တာ လွန်ခဲ့တဲ့လကတည်းက ကျွန်မဆီလာတယ်၊ သူအချုပ်ထဲရောက်သွားပြီးရင် အစ်ကို့ဆီ သွားပြီး ဒီအထုပ်ကိုပေးပေးပါလို့ မှာခဲ့ပါတယ် "

မခင်နွယ်စိန်သည် ကျွန်ုပ်အား ဦးနှင့် အစ်ကိုရောနှော သုံးပြီးလျှင် ကျွန်ုပ်အား သားရေပတ်ဖြင့် ပတ်ထားသော အထုပ် တစ်ထုပ်ကိုပေးလေ၏။ ကျွန်ုပ်သည် အထုပ်အားယူလိုက်ပြီးလျှင်. .

" မခင်နွယ်စိန်ကို ဘာမှာလိုက်သေးလဲ "

" အခြား ထွေထွေထူးထူးတော့ မမှာလိုက်ဘူး အစ်ကို ဦးသိမ်းမောင်၊ ဒီအထုပ်ကိုပဲ ပေးခိုင်းလိုက်ပါတယ် "

ကျွန်ုပ်သည် ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ မခင်နွယ်စိန်ရှေ့တွင်ပင် ထိုအထုပ်ကို ဖွင့်လိုက်လေ၏။ ဝါးချပ်ပြား သေးသေးလေးများစွာ စက္ကူထပ်တစ်ထပ်ကို တွေ့ရလေ၏။ ဝါးချပ် ပြား သေးသေးလေးများသည် တရုတ်စာနှင့် အလားသဏ္ဌာန်တူ သော စာများဖြင့် ရေးသားထားလေ၏။

ထိုဝါးချပ်ပြားလေးများသည် အလွန်ခိုင်ခံ့သော ကြိုးများ ဖြင့် ထုံးဖွဲ့ချည်ထားလေ၏။ အချုပ်ပေါင်း တစ်ဆယ့်နှစ်ချပ်ကျော်

www.burmeseclassic.com

www.burmeseclassic.com



ကျော်မျှ ရှိလေသည်။

ဝါးချပ်ပြားများ၏ ရှေ့အိတ်တွင်ကား အဝါရောင်စာအိတ် တစ်အိတ်ကို တွေ့ရပေ၏။ ထိုစာအိတ်တွင်ကား ကျွန်ုပ်၏အမည်ဖြ လိပ်စာတပ်ထားသည်ကို တွေ့ရလေရာ ထိုစာအိတ်ကို ဖောက်လိုက် လေသည်။

**ကိုသိမ်းမောင်**

ကျုပ်ရဲ့ အမိကရဖြစ်တဲ့ ကျင့်စဉ်ကို ကျင့်ရင်းနဲ့ ကျုပ်ဟာ အလွန်နက်နဲတဲ့ အုတ်တံတိုင်းနှစ်ခုကြားမှာဆက်လက်ပြီး ကျင့်ကြ ကြိုးကုတ်ရဦးမယ့် ယောဂီကြီးတစ်ယောက်အဖြစ် ရပ်တည်ရဦးမှာ ကျုပ်ရဲ့ လျှို့ဝှက်ပညာရပ်ဖြစ်တဲ့ တိဘက်ဥခေါဿ ပညာကို လက် သိမ်းဆည်းထားတဲ့ 'ဝူး'ကို ကျုပ်ရဲ့ ဝေနေယျဖြစ်တဲ့ မခင်နွယ်စိ နဲ့ ပေးပို့လိုက်တယ်၊ ခင်ဗျား စောင့်ရှောက်ပြီး ဒီပညာကို ကျင့်ကြ ကြိုးစားဗျာ။

'ဝူး'ဆိုတာကတော့ တိဘက်တရုတ်ရှေးဟောင်းမင်စာ တစ်မျိုးပဲ၊ ရှေး တိဘက်နဲ့ တရုတ်ပညာရှင်ကြီးတွေ မှီတာအိုဝါဒ ဘုန်းတော်ကြီးတွေဟာ 'ဝူး'ကို အမြဲမပြတ်ဆောင်ကြဉ်းတယ် သူတို့ရဲ့ တွေ့ရှိချက်၊ လေ့လာချက်၊ စူးစမ်းချက်နဲ့ လျှို့ဝှက်ပညာရ မှတ်တမ်းတွေကို 'ဝူး'ထဲမှာ ထည့်သွင်းတယ်။ အဲဒီ 'ဝူး'ပေးခြင်းခံ တဲ့ ပညာယူပုဂ္ဂိုလ်ကို တပည့်ရင်းအဖြစ် သတ်မှတ်တယ်။

ဒါပေမယ့် ကျုပ်ပေးလိုက်တဲ့ 'ဝူး' ခေါ် 'မင်စာ'ရှက်ကိုတော့



ခင်ဗျားကို အပိုင်ပေးခြင်းမဟုတ်လို့ ကျုပ်တပည့်ရင်းအနေနဲ့ သတ်မှတ်ပြီးပေးတာ မဟုတ်ပေဘူး။

အာစရိယ-ဩဝါဒအရ ချုပ်(အချုပ်၊ အကျဉ်း၊ စဉ်းငင်) နေရတုန်းကာလမှာ ကျုပ်ရဲ့ အမွေအနှစ်ကို ခိုးဝှက်သူတို့ မနှောင့် ယှက်နိုင်စေရန် မိတ်ဆွေကြီးအနေဖြင့် ထိန်းသိမ်းစောင့်ရှောက်ပေး တဲ့ သဘောမျိုးပါပဲ ကိုသိမ်းမောင်။

ဒီ 'ဝူး'ဟာ အလွန်အဆင့်မြင့်တဲ့ ရှေးတာအိုကျောက်စာ တွေနဲ့ ရေးသားထားတာပဲ။ တစ်ဆယ့်ခြောက်ရာစု အေဒီမှာ ဒီ ဥခေါဿပညာကို တရုတ်ပြည်မှာ စိုးစံခဲ့တဲ့ တန်မင်းဆက်ရဲ့ အနွယ်တော်မှာ ဆရာကြီးဥခေါဿ တီထွင်ခဲ့တဲ့ ပညာပဒေသာ ဖြစ်ပေတယ်။ ကျုပ်ရဲ့ ဒုတိယရည်ရွယ်ချက်ကတော့ ဒီပညာကို ခင်ဗျားလိုက်စားဖို့ပါပဲ။ ဒီပညာကို လိုက်စားခြင်းဖြင့် အာယုဝဍ္ဎန ခေါ်တဲ့ အသက်ရှည်မှုနဲ့ ဇီန-မိဿ ခေါ်တဲ့ သက်နေမှုအတတ်ကို ရရှိလာမှာဖြစ်ပေတယ်။

ကျုပ် လူသတ်သမားကြီးဖြစ်ပြီး သေမင်းတမန်လုပ်ခဲ့ရ တာကတော့ ကျုပ်အထုပ်နဲ့ အတူတကွရရှိရမယ့် အုတ်ခွက်စာအရ လုပ်ဆောင်ရတာပါပဲ။ ဒီအုတ်ခွက်စာကို ကျုပ်ရဲ့တပည့်မ ဝေနေယျ တစ်ဦးဖြစ်တဲ့ မခင်နွယ်စိန်က လိုက်ပြပါလိမ့်မယ်။

ရှေးရှေးက သက်တမ်း၊ တစ်သိန်းတမ်း၊ တစ်သောင်းတမ်း နဲ့ ကျုပ်တို့ရဲ့ ဂေါတမမြတ်ဗုဒ္ဓရဲ့ နှစ်သက်တမ်း၊ တစ်ရာတမ်း ရောက်လာတယ်ဆိုတာ လူတိုင်းအသိပါပဲ။ ဒါကလဲ ရှေးရှေးလူကြီး သူမများရဲ့ ကျင့်စဉ်ဝိဓိဟာဟာ ပျောက်ကွယ်သွားလို့ ။ ဒီတော့

www.burmeseclassic.com

www.burmeseclassic.com



အသက်ရှင်မှုမှာတော့ လောကရဲ့ ပရိဇိ (Atman) ခေါ်တဲ့ အရာ ဟာ မုချလိုအပ်နေပေတယ်။ အဲဒီအချက်ရဲ့ လျှို့ဝှက်တဲ့ အသိတရား ကို ကျုပ်ရဲ့ တိဘက်ဥခေါ်သ (Tibet O'O Kha Sa) ပညာ ပေးပေလိမ့်မယ်။

အဲဒီ 'ဝူး' (Wu) ထဲမှာပါတဲ့ ပညာမှုတွေကို လေ့လာပြီး လောကရဲ့ အရသာကို ခံစားစံစားနိုင်အောင် ကြိုးစားပါလို့ မိတ်ဆွေ ကြီးကို တိုက်တွန်းလိုပေတယ် ကိုသိမ်းမောင်။

အဲဒီ 'ဝူး'ကို ကျုပ်က 'အကျဉ်း' 'အစန္ဒ'မှ လွှတ်မြောက် တဲ့နေ့မှာ ကျွန်ုပ်ကိုယ်တိုင် လာရောက်ယူဆောင်မှာဖြစ်ပေတယ် ကိုသိမ်းမောင်။

ကျုပ်ရဲ့ ဘဝသမိုင်းစဉ်အကြောင်းအရာပါရှိတဲ့ ကျုပ်ရဲ့ ထူးဆန်းတဲ့ ဘဝအကြောင်းပေးဖြစ်ရပ်ကိုတော့ မခင်နွယ်စိန် လိုက်ပို့ပေးတဲ့ နေရာမှာရှိတဲ့ 'အုတ်ခွက်စာ'အရ ခင်ဗျား သိရ လိမ့်မယ်။

သျှောင်ပေစူး
ဘိုးတော်

ကျွန်ုပ်သည် စာကိုဖတ်ပြီးသောအခါ၌ သက်ပြင်းတစ်ချက် ရှိုက်လိုက်ပေ၏။ ကျွန်ုပ်ထံ၌ မမျှော်လင့်သော 'ဝူး'ခေါ် တိဘက် မင်စာရောက်ရှိ၍ ထိုစာသည် ပညာရပ်ကြီးတစ်ခုဖြစ်သည့်အတွက် အလွန်ပင် နက်နဲလှပေရာ ကျွန်ုပ်အဖို့ ရှေ့မတိုးသာနောက်မဆုတ်



သာဆိုသကဲ့သို့ပင်ဖြစ်၍ နေပေတော့ရာ သက်ပြင်းတစ်ချက် ချမိ ခြင်းဖြစ်ပေသည်။

" အစ်ကို စာဖတ်ပြီးရင် ဆက်လုပ်ဖို့ လုပ်ငန်းလေးရှိသေး တယ်၊ ဆရာကြီးက သူ့ 'အုတ်ခွက်စာ' ထားတဲ့နေရာပြပေးရဦးမယ် လို့ဆိုတယ် "

" အဲဒီ အုတ်ခွက်စာကိုကြည့်ပြီး ဘာလုပ်ရမယ်ဆိုတာ သျှောင်ပေစူးရဲ့စာထဲမှာ ရေးမထားဘူး၊ နောက်ပြီး တရားရုံးမှာ ကျုပ်ကို စကားမပြောဘူး မခင်နွယ်စိန် "

ကျွန်ုပ်သည် မခင်နွယ်စိန်အား ထိုသို့ပြောပြလိုက်ရာ. . .

" အစ်ကို့ကို စကားပြောရင် အစ်ကိုထိခိုက်မှာစိုးလို့. . . ပြောတာ. . . "

" မခင်နွယ်စိန်ကိုရော စကားပြောသေးလား "

" အချိန်သိပ်မရပါဘူး. . . အစ်ကို. . . ဦးသိမ်းမောင်။ ကျွန်မဆီကိုတော့ ဘယ်ကနေပို့တယ်လို့ မသိရပါဘူး. . . စာနဲ့ ညွှန်ကြားတတ်ပါတယ်. . . ၊ "

နောက်တစ်နေ့ နံနက်စောစောတွင် ကျွန်ုပ်သည် တက်စီ ကားတစ်စင်းကို အော်ဒါခေါ်ယူကာ ကျွန်ုပ်၏တပည့်မောင်ကံစီပါ လိုက်ပါလျှက် မခင်နွယ်စိန်နှင့်အတူ သျှောင်ပေစူးဘိုးတော်၏ (အုတ်ခွက်စာ) လျှို့ဝှက်စွာ သိမ်းဆည်းထားသောနေရာသို့ သွားရောက်ကြလေသည်။ မခင်နွယ်စိန်သည် ပိုးနှစ်အဖြူရောင် အင်္ကျီနှင့် ထဘီကို ခေတ်ပေါ်ဖက်ရှင်ခေါ် လက်ရှိခေတ်စားသည့် အတိုင်း ဝတ်စားဆင်ယင်ထားပြီးလျှင် ရုပ်ရှင်မင်းသမီး၏ ဆံပင်မျိုး

www.burmeseclassic.com

www.burmeseclassic.com



ထုံးဖွဲ့ထား၏။

" ဘယ်ထိအောင် မောင်းရမှာလဲ မခင်နွယ်စိန် "

" ကျိုက္ကလို့ဘုရားဘက်ကိုပဲ. . အစ်ကို. ဦးသိမ်းမောင်

ကျွန်ုပ်သည် လူသူအရောက်အပေါက်နည်း၍ တော

ဖြစ်သည့် ကျိုက္ကလို့ဘုရားဘက်၌ သျှောင်ပေစူးဘိုးတော်နှ

ပတ်သက်သော အုတ်ခွက်စာရှိမည်ဆိုသည်မှာ ထူးခြားမှုတစ်မျိုး

ယူဆမိပေ၏။

" ကျိုက္ကလို့အတက်က ဆရာတော် ဇောတိပါလရဲ့ ကျော

တိုက်ကို ဝင်ရမယ်. . . အစ်ကို. . . ဦးသိမ်းမောင် "

ကျွန်ုပ်တို့သည် မခင်နွယ်စိန်၏ ပြောပြချက်အရ ကျိုက္က

အနီး ရေအိုင်ကြီး၌ ကားကိုရပ်လိုက်ပြီးလျှင် သစ်ပင်များ ဝိုင်း

လျှက်ရှိသော ဘုန်းကြီးကျောင်းအိုကြီးဆီသို့ ဆက်လက်သွားနေ

ပေ၏။ ကျောင်းမှာ ရှေးဘုန်းကြီးကျောင်းဖြစ်၍ သစ်ရာ

ပျဉ်းကတိုးတို့ ရောပြွန်းဆောက်ထားပုံရပေ၏။

မခင်နွယ်စိန်သည် ရှေ့မှဦးဆောင်ပြီးလျှင် ဇောတိပါ

အမည်တပ်ထားသော ဘုန်းတော်ကြီးကျောင်းဝိုင်းအတွင်း

ဝင်ရောက်သွားလေ၏။ လူသူနည်းပုံရသော ဘုန်းကြီးကျောင်း

ခြောက်လျှက်သာရှိပေ၏။ သစ်ရွက်ခြောက်များကိုနင်း၍ လျှောက်

သည်ကြောင့် လမ်းသွားရသည်မှာ တစ်မျိုးပင်ဖြစ်ပေ၏။ နေ

ကျိုးတိုးကျဲတဲရောက်လျှက်ရှိသော ဘုန်းတော်ကြီးကျောင်း၏ တံခါး

တို့မှာ ပိတ်လျှက်သားရှိပေ၏။ မခင်နွယ်စိန်သည် ကျောင်းလှေ

လက်ရန်းသို့ ခပ်သွက်သွက် တက်သွားပြီးလျှင် ကျောင်းတံခါး



ကိလျှက် . . .

" ဘုန်းတော်ကြီးဘုရား တံခါးဖွင့်ပါ၊ တပည့်တော်

ခင်နွယ်စိန်ပါ. . . "

ဟု အတန်ငယ်အော်ဟစ်ခေါ်ငင်လေ၏။

မကြာမီ ကျောင်းတံခါးဖွင့်သံပေါ်လာပြီးလျှင် အိုမင်း

ရင့်ရော်ဟန်ရှိသော ဘုန်းတော်ကြီးတစ်ပါးသည် ကျောင်းတံခါး

ပေါက်တွင် လာရပ်လေ၏။

" ဟဲ့. . . နွယ်စိန် ဘာကိစ္စတုန်း၊ ဘယ်သူတွေပါသလဲ "

ဟူ၍ အသံသြသြဖြင့်ပြောပြီးလျှင် ကျွန်ုပ်တို့လူစုအား

အထဲသို့ ဝင်ခွင့်ပေးလေ၏။ မခင်နွယ်စိန်သည် ရှေ့မှဦးဆောင်

ဝင်သွားပြီးလျှင် ကျောင်းကျက်သရေခန်းတွင် ဘုန်းတော်ကြီးအား

အကျိုးအကြောင်းလျှောက်ထားလေ၏။

" ဒီကိစ္စဟာ အလွန်လျှို့ဝှက်တဲ့ကိစ္စပဲ နွယ်စိန်ရဲ့၊

သျှောင်ပေစူး နင့်ကိုတာဝန်ပေးပြီး ဒီဒကာကြီးကို ပေးဖို့ပြောတာ

ခံနိုင်ပါ့မလားကွယ် "

ဆရာတော်ကြီးသည် လွန်စွာမှ ချင့်ချိန်နေဟန်တူပေ၏။

ခင်နွယ်စိန်သည် ၎င်း၏လက်ပွေ့အိတ်ထဲမှ တစ်စုံတစ်ခုကို နှိုက်

ထုတ်ကာ ဘုန်းတော်ကြီးအား ပေးလိုက်ပြန်၏။

ဘုန်းတော်ကြီးသည် မခင်နွယ်စိန်ပေးလိုက်သော အရာကို

ငုံကြည့်လျှက် ခေါင်းညိတ်လိုက်ပေ၏။

" အင်း. . . တစ်မူး. . . တစ်အိုးနဲ့ တစ်ထုပ်းတောလုံး

ကုန်ပြီဆိုတာလိုပဲ၊ တစ်စတစ်စနဲ့ ညဉ့်နက်လာတဲ့ သဘောပဲ၊ ငါ

www.burmeseclassic.com

www.burmeseclassic.com



တော့ ဒီကိစ္စတွေကို ရပ်တန့်ဖို့မဲ့ အလိုရှိတော့တယ် "

ကျွန်ုပ်သည် ဆရာတော်ပြောသောစကားရပ်တို့ကို နားလည်ခြင်းမရှိပါပေ။ အကြောင်းအရာတစ်ခုကို ဆိုညွှန်းသည်ဟု ပင် မှတ်တန်ရာပေသည်။

" ဒီ ဒကာကြီးကကော စိတ်ချရပါ့မလားကွယ်၊ ဒီကိစ္စ ဟာ ရာစုနှစ်ချီလာတဲ့ကိစ္စပဲ၊ အခု သျှောင်ပေစူးဟာ ဆင်းရဲတွင်း ရောက်နေပြီ၊ သူ ဘယ်ဆီဘယ်လိုဖြစ်မယ်ဆိုတာ မသိရသေးဘူး တကယ်လို့ ဒီဟာတွေပျောက်ပျက်ကုန်ရင်ငါပါ ဒုက္ခရောက်မယ် မခင်နွယ်စိန် "

" မှန်ပါ့ဘုရား... ဒီကိစ္စကို တပည့်တော်လဲ မသိပါဘုရား ဆရာတော် ဘိုးထော်က တပည့်တော်မကို စာနဲ့ရေးပြီး ညွှန်ကြား ချက်ပေးလို့ တပည့်တော်မ လိုက်ပါဆောင်ရွက်ရတာပါ "

" အိမ်း... ဒါဖြင့်လဲ ပေးရတာပေါ့လေ၊ ရာဇဝတ်ရဲ့ မူလဟာ ဒါသပဲတဲ့ကွယ့်၊ ဒီ အုတ်ခွက်စာဟာ အလွန်ပဲ အရေးပါ တယ်၊ အဲဒီ သျှောင်ပေစူးဘိုးထော်ဟာ တို့များ သူငယ်ချင်း ဦးသီလ ရဲ့ မြေးပဲ၊ ဦးသီလကလဲ ဒီအုတ်ခွက်စာကို ဖျောက်ဖျက်ခိုင်းတာ ဒါပေမယ့် ဒီသျှောင်ပေစူး ငါ့ဆီကတောင်းပြီးနောက် ဘာတွေ ဖြစ်ကုန်တယ်မသိပါဘူးလေ၊ ကဲ...ကဲ... တပည့်၊ ကျောင်းက တူရွင်းယူပြီး အရှေ့တစ်တိုင်သာသာမှာရှိတဲ့ ကျောင်းတိုင်ငယ် ပွတ်စူးလုံးကို တွေ့လိမ့်မယ်၊ အဲဒီ ပွတ်စူးလုံးကိုတူးရင် နှစ်တောင် သာသာမှာ အုတ်ဂူတစ်ခုကိုတွေ့မယ်၊ အဲ့ဒီအုတ်ဂူရဲ့ အလယ်ပြား မှာရှိတဲ့ ကျောက်ပြားကို ကလန့်ရင် အထဲမှာ အုတ်ခွက်အိုးနှစ်လုံး



တွေ့မယ်၊ အဲဒါ ယူခဲ့၊ ကျန်တာတွေတော့ မကိုင်နဲ့နော် "

ကျွန်ုပ်တို့သည် ဘုန်းတော်ကြီးကျောင်းနှင့် တစ်တိုင် သာသာဝေးသော အရပ်ဟု ခန့်မှန်းမိသောနေရာသို့ ရောက်လေ၏။ ထိုနေရာတွင်ကား ကျောက်သားဖြူဖြူဖြင့် ပြုလုပ်ထားသော ပွတ်စူး လုံးတစ်လုံးကို တွေ့ရလေ၏။ ကျွန်ုပ်သည် ထိုပွတ်စူးလုံးကို လက်ညှိုး ထိုးလိုက်ပြီးလျှင်...

" **ဒီနေရာပဲဖြစ်ရမယ်၊ မောင်ကံစီတူးစမ်းကွာ** " ဟူ၍ ကျွန်ုပ်၏တပည့်မောင်ကံစီအား ညွှန်ကြားလိုက်ရာ မောင်ကံစီသည် ၎င်းလက်မှ တူးရွင်းပြားဖြင့် ကျောက်ပြားပွတ်စူးလုံး၏ ပတ်လည် ကိုတူးလေ၏။ မြေကြီးမှာ တူး၍ကောင်းသော မြေပွမျိုးဖြစ်သဖြင့် ချက်ချင်းဆိုသလိုပင် နှစ်တောင်ခန့်နက်သော အနက်ကို တူးမိလေ ၏။

ထို့ထက်ဆက်တူးသောအခါ အထဲတွင်ကျောက်သားတစ်ခု နှင့် တူရွင်းထိတွေ့သံပေါ်လာသဖြင့် ကျွန်ုပ်သည် တပည့်မောင်ကံစီ အား ရပ်စေပြီးလျှင်...

" အောက်မှာ အုတ်ဂူထင်တယ် မောင်ကံစီ၊ ဘေးပတ်ပတ် လည် တူးစမ်းကွာ၊ အနက်တော်ပြီ "

တပည့်မောင်ကံစီသည် ကျောက်ပွတ်စူးလုံးတိုင်၏ နှစ်တောင်သာသာ အထက်ဘေးပတ်ပတ်လည် တူးဆွသောအခါ အုတ်ဂူဟုဆိုသော်လည်း ကျောက်သားသည် ပို၍များပြားသည်ကို တွေ့ရလေသည်။

ကျွန်ုပ်သည် ထိုအုတ်ဂူမှာ တစ်စုံတစ်ခုသော သူ၏

www.burmeseclassic.com

www.burmeseclassic.com



အလောင်း သို့မဟုတ် ရုပ်ခွံတစ်ခုခုကို ရှေးနှစ်ပေါင်းများစွာက မြှုပ်နှံထားသည်ဟုပင် မှတ်ထင်မိလေ၏။

အုတ်ဂူအထက်တွင် ပွတ်စူးလုံးတိုင်၏ဘေး၌ လေးထောင့်ကျသော အကွက်တစ်ကွက်ကို တွေ့ရပေရာ ထိုနေရာတစ်ဝိုက်ကို ဆရာဇော် ညွှန်ပြလိုက်သည့်အတိုင်း တူးရွင်းဖြင့် မောင်ကံစီအား ကလန့်၍ဖွင့်စေ၏။ ကျောက်သားအုတ်ဂူတွင် ကွက်စိပ်ရိုက်၍ အံဖုံးသဖွယ်ဖြစ်သော ထိုလေးထောင့်ကွက်နေရာအား ကလန့်ရာတွင် ခဲခဲယဉ်းယဉ်း ကလန့်ရလေသည်။

ထိုသို့ ကလန့်၍ ပွင့်သွားသောအခါတွင် ထိုအပေါက်မှ ရုတ်တရက် အခိုးတစ်ခု ထွက်လာလေသည်။ ထိုအခိုးမှာ ကြောင်ကတိုးရွက်၏ အနံ့ဖြစ်လေသည်။ ထိုအခိုးအနံ့ပျောက်သွားမှ အိုးနှစ်လုံးဖြစ်သော အုတ်ခွက်စာကို ရရှိလေသည်။

(ကြောင်းကတိုးရွက်၏ အနံ့ဆိုသည်မှာ နောင်အခါ ဘုန်းတော်ကြီးပြောပြသောကြောင့် သိရခြင်းဖြစ်လေ၏။)

အုတ်ခွက်စာနှစ်လုံးကို တပည့်မောင်ကံစီသည် အုတ်ဂူထဲမှ လက်ဖြင့်နှိုက်၍ ထုတ်လိုက်လေသည်။ ထိုသို့ အုတ်ခွက်နှစ်လုံးကို ထုတ်ယူလိုက်သောအခါ အထဲတွင် လိုဏ်သံပေါ်သည်ကို သိရခြင်းဖြင့် ဤနေရာ၏ လှိုဏ်ဂူ ဝှက်ချက်သည် ဇာတ်လမ်းတစ်ပုဒ်မျှပင် ရှိရပေမည်ဟု ကျွန်ုပ်ခန့်မှန်းမိလေ၏။

အုတ်ခွက်စာနှစ်ခုမှာ တစ်တောင်သာသာခန့် ရှည်လျားသော အုတ်ကြီးနှစ်ခုကို ပူးကပ်လျက် တည်ထားခြင်းဖြစ်ပေ၏။

၎င်းအုတ်များ၏ အလယ်၌ ပေချပ်သဖွယ် ညီညီညာညာ



ထားပြီးလျှင် အလွန်သေးငယ်သော လက်ရေးဖြင့် ရေးသား သည်ကို တွေ့ရပြီးလျှင် စာမှာ ပုဂံခေတ်ဆေးရေးပန်းချီများ၌ ပြုထားသော ဆေးမင်တောင့်များကို မင်ဖျော်ပြီး ရေးသား ခြင်း ဖြစ်မည်ဟု ခန့်မှန်းမိပေ၏။

အပြန် ကားပေါ်တွင်ကား ကျွန်ုပ်သည် ၎င်းအုတ်ခွက်စာ ကိုကိုင်လျက် လာလေ၏။ သို့ရာတွင် ထွေထွေထူးထူး စကား ည် ပြောဆိုခြင်းကား မရှိကြပေ။

ကျွန်ုပ်သည် တိုင်စီကားပေါ်မှ ဦးစွာဆင်း၍ ကျွန်ုပ်နောက် ခင်နွယ်စိန်သည် လိုက်ပါလျှက် တပည့်မောင်ကံစီက တိုင်စီ ဘာအား ကျသင့်သော ကားငှားခကို ပေးချေရန် ကျန်ရစ်ခဲ့ သည်။

ကျွန်ုပ်သည် အိမ်လှေကားလက်ရန်းကိုကိုင်လျက် အိမ်ပေါ် က်ခဲ့ရာ လှေကားမှာ အနည်းငယ်ယိုင်လျက်ရှိပြီးလျှင် အိမ် တစ်ချပ်သည် ဟလျှက်ရှိပေ၏။ တစ်စုံတစ်ယောက် သို့မဟုတ် တစ်ခုသောသူတို့သည် ကျွန်ုပ်၏ အိမ်အားဝင်ရောက်ခဲ့သည် လွန်စွာ ထင်ရှားလှပြီဖြစ်ပေ၏။ ကျွန်ုပ်သည် တပည့်မောင်ကံစီ ခေါ်ပြီးလျှင် အိမ်တွင်းသို့ အရင်ဝင်ရောက်စေကာ အတွင်း များ ဖွင့်စေ၏။ ရန်သူများရှိသေးလျှင်လည်း ရင်ဆိုင်ရအောင် ဆင်းဖွင့်လိုက်ခြင်းပင်ဖြစ်ပေ၏။ သို့သော် တစ်စုံတစ်ဦးကိုမျှ ရှိခြင်းမရှိဘဲ ကျွန်ုပ်၏အိမ်ရှိပစ္စည်းပစ္စယများသည် မွှေနှောက် မွှေလျှက်ရှိပေ၏။ ကျွန်ုပ်သည် နေရာအနှံ့၌ ပစ္စည်းများပြန့်ကြဲ သို ထိုးကြွေမွှနေသည်ကို ကြည့်ရင်းပင် ကျွန်ုပ်၏ အိမ်ခန်းဝန်ရံ

www.burmeseclassic.com

www.burmeseclassic.com



၌ ကြီးမားသောစာလုံးကြီးဖြင့် ရေးသားထားသည့် စာလုံးများ ထိတ်လန့်ဖွယ်ရာ တွေ့ရလေသည်။

'ကလဲ့စား၏ ကလဲ့စား၌ သွေး၏နီဂုံး ရှိတတ်သည် ကိုယ်နှင့်မဆိုင်၊ ဆွဲကိုင်မကြည့်၊ ဝင်မထိနှင့်'

တန်ပြန် သူတော်အဆွဲ

ကျွန်ုပ်သည် စာလုံးအနီဖြင့် ကျွန်ုပ်၏ သုံးထပ်ကျွန်း တွင် ဝိုင်းစက်စွာ ရေးသွင်းထားသည်ကိုကြည့်ရင်း ရုတ်တရက် ထိတ်လန့်ပြီးလျှင် မီးဖိုချောင်သို့ဝင်လျှက် ကျွန်ုပ်၏ စာအုပ်ကျွ သေတ္တာကြီးရှိရာသို့ ကပျာကယာပြေး၍ သွားရောက်ဖွင့်ကြည့် ပေရာ ရုတ်တရက် သက်ပြင်းချလိုက်နိုင်ပေ၏။ သျှောင်ပေ ဘိုးထော်ပေးလိုက်သော 'ဝူး'ခေါ် တိဘက်ပေလွှာမှာ စာအုပ်ကြား မှုလနေရာ အထားမပျက်အတိုင်း ရှိပေသေးသည်ကို တွေ့ရလေ

အလွန် လျှို့ဝှက်မှုများပြား၍ ဆန်းကြယ်ရှုပ်ထွေး ပြွန်းတီးသော သျှောင်ပေစူးဘိုးထော်၏ လျှို့ဝှက်မှုဒဏ်ချ တစ်စိတ်ကစ်ပိုင်းသည် ကျွန်ုပ်အား ဝင်ရောက်ရိုက်ခတ်ပြန်ပြီ ကျွန်ုပ်သည် ရုတ်ခြည်း သိလိုက်ရပေသတည်း။

* * *



နောက်တစ်နေ့ နံနက်စောစောတွင် ကျွန်ုပ်နှင့် တပည့် မောင်ကံစီသည် ဝါးခယ်မသဘော်ဆိပ်သို့ မခင်နွယ်စိန်အား လိုက်ပါ ပို့ဆောင်ရလေသည်။

မခင်နွယ်စိန်အား သဘော်ပေါ်သို့ပို့ပြီးနောက် သဘော ဆိပ်၌ ရောင်းချလျှက်ရှိသော သတင်းစာများတွင် သတင်းအစုံဆုံး ဖြစ်သော သူရိယသတင်းစာကို ဝယ်လိုက်ပြီးလျှင် တပည့်မောင်ကံစီ နှင့်အတူ အနီးရှိ ကော်ဖီဆိုင်သို့ ဝင်ရောက်၍ ကော်ဖီနှစ်ခွက် မှာယူလိုက်ကြပေ၏။

ဂျပန် ကာမီကာဇေများသည် အင်္ဂလိပ်စစ်သဘော်ကြီး နှစ်စင်းဖြစ်သော ပရင့်ဇ်အော့ဝေးလ်နှင့် ရီပတ်(စ်)အမည်ရှိ စစ် သဘော်ကြီးကို ပစိဖိတ်သမုဒ္ဒရာအဘွင်း၌ အသေခံတိုက်၍ သဘော်ကြီးနှစ်စင်း နစ်မြုပ်သွားကြောင်း သတင်းဖတ်ရသည့်ပြင်၊ ဂျပန်လေယာဉ်များက မြုပ်သွားသောသဘော်မှ စစ်သည်များကို ဒဏ်ပြုသည့်အနေဖြင့် လေယာဉ်ပေါ်မှ ပန်းခွေများကြဲချကြောင်း သတင်းဖတ်ရှုရလေသည်။

ကျွန်ုပ်သည် နိုင်ငံခြားသတင်းကို ဖတ်ပြီးသည်နှင့် ကျော ဘက်သို့လှန်လိုက်ရာ၊ ခေါင်းကြီးခြောက်လိုင်း အမည်းဖြင့် ရေးသား ထားသော သတင်းအချက်အလက်များကြောင့် စိတ်မကောင်း ဖြစ်သွားပေ၏။

" လူမိုက်များကို စိန်ခေါ်ခဲ့သူ သျှောင်ပေစူး ဘိုးထော် အား ထောင်ဒဏ်စီရင်ခြင်း. . . "

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ထိုသတင်းကိုကြား၍ သျှောင်ပေစူး ဘိုးတော်အတွက် များစွာစိတ်မကောင်းဖြစ်မိလေသည်။ ကျွန်ုပ်သည် ထိုသတင်းကို တပည့်မောင်ကံစီအားပြပြီးနောက်တွင် ကျွန်ုပ်မှာ ယူထားသော လက်ဖက်ရည်များကိုပင် မသောက်နိုင်ဖြစ်ကာ အမြန်ဆုံး ပြန်ခဲ့ကြလေသည်။

ကျွန်ုပ်သည် ပြန့်ကြဲပေပွနေသော ကျွန်ုပ်၏ ဧည့်ခန်းရှိ ပစ္စည်းများကို စစ်ဆေးသမှုပြုရပေသေးသည်။

" ပစ္စည်းအားလုံး ကောင်းပါတယ် ဆရာ၊ မွှေနှောက်ထားတာတွေကို ပြန်စစ်တော့မပျက်စီးပါဘူး၊ ဒါပေမယ့် ဆရာ့ဒိုင်ယာရီတော့ ပျောက်နေတယ်. . . "

ကျွန်ုပ်သည် ရုတ်တရက် ခေါင်းနပမ်းကြီးသွားမိပေ၏။ ကျွန်ုပ်သည် ဒိုင်ယာရီကိုစုံလင်နိုင်သမျှစုံလင်အောင် မှတ်တတ်သူတစ်ဦးဖြစ်ပေရာ ကျွန်ုပ်၏ဒိုင်ယာရီကို ရှာဖွေ၍ ယူဆောင်သွားခြင်းအတွက်မူ များစွာစိတ်မကောင်း ဖြစ်မိလေ၏။

သို့ရာတွင်'ဝူး' ခေါ်တိဘက်ပေရွက် ပါမသွားခြင်းအတွက်မူ စိတ်သက်သာရာ ရရှိပေသေး၏။

ကျွန်ုပ်သည် အရေးရှိ တပည့်နှင့်ညှိဆိုသောစကားကို လက်တွေ့ကျင့်သုံးတတ်သော လူတစ်ဦးဖြစ်သည့်အားလျော်စွာ ကျွန်ုပ်၏တပည့်အား . . .

" တို့ . . ဘာဆက်လုပ်သင့်သလဲ. . . မောင်ကံစီ "

" ဆရာ သျှောင်ပေစူးဘိုးတော်ဟာ တစ်သက်တစ်ကျွန်းထောင်ဒဏ်ကျတာတော့ ဟုတ်ပါပြီ၊ အဲဒီအချိန်အထိ ဆက်သွယ်



နိုင်သေးသလား သိသင့်ပါတယ်. . . "

ဟု၍ ပြောဆိုပေရာ ကျွန်ုပ်ကိုယ်တိုင်ပါဝင် သက်သေထူခဲ့ရသောအမှုအတွက် သျှောင်ပေစူးဘိုးတော်ထံမှ နောက်ဆုံးအမှာစကားရပ်ကိုရထိုက်သည်ဟု ဆုံးဖြတ်လိုက်လေသည်။

ထို့ကြောင့် ကျွန်ုပ်သည် စုံထောက်ကြီးဦးဇင်ယော်ထံသွားရောက်တွေ့ဆုံသမှု ပြုရလေသည်။

" သျှောင်ပေစူးဘိုးတော်နဲ့ တွေ့ချင်တယ် ဦးဇင်ယော်၊ အယူခံတွေ ဘာတွေကော ဝင်ဦးမယ်မဟုတ်လား "

" ဘာလုပ်ဖို့တုန်းဗျ ကိုသိမ်းမောင်ရဲ့၊ ကျွန်းကျ တရားခံတစ်ဦးကို မတွေ့ချင်ပါနဲ့ဗျာ၊ အယူခံဝင်ရင်လည်း အယူခံကို ပလပ်မှာသေချာနေတယ်ဗျ၊ ဘာကြောင့်လဲဆိုတော့ သျှောင်ပေစူးဘိုးတော်ဟာ စုံထောက်အဖွဲ့ကြီးတစ်ခုလုံးကို မျက်စိလည်စေခဲ့တဲ့အပြင် ရာဇဝတ်ဝန်ထောက်ကလေးမောင်ဘတူသတ်မှုနဲ့ ဂုဏ်သရေရှိဦးမျိုးဘတင့်သတ်မှုပါ ပါဝင်နေတော့ အယူခံလည်း ပလပ်မှာသေချာတယ်၊ ဒါနဲ့ . . ခင်ဗျားက ဘာကိစ္စ သျှောင်ပေစူးနဲ့ တွေ့ချင်တာတုန်း. . ၊ ဒီလိုရှိတယ် ကိုသိမ်းမောင်၊ သျှောင်ပေစူးဘိုးတော်ကိစ္စက ကျုပ်တို့ မြန်မာစကားပုံအတိုင်းပဲ၊ 'မသူတော်ကျားကိုက်တာထက် သူတော်ကျားကိုက်တာ ပိုပြီးနာတယ်' ဆိုတာလို သျှောင်ပေစူးဘိုးတော်လို ပညာရှိတစ်ယောက်ကို ကျုပ်တို့အနေနဲ့ ကျွန်းဒဏ်မပေးလိုပေဘူး၊ ဒါပေမယ့် သျှောင်ပေစူး ဘိုးတော်ရဲ့ လက်လမ်းက ငါးမျှားချိတ်လိုပဲ၊ ဆွဲတိုင်းချိတ်နေတော့ အမြန်ဖြေရှင်းဖို့အတွက် သျှောင်ပေစူးကို ကျွန်းဒဏ်ပေးရခြင်းပဲ ကိုသိမ်း

www.burmeseclassic.com

www.burmeseclassic.com



မောင်၊ ဒီတော့ ခင်ဗျားအနေနဲ့ ဒီမျှားချိတ်နဲ့ အဆွဲမခံရအောင် ရှောင်နိုင်ပါမှ တန်ကာကျမယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်အငယ် အဝင် စုံထောက်မင်းကြီးရော မေဂျာဒါနန်းပါ ဖြိမ်းခြောက်ခံနေ ရတယ်၊ တန်ပြန်သူတော်အဖွဲ့ဆိုတဲ့ အဖွဲ့ကပဲ ၊"

" တန်ပြန်သူတော်အဖွဲ့ဆိုတာ ဘယ်ကလဲ ဦးဇင်ယော် သျှောင်ပေစူးဘိုးတော်နဲ့ ဘယ်လိုများ ပတ်သက်နေလို့လဲ "

" တန်ပြန်သူတော်အဖွဲ့ဆိုတာက ကျုပ်သတင်းရထားတာ ကတော့ သျှောင်ပေစူးဘိုးတော်မှာရှိနေတဲ့ ပေ (သို့မဟုတ်) ပုရပိုက် တစ်ခုခုနဲ့ ဆက်နေတယ်နဲ့တူတယ်၊ ဘာကြောင့်လဲဆိုတော့ သျှောင်ပေစူးဘိုးတော်ဟာ အလွန်လျှို့ဝှက်လှတဲ့ ပေစာ၊ မင်စာ သို့မဟုတ် ပုရပိုက်စာတစ်မျိုးမျိုးကိုလိုက်ပြီး အကောင်အထည်ဖော် နေတဲ့ ပုဂ္ဂိုလ်တစ်ယောက်လို့ ကျုပ်ခန့်မှန်းသိရတယ်၊ အဲဒီ တန်ပြန် သူတော်အဖွဲ့ဆိုတာကတော့ ရှေ့တောတွင်းသားအတတ်၊ ဇာမဏီ အတတ်၊ သိုးဝှက်၊ မင်းဝှက် အတတ်တွေတတ်ပြီး သျှောင်ပေစူး ဘိုးတော်တတ်ထားတဲ့ ပုရပိုက်နဲ့ နွယ်နေတယ်လို့ ကျုပ်သိရတယ် ဒါဟာလဲ တခြားတော့မဟုတ်ပေဘူးဗျို့၊ ကျုပ်က ဆရာကြီး သျှောင် တစောင်းဆီက သိုးသိုးသန့်သန့် စုံစမ်းမိခဲ့တာပဲ၊ အဲဒီ အချက်ထဲမှာ တိဘက်ဆရာကြီးကွမ်ဟာလည်း သျှောင်ပေစူးဘိုးတော်ကို အဓိကကြိုးကိုင်တဲ့ ဆရာကြီးတစ်ဆူလို့သိထားရတယ် "

" အင်း. . . တော်တော်ရှုပ်တဲ့ ဇာတ်လမ်းပဲ၊ ကျုပ်တော့ ဦးနှောက်ခြောက်ပြီးရင်း ခြောက်ရင်းပဲဗျ၊ အိမ်မှာထိုင်ပြီးနေတာ ဦးနှောက်ခြောက်တာနဲ့ ခင်ဗျားဆီထွက်လာတာ၊ ဒီကျတော့ ထပ်



ခြောက်ရပြန်တယ်၊ အင်း . . Problems follow where Thein Mg goes " သိမ်းမောင်သွားရာ ပြဿနာပါ " ဆိုတာလို ဖြစ် ဖြစ်နေလို့ "

" မဟုတ်ဘူးဗျ၊ အဲဒါ မပြည့်စုံဘူး၊ Where Thein Mg goes Young Pe Su follows " သိမ်းမောင်သွားရာ သျှောင်ပေစူး ပါ " ဆိုရင် ပြည့်စုံမယ်လို့ထင်တယ်၊ ခင်ဗျား ကျုပ်ဆီလာတာ ဟာ. . . ခင်ဗျားအိမ်ကို တန်ပြန်သူတော်အဖွဲ့က မွှေပြီးမှလာတာ မဟုတ်လား ကိုသိမ်းမောင်၊ ဟဲ. . . ဟဲ. . . "

ကျွန်ုပ်သည် စုံထောက်ကြီးဦးဇင်ယော်အား စေ့စေ့ကြည့် လိုက်မိပေ၏။

" ဟဲ. . . ဟဲ. . . ကျုပ်ကို မကြည့်နဲ့လေ ကိုသိမ်းမောင်၊ Where Thein Mg goes Zin Yaw also follows " သိမ်းမောင် သွားရာ ဇင်ယော်လည်းပါ " ဆိုတာလေးလဲ မှတ်ထားဦးလေဗျာ၊ စုံထောက်ဆိုတာက စုံထောက်အဌာရသ ကျွမ်းရသေးတယ်လေ ဗျာ၊ မခင်နွယ်စိန် ဝါးခယ်မပြန်သွားပြီး ခင်ဗျားလည်း ခပ်ညည်း ညည်းဖြစ်နေပြီမဟုတ်လား ကိုသိမ်းမောင်၊ ဟဲ. . . ဟဲ. . . "

ကျွန်ုပ်သည် ပညာသည်များ၏ ကြားၐ္ဍနေရသော ကြွက် သူ့ဟော်ဖြစ်သည်ဟု ဆိုမှတ်ရမည်သာ ဖြစ်ပေသည်။ ကျွန်ုပ်ဖတ်ဖူး သော ရှေးဟောင်းအာရေဗျ ပုံပြင်တစ်ခုထဲမှ ဘုရင့်ရှေ့မှောက် ပညာကစားကြသော ပညာရှင်ကြီးနှစ်ဦးကြားမှ ကြွက်သူငယ် လေးကိုသာ သတိရမိခြင်းဖြစ်လေသည်။

ထိုပုံပြင်လေး၏ အတိုချုပ်မှာ ရှေးအာရေဗျ ဘုရင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



မိရှိသည် သူ၏ ပညာရှိနှစ်ဦးဖြစ်သော ဒိပ္ပနှင့် သောတမည်သော
အမတ်နှစ်ဦးအား ပညာပြိုင်စေရာ ဒိပ္ပသည် ကြွက်ဖြူလေးသေ
ကောင်ကို အုပ်ဆောင်းထဲမှာ အုပ်ပြီးလျှင် မုန်ညင်းစေ့များ
ကျွေးထားလေသည်။ ထို့နောက် ဒိပ္ပသည် ထိုအုပ်ဆောင်းထဲ
မည်သည့်ပစ္စည်းရှိသနည်းဟု မေးလေရာ ကြွက်ဖြူသူတော်သေ
နှင့် မုန်ညင်းစေ့များကို မြင်ထားသူဖြစ်သည့် သောတသည် ကြွက်
နှင့် မုန်ညင်းစေ့များရှိသည်ဟူ၍ ပြောဆိုလေရာ ဒိပ္ပသည် သော
မှားကြောင်းတင်ပြပြီးလျှင် ကြွက်ဖြူသူတော်လေးနှင့် မုန်းညင်း
များအပြင် ချေးတုံးအများအပြားတွေ့ရသဖြင့် ချေးတုံးကျန်နေသ
မှားကြောင်း မပြည့်စုံကြောင်း ပြန်လည်လျှောက်လေသည်
ကြွက်ဖြူလေးကို မုန်ညင်းစေ့ကျွေးလိုက်သဖြင့် ကြွက်သည် ချက်ချ
ချေးတုံးပါချစေရန် ရည်ရွယ်၍ ပညာရှိဒိပ္ပသည် ကြွက်ဖြူလေးအား
မုန်ညင်းစေ့များကျွေးခြင်းဖြစ်လေသည်။ ထိုအခါ အမတ်ကြီးဒိ
နိုင်၍ အမတ်ကြီးသောတအလှည့်သို့ ရောက်လေ၏။ အမတ်ကြီး
သောတသည် ထိုအုပ်ဆောင်းကိုယူပြီးလျှင် ကြွက်ဖြူလေးအား
အုပ်ဆောင်းထဲ၌ ကြောင်ပန်းရွက်ကျွေးထားသည်ကို သိသော
အမတ်ကြီးဒိပ္ပသည် ပညာရှိပီပီ ကြွက်ဖြူနှင့် ကြောင်ပန်းရွက်အပြ
တဟွတ်ဟွတ်နှင့် ချောင်းဆိုးနေသော ကြွက်ကို တွေ့ရမည်
ဆိုလေ၏။ သောတသည် ဒိပ္ပရှုံးကြောင်း တင်ပြပြီးလျှင် ကြွက်ဖြူနှ
ကြောင်ပန်းရွက်သာမက ချောင်းဆိုးပြီးရုံမကဘဲ လေလည်နေခြင်း
ပါ ပါသေးသည်ဟု တင်ပြပြီးလျှင် အုပ်ဆောင်းကိုဖွင့်လေ၏
ပညာရှိသောတ တင်ပြသည့်အတိုင်း စအိုဝမှ လေ တဖွတ်ဖွတ်



လည်နေသည်ကိုပါ တွေ့ရသဖြင့် ပညာရှိသောတသည် အနိုင်ရပြန်လေ၏။ အာရေဗျ ဘုရင်ကြီးမိရှိသည် ပညာရှိနှစ်ဦးအား အလွန်တော်ကြပါပေသည်ဟူ၍ ဆုတော်လာဘ်တော်များ ချီးမြှင့်လိုက်လေ၏။ ကြွက်ဖြူလေးမှာကား ဝမ်းသွားရောဂါ၊ နှာစေးရောဂါ၊ ချောင်းဆိုးရောဂါနှင့် စအိုမှလေလည်ခြင်းရောဂါဖြင့် မကြာမီ အသက်ပျောက်ရရှာလေသည်။

ထို့ကြောင့် ပညာရှိ ပညာသည်များကြား၌ ဗျာများရသော ကျွန်ုပ်သည် ချေးမပန်း လေမလည်၍ ချောင်းဆိုးခြင်းမဖြစ်ရန် လွန်စွာမှပင် သတိထားရမည်ဖြစ်ကြောင်းကို စုံထောက်ကြီးအား ပြောပြလေရာ စုံထောက်ကြီးဦးဇင်ယော်သည် ဟက်ဟက်ပက်ပက် ရယ်မောလေသည်။

" ဒီလိုလေဗျာ ကိုသိမ်းမောင်၊ ခင်ဗျား ဘယ်မှသွားဖို့ မလိုဘူး၊ တွေ့စရာလဲမလိုဘူး၊အိမ်မှာပဲ စောင့်နေပါ၊ ကျုပ်ကိုယ်တိုင် လာခေါ်မယ်၊ ဒီတော့ အခွင့်အရေးတစ်ရပ်အနေနဲ့ သျှောင်ပေစုံဘိုးထော်နဲ့တွေ့ဖို့မှာ ခင်ဗျားပါ လိုက်နိုင်အောင် ကျုပ်စီစဉ်ပေးမယ်၊ ဒါဆို ခင်ဗျားကျေနပ်တော့။ ခင်ဗျားလဲ သျှောင်ပေစုံဘိုးထော်ကို တစ်နည်းတစ်ဖုံအားဖြင့် ဂါရဝတရားပေးရဦးမယ် မဟုတ်လားဗျာ၊ သျှောင်ပေစုံဘိုးထော်က ခင်ဗျားရဲ့ ဗာရာအာသီလက်သိီး ဆရာကြီး မဟုတ်လား. . . ဟဲ. . . ဟဲ. . . ။"

* * *

www.burmeseclassic.com

www.burmeseclassic.com

## ရှေးဟောင်း နေမှု - သေမှု ပညာရပ်၊ သို့မဟုတ် ' ယွန်းသိုင်း '

ကျွန်ုပ်သည် အိမ်သို့ ပြန်ရောက်လျှင် ရောက်ချင်းပင် ရေချိုးအဝတ်အစားလဲပြီးလျှင် တစ်ခါမှ မဖီးလိမ်း၊ မဆင်သေး ကာလကြာရှည်စွာထားမိသော ကျွန်ုပ်၏ဦးခေါင်းကိုလျှော်၍ ဆီမွှေး များ လိမ်းကျံပြီးနောက် ဖီးသင်သမှုပြုမိလေ၏။

ကျွန်ုပ်၏ ဆံပင်များမှာ အတော်ပင်ရှည်လျား၍ လည်ကုပ် ထိအောင် ဝဲလျက်ရှိပေ၏။ မှန်မကြည့်သည်မှာလည်း ကြာမြင့်သည် အလျောက် မှန်ကြည့်လိုက်သောအခါတွင် ကျွန်ုပ်၏ ရှည်လျားသော ဆံပင်နှင့် ကျွန်ုပ်သည် လိုက်လျောညီထွေရှိပေသည်ဟုပင် ထင်မှတ် လျက်ရှိပြီးလျှင် ကျွန်ုပ်၏ အိမ်ရှေ့၌ အသင့်ယူထားသော ဝါးပက် လက်ကုလားထိုင်တွင်ထိုင်လိုက်ကာ သျှောင်ပေစူးဘိုးတော်၏'ဝူး'



ခေါ် တိဘက်ပေစာကို ထုပ်ထားသော အဝတ်ထုပ်ကို ဖြည်ထုတ် လိုက်၏။ 'ဝူး'ခေါ် ပေစာမှာ အလွန်ရှားပါးလှသော ဝါးတစ်မျိုးဖြင့် ပြုလုပ်ထားသည်ဟူ၍ ကျွန်ုပ်မှတ်ယူမိလေ၏။ ကျွန်ုပ်သည် ကျွန်ုပ်၏ ငယ်သူငယ်ချင်းဖြစ်သူ ရှေးဟောင်းသုတေသနအရာရှိတစ်ဦးနှင့် အတူတကွ ခရီးလှည့်၍ ရှေးဟောင်းစာအချို့ကို လေ့လာဖူးသော် သည်း ဤပေရွက်မျိုးကိုမူ ကျွန်ုပ်သည် တွေ့ရှိခဲ့ဖူးခြင်းမရှိပေ။

ကျွန်ုပ်သည် စာရေးစားပွဲတွင်အသင့်ရှိနေသော မှန်ဘီလူး ကို ယူငင်လိုက်ပြီးလျှင် ထိုပေရွက်ကို သေချာစွာ လေ့လာကြည့်ရှု ရာ ဝါးပင်နှင့် ဝါးရွက်တို့ကို ရောစပ်ပြီးလျှင် ပေရွက်ပြုလုပ်ထား သည်ကို တွေ့ရလေ၏။

ကျွန်ုပ်သည် သုတေသနဆရာများ အသုံးပြုသည့် ဆေးမှုန့် ဖြစ်သော ဓါတ်ဆားတစ်မျိုးဖြင့် ထိုပေရွက် 'ဝူး'ကို ဖျန်းကြည့်ရာ ဝါးရွက်သဏ္ဍာန်အရစ်များ ပေါ်လာပြီးလျှင် ပျောက်သွားလိုက် ပြန်ပေါ်လိုက် ဖြစ်လျက်ရှိပေ၏။

ကျွန်ုပ်သည် ၁၆ ရာစု၊ ၁၇ ရာစုတွင် ယူနန်တရုတ်ပြည် နှင့် တိဘက်တို့တွင် ရှေးဟောင်းပညာရပ်များ လွန်စွာထွန်းကား လျက် လျှို့ဝှက်နက်နဲသော လက်ရုံးပညာရပ်၊ နှလုံးရည်ပညာများ ကို ရှေးတိဘက်၊ တရုတ်ပညာရှင်ကြီးတို့သည် နည်းအမျိုးမျိုးဖြင့် လျှို့ဝှက်ထားခဲ့ပေသည်ဟု မှတ်ဖူးဖတ်ဖူးရာ ထိုပေရွက်တို့မှာ အဆိုပါ ရာစုနှစ်များဆီမှ ဆက်နွယ်သည်ဟု မှတ်ယူမိလေ၏။ သို့ရာတွင် အတိအကျမူ ကျွန်ုပ်၌ အထောက်အထား လက်ခံပေမှု များ မရှိသဖြင့် နောင်အလျဉ်းသင့်သောအခါမှပင် စူးစမ်းမှုပြုမည်

www.burmeseclassic.com

www.burmeseclassic.com



ဟု မှတ်ယူထားလိုက်ပေ၏။

ကျွန်ုပ်သည် 'အဖြေရလည်း အနက်ခက်၏၊ ခက်ခဲဖွယ် ပညာရှာ' ဟု ရှေးထုံး တိဘက်စကားလာအတိုင်းပင် သျှောင်ပေ ဘိုးထော်၏ 'ဝူး'ခေါ် တိဘက်ပေစာကို ဖြန့်ယူကြည့်ရာတွင် ဝါးရွ ပေကို လိပ်ထားခြင်းကြောင့် တစ်တောင်သာသာခန့် အရှည်အတို ဖြန့်ယူကြည့်ရလေသည်။ တစ်တောင်သာသာခန့် တစ်ဆယ့်နှစ်ရွ တိတိ မျက်နှာနှစ်ဖက်ရေးထားသည်ကို တွေ့ရလေ၏။ ရေးထုံး မှာ မင်အနက်တစ်မျိုးဖြစ်၍ စေးကပ်ဟန်ရှိပေ၏။ အချို့နေရာ မှာ ရာသီဥတုဒဏ်၊ အရွေ့အပြောင်းဒဏ်များကြောင့် မှိန်လ ရှိသော်လည်း ပျက်ပြယ်မှုမရှိသဖြင့် အတော်ပင်စွဲမြဲသော ဆေး သား၊ မင်သားဖြစ်ကြောင်းကို တွေ့ရလေ၏။ ထိုဆေးသားတွ ပုန်းရည်တစ်မျိုးထည့်သွင်းရောစပ်ကြောင်းကို ကျွန်ုပ်သည် နော လေ့လာကြည့်သောအခါတွင် သိရပေ၏။

ကျွန်ုပ်သည် 'ဝူး'ခေါ် ပေရွက်တို့ကို ဖတ်ရှုလိုက်သောအ ရှေးဟောင်းတိဘက်ဗေဒတစ်မျိုးဖြင့် ရေးသားထားခြင်းကြော လုံးဝနားလည်မှုမရှိပါချေ။ သို့သော် ထိုပေရွက်လိပ်ကြားတွ အဖြူရောင်စက္ကူချောဖြင့် ရှေးမြန်မာလက်ရေးကြီးများဖြ ထိုတိဘက်ပေစာကို ဘာသာပြန်လျှက်ထားရှိသည့်ကို တွေ့ရသဖြ ကျွန်ုပ်သည် များစွာအားတက်သမှုရှိရလေသည်။

* * *

ကျွန်ုပ်သည် ပေစာ'ဝူး'ထဲမှ စာကိုဖတ်ရန် ဘာသာဗေဒ လောက်မှုမရှိသဖြင့် လွန်စွာမှ စိတ်ပျက်ဖွယ်တစ်ရပ်ဖြစ်ပေ၏။ သော် သျှောင်ပေစူးဘိုးထော် ဘာသာပြန်သည်ဟု ယူဆထား သာ စာပိုဒ်ကို မြန်မာလိုဖတ်ရှုရသဖြင့် စာမူအချို့ကို ဆက်လက် တင်ပြလိုက်ရပေသည်။

## ဇီဝိတနသော စိတ်

အချိန်အခါအလိုက် ဖြစ်ပေါ်တတ်သော ဇီဝိတန်နှုဟူသော သက်သွေးကြော မူလသီဘော၏ ရွေ့လျားမှုကို တတ်သိပေအပ် ၊ အဘယ်ကြောင့်ဆိုမူ အသက်ဟူသော တိနသည် လည်ပတ်မှု ည်းဟူသော စက္ကရလောက၏ အစိတ်အပိုင်း ပင်ကိုယ်သဘာဝ အနွယ်ဖြစ်ခြင်းကြောင့်တည်း။ ထို မူလသဲဘောဇီဝိက္ကရကို သိမှု သိမှုတည်းဟူသော အတိုင်းအတာ. . .

ကျွန်ုပ်သည် တိဘက်ပေစာ 'ဝူး'၏ နိဒါန်းပိုဒ်ကို ဖတ်ရှုပေ လွန်စွာ စိတ်ဝင်စားဖွယ်ကောင်းလှသော၊ လွန်စွာ အဖိုးတန်လှ သော ပညာရပ်ကြီးဖြစ်နေသည်ကို တွေ့ရှိရပေသဖြင့် လွန်စွာမှပင် သောမနဿဖြစ်မိလေသည်။

(သျှောင်ပေစူးပေစာမှာ ဘိုးထော်၏ 'ဝူး'ခေါ်ပညာမှာ ဒိန္န-ဋီကာပြုလျှင် များစွာကျယ်ဝန်းလှသောကြောင့် စာရှုသူတို့ ကျိုးပြုစေနိုင်သော အဖွင့်များကိုသာ ရေးပြလိုက်နိုင်ပေသည်၊ တ်နာဆောင်ရွက်သူတို့ အကျိုးဖြစ်ထွန်းမည်ဟု ယူဆမိပေသည်)

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် သျှောင်ပေစူး ဘိုးထော်၏ 'ဝူး'ခေါ် တိဘက်ပေစာမှ ပညာရပ်ကြီးမှာ 'ဥခေါသ' ပညာကြီး ဖြစ်နေသည်ကို တွေ့ရပေသည်။

သျှောင်ပေစူးဘိုးထော် မြန်မာဘာသာသို့ ပြန်ဆို ထားရာတွင် အချို့နေရာ၌အင်္ဂလိပ်ဘာသာဖြင့် ဖော် ပြန်ဆိုထားသဖြင့် သျှောင်ပေစူးဘိုးထော်သည် ရှေ့မှီနောက်မှီ ပုဂ္ဂိုလ်တစ်ဦးဖြစ်သည် ကို တွေ့ရလေသည်။

ထူးဆန်းထွေပြား ရှည်လျားငုပ်ထွေး အရှာဖွေအနည် ခက်လှဘိသော ရှေးပေစာကြီးဖြစ်သော 'ဥခေါသ' ပညာ ရပ်မှာ ယနေ့လူသားများကို လွန်စွာအကျိုးပြုနိုင်ပေသော ပညာရပ်ကြီး ဖြစ်၍နေပေသည်။

ထို့ကြောင့် ကျွန်ုပ်သည် အားပါးတရ ဆက်လက်၍ လေ့လာရာ အောက်ပါအတိုင်းဖြစ်ပေသည်။

'ဥခေါသ' ( အဓိပ္ပါယ် = ဦးခေါင်း )
The Starange Head



## ပညာနိဒါန်း

လောကသမ္မုတိဘူတသမ္မတိ တည်းဟူသော သဘော တရား၊ လောက၏ ယတ္တသဘာဝတ၏ အလိုကို လူသားနှင့်တကွ အလုံးစုံသော သတ္တဝါတို့သည် မလွန်ဆန်နိုင်၊ သို့သော် ထိုလောက ၏ ယတ္တသဘာဝတ၊ သိင်္ဂိယတရားတို့ကို သိမြင် ထွင်းဖောက်နိုင်သော ပုဂ္ဂိုလ်တို့သည် လောက၏နေခြင်း (Live) နှင့် သေခြင်း (Dead) တို့၏ သယမ္ဘူလစရိတဆိုသည့် လမ်းကြောင်းတည့်တည့်အား သိမြင် နိုင်၏။ ထိုသို့ကျင့်ခြင်းမှာ မိမိ၏ ဦးခေါင်း (ဥခေါသ)နှင့် ကာယ (ကာယုပသ)တို့ ပူးတွဲလှုပ်ရှားမှုကို လေ့လာရမည်ဖြစ်၏။

ထိုသို့ သိမြင်သော အလေ့အထကိုရရှိရန် အောက်ပါတို့ကို ပြည့်ကျင့်ရပေမည်။ တိဘက်ယွန်းသိုင်းကျင့်လိုသူသည် အောက်ပါ တို့ ပြည့်စုံရပေမည်။

| | |
|---|---|
| ❋ နိစ္စပါတ်လုံရမည်။ | (Regularity) |
| ❋ ညစ်ညမ်းမှုမှ ဖယ်ခွာရမည်။ | (Colanliness) |
| ❋ ထိတွေ့မှုတိုင်း၌ သတိပြုရမည်။ | (Readiness) |
| ❋ တွေးခေါ်စဉ်းစားမှု ပြုရမည်။ | (Thoughtfulness) |
| ❋ ယမထကျရမည်။ တစ်နည်း တည်ငြိမ်မှုဖြစ်စဉ်၌ တည်ရမည်။ | (Calmness) |
| ❋ လောက၏ သဘာဝသင်္ဂဟတရား လည်ပတ်မှုတရားကို လက်ခံရမည်။ | (Acceptance of Beings) |

www.burmeseclassic.com

www.burmeseclassic.com



ထိုအချက်တို့ကို တစ်ခုချင်း သဘောပေါက်ရမည်။ ထို အချက်တို့ကို သဘောပေါက်ရန် (၆)လတာကာလကို ကျော်လွန် ရမည်။

တိဘက်ယွန်းသိုင်းသည် အောက်ပါတို့ကို ဖော်ကျူးခြင်း ပြု၏။

" လောက၏ အသက်ရှင်ခြင်းနှင့် သေခြင်းသည် အချိန်အခါ ကာလ ပေါ်၌ တည်နေသည်။ " (Life and Dead Exist in Time (Period))

ထိုသို့ သဘောပေါက်လျှင် အောက်ပါတို့ကို လေ့ကျင့်နိုင် ပေမည်။

- ✳ အသက်၏ ရှင်ခြင်း (Life Existence)
- ✳ အသက်၏ သေခြင်း (The Dead)
- ✳ အသက်ရှင်ခြင်းသည့် နေ့စဉ် လည်ပတ်နေသော အချိန်ပေါ် ၌ တည်သည်။ (The prolongs on the circling of time.)

ထိုအချက်ကို သိရှိရန် အောက်ပါတို့ကို လေ့ကျင့်ပါ. . .

- ✳ ချေးပါခါနီး အောင့်ထားခြင်း (ကံတီခယ်)
- ✳ ကျင်ငယ်သွားခါနီး အောင့်ထားခြင်း (စူတီခယ်)

ထိုအချက်နှစ်ချက်သည် အသက်၏ လည်ပတ်မှုအတွက် အချိန်အခါ (Time Beating) အလိုက် မဆောင်ရွက်မှုကြောင့် ဖြစ်၏။



ထိုအချက်နှစ်ချက်၏ ဆိုးကျိုးသက်ရောက်မှုကို သင် ...လျှင် အသက်သွေး (Blood)၏ လှည့်ပတ်မှု၊ ဖွဲ့စည်းမှု (Blood ...ransformation)၏ သဘာဝ အချိန်အခါအလိုက် ဖြစ် ...ပ်နေသည်ကို သင်တွေ့ရပေမည်။ သွေး၏ လည်ပတ်မှုသည် အချိန်ကာလလှည့်ပတ်ခြင်းကြောင့် ပြောင်းလဲမှုပဿဖြစ်၏။

အချိန်အခါတည်းဟူသော (ဂီန)သည် လူ၏သွေး(ယောန) ...၏ ချိန်စက်ဖန်တီးမှုအတိုင်းပင်ဖြစ်၏။

တိဘက် 'ယွန်း'သိုင်းသည် အချိန်နှင့်လှည့်ပတ်မှု သဘော ...ရားပေါ် အခြေခံ၍ အသက်ရှူခြင်း၊ ရှိုက်ခြင်း၊ ရပ်နားခြင်း၌ အခြေတည်၏။

အသက်ရှူမှု အားကောင်းလျှင် အသက်ရှင်ခြင်း အား ...ာင်း၍ နိယောထလုပ်ထုံးအရ နေ့စဉ်မှန်မှန်လေ့ကျင့်ရပေမည်။

'ဥခေါသ'သည် ဦးခေါင်းဖြစ်၍ 'ဥခေါသ'ယွန်းသိုင်း ...ည် ဦးခေါင်းနှင့်ယှဉ်သော ကိုယ်လက်လှုပ်ရှားမှု အတတ်ဖြစ်၏။

မိမိ၏ လှုပ်ရှားလျှက်ရှိသော ကိုယ်ကာယအလွှာများကို ...ခေါင်း(ဥခေါသ)ဖြင့် လိုက်နာ၍ လေ့လာသုံးသပ်ရမည်။

ဥဒါဟရဏ် အားဖြင့် မိမိ၏အဆုတ်သည် မိမိ၏ ညာ ...တ် သို့မဟုတ် ဘယ်လက်တို့၏ သွေးကြောတို့ကို ချိန်ကိုက်လှုပ် ...လျှက်ရှိခြင်းလို သဘောပေါက်ရမည်။

အသက်သွေးကြော ဖန်တီးမှုကိုသိ၍ ထိုအကြောဆိုရာ ...ပ်တို့၌ လူတို့၏ သွေးကြောကို ရပ်တည်၏ဟု တိဘက်ယွန်းသိုင်း ... အဆိုပြု၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုသဘောတရား၌ သင်သိရှိ၍ ထိုလှုပ်ပတ်မှုကို ပြုပြင်နိုင်သော၊ ဖန်တီးနိုင်သော သဘောတရားသည် ရှင်ခြင်းနှင့် သေခြင်းကို ပြုပြင်ပေးနိုင်ကြ၏။ ထိုအချိန်အခါအလိုက် ပြုစုလှုပ်ရှားခြင်းနှင့် ဘေးဘယာတို့ကို ဖယ်ခွာ၏။

တိဘက်'ဥခေါ်သ' ယွန်းသိုင်းပညာသည် သွေး၏ လှည့်ပတ်မှုအလိုက်ဖြစ်ပေါ်သော (စိန့်)အောင်ခြင်း၊ (အစိန့်) မအောင်ခြင်းသဘောရှိတုံ၏။

ယောနဆိုင်ရာ သွေးလှည့်ပတ်မှု၏ အထုံးအချည်သည် အချိန်ပိုင်းအလိုက် ပုရိသ(လူ)၏ ခန္ဓာကိုယ်၌ လှည့်ပတ်ဘိ၏။ ထိုလှည့်ပတ်မှုကို သတိတမုံချုပ်၍ ပြုပြင်နိုင်ပါက အသက်(ဇီဝ)၏ အဓိကာကျသည် ယုတ်လျော့သည်မည်၍ သက်တမ်းကို ပိုင်းခြားသု၊ ခံ၊ သကို အားထုတ်သမှု ပြုနိုင်ပေ၏။

ပရိဇီဝ (Atma)သည် သွေးကြောလှည့်ပတ်မှုကို အချိန်အလိုက် ဖြစ်ပေါ်မှု၏ ပဓာနပစ္စည်းဖြစ်ခြင်းကြောင့် အလေးအနက်ပြုအပ်ရ၏။

ထို ပရိဇီဝ (Atma) ကို လိုရာအရပ်သို့ ရွှေ့နိုင်ရေးအတွက် အောက်ပါတို့ကို စီးဖြန်းရမည်။

(၁) **အတန်းအဝိုင်း၌ တည်ငြိမ်ခြင်း (Tranquil in Spot)**

တိဘက်ယွန်းသိုင်း 'ဥခေါ်သ' ကို ကျင့်လိုသူသည် တစ်နေရာတည်း၌ စိုက်ကြည့်ခြင်း အလေ့အထဖြစ်အောင် ကျင့်ရမည်။

ထိုနှင့်တစ်ဆက်တည်း အဿသ၊ ပဿသခေါ် ဝင်လေ



ထွက်လေကို ဂရုစိုက်၍ ကြည့်ရှုရသည်။

ထွက်လေ၊ ဝင်လေသည် လူ၏ ဇီဝသက္ကမှု ရပ်တည်ရာ ဖြစ်ခြင်းကြောင့် ထိုဇီဝသက္ကမှု ခိုနားရာ ထွက်လေ၊ ဝင်လေ (ဇာနံ ဒါသ၊ အာနာပါနာ)၌ နေ့စဉ် နံနက်တိုင်း သက်ဝင်ရှုစားမှု (တဖို) ရမည်။ (တဖို)အောင်မြင်မှု နေ့စဉ်ရှိသောသူ၌ အဇိနံသာသမံ (စည်းမှုအရိပ်)သည် ဝေးစွာရှောင်ခြင်းကြောင့် လူတို့၏ နှစ်မှု၊ လှည့်ပတ်မှု၊ ပြန်ဆင်းမှု၊ စုတည်မှုနှင့် သွေး၏အရောင် ပြောင်းမှုတို့အပေါ် လွှမ်းမိုး၏။

(တဖို-ကို ယ-န-နာ ဝါရနည်း(၁)ဝါကို ဆိုလိုသည်။ အာ ပါရ ယ-န-နာ အရ စီးဖြန်းသူတို့ သိရှိကြပေသည်။ ဘုရား ဟောနည်းဖြစ်၏။)

(စာရေးသူ)

(၂) **လှုပ်ရှားမှုကို စေ့ငုခြင်း (Researh in Motion)**

ပရိဇီဝ (Atma) သည် လှုပ်ရှားတတ်ခြင်းကြောင့် လှုပ်ရှားမှု ဖြစ်စဉ်တရား (Motional Equivalance) ကို ပိုင်နိုင် စေရန် ရွှေ့လျားတတ်မှုသဘောတရားကို မိမိ၏ (ယထ)ဖြင့် လာမှုပြုရမည်။ ပင်ကိုယ်စိတ်ရင်းတစ်မျိုးဖြစ်၏။

မိမိ၏ ရွှေ့လျားနိုင်ရန် အတွင်းလှုပ်ရှားမှုကို စေ့ငု ခြင်း ပြုရမည်။ နေ့စဉ်လေတိုက်ခတ်မှုကို စောင့်ကြည့်ရမည်။ ရေစီး ၏ မျောပါမှု၊ တောမီးလောင်ကျွမ်းမှုနှင့် ငှက်များ ပျံသန်းပြည် တို့ နားထောင်ကြည့်ရှုရမည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချက်များကို သုံးနှစ်ကာလ(တြိမန္တ)ကြာသည့်တိုင် ကြည့်ရမည်။

အထက်ပါအချက်ကြီးသုံးရပ်သည် ပရိဇီဝကို ရွှေ့လျားနိုင်ရေးအတွက် အခြေခံအချက်ကြီးများဖြစ်ကြပေ၏။

သွေးကြောများ ဆုံစည်းရာအချိန်၊ ဆုံစည်းရာအရပ်ဒေသ၌ ပရိဇီဝသည် ခိုအောင်းလျှက်ရှိပေသည်။

ထိုပရိဇီဝကို ပြုစုထိန်းကျောင်းပေးခြင်းဖြင့် (ဇီဝ)အားသည် ရှင်သန်တိုးတက်လာသဖြင့် ရောဂါဘယကင်းခြင်း၊ အဆင်း၏ တင့်တယ်ခြင်း၊ အမြင်၏ စူးရှခြင်း၊ စီးပွားဥစ္စာတိုးတက်ခြင်း၊ ဆန္ဒအားကောင်းခြင်း၊ ကိုင်တွယ်လှုပ်ရှားနိုင်ခြင်းအပြင် နောက်ဆုံးတွင် ဂုဏ်အောင်းခြင်း၊ တောတောင်ထဲ၌ တစ်ဦးတည်းလှည့်လည်နိုင်ခြင်း စသည့် ခံနိုင်ရည်များရှိလာပေမည်။

ယွန်းသိုင်း၏ ပရိဇီဝ

ATMA (ပင်ကိုယ်အား)ထိန်းသိမ်းခြင်း

ပရိဇီဝကို ထိန်းသိမ်းခြင်း အလေ့အထကို သင်ယောဂီ (ဟိုမန်) (Homan) သည် အစဉ်သစိုက် ထိန်းသိမ်းသမှု ပြုပြင်ပေးမှု ပြုနိုင်သော ကာလဘောဇနသို့ ရောက်သောအခါတွင် လောက သမုဒ္ဒရာ (ဇီဝန် Zi-Whun)သည် ကျဉ်းမြောင်းလာပေမည်။

ယောဂီ၏ သွေးကြောတို့သည် တစ်စိတ်တစ်ဝမ်းတည်းသို့ ရောက်ရှိကာ ထူးမြတ်သော သုခကို ပိုင်လာပေမည်။ သွေးကြောဆိုင်ရာ (ယောန)တို့ကို သင်၏ ပရိဇီဝသို့ အချိန်အပိုင်းအလိုက် ပို့လွှတ်ပေးရမည်။ သင်၏ ရုပ်ဆင်း ပျိုမြစ်လိုလျှင် သင်၏ ပရိဇီဝ



ကို နေမွန်းတည့်ချိန်၌ သင်၏ (Li-Li) ချက်အောက်ခြေသို့ ပို့လွှတ်ပေးရမည်။ သင်၏ ကျန်းမာရေးကောင်းလိုလျှင် အဆုတ်နေရာတစ်ဝိုက် (စန်ယန် Sun-Yung )သို့ သင်၏ ပရိဇီဝကို နေ့စဉ်နွေးလာသည့်တိုင်အောင် ပို့လွှတ်ရမည်။ သင်သည် အိမ်ထောင်ဘက်နှင့် အတူတကွ ပျော်မွေ့လိုလျှင် သင်၏စအို၀ (ဇီချိုင်း)သို့ သင်၏ ပရိဇီဝကို ညဉ့် ၁၀-နာရီမှ ၁၂-နာရီအတွင်း အကြိမ် ၅၀ ပို့လွှတ်ရမည်။

အသက်ရှည်၍ ရောဂါဘယကင်းဝေးစေသော တိဘက်ယွန်းသိုင်းအားထုတ်သူ ယောဂီသည်အတွင်း ပင်ကိုယ်အား ကြံ့ခိုင်မှုကို စိတ်ဝင်စားရမည်။ မကောင်းသော လှုပ်ရှားမှုကို ပယ်ရမည်။ 'ဇီဝ' အသက်ကို တားဆီးစေသော အရက်သေစာသောက်ခြင်း၊ ဘိန်းကင်း ကဖော် ထုံထိုင်းမှုးယစ်စေသော အရာများကို ရှောင်ကြဉ်ရမည်။

တိဘက် 'ဥခေါသ' ပညာသည် လူသား၏ အသက်သေခြင်းနှင့် ရှင်ခြင်း၏ လှုပ်ရှားမှုဖြစ်စဉ် သဘောတရား ပရမ်ဇီတ (Life motional being of waves by Atma) ဖြစ်ပေရာ လွန်စွာနက်နဲလှပေ၍ ကျွန်ုပ်သည် ကောင်းစွာဉာဏ်မီခြင်းပင် မရှိပါပေ။ သို့သော် အလွန်အဖိုးတန်လှသော ပေရွက်ပင်ဖြစ်ပေ၏။

(တိဘက်ယွန်းသိုင်း ပေစာအတိုင်း အားလုံးဖော်ပြလိုက်လျှင် ကျမ်းတစ်ဆူဖြစ်သွားပြီးလျှင် ရန်သူများကို အသေသတ်နိုင်သောနည်းပေါင်းများစွာကို ထည့်သွင်းဖော်ပြရမည်ဖြစ်၍ ချန်လှပ်ထားလိုက်ရပေသည်။ ကျန်းမာရေးနှင့် အသက်ရှည်ရေးကို အကျိုး

www.burmeseclassic.com

www.burmeseclassic.com



ပြုစေသော ကျင့်စဉ်များကိုသာ မရှည်မလျား ဖော်ပြလိုက်ရေ
သည်။ တိဘက်ယောဂီပညာ လိုက်စားသူများ သဘောပေါက်
ပါပေသည်။ ထိုင်ဝမ်ကျွန်းမှ 'အိုဆင်းရန်'သည် ထိုပညာ
တကယ်တတ်သော တစ်ဦးတည်းသော ပုဂ္ဂိုလ်ဖြစ်၏။ ၎
အကြောင်းကို အကျယ်သိလိုပါလျှင် (Fighting Arts of Th
World) ၌ ဖတ်ရှုပါ။ (John F.Gilby) ရေးသည်။)

(စာရေးသူ

လူတစ်ဦး၏ ပရိဇိဝ ပင်ကိုယ်အားရှင်သန်ရေးအတွ
ကမ္ဘာ့ဥာဏ်ပြုကြိုးစားရပုံကို ကျွန်ုပ်သည် လေ့လာမှတ်သားထားလို
ရပေသည်။

ကျွန်ုပ်သည် ထိုယွန်းသိုင်းပေစာရွက်ကို ဖတ်ရှု၍ လွန်စွာ
နှစ်သက်ခြင်းရှိနေခိုက်တွင် ကျွန်ုပ်၏ ကိုယ်တစ်ခြမ်းလုံးနှင့် ဖ
သည် လေးလံလျှက်ရှိလေ၏။ ထိုင်းမှိုင်းလေးလံခြင်းတစ်မျိုးနှ
အတူမူးနောက်နောက်ပင် ဖြစ်လာလေသည့်ပြင် တစ်စုံတစ်ခုသော
အလေးဖြင့် ကျွန်ုပ်၏ဖက်ပေါ်သို့တင်ထားသကဲ့သို့ ဖြစ်သော
ကြောင့် ကျွန်ုပ်သည်ဦးခေါင်းမော့၍ကြည့်လိုက်ရာ ကျွန်ုပ်နောက်
မတ်တတ်ရပ်လျှက်ရှိသော ကျွန်ုပ်တစ်ကြိမ်တစ်ခါမျှ မြင်ဖူးခြ
မရှိသော လွန်စွာအရုပ်ဆိုးသော သူတစ်ဦးကို တွေ့ရပေ၏။ ထို့ပြ
ထိုသူသည် ကျွန်ုပ်၏ညာဘက်ဖက်အလယ်သို့ ၎င်း၏ လက်ညှိုးဖြ
ထောက်ထားလျှက်ရှိသည်ကို သိရှိရလေသည်။ ကျွန်ုပ်သည် ၎
အဖြစ်အပျက်မှ လွတ်မြောက်ရန် ကြိုးစား လှုပ်ရှားသော်လည်း
ကျွန်ုပ်၏ ညာဘက်လက်သည် လှုပ်ရှား၍မရသကဲ့သို့ လွန်စွာလေး



လံလျှက်ရှိလေ၏။

" မိတ်ဆွေကြီး လှုပ်ဖို့မကြိုးစားနဲ့၊ ဒီအချိန်ဟာ နံနက်
(၁၀)နာရီနဲ့ (၁၂)နာရီအချိန်၊ ကျုပ်ရဲ့ညာလက်ညှိုးက မိတ်ဆွေ
ကြီးရဲ့ (ပရိသောမ)အရပ်ကို ထောက်ထားတယ်၊ သွေးကြောထုံစေ
တတ်တဲ့ ပရိသောမအရပ်ကို ကျုပ် နာရီကိုက်ထောက်ထားတာ. . "

ကျွန်ုပ်သည် အားမတန်မာန်လျှော့ဆိုသည်နှင့်အညီ မည်
သို့မျှ ပြန်လည်မပြောဘဲ ငြိမ်သက်၍ နေလိုက်ပေ၏။ ခဏအကြာတွင်
ကျွန်ုပ်၏ ညာလက်သည် နွေးထွေးလာလျှက် ကျွန်ုပ်၏ ခန္ဓာကိုယ်
သည်လည်း ပေါ့ပါးလာလေ၏။ ကျွန်ုပ်နောက်မှာ လူစိမ်းသည်
ကျွန်ုပ်၏ဖက်ပေါ်မှလက်ကိုလွှတ်ကာ ကျွန်ုပ်ရှေ့တည့်တည့်သို့
လာရောက်ထိုင်လိုက်ခြင်းကြောင့်ပင် ဖြစ်ပေ၏။

ကျွန်ုပ်ရှေ့မှလူသည် လွန်စွာအရုပ်ဆိုးရုံမက လွန်စွာမှ
ပိန်သူတစ်ဦးလည်းဖြစ်လေသည်။ သို့သော် ၎င်း၌ ကြီးမားသော
လက်များရှိသည်ကို တွေ့ရလေသည်။ ကျွန်ုပ်သည် ကျွန်ုပ်၏
အိမ်ခန်းထဲထိ ဝင်လာသော လူစိမ်းအား သဘောမကျနိုင်ဖြစ်သည့်
အပြင် ကျွန်ုပ်တပည့်ကျော်မောင်ကံစီအားလည်း အရိပ်အယောင်
မျှ မတွေ့သဖြင့် ကျွန်ုပ်သည် ဦးခေါင်းကို အလုပ်ပေးလျှက် တပည့်
မောင်ကစီအား ရှာဖွေသမှု ပြုမိလေ၏။

" ခင်ဗျားတပည့်ကိုမရှာနဲ့ ကိုသိမ်းမောင်၊ သူခေတ္တခဏ
အိပ်ပျော်နေတယ်၊ ကျုပ်ပဲ အိပ်ပါစေတော့ဆိုပြီး အိပ်ခိုင်းထား
တယ်၊ နောက်နာရီဝက်ကြာမှ သူနိုးလာလိမ့်မယ် "

လွန်စွာအရုပ်ဆိုး၍ လွန်စွာမှပိန်သော လူစိမ်းသည် သူ၏

www.burmeseclassic.com

www.burmeseclassic.com



မည်းနက်သောမျက်နှာကို လက်ကိုင်ပုဝါတစ်ထည်ဖြင့် သုတ်ေ
ကာ ဖြူဖွေးသောသွားပေါ်အောင် ပြုံးပြလိုက်ပြီးလျှင်. . .

" ဒီမှာ ကိုသိမ်းမောင်. . ၊ ခင်ဗျား ဒဏ်ပြန်သူတော်' အ
ကို သိသလား "

ကျွန်ုပ်သည် ကျွန်ုပ်ရှေ့ရှိ ပုဂ္ဂိုလ်အားကြည့်ကာ အံ့အ
သင့်သောအမူအရာဖြင့်. . .

" အင်း. . . သိသလိုတော့ရှိတယ်၊ ဒါပေမယ့် တကယ်
မသိဘူးဗျ "

ထိုသူသည် ကျွန်ုပ်အား ပြုံးပြလိုက်ပြီးလျှင် ကျွန်ုပ်
လက်ကိုဆွဲ၍ နှုတ်ဆက်လေ၏။

" ဒီလိုဗျာ. . . ကိုသိမ်းမောင်ရဲ့၊ ခင်ဗျား ခပ်စောစော
ဖတ်နေတဲ့ 'ဝူး' ကျုပ်ကိုပေးဗျာ၊ ခင်ဗျားလဲ ဒဏ်ပြန်သူတော်အ
ရဲ့ ရန်ကအေးသွားမယ်၊ မခင်နွယ်စိန်လဲ အသက်အန္တရာယ်
တော့ဘူး "

ကျွန်ုပ်သည် ခေတ္တမျှ တွေဝေလျှက်သွားပေ၏။ ကျွန်ု
သည် ဆက်လက်၍ မည်သို့မည်ပုံပြောဆိုရမည်ကိုပင် မသိတ
နိုင်အောင်ပင်ဖြစ်လျှက်ရှိ၏။ သို့သော် ကျွန်ုပ်သည် ပြန်၍ ကျ
ဆည်လိုက်ကာ. . .

" မိတ်ဆွေက ဘယ်ကတုန်း၊ ကျုပ်အိမ်ကို ဘယ်လိုလ
ပြီး ရောက်လာတယ်၊ 'ဝူး'ကို လိုချင်ရတဲ့ အကြောင်းက ဘယ်
လဲဆိုတာကိုလဲ ပြောဖို့လိုလိမ့်မယ်လို့ ထင်တယ် "

ကျွန်ုပ်သည် ပြောပြောဆိုဆိုပင် ကျွန်ုပ်ရှေ့ သတင်း



အောက်၌ သတင်းစာဖြတ်ရန်ယူထားသော မောင်းချခါးကို သတင်း
စာကို အကာအကွယ်ပြုကာ ကျွန်ုပ်၏ ညာလက်၌ ဝှက်ထည့်ထား
ပေ၏။

လူစိမ်းသည် ကျွန်ုပ်၏ အေးဆေးသော အမူအရာကို အသိ
အမှတ်ပြုလိုက်ကာ. . .

" အင်း. . . သိချင်လဲ ရှင်းပြရတာပေါ့ဗျာ၊ ဒီ 'ဝူး'ဆိုတဲ့
'ဥခေါ်ဿ' ပေစာဟာ (၁၆)ရာစု စောစောပိုင်းကတည်းက
ညာရှင် 'ဥခေါ်ဿ'ဆိုတဲ့ တိဘက်ဘုန်းတော်ကြီးက သူ တရားကျင့်
ပေါက်မြောက်အောင်မြင်ပြီးနောက် လျှို့ဝှက်နက်နဲလှတဲ့ သူ့ရဲ့ တွေ့
ရှိချက်ကို ပေရွက်ပေါ်တင်ပြီး တပည့်ရင်းတွေနဲ့ ယောဂီကြီးတွေ
ဆက်လက်လိုက်စားနိုင်အောင် ထားခဲ့တာဗျ၊ ကျုပ်တို့ မြန်မာပြည်
ဂံမင်းဆက်တွေနဲ့ အပြိုင်ပေ့ါဗျာ၊ ရခိုင်ပြည် ဝေသာလီခေတ်
ပိုင်းကပဲဗျ. . .၊ အင်း. . . မိုး၊ လုံ၊ လေး၊ မြားနဲ့ လက်ရုံးရည်နဲ့
လုံးရည် ရောထွေးပြီး ထင်ပေါ်သူ စင်တော်ကကောက်ပြီး နန်းသုံး၊
ဦးသုံး၊ ဇရစ်ထုံး ခေတ်ကာလကပေါ့ဗျာ. . .၊ ဇရစ်ထုံးဆိုတာက
ရှေးမင်းညီမင်းသားတွေ လည်မှာရွှေပေခေါက်ကို ဖွဲ့ခွေပြီး ကမ္ဗည်း
တတ်တယ်ဆိုတာပဲ၊ ဗြီးဆိုတာလဲ ဖြတ်ိုက်ပေ့ါဗျာ၊ အဲဒီလို ခေတ်ပြိုင်
မှာ ကျုပ်တို့ရဲ့ ဘိုး၊ ဘီ၊ ဘင်၊ ဘော်၊ ဘောက်စတဲ့ ခေတ်ကာလမှာ
ကျုပ်တို့ မြန်မာပြည်မှာ ထွန်းကားခဲ့တဲ့ ပွဲကျောင်းအကျော်ဆရာ
တော်ကြီးများရဲ့ ပညာတွေထဲမှာလည်း 'ပရိယန္တသုသုမ' ဆိုတဲ့
ပွဲကျောင်း အကြောကိုင်ပညာကြီးတစ်ရပ်ပေါ်ခဲ့တယ်၊ ဒီအကြော
ကိုင်ပညာ(ခုနစ်လွှာ)ရဲ့ အဆင့် ခုနစ်ဆင့်ဟာ အခု ကျုပ်လိုက်ရှာ

www.burmeseclassic.com

www.burmeseclassic.com



နေတဲ့ 'ဝူး'ခေါ်တဲ့ တိဘက်'ဥခေါသ'ပညာနဲ့ နွယ်ယှက်နေတဲ
ပွဲကျောင်းဆရာတော်ကြီး အောင်စည်းခဲ့သံဃရာဇာဟာ ပွဲကျော
လက်ဝှေ့ပညာနဲ့ အဲဒီ ပရိယန္တသုသုမ အကြောကိုင်၊ အကြော
တစ်ပွဲလွှတ်၊ တစ်မှုးထိုး၊ တစ်ပေါက်ထုံးဆိုတဲ့ အကြောကိုင်နည်း
များပြန့်ပွားခဲ့တဲ့ အကျော်ဆရာတော်ကြီးပေါ့၊ အဲဒီ ကျုပ်တို့
ခေတ် အရည်းပညာဖြစ်တဲ့. . .

' ပွဲကိုင်ကျော်၊ ပေါက်သောတစ်ထုံး၊
အကြောဆုံးကို၊ လက်ထုံးထုချေ၊ ကိုင်ယွလေသော်
မကြာသူခွဲ၊ အကြောတွဲ၊ အကြောကပ်၊
ဟတ်ချိုး နှာချေ၊ မျက်ရည်မခန်း
ချောင်းဆိုးမှုမော်၊ သူအိပ်ပျော်၍၊
သေသော်တစ်မွန်း၊ နက်၏တည်း. . . '

ဆိုတဲ့ အစဉ်အလာအတိုင်း ပညာကျယ်ခဲ့ပေတယ်၊ အဲ့ဒီ ပညာ ကြီးနဲ့ တိဘက်ပညာရပ်ဖြစ်တဲ့ ဒီ 'ဥခေါသ'ပညာတို့ဟာ တစ် တစ်မင်း ဗိုလ်ဆင်းဗိုလ်တက်ဖြစ်ခဲ့တယ်။ ဒီ'ဝူး'ဆိုတဲ့ တိဘက် ဟာ အကြောကိုင်ပညာရပ်နဲ့ သဘောချင်းတူပေမယ့် လူတို့ 'ယမထ' အချိန်နဲ့ ဗြမ္မာမုဟုတ္တ အချိန်အခါအလိုက် အခွင့်အ ကို ဖော်ထုတ်ပြီး (ဇီဝ)အသက်ကို စောင့်ထိန်းတဲ့ စာပိုဒ်အချို့ အတော်လေးခရီးရောက်တယ်။ အဲဒီ 'ဝူး'ကို သျှောင်ပေစူးဘိုး ကိုပေးတဲ့ ဆရာကြီး 'ကွမ်'ဟာ တောထဲမှာ နှစ်ပေါင်း နှစ်ဆယ ကျော်မျှ တရားကျင့်ခဲ့တဲ့ ယောဂီကြီးဖြစ်တယ်။ ဆရာကြီး 'ကွမ်' တိဘက်'ဥခေါသ'ပညာစဉ်ကို စောင့်ထိန်းဖို့ သျှောင်ပေစူးဘိုး



ကိုပေးခဲ့တယ်။ သျှောင်ပေစူးဘိုးတော်ဟာ သူ့ရဲ့နောက်ကြောင်း ရာဇဝင်အုတ်ခွက်စာအရ ဒီ တိဘက်'ဥခေါသ'အကြောကိုင်ပညာ နဲ့ လူတွေသတ်ခဲ့တယ်။ 'သေခြင်းနဲ့ ရှင်ခြင်း'ရဲ့ အတိုင်းအတာ အကန့်အသတ်ကို ပေးစွမ်းနိုင်တဲ့ ဒီတိဘက်'ဥခေါသ'ပညာပေစာ ဟာ အစဉ်အလာရိုးရာစွဲယူထုံးမရှိတဲ့ ခင်ဗျားရဲ့လက်ထဲကို ရောက် နေတာ သဘာဝမကျလို့ ကျုပ်အဖွဲ့က ကျုပ်ကို မိတ်ဆွေကြီးထံ ယူဖို့ လွှတ်လိုက်တာပဲ "

လွန်စွာ အရုပ်ဆိုး၍၊ လွန်စွာ ပိန်သေးလှသော လူစိမ်း ပုဂ္ဂိုလ်သည် ရှည်လျားစွာ ရှင်းပြပြီးနောက် ကျွန်ုပ်ထံမှ 'ဝူး'ကို တောင်းခံလျှက်ရှိ၏။ ကျွန်ုပ်သည် ၎င်းရှင်းပြသော ပညာစဉ်ဆက် နှင့် မည်သို့ပင် မပတ်သက်သည်ဖြစ်စေ ကျွန်ုပ်သည် 'ဝူး'ပေစာ ကိုမူ မည်သို့မျှပေးနိုင်မည်မဟုတ်ပေ။

" ခင်ဗျားဟာ တန်ပြန်သူတော်အဖွဲ့ကလား၊ ကျုပ်အိမ်ကို ဒဏ်ပြန်သူတော်အဖွဲ့ဆိုတာက ဝင်မွှေသွားတယ်၊ ခင်ဗျားတို့ဟာ ရာဇဝတ်မှု ကျူးလွန်သူတွေဖြစ်တယ်၊ ကျုပ်အနေနဲ့ကတော့ သျှောင်ပေစူးဘိုးတော်ရဲ့ ယုံကြည်စိတ်ချရခြင်းခံရတဲ့ ပုဂ္ဂိုလ် တစ်ယောက်ဖြစ်လို့ 'ယုံကြည်ခြင်းခံရရင် ယုံကြည်နိုင်ရအောင် လုပ်ပြပါ' ဆိုတဲ့ ဆောင်ပုဒ်အတိုင်းပဲ ကျုပ်လိုက်နာနိုင်မယ် မိတ်ဆွေ၊ ခင်ဗျား 'ဝူး'ကို မမျှော်လင့်နဲ့တော့၊ ကျုပ် မပေးနိုင်ဘူး "

" ဟဲ. . . ဟဲ. . . မိတ်ဆွေကြီး ဦးသိမ်းမောင်က အလာ ကြီးပဲဗျ၊ ကျုပ်ဟာ တန်ပြန်သူတော်အဖွဲ့ကဆိုတာရယ် ခင်ဗျားရဲ့ လည်ကုပ်တစ်ဝိုက်မှာရှိတဲ့ ပရိသောမအရပ်ကို နှာရိုက်ထောက်

www.burmeseclassic.com

www.burmeseclassic.com



ပြီး ခင်ဗျားလက်ကို မလှုပ်နိုင်အောင် ကိုင်ထားနိုင်တဲ့ အကြေ ပညာရှင်တစ်ယောက်ဆိုတာရယ်၊ သတိထားပါဦး။ ဒီ ပေစာနဲ့ ငွေ ကို ကျုပ်ငွေသားငါးထောင်တိတိပေးဖို့ ပါလာခဲ့တယ်၊ ကျုပ် နာမည် မသူတော်မောင်သီးတဲ့ မှတ်ထားဗျ၊ မသူတော်မောင်သီးဟာ နာမည်တစ်လုံးနဲ့ နေတယ်ဆိုတာလေးလဲ မှတ်ထားပေါ့၊ ဟဲ. . . ဟဲ. . . ဟဲ. . . ၊ ကျုပ်တို့ ဒဏ်ပြန်သူတော်အဖွဲ့ဆိုတာ အလွန်နက် တဲ့ လျှိုမြောင်၊ စိမ့်စမ်း၊ ဂနိုင်၊ လမ်းပေါ်တဲ့နေရာမှာ တည်ဆောက် ထားတဲ့အဖွဲ့ပဲ၊ ဟဲ. . . ဟဲ. . . ဟဲ. . . ၊ ကျုပ်ဟာ အဲဒီအဖွဲ့ကြီးရဲ့ ထမင်းချက်ပဲ၊ ဟဲ. . . ဟဲ. . . ဟဲ. . ၊ ကျုပ်တို့အဖွဲ့က ရှင်းလင်းနေ ကြီးစားနေတဲ့ ထိပ်ခေါင်တင်ပုဂ္ဂိုလ်က သျှောင်ပေစူးဘိုးတော်ပဲ၊ အဲဒီတော့ သျှောင်ပေစူးဘိုးတော်ကို လုပ်ကြံဖို့ ဖွဲ့ထားတဲ့ အဖွဲ့ကြီး ဆိုတော့ ခင်ဗျားစဉ်းစားကြည့်ပေါ့ဗျာ၊ ကဲ. . . အချိန်ရှိတုန်း အလုပ်လုပ်ကြရအောင်ဗျာ၊ အခြားလျှို့ဝှက်တဲ့ အတွင်းရေးတို့ တွေကိုတော့ ကျုပ် မရှင်းပြနိုင်တော့ဘူး မိတ်ဆွေကြီး ”

ကျွန်ုပ်ရှေ့ရှိ လူစိမ်းပုဂ္ဂိုလ်သည် ကျွန်ုပ်နှင့် ၎င်းကြားရှိ စားပွဲပေါ်သို့ ကျော့ဘုရင်ခေါင်းပါသော ရာတန်အထပ်လိုက်ကို ပစ်ချလိုက်လေ၏။ ထို့နောက် ကျွန်ုပ်လက်ထဲမှ ‘ဗူး’ခေါ် တိဘက် ပေစာကို တောင်းခံလေ၏။

“ ဝမ်းနည်းပါတယ် မသူတော် ဦးသီး၊ ကျုပ် မပေးနိုင်တာ ကို ခွင့်လွှတ်ပါ ”

မသူတော် ဦးသီးသည် ကျွန်ုပ်မျက်နှာသို့ စိုက်ကြည့်လိုက် ကာ လက်ညှိုးနှစ်ချောင်းကို ထောင်လိုက်၏။ ၎င်း၏ တုတ်ခိုင်သော



လက်ညှိုးနှစ်ချောင်းမှာ လှုပ်ဝဲလျက်ရှိလေ၏။

ကျွန်ုပ်သည် သတင်းစာအောက်၌ အုပ်၍ ဝှက်ထားသော ခေါင်းချများကို ဆုပ်ကိုင်ကာ ဖြစ်လိုရာဖြစ်စေတော့ဟု သဘော ထားလိုက်ကာ ကျွန်ုပ်ရှေ့၌ရှိသော ဦးသီး၏ လည်မျိုအား တအားစိုက် လိုက်ပေ၏။ သို့ရာတွင် ကျွန်ုပ်လက်ထဲမှဓားသည် ဦးသီး၏ လည်မျို သို့ စိုက်ဝင်ခြင်းမရှိဘဲ မသူတော်မောင်သီး၏ လက်ညှိုးနှစ်ချောင်း ကြားတွင် ချိတ်၍ ပါသွားလေ၏။

“ ဟဲ. . . ဟဲ. . . ဟဲ. . . မသူတော်မောင်သီးရဲ့ နာမည် ကြီး လက်ညှိုးနှစ်ချောင်းပဲဆိုတာ မှတ်ထားပါဦးသိမ်းမောင်၊ ကျုပ် ဟာ အတွင်းအပြင်မွေနိုင်တဲ့ ရှေးဟောင်း လျှို့ဝှက်လက်သိုင်းပညာ မှာ ဘုရင်တစ်ဆူဆိုတာ ခင်ဗျား မှတ်ထားလိုက်ပါ။ ကျုပ် ခင်ဗျား ကို မသတ်ရက်ပါဘူး။ ဒီမှာကြည့်. . . တွေ့လား ”

မသူတော်ဦးသီးသည် ၎င်း၏ လက်ညှိုးနှစ်ချောင်းအတွင်း မှ မောင်းချခါးကို ထိုလက်ညှိုးနှစ်ချောင်းဖြင့် လွှဲ၍ပစ်လိုက်လေရာ ကျွန်ုပ်အိမ်၏ ဧည့်ခန်းတိုင်တွင် ချိတ်ဆွဲထားသော ဆတ်ချို၏ ထိပ် အလည်တည့်တည့်တွင် စိုက်လျက်ရှိပေ၏။ ဓါး၏ အမြီးမှာ ခါယမ်းလျက် ရှိပေသဖြင့် အရှိန်အတော်ပြင်းထန်ကြောင်း သိနိုင်ပေ၏။

“ ခင်ဗျားရဲ့ ယုံကြည်ခြင်းခံရလျှင် ယုံကြည်နိုင်အောင် လုပ်ပြပါဆိုတဲ့ ဆောင်ပုဒ်အတိုင်း လုပ်ပြလို့ ကျုပ်ပီတိဖြစ်တယ် ကိုသိမ်းမောင်၊ ကျုပ်ဆရာကြီးကလဲ သူရဲကောင်း ထေင်ငယ်နဲ့ အဆက်ဖြစ်တဲ့ ‘သူ့ဆန်စား ရဲမှု’ဆိုတဲ့ ဆော[illegible]တိုင် သူရဲကောင်း ထေင်ငယ်ရဲ့ပုံကို နှလုံးမူထားတဲ့သူဆိုတော့ သစ္စာကြီးပါပေတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဟဲ. . . ဟဲ. . . ဟဲ. . ၊ ကျုပ်ကို လန့်သွားသလား၊ မလန့်ပါနဲ့ဗျာ. . ကျုပ်က ကိုယ်စားတော်အကြပ်ကြီး ထမင်းချက်ပါပဲ၊ ကျုပ် ဆရာကြီးရဲ့ ထမင်းချက်ပဲဗျ ”

ကျွန်ုပ်သည် များစွာနားလည်နိုင်ခြင်း မရှိတော့သည့်အလျောက် ကျွန်ုပ်ရှေ့ရှိ ကုလားထိုင်ပေါ်တွင် အေးဆေးစွာ ပြန်ထိုင်နေသော လူစိမ်းပုဂ္ဂိုလ်အား စူးစိုက်ကြည့်လျက်ရှိပေ၏။ ထိုလူစိမ်းပုဂ္ဂိုလ်ဖြစ်သော မသူတော်မောင်သီးသည် ဘာစကားတစ်ရာဆက်လက်ပြောဆိုခြင်းမပြုဘဲ ၎င်း၏ အကျႌအိတ်မှ ဆေးပြင်းလိပ်တစ်လိပ်ကို ထုတ်ယူလျက် မီးညှိဖွာရှိုက်လျက်ရှိပေ၏။ ထို့နောက် မီးခိုးများကို မှုတ်ထုတ်လျက်ရှိပြန်၏။

မသူတော်မောင်သီးသည် ဆေးပြင်းလိပ်ကို ဆက်တိုက်ဖွာရှိုက်ပြီးလျှင် ၎င်း၏ ညာဘက်အပေါ်ဖုံးအကျႌကို လှန်လိုက်၏။ ထို့နောက် အတွင်းအိတ်ထဲမှ စာအိတ်တစ်အိတ်ကို နှိုက်ကာ ကျွန်ုပ်အား ပြုံးစေ့စေ့မျက်နှာထားဖြင့် ကြည့်ကာ. . .

“ ခင်ဗျားက ကျုပ်ကို သိပ်သတိထားနေပါလား ကိုသိမ်းမောင်၊ ရော့. . . ဟောဒီမှာ ကျုပ်ဆရာကြီးရဲ့ စာအိတ် ဝါခေါင်လဆန်း (၁) ရက်နေ့မှာ သွားရမယ်လို့ ကျုပ်ကိုမှာခဲ့လို့ ကျုပ်လာခဲ့တာ၊ ခင်ဗျားအားလုံးရှင်းသွားပါလိမ့်မယ် ”

မသူတော်မောင်သီးသည် ကျွန်ုပ်အား ရှည်လျားလှသော စာအိတ်ကိုပေးလေ၏။ ကျွန်ုပ်သည် စာအိတ်ကိုကိုင်လျက် မေးခွန်းထုတ်လိုက်မိ၏။

“ ခင်ဗျား ဆရာကြီးဆိုတာ ဘယ်သူလဲဗျ. . . ၊ ခင်ဗျား



ာ တန်ပြန်သူတော်အဖွဲ့ကဆိုတော့ ခင်ဗျားဆရာကြီးဟာ ဒဏ်ပြန်တော်အဖွဲ့ရဲ့ ခေါင်းဆောင်လား”

ကျွန်ုပ်၏မေးခွန်းကို လွန်စွာအရုပ်ဆိုး၍ လွန်စွာမှ သေးသော မသူတော်မောင်သီးသည် ဖြေကြားခြင်းမရှိဘဲ တ်ဆိတ်လျက်ရှိပေ၏။ ၎င်းပစ်လိုက်သော ဆိတ်ချိုးပေါ်မှ ဓါးကို တ်ကြည့်လျက်ရှိပေ၏။

ကျွန်ုပ်သည် များစွာ စိတ်ရှည်ခြင်းမရှိတော့သည့် လျောက် စာအိတ်ရှည်ကြီးကို ဖွင့်ဖတ်လိုက်လေသည်။

ကျွန်ုပ်သည် လက်ရေးကိုကြည့်လိုက်သောအခါ ကျွန်ုပ်အား ည်လျှားထွေပြား၍ မနေမနားဇာတ်ရှုပ်၊ အလုပ်ရှုပ်၍ ငုတ်တုတ် ရန်ပင်ဖြစ်ခဲ့ရသော ကျွန်ုပ်၏ အဆွေတော်ကြီးဖြစ်သူ ကျွန်း က်ကျ သျှောင်ပေစူးဘိုးတော်ထံမှ စာဖြစ်လျက် စာမှာ အောက်ပါ တိုင်းဖြစ်ပေ၏။

## တ်ဆွေကြီးကိုသိမ်းမောင်

ကျုပ်ရဲ့ အခုစာကို ဖတ်ရတဲ့အချိန်မှာ မိတ်ဆွေကြီး သိမ်းမောင် အနေနဲ့ မသူတော်မောင်သီးရဲ့ ပညာကို တွေ့ပြီးပြီလို့ ဆပါတယ်။ သူဟာ ကျုပ်ရဲ့ တပည့်ကြီးတစ်ဦးဖြစ်ပါတယ်၊ ်ချိန်ကတော့ တံ့တေးငသီးဆိုတဲ့ ရာဇဝင်လူမိုက်ကြီးပဲ၊ တံ့တေး ိုက်လောကရဲ့ ထိပ်သီးတစ်ဦးပေါ့။ ကျုပ်နဲ့ တံ့တေး ရွှေဆံတော် ရားရဲ့ ရှမ်းဘုရားနားမှာတွေ့ပြီး ကျုပ်တပည့်ကြီး ဖြစ်ခဲ့တယ်၊ ခု သူ ခင်ဗျားဆီရောက်တဲ့အချိန်မှာ မခင်နွယ်စိန်ကို ကျုပ်ပေး

www.burmeseclassic.com

www.burmeseclassic.com



လိုက်တဲ့ တိဘက်ပေစာ 'ဝူး'ဟာ ရောက်ရှိနေပြီဆိုတာ သိရတဲ့ အချိန်ပေါ့၊ နောက်ပြီး ခင်ဗျားဆီကို တန်ပြန်သူတော်အဖွဲ့က ဝင်ရောက်မွှေနှောက်ပြီး အဲဒီ'ဝူး'ကို ရှာဖွေပြီး မတွေ့လို့ ခင်ဗျားရဲ့ အိပ်ခန်းနံရံမှာ စာဆွဲပြီးသွားတဲ့ အချိန်ပဲ။

ကျုပ်ဟာ ခင်ဗျားကို ကျုပ်ရဲ့ တိဘက်ပညာဖြစ်တဲ့ 'ဉမေါသ' ပညာပေးဖို့ရာ **အခွင့်သင့်တိုင်း စာရေးပြီးအကြောင်း** ကြားတာ ခါးပိုက်နှိုက်**ဦးပိန်ကြီးကို လွှတ်**လိုက်တာဟာ **သင်္ကေတ** ပေါ့။

ခါးပိုက်နှိုက်**ဦးပိန်ကြီးဟာ** တန်ပြန်သူတော်အဖွဲ့ရဲ့ 'အချိန်ပိုင်းအလိုက် တိုက်ခိုက်ခြင်း' ဆိုတဲ့ တိဘက်ပညာရပ်နဲ့ တိုက်ခိုက်ခြင်းခံရပြီး အဲဒီအချိန်ပိုင်းအလိုက် တိုက်ခိုက်ခြင်းဆိုတဲ့ အထဲမှာ ပါတဲ့ ပညာမူတစ်ခုအရ လှိုင်းပုတ်သော လှေဝမ်းပေါက်ခြင်းဆိုတဲ့ ပညာပိုဒ် တိဘက်အခေါ်အဝေါ်တော့ (ထန်ကုနမုတိ)ပေါ့။ လူရဲ့ ချက်တိုင်သွေးကြောစုစည်းရာ အချိန်ကိုမှန်းပြီး တစ်ပတ်ကျော် ကာလက အကြောနှိုက်လိုက်ခြင်းပဲ၊ ထိတာနဲ့ သေတယ်ဆိုတဲ့ တိဘက်ပညာရဲ့ သဘောတစ်ခုပဲ၊ ဒါတွေဟာ ယုံတမ်းစကားတွေ မဟုတ်ဘူးနော်၊ ဒဏ္ဍာရီတွေလဲ မဟုတ်ဘူး၊ တကယ်ဖြစ်တာတွေ ကို ပြောတာပဲ၊ ပညာအကြောင်း နားမလည်သေးတဲ့ လူစိမ်းတွေ ကတော့ ဒဏ္ဍာရီပုံပြင်လို့ အောက်မေ့မှာပဲ၊ တကယ်လိုက်စားရင် တကယ်ဖြစ်တဲ့ ပညာတွေပဲ။

ကျုပ်ဟာ တိဘက်ဉခေါသပညာနဲ့ လူသားအကျိုးပြု လုပ်ငန်းကို လုပ်ရင်း မလွဲမရှောင်သာဘဲ ကျုပ်ရဲ့ အုတ်ခွက်စာအရ



လိုက်ပါဆောင်ရွက်ရတာမှာ ကျုပ်ဆရာကြီး 'ကွမ်'ရဲ့ ဒဏ်ခတ်ခြင်းကို ခံရပြီး တစ်ကျွန်းကို သွားရတော့မယ်၊ ဒီအခါမှာ ဒီတိဘက် ဆရာကြီးရဲ့ ဉခေါသပညာဟာ အလဟဿမဖြစ်စေဘဲ လူသား အကျိုးပြုလုပ်ငန်း ဖြစ်ပေါ်အောင် လက်ဆင့်ကမ်းပြီးဖြန့်ဖြူးနိုင်ဖို့ အတွက် ကျုပ်တပည့်မလေး မခင်နွယ်စိန်ကို ပို့လွှတ်ပြီး ကျုပ်'ဝူး' ကို ပေးပို့ရခြင်းဖြစ်ပေတယ်။

ဒါပေမယ့် ဒီကိစ္စမှာ တန်ပြန်သူတော်အဖွဲ့ဆိုတဲ့ ရှေးဟောင်းမင်စာ၊ ပုရပိုက်စာ၊ ဘူးစာနဲ့ ရှေးဟောင်းရတနာ၊ ဘုရားဌာပနာတုကိုခိုးပြီးရောင်းစား ရှေးဟောင်းပညာတွေလိုက်စားတဲ့ လူမိုက်ဂိုဏ်းတစ်ဂိုဏ်းက နှောင့်ယှက်မှု ပြုနေတယ်ဆိုတဲ့အကြောင်းကို ကျုပ်ဆရာကြီး 'ကွမ်'က ကျုပ်ကို တယ်လီပယ်သီ (Telepathy) နည်းနဲ့ပို့လွှတ်ပြီး အကြောင်းကြားတယ်။ ဒါကြောင့် ကျုပ်တပည့် ကြီးတစ်ဦးဖြစ်တဲ့ မသူတော်မောင်သီးကို သက်ဆိုင်ရာတွေဆီ ခွင့်တောင်းခေါ်ယူပြီး ခင်ဗျားဆီ လွှတ်လိုက်ရတာပဲ။

ကျုပ် ဆရာကြီး'ကွမ်'ကပြောတယ်၊ ဒီပညာတွေကို တစ်ချိန်ကျရင် ကမ္ဘာကသိအောင်ရေးပြုလုပ်ပြမယ့် လောဆန်ဆိုတဲ့ ပုဂ္ဂိုလ် ဟာ ပေါ်ပေါက်လာလိမ့်မယ်လို့ ဆိုတယ်။ ဒါပေမယ့် အဲဒီ လောဆန် ဆိုတဲ့ ပုဂ္ဂိုလ်ရေးပြမယ့်အထဲမှာ ဒီ ဉခေါသပညာဟာ ပါမသွားခဲ့ဘူး၊ တိဘက်တွေ အနိမ့်ဆုံးအဆင့် ကျင့်ကြံတဲ့ တတိယမျက်လုံးခေါ်တဲ့ (Third Eye) ရဲ့ ကျင့်စဉ်အချို့ဟာ ထင်ပေါ်လာလိမ့်မယ် လို့ ဆိုတယ်။

(နောင်အခါတွင် လောဆန်ရမ်ပ ဆိုသော တိဘက်ယောဂီ

www.burmeseclassic.com

www.burmeseclassic.com



ကြီးသည် 'လာမားဆီရီးစ်'ခေါ်သော ကမ္ဘာကျော်စာအုပ်တွဲကြီးများကိုရေးကာ တိဘက်ကျင့်စဉ် အလင်းရောင် ဖွင့်ခဲ့ပေသည်။)

(စာရေးသူ)

တိဘက်ကျင့်စဉ်ဖြစ်တဲ့ ဒီ'ဥခေါသ'ပညာမှာ တတိယမျက်လုံးခေါ်တဲ့ အချက်ကို ပေါက်မြောက်တဲ့ အဆင့်ဖြစ်စေဖို့ ကျင့်ရန်ထက် ထို့ထက်ပိုပြီးမြင့်တဲ့ လောကရဲ့ သယမ္ဘူတရား၊ ပဋ္ဌဝဂ္ဂ လောကပါလတရား၊ ဘုတင်္ဂသင်္ဂီက သမ္မုဟာတရား၊ သစ္စဒီပတရွှေရောင်တရား၊ ဝဂ္ဂင်္ဂဒီပလင်္ကာရ အခြေခံကရားတွေကို ရှာဖွေဖို့အတွက် အလင့်ကျင့်စဉ်တော် (Light Forming Medidation) ခေါ်တဲ့ ဇ ရားကိုရဖို့အတွက် အဓိကရည်မှတ်ချက်သာ ဖြစ်တယ်။

ကျုပ် ဆရာကြီး 'ကွမ်'က ကျုပ်ကို တယ်လီပယ်သီနည်းဖြင့်ရှင်းပြပြီး ကျုပ်ကို တိဘက်ပေစာ'ဝူး'ကို ထိန်းသိမ်းစောင့်ရှောက်ဖို့နဲ့ ထိုက်တန်တဲ့သူကို ဆက်ခံဖို့ ညွှန်ကြားချက်ပေးလိုက်တယ်။

တယ်လီပယ်သီနည်းဆိုတာ ခင်ဗျား သိချင်မှသိပေလိမ့်မယ်။ သူရဲ့ တတိယရုပ်လွှာကို ပိုင်သခြင်းဆိုတဲ့ ဩဠာမသုခိတရုပ်ကို ပိုင်သတဲ့ လူအချင်းချင်းဆက်သွယ်မှုပြုတဲ့ ကြိုးမဲ့ကြေးနန်းတစ်မျိုးပေါ့။ ဒီလူရဲ့ ဩဠာမသုခိတရုပ်ကို ပိုင်သတဲ့ ပုဂ္ဂိုလ်ဖြစ်ဖို့ဟာလဲ 'ဥခေါသ'ပညာကို ကျင့်ရင်ရပါတယ်၊ ကိုသိမ်းမောင်။

အိန္ဒိယယောဂီအကျင့်ကို ကျင့်တဲ့ယောဂီပဲ ဖြစ်ဖြစ်၊ တိဘက်ယောဂီပဲဖြစ်ဖြစ်၊ မြန်မာသမထနည်းကို ကျင့်တဲ့ ယောဂီပဲဖြစ်ဖြစ် လူရဲ့ တတိယရုပ်ကြွင်း ဩဠာမသုခိတရုပ်ကို ပိုင်သမှုသာလျှင် ထူးခြားမှုရှိပြီး ယောဂီပညာရဲ့ အရသာကို တင်းပြည့်



ပြည့် ခံစားရသူတွေဖြစ်တယ်။ သို့မဟုတ်ရင် ယောင်ဝါးဝါးသာပြီး ရှေ့ဆက်လုပ်ရမယ့် လုပ်ငန်းစဉ်တွေ ပျောက်ပျက်ပြီး ယောဂီရဲ့ လမ်းပေါ်မှာ အဝတ်မပါတဲ့ ကလေးငယ်လေးနဲ့ အတူတူပဲ ကိုသိမ်းမောင်၊ ဒါကြောင့် ယောဂီအကျင့် ဝါသနာပါလှတဲ့ ငယ်တွေ လူရွယ်တွေနဲ့ ယောဂီကြီးတွေအတွက် ကျုပ် 'ဥခေါသ' ကျင့်စဉ်ကို ပေးလိုလို့ ခင်ဗျားဆီကို ပေစာရွက် 'ဝူး'ကို ပေးလိုက်ရ ပါးပဲ။

ကျုပ် တပည့်ကြီး မသူတော်မောင်သီးကိုတော့ ကျုပ် ယ်တိုင်ပဲ လွန်စွာလျှို့ဝှက်နက်နဲလှတဲ့ ရှမ်းပြည်နယ်တောင်ပိုင်း ဝဂ္ဂရဲ့ နောက်ဘက် မင်စာတောတန်းမှာရှိတဲ့ လွန်စွာအသက် ရှင့်ပြီး လွန်စွာမှ လျှင်မြန်လှပြီး၊ လွန်စွာမှ ကြောက်စရာကောင်း တဲ့ ဆရာကြီး မံတိက္ခရဲ့ ရှမ်းတရုတ်လက်သိုင်းပညာ၊ ရှမ်းလို တော့ 'လိုင်းချန့်ကူး'ခေါ်တဲ့ ပညာကို ကျုပ်သင်ပေးထားတယ်။ အဲ့ဒီ လိုင်းချန့်ကူး'ရဲ့အကြောနှိပ်ပညာဟာတိဘက်'ဥခေါသ'ပညာမှာပါ သေခြင်း၏ နိယာမဘူတပီဇနကာရအပုဒ်နဲ့ ဆက်နွယ်နေတယ်။

(ကျွန်ုပ်သည် ဆရာကြီး မံတိက္ခခေါ် ဘိုတိက္ခ၏ ရှမ်း ရုတ်လက်သိုင်းကို ခြေရာခံမိ၍ ဆည်းပူးရာ ယခုအခါတွင် ကာချန့်ဟု အခေါ်များလျှက်ရှိသည်ကို တွေ့ရပေသည်။ ခူးကာချန့် ဆရာကြီးဦးစန္ဒာသည် လွန်စွာနာမည်ကြီး၍ နာနတ်သီး၊ ဖရဲသီး ကျောက်စောင်းများကို လက်ညှိုး၊ လက်စောင်းဖြင့် ထိုးခွဲပြသ သည်။)

(စာရေးသူ)

www.burmeseclassic.com

www.burmeseclassic.com



အဲဒီ မသူတော်မောင်သီးရဲ့ ပညာနဲ့ 'ဝူး'ကို စောင့်ရှော ကားဘွယ်ပေးဖို့ လွှတ်လိုက်တာပါပဲ ကိုသိမ်းမောင်။ သူဟာ ခင်ဗျ နဲ့ အတူတကွ 'ဝူး'ကို ထိန်းသိမ်းရင်း ဆက်လုပ်ရမယ့် ကိစ္စတွေ ပြောပြလိမ့်မယ်။ အလင်းနဲ့ အမှောင်ဟာ လောကသဘာဝ ဖွဲ့နေခြင်းပဲ၊ အလင်းနဲ့ အမှောင်ကြောင့် အေးခြင်း၊ ပူခြင်း ဖြစ်ပေါ်လာရပြီး ရှင်သန်ခြင်းနှင့် ချုပ်ငြိမ်းခြင်းဆိုတာကို ဖြစ်စေ စေတာကို ကျုပ်ရဲ့ 'ဥခေါ်သဲ'ခေါ်တဲ့ တိဘက်ကသိုဏ်းကျင့်စဉ် ဖော်ပြပါလိမ့်မယ်။

သင့်ရဲ့ ဝတ္တကမတ္တ မိတ်ဆွေ
ညောင်ပေစူး ဘိုးတော်

* * *

## မသူတော် မောင်သီး

မသူတော်မောင်သီးသည် ကျွန်ုပ်နှင့်အတူတကွ နေစဉ် ကာလ၌ အထူးဂရုစိုက်စရာမလိုကြောင်း ကျွန်ုပ်အား ပြောကြား ပြီးလျှင် ၎င်းသည်လည်း ရောက်လိုသောအချိန်မှ ရောက်လာလေ သည်။ သို့သော် ညပိုင်း၌မူ မှန်မှန်ပြန်၍ အိပ်လေ့ရှိပေသည်။

ကျုန်ုပ်သည် ညောင်ပေစူးဘိုးတော်အား ကျွန်းဒဏ်ပေး သည့်ရက်ကို သွားရောက်စုံစမ်းသော်လည်း အထူးတိုက်အတွင်း၌ ထားပြီးလျှင် ကျွန်းဒဏ်ပေးမည့် တိကျသောရက်ကို သတ်မှတ်ခြင်း မရှိသေးကြောင်းကိုသာ သိရလေသည်။ သို့ဖြင့် ကျွန်ုပ်သည် ရက်သတ္တပတ်ကြာမျှပင် စာရေးခြင်းစာဖတ်ခြင်းနှင့် ကျွန်ုပ်၏ ဘာရာဏသီလက်ငှေ့လေ့ကျင့်ခြင်းဖြင့် အချိန်များကို ကုန်လွန်စေ လေသည်။

ကျွန်ုပ်သည် ရှေးဟောင်းပညာရပ်တို့အား နိုက်နိုက်ချွတ်

www.burmeseclassic.com

www.burmeseclassic.com



ချွတ် လေ့လာထားသော ဆရာကြီးတစ်ဆူပမာ ပြည့်ဝပေသော သျှောင်ပေရှုံးဘိုးတော်သည် အဘယ်ကြောင့် ရာဇဝတ်သား အဖြစ်သို့ရောက်၍ လူပေါင်းများစွာကို သတ်ခဲ့ရသနည်းဟူသ ကို စဉ်းစားမိ၍ ထိုအခြင်းအရာကို ပေါ်ပေါက်စေသည်ဟူသေ အုတ်ခွက်စာကို ဖတ်လိုလှသော်လည်း မသူတော်မောင်သီး၏ မဖတ်လိုသဖြင့် အသာဝှက်၍ ရှောင်တိမ်းနေခဲ့ရာ တစ်နေ့သေ နေ့လယ်ဘက်၌ မသူတော်မောင်သီးသည် အဝတ်အစားများ လှယ်လျှက် အပြင်သို့ ထွက်သွားသဖြင့် ကျွန်ုပ်သည် ကျွန်ုပ်၏တွ သေတ္တာထဲတွင်ထည့်ထားသော အုတ်ခွက်စာနှစ်ခုကို ကောက် မိလေသည်။

ကျွန်ုပ်သည် လွန်စွာရှေးကျသော အုတ်နှစ်ချပ်အတွင်း ရေးထိုးထားသော ရှေးစာအချို့ကိုဖတ်၍ မတတ်သော်လည်း အုတ်ခွက်နှစ်ခုကြားတွင် ညှပ်၍နေသော ရှေးစာမျိုးကိုမူဖတ် ရသဖြင့် ဖတ်ရှုရပေသည်။ ထိုပေစာတွင် ဆေးနီရောင်ကဲ့သို့သေ အရောင်ဖြင့် ရေးထားသည်ကို တွေ့ရသည့်ပြင် လက်ရေးမှာလည် ညီညာခြင်းမရှိပေ။ ကျွန်ုပ်သည် အနီရောင်ဆေးသားကို သေချာ လေ့လာကြည့်ရှုလိုက်သောအခါတွင်မူကား ဆေးရောင်အနီမဟုတ် ဘဲ သွေးများဖြစ်နေသည်ကို တွေ့ရပေသည်။

ထိုစာကိုဖတ်ရသည်မှာ ကျွန်ုပ်ကိုယ်တိုင်ပင် အမျိုးအမည် ဖော်ရခက်သော ခံစားမှုမျိုးကို ခံစားရလေသည်။

စာမှာ အောက်ပါအတိုင်းဖြစ်ပေသည်။

အရှိအမျိုးကား သျှောင်ပေရှုံးမျိုးရိုးတည်း။ ခါးကို တည်



ဝင့်၍သော်မှ လည်မျိုမှတည့် သွေးထွက်သော်မှ ရို့အမျိုးသည် ရဲစားသည် မည်သ၏တည်း၊ သျှောင်ပေရှုံးအဘိုးစဉ်ဆက် သွေး တည်း၏ အလုပ်ကောင်းသော်မှ သူရဲတည်း။

လူမိုက်မောင်ရဲသည် ရို့အဘိုးကို သတ်ဘိ၏။ ရို့အဘိုး၌ တည်သော ဥစ္စာကိုယူ၍ ရို့ အမျိုးတိမ်အောင်ပြုဘိ၏။ ပွေးလှသူ မယ်ချင်းသည်လည်း လူအန္တ ငရိုး၏ ခါးရိုး၌ အသက်ပျောက်ရ၏။ အရို့မောင်နှမတစ်စုသည် လူမိုက်တို့၏ လုပ်ကြံရာ၌ အသက် ပျောက်ရသည်ချည်းဖြစ်သည်။

အင်းဝမင်းသည် မင်းခေါင်ကြီး ဦးရွှေလှကိုခေါ်၍ လူမိုက် ငရိုးအား သုတ်သင်စေသည်။ သို့သော် မင်းခေါင်ကြီး ဦးရွှေလှ၏ သမီး မမယ်လုံသည် ငရိုး၏ တပည့်သားတို့၏ လုပ်ကြံမှုကိုခံရ၏။ အချုပ်တော်မောင်ကောင်းသည်လည်းကောင်း၊ အနောက်ရွာ ပစ္စင်း ရပ်၌ ငရိုး၏ တူတော်သူ ငရစ်က လည်မျိုကို တုတ်ဖြင့်ရိုက်၍ အသက်ထွက်ရ၏။ မောင်ကောင်း၏သမီး မယ်ဇင်သည်လည်း ငရစ်၏ မွေးစားသားမောင်ရင်ထက်၏ အဂမ္မကျင့်ခြင်းခံရ၍ အဆိပ်သောက်၍ ငရင်တောသချိုင်းသို့ပို့ရာတွင် ရို့အမျိုးစပ်သူ ခြောက်ယောက်ကို လူမိုက်သင်းဝင် ငရိုးနှင့် ခါးပြခေါင်းဆောင် ရသြတို့က ဝိုင်း၍သတ်ကြ၏။

အင်းဝဘုရင်သည် အမှုတော်လုပ်၍ မြို့ဝန်ကြီးဦးရွှေအား ခေါ် စေကောင်းအား တရားစစ်စေသော်လည်း ရွှေနက်တုံးယူ၍ အမှုကိုပလပ်သောကြောင့် ရို့အမျိုးတို့ နာလှဘိ၏။

သူ့ကျွန်မားရင်းဖြစ်သော ရို့အမျိုးကြီး ဘိုးကြီးငထင်ငယ်

www.burmeseclassic.com

www.burmeseclassic.com



၏ ဇာတိသည် သိမ်ရသောကြောင့်တည်း။ ငါသည် ဤကျိန်စာတို ရေး၍ ငါ့အမျိုးတို့မသိခိုက် ရုပ်ဖျက်၍ အမှောင်ဝင်၍ အင်းဝမြေ နန်းမသိအောင် လူမိုက်အန္ဓဗာလတို့ကို လည်မျိုကို တုတ်ထော သတ်နည်းဖြင့် သတ်တုံ့ခဲ့၏။ ငါသည် ဓါးပြခေါင်းဆောင် ငရိုး ဆွေစဉ်ခုနစ်ဆက်ဖအား လည်မျိုတုတ်ထောက်နည်းဖြင့် သတ်ခဲ့၏ သင်းတို့လျှာထွက်၍ သေရ၏။ ကောင်းစွ။

ငါသည် တရင်းမြို့သို့ဝင်၍ သူကြီးဦးမဲကြီးအားလည်း အရက်ထောင်၍ လှော်ဇာလှောင်နေစဉ်၌ တုတ်ထောက်သတ်ခဲ့ ၏။ သင်းသည် အစိုးရတစ်ဖက်၊ လူဆိုးတစ်ဖက်ပြု၏။ သင်းသည် လည်း လူမိုက်သင်းအုပ်တည်း။

ရှိ အမျိုးသည် သျှောင်ကြီး ငရန်ငယ်နှင့် ဘိုးကြီးငထင်ငယ် ၏ အမျိုးတည်ဖြစ်၍ ဓါးမျိုးဖြစ်ခြင်းကြောင့် သွေးဖောက်၍ သစ္စာ ၌ တည်အပ်၏။ ငါ့အမျိုးသည် ငါသေပြီးကသော်လည်း၊ မကောင်း မှုနှင့် မတရားမှု၌ တည်းတည်စေ၍၊ တွေ့စေသော် ငါထားရစ်ခဲ့ သောတုတ်နှင့် ပညာဘက်ကိုယူ၍ တာဝန်ယူရစ်ရမည်။ အစိုးရ အပြစ်တို့မှ မကြောက်အပ်ရာတည်း။ မိမိလက်မှ ထွက်သော သွေး၏ တန်ဖိုးထက် အဖိုးတန်သော အချက်မရှိပြီတည်း၊ မိမိလက်ဖြင့် ရှင်းလင်းရသည်ထက်ပို၍ ကြေစေတတ်သော အမှုကိစ္စသည် မရှိပြီ တည်း။

ငါ့ဆရာပေးသော 'ယွန်း'သိုင်းပညာအနှစ်သည် အကြော ကို ဆစ်၍ ပိုင်းကာဖြင့် လည်မျိုတုတ်ထောက်၍ အသုံးပြုအပ်၏။ လည်မျိုတုတ်ထောက် သိုင်းပညာကို ပို၍ ပိုင်သသည်သော် လတ်



သိုးဖြင့် ထောက်မှ၍ ဇိဝိန်ကို ခွေအပ်ရာ၏။

ရှိ အမျိုး ငထင်ငယ်သည် ကြောင်ရင်းဆရာတော်၏ ဆက်မဝှက် သုံးဂါထာနှင့် ယွန်းဘက်သိုင်းအရာ၌ ဆရာတစ်ဆူ သည်း။

ငထင်ငယ်သည် သျှောင်ပေစူးကို သေသည့်တိုင်ထား၏။ သူရဲကောင်းတည်း။ သူရဲကောင်းဟူရာ၌ တွန့်ဆုတ်ခြင်းအမှုကို ပြုသော်မှ သူရဲကောင်းမည်၏ဟု ရှိဘိုးကြီးငထင်ငယ် ဆိုခဲ့၏။

သူရဲတုန်လျှက် မရွံ့စကောင်း၊ မင်းတိုင်းပျော် အမှုထမ်း ခြင်းဖြင့် မလုံလောက်သော်မှ မိမိ၏ ဦးဆံကိုရှက်၍ ဓါးလွတ်ကိုင် လျှက် ခိုးသူ၊ ဝှက်သူ၊ နှိပ်ဆက်ကလူကမင်းပြုသူတို့ကို နှိပ်ကွပ်ရမည်။

ငါသည် ဝါခေါင်လပြည့်ည သန်းခေါင်ယံအချိန်၌ ဓါး လွတ်နှင့် ယွန်းတုတ်ကိုကိုင်ကာ ရွှေပြည်နှင့် လူသွမ်းဘစ်သိုက်အား ခေါင်းဖြတ်တန်ဖြတ်၊ တုတ်တိုဖြင့် လည်မျိုညှပ်တန်ညှပ်၍ တစ်ညဉ့် တည်းနှင့် လူပေါက်ပန်း လူသွမ်းတစ်ကျိပ်ကို သုတ်သင်ခဲ့၏။

မင်းကြီးရဲပေါက်သည် ငါနှင့် ရင်ဆိုင်ခဲ့ရ၏။ မင်းကြီး ရဲပေါက်သည် ဖြတိုက်စိုးဝန်ဖြစ်လင့်ကစား သေရည်နှင့် လှော်စာ တို့မင်၍ နေပြည်၌ စွမ်းသည်ဟု ကျော်လှသော ဓါးပြပုန်း မောင်ကောက်ကြီးနှင့်ပေါင်း၍ ဖြတိုက်စာရေး မောင်တုတ်တို သတ်၍ ဖြတိုက်အတွင်းရှိ အတွင်းဘဏ္ဍာတော်များကို ခိုးယူ၍ စာရေးမောင်တုတ်အပေါ် ပုံချသည်ကို ငါသည် ဖြတိုက်စိုးဦးဝန်အား ဝန်ခံစေရာ ဖြတိုက်စိုးနှင့် မောင်ကောက်ကြီးတို့သည် သူလူစုတစ်ကျိပ် နှင့် တွေ့ရ၍ ပြင်းစွာရန်မူသည်ကို ငါသည် ယွန်းသိုင်းပင်ပညာဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ခုနစ်၍ သင်းရို့လူစုမှ မောင်ကောက်ကြီးနှင့် ဖြတိုက်စိုး၏ ဦးခေါင်း ကို ငါဖြတ်၍ မင်းကြီးထံ ပို့ဆက်၍ အတွင်းလျှို့ဝှက်စာများ… ပြစေရာ ငွေကြာတိုက်တစ်ချပ်နှင့် ဘုရင်ဆောင်ဓားတစ်လက် ချီးမြှောက်ခံရပေသည်။

ရို့အမျိုးကြီး ထေင်ငယ်သည် ယွန်းသိုင်းနှင့် အကြော… ပညာတွင် အရာထားရာ ဆရာဗိုလ်တစ်ဦးဖြစ်၍ အင်းဝဘု… နစ်မြိုက်တော်မူလှသည်။ ရို့အမျိုးကြီးထေင်ငယ်သည် ညဉ့်အမှော… ၌ ခိုးသူ သွမ်းပေါက်တို့ ခေါင်းကိုဖြတ်ပြီးလျှင် ပြည့်ရန် ငြိမ်း… ၏။

ငါသည် မျိုးကြီးကို အတုယူ၍ ရန်နှိမ်၊ မာနနှိမ်၊ ဝရမ်း… ဂါထာကို ကျူးရင့်ဘိ၏။

ရို့အမျိုးတိုင်းသည် ပြည့်ဝန်ထမ်းလျှက်ရှိသော်လည်း ဦးစွန်းဆံမြည့် ရန်ငုတ်ကို အပြီးတိုင် ကျွမ်းစေရမည်။ ပြည့်ဝန် မထမ်းသော်ကလည်း ဖြေရှင်းရမည်။ ယွန်းပညာနှင့် အကြော… ပညာ၌တည်း လိမ္မာစေရမည်။ သျှောင်ပေစူးကို အမြတ်တနိုးထား ၍ သျှောင်၏ အဆောင်ကို ရွတ်ရမည်။ သျှောင်ပေစူးအရာမြော… ၍ သူရဲတည်းဟူသော နာမကိုခိုလှုံ၍ သေတက် ရှင်တက်ပြုရမည်။

ငါ၏ သားကြီး၊ မောင်မှုံကြီး၊ မောင်တိုင်ကြီး၊ မောင်သ… နှင့် သမီးမမယ်ယုံ၊ မမယ်တုံ့မှစ၍ ငါ၏ လူရင်းလူချာမောင်ခွေးကြီး နှင့် မောင်နေကြီးတို့သည် ငါ၏ ပေလွှာအမိန့်နာခံစေ၊ ငါ့ပေစာ… စဉ်ဆက်လိုက်နာရင်း ပြီးရှိသော်မှ လွှန်မြှောက်သော် အုတ်ခွက်စာ အဖြစ် အဆောင်ပြု၍ အတွင်းဖြတိုက် ပိတ်ပြီးသော် နောင်လာ…



ဆက်မပျက် မျက်ကွယ်မပြုစေဘဲ ရှင်ကျန်ရစ်ရမည်။

စဉ်ဆက်သတိပြုရစေရန် ငါ၏ စက်သောသွေးတို့ဖြင့် ပေဖွဲ့ ကာ အုတ်ခွက်စာကို 'တည်'စေအပ်သတည်း။

ရို့အမျိုး၏စာကို 'ဆွေစဉ်ထုံးပြု'စာဟု ခေါ်စေ . . .

**မောင်ပိန်း**
**မြို့ဝန်ကြီး**
**အနောက်တိုင်း**
**အဝရွှေမြို့တော်**
**ရေးထိုးနှစ်ကာလ၊ သက္ကရာဇ် - ၅၀၄**

ကျွန်ုပ်သည် သျှောင်ပေစူးဘိုးယော်၏ 'အုတ်ခွက်စာ'ကို ဖတ်ရှုပြီးလျှင် မြို့ဝန်ကြီး မောင်ပိန်း၏ 'ဆွေစဉ်ထုံးပြုစာ'ခေါ်သော အမိန့်မှာတမ်းတစ်ရပ်နှင့် သျှောင်ပေစူးဘိုးယော်မည်သို့မည်ပုံ ဆက်စပ်မှုရှိသည်ကို စဉ်းစားသမှုပြုမိလေသည်။ သျှောင်ပေစူး ဘိုးယော်သည် မြို့ဝန်ကြီးမောင်ပိန်း၏ သမိုင်းစဉ်အရ အနွယ်တော် တစ်ဦးပင်ဖြစ်၍ သုတ်သင်မှုပြုနေရခြင်းပင် ဖြစ်ပေမည်ဟု တွေးတောမိလေ၏။

" ဟဲ . . . ဟဲ . . . ဦးသိမ်းမောင် ကျုပ်ရှေ့မှာတော့ ဘာဖြစ်လို့မဖတ်သလဲဗျာ၊ သျှောင်ပေစူးရဲ့ အနွယ်တော်အချင်းချင်း မဝှက်ကောင်းဘူး၊ ကျုပ်ကလဲ ခင်ဗျား 'အုတ်ခွက်စာ'စာဖတ်မယ့် အချိန်ကို စောင့်နေတာဗျ "

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် လွန်စွာစိတ်ဝင်စားဖွယ်ကောင်းလှသော သျှောင်ပေစူးဘိုးတော်၏ 'အုတ်ခွက်စာ'ကို ဖတ်ရင်း အတွေးလွန်နေစဉ် ကျွန်ုပ်၏နောက်သို့ မည်သည့်အချိန်ကမှန်းမသိ ရောက်ရှိနေသော မသူတော်မောင်သီးသည် ကျွန်ုပ်ရှေ့တည့်တည့် ရောက်လာကာ အထက်ပါအတိုင်း ပြောလိုက်လေ၏။

" ကျုပ်က သျှောင်ပေစူးအနွယ်တော် မဟုတ်ဘူးဗျ၊ ခင်ဗျား ဆရာကြီးရဲ့ ဝတ္တကမတ္တ မိတ်ဆွေပဲ မသူတော်ကိုသီး "

" ဝတ္တကမတ္တ မိတ်ဆွေဆိုတာ အနွယ်တော်ထက် ပိုပြီး လေးနက်တာပေါ့ဗျာ၊ ဝတ္တကမတ္တ မိတ်ဆွေဆိုထာ တာဝန်ကို အလေးအနက်ပြုရတဲ့ ယုံကြည်ထိုက်သောမိတ်ဆွေမဟုတ်လား အဲဒီတော့ သျှောင်ပေစူးရဲ့ သာဝကဖြစ်တဲ့ ကျုပ်မသူတော်မောင်သီးကိုလဲ ခင်ဗျားရဲ့ အစိတ်အပိုင်းထဲမှာ ထည့်မှပေါ့ ဦးသိမ်းမောင်ရဲ့ ဟုတ်ဘူးလား၊ ကျုပ်ဖြင့် ဖတ်ဖတ်ကိုမောနေပြီ၊ ရှာလိုက်ရတာ ဟောဒီမှာရော့. . . "

ကျွန်ုပ်သည် မသူတော်မောင်သီးအား စေ့စေ့ကြည့်လိုက်ပြီးလျှင် ကျွန်ုပ်စားပွဲရှေ့သို့ ချပေးလိုက်သော လွယ်အိတ်ကြီးတစ်လုံးကို ကြည့်လိုက်လေ၏။

" ဒါ သျှောင်ပေစူး ဘိုးတော်ရဲ့ မှတ်တမ်းတွေလေဗျာ သျှောင်ပေစူး မှတ်တမ်း၊ ကျုပ်ဆရာကြီးက ခင်ဗျားဆီပို့ရမယ်ဆိုလို့ ကျုပ်ဖြင့် တော်တော့်ကို မောသွားတယ်ဗျာ. . . "

" အင်း. . . ဆိုစမ်းပါဦး "

" ဆိုစမ်းပါဦးဆို ကျုပ်ဆရာကြီး သျှောင်ပေစူးဘိုးတော်



က အိမ်ခြေရာခြေနဲ့ အတည်တကျနေတဲ့လူမှ မဟုတ်တာ၊ တစ်မိုးတစ်တွင်းပြောင်းတဲ့ ဖားလိုပဲနေတော့ သူ့မှတ်တမ်းကို ရှာရတာ ဘယ်လွယ်မလဲဗျာ "

" အင်း. . . ဒါနဲ့ ကိုရင်က ဘယ်ကယူလာလို့လဲ "

" ဆံရှည် မင်းပေါက်လို့ခေါ်တဲ့ ကပ္ပိယလူလိမ်ကြီးဆီက ယူလာခဲ့တယ်၊ သူလဲ ဆရာကြီးရဲ့ တပည့်တစ်ဦးပဲ၊ ကျိုက္ကဆံဘုရားရဲ့ ရာဟုထောင့် ဗေဒသာဂရ ကုန်းပေါ်မှာရှိတဲ့ သူ့ရဲ့ တဲအတွင်းကပဲ "

(ကျိုက္ကဆံဘုရား၌ရှိသော ဗေဒသာဂရကုန်းကိုတွေ့ရှိသူ ဗေဒင်ဆရာတို့သည် အကျော်ဒေးယျ ဗေဒင်ဆရာတစ်ဦးဖြစ်မည်ဟု အဆိုရှိသည်။ ရှာဖွေကြည့်ပါရန်။)

(စာရေးသူ)

" ဆက်ပြီး လင်းစမ်းပါဦး "

" လင်းစရာကတော့ ကျုပ်က သျှောင်ပေစူးမှတ်တမ်းကို ခင်ဗျားလက်ထဲထည့်ပြီးရင် လျှို့ဝှက်ပညာတွေနဲ့ မှတ်တမ်းကို ဆရာကြီးခိုင်းတဲ့အတိုင်း တာမွေသချိုင်းမှာရှိတဲ့ ဇစ္စနအုတ်ဂူထဲ အလုံပိတ်ထည့်ပြီးရင် ကျုပ်ကိုယ်တိုင် ဆရာကြီးသျှောင်ပေစူးရှိတဲ့နေရာလိုက်ပြီး အစီရင်ခံပြီးရင် အလွန်လှပတဲ့ ချစ်စဖွယ်ကောင်းလှတဲ့ မခင်နှပ်ဇိန်ထံသွားပြီး သူ့ကို တစ်သက်လုံး စောင့်ရှောက်ရမယ်၊ ဒါပဲ ဦးသိမ်းမောင်၊ ဟဲ. . . ဟဲ. . . ဟဲ. . . "

ကျွန်ုပ်သည် မသူတော်မောင်သီးအားကြည့်ပြီးလျှင် ရယ်ချင်စိတ်ကို မျိုသိပ်လိုက်ရပေသည်။ ကျွန်ုပ်၏ စိတ်၌ မသူတော်

www.burmeseclassic.com

www.burmeseclassic.com



မောင်သီးသည် စိတ်ကောင်းစွာ နှံ့မှန့်ပါရဲ့လားဟူသော သံသယစိတ်များပင် တဖွားဖွားပေါ်လာပေတော့သည်။

" ဒီမှတ်တမ်းတွေ၊ အုတ်ခွက်စာတွေ၊ ပေစာတွေကို ကျုပ်ကို ပေးပြီးမှ ဇစ္စနအုဟ်ဂူမှာ အလုံပိတ်ထည့်ရမယ်ဆိုတာ ဘာသဘောလဲဗျ၊ နောက်ပြီး သျှောင်ပေစူးဘိုးတော်ဟာ ကျွန်းဒဏ်ပေးခံရတဲ့ လူဆိုတော့ ခင်ဗျားက ဘယ်လိုလုပ်ပြီးလိုက်မှာလဲ "

" ဟဲ. . . ဟဲ. . . ဟဲ. . . ဦးသိမ်းမောင်က ပညာမှ မတတ်သေးတာဘဲ၊ ကျုပ်တို့ရဲ့ တိဘက်ပညာမှာ မဖြစ်နိုင်တာ မရှိဘူး၊ သျှောင်ပေစူးဘိုးတော်လည်း အချိန်ကျရင် ထွက်လာမယ့် လူဗျ "

ကျွန်ုပ်စိတ်သည် လွန်စွာရှုပ်ထွေးလျက်ရှိ၏။ ကျွန်ုပ်၏ရှေ့မှ မသူတော်မောင်သီးသည် ကျွန်ုပ်လက်ခံနိုင်ခြင်းမရှိသော စကားများကိုသာ ပြောဆိုနေသည့်အတွက် ကျွန်ုပ်သည် စိတ်အိုက်လျက် ရှိပေ၏။

" နောက်ပြီး ခင်ဗျားဟာ 'ရာဇဂဏ်' ဆိုတဲ့ လူတစ်ယောက်ကို နောက်နှစ်ပေါင်းအတော်ကြာတဲ့အခါမှာ ရှာရလိမ့်မယ်၊ အခု ကျုပ်တို့ ကိုလိုနီခေတ်ကုန်ပြီး အရင်းရှင်ခေတ်ကုန်ပြီးတဲ့နောက်ပိုင်း မှာပဲ "

ကျွန်ုပ်သည် ရေနွေးကြမ်းပန်းကန်ကို တစ်ကျိုက်မော့လိုက်လေ၏။ လွန်စွာပူလောင်သော ရေနွေးများကိုပင် ကျွန်ုပ်သည် သတိမထားမိဘဲ ဖြစ်ရလေ၏။

" ဘာလုပ်ဖို့လဲဗျ "



" ဘာလုပ်ဖို့လဲဆိုတော့ အဲဒီ ရာဇဂဏ်ဆိုတဲ့လူကို တွေ့ ...င် အခုဖြစ်ပျက်ခဲ့တဲ့ အကြောင်းအရာတွေကို အသေးစိတ်ပြန်ပြော ...ဖို့ပဲဗျ "

* * *

ကျွန်ုပ်သည် မသူတော်မောင်သီးယူဆောင်လာသော ...ယ်အိတ်ကိုနှိုက်၍ ကြည့်လိုက်ရာ အလွန်ဟောင်းနွမ်းလျက် ...တ်လုဆဲဆဲဖြစ်သော စာရွက်များတွဲထားလျက်ရှိသော ကော်ပီ ...အုပ်လေးအုပ်တွဲကို တွေ့ရပေသည်။ ထိုစာအုပ် လေးအုပ်တွဲ ...ပြင် လွန်စွာရှေးကျသော အရုပ်တစ်ရုပ်ကိုလည်း တွေ့ရလေသည်။ ...အရုပ်မှာ မြွေနှစ်ကောင် လိမ်ယှက်မျက်နှာချင်းဆိုင်လျက်ရှိသော ...င်။ ရုပ်လုံးမှာ ကျောက်စရစ်သားများဖြင့် ထုလုပ်ထားခြင်းဖြစ် ...လျှင် မြွေနှစ်ကောင်၏ ဦးခေါင်းမှာ လွန်စွာ အသက်ဝင်လျက် ...သည်ကို တွေ့ရပေသည်။ ထိုထူးဆန်းသော အရုပ်ကို ကျွန်ုပ်သည် ...လည်ခြင်းမရှိသည့်အလျောက် လွယ်အိတ်ထဲသို့ ပြန်ထည့်လိုက် ...လျှင် 'သျှောင်ပေစူးဘိုးတော်'မှတ်တမ်းကို ခေတ္တမျှလှန်လှော ...ည့်ရှုမိသော်လည်း မှတ်တမ်းမှာ လွန်စွာအချိန်ယူပြီး ဖတ်ရမည့် ... လွန်စွာရှုပ်ထွေးနက်နဲ၍ ကျွန်ုပ်မကျွမ်းကျင်သော ပါဠိဘာသာ၊ ...တ္တရှဘာသာ အပြင် တိဘက်ဘာသာတို့ဖြင့် ရေးသားထားလေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထို့ပြင် မြန်မာဘာသာဖြင့်လည်း ရေးသားထားသည်ဖြစ်၍ အချိန်ယူလျှက် လေ့လာရမည့်မှတ်တမ်းဖြစ်သဖြင့် ကျွန်ုပ်သည် ထိုမှတ်တမ်းစာအုပ်ကို လွယ်အိတ်ထဲသို့ ပြန်ထည့်ပြီးလျှင် ကျွန်ုပ် မီးဖိုချောင်၌ ရှိသော ကျွန်းသေတ္တာထဲတွင် အုတ်ခွက်စာတို့နှင့်အတူ ထည့်ထားလိုက်လေသည်။

ကျွန်ုပ်သည် အတော်အတန် စိတ်ပင်ပန်းသည့်ပြင် မှုန်ထွေး၍ မပြီးပြတ်နိုင်သော ကလယ်ကုလားပုံပြင်ထဲမှ ရုပ်သေးသမား 'ပူးရှုနား' ကဲ့သို့ ဖြစ်လျှက်ရှိခြင်းကြောင့် စိတ်အိုက်လာသဖြင့် ကျွန်ုပ်သည် တပည့်မောင်ကံစီအား အိမ်၌ထားခဲ့ပြီး လမ်းထိပ်ရှိ မြင်းလှည်းသမား 'ဘာရာ'နှင့်တွေ့သဖြင့် ကျွန်ုပ်၏ ကျောင်းနေဘက် သူငယ်ချင်းတစ်ဦးဖြစ်ခဲ့သူ တရားရုံးရှေ့နေ ဦးဘမြင့်ရှိရာ ဘိုးစိန်လမ်းဘက်သို့ အမောင်းခိုင်းလေ၏။

ဘိုးစိန်လမ်းအလယ်သို့ရောက်လျှင် ကျွန်ုပ်သည် 'ဘာရာ'ကို အလွန်ကျယ်ဝန်းခန့်ညားလှသော ခြံဝင်းကြီးထဲသို့ မောင်းနှင်ခိုင်းလေ၏။ ကျွန်ုပ်သည် ခြံ၏ ဆင်ဝင်နှင့် မနီးမဝေးမြေနီလမ်းပေါ်တွင် 'ဘာရာ'၏ မြင်းလှည်းအား ရပ်တန့်စေပြီးလျှင် မြင်းလှည်းခတစ်မတ် ပေးလိုက်လေ၏။ ကျွန်ုပ်သည် ဆင်ဝင်အောက်ရောက်လျှင် ကျွန်ုပ်၏စိတ်၌ တစ်မျိုးတစ်မည်ဖြစ်သွားလေသည်။ အဘယ်ကြောင့်ဆိုသော် ဆင်ဝင်အောက်တွင် တာမွေဂါတ်မှ ရဲသားလေး မောင်တင်ဝင်းကို တွေ့လိုက်ရသောကြောင့် ဖြစ်ပေ၏။ ကျွန်ုပ်သည် အိုင်ပီဦးအေးမောင်နှင့် ရင်းနှီးကျွမ်းဝင်သူဖြစ်ခြင်းကြောင့် တာမွေဂါတ်မှရဲသားအချို့နှင့် ဆားပုလင်းအချို့ကိုလည်း ရင်းနှီးလျှက်ရှိပေ၏။



" ဘယ့်နှယ်. . . ကိုတင်ဝင်း၊ ဘာကိစ္စများပါလိမ့် "

" လူသတ်မှု ဆရာ. . . အထဲမှာ အိုင်ပီကြီးတို့ ရှိတယ် "

" ဘယ်သူလဲကွ "

" ရှေ့နေ ဦးဘမြင့်လေ "

" ဟိုက်. . . "

ကျွန်ုပ်သည် ခေါင်းနပန်းကြီးလျှက် ကြက်သီးမွေးညင်းထသည်ပြီးလျှင် ဆင်ဝင်အောက်မှ သဘာဂျာတံခါးကို တွန်းဖွင့်ပြီး ဝင်သွားလေ၏။ အထဲ၌ မီးများလင်းလျှက်ရှိပြီးလျှင် အတွင်းဧည့်ခန်း၌ အိုင်ပီ ဦးအေးမောင်နှင့်အတူ တာမွေဂါတ်မှ ဆားပုလင်းသိမ်းမောင်ကြီး၊ ဂေါ်ရာ မောင်ချစ်တို့ကို တွေ့ရပေ၏။

မသိန်းမေသည် ကျွန်ုပ်အားမြင်လျှင်ပင် ကုန္ဒြေမဆည်နိုင်တော့ဘဲ ကျွန်ုပ်ထိုင်ရာဘက်သို့ လှည့်ကာ ချုံးပွဲချ ငိုကြွေးလေတော့၏။

" ရှင့်. . . လူကြီးကြည့်ပါဦး ကိုသိန်းမောင်. . . ရေ "

ဟူ၍ ရှိုက်ကြီးတငင် အော်ဟစ်ငိုကြွေးလေ၏။ ကျွန်ုပ်သည်လည်း များစွာ စိတ်မချမ်းမသာဖြစ်ပြီးလျှင် မသိန်းမေညွှန်ပြရာ အတွင်းအိပ်ခန်းထဲဘက်သို့ ဝင်ခဲ့လေ၏။

ကျွန်ုပ်သည် အိပ်ခန်းထဲရှိ လည်ပင်း၌ ဓါးတန်းလန်းဖြင့် သေဆုံးနေသော ငယ်သူငယ်ချင်း ရှေ့နေဦးဘမြင့်၏ အလောင်းကိုကြည့်ကာ ၎င်းအား အုပ်ထားသော အဝတ်ဖြူစကို ပြန်အုပ်ပေးခဲ့လေသည်။ မှုခင်းဘက်ဆိုင်ရာ ပုလိပ်သားတို့သည် အတွင်းခန်း၌

www.burmeseclassic.com

www.burmeseclassic.com



အလုပ်များလျှက်ရှိပေ၏။

ကျွန်ုပ်သည် အပြင်ဘက် ဧည့်ခန်း၌ရှိသော မသိန်းမေ
ထိုင်ရာအနီးသို့ သွားရောက်ထိုင်ကာ အကျိုးအကြောင်းကို မေးမြန်း
ကြည့်ရာ မသိန်းမေက ကျွန်ုပ်အား ပြန်လည်မဖြေကြားမီပင် အိုင်
ဦးအေးမောင်သည် ကျွန်ုပ်ကိုကြည့်ကာ. . .

"အဖြစ်ကတော့ တန်ပြန်သူတော်ရဲ့ လက်ချက်ပဲ ကိုသိန်း
မောင်၊ စာကပ်သွားတယ်၊ သျှောင်ပေစူး ဘိုးထော်လွတ်မြောက်
ကြိုးစားတဲ့နေရာမှာ ရွှေနေဦးဘမြင့်က ရှေ့တန်းကနေ ကြိုးစား
တာ ခင်ဗျားလဲ သိတာပဲမဟုတ်လားဗျာ၊ အစိုးရရှေ့နေကြီး မစ္စတာ
ဘရာမားနဲ့တောင် စကားများကြသေးတယ်၊ အင်း. . သျှောင်ပေစူး
ဘိုးထော်ကို အငြိုးကြီးကြီးထားနေတဲ့ တန်ပြန်သူတော်အဖွဲ့
လက်စွဲတော်လူမိုက်. . . ဘိုးခကို လွှတ်ပြီး အလစ်ဝင်သတ်သွား
တာပဲ . . . "

" ဟောဒီမှာ လူမိုက် ဘိုးခ ချသွားတဲ့ တန်ပြန်သူတော်
အဖွဲ့ရဲ့စာပဲ "

ကျွန်ုပ်အား အိုင်ပီ ဦးအေးမောင်လှမ်းပေးသဖြင့် စ
ကတ်ပြား လက်တစ်ဝါးသာသာလေးကို ဆွဲယူလှမ်းကြည့်
လိုက်ရာ. . .

" **တော်ရာ မနေ၍ တော်ရာသို့ ပို့ရသည်** "

**တန်ပြန်သူတော်အဖွဲ့**



ကျွန်ုပ်သည် ဦးဘမြင့်၏ ဇနီး မသိမ်းမေအား အတန်တန်
နှစ်သိမ့်အားပေးမှုများ ပေးပြီးလျှင် တာမွေဂါတ် အိုင်ပီကြီးဖြစ်
သော ဦးအေးမောင်နှင့်အတူ ပြန်လာခဲ့လေသည်။ ကျွန်ုပ်သည်
ကျောက်မြောင်းဈေးထိပ်၊ လူထု လက်ဖက်ရည်ဆိုင်အနီး၌ အိုင်ပီ
ဦးအေးမောင်၏ ကားပေါ်မှဆင်းပြီးလျှင် ကျွန်ုပ်နေထိုင်ရာ
မလွှကုန်းလမ်းအတွင်းသို့ ရောက်ခဲ့လေသည်။

ကျွန်ုပ်သည် ဘုန်းကြီးကျောင်းဝိုင်းရှေ့သို့ရောက်လျှင်
ကျွန်ုပ်၏ အိမ်ရှေ့၌ လူအုပ်ကြီးတစ်အုပ်ကို တွေ့ရလေသည်။
လူအုပ်မှာလည်း လှုပ်လှုပ်ရွရွဖြစ်လျှက်ရှိခြင်းကြောင့် ကျွန်ုပ်၏
ရင်ထဲတွင် ထိတ်ခနဲဖြစ်လျှက် ကျွန်ုပ်သည် အိမ်ပေါက်ဝရှိရာသို့
လူအုပ်ကြီးကို တိုးဝှေ့လျှက်ရှိ၏။ ကျွန်ုပ်အိမ်ရှေ့ လှေကားရင်းတွင်
လူနှစ်ယောက်သည် မှောက်ခုံကြီးလဲလျှက် လုံးဝငြိမ်သက်လျှက်ရှိ
ပေ၏။ လှေကားထိပ်တွင်မူ လူတစ်ယောက်သည် ပါးစပ်ဟလျှက်
ပက်လက်လဲလျှက် အမြုပ်တစ်စီစီထွက်လျှက်ရှိပေ၏။ တရှုပ်ရှုပ်
ငြကြွေးနေသော မောင်ကံစီ၏ဘေးတွင်ကား တာမွေဂါတ်မှ လူဆိုး
ဆိန်း ဆားပုလင်းဘတုတ်ကြီးနှင့် သူတပည့်တို့ ရပ်လျှက်ရှိကြပေ၏။

ကျွန်ုပ်အိမ်တစ်အိမ်လုံးသည် ကွဲရှသော အစအနများ၊
ပန်းကန်ကွဲများ၊ အိုးကွဲများနှင့် ကျိုးနေသော ကုလားထိုင်များ၊
စတုရုတ်များ ပြန့်ကြဲကြွေမွှဖွာရရာ ကြဲလျှက်ရှိ၏။ ကျွန်ုပ်ကိုးကွယ်
လျှက်ရှိသော ရှေးဟောင်းကျောက်ဆင်းတုသည်ပင် ကြမ်းပြင်ပေါ်
သို့ကျလျှက် ဦးခေါင်းနှင့် ကိုယ်တစ်ခြားစီကွဲလျှက်ရှိပြီး ဘုရား
ဆောင်ရေအိုးများသည်လည်း ဟိုတစ်စ သည်တစ်စ ပြန့်ကြဲလျှက်

www.burmeseclassic.com

www.burmeseclassic.com



ရှိပေ၏။

ကျွန်ုပ်သည် ဘုရားစင်အောက်တည့်တည့်သို့ ကြည့်လိုက်သောအခါတွင်ကား ကျွန်ုပ်သည် တစ်သက်တွင် တစ်ခါဖူးမျှ မကြုံဖူးသော ထိတ်လန့်ခြင်းမျိုးကို ကြုံတွေ့ရလေသည်။ ဘုရားစင်အောက် ပန်းအိုးကွဲများကြား၌ မသူတော်မောင်သီးသည် ပက်လက်လန်လျက်ရှိ၏။ ၎င်း၏ ပြူးကျယ်လျက်ရှိသော မျက်လုံးအစုံသည် လူ့လောကကို ထားရစ်ခဲ့သည့် အသွင်သဏ္ဌာန်ကို ဆောင်လျက်ရှိပေသည်။ ၎င်း၏ နဖူးတည့်တည့်၌ အလွန်လှပသော အရိုးဖြူဓားမြှောင်လေးတစ်ချောင်းသည် စူးနစ်ဝင်ရောက်လျက် မသူတော်မောင်သီးအား လူ့လောကမှ ကျောခိုင်းသွားစေခဲ့ခြင်းဖြစ်ပေ၏။

ကျွန်ုပ်သည် မသူတော်မောင်သီးအား သေချာစွာကြည့်ရှုခြင်း မပြုတော့ဘဲ ကျွန်ုပ်၏ နောက်ဖေးဆောင်ဘက်သို့ ဆက်လက်လျှောက်သွား၏။ ကျွန်ုပ်၏ ကျွန်းသေတ္တာထားရှိရာဘက်သို့ လျှောက်သွားရာ ကျွန်းသေတ္တာကြီးမှာကြေမွပြီးလျှင် အဖုံးတစ်ခြားအံတစ်ခြားဖြစ်လျက် ကျွန်းသေတ္တာထဲမှ ကျွန်ုပ်စုဆောင်းထားသော ပစ္စည်းပစ္စယများသည် စုပုံလျက်၊ အချို့သည် ကြေမွလျက် လွန်စွာစိတ်မကောင်းဖွယ်ရာဖြစ်လျက်ရှိပေ၏။ ကျွန်ုပ်သည် ကျွန်းသေတ္တာကို ငုံ့ကြည့်လိုက်ရာ မည်သည့်ပစ္စည်းမျှ မရှိတော့သည်ကို တွေ့ရလေ၏။ ကျွန်ုပ်အား ထိန်းသိမ်းရန် ပေးအပ်ထားသော တိဘက်ရေးဟောင်းပေစာ 'ဝူး'ခေါ် တိဘက် 'ဥခေါ်သာ'ပညာပေမူသည်လည်းကောင်း၊ သျှောင်ပေစူး ဘိုးထော်၏ အုတ်ခွက်စာနှင့် တစ်တောင်သာသာခန့်ရှိသည့် ရေးဟောင်းအတ်ချုပ်ကြီးသည်လည်း



ကောင်း နောက်ဆုံးတွင် ကျွန်ုပ်အား မသူတော်မောင်သီးက ပေးအပ်ထားသော ကျွန်ုပ်ပင် အလျင်းဖတ်ရှုလေ့လာခြင်းမပြုရသေးသည့် သျှောင်ပေစူးမှတ်တမ်းသည်လည်းကောင်း မရှိတော့ပါပေ။ ကျွန်ုပ်သည် ဟင်းခန်းဆက်ပြင်းတစ်လုံးချပြီးလျှင် ဒေါသဖြင့် 'တောက်'တစ်ချက် ခေါက်မိလေ၏။ မီးဖိုချောင်၏ ပြတင်းတံခါးသည်လည်း ကျိုးလျှက်ရှိပြီးလျှင် နံရံတစ်ခုသည်လည်း ဖောက်ထွင်းခြင်းကို ခံရလေသည်။

ကျွန်ုပ်သည် အိမ်ရှေ့သို့ ပြန်ထွက်လာရာ ကျွန်ုပ်အိမ်ရှေ့သို့ ရဲဘက်မှ ကားနှစ်စီးရောက်ရှိလာလေသည်။ တာမွေဂါတ်မှ ရာဇဝတ်အုပ်မောင်ဘပုနှင့် သူ၏ ပုလိပ်သားများ ထပ်မံရောက်ရှိလာ၍ ကျွန်ုပ်၏ အိမ်ရှေ့၌ ဝိုင်းအုံလျှက်ရှိသော လူစုများကို ပြန်ကြရန် မောင်းနှင်လေသည်။

ကျွန်ုပ်သည် တရှုပ်ရှုပ်ငိုနေသော တပည့်ကျော် မောင်ကံစီအား ကြိမ်းမောင်းလိုက်ပြီး အငိုတိတ်ရန် ဆူပူလိုက်လေ၏။ ရာဇဝတ်အုပ် မောင်ဘပုနှင့် ဆားပုလင်းဘတုတ်ကြီးတို့သည် အလောင်းများကို စစ်ဆေးပြီး သက်ဆိုင်ရာရန်ကုန်ဆေးရုံကြီးရှင်ခွဲရုံသို့ပို့ရန် စီစဉ်ပြီးလျှင် ရာဇဝတ်အုပ် မောင်ဘပုသည် ကျွန်ုပ်အား စစ်မေးလေသည်။ ကျွန်ုပ်သည် အိုင်ပီဦးအေးမောင်နှင့် လမ်းခွဲလာကြောင်းဖြင့် ပြန်ပြောပြီးလျှင် ဖြစ်ပျက်သမျှကို လုံးဝမသိရှိခဲ့ဘဲဖြစ်လျက်ရှိခြင်းကြောင့် တပည့်မောင်ကံစီအား စစ်မေးရန် ပြောဆိုရလေသည်။

တပည့် မောင်ကံစီသည် ရာဇဝတ်အုပ် မောင်ဘပုအား

www.burmeseclassic.com

www.burmeseclassic.com



ပြောပြသည်မှာ အောက်ပါအတိုင်း ဖြစ်လေသည်။

" ဆရာထွက်သွားပြီး နာရီဝက်လောက်ကြာတော့ အိမ်ပေါ် လူသုံးယောက်တက်လာတယ်ဆရာ၊ အိမ်ရှေ့မှ မှောက်ခုံ ပြီး သေနေတဲ့ လူသုံးယောက်ပဲ၊ အဲဒီ လူသုံးယောက်က ဆရာ့ကို မေးတယ်၊ ဒါနဲ့ ကျွန်တော်က ဆရာမရှိဘူး အပြင်ထွက်သွားတယ် ဘာကိစ္စလဲလို့မေးတော့ ဘာမှ မဖြေဘူးဆရာ၊ အဲဒီအချိန်မှာ ဘုရားစင်အောက်မှာ ထိုင်နေတဲ့ မသူတော်ဦးသီးက ထလာတယ် သူတို့ကို စိုက်ကြည့်လိုက်ပြီး. . . 'မင်းတို့က တန်ပြန်သူတော်အဖွဲ့ ကလား' လို့မေးတယ်။ ဒါနဲ့ သူတို့က 'ဟုတ်တယ်၊ အကြွေးတောင်း ရအောင်လာတယ်' လို့ပြောတယ် ဆရာရဲ့. . .၊ မသူတော်ဦးသီးက ဟက်ဟက်ပက်ပက် ရယ်တယ်ဆရာ၊ ရယ်ပြီးတော့ 'ဘာအကြွေး လဲကွ၊ သွေးကြွေးလား၊ ဆွေးကြွေးလား'လို့မေးတယ်၊ ဒါနဲ့ သူတို့က 'သွေးကြွေးရော၊ ဆွေးကြွေးရော၊ ဘဏ္ဍာကြွေးရော၊ ဇီဝကြွေးရော' လို့ဆိုတယ်. . .။ "

အဲဒီတော့ မသူတော်ဦးသီးက တစ်ခါရယ်ပြီး. . .

" မင်းတို့ ငါ့သိလား " လို့ မေးတယ်. . .။

သူတို့က " သိပ်သိတာပေါ့ "လို့ ဆိုတယ် ဆရာရဲ့. . .။

တပည့်မောင်ကံစီသည် ပြောရင်းပင် မောလာသည့်ပုံ ပေါက်လာသဖြင့် ကျွန်ုပ်သည် ရေတစ်ခွက်ကို ၄င်းရှေ့သို့ ထိုးပေး လိုက်ရပေသည်။ မောင်ကံစီသည် ရေကို တဝတနင့် ကျိုက်ချပြီး နောက်. . .

" ခင်ဗျားဟာ စာခြောက်ရုပ် ဖိုးသီးပဲလို့ပြောတယ်၊ အဲဒီ



တော့ မသူတော်ဦးသီးက ဟက်ဟက်ပက်ပက် ရယ်မြှန်တယ် ဆရာ ရဲ့၊ ကျွန်တော်လဲ အတော်ကြောက်တယ်၊ ကျွန်တော်လဲ သူတို့ အနား မနေရဲတာနဲ့ နောက်ဆုတ်ပြီး ကျွန်တော့်အိပ်ခန်းဝမှာ ရပ်နေရ တယ် "

" အင်း. . . ဆက်စမ်းပါဦးကွာ "

ရာဇဝတ်အုပ်မောင်ဘပုသည် အတော်စိတ်ဝင်စားဟန် ဖြင့် ဆက်မေးလိုက်၏။

" အဲဒီတော့ ဦးသီးကပြောတယ်၊ မင်းတို့ သွေးကြွေးတွေ၊ ချေးကြွေးတွေ၊ ဘဏ္ဍာကြွေးတွေ၊ ဇီဝကြွေးတွေတော့ မရဘူး၊ ဘဲဥ ပဲရမယ် " လို့ပြောတယ်. . .။

" ဒီတော့ သုံးယောက်ထဲမှာ လှေကားရင်းမှာသေနေတဲ့ လူပေါ့ဆရာ၊ သူက 'ဘဲဥရရင်လဲ အခွံခွာရမယ်. . 'လို့ ပြောပြီး ခါးကြားထဲက ဓားမြှောင်ကို ထုတ်ပြီး မသူတော်ဦးသီးကို ထိုးတယ်၊ ဟာ. . . တကယ်မြန်တာပဲ ဆရာရယ်၊ ထိုးပုံကလဲ တမျိုးပဲ ဆရာရဲ့၊ ဒါပေမယ့် ဆရာရယ်၊ မသူတော် ဦးသီးက ဓားကို သူ့လက်ခွကြား မှာ ဖိညှပ်ပြီး အဲဒီလူရဲ့ ရင်ဝကို လက်ညှိုးနဲ့ နှစ်ချက်ဆင့်ပြီး ထိုးလိုက်တာ ရင်ဝကို လက်နဲ့အုပ်ပြီး အော်ပြီးပြေးဆင်းတယ်၊ အဲ. . . လှေကားရင်းမှာ တလိမ့်ခေါက်ကွေးကျသွားတော့တာပဲ၊ ပါးစပ်ကလဲ အမြှုပ်ထွက်ပြီး သေတော့တာပဲ. . .။ "

" အဲဒါနဲ့ နောက်နှစ်ယောက်ကလဲ ခုန်ထွက်ပြီး ဦးသီးကို ဝိုင်းပြီး တုတ်တိုနှစ်ချောင်းနဲ့ ရိုက်တယ်ဆရာရဲ့၊ ဟော့ဒီတုတ်တို ပေါ့ "

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်နှင့်တကွ ရာဇဝတ်အုပ် မောင်ဘပုတို့သည် ဘုရားစင်ထောင့်နံရံကြားထဲသို့ တိုးဝင်နေသော တုတ်တိုနှစ်ချောင်းကို တွေ့ရလေသည်။

မောင်ဘပု၏ အမိန့်အရ ရဲစာသင်တစ်ဦးသည် နံရံကြားထိုးဝင်နေသော တုတ်တိုနှစ်ချောင်းကို ဆွဲထုတ်ယူလာလေသည်။ တစ်တောင်သာသာခန့်ရှိပြီး တုတ်ရင်းတုတ်ဖျားတွင် အမွေးတစ်ထားပြီးလျှင် တုတ်အလယ်၌ ဆူးများပြည့်နှက်လျက်ရှိသော တုတ်မျိုးဖြစ်လေသည်။ ကျွန်ုပ် ထိုတုတ်မျိုးကို တွေ့မြင်ဖူးခြင်းမရှိသော ရှေးဟောင်းလက်နက်တစ်မျိုးဟု ယူဆရပေသည်။

တပည့်မောင်ကံစီသည် ဆက်၍. . .

" အဲဒီတုတ်နှစ်ချောင်းကို တစ်ယောက်တစ်ချောင်း ကိုင်ပြီး အတင်းလိုက် လိုက်၊ ရိုက်လိုက်နဲ့ တစ်အိမ်လုံးပြောင်းဆန်သွားတယ် ဆရာ၊ အသည်းထိတ်စရာကြီး ဆရာရယ်၊ ကျွန်တော်တော့ တစ်သက်နဲ့ တစ်ကိုယ် ဒီလောက်ကြောက်ဖို့ကောင်းတာ မတွေ့ဖူးပါဘူး၊ လိမ်လိုက်၊ ခုန်လိုက်၊ ယမ်းလိုက်၊ ပေါက်လိုက်၊ ထစ်လိုက်ပက်လိုက်နဲ့ ဘုရားစင်လဲ ရိုက်မိပြီး ဘုရားလဲကျပြီး ဇက်ကျိုးရော့ အထိပဲ. . . "

" အာ. . . မသူတော်ဦးသီးကလဲ ရှောင်တာ အလွန်ထူးတယ်ဆရာ၊ ဖက်ကလေးလို၊ ငှက်မွေးလေးလိုပဲ ဘယ်လိုရိုက်ရိုက် မထိဘူး၊ နောက်ဆုံး ဆရာရယ်၊ သူတို့နှစ်ယောက်ရဲ့ လည်မျိုတိုလက်ညှိုးနဲ့ မြိုင်တူထောက်မိလိုက်တာပဲတွေ့လိုက်တယ်၊ တစ်ခါတည်း ကိုယ်တော်ချောနှစ်ယောက်ဟာ မျက်လုံးတွေ ပြူးလာပြီး



လှေကားက ပြေးဆင်းတာ၊ လမ်းပေါ်ရောက်ရော သေတာပဲ "

" ဒီလိုဆို မသူတော်မောင်သီးက ဘယ်လိုလုပ်ပြီး သေတာလဲကွ၊' နဖူးမှာ ဓားတန်းလန်းနဲ့. . . "

ကျွန်ုပ်သည် ဘုရားစင်၏အောက်၌ အသက်ပျောက်လျက်ရှိသော မသူတော်မောင်သီး သေရခြင်းနှင့် ပတ်သက်၍ လွန်စွာသိချင်လျက်ရှိပေသည်။ ကျွန်ုပ်သည် မသူတော်မောင်သီးအားရှေးဟောင်းနက်နဲလှသည့် သိုင်းပညာရှင်တစ်ဦးအဖြစ် လက်တွေ့တွေ့ခဲ့ဖူးသည့် သာကေကို အခြေခံ၍ မသူတော်မောင်သီးနှင့်တန်ပြန်သူတော်အဖွဲ့၏ တိုက်ပွဲမှာ လွန်စွာ စိတ်ဝင်စားဖွယ်ကောင်းလှသည့် တိုက်ပွဲတစ်ရပ်ပင်ဖြစ်သည်ဟု စိတ်ဝင်စားမိပေသည်။

" အဲဒါက ဒီလိုဖြစ်တာ ဆရာရဲ့၊ မသူတော်ဦးသီးဟာ ကံဇာတာမှိန်လို့လားတော့ မပြောတတ်ပါဘူး၊ အဲဒီနှစ်ယောက် လှေကားက ပြေးဆင်းနေတုန်းမှာပဲ အလွန်အသက်ကြီးတဲ့ အဘိုးကြီးတစ်ယောက် လှေကားကတက်ပြီး ဓားနဲ့ ပစ်ပေါက်လိုက်တာပဲဆရာရဲ့၊ မသူတော်ဦးသီးရဲ့ နဖူးတည့်တည့် စိုက်ဝင်သွားတာပဲ. . . "

"မသူတော်ဦးသီးက နဖူးလဲ ထိသွားရော. . .

' ဆရာစိမ်း. . . သစ္စာဖောက် 'လို့ တစ်ခွန်းတည်းပြောပြီး သေပါလေရော ဆရာရယ်. . . "

တပည့်မောင်ကံစီသည် မျက်ရည်များ စီးကျလာပြီလေ၏။ ကျွန်ုပ်သည်လည်း မသူတော်မောင်သီးအတွက် ဝမ်းနည်းခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရလေသည်။ ကျွန်ုပ်တို့နှင့် တစ်ပတ်မျှအတူနေခဲ့ရခြင်းအတွက် ပုထုဇဉ် သံယောဇဉ်တို့သည် ရှိကြမြဲ ရှိခဲ့ခြင်းကြောင့်ပင် ဖြစ်လေသည်။

" ပေစာနဲ့ အုတ်ခွက်စာတွေ ဘယ်သူဖောက်ယူသလဲ "

" အဲဒီအဘိုးကြီးပေါ့ ဆရာ။ မသူတော်ဦးသီးလဲ လဲရော သူအိမ်ပေါ်တက်လာတယ်၊ သူကြည့်ရတာ တုန်ချီ တုန်ချီနဲ့ အသက်တော့ တော်တော်ကြီးပြီ၊ အသက်ကိုးဆယ်လောက် ရှိမယ် လို့ထင်တယ်၊ သူတက်လာတော့ ကျွန်တော်သူ့ကို ရိုက်ဖို့ တူရွင်း ယူတယ် . . . "

" ဒီတော့ သူက ရယ်တယ်ဆရာရဲ့၊ လူလေး . . . မင်း မိန်းမမရခင် မသေချင်ပါနဲ့တဲ့၊ တို့လောကရဲ့ အမှုအထွေးကြားမယ် ဖောက်သည်မလုပ်ချင်နဲ့တဲ့၊ မင်းဆရာလဲ ဖောက်သည်လုပ်ချင် နေတယ်၊ ငါ့နာမည် မောင်စိမ်း . . . တဲ့၊ အဲ့ဒီလိုပြောပြီး နောက်ဖေး ဘက်ထွက်သွားပြီး ကျွန်းသေတ္တာကြီးကို လက်သီးနဲ့ထိုးခွဲပြီး ဆရာ့ ပစ္စည်းတွေ ယူသွားတာပဲ ဆရာ . . . "

" သူ့ရဲဘောကြောင်လိုက်တာ မောင်ကံစီရာ၊ မင်းတူရွင်း ပြားနဲ့ ဝင်ရိုက်လိုက်ရင် ပြီးရော၊ အနေကြုံရင် သက်လုံကောင်း ရတယ်ကွ "

" ရိုက်လို့မရဘူး ဆရာ . . . ကျွန်တော် နောက်ကဝင်ရိုက် လိုက်သေးတယ်၊ အဲ . . . ဟိုမှာ တူရွင်းပြား "

တပည့်မောင်ကံစီပြလိုက်သော နောက်ဖေးဘက်တံခါး နားဆီမှ တူရွင်းပြားကို ကျွန်ုပ်တို့ လှမ်းကြည့်လိုက်သောအခါ တူရွင်း



ပြားသည် ကွေးလိမ်လျှက်ရှိပေ၏။ ကျွန်ုပ်သည် အံ့အားသင့် လျှက် . . .

" မင်း နံရံနဲ့ရိုက်မိလို့များလားကွ . . . "

" မဟုတ်ဘူးဆရာ၊ ကျွန်တော်အရိုက်လိုက်မှာ အဲဒီ အဘိုးကြီးက တူရွင်းကို နောက်ပြန်လှည့်ဖမ်းပြီး သူ့ဒူးနဲ့ တိုက်လိုက် တာပဲ "

" မင်းကိုတော့ ဘာမှ မလုပ်ဘူးလား "

" မလုပ်တော့ မလုပ်ဘူး၊ ကျွန်တော့်လက်ကိုကိုင်ပြီး 'နောက်တစ်ခါရန်မူရင် မင်းအရိုးတွေ အဆစ်လိုက်ပြုတ်မယ်' လို့ ဆိုတယ် "

တပည့်မောင်ကံစီသည် ထိုသို့ပြောပြီးနောက် ညာဘက် လက်ကို ပြလေသည်။ သူ့ညာဘက်လက်မှာ အဆမတန်ရောင် လျှက်ရှိလေသည်။

## သူတော်အဖွဲ့နှင့် တွေ့ဆုံခြင်း

ကျွန်ုပ်သည် ကျွန်ုပ်၏ အိမ်၌ ဖြစ်ပျက်သွားသော အဖြစ် အပျက်အတွက် လွန်စွာ စိတ်ပန်းခြင်းရှိသည့်အလျောက် စိတ်ပြေ လက်ပျောက် မော်လမြိုင်ဘက်သို့ ခရီးထွက်ခဲ့လေသည်။ ကျွန်ုပ်ခရီး ထွက်ခြင်းမှာ တစ်ဦးတည်း ထွက်ခဲ့ခြင်းဖြစ်ပြီးလျှင် မော်လမြိုင်မြို့ ၏ ဘူမိသဘောတရားကိုလည်း နှစ်ခြိုက်သောကြောင့်ပင် ဖြစ်ပေ ၏။ သံလွင်မြစ်ကို ဖြတ်တိုက်လျှက်ရှိသော လေညင်းသည် ကျွန်ုပ်

www.burmeseclassic.com

www.burmeseclassic.com



အာရုံခံစားမှုများကို ခွဲဝေပေးလျက်ရှိသည်ဟုသော ခံစားချက်ဖြ မှုတွာမ၊ မော်လမြိုင် ကူးတို့သင်္ဘောပေါ်သို့ စိတ်ကူးယဉ်လျက်ရှိ လွန်စွာ နူးညံ့အိစက် ချောမွတ်သော မိန်းမပျိုတစ်ဦးသည် ကျွန် ဘေးသို့ တိုးကပ်ထိုင်လိုက်သဖြင့် ကျွန်ုပ်၏ သံလွင်မြစ်ပေါ် စိတ်ကူးသည် ကျွန်ုပ်ထံမှ ခွဲခွာသွားလျက် ထိုနူးညံ့အိထွေးချောမွ လှသော အမျိုးသမီးထံပါးသို့ ဆွဲခေါ်သွားလေတော့သည်။

" ကိုကိုသိမ်း . . . ခင်နဲ့ လိုက်မလားဟင် . . . "

ကျွန်ုပ်ဘေးမှ အမျိုးသမီးသည် ရုတ်တရက် ကျွန်ုပ်၏ လက်မောင်းကို သူမ၏ နူးညံ့သော လက်မောင်းဖြင့် အသာထိကာ လျက် ကျွန်ုပ်နား နားသို့ကပ်ကာ အထက်ပါအတိုင်း မေးလိုက်လေ၏။ ကျွန်ုပ်သည် တစ်ကိုယ်လုံးထူပူ ဖိန်းရှိန်းသွားလျက် ကြောင် အမ်းအမ်းဖြစ်လျက်ရှိ၏။ ကျွန်ုပ်၏ သက်တမ်းတစ်လျှောက် ထိုကဲ့သို့ လွန်စွာ ချောမောလှပသော မိန်းမပျိုက ဆွဲငင်၍ ခေါ်ခြင်း မရှိခဲ့ သောကြောင့်ပင် ဖြစ်ပေသည်။

" ကြည့်ပါလား၊ ခင်မေးနေတာ မဖြေဘူးလား . . ၊ ခင့်လို လူမျိုးကိုများ ကိုကိုသိမ်းက မချစ်နိုင်ဘူးလား . . . ဟွန်း"

ကျွန်ုပ်သည် ဆက်လက်၍ စဉ်းစားခန်းမဝင်နိုင်တော့ပေ နှုတ်ကို ပြင်ရ၏။

" ကိုကိုသိမ်းက ဘယ်ကိုလိုက်ရမှာလဲ . . . ခင်ရဲ့ "

ဟူ၍ အလျားလိုက်မေးဖြေ ဖြေလိုက်မိလေ၏။

" ကိုကိုသိမ်း၊ ခင်ခင်နဲ့ဆို ဘယ်ကိုမဆို မလိုက်နိုင်ဘူး လား . . . "



ထိုအမေးသည် ကျွန်ုပ်အား လွန်စွာ ဘေးကျပ်နံကျပ်ဖြစ် စေသော အမေးဖြစ်နေခြင်းကြောင့် ကျွန်ုပ်သည် မဖြေကြားသေးဘဲ ကျွန်ုပ်လက်ထဲရှိ ကြောင်နက်စီးကရက်ဘူးမှ တစ်လိပ်ကို ထုတ်ယူ လျက် မီးညှိဖွာရှိုက်လိုက်၏။

" ခင် . . . မေးနေတာ မဖြေဘူးလား "

" ခင်က ဘယ်ကိုသွားမလို့လဲ . . . "

ကျွန်ုပ်သည် အမျိုးသမီးအား အကဲစမ်း၍ သူမ၏ ခရီး စဉ်ကို မေးလိုက်၏။ သူမသည် ပိုလိုစီးကရက်တိုကို ကူးတို့သင်္ဘော ပေါ်မှ ရေထဲသို့ လွှင့်ပစ်လိုက်ပြီးလျှင် . . .

" ခင်လား . . . ဟို . . . အလွန်ချစ်စရာကောင်းပြီး စိတ် ချမ်းသာစရာကောင်းတဲ့ နေရာကိုလေ၊ အဲဒါ . . . ကိုကိုသိမ်းကိုပါ အပါခေါ်မလို့ လိုက်မယ်မဟုတ်လား ဟင် . . . "

ကျွန်ုပ်သည် ကျွန်ုပ်၏ နံဘေးမှ အမျိုးသမီးကို သေချာစွာ စူးစိုက်လေ့လာလိုက်၏။ မျက်နှာပေါ်တွင် စံပယ်တင်မှဲ့တစ်လုံး ကို တွေ့ရ၏။ ချောမွတ်နူးညံအိစက်သော အသားအရည်ပေါ်တွင် ဝန်းဝိုက်ရည်ရွှန်းပြာလဲ့သော မျက်လုံးအစုံသည် လွန်စွာကျယ်ပြန့် သော ကောင်းကင်ပြာကြီးပေါ်မှ သောကြာကြယ်နှစ်လုံးကဲ့သို့ ရွှန်းလဲ့တောက်ပစေ၏။ သို့တည်းမဟုတ် ရေ၊ ကြာ၊ ပဒုံ၊ ဂမုံး ပေါများလှသော စိမ့်စမ်းတောင်မှ မနောကသီမည်သော သမင်မ မျက်လုံးမျိုးဖြစ်သည်ဟူ၍ တွေးထင်မှတ်ယူနိုင်လောက်၏။ ဝန်းဝိုက် ဝေ့လျားဖုထစ် ရွေ့လျားသွားသော အသီးသီးအသွယ်သွယ်သော မသတ္တဝါ၏ ဖို့ရှိုက်ကြီးငယ်တို့သည်လည်း နေရာအသီး၊ အစင်း

www.burmeseclassic.com

www.burmeseclassic.com



အပြင် ညီညွတ်ပြေသလှသဖြင့် ရှုသပ်မိသော ကျွန်ုပ်သည် ဖူး
သော သားရဲကောင်တို့၏ ကြည့်ခြင်းအတတ်ပညာကို ဤနေရာ
၌ အလိုအလျောက်ရထားသကဲ့သို့ဖြစ်စွာ ကြည့်လျက်ရှိခြင်းကို
ကျွန်ုပ်၏ ဘေးမှ မိန်းမသားသည် တွန့်ဆုတ်ခြင်း အလျင်းပကတိ
မရှိသည့်ပြင်. . .

" ကိုကို. . . ခင်ခင်နဲ့လိုက်မယ်မဟုတ်လား ဟို. . .
ရှေ့ကျွန်းက မော်လမြိုင်ကျွန်းပဲလေ၊ မော်လမြိုင်ရောက်ရင် ခင်နဲ့
လိုက်ခဲ့လေ၊ ခင်ခင် ကိုကို့ကို ပြုစုပါရစေ "

ကူးတို့သင်္ဘောသည် မုတ္တမမှနေ၍ မော်လမြိုင်သို့
ကပ်လျှက် ရှိပေပြီ။ ကူးတို့ပေါ်မှ လူတို့သည် လှုပ်လှုပ်ရွရွဖြစ်လျှက်
ရှိပေ၏။ ခုန်ချသူခုန်ချ၊ ကုန်းပတ်ပေါ်မှ တက်ပြေးသူပြေးဖြင့်
ဆိပ်ကမ်းပေါ်သို့ အပြေးအလွှားဖြစ်လျှက် ရှိ၏။

ကျွန်ုပ်သည် မတ်တပ်ရပ်လိုက်ပေ၏။ ကျွန်ုပ်၏ ဘေးမှ
အမျိုးသမီးသည်လည်း ကျွန်ုပ်နှင့်အတူတကွ ရပ်လိုက်ပေ၏။

" ကဲပါ၊ လာပါ. . .၊ သွားကြရအောင်ပါ၊ လူတွေတောင်
ကုန်တော့မယ်၊ ကိုကိုက အ ချင်ယောင်ဆောင်နေတဲ့ လိပ်မျိုးပဲ
နောက်တော့မှသာ လိပ်ဥတွေ သိပ်ဥမနေနဲ့. . . "

ကျွန်ုပ်၏ဘေးမှ အမျိုးသမီးပျိုသည် ကျွန်ုပ်၏ လက်မောင်း
ကို အသာချိတ်ထားလျှက်ရှိပေ၏။ ချိတ်ထားရုံသာမက ကျွန်ုပ်၏
လက်မောင်းအတွင်းသားကိုပင် ညှစ်ထားလျှက်ရှိသည်။ ကျွန်ုပ်၏
တစ်သက်တာအတွင်း လွန်စွာရှားပါးလှသော အတွေ့အကြုံတစ်ခု
ပင်ဖြစ်၍ မေ့ပျောက်ခြင်းငှာ မစွမ်းနိုင်သော အတွေ့အကြုံတစ်ခု



ရ၍ နောင်သောအခါတွင် တွေးထင်မိလေသည်။ ကျွန်ုပ်သည်
မော်လမြိုင်၌ မောင်ငံဟုခေါ်သောအရပ်၌ ကျွန်ုပ်နှင့် ဆွေရိပ်
ကောင်း၊ မျိုးရိပ်မကောင်းသော မောင်ဘစိုင်းဆိုသော ပန်းတိမ်ဆရာ
တစ်ဦးအိမ်သို့ အလည်အပတ် ခရီးထွက်ခဲ့ရသည်ဖြစ်သောကြောင့်
ပစ္စည်းပစ္စယဆို၍ များများစားစား ယူဆောင်ခြင်း မပြုဘဲ
ဘင်းဘက်ခေါ် လက်ဆွဲအိတ်တစ်လုံးနှင့် ကျွန်ုပ်လမ်းသွားရာ၌
အသုံးပြုလေ့ရှိသော အသုံးအဆောင် အနည်းငယ်သာလျှင်
ပါလေသည်။ သို့အတွက် ကျွန်ုပ်သည် ကူးတို့သင်္ဘောပေါ်မှ ပေါ့ပါး
စွာပင် မော်လမြိုင်မြို့ ကမ်းနဖူးပေါ်သို့ တက်လိုက်လေ၏။ ခင်ခင်
ဆိုသော အမျိုးသမီးသည်လည်း ကျွန်ုပ်၏ ဘေးမှ ပါလျှက်ရှိပေ၏။
ကျွန်ုပ်တို့ နှစ်ဦးအား ခရီးသွားများသည် ဝိုင်းအုံကြည့်ရှုခြင်းကို
ခံရလျှက် ရှိပေ၏။ ကျွန်ုပ်အားလည်း ဖိုးစွံကွဟူ၍ ပြောကြမည့်
ပုံများ ပေါက်လျှက်ရှိကြပေ၏။

ကျွန်ုပ်နှင့် ခင်ခင်ဆိုသော အမျိုးသမီးသည် မော်လမြိုင်
ဈေးကြီးအနီးသို့ ရောက်လာခဲ့ပေသည်။

" ကိုကို. . . မော်လမြိုင်ကိုလာတာ အလုပ်ကိစ္စနဲ့
လား. . .၊ ဒါမှမဟုတ် အပျော်သက်သက်လား "

" အပျော်သက်သက်ပဲ ဆိုပါတော့လေ "

ကျွန်ုပ်သည် ကျွန်ုပ်ဘေးမှ ခင်ခင်အားကြည့်ကာ ဟန်ပါပါ
ပင် ပြန်ဖြေလိုက်ပေ၏။

" တဲ. . . ကိုကို ကားပေါ်တက်လေ "

မော်လမြိုင်ဈေးကြီးနား ဈေးအလွန်ဘက်ရှိ ဘုပွဲရုံရှေ့

www.burmeseclassic.com

www.burmeseclassic.com



တွင် ဆိုက်ထားသော မေဖလားဝါးကားသစ်လေးနားသို့ ရောက်သောအခါ ခင်ခင်ဆိုသော အမျိုးသမီးသည် ကျွန်ုပ်အား ကားပေါ် တက်ခိုင်းလေသည်။ ကားပေါ်တွင်ကား လူသူကင်းမဲ့လျက်ရှိ၏။

" ကိုကို ကားမမောင်းတတ်ဘူး ခင်ခင်ရဲ့... "

" ဟီဟီ... ကိုကိုက အ, ချင်ယောင်ဆောင်နေပြန်ပြီ ကိုကိုက သျှောင်ပေစူးဘိုးတော်ရဲ့ အန္တိမ လူရင်းကြီးလုပ်နေပြီး ဘယ် အ, ပါ့မလဲ...၊ ဟီ...ဟီ...၊ "

ကျွန်ုပ်သည် ရုတ်တရက် အံ့ဩသင့်သွားပြီးလျှင် ရင်ခုန်နှုန်းမြန်သွားသည်ဟု တွေးထင်မိလေ၏။ ကျွန်ုပ်သည် ကျွန်ုပ်အား အန္တရာယ်ပေးနိုင်မည့် အမျိုးသမီးဟု ခန့်မှန်းမိပြီးလျှင် ကားပေါ်သို့ မတက်ဘဲ နောက်သို့ တစ်လှမ်းပြန်ခုန်လိုက်မိ၏။

" ကိုကိုရယ်... ဘယ်လိုလုပ်တာလဲ၊ ခင်ခင်တို့ ကျိုက္ခမိမှာ ရှိတဲ့ အလွန်လှပပြီး ထူးဆန်းလှတဲ့ အိမ်ကိုသွားကြရအောင် ဟိုမှာ... ကိုကိုနဲ့ ခင်ခင်... "

ကျွန်ုပ်သည် ကားတံခါးမှ အတင်းရုန်းထွက်သမှု ပြုလိုက်၏။ သို့သော် ခင်ခင်သည် ကျွန်ုပ်၏ လက်မောင်းကို အတင်းဆွဲပြီးလျှင် ကားရှေ့ခန်းထဲသို့ အတင်းဝင်ထိုင်ခိုင်းလျက်ရှိ၏။

ကျွန်ုပ်သည် ကားပေါ်မတက်ဘဲ ရုန်းထွက်လျက်ရှိ၏။

" ကဲ... မိတ်ဆွေကြီး ကားပေါ်တက်ပြီး... ဒေါ်ခင်ခင်ကြီးခေါ်တဲ့ နေရာကို အသာတကြည်လိုက်သွားပါ။ ဟောဒီမှာတွေ့လား... ခင်ဗျားရဲ့ အသက်ကို ဖက်နဲ့ထုပ်။ ကြား



လား... "

ကျွန်ုပ်၏ နံကြား၌ လွန်စွာမာကြောသော သေနတ်ပြောင်းဝတစ်ခုကို လွန်စွာ ထွားကျိုင်းသန်မာပုံရသော လူတစ်ယောက်သည် ရုတ်တရက် ထောက်ပြီးလျှင် ကားရှေ့ခန်းထဲသို့ ဝင်ထိုင်လိုက်လေ၏။ ထိုသူ၏ မျက်နှာမှာ ကျောက်ပေါက်မာများပြည့်နှက်လျှက်ရှိပြီး ရက်စက်ကြမ်းကြုတ်ပုံရလေသည်။ ၎င်းသည် ဒန်ရောင် ခြောက်လုံးပြူးကို ခါးကြားထဲသို့ ထိုးလိုက်ပြီးလျှင် ကား၏ နောက်ခန်းထဲသို့ ဝင်ရောက်ထိုင်လိုက်လေ၏။ ထိုသူဝင်ရောက်ထိုင်ပြီးလျှင် ခင်ခင်ဆိုသော အမျိုးသမီးသည် 'ကား'ကို စက်နှိုးကာ လျင်မြန်စွာ မောင်းထွက်သွားလေ၏။ ကားသည် ဈေးကြီးကို ကျော်ဖြတ်ကာ လမ်းမတော်အတိုင်း ဖောက်ထွက်လျှက် ကျိုက္ခမိသို့ သွားသော လမ်းဖက်သို့ ချိုးကွေ့မောင်းနှင်လျှက် ရှိပေ၏။

" ကိုကို... လောကနိဗ္ဗာန်ဆိုတာ သိ...လား "

ကျွန်ုပ်ဘေးမှ ခင်ခင်သည် ကားဂီယာကို ထိုးရင်း ကျွန်ုပ်ဘက် မသိမသာလှည့်ကာ ပြုံးစစဖြင့် မေးမြန်းလေ၏။ ကျွန်ုပ်သည် လွန်စွာ သွေးအေးလှသော မိန်းမတစ်ယောက်ဟု သတ်မှတ်လိုက်လေ၏။

ကျွန်ုပ်သည်လည်း မိမိကိုယ်ကို မိမိတင်းကာ ဟန်ပါပါ ဖြေလိုက်လေ၏။

"လောကနိဗ္ဗာန်ဆိုတာ လောကနိဗ္ဗာန်ပဲပေါ့ ခင်ရဲ့... "

" ဟီ...ဟီ... ကိုကိုက အလာကြီးပဲနော်၊ ဆရာကြီး သျှောင်ပေစူးဘိုးတော်ရဲ့ ဝတ္တကမတ္တ မိတ်ဆွေပီသသားပဲ "

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် စိတ်ကိုထပ်မံထိန်းလိုက်ပြီးလျှင် လွန်စွာ သွေးအေးသော ခင်ခင်ကြီး၏ ပုခုံးကို ဖက်လိုက်၏။

ကျွန်ုပ်၏ ကျောကုန်းသို့ လေးလံသောအရာတစ်ခုသည် ခပ်ဆက်ဆက် နာကျင်စွာ ထိရောက်လာ၏။

" အေးအေးနေပါ ကိုယ့်လူ. . . မလှုပ်ပါနဲ့။ ဒီတစ်ခါ လှုပ်ရှားရင် ခေါင်းထဲကို ကျည်ဆံတွေဝင်သွားလိမ့်မယ် "

ကျွန်ုပ်သည် လက်ကို ပြန်ရုပ်လိုက်ရ၏။ ခင်ခင်သည် ဣန္ဒြေပျက်ခြင်းမရှိဘဲ ကားကို တည်ငြိမ်စွာ ဆက်မောင်းလျက်ရှိပေ၏။

" ခင်ဗျားတို့ ကျုပ်ကို ဘာလုပ်ဖို့ခေါ်လာတာလဲ. . . အမိက ကျုပ်ကို မြှူဆွယ်ပြီး ဒုက္ခပေးမလို့လား "

" မြှူဆွယ်တာမဟုတ်ပါဘူး ကိုကိုရယ်၊ ချစ်လို့ခေါ်လာရတာပါ၊ ကိုကိုမလိုက်ဘူးဆိုလို့ ကိုဖိုးကျားကြီးကို ခေါ်လိုက်ရတာပါ၊ ကိုကို့ကို ရန်ကုန်မှာတည်းက ခင်က စောင့်ကြည့်နေတာပါ၊ ကိုကို့ လမ်းက မလွှပင့်တွေ သိပ်ပေါပြီး ခပ်ချောင်ကျကျပဲ၊ နောက်ပြီး ကိုကို့ကို လူပျိုကြီးတစ်ကိုယ်တည်းလုပ်ပြီးနေတာ နှစ်ကကြာလာတော့ ငြီးငွေ့စရာကြီးဖြစ်နေမယ်ဆိုပြီး ခင်တို့နဲ့ အဖော်ရအောင် ခေါ်ရတာပါ၊ နောက်ပြီး မသူတော် မောင်သီးလည်း ဆရာစိမ်းရဲ့ လက်ချက်နဲ့ ကံနည်းရှာရတော့ ကိုကို့ကိုပိုပြီး စိတ်မချဖြစ်လာတယ်၊ မယာဂီကြီး သျှောင်ပေစူးဘိုးတော်ရဲ့ ဝတ္တမတ္တက မိတ်ဆွေကြီးဆိုတော့ ရန်သူတွေ ဝိုင်းနေတယ်ဆိုတာလည်း ကိုကို သတိမှ မထားတာ၊ ဒီတော့ ခင်တို့က ဘယ်စိတ်ချနိုင်ပါမလဲ "



ကျွန်ုပ်သည် လွန်စွာ အကြံအိုက်လျက်ရှိပေ၏။ လေပူနေပူကျဲကျဲတွင် အရှိန်ထိုးပြေးနေသော မော်လမြိုင်၊ ကျိုက္ခမီလမ်းပေါ်တွင် ခင်ခင်ဆိုသော မိန်းမလှ၊ မိန်းမချောတစ်ဦး၏ သွေးဆောင်ဖြားယောင်းခံရသော အဖြစ်မှာ နောင်အခါတွင် များစွာ အောက်မေ့မိသော အဖြစ်ဖြစ်လေ၏။

" အမိတို့ ကျုပ်ကို ဘာကြောင့်ခေါ်လာရတာလဲ၊ အခု ကျုပ်ကို ရှင်းရှင်းပြောစမ်းပါ၊ လူကို ခပ်ရီရီလုပ်မနေပါနဲ့၊ ကျုပ်ဟာ အခု သျှောင်ပေစူးဘိုးတော်နဲ့ ဘာမှမပတ်သက်တော့ဘူး၊ ကျုပ် စိတ်ရှုပ်ရှုပ်ရှိတာနဲ့ ထွက်လာခဲ့တာ၊ ခင်ဗျားတို့ ကျုပ်ကို အမှုပေးလာပြန်ပြီ ,"

" ဟော့လူ သိပ်စကားများမနေနဲ့ "

ကျွန်ုပ်နောက်မှ ဖိုးကျားကြီးဆိုသည့် ကျောက်ပေါက်မာနှင့် လူထွားကြီးသည် ကျွန်ုပ်အား ခပ်ဆတ်ဆတ်ကြိမ်းလိုက်၏။

" ပြောပါစေ ကိုကျားကြီး၊ ခင်ခင်ရဲ့ ဧည့်သည်ပါ "

ကိုဖိုးကျားကြီးဆိုသည့် ပုဂ္ဂိုလ်သည် ငြိမ်ချက်သားကောင်းသွားပြီးလျှင် ကားဆိုဖာနောက်မှီပေါ်သို့ ထိုင်ကာဆေးပြင်းလိပ်တစ်လိပ်ကို ထုတ်လျှက် ငြိမ်သွားပေ၏။

ကျွန်ုပ်သည် နောက်ထပ်ဘာမျှ ပြောဆိုမှုမပြုတော့ဘဲ ငြိမ်စားရင်းလိုက်ပါလျှက်ရှိပေတော့၏။ ကားလမ်းလေးသည် အုန်းပင်တို့ စီရရီပေါက်ရာ ကျိုက္ခမီမြို့ခြေသို့ပင် ချဉ်းကပ်မိလေ၏။ လမ်းတွင် ဂေါ်ရာစစ်တပ်များကို ဖြတ်ကျော်လာရပြီးလျှင် အင်္ဂလိပ်စစ်တပ်များ အခြေချထားသည့်နေရာ သို့ဖျ ဇရပ်ဘက်သို

www.burmeseclassic.com

www.burmeseclassic.com



ကျော်လွန်လာခဲ့ပေ၏။

" ကျိုက္ကမီမြို့ဟာ အလွန်သာယာလှပတဲ့ ငွေသော
မြို့တစ်မြို့ပဲ ကိုကိုရဲ့၊ အင်္ဂလိပ်တပ်က သိမ်းသဘောကျတာ၊
မယ့် သံဖြူဇရပ်ဘက်မှာ ဂျပန်နဲ့ တိုက်တုန်းက အတော်တိုက်ခဲ့
ဒီဘက်ကို အခုအချိန် လူသူအရောက်အပေါက်နည်းသွားတ
ကျိုက္ကမီရေလယ်ဘုရားဟာလဲ တကယ်တန်ခိုးကြီးတာ၊ ဘု
မျက်နှာတော်ဟာ ပင်လယ်ကိုလှည့်နေတယ်။ ပြောင်းလဲလို့
မရဘူးလို့ ရာဇဝင်ရှိတယ် "

ကျွန်ုပ်သည် ခင်ခင်ဆိုသည့် အမျိုးသမီးက ကျွန်ုပ်
ဟန်းနီးမွန်းခါ အင်္ဂလိပ်လူမျိုးများညားပြီးစ အပျော်စရိ
သည့်ဒ`လား ဒေသခံသဘာဝကို ရှင်းပြနေသည်ကို အသာ
ညိတ်လျှက် နားထောင်နေရပေသည်။ စစ်ကြီးပြီးစအချိန်ဖြ
သဖြင့် နေရာအနေအထားသည် အခြေအနေမကျသေးပေ။
တပ်များ ရှင်းစကာလဖြစ်သဖြင့် ဂျပန်ကားပျက်အချို့အဝက်
ကျွန်ုပ်သည် ကားတွင်းမှ လှမ်းမြင်ရလျှက်ရှိ၏။

ခင်ခင်သည် ကားလေးကို ကျိုက္ကမီမြို့ထဲသို့ အ
မောင်းနှင်ဝင်ရောက်လိုက်ပေ၏။ မြေလမ်းပေါ်မှ ဖုန်အချို့
ကားနောက်ဘက်မှ တထောင်းထောင်းထလျှက်ပင် ကျန်ခဲ့ပေ

ရှုပ်ရှည်ချောမောလှပသလောက် ကြမ်းတမ်း
လုပ်ငန်းကို တည်ငြိမ်စွာ လုပ်နိုင်စွမ်းရှိသည်ဟူ၍ ကျွန်ုပ်
သဘောပိုက်လိုက်ပေ၏။

" ကဲ... ကိုဖိုးကျားကြီး၊ ကားပေါ်ကဆင်းပြီး သူ



ကြီးဆီ အကြောင်းကြားလိုက် "

ခင်ခင်သည် ကားလေးကို ကျိုက္ကမီမြို့စွန်ရှိ ခြေတံရှည်အိမ်ကြီးတစ်အိမ်၏ ဝင်းထဲသို့ ဝင်လိုက်ပြီးလျှင် ကိုဖိုးကျားကြီးအား အမိန့်ပေးလိုက်၏။ ကိုဖိုးကျားကြီးသည် လျှင်မြန်စွာ ဆင်းသွားပြီးလျှင် ခြေတံရှည်အိမ်ကြီးပေါ်သို့ တက်သွားလေ၏။

ကျွန်ုပ်သည် ပတ်ဝန်းကျင်အား အကဲခတ်ကြည့်ရာ တစ်ဧကခန့်ကျယ်သော ခြံကျယ်ကြီးဖြစ်ပြီးလျှင် ခြံထဲတွင် အခြားတဲငယ်လေးလုံးခန့်ကိုလည်း တွေ့ရလေသည်။ သို့ရာတွင် လူသူအရိပ်အရောင်ကိုကား တွေ့ရခြင်းမရှိပေ။ အုန်းတောတန်းနှင့်အတူဇရစ်ချုံများ၊ ပိန်းပေါင်းပင်များနှင့် အင်းနုချုံနွယ်ပင်များသည် ခြံကြီးကို စိုးမိုးလျှက်ရှိပေ၏။ ဒူးရင်းပင်အချို့ကိုလည်း တွေ့ရလေသည်။

ကျွန်ုပ်သည် 'ခွင့်သာတုန်း အငိုက်ဝင်' ဆိုသည့် စကားအတိုင်း ကျွန်ုပ်ကားပေါ်မှ မဆင်းခင်ပင် ကျွန်ုပ်၏ဘေးမှ ခင်ခင်ဆိုသော အမျိုးသမီးမလှုပ်ရှားနိုင်ခင် ကျွန်ုပ်သည် ကျွန်ုပ်၏ ညာလက်ကို ကွေးကာ အမျိုးသမီးလည်မျိုကို နောက်မှဖမ်း၍ ဂျပန်ကင်ပေများချုပ်နည်းမျိုးဖြင့် ခင်ခင်အား ဂျပန်ချုပ် ချုပ်လိုက်လေ၏။

" ကိုကိုနော်၊ လွှတ်... လွှတ်...။ ကိုကို့ကို ခင် ရန်မူဖို့ခေါ်လာတာမဟုတ်ဘူး၊ တာဝန်တစ်ခုကြောင့် ခေါ်လာရတာ။ လွှတ်... လွှတ်... "

ကျွန်ုပ်သည် ဒေါသကြီးစွာဖြင့် လွန်စွာတင်းရင်းစွာ ညှစ်

www.burmeseclassic.com

www.burmeseclassic.com

ပြီးလျှင်. . .

" မင်း. . . ငါ့ကို ဒုက္ခမပေးရင် ဒီထိအောင် ဘာလို့ ခေါ်လာရတာလဲ၊ ငါ့ကို ဘာမှတ်သလဲ "

" ကိုကို အထင်မမှားနဲ့၊ ခင်က အစ်ကို့ကို မသတ်ဖို့ ဂိုဏ်းချုပ်ကြီးဆီ တောင်းပန်ပြီး ခင်ကိုယ်တိုင်ခေါ်လာမယ်လို့ ကတိပြုပြီး ခေါ်လာတာ "

" ဘယ်က ဂိုဏ်းချုပ်ကြီးလဲ "

" တန်ပြန်သူတော်အဖွဲ့ရဲ့ ဂိုဏ်းချုပ်ကြီးလေ၊ အစ်ကို နောက်တော့ ဒီအကြောင်းသိလာမှာပါ ၊ လွှတ်၊ လွှတ်ပါ "

" မလွှတ်ဘူး "

" မလွှတ်ဘူးလား ကိုကို "

" မလွှတ်ဘူး၊ မင်းငါ့ကို ပြန်ပို့ပေး "

" မပေးဘူး၊ လွှတ်. . . လွှတ်. . . "

" ကဲ. . . "

" အား. . . အား. . . "

* * *

" ကဲ. . . လူစုံပြီလားဟေ့ "

" စုံပါပြီ ဆရာကြီး "

" ကဲ. . . ဒါဖြင့် ရှေ့တင်ပြီး ဝက်ဖွင့်ကွာ "

" မှန်ပါ ဆရာကြီး "



လွန်စွာကျယ်ဝန်းလှသော ခန်းဆောင်ကြီးအလယ်၌ လွန်စွာကျနစွာ မင်းသုံးနန်းဟန်ဖြစ်သော ရွှေကျွန်းတော်မည်သော ကျွန်းစားပွဲကြီးထိပ်မှ ပုဂ္ဂိုလ်ကြီးသည် ဟသ်ာရိုးတပ်တုတ်ဓားကို ကျွန်းစားပွဲကြီးထိပ်သို့ ခေါက်လိုက်ပြီး တည်ငြိမ်ခန့်ညားသော လေသံ ဖြင့် ပြောလိုက်၏။

ထွားကျိုင်းတုတ်ခိုင် လျင်မြန်ပုံရသော လူတစ်ဦးသည် ထိုအခန်းကျယ်ကြီးအတွင်းမှ ထွက်သွားလေ၏။

" ကဲ. . . မောင်ဆောင်း၊ မှန်ရာသွင်း၍ လင်းစမ်းကွဲ "

" မှန်ပါဆရာကြီး၊ ယခုပါလာမည့်သူဟာ သျှောင်ပေစူး ဘိုးတော်ရဲ့ ဝတ္တကမတ္တမိတ်ဆွေရင်းပါ၊ နာမည် မောင်သိမ်းမောင်၊ အလုပ်အကိုင်က သတင်းထောက်ဟောင်းနဲ့ အငြိမ်းစားပါ "

" အင်း. . . ဆက်ပါဦး မောင်ဆောင်း၊ သျှောင်ပေစူးရဲ့ ဝက်တ္တအချုပ်နဲ့ အတ္တုပ္ပာတ်ဇာတ်ရင်းကိုကော သိခဲ့ရဲ့လား "

" မှန်ပါ သိခဲ့ပါတယ် ဘုရား၊ အစိုးရတော်မင်းက ကျွန်းကို သျှောင်ပေစူးဘိုးတော်အား ချမှတ်ထားပါတယ်၊ အခုလာမည့် တန်ခူးလဆုတ်(၈)ရက် နံနက်(၅)နာရီမှာ အစိုးရမင်းက တစ်ကျွန်းကို ပို့ပါလိမ့်မယ်. . . ဆရာကြီးရဲ့ အမိန့်အရ သျှောင်ပေစူး ဘိုးတော်ရဲ့ ဝက်တ္တအချုပ်နဲ့ အတ္တုပ္ပာတ်ဇာတ်ကြောင်းအရ၊ အထောက်တော်ကြီး မောင်လူလှရဲ့ အစီရင်ခံချက်အရ. . .

" သျှောင်ပေစူးဘိုးတော်ဟာ စက္ကုကုန်းရွာ၊ စစ်ကိုင်းမြို့ တောင်ဘက်မှ ဦးသူတော်ရဲ့သားဖြစ်ပါတယ်၊ ငယ်ဆရာက စစ်ကိုင်း ရွာသာကြီးမှ ဘုန်းတော်ကြီး ဦးသီလဖြစ်ပါတယ်။ ဦးသူတော်ဟာ

www.burmeseclassic.com

www.burmeseclassic.com



ဓားပြခေါင်းဆောင်ရဲ့ လည်လှီးခြင်းကို ခံရပြီး ယခု ဒဂုန်မြို့ရဲ့ အရှေ့ဘက်ရွာစု တာမွေသုသာန်မှာ သင်္ဂြိုဟ်ထားပါတယ်၊ သူ့အမေ ဒေါ်ဖွားခက်သည်လည်း ဝက်သင်းရွာမှ ဓားပြမောင်ဒရဲဆိုသူက မီးနေတုန်းအမွေကျင့်ပြီး နေရာတွင် သတ်ခြင်းခံရရာမှ သူရဲ့ ဘထွေးတော်ဖြစ်တဲ့ ဦးပဥ္စင်း ဦးပဏ္ဍိတဇေထက ကျိုက္ကလို့အရှေ့မှ အုတ်ခွက်စာကို ထုတ်ပေးခဲ့ပါတယ်. . .။ "

" ဒီအုတ်ခွက်စာကို ဘုန်းတော်ကြီး ဦးသီလက ဦးပဥ္စင်း ဦးပဏ္ဍိတဇောထကို အပ်ထားပြီး နောက်ကြောင်းမပြန်ရန် ပြောထားခဲ့သော်လည်း ကျိုက္ကလို့မှ ဦးပဥ္စင်းက သျှောင်ပေစူးဘိုးထော်ရဲ့မိဘနှစ်ပါးကံကုန်ရရှာတဲ့ အကြောင်းကို မနှစ်မြို့လို့ အုတ်ခွက်စာကို မောင်ဘိုးထော်ကို ပေးခဲ့ပါတယ် "

" အင်း. . . စိတ်ဝင်စားစရာပဲ "

" မှန်ပါ. . . ဆက်နားထောင်ပါ ဘုရား၊ ရာဇဝင်ကြောင်းအရ မောင်ဘိုးထော်ဟာ သူရဲကောင်းငထင်ငယ်ရဲ့ မျိုးနွယ်တော်ဆက် ဖြစ်ပါတယ်၊ တစ်ဆယ့်သုံးနှစ်အရွယ် သျှောင်ပေစူးနဲ့ သူရဲကောင်းငထင်ငယ်ဟာ. . .

မှတ်ရာပြည့်စုံ၊ ကျန်းကုန်ကမ္ဘတ်၊
ခက်အတတ်နှင့်၊ အင်္ဂါရသ၊ သိပ္ပမခြား
ယိုယွင်းမရှိ၊ စင်းစင်းသိတတ်၊ ပညာရပ်သို့ . . .

ဟူသောစကားအတိုင်း ပညာရပ်တိုင်းအား နှံ့စပ်သိစုံအောင် သင်ခဲ့ရသဖြင့် ပညာရှိသူရဲကောင်းဖြစ်သည်ကြောင့် မောင်ဘိုးတော်သည်လည်း သျှောင်ပေစူးကို ထားရှိ၍ ပညာတိုင်း



အား မျိုးသောက်ခဲ့သူဖြစ်၍ သျှောင်ပေစူးဘိုးထော်ဟူ၍ အမည်ခံခဲ့ပြီးလျှင် ပြည်ရွာအနှံ့သူရိယသတင်းစာမှနေ၍ လူမိုက်များကို ခိမ်ခေါ်သွင်း၍. . .

အပင်းလျှိုသတ်၊ အတတ်အကွက်၊
ကြိုးလှည့်တစ်ဖုံ၊ ကြောထုံးတစ်သီး၊
မန္တာန်စီး၍၊ အပြီးတိုင် အရာပျောက်၍၊
ရှေးမြန်မာကျမ်းလာ၊ အကြောနှိပ်ကွပ်၊
ထောက်မှန်းသွတ်၍၊ မလွတ်စေကြောင်း၊
သွေးရာပေါင်းသည်၊ ကောင်းကင်ဂြိုဟ်နှိမ်၊
စက္ကဝိန်တွင်၊ သေရာသေကြောင်း၊
သွေးကြောလောင်းတည်း. . .

ဟူသော မြန်မာ့ ရာဇသိက ကနဂ္ဂရ သက္ကဗျူဟာ အကြောအတတ်ပညာနှင့် ယှက်နွယ်နေသော တိုင်းတပ်း သျှုတ္တရ၊ မန္တလေးမြို့ တိဘက်ပြည်ကြီးမှ ဉခေါ်သည ပညာရပ်ကို ထုံးချေ ရေနှောက်၍ သူအပေါင်းဗာလအား ပထဝီပြုစေခဲ့ပါတယ် ဆရာကြီး၊ အဲဒီအထဲမှာ ဆရာကြီး တော်ဘုရားရဲ့ နောင်တော်ကြီးဟာ သျှောင်ပေစူးဘိုးထော်ရဲ့ လက်ချက်နဲ့ ကံနည်းရှာရကြောင်း အထောက်တော်မောင်လူလှက စုဆောင်းပြီး ကျွန်ုပ်ရှေ့တော်ထက် မောင်းထောင်းထံဆင်ပြ အစီရင်ခံထားကြောင်းပါ "

" အင်း. . . တော်ပေပြီကွယ် "

လွန်စွာခန့်ညား၍ ပိုးဝတ်စုံအနက်ကို သေသပ်စွာ ဝတ်ထားသော ပုဂ္ဂိုလ်ကြီးသည် သူ၏ ရှည်လျားညီညာသော နှုတ်ခမ်း

www.burmeseclassic.com

www.burmeseclassic.com



မွေးကို လက်ဖြင့် သပ်လိုက်ပြီးလျှင်. . .

" အဆောင်သွင်း. . . မောင်ကောက်ရ 'ဝက်'ဖွင့်ခန့် ရောက်ပြီလား "

ထွားကျိုင်းတုတ်ခိုင်သန်မာ၍ ပိုးဝတ်စုံပင်နီရောင်ကို ဝတ်ဆင်ထားသော လူရွယ်သည် ကျွန်းစားပွဲထိပ်ရှိ ပုဂ္ဂိုလ်ကြီးအား ဦးညွတ်၍ အရိုအသေပေးလိုက်ပြီးလျှင်. . .

" မှန်ပါ သမီးတော်ခင်ခင်ကြီးက 'ဝက်'ဖွင့်ပါလိမ့်မယ် ဆရာကြီး ဘုရား "

ကျွန်းစားပွဲထိပ်တွင် ခန့်ညားသော လူကြီးငါးဦးနှင့် အမျိုးသမီးကြီးနှစ်ဦးတို့ ထိုင်လျှက်ရှိကြ၏။ အားလုံးဂင် ပိုးပျော့အကျီများကို သေသပ်စွာ ဝတ်ဆင်ထားပြီးလျှင် လွန်စွာအဖိုးတန်လှသော ရင်ထိုးဘယက်နှင့် လက်ဝတ်ရတနာများကို အမျိုးသမီးကြီးနှစ်ဦးသည် ဝတ်ဆင်ထားလေသည်။ အချိန်မှာ ညမှောင်ရီဖြစ်ပေသဖြင့် တိတ်ဆိတ်လျှက်ရှိပေသည်။ ခန်းဆောင်ကြီး၏ အလယ်၌ လွန်စွာ ရှေးကျ၍ လွန်စွာလှပသော မီးပန်းဆိုင်းကြီးကို ဆွဲလျှက်ထားလေသည်။

ထိုစဉ်ခဏ၌ ခန်းဆောင်ကြီး၏ အလယ်သို့ အရွယ်ကြီးရင့်လှသော အဘိုးကြီးတစ်ဦးသည် ဝင်ရောက်လာလေသည်။ ထိုအဘိုးကြီးသည် လွန်စွာ မောဟိုက်ပုံရနေလေသည်။

စားပွဲထိပ်မှ ပုဂ္ဂိုလ်ကြီးသည် ထိုအဘိုးအိုကြီးကို လှမ်းကြည့်လိုက်ပေ၏။ ထို့နောက် စကားပြောဆိုမှု ပြုလေသည်။

" စားတော်ကဲကြီး ဦးစိမ်း၊ ဘာသတင်းများ ထူးလို့ပါလိမ့်



ထိုအဘိုးကြီးသည် ကျွန်းစားပွဲထိပ်တွင်ရှိသော ပုဂ္ဂိုလ်ကြီးများအား ဒူးညွှတ်အရိုအသေပြုလိုက်ပြီးလျှင်. . .

" မှန်ပါ. . . တော်ဘုရားကြီးအား ကျွန်တော်မျိုးကြီး အကြောင်းဆင့်လျှောက်လိုတာက သတ်တန်တာသတ်၊ ဖြတ်တန်တာဖြတ်၊ တစ်မောင်းလျှိုမှု ရန်သူလူထုကို အခွင့်အရေးပေးရင် အခွင့်လေးပေးမှာမို့ သျှောင်ပေစူးဘိုးထော်ရဲ့ ဝတ္တာမတ္တာမ မိတ်ဆွေ မောင်သိမ်းမောင်ကို အမြန်ကွပ်မျက်စေတော်မူပါရန် စားတော်ကဲကြီး လျှောက်ထားကြောင်းပါ တော်ဘုရားကြီးဘုရား၊ အကြောင်းမူ အကျွန်တော် ကိုယ်တိုင် မသူတော်မောင်သီးကို လုပ်ကြံရာမှာ ပါဝင်ခဲ့ကြောင်းကို ယင်း. . . မောင်သိမ်းမောင်၏တပည့် မောင်ကံစိ ာ မှတ်မိထားသဖြင့် နောက်ကြောင်းမရှင်းလှပါဘုရား၊ ထို့ပြင် ာဝလည်း မြို့ဒဂုန်ရှိ ထောင်နန်း၌ လူကျပန်းများ ဆူပူ၍ ထောင်ဆူသည့်အသံဖြင့် သျှောင်ပေစူးကို ထမ်းပြေးကြသလိုလို ည်း မကောင်းသတင်းကို ယနေ့ညတွင်းချင်း စားတော်ကဲကြီး ရှိခဲ့ကြောင်းပါ "

ဟု ပြောဆိုတင်ပြလိုက်၏။

" ကဲ. . . မောင်စိမ်း လျှောက်တင်ချက်ဖြင့် ဘယ်ပြီးဦး လဲ၊ သမီး ခင်ခင်ကြီးလဲ တင်စေဦးမှပေါ့၊ သမီးကို 'ဝက်'ဖွင့်ခိုင်း ချည်း ဘယ်တော်ပါ့မလဲ "

ကျွန်းစားပွဲထပ်ရှိ ပုဂ္ဂိုလ်ကြီး၏ လက်ယာဘက်မှ ိုင်လျှက်ရှိသော အမျိုးသမီးကြီးသည် သူမ၏ခါးတွင် စည်းစား သာပဝါစကို ချွတ်လျှက် ရှေ့၌ ဖြန့်ခင်းလိုက်ပြီးလျှင် အထက်ပါ

www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ပြောဆိုလိုက်လေ၏။

ကျွန်းစားပွဲအလယ်၌ရှိသော လူကြီးတစ်ချို့သည် သဘောတူချက် ပေးလိုက်ရာ စားတော်ကဲကြီးသည် ဒူးညွတ်လျှက် နေရာမှ ထွက်ခွာသွားပြီးလျှင် ခန်းမဆောင်တစ်နေရာ၌ မလှုပ်မယှက်ရပ်လျှက်နေ၏။

ထိုခဏ၌ ခင်ခင်ကြီးသည် လွန်စွာတောက်ပြောင်နူးညံ့လှသော ပိုးဖဲတို့ကို ဝတ်ဆင်ထားလျှက် ဆံထုံးကို တစ်ဖက်ခြေ တစ်ဖက်ထုံးပြု၍ ညာလက်၌ တစ်တောင်နှင့် တစ်မိုက်သာသာခန့် ရှည်သော အဆောင်တော်ရ ရှမ်းဓားဂေါက်တို့ကို ယူဆောင်လျှက် လာလေ၏။ သူမ၏နောက်မှ ငွေလင်ပန်းဖြင့် ခွက်တစ်ခွက်နှင့် ပူးသီးသဏ္ဌာန်တကောင်းတစ်ခုကိုတင်လျှက် အထိန်းတစ်ယောက် လိုက်ပါလျှက်ရှိပေ၏။

၎င်းနောက်ဘက်နားမှနေ၍ ဆံပင်စုတ်ဖွားဖွားနှင့် မျက်နှာခပ်ကျကျဖြစ်သော်လည်း စိမ်းလျှက်ရှိသော ပါးမြိုင်းမွေးနှင့် လူတစ်ယောက်ပါလာလေသည်။ လူမှာ ဒယီးဒယိုင်ဖြစ်လျှက် ရှိပေ၏။

" သမီးတော် 'ဝက်'ဖွင့်ပါ့မယ် ဘတော်ဘုရား "

အလွန်လှပသော မိန်းမပျိုသည် ကျွန်းစားပွဲထိပ်မှ ပုဂ္ဂိုလ်ကြီးကို ခြေတစ်ဝက် နောက်ပြန်လက်ယှက်လျှက် ဦးညွှတ်အရိအသေပေးလိုက်ပြီးလျှင် ၎င်း၏လက်မှ မောင်းကို ရှမ်းဓားဂေါက်ကို ဖွင့်လိုက်ပြီးလျှင် ခြေထောက်နှစ်ဖက်ကို ကြက်ခြေခတ်ညှပ်လျှက် လက်နှစ်ဖက်ကိုလည်း ကြက်ခြေခတ်၍ ဓားဖျားနှင့် ဓားအိမ်



ကို ခတ်လိုက်လေ၏။ ခန်းဆောင်အလယ်မှ မီးဆိုင်းကြီး၏ အလင်းရောင်အောက်တည့်တည့်တွင် ခင်ခင်ကြီး၏ လှုပ်ရှားမှုမှာ လွန်စွာ လှပ၍ ပန်းရလှပေ၏။ ရှမ်းဘောင်းဘီနက် ပိုးပွနှင့် ခါးလယ်မှ ချိတ်ဆွဲထားသော ပဝါစရှိ ပန်းဖွားနှစ်ဖက်မှ ခလောက်ငယ်လေးများကလည်း လှုပ်ယမ်းလျှက်ရှိပေ၏။

ခင်ခင်ကြီးသည် ခြေနှစ်ဖက် ကြက်ခြေအနေအထားမှနေ၍ ရုတ်တရက် စူးရှစွာအော်ဟစ်လိုက်ပြီးလျှင် ခုန်လိုက်လေရာ ရပ်တစ်မြို့သာသာခန့် မြောက်တက်သွားပြီးလျှင် ပြန်အကျတွင် ဓားနှစ်လက်ကို ဝင့်ဖြတ်ကာ ဖြတ်ရာ လွန်စွာ လျှင်မြန်လှ၍ လျှပ်လက်သကဲ့သို့ပင်ရှိဘိ၏။ ကျွန်းစားပွဲထိပ်တွင် ထိုင်လျှက်ရှိသော ပုဂ္ဂိုလ်ကြီးသည် ၎င်း၏ သပ်ရပ်၍ ရှည်လျားသော နှုတ်ခမ်းမွေးများကို သပ်လျှက် ပီတိဖြစ်သော အနေအထားဖြင့် ပြုံးလျှက်ရှိ၏။ (ရပ်တစ်မြို့ = လူတစ်ရပ်သာသာခန့်အမြင့်)

ခင်ခင်ကြီးသည် နောက်ထပ်တစ်ဖန် ပြန်ခုန်လျှက် လက်ယာဓားကို အပေါ်မှတင်လျှက် လက်ဝဲဓားကို အောက်မှကပ်ပြီးလျှင် ခြေတဖောင်ကျိုးထိုင်လျှက် ကျွန်းစားပွဲထိပ်မှ ပုဂ္ဂိုလ်ကြီးကို ဦးညွှတ်လျှက်ရှိ၏။

ခင်ခင်ကြီး၏ နောက်မှ အထိန်းတော်၏ လက်ထဲတွင်ရှိသော ငွေလင်ပန်းထက်မှ ပူးသီးသဏ္ဌာန်ရေတကောင်းမှ ဦးအောင်းပြတ်လျှက် ငွေလင်ပန်းထဲတွင် ကျလျှက်ရှိပြီး ခွက်ထဲမှ နှံရှိသော အရည်များသည် တကောင်းဘေးရှိ ခွက်ထဲသို့ စီးကျလျှက်ရှိ၏။ ရေတကောင်းဖင်ပြတ်ကို ဓားပြားဖြင့် အသာရိုက်လျှက် ငှဲ့လိုက်ခြင်း

www.burmeseclassic.com

ဖြစ်ပေ၏။

" တော်ပါပေတယ် သမီးတော် "

စားပွဲဝိုင်းထိပ်မှ ခန့်ညားသော ပုဂ္ဂိုလ်ကြီးသည် လက်ထဲမှ ဓားလွှတ်ကို အသာချလျှက် လက်ခုပ်တီး၍ ဩဘာပေးလိုက်၏။ ကျွန်းစားပွဲကြီးတွင် ထိုင်နေသောသူအားလုံးသည် ငြိမ်သက်စွာ ဩဘာပေးလိုက်၏။

" သမီးတော် လျှောက်ထားလိုပါတယ် ဘတော်ဘုရား သျှောင်ပေစူးဘိုးထော်ဟာ ဘတော်ဘုရားရဲ့ ရန်သူတော်ဖြစ်ပေမယ့် သျှောင်ပေစူးဘိုးထော်ရဲ့ပေစာကို ရထားတဲ့ မောင်သိမ်းမောင်ဟာ အပြစ်မဲ့သူတစ်ယောက်ဖြစ်တဲ့အတွက် ဒီပွဲမှာ 'ဝက်'ဖွင့်ရုံမျှ ဝက်ဖွင့်ပြီး သားတော်သွင်း၊ သူရောင်တင်၊ ပွဲတော်လှန်ဖြစ်တဲ့ ရိုးရာမားကို ချန်ရစ်ပြီး မောင်သိမ်းမောင်ရဲ့ သတ်နေရာကို သမီးတော် ချန်ရစ်ခဲ့ပါတယ်ဘတော်ဘုရား၊ မခင်နွယ်စိန်ရဲ့သ-သိ-က-အ-အ ရောဂါကို ကုသပေးနိုင်အောင် ကူညီခဲ့တဲ့ပုဂ္ဂိုလ်ဖြစ်လို့ သက်တော်ချွင်းရစ်ပါရန် ဘတော်ဘုရားအား လျှောက်ဆိုခြင်း ပြုပါတယ် "

အခန်းတွင်း၌ အားလုံးတိတ်ဆိတ်လျှက်ရှိပြီးလျှင် ပုဂ္ဂိုလ်အသီးသီးသည်လည်း ငြိမ်သက်လျှက်ရှိ၏။ ခင်ခင်ကြီး၏ လျှောက်ဆိုချက်ကို စဉ်းစားနေဟန်ရှိပေ၏။ ခင်ခင်ကြီးနောက်မှ အထိန်းတော်သည် တကောင်းထဲမှ ငှဲ့ပြီးသား နံ့ဖျစ်ဖျစ်အရည်များကို စားပွဲထိပ်တွင် ထိုင်လျှက်ရှိသော ပုဂ္ဂိုလ်ကြီးထံသို့ သွားရောက်၍ ရိုသေစွာ ပေးလေ၏။

( 'ဝက်'ဖင်ပွဲဆိုသည်မှာ ဓားမြိုစား ၊ နယ်စားများသည်



ရန်သူတော်အားမိလေလျှင် ဆွေစုမျိုးစုံလင်စွာ စုဝေးပြီး ဓားရေးကျွမ်းသူတစ်ဦးက တကောင်းမှ တော်ဝင်သပျစ်ရည်ကို ဓားစွမ်းဖြင့်ခွက်ထဲသို့ ငှဲ့ထားရပြီး ထိုဓားစွမ်းပိုင်ရှင်သည် ထိုနေရာ၌ပင် ရန်သူ၏ ရင်ဘက်တည့်တည့်ကို ဓားဖြင့်ထိုးသွင်းကွပ်မျက်ရသည့် အကြောင်းဖြစ်၏။ ရှေးဟောင်းအိန္ဒိယ အယူအဆတစ်မျိုးဖြစ်ပြီးလျှင် အရှည်ကောက်အားဖြင့် 'ဝက္ကု' ဖြစ်ပေသည်။ ဝက္ကု ရပွဲဝက္ကုမှ 'ဝက်'ဖွင့်ပွဲသို့ အတိုယူဆောင်လာခြင်းဖြစ်သည်။ အဓိပ္ပါယ်မှာ လှည့်လည်ခြင်း၊ လိမ်ရစ်ခြင်း၊ ယစ်မူးခြင်းပင်ဖြစ်ပေသည်။ ထိုအကြောင်းအရာကို သျှောင်ပေစူးဘိုးထော်၏ မှတ်တမ်းအတွင်းမှ တွေ့ရှိရသဖြင့် ဖော်ပြခြင်းဖြစ်ပေသည်။)

ဝက်ဖွင့်ကား တဒင်္ဂပြီးဟန် ရှိပေသည်။

" ရှိစေတော့ သမီးတော်၊ ငါတို့ 'စည်းပွဲသဘင်'လဲရှိပေသေးတယ်၊ သမီးတော် အနားယူနိုင်ပြီ၊ ငါတို့ 'တန်ပြန်သူတော်' အဖွဲ့ရဲ့ ဝက်ရုံးတော်သားများကို အခေါ်လွှတ်လိုက်၊ သျှောင်ပေစူးရဲ့ ပေစာထုံးအဖွဲ့များကို မောင်းတော်တီး မောင်ပိန်းမှတစ်ဆင့် ရှေ့တော်သွင်းစေ "

အားလုံးသည် 'တန်ပြန်သူတော်' အဖွဲ့ခေါင်းဆောင်အား လေးညွတ်၍ ပြုလိုက်ကြ၏။

ကျွန်းစားပွဲထိပ်မှ ပုဂ္ဂိုလ်ကြီးသည် ၄င်းရှေ့၌တင်ထားသော ငွေခွက်ငယ်ကို တစ်ကျိုက်တည်း မော့ချလိုက်ပေ၏။

ထို့နောက် အခေါင်ရှည်တံခါးသည်လည်း ပိတ်သွားသည်။

* * *

www.burmeseclassic.com



" ဟင်. . . ကိုကို ထတော့၊ ခင်ခင် လာနှိုးတာပါ "

လွန်စွာကျဉ်းမြောင်းလျက်ရှိသော အခန်းကျဉ်းထဲ သံခုတင်ပေါ်တွင် လဲလျောင်းလျက်ရှိသော ဆံပင်စုတ်ဖွား ပိန်လှီလှီဖြစ်သောသူအား ခင်ခင်ကြီးသည် တအား လှုပ်နှိုးသ ၏။ တအင်းအင်း တအဲအဲဖြစ်၍ ထိုသူသည် နိုးလျက်လာ ထို့နောက် ရုတ်ခနဲ ထထိုင်လိုက်ပြီး. . .

" ခင်ဗျားတို့ ကျုပ်ကို အကြောင်းမဲ့ခေါ်ထားတာ ဘယ် သဘောလဲဗျ၊ သတ်ချင်လဲ သတ်လိုက်ကြဗျာ "

ဟု၍ ညည်းညူပြောဆိုလေ၏။

" အင်း. . . ကိုကိုနော်၊ ခင်ခင်ကို အထင်မလွဲ တော်ဘုရားရှေ့မှာတင် သူ့အသက်ကို မလုပ်ကြဲဖို့ ခင်ကိုယ် ခားစွမ်းပြုပြီး လျှောက်ထားခဲ့တာ အသိသားနဲ့ "

" ဒီလိုဆို ခင်ဗျား ကျုပ်ကို အမှောင်သိမ်းသွင်းပြီး ဘာ ဖို့ ခေါ်လာခဲ့တာလဲ "

" ဟင်း. . . တော်တော်နားဝေးတဲ့ ကိုကိုပဲ တော်ဘုရားရဲ့ တန်ပြန်သူတော်အဖွဲ့က သျှောင်ပေစူးနဲ့ နိုးစ တွေကို လုပ်ကြံသတ်ဖြတ်ဖို့ အမိန့်ပေးထားတယ်၊ အဲဒီထဲမှာ ကိုကို က ရှေ့ဆုံးကပါနေတယ်၊ တစ်နေ့မဟုတ်တစ်နေ့ ကိုကိုဒုက္ခရော မှာစိုးလို့ ဒီကတမင် ထောက်လှမ်းစုံစမ်းပြီးမှ မရမကခေါ်လာ တော်ဘုရားကို လျှောက်တင်ပြီး ကိုကိုရဲ့ ရာဇဝင်နဲ့ လူအ ဖြစ်တဲ့အကြောင်း ဒီက သံတော်ဦးတင်ခဲ့ရပါတယ်၊ နို့မဟုတ် ဒီလောက်ဆို ကျောက်မြောင်းမှာပဲ ကိုကိုသေပြီသိလား၊ လည်



တော်မောင်နဲ့ကိုလည်း လွှတ်ထားသေးတယ် "

" နေပါဦး သျှောင်ပေစူးဘိုးတော်နဲ့ မင်းတို့ တန်ပြန်အဖွဲ့ နဲ့ ဘာဆိုင်လို့တုန်း "

" ဆိုင်တာပေါ့ ကိုကိုရဲ့၊ သျှောင်ပေစူးဘိုးတော်က မူလက သူတော်အဖွဲ့ဆိုတာရှိတယ်၊ မူလက တကယ့်သူတော်တွေလုပ်တဲ့ အဖွဲ့ပဲ၊ တော်ဘုရားလဲပါတယ်၊ ဒါပေမယ့် အဲဒီ အုတ်ခွက်လည်း ရရော သျှောင်ပေစူးဘိုးတော်ဟာ ပဲခူးကြီးကနေ လျှို့ဝှက်သေ မင်းတမန် ဖြစ်တော့တာပဲ၊ တော်ဘုရားကြီးရဲ့ နောင်တော်ကြီးဟာ လဲ ကံနည်းရရှာတယ် "

" သျှောင်ပေစူးဘိုးတော်က ရာဇဝတ်သားဖြစ်တာတော့ ဟုတ်ပါပြီ၊ မင်းတို့ တန်ပြန်သူတော်အဖွဲ့ကရော ဘာကြောင့်လူသတ် မှုကို ကျူးလွန်ရတာလဲ "

" ဒီလိုလေ သျှောင်ပေစူး ဘိုးတော်ဟာ တိဘက်ဆရာကြီး 'ကွမ်'ထံမှာ တပည့်ခံယူပြီး တိဘက်မေစာကို ရသွားတယ်၊ အဲဒီ ပေစာကို တော်ဘုရားရဲ့ နောင်တော်ကြီးက သျှောင်ပေစူးဘိုးတော် ထံသွားငှားတယ်၊ ဒါပေမယ့် သျှောင်ပေစူးဘိုးတော်က မငှားဘူး၊ အဲ့ဒီအချိန်မှာ ဒီပညာကို မရ ရအောင် ယူခဲ့ရမယ်လို့ တော်ဘုရား ကြီးက အမိန့်ချထားလို့ နောင်တော်ကြီးက သျှောင်ပေစူးဘိုးတော် ကို ပညာနဲ့လုပ်ကြံတာမှာ သျှောင်ပေစူးဟာ နောင်တော်ကြီးကို အဲဒီ တိဘက် 'ဥခေါ်သာ'ပညာနဲ့ပြန်ပြီး လုပ်ကြံလိုက်တယ် တော် ဘုရားရဲ့ နောင်တော်ကြီးဟာ လျှာမှာ အဖုတွေဖြစ်ပြီး အကြောဆွဲ ရောဂါနဲ့ သေဆုံးရရှာတယ်၊ အဲဒီမှာတင် သျှောင်ပေစူး ဘိုးတော်

www.burmeseclassic.com

www.burmeseclassic.com



ဟာ သူ့ထပည့်တွေနဲ့ တော်ဘုရားရဲ့ စေတမန်တွေကို တိုက်ခိုက်ခဲ့ရာက၊ အပြန်အလှန်ဖြစ်ပြီး လူသတ်မှုတွေကို ကျူးလွန်ခဲ့ရတာပါပဲ၊ မသူတော်မောင်သီးဟာ မူလကတည်းက သျှောင်ပေစူးဘိုးထော်ရဲ့ သူတော်အဖွဲ့ကပဲ၊ ဆရာစိမ်းဟာ တော်ဘုရားရဲ့ အိမ်တော်ပါ-ငယ်ကျွန်ကြီးပဲ၊ အစက တစ်ဖွဲ့တည်းပဲ၊ ဆရာစိမ်းက မသူတော်မောင်သီးကို သတ်ပြီးရင် ကိုကို့ကိုပါသတ်ဖို့၊ ဒါပေမယ့် သတ်ခွင့်မပြုလို့ နောက်တစ်ယောက်ဖြစ်တဲ့ လက်ရုံးတော်မောင်နဲ့ကို လွှတ်ထားတာ၊ သူတို့က အစ်ကို့ကို သျှောင်ပေစူးဘိုးထော်ရဲ့ အဖွဲ့ထဲကလို့ ထင်နေတာ၊ နောက်ပြီး ဒီပေစာတွေကို ကိုကိုက ရထားတာကြောင့်လဲ သူတို့ကပိုပြီး ကိုကို့ကို မဲလိမ့်မယ် "

" အင်း. . . ပေစာတွေယူသွားပြီးပဲ၊ ဘာလုပ်ဖို့လိုသေးလဲ "

" အဲဒီ ပေစာနဲ့ပတ်သက်ပြီး ဒီညမှာ ကိုကို့ကို စစ်ဆေးလိမ့်မယ်၊ အဲဒါ ကောင်းကောင်းဖြေပါ ကိုကို၊ မေးရင်ဖြေ၊ ကျွေးရင်စား၊ တွေ့ရင်ရှောင်၊ မရှောင်ရင် သူတော်ကြီးမားနဲ့တွေ့လိမ့်မယ် "

" သူတော်ကြီးမားဆိုတာ ဘာလဲ "

" တန်ပြန်သူတော်အဖွဲ့ရဲ့ ပါးကွက်သား မားသမားသူတော်ကြီးကို ပြောတာ "

" သူတော်ကြီးမားက နောက်ထားလို့ ကျုပ်ကို အမွှေခေါ်လာတဲ့ ဟောဒီ ခင်ခင်ကြီးကိုတော့ ကျုပ်ဒဏ်ပေးရလိမ့်မယ် "

" အို. . . ကိုကို ဒီလိုမလုပ်နဲ့လေ "



" မရဘူး. . . မရဘူး. . . ကိုကို့ကို ညှဉ်းဆဲထားတဲ့ ခင်ခင်ကြီးကိုတော့ ဒဏ်ပေးရလိမ့်မယ် "

" အို. . . အို. . . ကိုကို "

" ဟင်း. . . ကိုကို. . . ကိုကို. . . အို "

www.burmeseclassic.com

www.burmeseclassic.com

## ရထားပြန် အစောင့်

မော်လမြိုင်အစုန်ရထားသည် ကွမ်းခြံဘူတာကြီး၏ ပထမစကြံန်သို့ ထိုးဆိုက်သမှုပြုလေသည်။ မီးရထားခေါင်းမှ ရှူညည်းသံများစွာဆွဲလျှက်ရှိသော ဥသြသည် ရပ်လျှက်သွားသည့်အခါတွင် မော်လမြိုင်အစုန်ရထားပေါ်မှ ခရီးသည်များသည် အပြေးအလွှားဆင်းလျှက် လာကြလေသည်။ ထိုမော်လမြိုင်ရထား၏ တွဲနံပါတ်နှစ်မှ ပိန်ပိန်သေးသေး မျက်နှာခပ်ကျကျနှင့် နှုတ်ခမ်းစိမ်းလျှက်ရှိသော လူတစ်ယောက်သည် မွေးပွခေါင်းပေါင်းတစ်ထည်ကိုပတ်ကာ ဇင်းမယ်လွယ်အိတ်ကို လွယ်လျှက် ခပ်သုတ်သုတ်ဆင်းလာလျှက်ရှိပေ၏။ ထိုသူသည် သုတ်သီးသုတ်ပျာ နိုင်လှပေ၏။

" ဟဲ. . . ဟဲ. . . ကိုသိမ်းမောင်၊ သုတ်ခြေတင်လှချည်လားဗျ "



ထိုသူသည် ပျာသီးပျာယာနိုင်လှစွာဖြင့် အသံလာရာဆီသို့ လှမ်းကြည့်လိုက်သောအခါတွင် လွန်မင်းစွာ အံ့အားသင့်သွားဟန်ပေါက်လေသည်။

" ဟဲ ဟဲ ဟဲ . . .၊ ကိုယ့်လူကို လာစောင့်နေတာဗျ "

ထိုသူသည် ဘာပြန်ပြောရမည်ကို စဉ်းစားမရသည့်အလား ဆိတ်ငြိမ်လျှက်ရှိပေ၏။

" ကိုယ့်လူက နှုတ်ဆိတ်လှချည်လားဗျ "

မေးမြန်းလျှက်ရှိသော သူသည် သက္ကလတ်ပျော့ဦးထုပ်ကို သေသပ်စွာ ဆောင်ထားလေသည်။ ကရက်ဖော့စတား ဆေးတံကြီးကိုလည်း ပါးစောင်တွင် ခဲထားပြီးလျှင် သက္ကလတ်ပိုးပျော့ဘောင်းဘီရှည်အိတ်ထဲသို့ လက်နှစ်ဖက်ကို နှိုက်လျှက်ရှိ၍ လွန်စွာ ဣန္ဒြေရလျှက် ရှိပေ၏။

" မော်လမြိုင်မှာ လောကနိဗ္ဗာန် တွေ့ခဲ့ရဲ့လားဗျ "

" ဦးဇင်ယော် ဒီမှာ ဘာလာလုပ်နေတာတုန်း "

" ခင်ဗျားကို ကျူပ်လာစောင့်နေတာလေ၊ ကားလဲပါတယ်၊ မေဂျာဒါနန်းက ဘူတာကြီးမှာ လုံခြုံရေးကိစ္စ အရေးကြီးလို့ လာရင်းနဲ့ ကျူပ်လဲ ခင်ဗျားကို လာစောင့်နေတာ "

" ဘာအတွက် လာစောင့်နေတာလဲ ဦးဇင်ယော်ရဲ့. . . "

ဦးဇင်ယော်သည် ဆေးတံကို ဆေးဖြည့်လိုက်ပြီးလျှင် ရောမပြည်လုပ် အကောင်းစား 'ရွှန်'မီးခြစ်ကိုခြစ်၍ ဆေးကို မီးညှိလိုက်ပြီးလျှင် . . .

" သဲလွန်စရလိုရငြားပေါ့ဗျ၊ ဟဲ ဟဲ ဟဲ "

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ခပ်မာန်ပါပါ ပြောဆိုလိုက်ရာ ပိန်ပိန်သွယ်သွယ် ဖြစ်သော သူသည် . . .

" ဘာသဲလွန်စလဲဗျ ဆိုပါဦး "

ဟူ၍ ခင်မင်ရင်းနှီးသော ဟန်ဖြင့် ပြောဆိုလေရာ. . .

" တန်ပြန်သူတော်အဖွဲ့ရဲ့ သဲလွန်စပေါ့ဗျာ၊ သျှောင်ပေစူး ဘိုးဆော်ရဲ့ ဇာတ်က သိမ်းသေးတာမဟုတ်တော့ သျှောင်ပေစူး ဘိုးထော်ရဲ့ နောက်ဆက်တွဲ ဆက်နေတဲ့ရှေးဟောင်းအယူသီး တန်ပြန်သူတော်အဖွဲ့ရဲ့ သဲလွန်စပေါ့ "

ပိန်ပိန်ရှည်ရှည်လူသည် ဦးဇင်ယော်၏ ပုခုံးကို အသာပုတ် လိုက်ကာ. . .

" သွားကြစို့ဗျာ။ အိမ်ရောက်တော့ အေးအေးဆေးဆေး စကားပြောကြတာပေါ့. . . "

ဟူ၍ ပြောဆိုလိုက်ပေ၏။

* * *

" ကျုပ်အဖြစ်ကတော့ ဒါပါပဲ ဦးဇင်ယော်၊ ဒါပေမယ့် ခင်ဗျား ကျုပ်ကို ဘယ်လိုထောက်လှမ်းထားတယ်ဆိုတာကို အံ့ဩ မိတယ်ဗျာ "

" ဒါက လွယ်ပါတယ်ဗျာ ၊ ကျုပ်တို့ စုံထောက်ပညာ



(Prey For Seize) ဆိုတာရှိတယ်ဗျ။ သာမန်စုံထောက်လေးတွေ တော့ နားမလည်နိုင်ဘူး၊ စိတ္တဗေဒနဲ့ ဆိုင်နေတယ်၊ ခင်ဗျားဟာ မော်လမြိုင်ဘက်ကို ခရီးထွက်မယ်ဆိုတာ ကျုပ်ကို မပြောခဲ့ဘူး၊ ဒါပေမယ့် ဆိုင်ကိုလိုက်ကြိုကယ်အိမ်ဖက်ခေါ်တဲ့ စိတ္တဗေဒခံစားမှု အတိုင်း အတာအရ ခင်ဗျားဟာ သျှောင်ပေစူးဘိုးထော်နဲ့ ပတ်သက်ပြီး စိတ်ရှုပ်ထွေးမှုရောဂါတစ်မျိုးဖြစ်နေတယ်၊ ဒီတော့ ခင်ဗျားဟာ သျှောင်ပေစူးဘိုးထော်ရဲ့ ပေစာထုပ်ကြီး တန်ပြန်သူတော်အဖွဲ့ လက်ထဲပါသွားတော့ ခင်ဗျားဟာ ကိုယ့်ကိုယ်ကို လွတ်လပ်ပြီထင်ပြီး တစ်နေရာကို သွားလိမ့်မယ်လို့ ကျုပ်တွေးထင်ထားတယ်၊ (Imagine) တစ်ခုပေါ့ဗျာ၊ ဒီတော့ ခင်ဗျားထွက်မယ့်နေရာကို သိအောင် ကျုပ်အထောက်တော်နှစ်ယောက် ချထားတယ်ဗျာ၊ အဲဒီ အထောက်တော်တွေထဲမှာ ဂေါ်ရခါး တပ်ကြပ်ကြီးတစ်ယောက် ပါတယ်၊ ခင်ဗျားတွေ့ခဲ့သလားတော့ မဆိုနိုင်ဘူး၊ မော်လမြိုင် ကူးတို့ သင်္ဘောပေါ်မှာ ခင်ဗျား မဒီ. . . လေးက မြူချော့နေတဲ့အချိန်၊ ရှေ့တည့်တည့်ထိုင်နေတဲ့ စစ်သားကြီးဟာလေဗျာ၊ ဒါကြောင့် ကျုပ် က ခင်ဗျားကို လောကနိဗ္ဗာန်တွေ့ခဲ့ရဲ့လားလို့ မေးတာပေါ့ဗျ၊ ဟဲ. . . ဟဲ. . . ဟဲ. . . "

" လောကငရဲရောက်ဖို့ လက်တစ်လုံးလိုပဲဗျို့၊ ခင်ဗျားပြော တဲ့ လောကနိဗ္ဗာန်ဆိုတာလေးက အရိုးမပျက်ခဲ့ပါဘူးဗျ. . . "

" ဟဲ. . . ဟဲ. . . ဟဲ၊ အရိုးမပျက်ပေမယ့် အသည်းတစ် ကွက်တော့ ခပ်ပွဲပွဲပဲ ထင်တယ်ဗျာ၊ ဘူတာရုံမှာ ကျုပ်ကို စကား တောင်ပြန်ပြီး ကောင်းကောင်း မပြောနိုင်ဘူး "

www.burmeseclassic.com

www.burmeseclassic.com



" ဒါနဲ့ ခင်ဗျား အဲဒီပေစာတွေ ပြန်ရခဲ့လားဗျ ဦးသိမ်းမောင် "

" ပြန်မရဘူးလေဗျာ၊ အားလုံးကို သူတို့ရဲ့ လျှို့ဝှက်ခန်းထဲမှာထားတယ်၊ တော်ဘုရားရဲ့ အမိန့်မရရင် ဒီပေစာကို မကိုင်ရဘူးတဲ့ဗျ၊ တော်ဘုရားကြီးက ကျုပ်ကို ပြန်လွှတ်ပြီး . . . "

" ခင်ခင်ကြီးကို ခင်ဗျားကို စောင့်ကြည့်ဖို့ တာဝန်ပေးလိုက်တယ် မဟုတ်လား "

ကျွန်ုပ်သည် ဦးဇင်ယော်အား လွန်စွာအံ့ဩသွားလျှက် . .

" တိကျလှချည်လားဗျ "

" ဟဲ . . . ဟဲ၊ တိကျဆို ကျုပ်နာမည် ဇင်ယော်တဲ့ဗျ၊ ဇင်ယော်တောင်မှ ကျုပ်က အာဖရိက ဇင်ယော်လေဗျာ "

" ဆိုစမ်းပါဦးဗျ "

" ဒီလိုလေ . . . အာဖရိကမှာရှိတဲ့ ဇင်ယော်တစ်မျိုးဟာ မိုင်းပေါင်းများစွာကိုဖြတ်ပြီး ပြန်ခဲ့ပေမယ့် သူ့အသိုက်ထဲမှာ ဘာဖြစ်နေတယ်ဆိုတာကို မိုင်ပေါင်းများစွာက သိနေတယ်တဲ့၊ အဲဒီဇင်ယော်မျိုးဗျ၊ ဟဲ . . . ဟဲ . . . ဟဲ "

* * *

## အယူခံပလပ်ခြင်း

ကာကာဆိုင်တွင်ကား လူသူရှင်းလျှက်ရှိသည်။ ကျွန်ုပ်သည် လူပေါင်းများစွာ တစ်နေကုန်ဖတ်ပြီး၍ တွန့်ကြေလျှက်ရှိသော မြန်မာ့သံတော်ဆင့် သတင်းစာကို ကောက်ယူ ဖတ်ရှုလိုက်ပေရာ . . .

' သျှောင်ပေစူး ဘိုးတော်၏ အယူခံကို ပလပ်လိုက်ခြင်း '

ဟူသော ခေါင်းစဉ်ဖြင့် သတင်းတိုလေးတစ်ပုဒ်ကို ဖတ်ရှုရလေ၏။

ဟိုက်ကုတ်တရားရုံးတော်မှ လူမိုက်ကြီးသျှောင်ပေစူး ဘိုးတော်အား ကျွန်းဒဏ်အယူခံထားခြင်းမှ ပလပ်လိုက်ကြောင်းကို ကျွန်ုပ်တို့၏ သံတော်ဆင့်သတင်းထောက်သည် ဟိုက်ကုတ်တရားရုံး

www.burmeseclassic.com

www.burmeseclassic.com



သို့ သွားရောက်၍ စုံစမ်းခဲ့၏။ တရားခံ သျှောင်ပေစူးဘိုးတော် သည် မည်သူ့အားမျှစကားပြောဆိုခြင်းမရှိဘဲ အချိန်ကာလကြာမြင့် စွာ စားသောက်ခြင်းမပြုဘဲနေသည်ကိုလည်း စုံစမ်းသိရှိရသည်။ ၎င်း၏ တရားရုံးတော်၌ ဖြောင့်ချက်ပေးသော စာတမ်းအရ ၎င်း၏ ကျွန်းဒဏ်မှ လွတ်မြောက်ခြင်းမပြုနိုင်ဟု ဟိုက်ကုတ်စက်ရှင် တရားသူကြီး ဦးဘဝေ၏ ရုံးမှ အမိန့်ချမှတ်လိုက်ခြင်းဖြစ် ကြောင်း. . .။

၎င်း၏ ဖြောင့်ချက်ပေးသော စာတမ်းအား ကျွန်ုပ်တို့ သတင်းထောက်မှ စုံစမ်းရာ စိတ်ဝင်စားဖွယ်ဖြစ်သဖြင့် ကူးယူ ရာ အောက်ပါအတိုင်းဖြစ်ပေသည်။

**ဆိုးသွမ်းမှု အစဉ်တရားသည် ချုပ်ငြိမ်းမှုဖြစ်စဉ်သို့ နိဂုံး ကမ္ဗတ်အဆုံးသတ်သည်ကြောင့် ကျွန်ုပ်သည် ဆိုးသွမ်းသူတို့အား ကျွန်ုပ်၏ ဒုက္ခသလက်ဖြင့် ဆုံး ခြင်းပြု၏။**

သျှောင်ပေစူးဘိုးတော်

ကျွန်ုပ်သည် သတင်းစာကို ပြန်၍ပိတ်လိုက်ပြီး သျှောင်ပေစူးဘိုးတော်အတွက် လွန်စွာမှ စိတ်မကောင်းဖြစ်မိ၏။

ကျွန်ုပ်သည် ထိုသို့ တွေးတောလျှက်ရှိစဉ် ကျွန်ုပ်ထိုင်လျှက် ရှိရာ ကာကာဆိုင်သို့ ကားတစ်စီး ထိုးဆိုက်လိုက်လေ၏။



ကျွန်ုပ်သည် ကားပေါ်မှဆင်းလာသူကို ကြည့်လိုက်ကာ အံ့သြမိလျှက်ရှိစဉ်. . .

" ကဲ. . . ကိုသိမ်းမောင်၊ ကျုပ်နဲ့ တစ်ခါတည်း လိုက်ခဲ့ဗျ "

ဟုပြောဆိုလေ၏။

ကျွန်ုပ်ပြသော သံတော်ဆင့်သတင်းစာကို စုံထောက်ကြီး ဦးဇင်ယော်သည် ဦးခေါင်းညိတ်အသိအမှတ်ပြုပြီး. . .

" ကျုပ် သိပြီးပါပြီဗျာ၊ သံတော်ဆင့် သတင်းထောက်က ကျုပ်ရှေ့တင်ပဲ မှတ်တမ်းကူးထည့်လိုက်တာ၊ သတင်းက ပိုရောင်း ရတာပေါ့ဗျာ၊ ကဲ. . . လာ၊ သွားမို့ "

ကျွန်ုပ်တို့သည် အော်စတင်ကားနက်လေးဖြင့် ကာကာဆိုင် ရှေ့မှ ထွက်ခဲ့ရာ ကာကာဆိုင်ရှင်သည် ဆလံပေးရင်း ကျန်ရစ်ခဲ့ ပေသည်။ ကားလေးသည် အရှိန်ပြင်းစွာ မောင်းနှင်ပြီးလျှင် တရိပ်ရိပ်ဖြင့် ပြေးလျှက်ရှိပေ၏။

" ဘယ်ကိုလဲ ဦးဇင်ယော် "

" ရောက်တော့ သိမှာပေါ့ဗျ "

" ရော့. . . ကိုသိမ်းမောင်၊ လိုလိုမည်မည်ယူထား "

ကျွန်ုပ်သည် စုံထောက်ကြီး ဦးဇင်ယော်က လက်ထဲသို့ ထိုးထည့်ပေးလိုက်သောအရာကို ကြည့်လိုက်ရာ မိန်းမကိုင် ပစ္စတို အသေးစားတစ်လက်ဖြစ်သည်ကို တွေ့ရလေ၏။ ကျွန်ုပ်သည် ရှပ် အင်္ကျီအပေါ် အိတ်သို့ ထည့်လိုက်လေ၏။ ကားသည် ငမိုးရိပ်ချောင်း ထိပ်သို့ ထိုးရပ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးဇင်ယော်သည် ကားတံခါးကို ဖွင့်လိုက်ပြီးလျှင် ရှေ့မှနေ၍ ဆင်းသွား၏။

" ကိုသိမ်းမောင် နောက်က ကပ်လိုက်ခဲ့ဗျာ၊ သေနတ်မောင်းထိန်းခလုတ်ကိုလဲ အသင့်ပြင်ထား "

ကျွန်ုပ်သည် စုံထောက်ကြီးဦးဇင်ယော်နောက်မှ ကပ်လျက်လိုက်ရ၏။ ဦးဇင်ယော်သည် အမှောင်ထဲ၌ အသေးစားလက်နှိပ်ဓါတ်မီးကလေးကိုထိုးရင်း ကမ်းစပ်တစ်လျှောက် လျှောက်သွားလျက်ရှိ၏။ သူသွားသော လမ်းအတိုင်း ကျွန်ုပ်သည် သတိထားလျက်လိုက်ရပေ၏။ ချုံတောမထူထပ်သော ရွှံ့ပွမြေမျိုးသာဖြစ်သဖြင့် ခတ်ပေသေး၏။ သို့သော် တစ်ခါတစ်ရံ ရွှံ့ထဲ ခြေအနည်းငယ်နစ်ဝင်သဖြင့် ပြန်ဆွဲထုတ်ရသည်မှာ စိတ်ပျက်စရာပင် ကောင်းသေးတော့၏။

တစ်ခေါ် သာသာခန့် ကမ်းရိုးတန်းအတိုင်း လျှောက်မိလျှင် ခပ်ဝေးဝေးဆီမှ လူလေးငါးယောက်ကို လှုပ်လှုပ်လှုပ်လှုပ်ဖြင့် မသဲမကွဲတွေ့ရပေ၏။ ထိုလူသိုက်သည်လည်း လက်နှိပ်ဓါတ်မီးများ တဝင်းဝင်းဖြင့် ထိုးလျက်ရှိ၏။

" ကိုသိမ်းမောင်၊ နိုက်ဆက်(စ်)ချာတွေအကြောင်း ကြားဖူးလား၊ စကော့စလန်ယာဒ်က စုံထောက်အကျော်တွေအကြောင်းလေ "

" မကြားဖူးဘူးဗျ "

ကျွန်ုပ်သည် လေသံဖြင့် ပြောလိုက်၏။

" ကိုယ်တွေ ကြုံရမှာပေါ့ဗျ "



ထိုသို့ပြောပြီးနောက် စုံထောက်ကြီး၏ ခြေလှမ်းများသည် များစွာသွက်လျက်ရှိပေရာ များမကြာမီပင် လက်နှိပ်ဓါတ်မီးထိုးလျက်ရှိသော လူသိုက်အနီးသို့ ရောက်လေ၏။ အနီးသို့ရောက်လျှင် စုံထောက်ကြီးဦးဇင်ယော်သည်. . .

" ကိုဘခက်တို့ ရောက်ပြီလား "

ဟူ၍ မေးလိုက်လေရာ ထိုလူသိုက်သည် ရှိသေသမှုပြုပြီးလျှင် ထိုအထဲမှ ခပ်ဝဝ ထောင်ထောင်မောင်းမောင်းနှင့်လူသည် ကျွန်ုပ်တို့နှင့် နီးကပ်စွာ ရောက်လာပြီး. . .

" အသင့်ပါပဲ ဆရာ "

ဟူ၍ ပြောလိုက်လေ၏။

" မင်းတို့အားလုံး ဘယ်နှစ်ယောက်လဲ "

" အားလုံး ငါးယောက် ဆရာ "

" အေး. . . ငါးယောက်ဆို ငါးမှာစုပေါ့ "

" ဟုတ်ကဲ့ ဆရာ "

" လှေကော အသင့်ဖြစ်ပြီလား "

" ဟုတ်ကဲ့ "

" ကဲ. . . သွားစို့ "

ကျွန်ုပ်ပါဝင်သော ဦးဇင်ယော်၏ လှေသည် ရှေ့မှ ဦးတည်လျက် ထွက်လေ၏။ ငမိုးရိပ်ချောင်းရိုးအတိုင်း လှေမှာ မျောကျလာ၏။ ညဥ့်အမှောင်ထုအောက် လရောင်မဲ့သော ကာလတွင် လှေဖြင့် ခရီးသွားရသည်မှာ ထူးခြားသော အရသာတစ်မျိုးပင်ဖြစ်တော့၏။ ကျွန်ုပ်၏ စိတ်လှုပ်ရှားမှုမှာ ပျောက်သွားလိုက် ပေါ်လာ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ဖြင့် မငြိမ်မသက်ဖြစ်လျှက်ရှိပေ၏။

ကွမ်းသုံးရာညက်ခန့် သွားကြပြီးသော် လှေဦးသည် ကမ်းနဖူးသို့ ဆိုက်လေ၏။ ကျွန်ုပ်သည် မည်းမှောင်သော ညဥ့်အမှောင်တွင် ငြိမ်သက်လျှက်ရှိသော အိမ်ခြေစုတစ်စုကို တွေ့ရလေ၏။ ကမ်းနဖူးတွင် မနီပင် ကျိုးတိုးကျဲတဲကို တွေ့ရလေ၏။

" ကဲ. . . မောင်ဘခက်။ မင်းရှေ့ကတက်၊ ရွာအနောက်ဘက်ကိုချဉ်း၊ ဘုရားကြီးကုန်းဘက်သို့ တက်သွား၊ လက်နက်ပါရဲ့လား၊ နံ့ရဲ့လား "

" ဟုတ်ကဲ့. . . ဆရာ "

ရှေ့မှ လူစုသည် လက်နှိပ်ဓါတ်မီးများကိုပိတ်ကာ ကမ်းပေါ်သို့ တက်သွားကြလေ၏။ ဦးဇင်ယော်ဦးဆောင်သော ကျွန်ုပ်တို့အဖွဲ့သည်လည်း ကမ်းပေါ်တက်ကြလေ၏။ ရှေ့မှ အုပ်စုသည် ကျွန်ုပ်တို့ရှေ့ တစ်ခေါ်သာသာခန့်တွင် ရွာဝင်းထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားကြလေသည်။

ဦးဇင်ယော်သည် ရွာဝင်းထဲသို့ မဝင်ရောက်သေးဘဲ ခေတ္တစောင့်နေလေသည်။ ဦးဇင်ယော်သည် ဆေးတံခဲခြင်းမပျက်ဘဲ ဆေးတံထဲမှ အငွေ့အသက်များကို တွေ့ရခြင်းဖြစ်လေသဖြင့် ကျွန်ုပ်သည် ဦးဇင်ယော်၏ သွေးအေးခြင်းကို ထပ်မံ၍သဘောတူမိလေသည်။

ရွာဝင်း အမှောင်ထုထဲမှ ရှေ့ပြေးအုပ်စုသည် လက်နှိပ်ဓါတ်မီး တဝင်းဝင်းဖြင့် ပြန်ဝင်လာသည်။

" တွေ့ခဲ့ရဲ့လား ကိုဘခက် "



ဦးဇင်ယော်သည် လူအုပ်ထဲမှထောင်ထောင်မောင်းမောင်းနှင့် ကိုဘခက်အား လေသံဖြင့် မေးလိုက်၏။

" အားလုံးရှိတယ် ဆရာ၊ ဒါပေမယ့် လူတော်တော်များတယ် ဆရာ "

" အေး. . . ကိစ္စမရှိဘူး၊ မင်း ရှေ့ကပြန်သွား၊ ငါ ရောက်လာမယ် "

ကိုဘခက်တို့လူသိုက်သည် ရွာဝင်းအမှောင်ထုထဲသို့ လှစ်ခနဲ ပျောက်ဝင်သွားလေ၏။

" ဘာကိစ္စလဲ ဦးဇင်ယော် "

" တွေ့ပါလိမ့်မယ်လေ၊ ခင်ဗျားကို ကျုပ်ပေးထားတဲ့ သေနတ်၊ အရေးရှိရင် ပစ်သာထည့်နော် ကိုသိမ်းမောင်၊ သေနတ်ကိုင်ပြီးရင် အားနာလို့ မရဘူး "

ကျွန်ုပ်သည် ဦးဇင်ယော်ပေးသော မိန်းမကိုင်ပစ္စတိုလေး၏ မောင်းထိန်းခလုတ်ကို ဆွဲလိုက်ပြီး မောင်းတင်လိုက်၏။

" ကဲ. . . လာ. . . လာကြ "

ကျွန်ုပ်တို့အဖွဲ့သည် ရွာဝင်းကိုပတ်လျှက် ရွာထိပ်ကွင်းဘက်သို့ ထွက်လျှက်ရှိ၏။ ရွာထိပ်ကွင်းထိပ်ဘက်တွင် စေတီငယ်တစ်ဆူကို အမှောင်ထုတွင်းမှ မသဲမကွဲတွေ့ရလျှက်ရှိ၏။ ထိုစေတီငယ်၏ လက်ဝဲဘက်ကွင်းထိပ်တွင် မြေမှာရုံသဏ္ဍာန် အဆောက်အအုံကြီး တစ်ခုကို တွေ့ရလေ၏။

ထိုအဆောက်အအုံ အနီးအနားတွင် ကျွန်ုပ်တို့လူစုသည် ဝိုင်းရံလျှက်ရှိပေ၏။

www.burmeseclassic.com

www.burmeseclassic.com



" ကဲ. . . ဘခက်. . . မမွာရုံဘေးကဝင်၊ အားလုံး မလှုပ်စေနဲ့၊ ဟို လူသေကောင်ရဲ့ ခေါင်းရင်းမှာထိုင်နေတဲ့ အဘိုးကြီးကို သတိထား၊ အဲဒီလူ လှုပ်တာနဲ့ပစ်ထည့်၊ ကျန်နှစ်ယောက်က ထိုင်နေတဲ့လူတွေကို ချိန်ထား၊ အဲဒီလူတွေလဲ လှုပ်တာနဲ့ အသေပစ်ထည့် ဝါနဲ့ ကိုသိမ်းမောင်အပါအဝင် နှစ်ယောက်က ရှေ့တည့်တည့်က ဝင်မယ်၊ ကျန်တဲ့လူတွေက မမွာရုံအပြင်မှာစောင့်. . .၊ အခုအချိန်မှာ အနားကပ်လာသူကို အခြေအနေမကောင်းရင် အားလုံးပစ်ထည့်၊ ကြားလား "

ဦးဇင်ယော်သည် လေသံဖြင့် အမိန့်ပေးလိုက်ပြီးလျှင် မမွာရုံရှေ့ တံခါးချက်နားသို့ အသာတိုးကပ်သွားလေ၏၊ ကျွန်ုပ်သည် မမွာရုံခေါင်းရင်းဘက်သို့ ကပ်သွားပေ၏။ ကျွန်ုပ်သည် ဦးဇင်ယော်၏ နောက်နားမှကပ်လျှက် လက်ထဲမှ ပစ္စတိုသေနတ်ကိုလည်း ခပ်ကျပ်ကျပ်ဆုပ်ကိုင်ထားမိ၏။ ကျွန်ုပ်၏ သွေးခုန်နှုန်းသည် တဒိတ်ဒိတ်ဖြင့် တက်လျှက်ရှိပေ၏။ တစ်အောင့်မျှကြာလျှင် ဒုံး. . . ဟူသော အသံတစ်ခုကို နက်နက်နဲနဲ ကြားလိုက်ရပြီးလျှင်. . .

" ဟေ့. . . အားလုံး ငြိမ်ငြိမ်နေကြ၊ လှုပ်ရင် အားလုံး မသာဖြစ်သွားမယ်၊ မင်းတို့အားလုံး တို့စုံထောက်တပ်ဖွဲ့ လက်မှာ တွေက ဝိုင်းထားပြီ၊ အားလုံး ငြိမ်ငြိမ်နေကြ. . . "

ဟူသော ကိုဘခက်၏ အသံကို ကြားရလေသည်။ ဦးဇင်ယော်သည် မမွာရုံတံခါး၏ အောက်နှုတ်ခမ်းကို သေနတ်ဖြင့် လျှင်မြန်လှသော အဟုန်ဖြင့် ပစ်ခတ်လိုက်ပြီးလျှင် ဒူးဖြင့် မမွာရုံတံခါးကို အပြင်းအထန် တိုက်ဖွင့်လိုက်ပြီး လွန်စွာ လျှင်မြန်လှသော



အဟုန်ဖြင့် အထဲသို့ ပြေးဝင်လိုက်လေ၏။ ကျွန်ုပ်လည်း ထက်ကြပ်လိုက်ပါရလျှက် ရှိလေ၏။

အထဲမှ လူစုသည် ထိတ်ထိတ်ပျာပျာဖြစ်လျှက် ရှိပြီးလျှင် ကျွန်ုပ်တို့အားလုံးအား ပြူးကြောင်ကြောင် ကြည့်လျှက်ရှိ၏။ ကိုဘခက်သည် အမျိုးသမီးအလောင်း၏ ခေါင်းရင်းဘက်ထိပ်၌ ထိုင်လျှက်ရှိသော အဘိုးကြီး၏ နားထင်နားသို့ ၎င်း၏ ပြောင်းတို သေနတ်ဖြင့် ချိန်လျှက်ရှိ၏။

" ဟဲ. . . ဟဲ. . . ဦးသူတော်ရယ်. . .၊ ခင်ဗျားက တယ် အယူသီးတာကိုး ဗျ၊ ဒီလို မဟုတ်မဟတ်ပညာတွေကို အထင်ကြီးပြီး သျှောင်ပေစူး ဘိုးတော်ကို ကလဲ့စားချေဖို့ ကြိုးစားတာဟာ ဘယ် နည်းလမ်းကျမလဲဗျ၊ သျှောင်ပေစူး ဘိုးတော်ကလဲ တရားဥပဒေရဲ့ လက်ထဲမှာ ဝကွက်ထားရတယ်၊ ခင်ဗျားလဲ သျှောင်ပေစူးဘိုးတော် ကို ကလဲ့စားချေဖို့ လုပ်နေတာဟာ ကိုယ့်ကြိုးကွင်း ကိုယ်ချည်တာ ပဲဗျ "

အမျိုးသမီးအလောင်း၏ ဦးခေါင်းထိပ်တည့်တည့်မှ ထိုင်လျှက်ရှိသော အဘိုးကြီးသည် မတုန်မလှုပ်ထိုင်ကာ ဦးဇင်ယော် အား ကြည့်လျှက်ရှိပေ၏။ နဖူးရေတွန့်လျှက်ရှိသော်လည်း မျက်လုံး နှစ်လုံးကမူ လွန်စွာ သေးငယ်၍ စူးရှလှသည်ကို တွေ့ရပေ၏။ ထို့ပြင် လိမ်ကျစ်လျှက်ရှိသော ကျစ်ဆံမြီးနှစ်ချောင်းကို တွဲလောင်း ချလျှက်ရှိ၏။

" ကဲ. . . အားလုံး လက်ထိပ်ခတ်လိုက်၊ လှုပ်ရင် ပစ် ထည့် "

www.burmeseclassic.com

www.burmeseclassic.com



ဦးဇင်ယော်သည် ဆက်လက်အမိန့်ပေးလိုက်ရာ စုံထော တပ်ဖွဲ့ဝင်တို့သည် လက်ထိပ်ခတ်လိုက်ကြလေသည်။

" အင်း . . . နိုင်တုန်း ကောင်းတာပေါ့ကွာ၊ သျှောင်ပေ ဘိုးထော်အတွက် ကလဲ့စားချေပွဲမှာ တို့ ခံရတာကတော့ တယ် "

အဘိုးကြီးသည် လက်ထိတ်ကိုကြည့်ရင်း ဦးဇင်ယော်အား စေ့စေ့ စုကြည့်၍ ပြောလိုက်ပေ၏။ ဦးဇင်ယော်သည် လက် ၃၈ ပြောင်းတို့ စပါယ်ရှယ်သေနတ်ကို ကုတ်အင်္ကျီအိတ်ထဲ ထည့်လိုက်၏။

" ကဲ မောင်ဘထိန်က ရွာထိပ်သံချောင်းခေါက် သူကြီးလာရင် ဒီမှာ တန်ပြန်သူတော်အဖွဲ့ရဲ့ လက်ထော ဦးသူတော်နဲ့ အဖွဲ့ကို မိထားပြီ၊ ဆိုင်ရာ ပို့ရအောင် "

မကြာမီ သံချောင်းခေါက်သံများ ပေါ်ထွက်လာလေ ရွာထဲမှလူများ ထိတ်ထိတ်ပျာပျာဖြင့် ဓါးဆွဲ တုတ်ဆွဲ ထွက်လာ ပေရာ ရွာထိပ်ကွင်းပြင်ကြီးတစ်ခုလုံး ပြည့်သွားလေ၏။ မီးတု ကိုင်လျှက် ထွက်လာကြသူ ရွာသားများ အတော်များလေ ရွာသူကြီးဦးဘမော်သည် ခမောက်တစ်လုံးကိုဆောင်း ဓါးတစ်ချောင်းနှင့် မီးတုတ်တစ်ဖက်မှကိုင်လျှက် စုံထောက် ဦးဇင်ယော်အနားသို့ ရောက်လာလေ၏။

" ကဲ . . . ဦးဘမော် လေ့စီစဉ်ဗျာ၊ ဒီမှာ ခင်ဗျာ ရွာထဲကနေ ဆိုးသွမ်းနေတဲ့ ကျွန်းပြန် မောင်ဖိုးခေါ်တဲ့ ထ သူတော်အဖွဲ့ရဲ့ ဦးသူတော်နဲ့ ရာဇဝတ်သားတွေကို ကြိုးနဲ့တန်း



လှေ့ပေါ်တင်ပေး၊ ခင်ဗျားတို့ရွာရဲ့ လုံခြုံရေးကင်းက လူဆယ်ယောက်ပါပေး၊ ကျုပ်တို့ ရန်ကုန်အချုပ်ထောင်ကို ခေါ်ရမယ်၊ ခင်ဗျားတို့ သိမ်ချောင်းရွာရဲ့ ဓါးပြဂိုဏ်းလဲရှင်းသွားပြီ၊ ကဲ. . . မြန်မြန်လုပ် "

ရွာသူကြီးဦးဘမော်နှင့် ရွာသားအချို့သည် လှုပ်လှုပ်ရွရွ ဖြစ်သွားကြပြီးလျှင် အချို့သည် ရွာထဲသို့ ပြန်လည်ပြေးဝင်သွားကြလေ၏။

ဦးဇင်ယော်သည် ၎င်းအနီးအနားတွင် ရပ်လျှက်ရှိသော ကျွန်ုပ်အား ပခုံးပုတ်လျှက်. . .

" ကဲ. . . ကိုသိမ်းမောင် သေဆုံးသူမိန်းကလေးရဲ့ အလောင်းကို ကြည့်စမ်းဗျာ "

ကျွန်ုပ်သည် ကိုဘခက်နှင့်အဖွဲ့က မွှာရုံအတွင်းမှ သယ်ယူလာသော အမျိုးသမီးအလောင်းကိုကြည့်လိုက်၏။ ကိုဘခက်နှင့်အဖွဲ့သည် အမျိုးသမီးအလောင်းကို လက်နှိပ်ဓါတ်မီးဖြင့် ထိုးပြလိုက်၏။ ကျွန်ုပ်သည် လွန်စွာအံ့အားသင့်သွားပေ၏။

" မခင်နွယ်စိန် "

ကျွန်ုပ်သည် တစ်ခွန်းတည်းသာလျှင် ဆိုလိုက်နိုင်၏။

" အင်း. . . ကျုပ်လဲ သတင်းအရ၊ ကျုပ်တို့ အထောက်တော်တွေရဲ့ သတင်းပေးချက်အရ ကျုပ်ကိုယ်တိုင် ဒီအော်ပရေးရှင်းကို ဦးစီးလိုက်တာဗျ၊ မခင်နွယ်စိန်ဟာ ကံဆိုးရှာတယ်ဗျာ၊ သျှောင်ပေစူးဘိုးထော်ရဲ့ အမိကရန်သူဖြစ်တဲ့ တန်ပြန်သူတော်အဖွဲ့ရဲ့ လက်ရင်းဖြစ်တဲ့ ဦးသူတော်ခေါ်တဲ့ ကျွန်းပြန်မောင်ဖိုးနဲ့အဖွဲ့ကို

www.burmeseclassic.com

www.burmeseclassic.com



တန်ပြန်သူတော်အဖွဲ့က စေစားခဲ့တယ်ဗျ ကိုသိမ်းမောင် "

"ဖြစ်မှဖြစ်ရလေဗျာ"

" လောကမှာ အယူသီးမှုဟာ အဆိုးဆုံးလေဗျာ၊ အယူသီးလာရင် ဉာဏ်ပညာရော၊ စာရိတ္တရော မခံနိုင်ဘူးဗျ "

" အင်း. . . ကောင်းလာပြီးမှ ပျက်ရတဲ့ ကုသိုလ်ကံ တယ်ဆိုးတယ်ဗျာ "

## တစ်ကျွန်းပို့ခြင်း

ကိုသိမ်းမောင်

ကျုပ်တိုက်ထဲကနေ ခင်ဗျားထံကို ဒီစာပို့စေခဲ့တာပါပဲ။ ခင်နွယ်စိန်သေဆုံးရခြင်းအတွက် ကျုပ်များစွာ စိတ်မကောင်းဖြစ်မိပါတယ်။ ဒါပေမယ့်. . . လူကြမ္မာကို တားဆီးလို့မရနိုင်တဲ့ ဝဋ်တွေဖြစ်တဲ့အတွက် ကျုပ်လဲပဲ မတတ်နိုင်ဘူး၊ ကျုပ်သူ့ကို အကြိမ်ကြိမ်ကာကွယ်ပေးခဲ့တယ်၊ နောက်ဆုံးဗျာ အနိစ္စသဘောတရားက ရှိလေတော့ ဒီအဖြစ်မျိုးကြုံရတာပါပဲ။

ကျုပ် အထဲကနေပြီး ဘယ်လိုစာရေးတယ်ဆိုတာကို ခင်ဗျားသိဖို့ လိုမယ်မဟုတ်ပါဘူး၊ ဒါပေမယ်. . . ဆန်းကြယ်တဲ့ ဝိဇ္ဇာရတွေ၊ နိယာမကိန်းစဉ်တွေ ပေါင်းစပ် ဆိုတဲ့ သဘောတရားကို ခင်ဗျားသဘောပေါက်ဖို့ပါပဲ။ အချိန်အခါ

www.burmeseclassic.com

www.burmeseclassic.com



မရွေး၊ နိပါတ်၊ ရက်ရာဇာမရွေး၊ ဂြိုဟ်မိတ်ပြဿဒါးမရွေး၊ စန်းလဂ်ယုံ၊ အင်၊ ဂဏ်မရွေးဖြစ်ကြုံရတဲ့လူတို့ရဲ့ ကြမ္မာရဟတ် တိထုံရဟတ် ဝေ့ကွန်ချာမှာ ခင်ဗျားဟာ သျှောင်ပေစူးဘိုးတော်ရဲ့ နိဟာရ၊ ဝိတ္ထာရ၊ နိယျာဒတွေနဲ့ အထူးထူးအစဉ်စဉ်ဖြစ်တဲ့ တိဘက်ဥခေါ်သ ပညာစဉ်မေမှုဟာလဲပဲ ကျုပ်ရဲ့ရန်သူတော်ဖြစ်တဲ့ တန်ပြန်သူတော် အဖွဲ့ရဲ့လက်ထဲမှာ အမှူရဖြစ်လျှက် ရှိရပေတယ်။ အရေးကြီးတာက ကျုပ်ရဲ့ သျှောင်ပေစူးမှတ်တမ်းပဲ။

ဒီမှတ်တမ်းဟာ ကျုပ်ရဲ့ ပညာမှတ်တမ်းလည်းဖြစ်ပေတဲ့အတွက် ကျုပ်ဟာ ကျွန်းကို မပို့ခင်လောက်မှာ ကျုပ်ကိုယ်တိုင် ခင်ဗျားထံလာပို့မယ်ဆိုတဲ့ အကြောင်းရယ်၊ တန်ပြန်သူတော် အဖွဲ့ရဲ့ အကြီးအကဲ တော်ဘုရားကြီးရဲ့ လက်ရုံးတော်အဖွဲ့ကိုလည်း ကျုပ်ကိုယ်တိုင် ရှင်းလင်းမယ်ဆိုတဲ့အကြောင်းကို ကျုပ်စာအားဖြင့် အကြောင်းကြားလိုက်တာပါပဲ။

ကျွန်ုပ်ကျွန်းသွားရမယ့်နေ့ ညသန်းခေါင်ယံအချိန်မှာ ကျုပ်ကို စောင့်မျှော်ပါ ကိုသိမ်းမောင်။

ကျုပ်ကို လန့်မသွားပါနဲ့ ကိုသိမ်းမောင်၊ ဟဲ. . . ဟဲ. . . ■

## သျှောင်ပေစူးဘိုးတော်

တစ်ကျွန်းသို့ မသွားရောက်ဘဲ လာမည်ဆိုသော သျှောင်ပေစူးဘိုးတော်အား ကျွန်ုပ်သည်များစွာထိတ်လန့်လျှက် ဖတ်လက်စစာကို အကြိမ်ကြိမ်ပြန်လည်ဖတ်ရှုမိလေ၏။ ထို့နောက် စာရွက်ကို



ကျွန်ုပ်၏ စားပွဲပေါ်သို့ ပစ်တင်လိုက်လေ၏။ ထို့နောက်သက်ပြင်းတစ်ချက်လည်း ‘ဝူး’ခနဲ မှုတ်ထုတ်လိုက်ပေ၏။ ကျွန်ုပ်၏ တပည့်မောင်ကံစီသည် ကျွန်ုပ်အား စေ့စေ့ကြည့်၍ ပြုံးလိုက်ပေ၏။

“ ဆရာ မနက်က ဆရာအိပ်နေတုန်း လမ်းထိပ်ကာကာဆိုင်က ရန်ကျီးနားဆိုတဲ့ ကုလားလာပေးသွားတာပဲ ဆရာ၊ ဆရာအိပ်နေတာ မနှိုးပါနဲ့ဆိုလို့ ကျွန်တော်ယူထားလိုက်တာ ”

“ အင်း. . . သျှောင်ပေစူးဘိုးတော်က ငါ့အိမ်ကို လာအုံးမလို့တဲ့ကွ ”

ဟူ၍ ပြောလိုက်ရာ မောင်ကံစီသည် ကျွန်ုပ်အားကြည့်လျှက် . . .

“ ကောင်းတာပေါ့ ဆရာ၊ စိတ်ဝင်စားဖွယ်ကောင်းတာပေါ့ ”

“ အေး. . . စိတ်ဝင်စားဖွယ်ကောင်းတာထက် အဖမ်းခံရဖို့ရယ်၊ အသတ်ခံရဖို့ရယ် အတော်နီးစပ်တဲ့ အနေအထားပဲ ”

“ အားမငယ်ပါနဲ့ ဆရာရယ်၊ ကံစီတစ်ယောက်လုံး ဆရာ့ဘေးနားမှာ ရှိနေတာပဲ၊ ဟဲ. . . ဟဲ. , . ဟဲ ”

နောက်နှစ်ရက်သောကာလတွင် ကျွန်ုပ်သည်ကာကာဆိုင်ထိုင်ခြင်း၊ နေ့စဉ်သတင်းစာဖတ်ခြင်း၊ စီးကရက်သောက်ခြင်းနှင့် ညနေဘက်လမ်းလျှောက်ခြင်း စသည်ဖြင့် အချိန်ဖြုန်းလျှက် ရှိပေ၏။

တန်ခူးလဆုတ်ငါးရက်နေ့သို့ ရောက်သောအခါကျွန်ုပ်သည် အလိုအလျောက် စောစီးစွာ နိုးလျှက်ရှိပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်အား စုံထောက်ကြီးဦးဇင်ယော်သည် လာရောက်ခေါ်ဝင်မည်ဟု ကြိုတင်၍ အကြောင်းကြားထားသောကြောင့် ဖြစ်သည်။ ထို့ပြင်လည်း ကျွန်ုပ်ခင်မင်လေးစားမိသော သျှောင်ပေစူး ဘိုးတော်မည်သော ပညာရှိ လူမိုက်ကြီးသည်လည်း တစ်ကျွန်းသို့ သွားရပေတော့မည်။ အင်္ဂလိပ်တော်မင်း အစိုးရ၏ ပြစ်ဒဏ်ကျခံရမည်ကြောင့်ပင် ဖြစ်ပေ၏။

သျှောင်ပေစူးဘိုးတော်အား တစ်ကျွန်းသို့ ပို့မည့်အချိန်မှုကား နံနက်လင်းအရုဏ်ဘက်သို့ ရွှေ့ပြောင်း၍ ထားလေ၏။ အကြောင်းမူ သျှောင်ပေစူးဘိုးတော်၏ တပည့်လက်သား အဖွဲ့သားများ နှောင့်ယှက်ပေးမှုပြုမည်ကို စိုးရွံ့သဖြင့် ဖြစ်ပေ၏။ စက်ရှင်တရားသူကြီး ဦးဘငေါ်ကိုယ်တိုင် စစ်ဆေးကြည့်ကြပ်ပြီးလျှင် အစောင့်များစွာဖြင့် အရံသင့်စီမံလျက်ထားရှိသည်ဟု သိရလေ၏။

ကျွန်ုပ်နိုးသောအချိန်မှာ စုံထောက်ကြီးဦးဇင်ယော်သည် ကျွန်ုပ်အိမ်ရှေ့သို့ ရောက်သောအချိန်နှင့် နာရီဝက်သာသာမျှ ကွာလေ၏။ ကျွန်ုပ်သည် ကျွန်ုပ်၏ သက္ကလပ်ဦးထုပ်နှင့် ပန်းရှူးဖိနပ်တို့ကို ယူငင်လိုက်သောအချိန်တွင် ကျွန်ုပ်၏ အိမ်လှေကားသို့ ဦးဇင်ယော်တက်ရောက်ခြင်းနှင့် တစ်ချိန်တည်းပင်ဖြစ်လေ၏။

" အိုင်ဆေး ကိုသိမ်းမောင် အတော်ပဲဗျာ၊ တစ်ခါတည်း သွားကြာတာပေါ့ "

" လက်ဖက်ရည်လေး ဘာလေး သောက်ပါဦးဗျ "

" မသောက်တော့ဘူး ကိုသိမ်းမောင်၊ အခြေအနေတွေ ရှုပ်ထွေးနေတယ်ဗျ၊ ဝေါ်ရာစစ်တပ်ကိုခေတ္တချထားရတယ်၊ သျှောင်



ပေစူးဘိုးတော်ရဲ့ ဆက်သားတွေက ထောင်ဖောက်မယ်လို့ ကြိမ်းဝါးထားတယ်၊ ဒါကြောင့် ကျုပ်တောင် ခင်ဗျားကို ခေါ်နိုင်အောင် မနည်းပြောဆိုလာရတယ်၊ သျှောင်ပေစူးဘိုးတော်ရဲ့ ဆွေမျိုးသားချင်းတစ်ဦးအနေနဲ့ မကင်းရာမကင်းကြောင်းနဲ့၊ ခင်ဗျားရဲ့ ဝင်ခွင့်လက်မှတ်နဲ့ ကိုယ်ရေးမှတ်တမ်းတို့ လုံခြုံရေးမှတ်တမ်းတွေကို အဆင့်ဆင့် လုပ်ထားရတယ် "

" အင်း. . . မလွယ်ပါလား "

" မလွယ်ဘူးဗျ "

" ဒါဖြင့်လည်း သွားရအောင်လေဗျာ "

အင်းစိန်ထောင်ဘူးဝသို့ရောက်သောအခါ ထောင်ရှေ့တွင် ဆလွန်းကားနှစ်စီး၊ စစ်တပ်သုံး ဂျစ်ကားတစ်စီးနှင့် ရန်ကုန်အရေးပိုင်ကြီးစီးနင်းသော စတူဒီဘေကာ ကားနက်ကြီးတစ်စီးကို တွေ့ရလေသည်။ ဂေါ်ရာစစ်သားများနှင့် ပုလိပ်စာသင်များသည်လည်း နေရာမလပ် ပြည့်ညှပ်လျက်ရှိ၏။ ကျွန်ုပ်တို့၏ အော်စတင်ကားနက်ကလေး ထိုးဆိုက်လိုက်သောအခါ ထောင်ဝါဒါတစ်ဦးသည် ဆလံပေးလိုက်လေ၏။

လူအုပ်ကြားထဲမှ အင်စပက်တော်မောင်ဘတုတ်သည် တိုးထွက်လာလျက် စုံထောက်ကြီးဦးဇင်ယော်အား ဆလုပ်(ချ်)ရိုက်လိုက်ပြီးလျှင်. . .

" အခြေအနေအတော်ရှုပ်ထွေးနေတယ် ဆရာကြီး၊ ရန်ကုန်အရေးပိုင်ကြီးလည်း ရောက်နေတယ် "

ဦးဇင်ယော်သည် လည်ပင်းမှ မာဖလာကို လျော့၍ စီး

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီးလျှင် ကားပေါ်မှ ဆင်းလိုက်ပြီး မောင်ဘတုတ်ပြောသည်ကို ခေါင်းညိတ်၍ နာယူလိုက်ပြီးလျှင် ထောင်ဘူးဝမလွယ်ပေါက်ဆီသို့ ခပ်သွက်သွက်လျှောက်သွားလေ၏။ ကျွန်ုပ်သည် အမှီလိုက်ရလေသည်။ မလွယ်ပေါက်မှ ဂိတ်မှူးသည် ဦးဇင်ယော်အား ဆလုပ်(ချ်)ရိုက်ပြီးလျှင် တံခါးကို ဖွင့်ပေးလေသည်။ ကျွန်ုပ်သည် ဦးဇင်ယော်နောက်မှ ထက်ကြပ်ကပ်လိုက်ရလေ၏။ သို့သော် ဦးဇင်ယော်ဝင်ပြီး ကျွန်ုပ်ဝင်ရန် တာစူလိုက်သောအခါ ဂိတ်မှူးသည် ကျွန်ုပ်၏ရင်ဘတ်ကို လက်ဖြင့်ဆီးတားလေ၏။ ဦးဇင်ယော်သည် နောက်သို့ လှည့်ကြည့်ပြီးလျှင် အင်္ဂလိပ်လို တစ်ခွန်းနှစ်ခွန်း ပြောလိုက်သောအခါ ဂိတ်မှူးသည် ကျွန်ုပ်အား ဆလံပေးလေသည်။ ထို့နောက်မှ ကျွန်ုပ်အား လွှတ်လိုက်လေ၏။ အင်စပက်တော်ဘတုတ်သည်လည်း ကျွန်ုပ်နောက်မှကပ်လျှက်သားပါလာ၏။

ဦးဇင်ယော်နှင့် ကျွန်ုပ်သည် သျှောင်ပေစူး၏ တိုက်ခန်းရှိရာသို့ ဆ, လိမ်ကွေ့ ကွေ့လျှက်သား လျှောက်လျှက်ရှိပေ၏။ ထောင်ကျများထားရာနှင့် တိုက်စင်သည် မနီးလှသော်လည်း များစွာကွာဝေးခြင်းကား မရှိခြင်းကြောင့် ကျွန်ုပ်တို့သည် ဆယ်မိနစ်မျှ လျှောက်ရလေသည်။

အင်စပက်တော်ဘတုတ်သည် ဦးဇင်ယော်နားသို့ ကပ်လျှက် တစ်စုံတစ်ရာကို တိုးတိုးပြောလိုက်လေသည်။ ကျွန်ုပ်ကြားရခြင်းမရှိပါပေ။ ဦးဇင်ယော်ထံမှသာလျှင် စကားခပ်ကျယ်ကျယ်ပေါ်ထွက်လာပေ၏။

“ ငါထင်သားပဲကွ၊ ခက်တာက ခပ်စောစောကတည်းက



ပို့ပေးရမှာ၊ ရက်ရှည် ဆွဲထားလိုက်တော့ ဖြစ်ကုန်တာပေါ့ ”

ကျွန်ုပ်သည် သျှောင်ပေစူးဘိုးတော်မည်ကဲ့သို့ဖြစ်၍ မည်သို့ဖြစ်နေသည်ကို မသိသေးသော်လည်း မိတ်ဆွေကြီးအတွက် ရင်တဒိန်းဒိန်းခုန်လျှက်ရှိပေ၏။

အထူး တိုက်ခန်းရှေ့တွင်ကား လူစုစုကို တွေ့ရလေ၏။ ဦးဇင်ယော်နှင့် ကျွန်ုပ်တို့ရောက်လာသည်ကို ထိုလူစုသည် လှည့်ကြည့်လျှက်ရှိ၏။

ထိုလူစုရှေ့တွင်ကား ထောင်ပိုင်ကြီးနှင့် ဘာရာကြီးတို့သည် စိတ်တို စိတ်ရှုပ်စွာဖြင့် ထောင်သားတို့အား ဟိန်းဟောက်လျှက်ရှိသည်။

ထောင်မှူးကြီးသည် ထောင်ကြပ်၊ ထောင်ဝါဒါတို့အား ကုလားလိုတစ်မျိုး၊ အင်္ဂလိပ်လိုတစ်ဖုံ ရေရွတ်ဆဲရေးလျှက်ရှိသည်။

စုံထောက်ကြီးဦးဇင်ယော်သည် ထောင်မှူးကြီးထံသို့ ကပ်၍သွားကာ အင်္ဂလိပ်ဘာသာစကားဖြင့် ပြောဆိုလိုက်သည်။

“ သျှောင်ပေစူးဘိုးတော် ထောင်ဖောက်သွားပြီလား ”

ထောင်မှူးကြီးသည် နဖူးမှ ချွေးများကို သုတ်လိုက်ပြီးလျှင် ခေါင်းညိတ်လိုက်သည်။

“ ဝါဒါတွေ. . . ထောင်ကြပ်တွေ အားလုံးညံ့တယ်၊ ခွေးလိုကောင်တွေ၊ ကျုပ်အလုပ်ပြုတ်တော့မယ် ”

ဦးဇင်ယော်သည် တရားခံဘားတိုက်အား ကြည့်ရာ သံတိုင်အပေါက်များ ပေါက်ထွက်လျှက် အင်တေများကွာလျှက်ရှိသည်။ ထောင်နံရံကို မည်သို့ကျော်သွားမည်ကို တွေးဆ၍ မရနိုင်ပေ။

www.burmeseclassic.com

www.burmeseclassic.com



" သျှောင်ပေစူး ဘိုးတော် အားကြီးစကားပြောကောင်းတယ်ဆရာ၊ အချုပ်သမားတွေ နေမကောင်းရင် ပြုစုပေးတယ်၊ သူနှိပ်ပေးတာ အားကြီးခံလို့ကောင်းတယ်၊ ရောဂါတစ်ချို့ သူနှိပ်ပေးရင် ပျောက်တယ် ဆရာ၊ ကျွန်တော့်သမီးဗိုက်နာတာ ခြေမကိုနှိပ်ပေးတယ်၊ တစ်ခါတည်း ကောင်းတယ်ဆရာ၊ ကျုပ် ဘယ်မှမသွားဘူး၊ ကျုပ်ကို ယုံပါပြောတယ်၊ အားလုံး သူ့ကိုချစ်ကြတယ်ဆရာ "

မြန်မာလူမျိုး ဖြစ်ဟန်တူသော ခပ်ပုပုထောင်ဝါဒါတစ်ဦးသည် သျှောင်ပေစူးဘိုးတော်အကြောင်းကို စုံထောက်ကြီး ဦးဇင်ယော်အား ပြောပြလျှက်ရှိပေသည်။ ဦးဇင်ယော်သည် ပြုံးလျှက်ခေါင်းညိတ်လိုက်ပြီး. . .

" ပညာရှိ လူမိုက်ဆိုတာ ပရိယာယ်များတယ်ဗျ။ ဒါကြောင့်လဲ သူဟာအချုပ်သားအချို့ရဲ့ အကူအညီရတာပေါ့ "

ဟုပြောလိုက်သည်။

အချုပ်သားအချို့သည် ၄င်းတို့အား ထည့်ထားရာ တိုက်ထဲမှနေ၍ ကြည့်နေကြသည်။ အချုပ်သားအချို့အား ထောင်ဝါဒါဘာရာများက ရိုက်နှက်စစ်ဆေးသော်လည်း မည်သူမှ အချိုးကျကျ ဖြေကြားခြင်းမရှိကြချေ။ သျှောင်ပေစူးဘိုးတော်မှအပ အခြားအချုပ်သားများ၊ ထောင်ကျများသည် ထွက်ပြေးခြင်း မရှိသည်ကို တွေ့ရလေသည်။

ဦးဇင်ယော်သည် သူ၏ တာဝန်ပိုင်းများ မရှိသည့်ပြင် အခြားဆက်လုပ်ရမည့် လုပ်ငန်းစဉ်များ ပေါ်ပေါက်လာသည်ကို



စဉ်းစားမိဟန်တူသဖြင့် ထောင်မှူးကြီးအား. . .

" ကဲ. . . ကျုပ်ပြန်မယ် ထောင်မှူးကြီး၊ ကျုပ် ဘုရင်ခံဆီအကြောင်းကြားပြီး ကျုပ်တာဝန်ဆက်လုပ်ရဦးမယ်၊ ကျုပ်တို့ကဖမ်းပေးတယ်၊ ထောင်မှူးကြီးတို့က ဂရုမစိုက်ဘူး "

ဟု ခပ်ဆတ်ဆတ် ဘိုလိုပြောလေရာ ထောင်မှူးကြီးသည် ဆလုပ်(ချ်)ရိုက်ပြီးလျှင် မျက်နှာသေလေးဖြင့် ငြိမ်နေလိုက်ပေသည်။

ဦးဇင်ယော်သည် ကျွန်ုပ်အား ပခုံးပုတ်ပြီးလျှင် ပြန်ကြရန် အချက်ပေးလိုက်သဖြင့် ကျွန်ုပ်လည်း သျှောင်ပေစူးဘိုးတော်အား သံယောဇဉ်ဖြတ်ကာ 'ဟင်း'ခနဲ သက်ပြင်းတစ်ချက်ချပြီးလျှင် ထောင်ဘူးဝဘက်သို့ ဦးဇင်ယော်နှင့်အတူ ခပ်သွက်သွက်လှမ်းခဲ့လေသည်။

ကျွန်ုပ်နှင့် ဦးဇင်ယော်သည် မအူကုန်းထိပ်သို့ ရောက်သောအခါတွင် နံနက်ခင်းနေရောင်ခြည် လွန်စွာသာလျှက်ရှိပေ၏။ ထို့ကြောင့် မအူကုန်းထိပ်ရှိ ကုလားဆိုင်တွင် ပူရီများနှင့် တိုရှည်များကို ဝင်ရောက်စားသောက်ကြလေ၏။

ထိုသို့ ဝင်ရောက်စားသောက်ချိန်တွင် ဆိုင်တွင်း၌ ကုလားလူမိုက်နှစ်ယောက်သည် ဦးဇင်ယော်အနီးသို့ ချဉ်းကပ်ပြီးလျှင် လွန်စွာရိုသေသောအမူအရာနှင့်. . .

"ဆရာကြီး သျှောင်ပေစူးဘိုးတော် ကျွန်းပို့လိုက်ပြီလား"

ဟူ၍ မေးမြန်းပြောဆိုလေရာ. . .

စုံထောက်ကြီးဦးဇင်ယော်သည် ဘာမျှ ပြန်လည်ပြောဆိုခြင်းမပြုဘဲ နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်လည်း အံ့အားသင့်လျှက်ရှိစဉ် ထိုကုလားလူမိုက်နှစ်ယောက်သည် ပြန်လည်ထွက်ခွာသွားကြလေသည်။

ထိုကုလားလူမိုက်နှစ်ဦး ထွက်ခွာသွားလျှင် ဦးဇင်ယော်သည် ကျွန်ုပ်ဘက်လှည့်ကာ. . .

" အခြေအနေ မကောင်းသေးဘူး ဦးသိမ်းမောင်၊ ခင်ဗျား လဲ သတိထားနေပါ "

ဟူ၍ သတိပေးပြောဆိုရာ ကျွန်ုပ်သည်လည်း လွန်စွာပင် စိတ်အိုက်လျှက်ရှိပေ၏။ ဦးဇင်ယော်သည် ကျသင့်သော ပွဲရိုးငွေ များကို အပြေရှင်းပြီးလျှင် ကျွန်ုပ်အား လိုက်ပို့လေ၏။

ကျွန်ုပ်ဆင်းခါနီးနှုတ်ဆက်စဉ် စုံထောက်ကြီးဦးဇင်ယော် သည် ကျွန်ုပ်အား လက်ကိုဆွဲလျှက်. . .

" မအူကုန်းထိပ်က ကုလားလူမိုက်နှစ်ယောက်က သျှောင် ပေစူးဘိုးထော်ရဲ့ တပည့်တွေလေ၊ အင်း. . . ဒီညမှာတော့ ပွဲကြီး ပွဲကောင်းရှိတယ်ဗျနော်၊ ခင်ဗျားက အမိကန့်ပါတ်တစ်ပဲ ကိုယ့်လူ ခြေလှမ်းတော့ မမှားစေနဲ့ "

ထိုသို့ ပြောဆိုပြီးနောက် ဦးဇင်ယော်သည် အော်စတင် ကားနက်ကလေးကို ကျွန်ုပ်၏ အိမ်ရှေ့မှ ခပ်ဆောင့်ဆောင့်ပင် မောင်းထွက်သွားလေ၏။ ကျွန်ုပ်သည် အိမ်ပေါ်သို့ လှမ်းတက်လိုက် သောအခါတွင်ကား ကျွန်ုပ်၏ ရင်ဘတ်သည် တဒိတ်ဒိတ်ဖြင့် ခုန် လျှက်ရှိ၏။ အကြောင်းမူကား ကျွန်ုပ်၏ ဧည့်ခန်းဆောင်တွင် ကျွန်ုပ် အား [illegible] ခင်ခင်ကြီးကို တွေ့လိုက်ရသော ကြောင့်ပင် ဖြစ်ပေသည်။

## အချစ် ဓားပြ

ကျွန်ုပ်၏ ခြေလှမ်းတို့သည် မည်သို့မည်ပုံလှမ်းလျှောက်၍ အိမ်ပေါ်သို့ ရောက်သွားသည်ကိုပင် ကျွန်ုပ်သည် သိရှိခြင်းမရှိတော့ ပါပေ။ ကျွန်ုပ်သည် ဧည့်ခန်းဆောင်သို့ ရောက်လေလျှင် ကျွန်ုပ်အား ခင်ခင်ကြီးသည် ပြေးလျှက် အားရပါးရဖက်လေတော့ရာ ကျွန်ုပ် သည် ရုတ်တရက် ဘာလုပ်ရမှန်းမသိသော်လည်း ခင်ခင်ကြီးအား အသာပင် ထွေးပိုက်လိုက်မိပေ၏။

" ကိုကို. . . ခင်ခင့်ကို တစ်သက်လုံး ခေါ်မထားနိုင်ဘူး လားဟင်၊ လက်မထပ်နိုင်ဘူးလား "

ဟူ၍ အငမ်းမရ မေးမြန်းလေတော့ရာ ကျွန်ုပ်သည် ဘုမသိ ဘမသိ ဖြစ်ရသောအချက်ကို ရှင်းလင်းစေရန် အကျိုး အကြောင်းကို မေးမြန်းမိလေရာ ခင်ခင်ကြီးသည် ငိုပမ်း၍ ရှိုက် လိုက်ပြီးလျှင် . . .

www.burmeseclassic.com

www.burmeseclassic.com



" ကိုကို. . . ခင်ခင်တို့ကို ဘတော်ဘုရားကြီး နှင်ထုတ်လိုက်ပြီ၊ ဒီနေ့ည သူနဲ့ သျှောင်ပေစူးဘိုးတော်တွေဖို့ အချိန်းအချက်ရှိတယ်၊ အဲဒါ သူ့လူတွေလဲ အားလုံး ဘယ်သူမှမနေရဘူး၊ ကျွန်းဒဏ်ကျပြီး သူ့ကင်ပါကို လာချိန်းထားတာ ရာဇဝင်ရိုင်းတယ်တဲ့ ခင်ခင်တို့လဲ ဘာမှ မတတ်နိုင်ဘူး၊ ဘတော်ဘုရားအတွက် ခင်ခင်စိုးရိမ်တယ်၊ ခင်ခင်လဲမနေရတော့ ခင်ခင့်မှာ အားကိုးစရာမရှိတော့ဘူး၊ ဒါကြောင့် ကိုကို့ဆီ ခင်လာခဲ့တာပဲ၊ နောက်ပြီး သူခင်ခင့်ကို "

တပည့်မောင်ကံစီသည် အိမ်ထဲမှ ဘင်္ဂလား နွားနို့နှစ်ခွက်ကို ယူဆောင်လာလေ၏။ ကျွန်ုပ်သည် တပည့်မောင်ကံစီထံမှ နွားနို့ခွက်ကို ယူဆောင်ပြီးလျှင် ခင်ခင်ကြီးရှေ့သို့ ချထားလိုက်ကာ. . .

" ကဲ. . . ခင်ခင် နွားနို့သောက်လိုက်ပါဦး၊ စိတ်ငြိမ်သွားအောင်၊ နောက်မှ အေးအေးဆေးဆေး ဆွေးနွေးတာပေါ့ "

ခင်ခင်ကြီးသည် ကျွန်ုပ်ပေးသော နွားနို့ကိုသောက်ပြီးလျှင် စိတ်ငြိမ်ရန် ကြိုးစားရှာ၏။ ကျွန်ုပ်သောက်ရန်ရှိသော နွားနို့ကိုပါ ခင်ခင်အားတိုက်ရာ ခင်ခင်သည် ထက်ဝက်မျှကုန်အောင် သောက်လေ၏။

" ခင်ခင်တို့ ဘတော်ဘုရားဟာ တန်ပြန်သူတော်အဖွဲ့ဆိုတဲ့ အဖွဲ့ကြီးရဲ့ ဂိုဏ်းချုပ်ကြီးပဲ၊ နောက်ပြီး တစ်ကျွန်းပို့ခါနီး ထောင်ဖောက်ပြေးတယ်လို့ သတင်းအစအန ရထားတယ် ခင်ခင်ရဲ့၊ ခင်ခင့်ကို ဘာလို့ နှင်ထုတ်တာလဲ "



" တန်ပြန်သူတော်အဖွဲ့ကို ဖျက်လိုက်ပြီလေ၊ သိမ်ချောင်းရွာမှာ စုံထောက်ကြီးဦးဇင်ယော်ကိုယ်တိုင် တန်ပြန်သူတော်အဖွဲ့ရဲ့ လက်ထောက်သူတော်ကြီးကို လက်ရဖမ်းပြီး လျှို့ဝှက်စာတန်းတွေ မိသွားလို့ပဲ "

" တန်ပြန်သူတော်အဖွဲ့က ဘာအတွက်ဖွဲ့ထားတာလဲ "

" အဲဒါက အတော်ရှုပ်ထွေးတာပဲ. . . ကိုကိုရဲ့ "

ခင်ခင်ကြီးသည် ခေတ္တစဉ်းစားဟန် ပြုလိုက်လေ၏။ ကျွန်ုပ်သည် ကြုံတုန်းကြုံခိုက် စူးစမ်းသမှုကို ပြုလုပ်လိုက်ပေ၏။

" ဘယ်လိုရှုပ်ထွေးတာလဲ. . . ခင်ခင်ရဲ့ "

" ဒါက . . . ဒီလိုပြောလို့မရဘူး ကိုကိုရဲ့ "

" ဘယ်လိုမှ ပြောလို့ရမှာလဲ "

" ကိုကို. . . ကတိတစ်ခု ပေးရမယ်လေ "

" ဘယ်လိုကတိမျိုးလဲ. . . ခင်ခင်ရဲ့ "

" ခင်ခင့်ကို လက်ထပ်ပါ့မယ်ဆိုတဲ့ ကတိ "

" ဟင်း. . . "

ကျွန်ုပ်သည် သက်ပြင်းတစ်ချက်ချမိလိုက်၏။ ခင်ခင်ကြီးသည် ကျွန်ုပ်၏ လူပျိုကြီးဘဝကို ကန့်ကွက် ဖျက်ဆီးတော့မည်ဖြစ်၏။ ကျွန်ုပ်သည် လူပျိုကြီးဘဝ၏ အနှစ်သာရအား ရှာဖွေတွေ့ရှိထားသူပီပီ လူပျိုကြီးဘဝကို စွန့်လွှတ်ရမည်ကို နှမြောသလိုဖြစ်မိ၏။ သို့သော်လည်း ကျွန်ုပ်သည် ကြာကြာစဉ်းစားချိန် မရပါပေ။ ခင်ခင်ကြီးသည် ကျွန်ုပ်၏ လက်မောင်းအား ဖျစ်ညှစ်ကာ ထပ်မံမေးမြန်းလျက် ရှိပေ၏။

www.burmeseclassic.com

www.burmeseclassic.com



" ခင်ခင် တောင်းတဲ့ကတိကို မပေးနိုင်တော့ဘူးလား ခင်ခင်နဲ့ တွေ့တုန်းကတော့ လူတစ်ကိုယ်လုံးကို ဟင်း. . . "

" အင်း. . . ခင်ခင်တောင်းတဲ့ကတိကို ပေးရတဲ့အချက်က တန်ပြန်သူတော်အဖွဲ့ရဲ့ရာဇဝင်နဲ့ ဘာဆိုင်လို့လဲ ခင်ခင်ရဲ့ "

" ဆိုင်တာပေါ့ ကိုကိုရဲ့၊ ဆိုင်တာပေါ့. . .၊ တန်ပြန်သူတော်အဖွဲ့ရဲ့ ရာဇဝင်နောက်ကြောင်းကို သိသူဟာ သွေးရင်းထဲကသာဖြစ်ရမယ်၊ အပြင်လူကို မပေါက်ကြားစေရဘူးဆိုတဲ့အချက်ကို သစ္စာရေသောက်ထားရတယ်၊ ဒီသစ္စာကို ဖောက်ဖျက်တဲ့လူကို ဘတော်ဘုရားက သေဒဏ်စီရင်မယ်၊ သေဒဏ်ကို ဆွေစဉ်မျိုးဆက် ခံရမယ်ဆိုတဲ့ စီမံချက်တွေပါတယ် "

" အင်း. . . အယူသီးပါ့ "

" အားလုံး အယူသီးလို့ဖြစ်ကုန်ရတဲ့ ကိစ္စရပ်တွေချည်းပဲဆိုတာ ခင်ခင်သဘောပေါက်ပါတယ်၊ ဒါပေမယ့် မလွတ်သာမရုန်းသာ အခြေအနေမျိုးမို့ ခင်ခင်လဲ ပေပြီးနေရတယ် "

ကျွန်ုပ်သည် နောက်ထပ်သက်ပြင်းတစ်ချက် ရှိုက်ပြီးလျှင် ကျွန်ုပ်နှစ်သက်လှသော ကြောင်နက်စီးကရက်ကစ်လိပ်ကို ဖွာရှိုက်လိုက်ပြန်၏။

" ဘယ်လိုလဲ ကိုကို၊ ခင်ခင် မေးတာမဖြေနိုင်တော့ဘူးလား၊ ဘာလဲ၊ မက်စရာအဆွယ်အပွားလေးတွေ ရောက်နေလို့လား မခင်နွယ်စိန်လဲ သေပြီပဲ၊ ဘာလွမ်းစရာကျန်နေသေးလို့လဲ "

ကျွန်ုပ်သည် မခင်နွယ်စိန်ဆိုသည့် အသံကြားလိုက်ရသဖြင့် ကျွန်ုပ်၏ရင်တွင် ဆူဝေတက်လာပြီးလျှင်. . .



" မခင်နွယ်စိန်အကြောင်းကို မပြောနဲ့ ခင်ခင်၊ မင်းတို့ရဲ့ ဘတော်ဘုရားနဲ့ အယူသီးနောက်လိုက်တွေ၊ ရက်စက်တဲ့အကြောင်းတွေကို မပြောနဲ့၊ ခင်ခင့်ကိုပါ ကိုကို မုန်းမိလိမ့်မယ် "

" ဟီး. . .ဟီး၊ ခင်ခင်ကို မုန်းမိမယ်ဆိုတော့ ကိုကိုက ခင်ခင်ကိုများ ချစ်လို့လား "

" ခင်ခင်ကိုချစ်ဖို့ လွယ်တယ်များမှတ်နေလို့လား၊ ရာဇဝတ်အိုး တုတ်နဲ့ထိုးသလို ဖြစ်နေတယ် ခင်ခင်၊ အခု ခင်ခင် ကိုကို့ဆီလာတာတောင် ကိုကို့မှာ အစိုးရဥပဒေနဲ့ မလွတ်မကင်း ဖြစ်နေတယ် "

" ဩော်. . . ကိုကိုက သျှောင်ပေစူးဘိုးတော်ရဲ့ ဘက်တော်သားကြီးကိုး၊ သျှောင်ပေစူးဘိုးတော် ခဏခဏလာတာကျတော့ ရာဇဝတ်အိုးကို ချိထားတာမဟုတ်ဘူးလား၊ ဟီး. . . ဟီး. . .၊ ကဲ. . . ဒါတွေထားပါလေ၊ ကိုကို ခင့်ကို လက်ထပ်မလား လက်မထပ်ဘူးလား တစ်ခွန်းတည်းပြော "

" ဘာဖြစ်လို့ ဒါလောက် လောကြီးနေရတာလဲ ခင်ခင်ရယ်၊ လက်ထပ်တယ်ဆိုတာက အလောတကြီးလုပ်ဖို့ ကိစ္စမှမဟုတ်ဘဲ "

" ကိုကို့အဖို့ အလောတကြီးမဟုတ်ပေမယ့် ခင်ခင့်အဖို့တော့ အလောတကြီးပဲ ကိုကိုရဲ့ သိရဲ့လား၊ အသက်နဲ့ရင်းရမယ့်ကိစ္စ၊ ကိုကိုလက်မထပ်ဘူးဆိုရင် ဟောဒီမှာ တွေ့ထား "

ကျွန်ုပ်သည် လွန်စွာစိတ်ညစ်သွားပြီးလျှင် လုံးစွာအံ့ဩသွားရလေသည်။ လှပသော ခင်ခင်သည် ၄င်း၏နုနယ်လှသော

www.burmeseclassic.com

www.burmeseclassic.com



လက်ဖဝါးကြားတွင် အသွားအားဖြင့် ထွာဆိုင်ခန့်မျှရှိသော ဓား တစ်ချောင်းကို မည်သို့မည်ပုံ ထုတ်ယူလိုက်သည်ကို မမြင်လိုက်ရဘဲ လျှက် တွေ့နေရသောကြောင့်ပင်ဖြစ်ပါ၏။ ခင်ခင်ကြီးသည် လွန်စွာ အသွားထက်လှသော ဓားမြောင်ကို လက်တွင်း၌ထည့်ကာ လှည့်ပတ် ကစားလျှက်ရှိ၏။ သူမ၏ မျက်နှာမှာ ပြုံးယောင် မှဲ့ယောင်သမ်းလျှက်ရှိ၏။ မျက်လုံးများမှာလည်း ဝင်းလက်လျှက် ရှိပေတော့ရာ ကျွန်ုပ်သည် ခင်ခင်အား ကျောချမ်းမိလေ၏။

" ဟီ. . . ဟီ. . . ဟီ. . ၊ ကိုကိုက ကြောက်တတ်သားပဲ ကိုကိုက ခင်ခင့်ကို လက်ထပ်မယ်ဆိုရင်တော့ ဟောဒီဓားဟာ မသူတော်မောင်သီးပေါက်သွားတဲ့ ဟောဒီဆတ်ချိုပေါ်မှာ စိုက်လျှက်သ ။ပဲ ရှိမှာပါ "

ခင်ခင်ကြီးသည် ပြောပြောဆိုဆို သူမ၏ လက်ကောက် ဝတ်ကို လက်ယာဘက်သို့လှည့်ပြီးလျှင် သူ၏ဓားသေးသေးလေးကို တစ်ပတ်ယမ်းလျှက် ညာလက်ကို တအားလွှဲမြောက်လိုက်လေရာ 'ဗိုး'ဟူသောအသံသည် သူမ၏ ခေါင်းအထက်နားဆီမှ ဖြတ်သန်း သွားပြီးလျှင် ဓားသည် ကျွန်ုပ်အိမ်၌ အလှဆင်ထားသော ဆတ်ချို နံပေါ်သို့ တန်းတန်းမတ်မတ် စိုက်လျှက်ရှိပေ၏။

" ဟီ. . . ဟီ. . . ခင်ခင့်ကို လက်မထပ်ဘူးဆိုရင်တော့ ဟောဒီမှာ နောက်တစ်ချောင်း "

ခင်ခင်ကြီး၏ ဘယ်လက်၌ ဓားတစ်လက်ပါလာပြန်လေ ၏။ ဘယ်လက်ခလယ်နှင့် လက်ညှိုးကြား၌ လွန်စွာထက်ဟန်ရှိ သော ဓားလွှေးသည် ထပ်မံလှုပ်ရှားလျှက်ရှိပေ၏။ ကျွန်ုပ်အား



ခင်ခင်ကြီးသည် စိုက်ကြည့်လျှက်ရှိ၏။ သူမ၏ အကြည့်သည် ရီဝေသော ဟန်မျိုးလော၊ သို့တည်းမဟုတ် တစ်စုံတစ်ခုသော ကံကြမ္မာနှင့်ပတ်သက်သော ကိစ္စအတွက် ရီဝေသောရီဝေခြင်းမျိုး လော ဆိုသည်ကိုမူ ကျွန်ုပ်သည် မခွဲခြားတတ်အောင်ပင် ရှိတော့ ၏။ သူမသည် ထိုသို့ပြောဆိုပြီးနောက် ကျွန်ုပ်အား အလစ်ပေး ခြင်း မရှိတော့ပေ။ သူမ၏ လက်မှဓားကိုလည်း ဆ, ၍သာနေ ပေ၏။ ကျွန်ုပ်တပည့် မောင်ကံစီသည်လည်း မီးဖိုချောင် တံခါးဝတွင် ငုတ်တုတ်ထိုင်လျှက်သားပင်ရှိပေ၏။

ကျွန်ုပ်သည် တစ်စုံတစ်ခုသော ကြီးမားသော အရေး ဖြစ်မည်ကို လွန်စွာ စိုးရိမ်ကြောင့်ကြခြင်းဖြစ်ပြီးလျှင် ခင်ခင်ကြီး အား မည်သို့မည်ပုံ ငြိမ်သက်ရန်ကြိုးစာရမည်ကို စဉ်းစားလျှက် ရှိ၏။ ကျွန်ုပ်သည် အရေးကို အရေးအတိုင်း မဆွေးနွေးဘဲ အရေး ကို အတွေးအတိုင်း ဆွေးနွေးသင့်သည်ဟူသော ပညာရှိအဆိုတို့ကို သတိရပြီးလျှင်. . .

" ခင်ခင်ကလဲကွာ အေးအေးဆေးဆေး ဆွေးနွေးမှပေါ့၊ ကိုကိုက ခင်ခင့်ကို မချစ်ဘဲဘယ်နေပါ့မလဲ၊ ၊ ဒါပေမယ့် ကိုကိုက အစိုးရိမ် လွန်ကဲသွားမိတယ်၊ ကဲပါ။ ခင်ခင့်ကို ကိုကိုလက်ထပ်ပါ့ မယ်၊ မနက်ဖြန်မှာ ရုံးသွားပြီး လက်ထပ်မယ်၊ ကျေနပ်မလား "

" ဟီ. . . ဟီ. . . ဘယ်ကျေနပ်ပါ့မလဲ ကိုကို၊ မနက်ဖြန် ဆိုတာ မရေရာတဲ့နံနက်ခင်းတဲ့၊ ပြင်သစ်စကားပုံတစ်ခုရှိတယ်၊ ကြားဖူးတယ်မဟုတ်လား၊ ဒီတော့ ခင်ခင်ဘယ်ယုံနိုင်ပါ့မလဲ၊ အခု ခင်ခင်လာတဲ့ကိစ္စက ဒီကနေ့ ခင်ခင်နဲ့ လက်ထပ်ဖို့ပဲ "

www.burmeseclassic.com

www.burmeseclassic.com



" ညကြီး ဘယ်လိုလုပ်ပြီး လက်ထပ်လို့ရမှာလဲ ခင်ခင်ရဲ့ "

" လွယ်ပါတယ် ကိုကိုရဲ့ ဟောဒီမှာ. . . "

ခင်ခင်ကြီးသည် လက်မှတ်ကို မည်သို့မည်ပုံသိမ်းဆည်းလိုက်သည်ကို မသိရဘဲလျှက် သူမ၏လက်မှတ်ကို မတွေ့ရတော့ပေ။ ခင်ခင်ကြီးသည် ရုတ်တရက်ထိုင်ချလိုက်ကာ သူမ၏ လက်ဆွဲအိတ်ကို ကောက်ကိုင်လျှက် ဆတ်ခနဲ ဖွင့်လိုက်ပြီးလျှင် အထဲမှ စာရွက်ခေါက်တစ်ထပ်ကို ထုတ်ယူပြီး ကျွန်ုပ်ရှေ့သို့ ထိုးပေးလိုက်၏။

" အဲဒါ လက်ထပ်စာချုပ်ပဲ တရားသူကြီးရော၊ သက်သေလူကြီးရော အားလုံး အစုံအညီထိုးပြီး တံဆိပ်ခေါင်းက ဗြိတိသျှဂျော့ဘုရင်တံဆိပ်ခေါင်း၊ ခင်ခင်လဲ လက်မှတ်ထိုးပြီးပြီ၊ ကိုတို့ လက်မှတ်တစ်ခုပဲ လိုတော့တာ ဟီ. . . ဟီ. . .၊ လွယ်ပါတယ် ကိုကိုရယ်၊ အင်း. . ခင်ခင်က ချစ်လွန်းတဲ့အတွက် မနည်းဖန်တီးထားရတာနော် ကိုကို "

ခင်ခင်ကြီးသည် သူမ၏ လက်ဖဝါး နုနုကလေး ဖြင့် လက်ထပ်စာချုပ်ကို ဖြန့်၍ ကျွန်ုပ်လက်မှတ်ထိုးရန် နေရာအား ပြလေ၏။

ကျွန်ုပ်၏ ဦးခေါင်းမှ ချွေးတို့သည် စို့၍စို့၍ထွက်လာပေ၏။ လက်မောင်းမှ ချွေးအေးတို့သည် စေးထန်းလာပေ၏။ လည်ချောင်းတွင်းမှ တံတွေးတို့သည်ပင် ခြောက်ကပ်လာ၏။



ကျွန်ုပ်သည် ဘလက်မင်း(လ်)ခေါ် အကြပ်ကိုင်ခြင်းကို ခံရလျှက်ရှိပေပြီ။ မိန်းကလေးတစ်ဦးတစ်ယောက် အကြပ်ကိုင်ခြင်းကို ခံရသောယောက်ျားသည် လောကကြီးတွင် အဆိုးဆုံးသောအခြေအနေပင်ဖြစ်သည်ဟု ကျွန်ုပ်သည် မှတ်ယူမိလေ၏။ သို့သော် ခင်ခင်ကြီးသည် ကျွန်ုပ်အား တကယ်ပင် နှစ်သက်နေလေသလောဆိုသည့် အတွေးစိတ်တို့သည် ပေါ်ထွက်၍ လာပြန်တော့ရာ ကျွန်ုပ်သည် မည်သို့မည်ပုံဆက်လက်ဆောင်ရွက်ရမည်ကို ချီတုံချတုံဖြစ်လျှက်ရှိပေ၏။

ကျွန်ုပ်သည် ကျွန်ုပ်၏ ဖောင်တိန်ကို ဆွဲထုတ်ပြီးလျှင် ခင်ခင်ကြီးထိုးပေးနေသော လက်ထပ်စာချုပ်ကို ဆွဲယူလျှက် ကြည့်လိုက်ရာ လွန်စွာအံ့အားသင့်ဖွယ်ကောင်းသော လက်ရေးအချို့နှင့် ရှေးဟောင်းစာရွက်တစ်ခုကို တွေ့ရပေ၏။ စာမှာ ရှေးဟောင်းပျူစာလိုလို၊ မွန်စာလိုလိုပင်ဖြစ်ပေ၏။ ကျွန်ုပ်သည် ရှေးစာများကို ဖတ်ကြည့်လိုစိတ်ဖြစ်ပေါ်လာခြင်းကြောင့် လျှင်မြန်စွာ ဆွဲယူကြည့်လိုက်ရာ ခင်ခင်ကြီးသည် ထိုစာရွက်ကို ကျွန်ုပ်လက်မှလျှင်မြန်စွာ လုယူလိုက်လေ၏၊ သို့သော် ကျွန်ုပ်သည် လုယူခြင်းကို လျှင်မြန်စွာတုံ့ပြန်လျှက် ထိုစာရွက်ကိုဆွဲယူလိုက်ပြီးလျှင် ကျွန်ုပ်၏ အိတ်ကပ်ထဲသို့ ထည့်လိုက်လေ၏။ သို့ရာတွင် ခင်ခင်ကြီးသည် ကျွန်ုပ်၏လက်ကိုလိမ်၍ ကျွန်ုပ်အားဖက်ပြီးလျှင် ကျွန်ုပ်၏အတွင်းအိတ်ကပ်မှ စာရွက်ကို ဆတ်ခနဲနှိုက်ယူလျှက် ရုတ်ခြည်းခုန်ကာ ကျွန်ုပ်၏ အိမ်လှေကားမှ ပြေးဆင်းသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် တပည့်မောင်ကံစီနှင့်အတူ ခင်ခင်ကြီးနောက်သို့ လိုက်သော်လည်း ကျွန်ုပ်တို့ အိမ်နောက်ဘက်ရှိ မလွကုန်းရွာဘုန်းကြီးကျောင်းအတွင်းသို့ ပြေးဝင်၍သွားခြင်းကြောင့် ကျွန်ုပ်သည် လိုက်ရှာရခက်သည့်အတွက် ဆက်လက်ရှာဖွေခြင်းမပြုတော့ပေ။ မလွကုန်းရွာကျောင်းတွင် ပွဲကျောင်းဆရာတော် ဦးဇောတိသည် ထိုနယ်တစ်ဝိုက်၌ အတော်ပင် နာမည်ထွက်လျှက်ရှိခြင်းကြောင့် ကျွန်ုပ်သည် အမှန်ကို ဝန်ခံရပါလျှင် ထိုကျောင်းဝိုင်းထဲသို့ လိုက်ဝင်၍ မမွှေနှောက်ရဲသောကြောင့်ပင် ဖြစ်ပေ၏။

## နီဂုံးချုပ်ခြင်း

မိုးကြီးသည်းမည်းစွာရွာသွန်းလျှက် လွန်စွာမှောင်မိုက်သော၊ အလင်းရောင်လုံးဝမရှိသော၊ တိတ်ဆိတ်သော မလွကုန်းရွာကျောင်းလမ်းခေါ် မလွကုန်းလမ်းထဲသို့ လူတစ်ယောက်သည် ဆိတ်ငြိမ်အေးဆေးစွာ တစိုက်စိုက် လျှောက်ဝင်လျှက်ရှိပေ၏။ သည်းမည်းသောမိုးနှင့် မှောင်သောအမှောင်ထုကို ထိုလူသည် လွန်စွာ ထီမထင်ဟန်ရှိလေ၏။ ၎င်း၏ ရှည်မောင်းသော အရပ်အမောင်းနှင့် လိုက်ဖက်ညီစွာ ကြီးမားသော ခမောက်တစ်ခုကို ဆောင်းလျှက်ထားပေ၏။ ကြီးမားသော ခမောက်ကြီး၏ နှုတ်ခမ်းတို့မှကျဆင်းလာသော ရေစက်တို့ကို ထိုသူသည် လက်ဖြင့်ကာကျနပ်နှစ်သိမ့်ဟန်ဖြစ်လျှက် ရှိပေ၏။ ရှည်လျားသော မိုးကာအင်္ကျီ၏ နောက်မြီးပိုင်းသည်လည်း လမ်းပေါ်တွင် ထိရွတ်တွဲလိုက်

www.burmeseclassic.com

www.burmeseclassic.com



လျှက်ရှိ၏။ မိုးကာကြီးမှာ ရှည်လျားသဖြင့် လမ်းနှင့် တရွတ်တွဲ၍ တိုက်သံတို့သည် မိုးသံနှင့်အတူ တွဲလျှက်ပေါ်လာလေ၏။ ၎င်း၏ ညာဘက်တွင် လုံးဝန်းမောက်မို့လျှက်ရှိနေသည်ကိုလည်း တွေ့နိုင် ပေသေးရာ ထိုသူသည် ကြီးမားသော လွယ်အိတ်ကြီးတစ်ခုထဲတွင် များပြားသော ပစ္စည်းများကို ထည့်သွင်းထားဟန် တူပေ၏။

မိုးစက်တို့သည် ထိုသူ၏ ဦးခေါင်းပေါ်မှ ခမောက်ဝိုင်းကြီး နှင့် လည်ကုတ်တို့အား သဲကြီးမဲကြီး အားထိုးစိုက်၍ ရွာလိုက်၏။ သို့သော် ထိုသူသည် လုံးဝမမှု။ လမ်း၏ အလယ်ကြောတည့်တည့် ကို ရွေးလျှက် ဖြေးညင်းသက်သာစွာ လှမ်းလျှက် ရှိပေ၏။ ထို့နောက် တစ်ချက်တစ်ချက်တွင် 'ရှိုး'ခနဲ လေချွန်လိုက်လေ၏။ ၎င်းလေချွန် ပုံမှာ မိုးသံများလွန်စွာဆူညံသည့်ကြားမှ သီးသန့်ထိုးဖောက်လာ လေ၏။ လေချွန်သံမှာ မြွေတွန်သံကဲ့သို့ 'ရှိုး'ခနဲ 'ဝူး'ခနဲ ရှည်လျား စူးနက်လေ၏။ ထိုသူသည် မလွှကုန်းလမ်းတွင်းရှိ 'ကျား'ကျောင်း ကြီးသို့ ရောက်သောအခါ ခြေလှမ်းသည် တန့်သွားလေ၏။ ထို့နောက် ဘေးဘက်သို့ ကြည့်လိုက်လေ၏။ 'ဝူး'ခနဲ လေတစ်ချက် ချွန်လိုက်ကာ ခပ်ဟက်ဟက်ပက်ပက်ရယ်လိုက်လေ၏။ ထိုသူ၏ ရယ်သံမှာ မိုးသံလေသံကြားမှ ခြောက်ကစ်ကပ်နိုင်လှပေ၏။ 'ကျား'ကျောင်းဟူသည်မှာ မြို့နီစပယ်ကျားကျောင်းဟု ခေါ်တွင်၏။ ထိုကျောင်းကို အုပ်ချုပ်သူမှာ ဆရာကြီးဦးပွဆိုသူဖြစ်လေရာ စစ်ပြီးခေတ် မြန်မာလူငယ်များ မျိုးစေ့ချပေးရာ မူလတန်းကျောင်း ပင်ဖြစ်၏။ ထိုကျောင်းရှေ့ရှိ တံခါးပင်ကြီးနှစ်ပင်မှာလည်း ထီးထီး မားမား မည်းမည်းမှောင်မှောင်ပင် ဖြစ်၏။



ထိုသူသည် မလှုပ်မယှက် ရပ်တန့်လျှက် 'ကျား'ကျောင်း ဘက်သို့ လှည့်ကြည့်ပြန်၏။ ထို့နောက် ခမောက်ဝိုင်းပေါ်မှ ကျဆင်း လာသော မိုးစက်တို့ကို လက်ဖြင့်ခံလျှက် ပက်ထုတ်ပြန်၏။ ထို့နောက် တဖန် ရယ်မောလိုက်ပြန်၏။ ၎င်းရယ်မောလိုက်စဉ်တွင် ပင် တံခါးပင်အောက်မှ မည်းမည်းသဏ္ဌာန်နှစ်ခုသည် ရုတ်တရက် ထွက်ပေါ်လာပြီးလျှင် ရှည်းလျားဝင်းလက်သော သဏ္ဌာန်တို့ကို ပြိုင်တူမြှောက်ကာ ထိုရပ်နေသောသူ၏ ခါးအထက်ပိုင်းနှင့် ဝမ်းဗိုက်ပိုင်းသို့ ပိုင်းချလိုက်ပေ၏။ ထိုသူ၏ ခမောင်ဝိုင်းကြီးသည် စက်ဝိုင်းသဖွယ် လှည့်သွားပေ၏။ မိုးကာအင်္ကျီတရွတ်တွဲကြီးသည် လည်း ပတ်ချာလည်သွားစေ၏။ ညာဘက်ဘေးမှ လွယ်ထားသော လွယ်အိတ်ကြီးသည် ဝေ့ , ထိုးယိမ်းစိုက်သွားလေ၏။ ထို့နောက် ထိုသူသည် ကလေးငယ်များကစားသကဲ့သို့ ဝိုင်းကြီးပတ်လှည့် လေ၏။

" အား. . . "

" အင့်. . . "

ဟူသော အော်သံနှစ်ခုသည် ဆက်တိုက်ဖြစ်ပေါ်လာပြီး လျှင် တံခါးပင်အောက်မှ ထွက်လာသူနှစ်ဦးသည် ဗိုင်းခနဲ လဲကျ သွားလေ၏။ ထိုသူသည် သည်းမည်းစွာ ရွာလျှက်ရှိသည့် မိုးသီး မိုးပေါက်များကြားမှ မိုးရွာသွန်းရာ ကောင်းကင်သို့ မော့ကြည့်လိုက် ၏။ မည်းမှောင်နေသော အာကာပြင်အား ကြည့်လျှက် ထိုသူသည် ခပ်တိုးတိုးရေရွတ်လိုက်ပြန်၏။

" သြော်. . . အင်း, . . ဗြိသျှ သကုဏ္ဏာ. . . နကွတ်

www.burmeseclassic.com

www.burmeseclassic.com



ပေကို၊ မင်းတို့ကလည်း အငြိုးကြီးပ. . .၊ ငါကလည်း အငြိုး ကြီး ပ"

ထိုသူသည် ရေရွတ်လိုက်ပြီးတော့ ခဏဒ္ဓပင် မလ္လကုန်းရွာ ကျောင်းကုန်းပေါ်ရှိ မလ္လပင်တန်းကြီးမှ မည်းမည်းသဏ္ဌာန်အချို့သည် တရှူးထိုး ပြေးထွက်လာကြပေ၏။ လွန်စွာသည်းထန်သော မိုးရေများကြားမှ မည်းမည်းသဏ္ဌာန်အချို့နှင့် ထိုသူသည် ပူးလိုက်ခွာလိုက်ဖြစ်လျှက်ရှိပေ၏။ ထိုသူ၏ ခမောက်ဝိုင်းကြီးသည် အင်္ဂလိပ်သင်္ချာဇစ်-ဇက်-မြန်မာသဏ္ဌာန် မျဉ်းကွေကြောင်းသဏ္ဌာန် ရွေ့လျားလိုက်၊ စက်ဝိုင်းသဏ္ဌာန်ရွေ့လျားလိုက်၊ လေးထောင့်ပုံသဏ္ဌာန်လူးလိုက်ဖြင့် လှုပ်ရှားလျှက်ရှိပေ၏။ တစ်ခါတစ်ရံ မျဉ်းဖြောင့်သဏ္ဌာန် တစ်ပြေးတည်းပြေးလျှက်ရှိ၏။ ခဏကြာလျှင် မည်းမည်းသဏ္ဌာန်သုံးဦးသည် ကတ္တရာလမ်းခင်းခါစ မလ္လကုန်းရွာခေါ် မလ္လကုန်းရပ်ကွက်၏ လမ်းမပေါ်သို့ မှောက်ခုံလဲလျှက်ရှိပြီးလျှင် ထိုခမောက်ဝိုင်းကြီး၏ရှေ့၌ မည်းမည်းသဏ္ဌာန်တစ်ဦးသည်ကန့်လန့်ဖြတ်ရပ်လျှက်ရှိ၏။ ထိုသူသည် ကန့်လန့်ဖြတ်မည်းမည်းသဏ္ဌာန်ကို ရှေ့သို့ ဖြတ်ထိုးလျှက် တရွတ်တိုက်ဆွဲလာလေ၏။ ထိုမည်းမည်းသဏ္ဌာန်၏ ပြန်လှန်လှုပ်ရှားမှုများသည် ခမောက်ဝိုင်းကြီးနှင့် ပုဂ္ဂိုလ်အား လုံးဝထိခိုက်မှုမရှိပေ။ ထိုသူသည် မည်းမည်းသဏ္ဌာန်နှင့်အတူ မလ္လကုန်းလမ်းအတွင်းသို့ ဆက်လျှောက်လာလေ၏။ ထိုသူ၏နောက်မှ မည်းမည်းသဏ္ဌာန်ငါးရာသည် မိုးပြင်းလေပြင်းကြားတွင် လောကမှ ခေတ္တခဏမျှ နားနေသမှု ပြုသည်လား၊ သို့တည်းမဟုတ် ထာဝရ ဖယ်ခွာသွားခြင်းများ



ပြုနေပြီလားကိုမူ မသိရှိနိုင်ပေ။ ထိုသူတို့အပေါ်၌ မိုးသီးလုံးကြီးများသည်လည်း ဝေ့ယမ်းလိုက်ပြန်၏။ ခမောက်ဝိုင်းကြီးရှေ့မှ မည်းမည်းသဏ္ဌာန်သည် တွန်းထိုးလှုပ်ရှားလိုက်ပြန်၏။ သို့သော် ငြိမ်သက်သွားပြန်ပေ၏။ ထိုခမောက်ဝိုင်းကြီးရှေ့မှ တအင့်အင့်နှင့် ညည်းညူသံသည်လည်း ပေါ်လာပြန်၏။ ထို့နောက် ထိုညည်းညူသံသည် မိုးသံလေသံနှင့်အတူ ပျောက်သွားပြန်လေ၏။

ထိုသူနှင့် ထိုမည်းမည်းသဏ္ဌာန်တို့သည် ညီညာပြေလျောမှုကင်းမဲ့သော ခြေလှမ်းတို့ဖြင့် မလ္လကုန်းလမ်းထဲသို့ ခပ်ဖြည်းဖြည်းဝင်ရောက်သွားကာ မီးပွင့်သေးသေးလေးတစ်လက် ပွင့်လျှက်ရှိသော အိမ်၏ရှေ့မှာ ရပ်တန့်သွားလေ၏။ မိုးသည် ကျောချမ်းစရာကောင်းလောက်အောင်ပင် ရှဲခနဲပြု၍ သည်းလိုက်ပြန်၏။ ထိုသူနှင့် ထိုမည်းမည်းသဏ္ဌာန်တို့သည် မီးပွင့်သေးသေးလေးလက်လျှက်ရှိသောအိမ်၏ လှေကားထိပ်တွင် ရပ်လျှက်ရှိပေ၏။ အိမ်၏တံခါးတို့သည် လုံခြုံစွာပိတ်ဆီးထားကြလေသည်။ မိုးနှင့် အိမ်ခေါင်မိုးတို့ ထိတွေ့သံသည်သာလျှင် တဝုန်းဝုန်းတဗျောက်ဗျောက်ဖြစ်လျှက်ရှိ၏။ အိမ်၏ တံစက်မြိတ်ဆီမှ ထိုးကျလာသော မိုးရေလုံးတို့သည် ထိုသူ၏ ခမောက်ဝိုင်းကြီးပေါ်သို့ တဖြုန်းဖြုန်းကျလျှက်ရှိ၏။ ထိုသူရှေ့မှ မည်းမည်းသဏ္ဌာန်သည် လူးလွန့်လှုပ်ရှားပြန်လေ၏။

" အင်း. . . မရဏကာလံ ပရိယန္တံ၊ အနိစ္စံ-ဒုက္ခံနဲ့ ဒွေးတော့မှာပဲ၊ မင်းလှုပ်ရှားရင် မင်းလက်တွေ လှုပ်မရဖြစ်လိမ့်မယ်၊ ကဲ. . . လှေကားပေါ်တက်ပြီး တံခါးခေါက်၊ ခပ်ပြင်းပြင်းခေါက်၊ ပြောတာလုပ် "

www.burmeseclassic.com

www.burmeseclassic.com



ထိုသူ၏ အသံသည် ဩ၍ ဝါ၏။ စူး၍ နက်ကျော့သမှု ရှိလေ၏။ ထို့ပြင် လုံ၍ နက်ရှိုင်းမှုရှိလေသည်။ ထိုသူ၏ ရှေ့မှ မည်းမည်းသဏ္ဌာန်သည် ဒယီးဒယိုင်ဖြင့် လှေကားလက်ရန်းကို မှီတွဲလျက် လှေကားပေါ်သို့ တက်သွားလေ၏။ အိမ်၏ တံစက်မြိတ်မှ ရေစက်တို့က ထိုမည်းမည်းသဏ္ဌာန်အား ရေသွန်းလောင်းလိုက်သကဲ့သို့ ရွှဲစိုစေ၏။ ထိုမည်းမည်းသဏ္ဌာန်သည် တံခါးကို ခေါက်လိုက်ပေ၏။ မိုးသံလေသံတို့သည် တံခါးခေါက်သံကို ရောမွှေ၍ နေပေသဖြင့် တံခါးခေါက်သံသည် မိုးလေကြား၌ ရုတ်တရက်အသံထွက်ပေါ်လာခြင်း မရှိပါပေ။

ခမောက်ဝိုင်းကြီးနှင့် ထိုသူသည် မည်းမည်းသဏ္ဌာန်နောက် လှေကားမှတက်၍ လာလေ၏။

" ခပ်ပြင်းပြင်း ခေါက်ပါ "

ထိုသူ အမိန့်ပေးသည့်အတိုင်းပင် မည်းမည်းသဏ္ဌာန်သည် ခပ်ပြင်းပြင်း၊ ခပ်ဆတ်ဆတ် ဆက်တိုက်ခေါက်လိုက်ပေ၏။

အိမ်ထဲမှ ကုလားထိုင်ပေါ်တွင် အိပ်လျက်ရှိသော မောင်ကံစီသည် ခပ်ပြင်းပြင်းခေါက်လိုက်သော တံခါးခေါက်ချက်ကြောင့် ရုတ်တရက်နိုးလာလေ၏။ သို့သော် ရုတ်တရက်ထဖွင့်ရန် မဝံ့ရဲလှသဖြင့် တံခါးဝသို့တစ်လှည့်၊ ဘုရားစင်အောက်၌ အိပ်ပျော်နေသော သူ့ဆရာ ကိုသိမ်းမောင်ကိုတစ်လှည့် ကြည့်လိုက်လေ၏။ မိုးသံလေသံ တဝုန်းဝုန်းကြားတွင် တံခါးခေါက်သံခပ်ပြင်းပြင်းသည် မောင်ကံစီအား ချောက်ချားသလိုပြုလိုက်၏။

" ဆရာ. . . တံခါး လာခေါက်နေပြီဆရာ "



မောင်ကံစီသည် ဘုရားစင်အောက်၌ နံရံတိုင်တို့ မှီကာ အိပ်လျက်ရှိသော သူ့ဆရာ ကိုသိမ်းမောင်အား လှုပ်ခေါ်နှိုးလိုက်၏။ အနားသို့ သွားပြီးလျှင် တစ်ဖန်လှုပ်နှိုးလိုက်မှ ကိုသိမ်းမောင်သည် နိုးလာလေသည်။ ထိုအခိုက် တံခါးခေါက်သံ ခပ်ပြင်းပြင်းသည် ပေါ်လာပြီးလျှင် တရှိုးရှိုးနှင့် လေချွန်သံလိုလို၊ မြွေတွန်သံလိုလိုသည် အပြင်ဘက်မှ ပေါ်ထွက်လာလေသည်။

" သွားဖွင့်ပေးလိုက်ကွာ၊ ဟုတ်ဟုတ် မဟုတ်ဟုတ်၊ ချိန်းထားတဲ့အချိန်ပဲ "

မောင်ကံစီသည် တံခါးချက်နှစ်ခုကို သေချာစွာဖြုတ်လိုက်လေ၏။ အပေါ်ချက်နှင့် အောက်ချက်နှစ်ခုကို သေချာစွာ ဆွဲပြီးလျှင် တံခါးပေါက်နှစ်ဖက်ကို ဖြည်းညင်းစွာ ဆွဲယူလိုက်လေ၏။ ရှေးဦးစွာ မိုးရေစက်တို့သည် တဖြုန်းဖြုန်းဝင်လာပြီးလျှင် လေပြင်းတစ်ချက်သည်လည်း အိမ်တွင်းသို့ ဝင်လာလေ၏။ ထို့နောက် မည်းမည်းသဏ္ဌာန်သည် ဧည့်ခန်းအတွင်းရှိ နှစ်ယောက်ထိုင်စားပွဲဆီသို့ ဝုန်းခနဲ ထိုးကျလာ၏။ ထိုကျလာသော မည်းမည်းသဏ္ဌာန်သည် ပြန်၍လူးလဲထလိုက်လေရာ ဆံပင်ဖားလျားဖြစ်လျက်ရှိပေ၏။

" ဟင်. . . ခင်ခင်ကြီးပါလား "

ဘုရားစင်အောက်၌ အိပ်မောကျနေသော ကိုသိမ်းမောင်သည် လူးလဲထလာပြီးလျှင် ခင်ခင်ကြီး၏ရှေ့မှ ရပ်လိုက်၏။

" အေး. . . ခင်ခင်ကြီး၊ နောက်ပြီးတော့ သျှောင်ပေစူးဘိုးတော်ပေါ့။ ကိုသိမ်းမောင်ချိန်းထားတဲ့ အတိုင်းပါပဲလေ "

www.burmeseclassic.com

www.burmeseclassic.com



မောင်ကံစီနှင့် ကိုသိမ်းမောင်တို့သည် တံခါးပေါက်ဆီသို့ ပြိုင်တူလှည့်ကြည့်လိုက်ကြလေ၏။ ပြတင်းပေါက်မှ ပုဂ္ဂိုလ်သည် သူ၏ ရေစက်လက်ဖြစ်နေသော ခမောက်ကြီးကို ချွတ်လိုက်၏။ ထို့နောက် ထိုခမောက်ဝိုင်းကြီးကို လွှတ်ပစ်လိုက်ရာ ထိုခမောက်ဝိုင်းကြီးသည် မသူတော် မောင်သီးနှင့် ခင်ခင်ကြီးတို့ စားပစ်စမ်းခဲ့ရာ ဆတ်ချို၏ ပဉ္စမအတက်၌ သွားရောက်၍ ချိတ်နေလေ၏။ သျှောင်ပေစူးဘိုးတော်၏ သျှောင်ပေစူးသေးသေးလေးသည် သျှောင်ထုံးလေးထက်တွင် ထူးခြားစွာပေါ်လျှက်ရှိပေ၏။ သျှောင်ပေစူး၏ သျှောင်ထုံးလေးထက်တွင် ရှည်လျားသော ဆံပင်အချို့သည် တွဲရရွဲ ရှိပေ၏။ ကျယ်ပြန့်ကားယားသော မေးရိုးတွင် သိန်းငှက်ကဲ့သို့ လွန်စွာ စူးရှအရောင်လက်သော မျက်လုံးအစုံသည် ခပ်ယောင်ယောင်ကောက်သော နှာခေါင်းထက်တွင် စီတန်းလျှက်ရှိ၏။ သေးသွယ်ပါးလျားသော နှုတ်ခမ်းထက်တွင် သေးတုတ်နူးညံ့သော နှုတ်ခမ်းမွှေးရေးရေးသည် အမျှင်ကြောင်းအတိုင်းပေါ်လျှက်ရှိပေ၏။ ခပ်ရေးရေး ချိုင့်လျှက်ရှိသော မေးရိုး၏အောက်၌ ထင်ပေါ်သော လည်ဇလုပ်သည် ခိုအောင်းလျှက်ရှိ၏။ ဆံစနွယ်လျှော့လျှော့သည် ရှည်လျားစွာကျရောက်သော မေးဖျားထိအောင် ညီလျှက်ရှိ၏။ မောင်းတံကဲ့သို့တုတ်ခိုင်သော လက်မောင်းလက်ရုံး နှစ်စုံသည် ကျယ်ပြန့်ကားယားသော ပခုံးထက်မှ သွယ်တန်းစွာ ကျဆင်းလာလေသည်။ သစ်ပင်၏ ပင်စည်ကဲ့သို့သော ခြေနှစ်ချောင်းအစုံသည် တိုင်လုံးကြီးသဖွယ်ပင် တည်ရှိလေ၏။

သျှောင်ပေစူးဘိုးတော်သည် ရှည်လျားတရွတ်တိုက်လျှောက်



ရှိသော မိုးကာအင်္ကျီကို ချွတ်လိုက်ပြီးလျှင် တံခါးပေါက်ကို နောက်ပြန်ဖိနပ်ဖြင့်ကန်ပြီး ပိတ်လိုက်ရာ တံခါးမင်းတုတ်ချက်သည် အလိုလို ထိုးလျှက်သား ချက်ကျလျှက်ရှိ၏။ သျှောင်ပေစူးဘိုးတော်သည် တစ်လှမ်းချင်းဝင်လာပြီးလျှင် နှစ်ယောက်ထိုင်ကုလားထိုင်ဘေးသို့ ဝင်ထိုင်လိုက်ပေ၏။ မည်းမည်းသဏ္ဍာန် ဝတ်ဆင်ထားသော ခင်ခင်ကြီးသည် လွန်စွာ ကြောက်ရွံ့ဟန်ဖြင့် ဘေးသို့တိုးထွက်၍ ကုလားထိုင်၏ အစွန်းသို့ ရွှေ့ထိုင်လိုက်၏။ တဆက်တည်းပင် ရှိုက်သံတစ်ချက် ငင်လိုက်လေ၏။

" ကဲ. . . ခင်ခင်ကြီး မင်းရဲ့ အဓမ္မတို့ တစ်နွယ်ကို ငါ့ကိုသိမ်းမောင်ကြီးကို ပေးဖတ်လိုက်ပါကွယ် "

ခင်ခင်ကြီးသည် နိမ့်ချည်မြင့်ချည် ရှိုက်ဖိုလျှက်ရှိသော သူမ၏ လုံးဝန်းပြေညီသော ရင်ကြားနှစ်ခု၌ ထည့်ထားသော အလိပ်တစ်လိပ်ကို ဆွဲထုတ်လိုက်ပေ၏။ ရှေးဟောင်းစာရွက်တစ်ခုနှင့်အတူ လက်ထပ်စာချုပ်သည် ပေါ်လာလေ၏။

" အင်း. . . ကိုသိမ်းမောင်၊ အဲဒီ ရှေးဟောင်း 'အမွေတစ်နွယ်' ကိုဖတ်ကြည့်ဗျာ "

ကိုသိမ်းမောင်သည် ခင်ခင်ကြီးတုန်တုန်ယင်ယင် လှမ်းပေးသော စာရွက်လိပ်ကို ယူလျှက် ဖြန့်လိုက်လေ၏။ စာရွက် မှာ တစ်တောင်သာသာခန့် ရှည်လျားပြီးလျှင် လေးထောင့်စာလုံး များဖြစ်ကြလေသည်။ ရပင့်၊ ယ-သတ်များ၊ ယရစ်များမှာ ပြေလျှားပြီးလွန်စွာထူသော ကလောင်တုံးကြီးဖြင့် ရေးသားထားဟန်တူလေသည်။ စာမှာ အောက်ပါအတိုင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## အမွေတို့ တစ်နွယ်

အမွေအနှစ် အသီးပေးအပ်သော တစ်ထုံးတစ်နည်းမှု အရ ပေးအပ်သော အမွေထုံးနည်းတွင်ကား ငါ၏ မြေးတော်သူ မောင်ထုံးအပါအဝင်နှင့် သူ၏ သားစဉ်မြေးဆက်တိုင်သော အမှုကိစ္စ၌ ရိုးရှင်မျိုးရိုး၏ ပုဏ္ဏသိက္ခာကို စောင့်မှုသောသူသာ ထိုက်တန်စေ. . .

ရွှေစင်ဆယ်ပိဿာနှင့် နီလာတစ်သေတ္တာ၊ မြတစ်အုပ်ဆောင်းနှင့် ပတ္တမြားတစ်ပိုတို့ကို ထည့်သွင်း၍ ဘောစင်လေးဆယ်သား နှစ်ပဲတို့ကို ချိ၍ ငါ ထားရစ်ခဲ့ရာ အရပ်ဒေသကို ညွှန်းလေသည့် အမွေတစ်နွယ် ပုံပါအတိုင်း ဆောင်ယူစေ. . .

ရပ်ကြီးသူ ခင်ခင်ကြီးသည် တစ်ကောင်းမြစ်နွယ်၏ မြစ်ရင်းဖြစ်လျှဉ်းသည်နှင့်အညီ ထိမ်းမြားမှုပြီးစေသော်မှ ၄င်း ဆောင်ယူစေရန် ရည်ညွှန်းသည်။ ထိမ်းမြားမည့်သူမှာလည်း တော်ကြီးဘုရားကဲ့သို့ မင်းစာရင်းဝင် မြစ်မြေးနွယ်ယှက်သူဖြစ်ရမည်။

ရှိဘိုးကြီး သျှောင်ပေစူး ထောင်ငယ်၏ အဆက်အနွယ်နှင့်သော်မှ ယှက်ထည့်၍ ပေမူ၊ ပုရပိုက်မူအားဖြင့် ပေးစားခြင်းခံရသူ ဖြစ်ရမည်။

ဤအချက် အလျှင်း ပြည့်စုံလျှင် ရပ်ကြီးသူ ခင်ခင်ကြီးသည် ငါရစ်ခဲ့သော ရွှေတိုင်အဖုံးနှင့် ရတနာသော့အိမ်ကိုယူ၍ ပျော်ပိုက်စေ။ နောင် အလျှဉ်းနှစ်ကုန်လျှင် လင်အရာထားသူသည် အဆောင်အယောင်မရှိလျှင် ပညာဖြင့် လုပ်ကြံ၍ အဆောင်အနှင်း



ပြည့်စုံသူအား လက်ထပ်စေ။

ဤကိစ္စ ဖောက်ဖျက်သော်က ကွမ်းပေါင်းတစ်ရာ၊ရေပေါင်းတစ်ရာဖြင့် နီးရာအရပ်၌ရှိသော သုသာန်၌မြေမြှုပ်ခံရစေ. . .

**ဝန်ကတော်ကြီး မယ်အိုဇာ**
**အနောက်ရွှေတိုင်းဝန်ကြီး၏**
**အရာတော်-အဆောင်တဘဏ်တော်ရ**

ကိုသိမ်းမောင်သည် အမွေတို့ တစ်နွယ်ကိုဖတ်၍ ဦးခေါင်းကုတ်လေ၏။ တပည့် မောင်ကံစီသည် အနား၌ ဆောင့်ကြောင့်ထိုင်လျှက်ရှိပေ၏။

အပြင်ဘက်တွင်ကား မိုးသည်စဲစပြုလေပြီ။ တဖျောက်ဖျောက်နှင့်ကျဆင်းလာသော မိုးပေါက်တို့၏အသံသည် ကျဲပါးစပြုလာပြီဖြစ်၍ လေသည်လည်း ငြိမ်သက်စပြုလေပြီဖြစ်၏။

" ဒီလိုဗျ. . . ကိုသိမ်းမောင်၊ ကျုပ်တို့ ဇာတ်ထုပ်ဇာတ်ရှုပ်ပဲလေဗျာ၊ ခင်ဗျား သဘောမပေါက်သေးဘူး၊ ခင်ဗျားက ကျုပ်ကို ပညာနဲ့ ပတ်သက်ပြီး လေးစားခင်မင်တာပဲရှိတယ်။ နောက် ကျုပ်ကို ပျောက်သွားလိုက် ပေါ်လာလိုက်နဲ့ တကယ့်လူစွမ်းကောင်းကြီး တစ်ယောက်လောက် ထင်နေတယ်၊ ခင်ဗျားဆီ ကျုပ်လာနေရတာလဲ အကြောင်းကရှိနေတယ် "

သျှောင်ပေစူးဘိုးတော်သည် 'ကျားညီနောင်'ဆေးပြင်းလိပ်ကြီးကို ထပ်မံ မီးညှိဖွာရှိုက်လိုက်ပြန်လေ၏။ ထို့နောက် မီးခိုးများကို ရှိုက်ထုတ်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



" အကြောင်းကတော့ ဒီလိုဗျ၊ ကျုပ်ဇာတိကတော့ စစ်ကိုင်းခရိုင် မြို့နယ်ထဲက ရွာသာကြီးရွာဗျ၊ ခုတော့ ရွာလဲပျက်ပါပြီ၊ ကျုပ်မွေးတဲ့အချိန်က နှောင်းတန်ခူးလဆန်း(၁၃)ရက်ဗျ၊ နေ့ကတော့ စနေနေ့နံနက်အုန်းမောင်းတီးချိန်ပဲ၊ သတ္တဗိဇဗိလျှနက္ခတ်ခုနစ်လုံးစုံတဲ့ အချိန်ပေါ့၊၊ တိဘက်အချိန်အခေါ်အဝေါ်တော့ ပရာမသအချိန်၊ ဘရမင်နက္ခတ်အရတော့ ဆစ်နိုးဂမ်းအချိန် ၊ ၊ကျွန်ုပ်တို့ မြန်မာ့နန်းတွင်းဗေဒင်ဆရာကြီး နန်းတိုင်ဦးကြော့ရဲ့ အလိုအရတော့ သကုဏ္ဍလစီဩဘ၊ ဗြုလ်အချိန်ပေါ့ဗျာ၊ တြင်းနဝင်းစီးချိန်င့်လည်းခေါ်တယ်၊ အဲဒီအချိန်မှာ ကျုပ်ကိုမွေးတယ်၊ ကျုပ်ကို မွေးတဲ့အချိန်မှာ အမေက မီးတွင်းထဲမှာ ဆုံးရှာတယ်ဗျ၊ ကျုပ်အဖေကလည်း မြို့ဒဂုန်တက်ပြီး ဝါးလိုက်တာမှာ အဲဒီအချိန်မှာပဲ အသတ်ခံရရှာတယ်၊ အခု တာမွေသချိုင်းမှာ အုတ်ဂူလုပ်ထားတယ်၊ ဦးသူတော်တဲ့. . . "

" ကျုပ်အဖေကိုလည်း သတ်ထားလိုက်ကြတာ ရုပ်ပျက်ဆင်းပျက်တဲ့၊ အဲ့ဒါ အတူဝါးလိုက်တဲ့ လူတွေက လူဆိုးခေါင်းဆောင်မိုးအုပ်နဲ့ပေါင်းပြီး ရရှိတဲ့ပစ္စည်းတွေမပေးတောဘဲ အစဖျောက်လိုက်ကြတယ်. . . ။ "

" အင်း. . . ကျုပ် မွေးနံနက္ခတ်က ရှားရှားပါးပါး နက္ခတ်ကိုးဗျ၊ ဗေဒင်ကဝိကြီးများရဲ့ အလိုအရ လွန်စွာ ကြီးမားတဲ့သူရဲကောင်းများ မွေးတဲ့နက္ခတ် (သို့မဟုတ်) လွန်စွာယုတ်ညံ့ခြင်းပြင်းစွာဖြစ်ပြီး ကျော်ကြားတတ်တဲ့ လူမိုက်ကြီး (သို့မဟုတ်) နိုင်ငံကျော် လူ[illegible]ိုးများမွေးဖွားတဲ့ နက္ခတ်လို့ဆိုတယ်၊ အဲ. . . လွန်စွာကြီးရင့်တဲ့ ပညာရှင်ကြီးကို ဖွားမြင်နိုင်တဲ့ နက္ခတ်လို့လဲဆိုတယ်၊ လက်ဉွှန်းတွေတော့ ရှုတ်မပြတော့ဘူးဗျာ၊ ဖြစ်ရတဲ့ အကြောင်းရင်းပဲ ပြောလိုက်မယ်၊ ကျုပ်အမေတို့က ကံဆိုးရှာတယ်ဗျာ၊ ဝါးလိုက်ပြီး အသတ်မခံရခင်မှာဘဲ ရွာကိုညတစ်ညမှာ လူဆိုးတွေဝိုင်းတယ်၊ ကျုပ်အဖေနဲ့ အမေကိုသတ်ဖို့ တက်ရှာတယ်၊ ဒါပေမယ့် သူတို့ တွေ့မသွားဘူး၊ အဖေက ဘုရားစင်ပေါ်တက်ပုန်းနေတယ်၊ အမေက မီးဖိုထဲက ပေါင်းချောင်ထဲကို ဝင်ပုန်းနေတယ်၊ ဒါနဲ့ သူတို့ လွတ်သွားကြတယ်၊ ဒါပေမယ့် ကံဆိုးသူ ကျုပ်ရဲ့နှမလေး မယ်စိန်နဲ့ အစ်ကိုကြီးမောင်စိန်တို့ နှစ်ဦးစလုံးဟာ အိမ်ရှေ့ကပြင်မှာ ခေါင်းဖြတ်ပြီးသတ်ခံရတယ်၊ ကိုသိမ်းမောင် အရွယ်ရောက်ပြီးဖြစ်တဲ့ ကျုပ်ရဲ့ ဒေါ်ဇလေးမယ်ပေါက်ကိုလည်းခေါ်သွားပြီး ဓားပြခေါင်းဆောင်လုပ်သူက သူ့မယားလုပ်ပစ်တယ် "

သျှောင်ပေစူးဘိုးတော်သည် ပိတ်လျှက်ထားသော ပြတင်းပေါက်ဆီသို့ ငေးလျှက် ကြည့်ရှုနေပေ၏။ ၎င်းအား ကြည့်ရပုံမှာ အတော်အတန် ဆွေးမြေ့နေပုံရလေ၏။

" အဲဒီလို ကျုပ်ရဲ့ မိသားစုကံက ဆိုးရှာတယ်၊ ကျုပ်အမေ မီးတွင်းထဲမှာဆုံးပြီးတော့ ကျုပ်အဖေသတင်းလည်း ကြားရတော့ ကျုပ်ဟာ အထီးကျန်တစ်ကောင်ကြွက်ဖြစ်နေတော့ ကျုပ်ရွာက ရွာကျောင်းဆရာတော်ကြီးက ခေါ်ပြီး မွေးစားလိုက်တယ်၊ စာလည်းသင်ပေးတာပေါ့ ကိုသိမ်းမောင်၊ ကျုပ်အသက် တစ်ဆယ့်သုံးနှစ်အရွယ်လောက်ကျမှ ကျုပ်ကို ဆရာတော်ကြီးက ကျုပ်ရဲ့ အတိတ်ဇာတ်ကြောင်းကို ပြန်ပြောပြခဲ့တာပဲ၊ အဲဒီအရွယ်ရောက်



www.burmeseclassic.com

www.burmeseclassic.com



တော့ ကျုပ်ဟာ သျှောင်ပေစူးလေးနဲ့ပေါ့။ ကျုပ်အသက် ဆယ့်သုံးနှစ်တင်းတင်းပြည့်တဲ့နေ့မှာ ဆရာတော်ကြီးဦးသီလက မျိုးဆက်ကို ဖော်တော့တာပဲ၊ နောက်ပြီး ' အုတ်ခွက်စာ ' လည်း ထုတ်ပြခဲ့တယ်၊ အဲဒီတော့ ကျုပ်ဟာ သူ့ရဲကောင်းငထင်ငယ်ရဲ့ မျိုးဆက်ထဲမှာ ပါနေမှန်းသိရတော့တယ်။ သူရဲကောင်းငထင်ငယ်ဟာ သျှောင်ပေစူးထားခဲ့တာရယ် ကျုပ်အမေနဲ့ အဖေဟာ သူကောင်းမျိုးနွယ်တွေဖြစ်လို့ မျိုးစဉ်ဆက်ဆက် အမွေရခဲ့တဲ့ရတနာတွေကို သတင်းအနံ့ရထားတဲ့ဓားပြတွေက နောက်ကလိုက်နေလို့ လယ်သမားဘဝကို မထင်မရှားခိုလှုံခဲ့တဲ့အကြောင်းပါ သိခဲ့ရတယ်. . . "

" ဘုန်းတော်ကြီးဦးသီလကလည်း ကျုပ်တို့နဲ့ ဆွေရိပ်မျိုးရိပ်မကင်းတဲ့သူ ဖြစ်နေတော့ ကျုပ်မိဘတွေကို သူနေတဲ့ရွာသာကြီးကို ခေါ်ယူခဲ့တာပဲ၊ ဒီအကြောင်းတွေကို ဘုန်းတော်ကြီးဦးသီလက ဇာတ်မြုပ်ထားခဲ့တာ၊ ကျုပ်ကို ပြောပြတုန်းကတော့ အစိုးရဝန်ထမ်းလုပ်ပြီး ဓားပြနဲ့လူဆိုးတွေကို ထိန်းသိမ်းဖို့ ရှင်းလင်းဖို့ ဆုံးမခဲ့တယ်၊ ကျုပ်ကလည်းအလွန်ပါးလှတဲ့ ပျဉ်းစောင်းပင်ရဲ့ အသားကို လွှာပြီးရေးထားတဲ့ ကျုပ်ရဲ့ ဆွေစဉ်မျိုးဆက်ဇယားကို အတိအကျ သိရလေတော့ ဘုန်းတော်ကြီးပြောသလို အစိုးရအမှုထမ်းလုပ်ဖို့ စိတ်မကူးတော့ဘဲ တစ်ကိုယ်တော်ဖြေရှင်းရေး လမ်းကြောင်းပေါ် ဦးတည်ထားခဲ့တော့တာပဲ၊ အုတ်ခွက်စာရဲ့ အဓိပ္ပာယ်ကို လိုက်နာခြင်းပဲ ဆိုပါစို့ဗျာ၊ အဲဒီ ကျုပ်အတိအကျသိထားရတဲ့ ပျဉ်းစောင်းသားမှာ ရေးထားတဲ့ ဆွေစဉ်မျိုးစုဇယားမှာ ကိုသိမ်းမောင်ဟာ ကျုပ်ရဲ့ ညီတော်သဗျာ၊ ဟား. . ဟား. . ၊ ဒါကြောင့်



ကျုပ်လာလာပြီး ဒုက္ခပေးရတာ၊ ကျုပ်ပြီးရင် ကိုသိမ်းမောင်(ခေါ်) ညီတော်သူက ဆက်ပြီး ဒီတာဝန်တွေ ထမ်းရတော့မှာပဲလို့. . ။ အဲဒါဟာ တိဘက်ပေစာ 'ပူး'နဲ့ 'ဥခေါသ'ပညာပေမှုတို့ကို လာရောက်ပေးရခြင်းရဲ့ အကြောင်းခံပဲ "

ကိုသိမ်းမောင်သည် ဤဇာတ်ကြောင်းကို နားထောင်ရင်းဖြင့် ငိုင်ကျလျှက်ရှိပေ၏။ ကိုသိမ်းမောင်၏ တပည့်မောင်ကံစိ သည် ပါးစပ်အဟောင်းသားဖြစ်လျှက်ရှိ၏။ ခင်ခင်ကြီးသည် နှစ်ယောက်ထိုင်ကုလားထိုင်ပေါ်တွင် ပုဆစ်တုပ်ထိုင်လျှက်ရှိပေ၏။

" တို့မိတ်ဆွေလက်ဖက်ရည်ဆိုင်မှာ အရှေ့ပိန်းလကို ကျုပ်ပညာပြလိုက်တာဟာ ကိုရင့်အနေနဲ့ ကျုပ်ကို စိတ်ဝင်စားလာအောင် ဖန်တီးလိုက်တာပါပဲ၊ ဘုရားပေါ်မှာ ဇင်းကျိုက်မှ ရသေ့စုနဲ့ သူတော်ကို ချွတ်လိုက်တာဟာလဲ ကျုပ်ရဲ့ပညာတွေကို အားကျအောင် ဖန်တီးပြီး မခင်နွယ်စိန်ဆိုတဲ့ ပုသိမ်သူချောချောလေးကို ဆေးကုပေးပြီး လက်ဆက်ပေးဖို့ ကျုပ်ပဲ ရည်ရွယ်ခဲ့တာပါပဲ၊ ဒါပေမယ့် ကျုပ်ညီဖြစ်တဲ့ ကိုရင်မောင်သိမ်းမောင်က သိပ်အပြီးထူတော့ မခင်နွယ်စိန်ဟင်းချက်ကောင်းတာလောက်နဲ့ ကျေနပ်ပြီး ရင်ထဲမယ် ဗလောင်ဆူတာပဲ အမြုတ်တင် ကျန်ရစ်ခဲ့ရတယ်၊ ဟဲ. . . ဟဲ. . အ,ပါ့ဗျာ၊ ကိုယ့်လက်ထဲကကြောင်ကတိုး မသေခင်မီးနဲ့တိုးဆိုတာလို ကယ်ထားရင်ပြီးရက်သားနဲ့ လွှတ်အောင်ပြုရက်တယ်၊ ကံဆိုးရှာတော့ မခင်နွယ်စိန်ဟာ သေရရှာတယ်၊ ကျုပ်မှာကယ်နိုင်ခဲ့ဘူး၊ အင်း. . အဲဒီကိစ္စကတော့ ဇင်ယော် တောင်ပြုတ်လိုက်နိုင်လို့ ပြီးခဲ့တယ်၊ နို့မဟုတ်ရင် ကျုပ်ပဲ ဖြေရှင်းရမှာ "

www.burmeseclassic.com

www.burmeseclassic.com



သျှောင်ပေစုးဘိုးတော်သည် ကျားညီနောင်ဆေးပြင်းလိပ်ကြီးကို ဖိရှိုက်ရှိုက်ရင်း ပါးစပ်မှ မရပ်မနား ပြောနေတော့သည်။

ကိုသိမ်းမောင်၏ မျက်စိနှစ်လုံးသည် ဝိုင်းစက်လျှက် တောက်ပြောင်နေလေ၏။

" အင်း. . နောက်ဆုံးတော့ မတတ်နိုင်ဘူး၊ ခင်ခင်ကြီးကိုသာ ခေါ်လာရတော့တာပဲ. . .။ "

" ခင်ခင်ကြီးရဲ့ ဖခင် ဘတော်ဘုရားဆိုတာဟာ မော်လမြိုင်တိုင်းမင်းကြီးဦးဘမော်ပေါ့ ၊ ဆုံးရှာပါပြီ၊ ဒီနေ့ပဲ ကိုယ်တစ်ခြမ်းလေဖြတ်ပြီး မွန်းလွဲပိုင်း နှစ်နာရီမှာပါပဲ "

ငြိမ်သက်နေသော ကိုသိမ်းမောင် လှုပ်လှုပ်ရှားရှားဖြစ်လာပြီးလျှင် သျှောင်ပေစုးဘိုးတော်အား မေးခွန်းထုတ်လိုက်လေ၏။

" ဘတော်ဘုရားနဲ့ ဘယ်လိုလုပ်ပြီး ပတ်သက်နေတာလဲ၊ ကိုဘိုးတော်ရဲ့ "

" အင်း၊ ဇာတ်ကြောင်း နည်းနည်းပြန်ဆက်ရဦးမယ်၊ ကျုပ်တို့ရွာမှာ ယွန်းသိုင်းဆရာကြီး ဦးယွန်းဆိုတာရှိတယ်၊ ကျုပ်တစ်ဆယ့်ရှစ်နှစ်သားအရွယ် ဘုန်းတော်ကြီးကျောင်းမှာ ပရိတ်ကြီးဘန်းကုန်အောင် သင်တုန်းပေါ့ဗျာ၊ အဲဒီ ယွန်းသိုင်းဆရာကြီးဟာလည်း ခေတ်မကောင်းတာနဲ့ ရွာသာကြီးဘက်လာပြီး ပုန်းနေတာ ကျုပ်ကို ဆရာတော်ဦးသီလရဲ့ ဝိုက်ကျုံးကျောင်းတိုက်မှာပဲ ယွန်းသိုင်းပညာရပ်ကို သင်ပေးခဲ့တယ်၊ အင်း အလျဉ်းသင့်လို့ ကျုပ်ဆရာကြီးဦးစံထွန်းရဲ့ ယွန်းသိုင်းစွမ်းအားကို ပြောရဦးမယ် "

" ကျုပ်ဆရာကြီးဟာ သစ်ပင်၊ ထန်းပင်၊ အုန်းပင် အားလုံးကို ပင်စည်ကိုလက်ထောက်ပြီး တက်နိုင်တယ်၊ လေးပင်တိုင်အိမ်ခေါင်မိုးပေါ်ကနေ ခုန်ချနိုင်တယ်၊ ရွှေကမြို့ရိုးတွေကို ဇာက်စီးတဲ့အခါမှာ ဒီလိုစွမ်းတဲ့ သူ့ရဲကောင်းတွေကိုလွှတ်တယ်၊ သူ့ရဲကောင်းပညာပဲ၊ နောက်ပြီး ရေအပြည့်ထည့်ထားတဲ့ ရေတကောင်းကို လက်ငါးချောင်းနဲ့ ထိုးဖောက်နိုင်တယ်၊ ကျားသစ်ရဲ့ မျက်လုံးကို လက်နဲ့ကော်ထုတ်နိုင်တယ်၊ အင်း၊ ဆက်ပြောရရင် ယုံနိုင်ဖွယ်ရာတောင် မရှိနိုင်လောက်တဲ့ သူ့ရဲကောင်းစွမ်းအားပဲဗျ. .။ "

" သူ့ဆီက ကျုပ်ပညာအကုန်ရတယ်၊ နောက်ဆုံး ယွန်းသိုင်းရဲ့ အဆီအနှစ်ဖြစ်တဲ့ အကြောပိတ်၊ အကြောနှိုက်၊ ရင်ချသတ်သေ၊ အကြောကွင်းထိုး ပညာကိုတော့ ကျုပ်ကို နိဒါန်းလောက်ပဲ သင်ပေးလိုက်တယ်. . . ။ "

" လူတစ်ကိုယ်မှာ အကြောပိတ်နိုင်တဲ့ နေရာက ဆယ်နေရာ အဓိကပဲ ကိုသိမ်းမောင်ရဲ့၊ ပညာသဘောပေါ့ဗျာ၊ ဒီဆယ်နေရာကနေပြီး ပွားလိုက်တော့မှ တစ်ရာ့သုံးဆယ့် ခြောက်နေရာပဲ ။ "

" အဲဒီနေရာတွေကို အဓိကထိအောင် နှိုက်နိုင်ရင် လူဟာ ကွေးခြင်း၊ ချိုခြင်း၊ လေဖြတ်ခြင်း၊ မစားနိုင်၊ မသောက် နိုင်ဖြစ်ခြင်းနဲ့ အိပ်မပျော်ခြင်းစတဲ့ရောဂါတွေ စွဲကပ်နိုင်တယ်။ "

" အဓိက ဆယ်နေရာကို နှိုက်လိုက်ရင်တော့ တုံးကန်သေနိုင်တယ်၊ ကျုပ်ကိုယ်တိုင် မသူတော်မောင်သီးကို တပည့်အဖြစ် မွေးပြီးတဲ့နောက်မှာ အဓိကဆယ်နေရာကို ပြသခဲ့တယ်၊ နောက်ပြီး 'ယွန်း'သိုင်းရဲ့ ဓားပစ်ပညာရပ်ကို ပေးခဲ့တယ်၊ ခင်ခင်ကြီး သုံးသွားတဲ့ ပညာဟာလည်း အဲဒီ 'ယွန်း' သိုင်းပညာရဲ့နောက်ဆက်



www.burmeseclassic.com

www.burmeseclassic.com



တွဲ ပညာတွေပါပဲ ”

ကိုသိမ်းမောင်သည် သျှောင်ပေစူးဘိုးတော်အား စူးစမ်းသောအကြည့်ဖြင့် ကြည့်လိုက်လေ၏။ ထို့နောက် မေးခွန်းထုတ်လိုက်ပေ၏။

“ လက်တွေ့အကြောနှိုက်ပညာရဲ့ အဓိကနေရာတွေက ဘယ်နေရာတွေလဲ ကိုဘိုးတော်၊ ဒီလိုသိထားရင် ကျုပ်တို့ ရှောင်နိုင်တာပေါ့ ”

“ အင်း . . . ငါ့လူလဲ စိတ်ပါလာပြီထင်ပါရဲ့၊ ပြောရတာပေါ့။ အဓိကနံပါတ်တစ်နေရာက ငယ်ထိပ်တည့်တည့်ပဲ၊ ဒီနေရာကိုတော့ နန္ဒတရတ္တမ အရပ်လို့ခေါ်တယ်၊ အမိပ္ပါယ်ကတော့ လဲလျောင်းမှုပြုရာအရပ်တဲ့. . ၊ ဒုတိယနေရာကတော့ ချိုင်းကြားနှစ်ဖက်ပဲ၊ ချိုင်းကြားမှာ အကြောကြီးသုံးမွှာရဲ့ အောက်မှာ အကြောကပ်လေး နှစ်နေရာရှိတယ်၊ အဲဒီနေရာကို ကုတ်ဆွဲရင် ကိုယ်တစ် ခြမ်းသေတယ်၊ အဲဒီနေရာကတော့ မဇ္ဈိမဟုဒ အရပ်လို့ခေါ်တယ်. . တတိယနေရာကတော့ နို့နေရာတည့်တည့်ပဲ၊ အခေါ်အဝေါ်ကတော့ လဂ္ဂဒသိရတု အရပ်ပဲ၊ အမိပ္ပါယ်ကတော့ ချိတ်ဘက်ခြင်းပြုရာအရပ်တဲ့. . ၊ နောက်နှစ်နေရာကတော့ နံရိုးနှစ်ဘက်ရဲ့ အလယ်မြောင်းတည့်တည့်ပဲ၊ သူကတော့ ဣသံဂုံစွတ္တကာနိ အရပ်တဲ့၊ အဲဒီနေရာဟာ လေဟာနယ်ရှိတယ်၊ အဲဒီလေဟာနယ်ရဲ့အကြောကို ဖွင့်နိုင်ရင် ရုတ်တရက် ပိုင်းခနဲလဲပြီးသေတယ်၊ သူကတော့ စီးယိုထွက်တဲ့အရပ်တဲ့. . ၊ နောက်နှစ်နေရာကတော့ မအားအောက်ခြေက ခွကြောပဲ၊ မိန်းမမှာရော



ယောကျ်ားမှာရော အတူတူပဲရှိတယ်၊ အသေးအကြီးသာ ကွာတာပဲ၊ အဲဒီမှာရှိတဲ့ ခွကြောကိုနှိုက်မိရင် အားပြတ်ပြီး တရိရိဖြစ်ပြီးသေတယ်၊ ဒါကြောင့် ယွန်းသိုင်းစကားတစ်ခု ရှိတယ်ဗျ၊ ‘အသက်ချစ်လျှင် ခွကြောပြင်၊ လုံလျှင်စိတ်ချ မောင်းကာပြ’ လို့ဆိုထားတယ်ဗျ၊ သူ့ကိုတော့ မတ္တရကာရအရပ်လို့ဆိုတယ်. . . ၊ အဓိပ္ပါယ်ကတော့ သေခြင်းရဲ့ နေသောအရပ်လို့ဆိုတယ်. . . ၊ နောက်ဆုံးတစ်နေရာကတော့ ခြေမျက်စိအထက်နားက ခြေဖမိုးရဲ့ ခွဆုံအကြောပဲ၊ သူ့ကိုတော့ လစ္စယုအရပ်ဒေသလို့ခေါ်တယ်၊ အဓိပ္ပါယ်ကတော့ ထောက်ပြုခြင်းအရပ်လို့ခေါ်တယ် ကိုသိမ်းမောင်. . ၊ ဆိုခဲ့တဲ့အရပ်ဒေသတွေဟာ လူတွေရဲ့ အတွင်းကြောတွေပဲ၊ အဲ့ဒီနေရာတွေကိုနှိုက်ရင် ရုတ်တရက်သေခြင်း၊ ချိနဲ့ခြင်း၊ ရောဂါဖြစ်ခြင်းစတဲ့ လူကို လွန်စွာအန္တရာယ်ပြုစေတဲ့ အကြောတွေပဲဗျ၊ ဒါကြောင့်မို့ ယွန်းသိုင်းပညာရှင်တွေဟာ ငယ်ထိပ်တည့်တည့်နဲ့ ဆီးခုံမကို လက်ကို မောင်းပြန်လှည့်ပြီး ကာလေ့ရှိတယ်၊ အဲဒါကို ချွန်းဖွင့်တယ်လို့ ဆိုတယ်ဗျ. . ၊ အင်း. . ၊အခု ကျုပ်ပြောသွားတာဟာ အကြောနှိုက်ခြင်းကို ပြောတာနော်၊ အကြောမိမှဖြစ်တာ၊ အကြောမမိရင်တော့ ကလိထိုးသလိုပါပဲ ၊ ဟဲ. . . ဟဲ. . . ဟဲ. . . ၊”

(မြန်မာ့သိုင်းပညာရှင်များ သုတေသနပြုနိုင်ရန် အလို့ငှာ ဖော်ပြလိုက်ပါသည်။ ရှေးခေတ်လူငယ်တို့သည် ဒဏ္ဍာရီသဖွယ် ထင်မှတ်နေကြလေရာ တကယ်ရှိသော ပညာရပ်ဖြစ်ကြောင်း ရှာဖွေတင်ပြအပ်ပေသည်။ သိသူဖော်သုံး၍ အကျိုးပြုနိုင်ကြပါစေ။

www.burmeseclassic.com

www.burmeseclassic.com



ယွန်းသိုင်းပညာ၏ အကြောနှိုက်ပညာမှာ လွန်စွာ ထက်မြက်လှသော မြန်မာ့ရှေးဟောင်းပညာရပ်ကြီးဖြစ်ပါကြောင်း။)

(စာရေးသူ)

သျှောင်ပေစူးဘိုးထော်သည် ကျားညီနောင်ဆေးပြင်လိပ်ကြီးကို ခဲလိုက်ပြီးလျှင် တံခါးဝဘက်သို့ ကြည့်လိုက်ပြန်၏။

" ဒုပြောရရင်တော့ ကျမ်းတစ်ဆူပဲ ကိုသိမ်းမောင်၊ ဒါနဲ့ဆက်ရဦးမယ်၊ ကျုပ်ကို ယွန်းသိုင်းပညာရဲ့ အကြောနှိုက်ပညာနိဒါန်းကိုပဲပေးပြီး တောထဲလွှတ်လိုက်တယ် ကိုသိမ်းမောင်.. "

" ဘယ်သူ့ဆီကိုလဲ "

" ဆရာကြီးကွမ်ဆီကိုပဲ၊ ကျုပ်ကို ပညာအကုန်သင်ပေးတဲ့ ဆရာကြီး ကွမ်ပေါ့... ကျုပ်နောက်ဆုံး အဖမ်းခံရမယ်လို့ အတင်းအကြပ် မိန့်ခဲ့တဲ့ တိဘက်ဆရာကြီး ကွမ်ပေါ့။ ကျုပ်တို့ဆရာတပည့်နှစ်ဦး ကျုပ်အဖေ အုတ်ဂူဘေးမှာထိုင်ပြီး စကားပြောဆိုတာ ဦးဇင်ယော်တောင် ချောင်းနားထောင်သေးတာပဲ..၊ အင်း..၊ ဘတော်ဘုရားဟာလဲ ဦးစံယွန်းတပည့်ပဲကိုး၊ သူ့ကိုတော့ တိဘက်ဆရာကြီးကွမ်ထံ မပို့ခဲ့ဘူး၊ ဒါကြောင့်ကျုပ်ရခဲ့တဲ့ တိဘက်ပေစာကို ဘတော်ဘုရားက ကျုပ်အသက်ကို လုပ်ကြံပြီး လုခဲ့တယ်ဗျ၊ ဒါပေမယ့် ကျုပ်ကလဲ သျှောင်ပေစူးတတ်ပြီးပြီပဲ၊ ဘယ်လွယ်တော့လဲ၊ ကိုသိမ်းမောင်၊ ဒါနဲ့ တန်ဖြန်သူတော်အဖွဲ့ဖွဲ့ပြီး ကျုပ်နဲ့ကျုပ်ရဲ့ အသိုင်းအဝိုင်းတွေကို လိုက်ပြီး လုပ်ကြံတော့တာပဲ ..၊ အင်း၊ ကျုပ်ဆရာကြီးကွမ်ဟာ ထူးခြားလှတဲ့ တိဘက်ဆရာကြီးပါပဲ



ကိုသိမ်းမောင်၊ ကျုပ် ခင်ဗျားကိုပြောပြလဲ ခင်ဗျား နားလည်နိုင်မှာမဟုတ်ပါဘူး၊ ဒါပေမယ့် ကျုပ်ဟာ[illegible]လိုနီခေတ် ထောင်မင်းသားတွေကို မျက်လှည့်ပြခဲ့တာဟာ ကျုပ်ဆရာကြီးကွမ်ရဲ့ တိဘက်သိုင်းပညာဖြစ်တဲ့'ဥခေါ်သ'ပညာရဲ့ အစွမ်းပါပဲ၊ ယွန်းသိုင်းအဆက်လို့လဲ ခေါ်တယ်၊ ဟဲ..ဟဲ..၊ ခင်ဗျားဆီကို ကျုပ်အခုဘယ်လို ရောက်လာရတယ်ဆိုတာပေါ့၊ ထောင်ဖောက်ပြီး ပြေးလာတယ်ပေါ့..၊ ဟဲ...ဟဲ...ဟဲ..၊"

သျှောင်ပေစူးဘိုးထော်သည် သူ၏ သျှောင်ပေစူးသေးသေးလေးကို လက်ဖြင့် သက်လိုက်ပေ၏။ လွန်စွာစံနစ်ကျစွာထုံးထားသော သျှောင်ပေစူးသေးသေးလေးမှာ လေးထောင့်ကျကျတည်ငြိမ်ခိုင်ခံ့ဘိသော သျှောင်ပေစူးဘိုးထော်၏ မျက်နှာနှင့်အတော်လိုက်ဖက်လှပေ၏။ သျှောင်ပေစူးဘိုးထော်သည် ၎င်း၏ဟောင်းနွမ်းသော လွယ်အိတ်ကြီးထဲမှ ပုဝါစတစ်ခုကို ထုတ်ယူလိုက်ပြီး ၎င်း၏ မိုးကာအင်္ကျီမှ ရေစရေနများကို ဆွတ်ယူလိုက်လေ၏။ ထို့နောက် စိုရွှဲသွားသော ပုဝါစကိုယူ၍ ၎င်း၏ မျက်နှာကို ပွတ်တိုက်သုတ်မှု ပြုလေ၏။

" ကျုပ်တို့ တိဘက်ပညာကျင့်စဉ်ရဲ့ ဒုတိယအဆင့်ဖြစ်တဲ့ 'ဝိမံသ'အဆင့်ကိုရောက်ရင် တရားဝင်နေတဲ့ လူဟာ လူသေလိုပဲ၊ လူသေလိုတော့ နံမလာဘူး၊ အရောင်အသွေးတော့ ပြောင်းလဲသွားတယ်၊ တိဘက် 'ဥခေါ်သ'ကျင့်စဉ် ပိုင်သသူဟာ ဆွေးဆယ့်ငါးရက်တိတိ အစာမစားဘဲနေလို့ ဘာမှမဖြစ်ဘူးဗျ၊ 'ဝိမံသ'အဆင့်မှာ အသက်ရှူရပ်ခြင်းကို ငါးရက်မှ ခုနစ်ရက်အထိနေနိုင်တယ် "

www.burmeseclassic.com

သျှောင်ပေစူးဘိုးတော်သည် ကျားညီနောင်ဆေးပြင်းလိပ်ကြီးကို ဟန်ပါပါဖွာရှိုက်လိုက်လေ၏။ ဆေးပြင်းလိပ်ကြီးမှာ ရှည်လျား၍ ဖွာလိုက်တိုင်း နှုတ်ခမ်းဖျားတွင်လှုပ်ယမ်းလျက်ရှိပေ၏။ တည်ငြိမ်မှုနှင့် ဟန်ပါမှုရောဖက်၍နေသဖြင့် ၎င်းသည် တရားခံပြေးတစ်ဦးနှင့်မတူဘဲ နိုင်ငံခြားရုပ်ရှင်မင်းသားကြီးတစ်ဦးနှင့်ပင် တူနေတော့၏။

ကျွန်ုပ်၏စိတ်သည်လည်း အတန်ငယ်အေးချမ်းမှုကို ရသွားပေ၏။ သျှောင်ပေစူးဘိုးတော်သည် သူ၏ ကြီးမားလှသော အိတ်ကြီးထဲမှ ပစ္စည်းများကို ထုတ်ယူလိုက်ရာ ကျွန်ုပ်ထံမှ တန်ပြန်သူတော်အဖွဲ့က လုယူသွားခဲ့သော တိဘက်ပေစာများနှင့် ပုရပိုက်များ ဖြစ်နေပေ၏။

" ကျုပ်. . . တာဝန်အရတော့ ကျုပ်တို့ သျှောင်ပေစူးမျိုးနွယ် မပျောက်ပျက်ဖို့ရယ်၊ ပုရပိုက်ပါ ပညာတွေကို ဆက်ထိန်းသိမ်းဖို့ဟာ အရေးကြီးလေတော့ ကျုပ်ညီဖြစ်တဲ့ ကိုသိမ်းမောင်ကိုပဲ ပေးရဖို့ တာဝန်ရှိပေတယ် ကိုသိမ်းမောင်။ လိုက်နာဖို့မလိုက်နာဖို့ဆိုတာကတော့ ကိုယ်ပိုင်ဆုံးဖြတ်ချက်ပဲ ကိုသိမ်းမောင်၊ ဒါပေမယ့်. . . ဟဲ. . . ဟဲ. . . မလိုက်နာဘူးဆိုရင်တော့ နာတတ်တယ်နော်. . . "

" တန်ပြန်သူတော်အဖွဲ့ရဲ့ ခေါင်းဆောင်ကြီး တော်ဘုရားထံ ကျုပ်ကိုယ်တိုင်သွားပြီး ပြန်ယူခဲ့ရတဲ့ ပစ္စည်းတွေပဲ၊ ကျုပ်ဘယ်လိုသွားပြီး ဘယ်လိုယူခဲ့တယ်ဆိုတာတော့ မပြောတော့ဘူး၊ ရှည်လျားလှပါတယ်လေ၊ သူလဲ သေရှာပြီပဲ "



ကျွန်ုပ်သည် သျှောင်ပေစူးဘိုးတော်၏ မခတ်သောမျက်တောင်ကိုကြည့်လျက် စိုးရွံ့မိလေသည်။ ကျွန်ုပ်သည် ဤပညာရပ်များနှင့် လုပ်ရပ်များကို စိတ်ဝင်စားမှုရှိသော်လည်း လေ့လာလိုက်စားလိုမှု ပြင်းထန်လှသူ မဟုတ်လေရာ ကျွန်ုပ်အဖို့ ဘေးကျပ်နံကျပ်ဖြစ်လျက်ရှိပေ၏။ သျှောင်ပေစူးဘိုးတော်သည် ကျွန်ုပ်အား ဆက်လက်ပြောဆိုပြန်လေ၏။

" ကျုပ်တို့ ဘိုးကြီးငထင်ငယ်ဟာ အသက်တစ်ဆယ့်သုံးနှစ်မှာ အိမ်နောက်ဘက်လွန်မင်းက ပြည်မြို့ကို (၉၇၀)နှစ်တွင် ဝင်တိုက်တဲ့အခါမှာ သူပြည့်ရှင်မင်းရန်နိုင်စားအနီးမှာ ဓားလက်နက်နဲ့ ခုခံတယ်၊ လက်နက်မချဘူး၊ သူဦးရီးတော် ဘယဂါမဏိက မြို့ပျက်လေပြီ၊ လက်နက်ချတော့ဆိုမှ 'သူ့ဆန်စား၍ ရဲရင့်တော့သည်'လို့ ကျုပ်တို့ ဘိုးကြီးငထင်ငယ်က ဆိုခဲ့လို့ သူရဲကောင်းဘွဲ့နန္ဒယော်ဓာ အမည်နဲ့ အနောက်ဘက်လွန်မင်းတရားကြီးက မြှောက်စားခဲ့ရတယ်၊ အဲဒီစိတ်ဓါတ်ကို ကျုပ်တို့ လူငယ်လူရွယ်ပိုင်းမှာ ရှိသင့်တယ်၊ ကိုသိမ်းမောင်၊ လူတစ်ဦးတစ်ယောက်အတွက် သစ္စာရှိမှ တိုင်းပြည်နဲ့ လူမျိုးအတွက် သစ္စာရှိမယ်ဆိုတဲ့ အယူအဆဟာ ရှေးအယူအဆမဟုတ်ဘူး၊ ခေတ်မီတဲ့ အယူအဆတစ်ရပ်ဖျး အခုဖြိတိသျှလူမျိုးတွေထားတဲ့ (Fight for country) ခေါ်တဲ့ စိတ်ဓါတ်ဟာ ကျုပ်တို့မြန်မာလူမျိုးတွေ ရာဇဝင်အရ ထားရှိခဲ့တဲ့ စိတ်ဓါတ်ပါပဲ၊ အဲဒီစိတ်ဓါတ်ရဲ့ နိဂါရဟာ လူမျိုးကြီးတစ်မျိုးနိုင်ငံကြီး တစ်နိုင်ငံကို ဖြစ်ထွန်းစေပါတယ် ကိုသိမ်းမောင်. . . "

" အဲဒီစိတ်ဓါတ်ဟာ တကယ်ဝင်လာရင် တကယ်ထက်

www.burmeseclassic.com



မြှက်ပါတယ်၊ လူမျိုးအညွန့်မတုံးရေး၊ နိုင်ငံအညွန့်ထူထောင်ရေး ယဉ်ကျေးမှုပီပြင်ရေးတို့မှာ လူမျိုးသစ္စာခေါ်တဲ့ ဇီဝသန္တေဗီဇတ ခေါ်တဲ့ လူမျိုးတစ်မျိုးရဲ့ မျိုးဗီဇသန္တေခိုင်မှုဖြစ်စေပြီး ကမ္ဘာ တည်အောင်ခိုင်ခဲ့တဲ့ ဟိသံက သစ္စာဒီပံဖြစ်ပါတယ်၊ ဒါကြောင့် အစဉ်အလာကို သစ္စာရှိဖို့အတွက် ခင်ဗျားမှာ တာဝန်တစ်ရပ်ဖြစ် လာပေတယ် ကိုသိမ်းမောင်. . ၊ ”

ကျွန်ုပ်သည် ပို၍အကြပ်ရိုက်သွားပေ၏။ တိဘက် ပေစာ ‘ဥခေါသ’နှင့် ကျွန်ုပ်လုံးဝမသိဖူးသော သျှောင်ပေစူးမျိုးအနွယ် ကို သစ္စာရှိရန်မှာ ကျွန်ုပ်သည်များစွာအားမရှိသော လူတစ် ယောက်ဖြစ်ပေ၏။

“ ဟဲ. . . ဟဲ. . ၊ ဒီလိုပါ ကိုသိမ်းမောင်၊ ခင်ဗျား လန့်သွား သလား၊ ခင်ဗျားလုပ်ရမယ့်တာဝန်ကို ကျုပ်ပေးခဲ့မှာပါ။ ဟဲ. . . ဟဲ. . ၊ ခင်ဗျားဟာ ကျုပ်တို့ သျှောင်ပေစူးထောင်ငယ်ရဲ့ မျိုးဗီဇ မှာပါတဲ့ အနွယ်ဝင်ဆိုတော့ ကျုပ်တို့ သျှောင်ပေစူးထောင်ငယ်ရဲ့ ဝန်သင်းဘောင်ဆက် မျိုးယှက်နွယ်ခဲ့တဲ့ အဆွေတော်ရင်းကြီး မယ်အိုဇာရဲ့မြေးတော်တဲ့၊ ဟောဒီ ရပ်ကြီးသူ ခင်ခင်ကြီးကို ထိန်း သိမ်းဖို့ရယ်၊ ထိန်းသိမ်းရမှာက တစ်သက်လုံး ထိန်းသိမ်းရမှာနော် ခဏတဖြုတ် မဟုတ်ဘူး၊ ဟဲ. . ဟဲ. . ၊ ခင်ဗျားဟာ ကျုပ်ညီဆို တော့ ညီရဲ့အကြောင်းကို ကျုပ်ကသိပြီးသားပဲ၊ ခင်ခင်ကြီး ထွက် ပြေးသွားတာက ဒီမျိုးရိုးဆက်တွေ ပေါ်ကုန်မှာစိုးလို့ပဲ ကို သိမ်းမောင်၊ ကျုပ်ကိုလဲ ခင်ဗျားဆီမလာနိုင်အောင်ဆိုပြီး လမ်း မှာ ကျုပ်ကိုဝိုင်းပြီး တားဆီးဖို့ကြိုးစားကြသေးလေရဲ့၊ ဒါပေမယ့်



ကျုပ်ဟာ သျှောင်ပေစူးဘိုးဆော်ပေပဲဗျား ”

ကျွန်ုပ်သည် ခင်ခင်ကြီးအား လှည့်ကြည့်လိုက်ရာ ရုပ်ကြီး သူခင်ခင်ကြီးသည် လွန်စွာ တည်ငြိမ်လျှက်ရှိပြီး လျှင် ကျွန်ုပ်အား မော်ကြည့်လိုက်လေရာ ကျွန်ုပ်၏ရင်သည် မြေးစရာ ဒိတ်ခနဲ ခုန် သွားလေ၏။

“ ဟဲ. . . ဟဲ. . ၊ လူတွေဟာ ဒီလိုပါပဲ ကိုသိမ်းမောင် ကြည့်စရာတွေ့ရင် ကြည့်ကြတာပါပဲ၊ ဟဲ. . ဟဲ. . ၊ မွှေးရော တွေ့ရင်လဲ မွှေ့ကြတာပါပဲ၊ အဲ. . . ဒုက္ခသာ၊ ဒုက္ခစရိုသာန် ဒုက္ခဖြစ်ခြင်းနဲ့ တွေ့ရင်သာ မခံနိုင်ကြတာပါပဲ၊ တိဘက်ကျမ်းစဉ် ‘ယောမံသနိသိယ’လို့ခေါ်ပါတယ်၊ မခံနိုင်ဖြစ်တာကို ခံနိုင်အောင် ကျင့်ခြင်းပေါ့။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ‘အနိဘူတံနိစ္စံ အနိစ္စ’ ဆိုတာပါပဲ ”

ကျွန်ုပ်သည် ထူးဆန်းသော ပုဂ္ဂိုလ်ကြီးဖြစ်သည့် သျှောင် ပေစူးဘိုးထော်ဆိုသည့် လူထူးလူဆန်းကြီးအား သေချာစွာကြည့် လိုက်ပေ၏။ ၎င်း၏ အဘိဓမ္မာသည် တစ်ရံမဆစ် မပြတ်တတ်သော အချက်များကို မှီးနေသည်ကို တွေ့ရသဖြင့် များစွာသဘောကျမိ ပေ၏။

“ အင်း. . . သိပ်လဲ သဘောမကျနဲ့ဦး ကိုသိမ်းမောင်ရေ့ ကျုပ် အစီအစဉ်လေးတွေပြောပြီးရင် ကျုပ်ဒီက ခွာရမယ်၊ ခင်ခင် ကြီးကတော့ နေရစ်ခဲ့၊ ခင်ခင်ကြီးကကော သဘောတူရဲ့လား၊ ”

ခင်ခင်ကြီးသည် ခေါင်းငုံ့လျှက်ရှိ၏။ တစ်ခုံးတစ်ရာကို ပြန်လှန်ပြောဆိုခြင်းမပြုဘဲ ရှိတော့ရာ သျှောင်ပေစူးဘိုးထော်သည်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်အား စေ့စေ့ကြည့်ကာ ၎င်း၏ကြီးမားသော လွယ်အိတ်ထဲက ပစ္စည်းများကို စားပွဲပေါ်သို့ သွန်ချလိုက်လေ၏။ ထိုအထဲတွင် အုတ်ခွက်စာနှစ်လုံးလည်း ပါလာလေသည်။ သျှောင်ပေစူးဘိုးထော်သည် အုတ်ခွက်စာနှစ်လုံးကိုင်၍ ကျွန်ုပ်၏ ရှေ့တည့်တည့်၌ ချထားလိုက်လေ၏။

" ကျုပ်ကို ပညာရှင်ဘဝကနေပြီး လူမိုက်ကြီး သျှောင်ပေစူးဘိုးထော်ဘဝကို ရောက်စေခဲ့တာကတော့ ဒီအုတ်ခွက်စာနှစ်လုံးကြောင့်ပဲ ကိုသိမ်းမောင်၊ မှန်ကန်သော မှန်ကန်ခြင်းကို သိပေမယ့် မှန်ကန်ခြင်းဟာ တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ၊ ဆောင်ရွက်သင့်တယ်ဆိုတဲ့ သဘောတရားကို ကျင့်သုံးလိုက်ရတယ်၊ အင်း. . . အဲဒီလို မကျင့်သုံးရင်လဲ ဒီအုတ်ခွက်စာဟာ အရာမြောက်မှာမဟုတ်လေဘူး ကိုသိမ်းမောင်. . .၊ အခု ကျုပ်အနေနဲ့ကတော့ ဒီအုတ်ခွက်စာကို ဆက်သိမ်းခွင့်မပြုတော့ဘူး ကိုသိမ်းမောင်၊ ကျုပ်ရဲ့ ဆရာကြီးကွမ်က ညွှန်ကြားလိုက်တယ် 'ကုသိုလ်မမြောက်တဲ့ မှန်ကန်ခြင်းကို မရွက်ဆောင်သင့်ဘူး' ဆိုတဲ့ သဘောတရားကိုလည်း ပေးလိုက်တယ်၊ ကျုပ် ခင်ဗျားအိမ်ကို ညတစ်ညမှာ မချိမဆန့်ဖြစ်ပြီး လာခဲ့တာဟာ ကျုပ်ဆရာကြီးကွမ်က ကျုပ်ကို တိဘက်ပညာဖြစ်တဲ့ အဲဒီ 'ယွန်း'သိုင်းပညာနဲ့ လက်ဝါးနဲ့ ရိုက်ပုတ်ဆုံးမခဲ့တယ်. .၊ အင်း. .၊ ခင်ဗျားသဘော ပေါက်မှာ မဟုတ်ပါဘူး၊ ဒါပေမယ့် သဘောမပေါက်တဲ့လူတွေ သဘောပေါက်အောင် ဆောင်ရွက်သင့်တာတွေကို မဆောင်ရွက် ကြလို့ပါပဲ ကိုသိမ်းမောင်၊ ဘယ်ပညာမှာမဆို သဘောတရား



အရေးကြီးပါတယ်၊ ဒါကြောင့် တိဘက် 'ဥခေါ်သ' ပညာပုရပိုက်ကိုတော့ ကျုပ်ထားရစ်ခဲ့မယ်၊ အဲဒီ ပုရပိုက်ရဲ့ပညာတွေကို မကျင့်နိုင်တောင်မှ ပျောက်ပျက်မသွားအောင် ထိန်းသိမ်းလုပ်ဆောင်ရမယ် ကိုသိမ်းမောင်. . .၊"

သျှောင်ပေစူးဘိုးထော်သည် လွန်စွာတည်ငြိမ်ခန့်ညားလှသော အမူအရာဖြင့် ကျွန်ုပ်အား ခပ်အေးအေးပြောကြားပြီးလျှင် ကျွန်ုပ်သည်လည်း ကျွန်ုပ်စားပွဲပေါ်ရှိ ပေစာ၊ မင်စာများကို ကြည့်ရှုလျက်ရှိပေသည်။ ကျွန်ုပ်သည် ကျွန်ုပ်တတ်ကျွမ်းမှုမရှိသော ပေစာ၊ မင်စာ၊ အုတ်ခွက်စာတို့ကို ကြည့်ပြီးလျှင် ကြောက်ရွံ့လျက်ရှိပေ၏။

" ကျုပ်တို့ သျှောင်ပေစူးမျိုးရိုးရဲ့ မျိုးရိုးဇယားကောက်ပုံကိုတော့ ကျုပ်ရဲ့ဟောဒီကျောက်သင်ပုန်းပေါ်မှာ ကျုပ် ကညစ်နဲ့ ကူးထားခဲ့တယ် ကိုသိမ်းမောင်၊ ဒီအုတ်ခွက်စာနှစ်လုံးကိုတော့ တာမွေသချိုင်းရဲ့ ဇရှနအုတ်ဂူမှာပဲ သွားပြီးထည့်ထားလိုက်မေတော့၊ ကျုပ်ဖခင်သူတော်ရဲ့ အုတ်ဂူနဲ့ မနီးမဝေးမှာရှိတဲ့ အုတ်ဂူပဲ "

ကျွန်ုပ်သည် ရှေးလက်ရေးစာတို့ဖြင့် ရေးဖွဲ့ထားသော ကျောက်သင်ပုန်းချပ်ကို ယူလိုက်ပေ၏။ သျှောင်ပေစူးဘိုးထော်သည် ၎င်း၏ သျှောင်ပေစူးသေးသေးလေးကို လက်ဖြင့်သပ်လိုက်ကာ မတ်တပ်ထလိုက်လေ၏။ ထို့နောက် သက်ပြင်းတစ်ချက်ရှိုက်လိုက်ကာ သူ၏ ခမောက်ဝိုင်းကြီးရှိရာ ဆတ်ချိုချိတ်လေးရှိရာသို့ သွားရောက်ပြီးလျှင် ခမောက်ဝိုင်းကြီးကို ဆောင်းလိုက်၏။

" ခေတ်မှီတယ်၊ ခေတ်ဆန်တယ်ဆိုတဲ့ လူတွေက ကုလား

www.burmeseclassic.com

www.burmeseclassic.com



ငုံတီးပြီး ဘိုကေဆံတောက်မားလားနဲ့ ကိုလိုနီခေတ်ဆိုးရဲ့ အမွေဆိုးတွေကို ခံစားနေကြတယ်ဗျ၊ အင်္ဂလိပ်ဘောက်ဆင်ကို အားကျတယ်ဗျ၊ ဟဲ. . . ဟဲ. . .၊ ဒါ့ကြောင့်လဲ ကျုပ်ဟာ သျှောင်ပေစူးထားပြီး ခေါင်းပေါင်းစနဲ့ဝတ်ပြီး ရှေးမြန်မာ့အတတ်ပညာနဲ့ ကုလားကျွန်အမှုထမ်းတွေပေါ်မှာ မျက်လှည့်ပြတယ်ဗျ၊ ဟဲ. . . ဟဲ. . .၊ သွားပြီ ကိုသိမ်းမောင်၊ ခင်ခင်ကြီးကို ကောင်းကောင်း ထိန်းသိမ်းပေါ့ဗျာ၊ ဒါဟာ ခင်ဗျားကျုပ်အတွက် အနစ်နာခံပြီး ဆက်ဆံခဲ့တဲ့ လက်ဆောင်ဂဲပေါ့ဗျာ၊ ဟဲ. . . ဟဲ. . .၊ ”

သျှောင်ပေစူးဘိုးတော်သည် ကျွန်ုပ်နှင့် ခင်ခင်ကြီးကို ပြုံးစေ့စေ့ကြည့်ရင်း ကျွန်ုပ်အိမ်၏ ကျွန်းတံခါးမကြီးဘက်သို့ လှည့်လိုက်လေ၏။

“ ဟဲ. . . ဟဲ. . . ကိုဘိုးတော် သျှောင်ပေစူးကြီးရဲ့၊ ခင်ဗျားရဲ့လက်တွေ၊ ခြေတွေ၊ အသည်းနှလုံးတွေ၊ မျက်လုံးတွေ အားလုံးကို ငြိမ်ငြိမ်လေးထားလိုက်ပြီး အဲဒီနေရာက မရွေ့ဘဲ ငြိမ်ငြိမ်လေးရပ်နေလိုက်ပါ ”

သျှောင်ပေစူးဘိုးတော်သည် ရုတ်တရက် မှင်တက်သွားပေ၏။ ကျွန်ုပ်သည်လည်း အသံလာရာသို့ ကြည့်လိုက်ရာ လွန်စွာ အံ့ဩခြင်း ဖြစ်ရလေသည်။ လွန်စွာ ချိန်သားကိုက်လှချည်လားဟူ၍လည်း မှတ်ချက်ချလိုက်ပေ၏။

“ ကျုပ်လေဗျာ၊ ဇင်ယော်ပါ။ အာဖရိကဇင်ယော်၊ မြန်မာပြည်ကနေ အာဖရိက ရောက်အောင်ပျံနိုင်တဲ့ ဇင်ယော်ပါ။ မြန်မာပြည်က စုံထောက်ကြီး ဇင်ယော်လေ၊ ဟဲ. . ဟဲ. .၊ ”



စုံထောက်ကြီးဦးဇင်ယော်သည် ခေါသပ်သော မီးခိုးရောင် အနောက်တိုင်းဝတ်စုံကို ဝတ်ဆင်ထားလျှက်ရှိပြီးလျှင် လက်ထဲမှ ပွိုင့် (၃၈)အော်တိုမက်တစ် မိန်းမကိုင် ပစ္စတိုတစ်လက်ကို ဆွဲကိုင်ထားလျှက်ရှိ၏။ ၎င်း၏နှုတ်ခမ်း၌ ဆေးတံအိုးကို ကိုက်လျှက်ရှိ၏၊ မျက်လုံးမှာ မျက်တောင်မခတ် အေးငြိမ်လျှက်ရှိ၏။

ကျွန်ုပ်သည် တံခါးထောင့်ဘက်သို့ မျက်လုံးဝေ့၍ ကစားလိုက်ရာ ကျွန်ုပ်အဖို့ တုန်လှုပ်မိတော့၏။ စုံထောက်ကြီးဦးဇင်ယော်၏ နောက်၌ တည်ငြိမ်ခန့်ညားချောမောသော ပုဂ္ဂိုလ်တစ်ယောက်ကို တွေ့လိုက်ရသောကြောင့်ဖြစ်ပေ၏။ အစိမ်းရောင်ပြေးနေသော အကြောစိမ်းများကိုပင် မြင်နိုင်လောက်သော အသားအရည်ရှိပြီး ခန့်ညားထည်ဝါသော ရှမ်းတလူစ ခေါင်းပေါင်းကို သေသပ်စွာ ပေါင်းထားပြီးလျှင် ညာဘက်လက်သူကြွယ်မှ ကြီးမားသော မြလက်စွပ်ကြီးကို ဝတ်ထားသော ပုဂ္ဂိုလ်တစ်ယောက်သည် လက်ပိုက်လျှက်ရှိခြင်းကြောင့် ဖြစ်ပေ၏။

“ ဆရာကြီး သျှောင်တစောင်း၊ လူသူတော် သျှောင်တစောင်း၊ ”

ကျွန်ုပ်သည် နှုတ်မှ ခပ်တိုးတိုးရွတ်လိုက်ပေ၏။ ဆရာကြီး လူသူတော် သျှောင်တစောင်းဘေးမှ ပုဂ္ဂိုလ်ကမူကား လက်၌ ကြီးမားသော သံကွင်းကြီးနှစ်ဖက်ကို ကိုင်လျှက်ရှိပေ၏။ သူကား တာမွေဂါတ်မှ အိုင်ပီ ဦးအေးမောင်၊ သျှောင်ပေစူးဘိုးတော်သည် မတုန်မလှုပ် ရပ်လျှက်ရှိပေ၏။ လူသူတော်သျှောင်တစောင်းသည် မတုန်မလှုပ် ရပ်လျှက်ရှိသော သျှောင်ပေစူးဘိုးတော်ဆီသို့ လှမ်း

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သွားကာ သူ၏ ကြီးမားသော မြလက်စွပ်ကြီးဝတ်ထားသော လက်ဖြင့် သျှောင်ပေစူးဘိုးတော်၏ လက်ဖျံကို ငြင်သာစွာကိုင်လိုက်လေ၏။

" နက္ခတ်စောင်းသွားပြီး သျှောင်ပေစူး၊ အခု နက္ခတ်က သကုဏ္ဍလ ဗြိသျှသုမလ နက္ခတ်၊ ရောဟဏီဂန္ဓ နက္ခတ်ရဲ့ အလွှန်ပေပဲ၊ သျှောင်ပေစူး ပညာခန်းအဖွင့်လွန်သွားလို့ နက္ခတ်စောင်းသွားပြီ၊ အေးအေးဆေးဆေးပဲ ဇင်ယော်နောက်ကိုလိုက်သွားပါ "

သျှောင်ပေစူးဘိုးတော်သည် လူသူတော်သျှောင်တစောင်းကို စေ့စေ့ကြည့်လိုက်၏။ ထို့နောက် ခပ်အေးအေးဆိုလိုက်ပေ၏။

" အင်း. . . ပညာမကုန်တော့ ကုလားဖုံပဲ တီးရအုံးမှာပေါ့ ဆရာကြီး၊ ဒုက္ခသ ဒုက္ခစရိယာန် ပါပဲလား "

" အင်း. . . နိဗ္ဗာန၊ နဗ္ဗာနံ၊ ပရယန္တ သုခံ ဖြစ်အောင်က ကုသလ၊ ကုသလံ၊ ကုသိုလ်အကျိုးဆက်ကိုလည်း ပေးရတယ်လေ၊ ဒါဟာ နိယာမဖြစ်တယ်ဆိုတယ်၊ ရှင်တော်ဗုဒ္ဓဟောကြားခဲ့ပေတယ် သျှောင်ပေစူး "

" မှန်ပါတယ်၊ ဆရာကြီးသျှောင်တစောင်း၊ လောကဆိုတာဟာ ဆင်းရဲခြင်းပါ။ အမှန်တရားဆိုတာဟာလည်း အယူအဆကြီးတစ်ရပ်ပေပဲကိုး၊ သျှောင်ပေစူးဆိုတာဟာလည်း သျှောင်တစောင်းမဖြစ်ခင်ထုံးရတဲ့ မြန်မာ့မျိုးရိုးဓလေ့သာဆံထုံးပေါက်မို့ သျှောင်ပေစူးဟာ သျှောင်တစောင်းရဲ့ အမိန့်ဩဝါဒကို နာခံဖို့ပါပဲ "

သျှောင်ပေစူးဘိုးတော်သည် လူသူတော်သျှောင်တစောင်းအားကြည့်လျှက် မျက်နှာမှာ လွန်စွာအေးငြိမ်းလျှက်ရှိသော အမူ



အရာသို့ ပြောင်းလဲသွားပေ၏။

အိုင်ပီ ဦးအေးမောင်သည် သျှောင်ပေစူး ဘိုးတော်အား ကြီးမားသော သံကွင်းကြီးနှစ်ခုဖြင့် လက်နှစ်ဖက်အား ချိတ်၍ အလယ်မှ သံကြိုးဖြင့်ဆွဲကာ သော့ခတ်လိုက်လေ၏။

ရပ်ကြီးသူ ခင်ခင်ကြီးသည် ရုတ်ခနဲ ပြေးထွက်လာကာ သျှောင်ပေစူးဘိုးတော်နားသို့ ရောက်သော် ရှိုက်ငင်၍ ငိုလိုက်၏။

ဦးဇင်ယော်သည် လက်ထဲမှ သေနတ်ကို ညာဘက်အိတ်ထဲသို့ ထည့်လိုက်၏။

ကျွန်ုပ်၏ ရင်ထဲ၌ ဝမ်းနည်းမှုတို့သည် စို့တက်၍လာပေ၏။ သို့သော် ကျွန်ုပ်သည် ပုရပိုက်တို့ကိုယူ၍ လူသူတော် သျှောင်တစောင်းအနီးသို့ ကပ်သွားလျှက် ထိုပုရပိုက်တို့ကို လူသူတော် သျှောင်တစောင်းလက်ထဲသို့ ထည့်လိုက်လေသည်။ သျှောင်တစောင်းသည် ကျွန်ုပ်ပေးလိုက်သော ပုရပိုက်တို့ကို ပိုက်လျှက်

" ပညာအကျင့်ဟာ ကျင့်တဲ့သူအတွက် ဆေးတစ်ပါးဖြစ်သလို မကျင့်တတ်သူတွေအဖို့တော့ ဘေးတစ်ပါးပဲ ကိုသိမ်းမောင်၊"

သျှောင်ပေစူးဘိုးတော်သည် ကျွန်ုပ် လူသူတော်သျှောင်တစောင်းအားပေးလိုက်သောပုရပိုက်ကိုကြည့်ကာ မတုန်မလှုပ်ပင်ရပ်လျှက် ကျွန်ုပ်အားခွင့်လွှတ်သောအကြည့်ဖြင့်ကြည့်လိုက်သည်။

" ကဲ. . . သွားကြစို့ သျှောင်ပေစူး၊ မိုးလဲစဲသွားပြီ "

ဦးဇင်ယော်သည် ဆေးတံအိုးကို ဆေးဖြည့်ရင်း ပြောဆိုလိုက်စေ၏။ သျှောင်ပေစူးသည် ရှေ့ဆုံးမှခပ်လေးလေးပင် ကျွန်ုပ်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



၏ အိမ်လှေခါးမှ ဆင်းသွားလေ၏။ ထို့နောက် အိုင်ပီဦးအေးမောင် စုံထောက်ကြီး ဦးဇင်ယော်နှင့် နောက်ဆုံးတွင် ရှမ်းတလူစ ပေါင်းထားသော ဗြိတိသျှအစိုးရ၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကြီးဖြစ်သည့် လူသူတော် သျှောင်တစောင်းဖြစ်ပေ၏။ မကြာမီ ကျွန်ုပ်၏ အိမ်ရှေ့မှ စတူဒီဘေကာကားနက်ကြီးနှင့် နောက်ပုလိပ်ကားသုံးစီးသည် ရှေ့ဆင့်နောက်ဆင့် ထွက်ခွာသွားကြလေသည်။

ကျွန်ုပ်သည် ကျွန်ုပ်၏ ကျွန်းသားတံခါးမကြီးကို ပိတ်လိုက်၏။ ကျွန်ုပ်၏ နှုတ်မှ သက်ပြင်းရှည်ကြီးတစ်ရပ်ကို မှုတ်ထုတ်လိုက်သည်။ ထို့နောက်ကျွန်ုပ်သည် အိမ်တွင်းသို့ လှည့်ကြည့်လိုက်လေသည်။

ရုပ်ကြီးသူ ခင်ခင်ကြီးသည် ကျွန်ုပ်အား စူးစူးရှရှကြည့်လျက်ရှိပေ၏။

ကျွန်ုပ်သည်လည်း ရုပ်ကြီးသူခင်ခင်ကြီးအား စူးစူးရှရှပင်ကြည့်လိုက်လေသည်။

အပြင်ဘက်တွင် မိုးပြင်းပြင်းတစ်ချက်သည် တဝေါဝေါ ရွာချလိုက်ပေတော့၏။

သဗ္ဗေ သတ္တာ သုခိတာ

ရာဇဝင်

BURMESE CLASSIC .com
www.burmeseclassic.com